http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ဘုရားသခင် ဟောကြားတော်မူအပ်သော ဒေသနာ
နှင့်အညီ ဝိပဿနာရှုနည်း ပွားနည်းများကို
ထင်ရှား လွယ်ကူစွာသိစေခြင်း အကျိုးငှာ

ရန်ကုန်မြို့ ထူးကြီးဆရာတော်
အရှင်ဝဏ္ဏိဿရမထေရ်

ပါဠိတော်နည်းကျကျ ဟောပြအပ်သော

ပါဠိတော်ဟောစဉ်

ထူးကြီး ဝိပဿနာ

(ဒုတိယအုပ်)

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၃၀-ခု (သာသနာ၊ ၂၅၁၂) ၁၉၆၉-ခု၊

ဝ ဦး [ဟံသာဝတီ]

http://www.dhammadownload.com

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ
ဒုတိယအုပ်
ပုံနှိပ်ခြင်း ၁၉၆၉-ခု၊ ဖေဖေါ်ဝါရီလ
စာအုပ်ရေ ၅၀၀၀
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၇၄၃)

Made and Printed in the Union of Burma by
the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်တွင် (မှတ်ပုံတင်အမှတ် ၀၀၀၃-
၀၀၀၄) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
	ပဋ္ဌမညအလုပ်ပေးတရားတော်		
၁။	ပရိကမ်ပြုပုံ	....	၁
၂။	အာနာပါနဉပဒေကြီး ၃-ချက်	....	၅
၃။	သတိကိစ္စ,ဝိညာဏ်ကိစ္စ	....	၉
၄။	သမုတိသစ္စာ	....	၁၀
၅။	ပညာကိစ္စ	....	၁၃
၆။	ထွက်လေဝင်လေ	....	၁၅
၇။	လက္ခဏာနှင့်လက္ခဏာဝန္တ	....	၁၅
၈။	မှတ်ပုံတင်ကပ်ပြားဉပမာ	....	၁၆
၉။	ပရမတ္ထသစ္စာ	....	၁၈
၁၀။	လက္ခဏာသုံးပါး	....	၁၉
၁၁။	ဝိညာဏ်,နာမ်,ရုပ်	....	၂၀
၁၂။	သဘာဝလက္ခဏာ	....	၂၄
၁၃။	ပရမတ္ထသစ္စာနှင့် သမုတိသစ္စာ	....	၂၆
၁၄။	တရားသုံးလုံးရဲ့လက္ခဏာ	....	၂၉
၁၅။	ဝိပဿနာရှုဘို့တရားသုံးလုံး	....	၃၀
	ဗာဟိယသုတ္တန်တရားတော် ပဋ္ဌမပိုင်း		
၁၆။	တရားတော်အစပဏာမ	....	၃၀
၁၇။	သုတ်တော်နိဒါန်း	....	၃၂
၁၈။	တရားတော်တောင်းပုံ	....	၃၃
၁၉။	တရားနာပြီးတရားအားထုတ်လိုပုံ	....	၃၄
၂၀။	တရားအားထုတ်ချင်လျှင် ဦးစွာပဋ္ဌမ ကုသိုလ်တရားသုတ်သင်	....	၃၅
၂၁။	ကုသိုလ်တရားတို့၏အစ	....	၃၀
၂၂။	သီလဆိုတာ ကိုယ်ကျင့်တရား	....	၃၉
၂၃။	သီလထိန်းပုံထိန်းနည်း	....	၄၁

http://www.dhammadownload.com

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၂၄။	သီလလေးပါး	....	၄၅
၂၅။	ဘယ်လိုကျင့်မှ ကျင့်သူမည်သနည်း	....	၄၆
၂၆။	ကာယသမာစာရစသည် ၂-ပါးစီ	....	၄၇
၂၇။	ရှာမှီးခြင်း ၂-မျိုး	....	၅၀
၂၈။	ဇာတိစုံမွတရားများ	....	၅၁
၂၉။	ဥပမိတရားလွှမ်းမိုးခံရ	....	၅၂
၃၀။	အရိယာတို့၏ မြတ်သောရှာမှီးခြင်း	....	၅၄
၃၁။	ဣန္ဒြိယသံဝရသီလ	....	၅၅
	ဒုတိယည့် အလုပ်ပေးတရားတော်		
၃၂။	စိတ်ပြုပြင်ရေး	....	၆၁
၃၃။	ဝိပဿနာအာရုံများ	....	၆၂
၃၄။	ထွက်ငေလ,ဝင်လေ,ဝိညာဏ်,သတိ,ပညာ	....	၆၃
၃၅။	သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ	....	၆၄
၃၆။	ပရမတ္ထအစစ်	....	၆၅
၃၇။	ပရမတ်မြင်မှတရားရ	....	၆၇
၃၈။	ပရမတ်နဲ့ ပညတ်ခြားနားချက်	....	၇၀
၃၉။	ပညာနဲ့ဝိညာဏ်ရောနှောနေပုံ	....	၇၁
၄၀။	ပညာနဲ့ ဝိညာဏ်တို့ရဲ့ထူးခြားချက်	....	၇၄
၄၁။	ဣန္ဒြေ ၅-ပါးလွတ်နေပုံ	....	၇၅
၄၂။	မနောဝိညာဏ်နဲ့သိပုံ	....	၇၆
၄၃။	အမှန်နဲ့အမှား	....	၇၇
၄၄။	ဝိပဿနာရှုရန်တရား	....	၇၈
၄၅။	သတိပဋ္ဌာန်လေးပါး	....	၇၉
	မဟာဟိယသုတ္တန်တရားတော် ဒုတိယပိုင်း		
၄၆။	သီလ၏အကျိုး	....	၈၆
၄၇။	ဣန္ဒြိယသံဝရသီလ	....	၉၀
၄၈။	အာဇီဝပါရိသုဒ္ဓိသီလ	....	၉၃
၄၉။	ပစ္စယသန္နိဿိတသီလ	....	၉၄
၅၀။	ရုပ်၌ ဒိဋ္ဌိဖြစ်ကြောင်း	....	၉၇

http://www.dhammadownload.com

ဦးစရေ	အကြောင်းအရာ		စာမျက်နှာ
၅၁။	ဝေဒနာစသည်၌ဒိဋ္ဌိဖြစ်ကြောင်း	....	၉၉
၅၂။	ဒိဋ္ဌိဥဇုကအယူဖြောင့်မတ်ပုံ	....	၁၀၁
၅၃။	ကမ္မဿကတဉာဏ်နှင့် ဒါနပြုပုံပြုနည်း	....	၁၀၂
၅၄။	သက္ကာယဒိဋ္ဌိ	....	၁၀၃
၅၅။	သတိပဋ္ဌာန်လေးပါးပွားများပုံ	....	၁၀၆
၅၆။	ပြည့်စုံရမည့်အင်္ဂါသုံးပါး	....	၁၀၉
၅၇။	ပယ်ရမည့်အင်္ဂါနှစ်ပါး	....	၁၁၀
၅၈။	ရှင်ဗာဟိယတရားရပုံ	....	၁၁၃

တတိယညအလုပ်ပေးတရားတော်

၅၉။	အတ္တနှင့်အတ္တသညာစသည်ခွဲပြပုံ	....	၁၁၉
၆၀။	အတ္တ၊အနတ္တခွဲပြီးမှ ဝိပဿနာရှု	....	၁၁၉
၆၁။	တွေးတောယုံမှားခြင်းတွေကင်းခြင်း	....	၁၂၇
၆၂။	အတ္တစသည်ကို လောကသုံးပါးနဲ့ ပိုင်းခြားပုံ	....	၁၂၈
၆၃။	သင်္ခါရလောကနှင့် အနတ္တ	....	၁၃၂
၆၄။	အနတ္တာနုပဿနာဖြစ်ပုံ	....	၁၃၅
၆၅။	သညာနဲ့ ပညာခွဲမှတ်စရာ	....	၁၃၈

သင်္ခါရဝသုတ္တန်တရားတော် ပဌမပိုင်း

၆၆။	တရားတော်နိဒါန်း	....	၁၄၂
၆၇။	ပုဏ္ဏားကြီးမေးလျှောက်ပုံ	....	၁၄၃
၆၈။	မြတ်စွာဘုရားဖြေကြားတော်မူပုံ	....	၁၄၅
၆၉။	ကာမဂုဏ်စိတ်လွှမ်းမိုးလို့မထင်	....	၁၄၇
၇၀။	ကာမဂုဏ်စိတ်ဖြစ်ခြင်းအကြောင်း	....	၁၄၉
၇၁။	အဋ္ဌကထာနည်းရှင်းပြချက်	....	၁၅၁
၇၂။	အဘိဇ္ဈာမပယ်လျှင် တရားမထင်	....	၁၅၅
၇၃။	ဗျာပါဒမပယ်လျှင်တရားမထင်	....	၁၅၆
၇၄။	ရေပူရေပွက်တွင်အရိပ်မထင်	....	၁၅၇
၇၅။	ဗျာပါဒပွားခြင်းအကြောင်းရင်း	....	၁၆၀

http://www.dhammadownload.com

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
	ဝေတုတ္တညအလုပ်ပေးတရားတော်		
၇၆။	ဝိပဿနာတရားပွားများရမှာ	....	၁၆၅
၇၇။	ဝိပဿနာသင်တန်း	....	၁၆၆
၇၈။	ဗုဒ္ဓဘာသာဖြစ်ရင် တရားအားထုတ်ရမယ်	....	၁၆၇
၇၉။	မဟာဘုတ်အချင်းချင်းပေါင်းနေတယ်	....	၁၇၂
၈၀။	ဒိဋ္ဌိနိုလို့မရတော့ဘူး	....	၁၇၄
၈၁။	သဿတ ဥစ္ဆေဒကွာပုံ	....	၁၇၅
၈၂။	တဒင်္ဂနိုဿရဏ	....	၁၇၉
၈၃။	သောကရောက်ပုံ	....	၁၈၁
၈၄။	ဦးစွာဖြစ်နေတဲ့သောကကိုဖျောက်ပစ်	....	၁၈၃
၈၅။	သောကကင်းလျှင်နိဗ္ဗာန်ရောက်	....	၁၈၅
၈၆။	အသစ်အသစ်သင်္ခါရဖြစ်	....	၁၈၆
၈၇။	ဖြစ်ပြီးသင်္ခါရ ချက်ခြင်းချုပ်	....	၁၈၉
၈၈။	သစ္စကပရိဗိုဇ်က အတ္တကိုသက်သေပြ	....	၁၉၀
၈၉။	အနုပဿနာလေးပါးရှုပုံ	....	၁၉၂
၉၀။	အာဒီနဝသဘော	....	၁၉၈
	သင်္ခါရဝသုတ္တန်တရားတော်		
	ဒုတိယပိုင်း		
၉၁။	ထိနမိဒ္ဓလွှမ်းမိုးလျှင် ဉာဏ်မထင်	....	၂၀၂
၉၂။	ထိနမိဒ္ဓဖြစ်ကြောင်း	....	၂၀၃
၉၃။	မှော်ရေညှိယှက်လွှမ်းလို့ အရိပ်မထင်သလို	....	၂၀၅
၉၄။	ထိနမိဒ္ဓပယ်ဖျောက်ခြင်းအကြောင်း	....	၂၀၆
၉၅။	ဥဒ္ဓစ္စ ကုက္ကုစ္စ လွှမ်းမိုးလျှင် ဉာဏ်မထင်	....	၂၀၈
၉၆။	ရေလှုပ်နေလို့ အရိပ်မထင်သလို	....	၂၀၉
၉၇။	ဥဒ္ဓစ္စ ကုက္ကုစ္စဖြစ်ခြင်းအကြောင်း	....	၂၁၀
၉၈။	ဝိစိကိစ္ဆာ လွှမ်းမိုးလျှင်ဉာဏ်မထင်	....	၂၁၀
၉၉။	နောက်နေလို့ မှောင်နေလို့ အရိပ်မထင်သလို	....	၂၁၂
၁၀၀။	ဝိစိကိစ္ဆာမဖြစ်ခြင်းအကြောင်း	....	၂၁၃
၁၀၁။	ကာမရာဂစသည်မရှိတဲ့အခါ ထင်မြင်	....	၂၁၈

http://www.dhammadownload.com

ဦးစီရ | အကြောင်းအရာ | စာမျက်နှာ

ပဥ္စမညအလုပ်ပေးတရားတော်

၁၀၂။ ကိုယ်ခန္ဓာကိုပြုပြင်ထားပါ ၂၂၅
၁၀၃။ စိတ်ကိုအေးအေးမြမြဖြစ်အောင်ထားပါ ၂၂၅
၁၀၄၊ အကွာရာဆားနဲ့ စားတဲ့ဆား ဆင်တူသလို ၂၂၈
၁၀၅။ တရားတလုံးတလုံးရဲ့ ကိုယ်ပိုင်လက္ခဏာ ၂၂၉
၁၀၆။ ငှီအကြောင်းအဌကထာငှီကာရှင်းလင်းချက် ၂၃၃
၁၀၇။ သမုဒယနဲ့ ဝယသဘော ၂၃၆
၁၀၈။ အဖြစ်မြန်အပျက်မြန် ၂၃၇
၁၀၉။ သတိလွတ်သွားလျှင် ဝီရိယပြန်ထူထောင် ၂၃၈
၁၁၀။ မဖြစ်ခင်ကလဲမရှိ ဖြစ်ပြီးတော့လဲမရှိ ၂၄၃
၁၁၁။ ဘာကိုဝိပဿနာရှုရမလဲ ၂၄၅
၁၁၂။ ဒုက္ခအစစ်ဖြစ် နာမ်,ရုပ်,ခန္ဓာ ၂၄၈
၁၁၃။ ဥဒယဗ္ဗယဉာဏ်နှစ်မျိုး ၂၅၁

သင်္ခါရဝသုတ္တန်တရားတော်
တတိယပိုင်း

၁၁၄။ တရားငါးမျိုးလွှမ်းလျှင် ဉာဏ်မထင် ၂၅၃
၁၁၅။ တရားငါးမျိုးကင်းလျှင် ဉာဏ်မှာထင် ၂၅၄
၁၁၆။ ဗောဇ္ဈင်ပွားမှ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရ ၂၅၅
၁၁၇။ ဘာပြုလို့ဗောဇ္ဈင်လို့ခေါ်တာလဲ ၂၅၆
၁၁၈။ သတိသမ္ဗောဇ္ဈင်နဲ့ပင် မဂ်ဖိုလ်ဝင်နိုင်ခြင်း ၂၅၇
၁၁၉။ သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား ၂၅၈
၁၂၀။ သမ္ပဇာနကာရီဖြစ်ပုံ ၇-ဌာန ၂၆၀
၁၂၁။ ဓမ္မဝိစယသမ္ဗောဇ္ဈင် မဂ်,ဖိုလ်မြင် ၂၆၃
၁၂၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား ၂၆၄
၁၂၃။ ပရိပုစ္ဆာကထာဆိုတာဘာလဲ ၂၆၅
၁၂၄။ ဇာန္ဒြေညီမျှအောင်ပြုလုပ်ပေး ၂၆၈
၁၂၅။ သဒ္ဓါလွန်နေလျှင်တရားမရနိုင်သေး ၂၇၀
၁၂၆။ ဝီရိယလွန်နေလျှင်တရားမရ ၂၇၁

http://www.dhammadownload.com

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၂၇။	သဒ္ဓါလွန်ပြီးပညာနဲ့လျှင် မသင့်တာကြည်ညို	....	၂၇၁
၁၂၈။	ပညာလွန်တော့အယူလဲလွန်	....	၂၇၂
	ဆင္ဒမညအလုပ်ဖေးတရားတော်		
၁၂၉။	ခန္ဓာကိုယ်ကိုပြုပြင်ပြီးထားပါ	....	၂၇၇
၁၃၀။	ဝိပဿနာအာရုံ	....	၂၇၇
၁၃၁။	သာမညလက္ခဏာနှင့်အချက်သုံးချက်	....	၂၇၈
၁၃၂။	တီရဏပရိညာစခန်း	....	၂၇၉
၁၃၃။	ပညတ်နဲ့ပရမတ်	....	၂၈၀
၁၃၄။	လက္ခဏာဆိုတာ ပညတ်အလား	....	၂၈၂
၁၃၅။	အငွက်ထာပြလက္ခဏာဥပမာ	....	၂၈၃
၁၃၆။	အနုသယ	....	၂၈၇
၁၃၇။	ရှုတာတခြား—မြင်တာတခြား	....	၂၈၈
၁၃၈။	မြင်ပုံမြင်နည်း	....	၂၉၁
၁၃၉။	အချက် ၇-ချက်တွေလျှင်အတ္တလို့မစွဲ	....	၂၉၃
၁၄၀။	ဖြစ်ပျက်ကိုမြင်လျှင်ဒုက္ခကိုမမြင်ဘဲမနေနိုင်	....	၂၉၄
	မဟာမာလုကျပုတ္တသုတ္တန်တရားတော် **ပဌမပိုင်း**		
၁၄၁။	နိဒါန်းတရားတော်	....	၂၉၆
၁၄၂။	ဩရမ္ဘာဂိယသံယောဇဉ် ၅—ပါး	....	၂၉၇
၁၄၃။	ဒိဋ္ဌိသံယောဇဉ်	....	၃၀၀
၁၄၄။	ကာယနဲ့ဒိဋ္ဌိတခြားစီ	....	၃၀၁
၁၄၅။	ဝိစိကိစ္ဆာသံယောဇဉ်	....	၃၀၁
၁၄၆။	သီလဗ္ဗတပရာမာသသံယောဇဉ်	....	၃၀၂
၁၄၇။	ကာမရာဂသံယောဇဉ်	....	၃၀၃
၁၄၈။	ပဋိဃသံယောဇဉ်	....	၃၀၃
၁၄၉။	ဩပါနေယျကဂုဏ်	....	၃၀၄
၁၅၀။	ဒါန၏အကျိုး	....	၃၀၅
၁၅၁။	ဝိရိယဖြစ်ကြောင်း ၁၁—မျိုး	....	၃၀၆

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၅၂။	ပျှင်းရိသူ၍လမ်းကြောင်းမသွားနိုင်	....	၃၁၀
၁၅၃။	မာလုကျပုတ္တမထေရ်ရဲ့အယူ	....	၃၁၂
၁၅၄။	အခြားသူများစွပ်စွဲနိုင်ပုံ	....	၃၁၄
၁၅၅။	အနုသယဆိုတာဘယ်အချိန်မှာစသလဲ	....	၃၁၅
၁၅၆။	ဒိဋ္ဌာနုသယကိန်းပုံ	....	၃၁၆
၁၅၇။	သဘော်ပင်ဥပမာ	....	၃၁၇
၁၅၈။	အနုသယကိန်းကြောင်းသိပုံ	....	၃၁၇
၁၅၉။	ဝိစိကိစ္ဆာနုသယကိန်းပုံ	....	၃၂၀
၁၆၀။	သီလဗ္ဗတပရာမာသကိန်းပုံ	....	၃၂၁
၁၆၁။	ကာမရာဂါနုသယကိန်းပုံ	....	၃၂၂
၁၆၂။	ပဋိဃာနုသယကိန်းပုံ	....	၃၂၂
၁၆၃။	ရှင်အာနန္ဒာစဉ်းစားခန်း	....	၃၂၃
၁၆၄။	ရှင်အာနန္ဒာလျှောက်ကြားပုံ	....	၃၂၄

သတ္တမညအလုပ်ပေးတရားတော်

၁၆၅။	ဝိပဿနာရှုတော့မယ်ဆိုရင်ဘာမှမကြံစည်နဲ့	....	၃၂၉
၁၆၆။	ဝိပဿနာရှုစရာတရား ၃–ပါး	....	၃၂၉
၁၆၇။	ဝိညာဏ်စသည်တို့၏သဘာဝလက္ခဏာ	....	၃၃၀
၁၆၈။	သဘာဝလက္ခဏာနှင့်သာမညလက္ခဏာ	....	၃၃၁
၁၆၉။	ကြောက်ခြင်း, နှစ်သက်ခြင်းကိုပယ်	....	၃၃၅
၁၇၀။	ကြောက်ခြင်းနှစ်မျိုး	....	၃၃၆
၁၇၁။	ကြောက်ခြင်းနှစ်သက်ခြင်းမရှိ	....	၃၄၀
၁၇၂။	အာရုံတွေသမျှရှုကွက်ညီမျှ	....	၃၄၁
၁၇၃။	ကြောင့်ကြစိုက်မပေးရ	....	၃၄၃
၁၇၄။	ရထားထိန်းဥပမာ	....	၃၄၅
၁၇၅။	အာရုံ၌ဝိပဿနာမပြန့်ပုံ	....	၃၄၈
၁၇၆။	အင်္ဂါခြောက်ချက်ကိုအကျဉ်းမှတ်ရန်	....	၃၄၉

မဟာမာလုကျပုတ္တသုတ္တန်တရားတော် ဒုတိယပိုင်း

၁၇၇။	မာလုကျပုတ္တသုတ္တန်အမျိုးမျိုး	....	၃၅၁
၁၇၈။	ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးဖြစ်ပုံ	....	၃၅၂

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၇၉။	ပုထုဇဉ်နှင့်အရိယာ	....	၃၅၃
၁၈၀။	သက္ကာယဒိဋ္ဌိစွဲပုံ	....	၃၅၄
၁၈၁။	ဝိစိကိစ္ဆာဖြစ်ပုံ	....	၃၅၇
၁၈၂။	သီလဗ္ဗတပရာမာသဖြစ်ပုံ	....	၃၅၈
၁၈၃။	ကာမရာဂဖြစ်ပုံ	....	၃၅၉
၁၈၄။	ဗျာပါဒဖြစ်ပုံ	....	၃၆၀
၁၈၅။	အရိယာပုဂ္ဂိုလ်များနေပုံနဲ့ သက္ကာယမှာဒိဋ္ဌိကွာပုံ		၃၆၁
၁၈၆။	ကျန်သံယောဇဉ် ၄-ပါးကင်းပုံ	....	၃၆၂
၁၈၇။	လမ်းစဉ်ကိုမကျင့်က သံယောဇဉ်ကိုမသိ	....	၃၆၄
၁၈၈။	လမ်းစဉ်ကိုကျင့်သံယောဇဉ်ကိုသိ	....	၃၆၆
၁၈၉။	လမ်းစဉ်နှင့်ကျင့်စဉ်ဆိုတာ	....	၃၇၀
၁၉၀။	ပဌမဈာန်ဖြစ်ပုံ	....	၃၇၁
၁၉၁။	ဥပမိလေးမျိုး	....	၃၇၀
၁၉၂။	ပဌမဈာန်မှာအင်္ဂါငါးပါးပေါ်ပုံ	....	၃၇၂
၁၉၃။	တော ၁၁-ပါးနဲ့ ရှုပုံ	....	၃၇၃
၁၉၄။	အမြင်မှန်ကိုရတော့ဖြစ်ပျက်ကိုခွာ	....	၃၇၄
၁၉၅။	ဖြစ်ပျက်ကွာတော့-နိဗ္ဗာန်သို့ကပ်နိုင်	....	၃၇၅
၁၉၆။	အာသဝေါမကုန်က သုဒ္ဓါဝါသဘုံရောက်	....	၃၇၆
၁၉၇။	သုတ္တန်နိဂုံး	....	၃၇၇
၁၉၈။	ဝိမုတ္တိနှစ်မျိုး	....	၃၇၇
၁၉၉။	နိဂုံးဆုတောင်း	....	၃၇၉

http://www.dhammadownload.com

နိဒါန်း

ကိံမေ ဧကေန တိဏ္ဏေန်၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေယံ သဒေဝကံ။

ပုရိသေန ထာမဒဿိနာ၊ ပရဟိတ အကျိုး သည်ပိုးလျက် စွမ်းအား ထက်မြက် ယောကျ်ားဖြစ်လျက်၊ ဧကေန တိဏ္ဏေန်၊ ကိုယ်ကျိုးငဲ့ လျှင်း တယောက်တည်း ကူးသွားခြင်းဖြင့်၊ ကိံမေ၊ ငါ့မှာအကျိုးမပွါး တိုးပေ။ သဗ္ဗညုတံ ပါပုဏိတွာန၊ အားလုံးသိမြင် သဗ္ဗညုတ ဉာဏ် အရှင်ကေန်ဖြစ်ပွါး ရောက်အောင်ကျိုးစား၍။ သန္တာရေယံ သဒေဝကံ၊ သတ္တဝါအစားစား နတ်လူများကို တရားရေအေး တိုက်ကာကျွေးလျက် မဂ်ရေးကိုင် နိဗ္ဗာန်ခွင်သို့ ကယ်တင်ပို့ဆောင်ပေအံ့။

ရှင်တော်ဘုရားသည် သုမေဓာရှင်ရသေ့ ဘဝကပင် ဒီပင်္ကရာ မြတ်စွာဘုရားထံတော်ပါး၌ ကိုယ်ကျိုးငဲ့ကာ တယောက်တည်းတည်း ကူး သွားမည် ဆိုပါက နိဗ္ဗာန်သောင်ကမ်း ဟိုမှာဘက်ကမ်းသို့ ကူးသွားနိုင် သော ပါရမီအထူး ဖြည့်ဆည်းပူးပြီးကြသော်လည်း ကိုယ်ကျိုးအတွက် မငဲ့ကွက်ဘဲ အများအကျိုး သည်ပိုးလိုသောဆန္ဒ အလွန်အားကြီးလှ သဖြင့် အများအကျိုး သည်ပိုးနိုင်စေရန် ရည်သန်တော်မူ၍ ကိုယ်ကျိုး စွန့်ကာ သဗ္ဗညုတဉာဏ်တော်ကို ရအောင် ကျိုးစားတော် မူခဲ့သည်၊ သုံးလောကထွဋ်တင် သဗ္ဗညုဘုရားရှင် ဖြစ်တော်မူသောအခါ ဝေနေယျ အစားစား နတ်လူအများအား တရားရေအေး တိုက်ကျွေးတော်မူလျက် ကယ်တင်တော်မူခဲ့ပေသည်။

တရားထူးဟူသည် တဦးတည်းပိုင်မဟုတ်ပါ၊ အများပိုင် အများဆိုင် သော ဘုံသန္တကသာ ဖြစ်ပါသည်၊ ရှင်တော်ဘုရားသည် နိဗ္ဗာန်သောင် ကမ်း ဟိုမှာဘက်ကမ်းသို့ ကူးမြောက်နိုင်သည့် တရားထူး တရားမြတ် များကို အများပိုင် ဘုံသန္တက အားထုတ်သူမှန်သမျှ ခံစားကြစေရန် ရည်သန်တော်မူ၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ကျေးဇူးရှင် ထူးကြီးဆရာတော်ဘုရားသည် ရှင်တော်ဘုရား၏ တပည့် သား ဖြစ်သည်အားလျော်စွာ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော

http://www.dhammadownload.com

ပါဠိတော်များကို ရှင်တော်ဘုရား၏ ကိုယ်စား ပရဟိတ စိတ်ထားဖြင့် ဟောကြားတော်မူခဲ့ပါသည်၊ ပါဠိတော်ကိုသာ ပဓာနထား၍ ဟောကြားတော်မူသဖြင့် ပါဠိတော်ဟောစဉ်ဟု အမည်တွင်ခဲ့ပါသည်။

အဆိုပါ ပါဠိတော်ဟောစဉ်များမှာ ဝိပဿနာအလုပ်ကို လက်တွေ့လုပ်လိုသူ ဟိန္ဒဂူများအတွက် အကွက်မိမိ တိတိကျကျ သုတ္တန်ဒေသနာတော်များ ထုတ်ပြလျက် ဟောကြားထားသော ဝိပဿနာ အလုပ်ပေးတရားတော်များသာ ဖြစ်ပါသည်၊ ထို့ကြောင့်ပင် ပါဠိတော်ဟောစဉ် ဝိပဿနာအလုပ်ပေးတရားတော်ဟု ကောင်းချီးဩဘာ ထောမနာပြုခြင်း ခံခဲ့ရပါသည်။

ကျွန်တော်များ လူကြီးဝိပဿနာ ပြန့်ပွါးရေးအဖွဲ့သည် ရှင်တော်ဘုရား၏ တပည့်သား ဗုဒ္ဓဘာသာဝင်များသာဖြစ်၍ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ပါဠိတော်များကို အားပါးတရ နာလိုကြသည်၊ ပါဠိတော်လာအတိုင်း အားပါးတရ ကျင့်လိုကြသည်၊ သို့သော် ပါဠိတော်များမှာ အလွန်နက်နဲ ခက်ခဲလှသည်၊ အားပါးတရ နာလိုကြ,ကျင့်လိုကြသော်လည်း မနာနိုင် မကျင့်နိုင်ဘဲ လက်မှိုင်ချကာ နေခဲ့ရသည်၊ ကျေးဇူးရှင် ထူးကြီးဆရာတော်ထံမှောက် ရောက်သောအခါမှသာ ပါဠိတော်လာ ဝိပဿနာ အလုပ်ပေးတရားတော်များကို အားပါးတရ နာကြရသည်၊ ကျင့်ကြရသည်၊ ပါဠိတော်များကို နာကြားရ ကျင့်ကြရသော အခါ တရားတော်၏ ဟေိပဿိက ဂုဏ်တော်၏ တိုက်တွန်းနှိုးဆော်ချက်အရ နာလို ကြားလို ကျင့်လိုကြသော မွေမိတ်ဆွေများအား အစဉ်သတိရလျက် နာကြားစေလို,ကျင့်စေလိုသော စိတ်ဆန္ဒများ တဖွါးဖွါး ပေါ်လာသဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရား ဟောကြားတော်မူတိုင်း ထပ်တူလဲလဲ နာကြားနိုင်ရန်နှင့် နာကြားလို ကျင့်ကြံလိုသော ဓမ္မမိတ်ဆွေများ နာကြားနိုင်ရန် အသံသွင်းကြိုးခွေများဖြင့် အသံသွင်းယူထားကြပါသည်။

အဆိုပါ ပါဠိတော်ဟောစဉ် ဝိပဿနာ အလုပ်ပေး တရားတော်များ ပြန့်ပွါးစေရန်အတွက် ပရဟိတစိတ်ထားဖြင့် အစဉ်ကျိုးစား လာခဲ့ရာ မြို့နယ်ပေါင်း မြောက်မြားစွာ အားပါးတရ နာကြားကြရသဖြင့် အစဉ်ထာဝရ ကြည်ညို၍ မှတ်သားလိုသော စေတနာ သဒ္ဓါတရား ပွါးများ

http://www.dhammadownload.com

လာကြသည့် ဓမ္မမိတ်ဆွေများက ကောင်းနိုးရာရာ စာအုပ်ထုတ်၍ ဖြန့်ချိပါရန် အဖန်ဖန် တောင်းပန်လာကြပါသည်။

ကျွန်တော်များ ထူးကြီးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ကလည်း တောင်းပန်ကြသော ဓမ္မမိတ်ဆွေများ၏ လိုအင်ဆန္ဒ ပြည့်ဝစေလိုသောကြောင့် တရားတော်၏ ဟေိပဿိကဂုဏ်တော်မြတ်က နှိုးဆော်တိုက်တွန်းမှုကြောင့်ရင်း ဆရာတော်ဘုရား ဟောကြားတော်မူသော ပါဠိတော်ဟောစဉ်များကို အနုအရင့် အဆင့်ဆင့်ရွေးချယ်၍ စာအုပ်ထုတ်ဝေရန် ကြိုးပမ်းခဲ့ရပြန်ပါသည်။

ကူးယူထားသော တိတ်ခွေပေါင်း မြောက်မြားစွာကို အပြန်ပြန် အလှန်လှန် ဆန်းစစ်ကြည့်သောအခါ ၁၃၂၇-ခု တပေါင်းလဆန်း ၉-ရက်နေ့ (၂၀-၂-၆၆) ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျွားကူး ဓမ္မဗိမာန်တော်ကြီးတွင် ၇-ညတိတိ ဟောကြားတော်မူသော ပါဠိတော်ဟောစဉ် ဝိပဿနာအလုပ်ပေး တရားတော်သည် ဝိပဿနာအလုပ်ကို လက်တွေ့လုပ်လိုသူများ ရှေးဦးစွာလိုက်နာသင့်သော အချက်အလက်များကို ယထာဘူတကျကျ ဟောပြထားသည်ကို တွေ့ရသဖြင့် ၎င်းအဆိုပါ ကျွားကူးဓမ္မဗိမာန်တော်ကြီးတွင် ဟောကြားထားသော ပါဠိတော်ဟောစဉ် ဝိပဿနာအလုပ်ပေး တရားတော်ကို ပဌမအုပ်အဖြစ် ၁၉၆၇-ခု နှစ် ဇူလိုင်လတွင် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

ကမ္ဘာဦးအစ နေနှင့်လ ပေါ်ထွက်လာသောအခါ ကမ္ဘာသူ ကမ္ဘာသားများ ရွှင်ပြုံးကြည်သာ ကောင်းချီးထောမနာပြုကြသကဲ့သို့ အဆိုပါ ပဌမအုပ် ထူးကြီးဝိပဿနာ ပါဠိတော်ဟောစဉ် ထွက်လာသောအခါ ဗုဒ္ဓဘာသာဝင်သူတော်စဉ်အပေါင်းတို့မှာ နှစ်ထောင်းအားရ ကောင်းချီးထောမနာပြုကြပါသည်၊ ဆရာတော်ဘုရား ဟောကြားတော်မူသမျှ ပါဠိတော်ဟောစဉ်များကို ဆက်ကာဆက်ကာ စာအုပ်အဖြစ်ရိုက်နှိပ်၍ ထုတ်ဝေဖြန့်ချိပါရန်ကိုလည်း အဖန်ဖန်တောင်းခံလာကြပြန်ပါသည်။

ကျွန်တော်များအဖွဲ့ကလည်း ပရဟိတစိတ်ထားဖြင့် ဒုတိယ-တတိယစသည်ဖြင့် စာအုပ်များ ပေါ်ထွက်လာနိုင်ရေးအတွက် မနေမနား ကြိုးစားခဲ့ရပြန်ပါသည်၊ စာအုပ်တအုပ် ထွက်ပေါ်လာနိုင်ရေးသည် လွယ်ကူသောကိစ္စမဟုတ်ပါ။ ထွက်ပေါ်လာပြန်ပါကလည်း ပဌမအုပ်ကို

http://www.dhammadownload.com

အများဆိုး ထောက်ခံအားပေးသော စာအုပ်ဖြစ်မှလည်း သဘာဝကျပါမည်၊ သို့ပါ၍ အပြန်ပြန်အလှန်လှန် ဆန်းစစ် ဝေဘန်ကြသော့အခါ ၁၃၂၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် (၂၃-၁၂-၆၆) ရန်ကုန်မြို့ ရွှေဘုန်းပွင့် ဓမ္မာရုံကြီးတွင် ၉-ညတိတိ ဟောကြားတော်မူသော ပါဠိတော်ဟောစဉ်သည်သာ ပဌမအုပ်တွင် အကျဉ်းအားဖြင့် ဟောကြားတော်မူသော အလုပ်ပေးတရားတော်များကို အကျယ်ဝေဘန်၍ ဟောကြားတော်မူကြောင်း တွေ့ရသဖြင့် အဆိုပါ ပါဠိတော်ဟောစဉ်ကို ဒုတိယအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။

အဆိုပါ ဒုတိယအုပ်၊ ပါဠိတော်ဟောစဉ်မှာ ပဌမအုပ် ပါဠိတော်ဟောစဉ်ကဲ့သို့ သုတ္တန်ပေါင်း မြောက်မြားစွာမပါဝင်စေဘဲ ဝိပဿနာ အလုပ်ပေးအရေးကိုသာ အနုစိပ် အကျယ်ချဲ့၍ ဟောပြထားသဖြင့် လက်တွေ့ အလုပ်လုပ်ရာတွင် ပိုမိုထင်ရှား အလွန်ပင်ကျေးဇူးများလှကြောင်းကို စာအုပ်ကဖင် သက်သေခံပါလိမ့်မည်၊ တွဲဘက် ဟောကြားထားသော သုတ္တန်မှာလည်း ရှုရေးအားထုတ်ရာတွင် မှတ်သားစရာ၊ အတုယူစရာ အလွန်ကောင်းသည့် ဗာဟိယသုတ္တန်၊ သဗ္ဗါသဝသုတ္တန်၊ မဟာမာလုကျပုတ္တသုတ္တန်များဖြစ်၍ အနုစိပ်ဟောပြထားသော ဝိပဿနာ အလုပ်ပေးတရားတော်များနှင့် အံဝင်ခွင်ကျပင် ဖြစ်ပါသည်။

ဗာဟိယသုတ္တန်ဆိုပါက ဝိပဿနာတရားနှင့်လိုက်စားသူတိုင်း လက်မလွှတ်နိုင်လောက်အောင် အတုယူစရာ ကြည်ညိုစရာ သုတ္တန်ကြီးဖြစ်ပါသည်၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ-အမြင်သန့်မှတရားရ ဟူ၍ရှင်း၊ ကြည့်တတ်သောသူသည် မြင်၏ဟူ၍ရှင်း တစ်ခုတွင်ရလောက်အောင် တရားအရသာ ပြောင်မြောက်လှပါသည်၊ ဗာဟိယသုတ္တန်ကြီး တခုတည်းဖြင့်ပင်လျှင် ဒုတိယအုပ် ပါဠိတော်ဟောစဉ်သည် ဓမ္မမိတ်ဆွေအပေါင်းတို့၏စိတ်နှလုံးကို ရွှင်မြူးနှစ်သိမ့်စေနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အတုယူစရာ၊ ကြည်ညိုစရာ အလွန်ကောင်းလှသည့် သုတ္တန်ကြီးများဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရသဖြင့် ၇-ညနှင့် အပြီးမသတ်နိုင်ဘဲ ၉-ညတိတိ ဟောကြားတော်မူရသည့်အထိ အနှစ်သာရပြည့်စုံလှပါသည်။

http://www.dhammadownload.com

သို့သော်လည်း ဤဒုတိယအုပ်တွင် ၇-ညအတွက်သာ ရိုက်နှိပ်ဖြန့်ချိနိုင်ခဲ့ပါသည်၊ ကျန် ၂-ညအတွက်မှာမူ စာဖေါင် ပြည့်သွားပါ၍ ချန်ထားခဲ့ရသဖြင့် တတိယအုပ် ပါဠိတော် ဟောစဉ်ဟွင် ထည့်သွင်းဖေါ်ပြပါမည်၊ အဆိုပါတတိယအုပ်အတွက်လည်း ဆက်ကာဆက်ကာ ထွက်ပေါ်လာနိုင်စေရန် ကြိုးစားလျက် ရှိပါသည်။

တတိယအုပ်တွင် ချန်ထားခဲ့ရသည့် ၂-ညအတွက် တရားများနှင့် အများတောင့်တနေကြသည့်—

(၁) ဗောဇ္ဈင် ၇-ပါးတရားတော်၊

(၂) အာနပါနသုတ္တန်တရားတော်၊

(၃) အနိစ္စသုတ္တန်တရားတော်—

စသော သုတ္တန်ပါဠိတော်ဟောစဉ်များ ပါဝင်နိုင်အောင် စီစဉ်ထားသည်ဖြစ်ပါကြောင်း။

ပဋိပတ္တိသာသနာ

ဝိပဿနာတရား ပြန့်ပွားပါစေသတည်း။

"ထူးကြီးဝိပဿနာ ပြန့်ပွားရေးအဖွဲ့"။

ပုံနှိပ်ခြင်းအကြောင်း

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသရမထေရ် ပါဠိတော်ဟောစဉ် ဝိပဿနာတရားတော်များကို ဟောကြားတော်မူရာတွင် ဘုရားသခင် ဟောကြားတော်မူအပ်သော ပါဠိတော်များကို မှူရင်းထား၍ ဝိပဿနာဆိုင်ရာ အချက်အလက်တို့ကို တရားနာယူသူ ယောဂီခေါ်တွင်သူတော်စင်များ၏ နှလုံးသားတွင် အကွင်းသား,အကွင်းသား ထင်ရှားသွားအောင် မြန်မာပြန်ဆို၍ အဓိပ္ပါယ်အပိုအလိုမရှိအောင် အစီအစဉ်ပြုလုပ်ကာ ဟောကြားခြင်းသာဖြစ်ပါသည်၊ဘုရားသခင်လက်ထက်တော်အခါက အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်,အရှင်ကစ္စာယနစသောမထေရ်မြတ်ကြီးတို့သည်မိမိတို့တပည့်များအား တရားဓမ္မဟောကြားပြီးနောက် အလျောက်အလျောက်မနေမူ၍ "ဘုရားတပည့်တော်သည် မည်သည့်တရားကို မည်ကဲ့သို့ ဟောကြားပါသည်"ဟု မိမိတို့ဟောကြားသည့်တရားများကို ဗုဒ္ဓဘုရားသခင်အား တလုံးတပါဒမျှမကျန် ပြန်လှန်

http://www.dhammadownload.com

လျှောက်သောအခါ မြတ်စွာဘုရားသခင်က သာဓုသုံးကြိမ်ခေါ်တော်မူ၍ အနုမောဒနာပြုတော်မူသည်၊ ဘုရားသခင် အနုမောဒနာ ပြုပြီးသည့် အခါမှစ၍ မထေရ်မြတ်တို့ ဟောကြားတော်မူသော တရားတော်များ သည် ''ဗုဒ္ဓပါဝစန''ဘုရားစကားတော်, ဘုရားတရားတော် အဖြစ်သို့ ရောက်သွားပါတော့သည်။

အဆိုပါမထေရ်မြတ်ကြီးတို့၏နည်းကို အစဉ်မှီးသော ထူးကြီးဆရာ တော် အရှင်ဝဏ္ဏိဿရမထေရ်သည် မိမိဟောကြားသော ပါဠိတော် ဟောစဉ် ဝိပဿနာ တရားတော်များကို ဆရာဖြစ်တော်မူကြသော (၁) မန္တလေးမြို့ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်, (၂) ရန်ကုန်မြို့ ပဋ္ဌမကျော်အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလဆရာ တော်, ထူးကြီးမြို့ တောင်ပေါ်တိုက်ကျောင်း ဝိပဿနာကမ္မဋ္ဌာနာစရိယ အရှင်ဝိမလဆရာတော်-၎င်းမထေရ်မြတ်ကြီး ၃-ပါးအား မိမိဟောကြား သည့် တရားတော်များတွင် အမှားအယွင်းပါရှိနေပါက ညွှန်ကြားပြသ သြဝါဒပေးပါရန် လျှောက်ထားပြီးလျှင် ဆရာတော်များထံမှ သာဓု နုမောဒ် သြဝါဒတော်များရရှိပြီးမှသာ စာအုပ်အဖြစ် ရိုက်နှိပ်ရန် ထူးကြီး ဝိပဿနာပြန့်ပွားရေးအဖွဲ့အားတာဝန်လွှဲပေးအပ်သည်ဖြစ်သောကြောင့် ၎င်းပါဠိတော်ဟောစဉ် ဝိပဿနာကျမ်းစာသည် အထက်ပါ မထေရ် မြတ်ကြီး ၃-ပါး၏ ကျမ်းစာများ ဖြစ်သည်ဟု ဆိုအပ်ပါတော့သည်။

၎င်းစာအုပ်ကို ဟံသာဝတီပုံနှိပ်တိုက် ပါဠိဆရာကြီး ဦးခင်စိုးအား တည်းဖြတ်သုတ်သင် ပြင်ဆင်ပုံနှိပ်ရန် အပြီးအပြတ် ဆရာတော်လွှဲအပ် ချက်အရ **ဆရာ ဦးခင်စိုး** [သာသနဓဇသီရိပဝရဓမ္မာစရိယ]နှင့် ဆရာ ဦးသိန်းဟန်, * ဦးတင်နွယ်, ဦးဟန်ထွန်း, * ဦးပု, ဦးရွှေဖူး, ဦးသိန်း၆- ဟံသာဝတီ စာတည်းစာပြင်အဖွဲ့က ကောင်းစွာတည်းဖြတ် ကြပ်မသုတ်သင် ပြင်ဆင်ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

''ဟံသာဝတီ''

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသရ

ပဌမည အလုပ်ပေးတရား

နှင့်

ဗာဟိယသုတ္တန် တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၁)

H 593—1 [ဟံသာဝတီ]

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတာဘိဝံသ မထေရ် မြတ်သည် ၁၃၂၈-ခု၊ နတ်တော်လဆန်း ၁၁ ရက် (၂၃-၁၂-၆၆)သောကြာနေ့ညအချိန် ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် ပဋ္ဌာန်း အလုပ်ပေး တရားနှင့် မဟာဝဂ္ဂသံယုတ် ပါဠိတော် နာလန္ဒဝဂ်၌ လာရှိသော " ဗာဟိယသုတ္တန်တရားတော် " ပဋ္ဌာန်းပိုင်းကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

ပဋ္ဌာန်းတော်ဟောစဉ်

ထူးကြီးဝိပဿနာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဌမညအလုပ်ပေးတရားတော်

ပရိကမ်ပြုပုံ

အားလုံး အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ လိုက်ဆိုကြ၊ ပရိကမ်ပြုပုံကို ဘုန်းကြီးက တိုင်ပေးမယ်၊ လိုက်ဆိုကြ၊ အားလုံး ညီညီညာညာ ကျယ်ကျယ်လိုက်ပြီးတော့ ဆိုကြ။

၁။ အရှင်ဘုရား.... (အကျွန်ုပ်တို့သည်) အနန္တ ကျေးဇူးတော်ရှင်ဖြစ်တော်မူကြကုန်သော ဘုရား, တရား, သံဃာ, အမိအဘ, ဆရာသမား·တို့အား နှိမ်ချမှုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

ဘုရား,တရား,သံဃာ,အမိအဘ,ဆရာသမားများအား ရှိခိုးပြီးတော့ သီလကုသိုလ်ကလဲ ပြည့်စုံနေကြပြီ ဖြစ်တဲ့အတွက် ဝိပဿနာတရားကို သင်တန်းယူတဲ့အနေနဲ့ အားထုတ်တဲ့နေရာဌာနမှာ ကရားမရှိနိုင်ခြင်း၏ အကြောင်းတရားမှာ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်များကို

http://www.dhammadownload.com

ပြစ်မှားကျူးလွန် ထားမိလို့ရှိလျှင် အန္တရာယ် ဖြစ်တတ်တဲ့ အတွက် ထိုအန္တရာယ်ကို ကာကွယ်ဖို့ရန်အမျိုးကောင်းသားများ,အမျိုးကောင်း သမီးများ ဘုရား, တရား, သံဃာ, ရတနာသုံးပါးနဲ့ အမိအဘ, ဆရာ သမားများအား ရိုသေစွာ နှိမ်ချရိုကျိုး ရှိခိုးပြီးတော့ သီလကုသိုလ် ပြည့်စုံပြီးတဲ့အခါမှာ အခုဘုန်းကြီးတိုင်ပေးမဲ့ ကန်တော့ခန်းကို လိုက် ပြီး ဆိုကြပါ၊ ဘုန်းကြီးက တိုင်ပေးမယ်။

၂။ အရှင်ဘုရား…. (အကျွန်ုပ်တို့သည်) မပြစ်မှားအပ်သော အနန္တ ကျေးဇူးရှင်များ၏ အပေါ်၌ တစုံတရာ ပြစ်မှားကျူးလွန်မိသော အပြစ်များ ရှိခဲ့လျှင် ထိုအပြစ်များကို (အကျွန်ုပ်တို့အား)အစဉ် သနားသည်ကို အကြောင်းပြု၍ သည်းခံ ခွင့်လွှတ်တော် မူကြပါရန် (အကျွန်ုပ်တို့က) ရိုသေစွာ တောင်းပန် ဝန်ချ ကန်တော့ပါ၏ အရှင်ဘုရား။

၃။ (အကျွန်ုပ်တို့အား) အခြားတပါးသော ပုဂ္ဂိုလ်များက ပြစ်မှား ကျူးလွန်သော အပြစ်များ ရှိခဲ့လျှင်လည်း ထို အပြစ်များကို (အကျွန်ုပ်တို့က) ကျေနပ်စွာ သည်းခံ ခွင့်လွှတ်ပါကုန်၏အရှင် ဘုရား။

၄။ အရှင်ဘုရား….(အကျွန်ုပ်တို့သည်) ယခု တရားအားထုတ်သော တရားနာယူသော အချိန်ကာလ အတောအတွင်း၌ (အကျွန်ုပ် တို့၏) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တွယ်တာငဲ့ကွက်ခြင်း မရှိဘဲ အနန္တ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော မြတ်စွာ ဘုရားအား လှူဒါန်းအပ်နှင်း၍ ထားပါ၏ အရှင်ဘုရား။

မေတ္တာပွားရအောင် အားလုံးသော သတ္တဝါတွေကို အာရုံ ပြုပြီး တော့ မေတ္တာပွားရအောင်။

၅။ သာသနာတော်မြတ်ကို စောင့်ရှောက် အားပေး ချီးမြှောက် ကြကုန်သော အလုံးစုံသော သံဃာတော်အရှင်မြတ် အပေါင်း တို့သည်ဇင်း၊ အလုံးစုံသော နတ်အပေါင်းတို့သည်ဇင်း၊ အလုံးစုံ သော လူအပေါင်းတို့သည်ဇင်း၊ အလုံးစုံသော သတ္တဝါအပေါင်း တို့သည်ဇင်း၊ မိခင်ဘခင်၊ ဆရာသခင် ကျေးဇူးရှင်တို့သည်ဇင်း—

http://www.dhammadownload.com

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ။

၆။ သူတော်ကောင်းများ၏ မေတ္တာကို ခိုလှုံ၍ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန်(တရားအားထုတ်ကြကုန်သော တရားနာယူကြကုန်သော ဟောပြောကြကုန်သော (အကျွန်ုပ်တို့အား) အလုံးစုံသော သူတော်ကောင်းအပေါင်းတို့က စောင့်ရှောက်ကြည့်ရှုခွင့်ပြုနည်းပေးတော်မူကြပါစေကုန်သတည်း။

အာနာပါန ဥပဒေကြီး ၃-ချက်

ယနေ့ တရားအားထုတ်ကြကုန်သော တရားကို သင်တန်းအဖြစ်နဲ့ နာယူကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်းတို့အား ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ရှေးဦးစွာ တရားအားထုတ်မဲ့ ပုဂ္ဂိုလ်အား ပေးခဲ့တဲ့ ဥပဒေသ သုံးချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လိုက်နာကြရမယ်။

မိမိ တရား အားထုတ်တော့မယ်လို့ဆိုတော့ မိမိရဲ့ ခန္ဓာကိုယ်ကို ပြုပြင်ရမယ်၊ မိမိတို့ရဲ့ စိတ်ကိုလဲဘဲ ပြုပြင်ပြီးတော့ ပေးထားရမယ်၊ ခန္ဓာကိုယ်ကို ပြုပြင်ရေးနဲ့ ပတ်သက်ပြီးတော့ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရား အရှင်ကိုယ်တော်မြတ်က တရား အားထုတ်တော့မယ်လို့ဆိုရင် ဆိတ်ငြိမ်ရာအရပ်ကို ရှေးဦးစွာ ချဉ်းကပ်ပါတဲ့၊ ဆိတ်ငြိမ်ရာ အရပ်လို့ဆိုတာ ပါဠိတော်မှာတော့ဖြင့်—

အရညာ, ရုက္ခမူလ, ပဗ္ဗတ, ဂိရိဂုဟာ, သုသာန, ဝနပတ္တ, အဗ္ဘောကာသ, ပလာလပုဉ္ဇ—

လို့ဆိုပြီးတော့ လူနဲ့ ကင်းပြီး ဆိတ်ငြိမ်တဲ့နေရာ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံတွေ ဆိတ်သုဉ်းတဲ့နေရာ အာရုံတွေ မရှိတဲ့နေရာကို ညွှန်ပြတော်မူပါတယ်။

(၁) ရူပါရုံတွေလဲဘဲ ကြည့်စရာ များများစားစား မရှိတဲ့နေရာ။
(၂) သဒ္ဒါရုံနဲ့ ပတ်သက်လို့လဲဘဲ အသံတွေ သိပ်ပြီးတော့ နှောင့်ယှက်စရာ မရှိတဲ့နေရာ။

http://www.dhammadownload.com

(၃) ဂန္ဓာရုံနဲ့ ပတ်သက်လို့လဲဘဲ အနံ့နံစရာ မရှိတဲ့နေရာ။

(၄) ရသာရုံနဲ့ ပတ်သက်လို့လဲဘဲ စားစရာ သောက်စရာတွေ မရှိတဲ့နေရာ။

(၅) ဖောဋ္ဌဗ္ဗာရုံနဲ့ ပတ်သက်လို့လဲဘဲ တွေ့ထိစရာ မရှိတဲ့နေရာ၊ အဲဒီ ဌာနမျိုးကိုသာ အာရုံတိတ်ဆိတ်တဲ့နေရာ "သုညာဂါရ" လို့ခေါ်တယ်။

သုညာဂါရဆိုတာ—

သုည - အာရုံ ငါးပါးတို့ ဆိတ်သုဉ်း ပြီးကော့ မရှိတဲ့၊ အာဂါရ- နေရာဌာန။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ···· ဘုန်းကြီးတို့ မြို့ထဲရွာထဲမှာဆိုတော့ဖြင့်—

(၁) ရူပါရုံတွေကလဲ သိပ်ပြီးတော့ ကြည့်စရာပေါတယ်။

(၂) သဒ္ဒါရုံဆိုတဲ့ အသံတွေကလဲ သိပ်ပြီးတော့ နားထောင်စရာ ပေါတယ်။

(၃) ဂန္ဓာရုံဆိုတဲ့ အနံ့နံစရာတွေ, အမွှေးအကြိုင်တွေကလဲ သိပ် ပြီးတော့ ပေါတယ်။

(၄) ရသာရုံဆိုတဲ့ စားစရာ သောက်စရာတွေကလဲ အင်မတန်မှ ပေါတယ်။

(၅) ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ တွေ့ထိစရာ အာရုံတွေကလဲ အင်မတန်မှ ပေါတယ်။

ဘုန်းကြီးတို့ တောထဲ တောင်ထဲမှာ, သစ်တပင်ရှင်း ဝါးတပင် အောက်မှာ,သင်းချိုင်းကုန်းလိုနေရာမှာ, တောင်ခေါင်းထဲမှာ, တောင် ချောက်ထဲမှာ, လိုဏ်ဂူထဲမှာလို့ဆိုတော့ အဲဒီရူပါရုံအမျိုးမျိုး,သဒ္ဒါရုံ အမျိုးမျိုး, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံအမျိုးမျိုးတွေဟာ အဲဒီနေရာတွေမှာ မရှိဘူး၊ မရှိတာကို သုညလို့ ခေါ်တယ်။

အာဂါရ—ဆိုတာကတော့ နေရာ၊ အဲဒီလို အာရုံတွေ မရှိတဲ့နေရာ ဌာနကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ချဉ်းကပ်ပြီးတဲ့ အခါမှာ ဘာလုပ်ရမလဲ····ခန္ဓာကိုယ်ကိုရှေးဦးစွာ ပြုပြင်ဘို့ရန်အတွက်

http://www.dhammadownload.com

ဘုန်းတော်သခင် ရှင်တော်ဘုရားက ဥပဒေသ ၃-ချက်ကို ပေးတော်မူထားတယ်။

ပဌမဥပဒေသ

တရားအားထုတ်တော့မယ်ဆိုလျှင်—

(၁) "ပလ္လင်္ကံ အာဘုဇိတွာ"တင်ပလ္လင်ခွေပြီးတော့ ထိုင်ပါတဲ့၊ အမျိုးကောင်းသားများကလဲ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ခွေပြီး ထိုင်နေရမယ်၊ အမျိုးကောင်းသမီးများကလဲ အောက်ပိုင်း ဖြစ်တဲ့ ခန္ဓာကိုယ်ကို ခွေပြီးထိုင်နေရမယ်။

အဲဒီလို ပလ္လင်္ကံ အာဘုဇိတွာ ဆိုတဲ့အတိုင်း အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ပြုပြင်ပြီးတော့ တည်ငြိမ်အောင်ထားပါ။

ဒုတိယဥပဒေသ

(၂) "ဥဇုံ ကာယံ ပဏိဓာယ"လို့ဟောတဲ့ ဒုတိယအချက်ကတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ကလေး ထားပါတဲ့၊ နောက်ပြီးတော့ ဘယ်ဘက်လက်ဖဝါးပေါ်ကို ညာဘက် လက်ဖဝါးကလေး တင်ထား၊ လက်မထိပ်ချင်း အသာလေးထိထား၊ အဲဒါ ဘာလုပ်ခိုင်းထားတာလဲဆိုတော့ ခန္ဓာကိုယ်ကို မလှုပ်ရအောင် မယိမ်းမယိုင်ရအောင် တည်ငြိမ်နေအောင် ထိန်းထားတဲ့သဘောပါဘဲ။

လေငြိမ်ရာအရပ်မှာ ညှိထွန်းထားအပ်တဲ့ ဆီမီးတိုင်ကဲ့သို့၊တနည်းအားဖြင့် လေတိုက်ခတ်ခြင်း မခံရတဲ့ ရေကန်ရဲ့ ရေမျက်နှာပြင်ကဲ့သို့ တည်ငြိမ်သော ခန္ဓာကိုယ် ဖြစ်နေပါစေ၊ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထား၊ ကွေးပြီးမှထားနဲ့၊ ဦးခေါင်းကို သိပ်ပြီး မော့မထားနဲ့၊ သိပ်ပြီး တော့လဲ ငုံ့မထားနဲ့၊ သိပ်ပြီး မော့ထားရင် လည်ချောင်းမှာ ဆို့တို့တို့ နင့်တင့်တင့်နေတတ်လို့ ဣရိယာပုထ်မမျှဘူး၊သိပ်ပြီးတော့ ငုံ့ထားလို့ ရှိရင်လဲဘဲ တဖြေးဖြေး ခန္ဓာကိုယ်က စိုက်ကျသွားပြီး မတည်ငြိမ်နိုင်ဘူး၊ အဲတာကြောင့် ခန္ဓာကိုယ်ကို တည်ငြိမ်အောင်ဆိုပြီး ခုနက ပြောခဲ့တဲ့အတိုင်း လက်မထိပ်ချင်း အသာလေးထိထားပြီး တရားထိုင်ရမယ်၊ အဲဒီဥပဒေသ ၂-ချက်ကို လိုက်နာပြီးတဲ့အခါမှာ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အခု ဘာလုပ်ရမလဲဆိုတော့—

http://www.dhammadownload.com

တတိယဥပစေဒ

(၃) "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"တဲ့ ပါဠိတော်မှာ ပြထားပါတယ်၊ အဓိပ္ပါယ်က ဘာလဲဆိုတော့ သတိနဲ့ အာရုံတခုခုကို ရှေးရှုညွတ်လိုက်ပါလို့ ဒီလိုပြောတာပါ၊ သတိလို့ဆိုတဲ့ တရားက နာမ်တရား။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ.... သတိဆိုတာ ဘာတရားတဲ့လဲ၊ (နာမ်တရားပါဘုရား။)

ဒီအချက်ကို သေသေချာချာမှတ်ထား၊ အဲဒီ သတိဆိုတဲ့ တရားက ဘာအလုပ်လုပ်ပေးတတ်သလဲလို့ဆိုတော့ အာရုံမှာကပ်၍ ထင်ရှားခြင်းကိစ္စကို လုပ်ပေးတယ်၊ အာရုံတခု ထင်ထင်ရှားရှား ဖြစ်ပေါ်လာဘို့အတွက် အဲဒီသတိက ညွတ်ပေးလိမ့်မယ်၊ နာမ်တရားဆိုတာ ဘာလုပ်သလဲ၊ အာရုံကို ရှေးရှုညွတ်တတ်တယ်လို့မှတ်ပါ၊ ဒီအချက်ကိုလဲ မှတ်ထားပါ။

အဲဒီ သတိဆိုတဲ့ နာမ်တရားဖြင့် အာရုံတခုသို့ ရှေးရှုညွတ်ဘို့ရန်အတွက် ပါဠိတော်က "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"လို့ ပြတယ်၊ နောက်တခါဆက်ပြီး ဘယ်လို ညွှန်ပြထားသလဲလို့ဆိုတော့—

"နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ"လို့ ပါဠိတော်က ဒီလို ညွှန်ပြထားတယ်- ဝိဘင်းပါဠိတော် သုတ္တန္တဘာဇနီမှာ၊ "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"ဆိုတဲ့ဟာ "နာသိကဂ္ဂေဝါ မုခနိမိတ္တေဝါ"=နှာခေါင်းပေါက်နဲ့ ပါးစပ်ပေါက်ကို အာရုံပြုလိုက်ပါ၊ ရှေးရှုညွတ်လိုက်ပါတဲ့။

သတိနှင့်ဝိညာဏ်

ဒီတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အခု ဘာလုပ်ရမလဲ၊ နှာခေါင်းပေါက်ကို (သို့မဟုတ်)ပါးစပ်ပေါက်ကို သတိနဲ့ ရှေးရှု ညွတ်ပေးလိုက်၊ ရှေးရှုညွတ်တယ်ဆိုတာ ဘယ်လိုလဲ၊ သတိခေါ်တဲ့တရားက သူ့ကိစ္စလေးနဲ့သူ နှာခေါင်းပေါက်ကို အာရုံပြုပြီးတော့ ကြည့်လိုက်ရင် နှာခေါင်းပေါက်ဟာ ထင်ရှားလာပါတယ်။

အခု အမျိုးကောင်း သားတွေ,အမျိုးကောင်း သမီးတွေ နှာခေါင်းပေါက်ကို သိနေသလား သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

http://www.dhammadownload.com

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ အသိမှာ နှာခေါင်းပေါက်ဟာ ထင်ရှားနေသလား ထင်ရှားမနေဘူးလား၊(ထင်ရှားနေပါတယ်ဘုရား)။

အဲဒီနှာခေါင်းပေါက် ထင်ရှားအောင် လုပ်ပေးတာ ဘယ်သူလုပ်ပေးသလဲ၊ (သတိပါဘုရား) သတိတဲ့ မှတ်ထား၊ မှတ်ချက်မှာ ဒီအကွက်ကလေးပါပါစေ။

သတိဆိုတာ နာမ်တရား၊ သတိဆိုတာ ဘာတရားတဲ့လဲ၊ (နာမ်တရားပါဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေမှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား၊(မှတ်မိအောင်ပါဘုရား)။

သတိက နှာခေါင်းပေါက်ကို အာရုံပြုထားလိုက်ပြီ၊ အဲဒီ သတိက နှာခေါင်းပေါက်ကို ထင်ရှားလာအောင် ပြုလုပ်ပေးလိုက်တဲ့အတွက် အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေဟာ နှာခေါင်းပေါက်ကို သိနေသလား သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

နှာခေါင်းပေါက်ကို သိနေတာဟာ ဘယ်သူက သိတာလဲ ဆိုတော့ ဝိညာဏ်....တဲ့၊ နှာခေါင်းပေါက်ကို သိတာ ဘယ်သူလဲ။ (ဝိညာဏ်ပါဘုရား)။

သတိနဲ့ ဝိညာဏ်—ဒီနှစ်ချက်ကို ခွဲခြားပြီး မှတ်လိုက်ပါ၊ ရောမသွားပါစေနဲ့၊ သေသေချာချာ မှတ်ထား၊သတိသည် ဝိညာဏ်ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။

ဝိညာဏ်သည် သတိဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။

သတိကိစ္စ, ဝိညာဏ်ကိစ္စ

သတိက ဘာကိစ္စ ရှိသလဲ၊ (ဥပဋ္ဌာနကိစ္စ ရှိပါတယ်ဘုရား)။

ဥပဋ္ဌာနကိစ္စဆိုတာ အာရုံမှာကပ်၍ ထင်ရှားခြင်း၊ အာရုံမှာကပ်၍ ထင်ရှားခြင်းကို ဘာလို့ခေါ်တယ်၊ (သတိလို့ခေါ်ပါတယ်ဘုရား)။

အဲဒါ မှတ်ချက်ကလေးနဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မှတ်ထားရမယ်၊ သတိဟာ ဘာလုပ်ပေးကတ်သလဲဆိုတော့ မှတ်ပေးတတ်ပါတယ်၊ မှတ်တတ်တယ်လို့ဆိုတာဟာ အာရုံကိုထင်ရှားအောင် လုပ်ပေးခြင်းသဘောပါဘဲ၊ ပါဠိတော်မှာ ဘယ်လိုရှိသလဲ၊

http://www.dhammadownload.com

"သတိ ဥပဋ္ဌာနကိစ္စံ" သတိသည် ဥပဋ္ဌာနကိစ္စ၊ နှာခေါင်းပေါက်လို့ ခေါ်တဲ့ အာရုံကို ထင်ရှားစေတယ်၊ နှာခေါင်းပေါက်ဆိုတဲ့အာရုံ ထင်ရှားလာတဲ့အခါကျတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက နှာခေါင်းပေါက်ကို ထင်ထင်ရှားရှား သိနေသလား၊ သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

ထင်ရှားအောင် ညွှတ်ပေးတာက ဘယ်သူလဲ၊ (သတိပါဘုရား)။

သိနေတာက ဘယ်သူလဲ၊ (ဝိညာဏ်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ-ဝိညာဏ်ဆိုတာ သိတတ်တဲ့သဘောရှိတယ်၊ ဝိညာဏ်က ဘာသဘောရှိသလဲ၊(သိတတ်တဲ့သဘော ရှိပါတယ်ဘုရား)။

ပါဠိတော်က ဘဲ့နဲ့ပြောတုံး။

> ''ဝိညာဏံ ဝိညာဏန္တိ အာဝုသော ဝုစ္စတိ၊ကိတ္တာဝတာ နုခေါ အာဝုသော ဝိညာဏန္တိ ဝုစ္စတိ''။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ဝိညာဏံ ဝိညာဏန္တိ၊ ဝိညာဏ် ဝိညာဏ်ဟူ၍။ ဝုစ္စတိ၊ ပြောကြဆိုကြတယ်။ ကိတ္တာဝတာ၊ အဘယ့်ကြောင့်။ ဝိညာဏံ၊ ဝိညာဏ်ဟူ၍။ ဝုစ္စတိ၊ ပြောဆိုကြပါသနည်း။ (ဒါက မေးခွန်းပါ)။

ရှင်မဟာကောဋ္ဌိကက ရှင်သာရိပုတ္တရာကို မေးတယ်၊ ငါ့ရှင် သာရိပုတ္တရာ····ဝိညာဏ်ဝိညာဏ်လို့ ပြောကြတယ်၊ ဝိညာဏ်ကို ဘာ့ကြောင့် ဝိညာဏ်လို့ခေါ်သလဲလို့ ရှင်မဟာကောဋ္ဌိကက မေးတော့ အရှင်သာရိပုတ္တရာက ပြန်ပြီးတော့ ဖြေပါတယ်။

> ''ဝိဇာနာတိ ဝိဇာနာတီတိ ခေါ အာဝုသော တသ္မာ ဝိညာဏန္တိ ဝုစ္စတိ''။

လို့ဖြေတယ်၊ သိတတ်သောကြောင့် ဝိညာဏ်မည်၏တဲ့၊ အာဝုသော ကောဋ္ဌိက။ ငါ့ရှင်ကောဋ္ဌိက။ ဝိဇာနာတိ ဝိဇာနာတိ၊ သိတတ်၏၊ သိတတ်၏။ ဣတိခေါ၊ ဤသို့သောသဘောသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုသို့ သိတတ်သော သဘောရှိသောကြောင့်။ ဝိညာဏန္တိ၊ ဝိညာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ✓

http://www.dhammadownload.com

ဝိညာဏ်ရဲ့ သဘာဝလက္ခဏာ ဒီအချက်ကို မှတ်ထားလိုက်ပါ။ ဝိညာဏ်ဟာ သိတတ်သောသဘောရှိတယ်။

အခု အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ နှာခေါင်းပေါက်ကို သိနေသလား၊ သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)၊

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက သိတာလား၊ ဝိညာဏ်ကသိတာလား၊ (ဝိညာဏ်ကသိတာပါဘုရား)။

အခု ဘာကို သိနေသလဲ၊ (နှာခေါင်းပေါက်ကို သိနေပါတယ်ဘုရား)။ နှာခေါင်းပေါက်လို့ဆိုတဲ့ အာရုံကို သိတယ်။

ပြီးတော့ သတိက ဘာလုပ်ပေးနေသလဲ၊ နှာခေါင်းပေါက်ကို ထင်ရှားအောင် ရှက်ဆောင်ပေးနေတယ်၊ ညွှတ်ပေးနေတယ်။

ဥပဋ္ဌာနကိစ္စဖြစ်အောင် နှာခေါင်းပေါက်တည်းဟူသော အာရုံ၌ ကပ်၍ထင်ရှားစေတာက ဘယ်သူလဲ၊ (သတိပါဘုရား)။

သတိဆိုတာ နာမ်တရား၊ သတိဆိုတာ ဘာတရားတဲ့လဲ၊ (နာမ်တရားပါဘုရား)။

သိနေတာက ဘာတရားတဲ့လဲ၊ (ဝိညာဏ်တရားပါဘုရား)။ သိနေတာက ဝိညာဏ်။

အခု အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ–ဘာသိနေသလဲ၊ (နှာခေါင်းပေါက်ကို သိနေပါတယ်ဘုရား)။

အဲဒီ နှာခေါင်းပေါက်ကို သိနေတာဟာ ဘယ်သူက သိပေးနေတာလဲ၊ (ဝိညာဏ်က သိပေးနေတာပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက သိပေးနေတာလား၊ (မဟုတ်ပါဘုရား)။

ဘယ်သူက သိပေးနေသလဲ၊(ဝိညာဏ်ကသိပေးနေပါတယ်ဘုရား)။ ရှေ့တဆင့်သွားရအောင်။

သမုတိသစ္စာ

အများပြောတာ အမှန်ကို သမုတိသစ္စာလို့ခေါ်တယ် မှတ်ထား။

အများပြောလို့ မှန်တာကို ဘာသစ္စာတဲ့လဲ၊ (သမုတိသစ္စာပါဘုရား)။

http://www.dhammadownload.com

နှာခေါင်းပေါက် နှာခေါင်းပေါက်လို့ဆိုတာဟာ အများပြောလို့ ပွန်နေတဲ့ သမုတိသစ္စာ။

ဒါဖြင့် ကောင်းပြီ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရဲ့ ဝိညာဏ်ဟာ အခု သမုတိသစ္စာကို သိနေသလား၊ သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

သမုတိသစ္စာဆိုတာ ဘယ်လိုမှန်သလဲ၊(အများပြော အမှန်ပါဘုရား) အများပြော အမှန်။

ရှေ့ကိုသွားမယ်၊ ရှေ့ကို တရားတလုံး ဆက်ကြည့်လိုက်၊ (အဲဒီ နှာခေါင်းပေါက်ထဲကို) အသက်ရှူတဲ့အခါ အသက်ပြန် ရှူက်တဲ့အခါမှာ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့နှာခေါင်းပေါက်ထဲ ကို လေဝင်နေတာ နှာခေါင်းပေါက်မှ လေထွက်နေတာကို သိသလား မသိဘူးလား၊(သိပါတယ်ဘုရား)။

သူများပြောပေးလို့ သိတာလား–သတိနဲ့ရှေးရှု ညွှတ်ပေးလို့ သိတာလား၊ (သတိနဲ့ရှေးရှုညွှတ်ပေးလို့ သိတာပါဘုရား)

သတိက-နှာခေါင်းပေါက်ထဲမှာ ထွက်နေတယ် ဝင်နေတယ်ဆိုတဲ့ ထွက်လေဝင်လေကို ထင်ရှားအောင် ပြုလုပ်ပေးတယ်၊ ဥပဋ္ဌာနကိစ္စ ဆိုတဲ့ အာရုံ၌ ကပ်၍ထင်ရှားခြင်းကိစ္စ ရှိတဲ့အတွက် ထွက်လေဝင်လေ၌ ထင်ရှားလာအောင် သတိက လုပ်ပေးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိညာဏ်က ထွက်လေဝင်လေကို သိနေ သလား သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

အခုအမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ ထွက်လေ ဝင်လေကို သိနေသလား၊နှာခေါင်းပေါက်ကို သိနေသလား၊(ထွက်လေ ဝင်လေကို သိနေပါတယ်ဘုရား)။

ရှေ့တဆင့် တက်လာပြီနော်၊ အဲဒီ ထွက်လေ ဝင်လေကိုကြည့်၊ထွက် လဝင်လေဟာ နှာခေါင်းပေါက်လား၊(မဟုတ်ပါဘုရား)။

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ အတူတူလား - တခြားစီ လား၊ (တခြားစီပါဘုရား)။

သေသေချာချာ ကြည့်နော်–ဘုန်းကြီးကသင်ပေးလို့ သိတာလား အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့ ဉာဏ်နဲ့သိနေလို

http://www.dhammadownload.com

ပြောနေတာလား။(တပည့်တော်များ ကိုယ်ပိုင်ဉာဏ်နဲ့ သိနေလို့ ပြောတာပါဘုရား။

ပညာကိစ္စ

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တခြားစီဆိုတာ ဘယ်သူက ခွဲခြားပေးသလဲ၊ (ပညာက ခွဲခြားပေးပါတယ်ဘုရား)။

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ အတူတူ လား–တခြားစီလား၊(တခြားစီပါဘုရား)။

နှာခေါင်းပေါက်သည် ထွက်လေဝင်လေ ဟုတ်ရဲ့လား၊(မဟုတ်ပါဘုရား)။

ထွက်လေဝင်လေကရော နှာခေါင်းပေါက်ဟုတ်ရဲ့လား၊(မဟုတ်ပါဘုရား)။

ဘက်သူက ခွဲပေးသလဲ၊ (ပညာက ခွဲပေးပါတယ်ဘုရား)။

ပညာက ခွဲခြားပေးတယ်ဆိုတာ ပါဠိတော်မှာရှိတယ်-ပါဠိတော်က ဘာပြလဲ၊ ရှင်သာရိပုတ္တရာကို ရှင်မဟာကောဋ္ဌိကက မေးတယ်။

"ပညာပနာဝုသော ကိမတ္ထိယာ"။ ။အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ပညာ၊ ပညာသည်။ ကိမတ္ထိယာ၊ ဘာအကျိုးရှိသလဲတဲ့၊ ပညာဟာ ဘာအကျိုးရှိသလဲ။

> ပညာခေါ ပနာဝုသော အဘိညတ္ထာ၊ ပရိညတ္ထာ၊ ပဟာနတ္ထာ။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ ပညာ၊ ပညာသည်။အဘိညတ္ထာ၊ ရှေးရှုသိခြင်း အကျိုးရှိ၏။ ပရိညတ္ထာ၊ ပိုင်းခြား၍ သိခြင်း အကျိုးရှိ၏။ ပဟာနတ္ထာ၊ ပိုင်နိုင်စွာပယ်နိုင်ခြင်း အကျိုးရှိ၏။

ပညိန္ဒြေစေတသိက်လို့ခေါ်တဲ့ ပညာမှာ (ဉာဏ်မှာ) ကိစ္စက သုံးမျိုး ရှိတယ်။

ပညာမှာ ကိစ္စဘယ်နှစ်မျိုး ရှိသလဲ၊ (သုံးမျိုး ရှိပါတယ်ဘုရား)

(၁) အဘိညတ္ထာ၊ ရှေးရှုသိခြင်းအကျိုး။

http://www.dhammadownload.com

(၂) ပရိညတ္တာ၊ ပိုင်းခြား၍သိခြင်းအကျိုး။
(၃) ပဟာနတ္တာ၊ ပိုင်နိုင်စွာ ပယ်နိုင်ခြင်းအကျိုး။
ဘယ်နှစ်မျိုးလဲ၊ (သုံးမျိုးပါဘုရား)။

တရား ၄-လုံး

သတိ, ဝိညာဏ်, ပညာ, ထွက်လေ ဝင်လေ-တရား ဘယ်နှစ်လုံး ရပြီလဲ၊ (၄-လုံး ရပါပြီဘုရား) ၄-လုံးရပြီ။

ပညာက နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေကို ပိုင်းခြား ပေးလိုက်တယ်၊ နှာခေါင်းပေါက်သည် ထွက်လေဝင်လေ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။

ထွက်လေ ဝင်လေကရော နှာခေါင်းပေါက် ဟုတ်ရဲ့လား၊ (မဟုတ် ပါဘုရား)။

ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ အတူတူလား၊ တခြားစီ လား၊ (တခြားစီပါဘုရား)။

ဘယ်သူက ခွဲပေးသလဲ၊(ပညာက ခွဲပေးပါတယ်ဘုရား)။

ပညာပရိညတ္တာ၊ ပညာက ခွဲခြားပေးလိုက်တယ်၊ နှာခေါင်း ပေါက်နဲ့ ထွက်လေဟာ မတူဘူးလို့ ခွဲခြားပေးလိုက်တာက ဘယ်သူ လဲ၊ (ပညာပါဘုရား)။

ပညာဆိုတာ နာမ်တရား၊ ဘာတရားတဲ့လဲ (နာမ်တရားပါဘုရား)။

အာရုံ၌ ကပ်၍ အဲဒီ ထွက်လေ ဝင်လေထင်ရှားအောင် ပြုခြင်းကိစ္စ က ဘယ်သူလဲ (သတိပါဘုရား)။

သတိဆိုတဲ့ နာမ်တရားက ထွက်လေဝင်လေတည်းဟူသော အာရုံ၌ ကပ်၍ ထင်ရှားခြင်းကိစ္စဖြစ်တယ်၊ပညာဆိုတဲ့ နာမ်တရားက နှာခေါင်း ပေါက်နဲ့ ထွက်လေဟာ မတူဘူး၊ တခြားစီလို့ ခွဲပေးလိုက်တယ်။

ဒါဖြင့် အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ထွက်လေ ဝင်လေကို သိနေသလား သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

သိနေတာက ဘယ်သူလဲ၊(ဝိညာဏ်ပါဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ မှတ်မိပလား၊(မှတ် မိပါတယ်ဘုရား)။

http://www.dhammadownload.com

ထွက်လေဝင်လေ

ကိုင်း….ရှေ့တရားတလုံး တက်လိုက်ဦးမယ်၊ အမျိုးကောင်းသား တွေ့၊အမျိုးကောင်းသမီးတွေ ခုထွက်လေ ဝင်လေကိုသိနေသလား၊ သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

သိနေရင် ဘုန်းကြီးတို့က မေးကြည့်ရဦးမယ်၊ ထွက်တဲ့လေ ဘယ်လိုလုပ်ထွက်သလဲ၊(တွန်းကန်ပြီး ထွက်ပါတယ်ဘုရား)။

ထွက်တဲ့လေမှာ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ရှိသလား၊ မရှိဘူးလားလို့ဆိုတာ ကြည့်စမ်း (ရှိပါတယ်ဘုရား)။

အသာဖြေးဖြေးလေး လုပ်ကြည့်၊ ကိုယ်ကိုမလှုပ်စေနဲ့၊ ငြိမ်ငြိမ်က လေးနေပြီး ဒီတရားကို စဉ်းစားပြီးတော့ စိတ်ထဲက မှတ်ပြီးတော့ သေသေချာချာ လိုက်လာခဲ့၊ ထွက်တဲ့လေမှာ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ရှိသလား မရှိဘူးလား၊(ရှိပါတယ်ဘုရား)။

ထွက်တဲ့လေ ဘယ်လိုလုပ်ထွက်သလဲ၊ (တွန်းကန်ပြီးထွက်ပါတယ်ဘုရား)။

ဝင်တဲ့လေကရော၊ (တိုးပြီးဝင်ပါတယ်ဘုရား)။

ထွက်တဲ့လေကလဲ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောရှိတယ်၊ ဝင်တဲ့လေမှာလဲဘဲ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောရှိတယ်လို့ အမျိုးကောင်းသားတွေ့,အမျိုးကောင်းသမီးတွေကပြောတယ်။

ဒါဖြင့် ကောင်းပြီ၊ထွက်တဲ့လေ ဝင်တဲ့လေသည် တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကကော ထွက်လေ ဝင်လေ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။

လက္ခဏာ နှင့် လက္ခဏာဝန္တ

(က) လက္ခိတဗ္ဗတရားနဲ့
(ခ) လက္ခဏာတရား

တနည်း-(က) လက္ခဏာဝန္တတရားနှင့်
(ခ) လက္ခဏာတရား။

ထွက်လေဝင်လေသည် လက္ခိတဗ္ဗတရား၊တိုးတဲ့သဘော, တွန်းကန်တဲ့သဘောသည် လက္ခဏာတရား။

http://www.dhammadownload.com

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လက္ခိတဗ္ဗတရားနဲ့ လက္ခဏာတရား ကွဲကွဲပြားပြား သိပလား–မသိဘူးလား၊(သိပါတယ်ဘုရား)။

ဒါ-သေသေချာချာကြည့် အာရုံထဲမှာ၊ ထွက်တဲ့လေ ဝင်တဲ့လေသည် တိုးတဲ့သဘော, တွန်းကန်တဲ့သဘောမဟုတ်ဘူး၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောသည် ထွက်လေဝင်လေမဟုတ်ဘူး၊ တနည်း-ထွက်လေဝင်လေကလက္ခဏာဝန္တတရား၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောက လက္ခဏာတရား၊ လက္ခဏာဝန္တတရားနဲ့ လက္ခဏာတရား ကွဲကွဲပြားပြား သိအောင် ပညာက ခွဲပေးရမယ်။

တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောသည် ထွက်လေ ဝင်လေကို သိဘို့ရန်အတွက် မှတ်သားကြောင်းဖြစ်တဲ့ လက္ခဏာတရား၊ အဲဒီ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော လက္ခဏာကို မိနေသောအားဖြင့် ထွက်လေဝင်လေ- လို့ ဆိုတာကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ထင်ထင် ရှားရှား ဝိညာဏ်နဲ့ သိရတယ်။

မှတ်ပုံတင်ကပ်ပြားဥပမာ

ဒီနေရာမှာ ဘုန်းကြီးတို့ သက်သေတခု ပြကြစို့ရဲ့၊ ခု အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေမှာ မှတ်ပုံတင်ကပ်ပြားတွေ ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီ မိမိတို့ရဲ့ မှတ်ပုံတင် ကပ်ပြား ကလေးတွေကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် မိမိတို့ကို သိနိုင်ဘို့ရန်အတွက် ထင်ရှားတဲ့ အမှတ်အသားကလေးတွေ ရှိသလား မရှိဘူးလား၊(ရှိပါတယ်ဘုရား)။

မည်သည့်အမျိုးသားမှာ မည်သည့်နေရာမှာ ဘာ အမှတ်အသားကလေးတွေ ရှိသလဲ၊ မည်သည့်အမျိုးသမီးမှာ ဘယ်လို အမှတ်အသားလေးတွေ ရှိတယ်၊ ဥပမာဆိုကြပါစို့–အမျိုးကောင်းသားတယောက်ကို မှတ်သားမိဘို့ရန် အတွက် အဲဒီ အမျိုးကောင်းသားမှာ မှဲ့ကလေးနဲ့ ဆိုရင် မှဲ့ကလေးကို မြင်သောအားဖြင့် ထိုအမျိုးကောင်းသားကို သေသေ ချာချာ သိရသလား၊ မသိရဘူးလား၊(သိရပါတယ်ဘုရား)၊

ကောင်းပြီ မှဲ့ကလေးဟာ အမျိုးကောင်းသားလား၊ (မဟုတ်ပါဘုရား။

http://www.dhammadownload.com

အမျိုးကောင်းသားကရော မွဲကလေးဟုတ်ပါ့မလား၊ (မဟုတ်ပါဘုရား)။

အဲဒီ သဘောမျိုးလိုဘဲ ထွက်လေ ဝင်လေကို ဘယ်လိုလုပ် သိရပါမလဲဆိုရင် တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ရှိတယ်လို့ ဒီလိုသိရမယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောက ထွက်လေ ဝင်လေကို မှတ်သားကြောင်းဖြစ်တဲ့ လက္ခဏာတရား၊ ထွက်လေဝင်လေက မှတ်အပ်တဲ့ လက္ခိတဗ္ဗတရား၊ ဥပမာ ဥပမေယျ ဟပ်လိုက်တော့– တိုးတဲ့သဘော, တွန်းကန်တဲ့သဘောက မွဲကလေးနဲ့တူတယ်၊ ထွက်လေ ဝင်လေက အဲဒီ မွဲကလေးရှိတဲ့ အမျိုးကောင်းသားနဲ့တူတယ်။

အမျိုးကောင်းသားကို ဖယ်ပြီးလျှင် မွဲကလေးဟာ ရှိပါဦးမလား၊ (မရှိပါဘုရား)။

မွဲကလေးကို ဖယ်လိုက်လို့ရှိရင် ဒီအမျိုးကောင်းသားကို မှတ်မိပါအုံးမလား (မမှတ်မိပါဘုရား)။

အဲဒီလိုဘဲ ထွက်လေ ဝင်လေကို ဖယ်ပစ်လိုက်ရင် တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဟာ ရှိနိုင်ပါဦးမလား၊ (မရှိနိုင်ပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို ဖယ်ပစ်လိုက်ရင် မှတ်မိပါဦးတော့မလား၊ (မမှတ်မိတော့ပါဘုရား)။

အဲဒါဖြင့် တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ ထွက်လေ ဝင်လေနဲ့ဟာ အတူတူလား တခြားစီလား၊ (တခြားစီပါဘုရား)။

ဘယ်သူကခွဲပေးသလဲ၊ (ပညာက ခွဲပေးပါတယ်ဘုရား)။

ကောင်းပြီ၊ အဲဒီတရားတွေကို ဗိုင်းလိုက်ကြရအောင်၊ ခုဘုန်းကြီးပြောခဲ့တဲ့ တရားတွေမှာ ဘာတွေပါသလဲ၊ ထွက်လေ ဝင်လေသည် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ အဟုတ်ရှိနေသလား ရှိမနေဘူးလား၊(ရှိနေပါတယ်ဘုရား)။

အဲဒီ ထွက်လေ ဝင်လေကို သိနေတဲ့ သဘောကော အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

သမုတိသစ္စာ

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေမှာ နှာခေါင်းပေါက်ဆိုတာ ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

http://www.dhammadownload.com

ဘာသစ္စာတဲ့လဲ၊ (သမုတိသစ္စာပါဘုရား)။

သမုတိသစ္စာ=အများပြောအမှန်၊ အဲဒီ သမုတိသစ္စာ အများပြော အမှန်ဖြစ်တဲ့ နှာခေါင်းပေါက်ကို သတိလို့ဆိုတဲ့ တရားက ဥပဋ္ဌာန ကိစ္စနဲ့ ထင်ရှားအောင် ညွှတ်ပေးထားလိုက်တော့ အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများ ဝိညာဏ်ခေါ်တဲ့ သဘောတရားလေးက နှာခေါင်းပေါက်ကို သိနေသလား သိမနေဘူးလား၊ (သိနေပါတယ် ဘုရား)။

အဲဒီ နှာခေါင်းပေါက်နဲ့ အသက်ရှူတဲ့အခါကျတော့ နှာခေါင်း ပေါက်ထဲကို ဝင်တဲ့လေ ထွက်တဲ့လေဟာ ဝင်ထွက်နေသလား၊ ဝင် ထွက်မနေဘူးလား၊ (ဝင်ထွက်နေပါတယ်ဘုရား။)

ထွက်လေ ဝင်လေဟာ နှာခေါင်းပေါက်ဟုတ်ရဲ့လား၊ (မဟုတ်ပါ ဘုရား။)

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောသည် ထွက်လေ ဝင်လေ ဟုတ် ရဲ့လား၊ (မဟုတ်ပါဘုရား)။

ဘယ်သူက ခွဲပေးသလဲ၊ (ပညာကခွဲပေးပါတယ်ဘုရား)။

ပညာဆိုတာ နာမ်ဘာရား၊ ဘာတရားတဲ့လဲ၊(နာမ်တရားပါဘုရား)။

ဒါဖြင့် ကောင်းပြီ၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ခု ဒီတရားမှာ ဘယ်နှစ်လုံး ရနေပြီလဲဆိုတော့ သမုတိသစ္စာနယ်က အများပြောအမှန်၊နှာခေါင်းပေါက်,ပါးစပ်ပေါက်ဆိုတာ အမျိုးကောင်း သားများ,အမျိုးကောင်းသမီးများ သိနေသလား သိမနေဘူးလား၊ (သိ နေပါတယ်ဘုရား)။

ပရမတ္ထသစ္စာ

ပရမတ္ထသစ္စာနယ်က တရားသဘောအမှန်၊ ပရမတ္ထသစ္စာနယ်က ဘာအမှန်တဲ့လဲ၊ (တရားသဘောအမှန်ပါဘုရား)။

တရားသဘောအမှန်က ထွက်လေ ဝင်လေ၊အသက်ရှူရှိုက်တဲ့အခါမှာ ထွက်တဲ့လေ ဝင်တဲ့လေ ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ် ဘုရား)။

ခုလို သတိနဲ့အာရုံပြုပြီး ကြည့်နေလိုက်တော့ ထွက်လေဝင်လေဟာ ထင်ရှားလာတယ်၊ အဲဒီတော့ အမျိုးကောင်းသားများ, အမျိုးကောင်း

http://www.dhammadownload.com

သမီးများ ဝိညာဏ်က ထွက်လေ ဝင်လေကို သိနေသလား၊ သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

ထွက်လေ ဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ အတူတူလား၊ တခြားစီလား၊ (တခြားစီပါဘုရား)။

ထွက်လေ ဝင်လေမှာ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောရှိသလား၊ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ အဲဒီ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောသည် ပရမတ္ထသစ္စာ တရားသဘောအမှန်၊ တရားသဘောအမှန်သည် ပရမတ္ထသစ္စာ။

(၁) နှာခေါင်းပေါက်သည် အများပြောအမှန် သမုတိသစ္စာ။

(၂) ထွက်လေဝင်လေသည်တရားသဘောအမှန်ပရမတ္ထသစ္စာ။

အဲဒီ ပရမတ္ထသစ္စာမှာ ဘာရှိသလဲ၊တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

(၁) တိုးတဲ့သဘော,တွန်းကန်တဲ့သဘောသည် လက္ခဏာ။

(၂) သိတဲ့သဘောသည် ဝိညာဏ်ရဲ့လက္ခဏာ။

(၃) အာရုံ၌ ကပ်၍ ထင်ရှားခြင်းဆိုတဲ့သဘောသည် သတိရဲ့ အဘိသန်ရဏလက္ခဏာ၊

(၄) ထွက်လေ ဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ တခြားစီလို့ ပိုင်းခြားပေးလိုက်တယ်ဆိုတဲ့ သဘောသည် ပညာရဲ့ အဘိသန်ရဏလက္ခဏာ။

လက္ခဏာသုံးပါး

အဲဒီ ခုပြတဲ့ လက္ခဏာများကို မိအောင် ဖမ်းထားမယ်လို့ဆိုလျှင် လောကမှာ မှတ်ပုံတင် ကပ်ပြားကလေးရှိတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကို အမှတ်အသားကလေး ယူထားပြီးပြီဆိုမှဖြင့် ဘယ်မှ မပြေးနိုင်သလို ထွက်လေ ဝင်လေ, ဝိညာဏ်,ပညာ, သတိ လက်လွတ် မသွားစေချင်ရင် ခုပြခဲ့ပြီးတဲ့-

(၁) တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော လက္ခဏာ။

(၂) သိတဲ့သဘော တည်းဟူသော လက္ခဏာ။

http://www.dhammadownload.com

(၃) အာရုံကိုကပ်၍ ထင်ရှားခြင်းနှင့် ပိုင်းခြားခြင်း သဘော တည်းဟူသောလက္ခဏာ။

ဒီလက္ခဏာသုံးချက်ကို မိအောင် ဖမ်းထားရင် ပြေးဦးမလား၊ မပြေးတော့ဘူးလား၊ (မပြေးတော့ပါဘုရား)။

အဲဒီ တရားတွေကို ပိုင်းခြားလိုက်ရင် ဘာတွေလာမလဲ၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို အမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေ တွေ့နေသလား တွေ့မနေဘူးလား၊(တွေ့နေပါတယ်ဘုရား)။

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန် တဲ့သဘောနဲ့ တခြားစီဆိုတာ သိနေသလား သိမနေဘူးလား၊ (သိနေ ပါတယ်ဘုရား)။

သိတာက ဘာသဘောတဲ့လဲ၊ (ဝိညာဏ်ပါဘုရား)၊ ထွက်လေဝင် လေနဲ့ နှာခေါင်းပေါက်နဲ့ အတူတူလား တခြားစီလား၊ (တခြားစီပါ ဘုရား)။

ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောနဲ့ အတူ တူလား တခြားစီလား၊ (တခြားစီပါဘုရား)။

ဝိညာဏ် နာမ် ရုပ်

ဘယ်သူက ပိုင်းခြားပေးသလဲ၊ (ပညာက ပိုင်းခြားပေးပါတယ် ဘုရား)။

ထင်ရှားအောင် ဘယ်သူက လုပ်ပေးနေသလဲ၊ (သတိက လုပ်ပေး နေပါတယ်ဘုရား)။

အဲဒီ သတိနဲ့ပညာဆိုတာက နာမ်တရား၊ဘာတရားတဲ့လဲ၊ (နာမ် တရားပါဘုရား)။

သိတာက ဘာတရားတဲ့လဲ၊ (ဝိညာဏ်တရားပါဘုရား)။

ပိုင်းခြားပေးတယ်ဆိုတဲ့ ပညာနဲ့သတိက ဘာတရားလဲ၊ (နာမ် တရားပါဘုရား)။ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတွေက ဘာ တရားတွေလဲ၊ (ရုပ်တရားပါဘုရား)။ ပေါင်းလိုက်တော့ ဝိညာဏ်, နာမ်, ရုပ်၊ (ဖြေးဖြေးပြောရမယ်)။

အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ ပြောစမ်း၊ (ဝိညာဏ်, နာမ်,ရုပ်ပါ ဘုရား)။

http://www.dhammadownload.com

တနည်းအားဖြင့် ဝိညာဏ်ဆိုတာကစိတ်၊ နာမ်ဆိုတာကစေတသိက်၊ ရုပ်ဆိုတာက ရုပ် ပေါင်းလိုက်တော့ စိတ်, စေတသိက်, ရုပ်။

ကိုင်း အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကြည့်နော်၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်ကို ဖမ်းတဲ့နေရာမှာ ပညာပါသလား မပါဘူးလား၊ (ပါပါတယ်ဘုရား)။

ပညာက ဘာလုပ်ပေးသလဲ၊ (ပိုင်းခြားပေးပါတယ်ဘုရား)။

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တခြားစီလို့ပိုင်းခြားပြီး ပေးနေတယ်၊တိုးတဲ့သဘော,တွန်းကန်တဲ့သဘောနဲ့ နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တခြားစီလို့ ပညာက ပိုင်းခြား ပေးတယ်၊ ဝိညာဏ်က သိနေတယ်၊ ထွက်လေ ဝင်လေ တည်းဟူသော ရုပ်တရားက တိုးတဲ့သဘော,တွန်းကန်တဲ့သဘော လက္ခဏာကို ပြတယ်၊ ထွက်လေဝင်လေရဲ့ အလုပ်ကိစ္စကဘာလဲ၊ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘော။

အဲဒီတိုးမှု,တွန်းကန်မှုသဘောဟာ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေကိစ္စလား၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့ အလုပ်လား၊ ထွက်လေဝင်လေရဲ့ အလုပ်လား၊ (ထွက်လေဝင်လေရဲ့ အလုပ်ပါဘုရား)။

သိနေတယ်ဆိုတဲ့ အလုပ်သည် ဝိညာဏ်ရဲ့ အလုပ်လား၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့ အလုပ်လား၊ (ဝိညာဏ်ရဲ့ အလုပ်ပါဘုရား)။

ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ တခြားစီလို့ ပိုင်းခြားပေးတယ်ဆိုတဲ့အလုပ်ဟာ အာရုံ၌ကပ်၍ ထင်ရှားနေတယ်ဆိုတဲ့အလုပ်ဟာ သတိပညာတို့ရဲ့အလုပ်လား၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့အလုပ်လား၊(သတိပညာရဲ့အလုပ်ပါဘုရား)။

အခု လုပ်တဲ့လုပ်ငန်းထဲမှာ အမျိုးကောင်းသားတွေ ဘယ်နှစ်ယောက်ပါသတုံး၊ (တယောက်မှမပါပါဘုရား။)

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ယခု ကိစ္စထဲမှာ ဘယ်နှစ်ယောက်ပါသလဲ၊ (တယောက်မှမပါပါဘုရား)။

http://www.dhammadownload.com

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသိနေသလား သိမနေဘူးလား၊(သိနေပါတယ်ဘုရား)။

နှာခေါင်းပေါက်နဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော အတူတူလား တခြားစီလား၊ (တခြားစီပါဘုရား။)

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောသည် တရားသဘောအမှန် ပရမတ္ထသစ္စာ၊ ဘာသစ္စာတဲ့လဲ၊ (ပရမတ္ထသစ္စာပါဘုရား)။

အများပြောအမှန်က သမုတိသစ္စာ၊ (နှာခေါင်းပေါက်, ပါးစပ်ပေါက်)၊ တရားသဘောအမှန် ပရမတ္ထသစ္စာက ဘယ်သူတွေလဲ၊ (ဝိညာဏ်,နာမ်,ရုပ်)၊ တနည်း (စိတ်,စေတသိက်,ရုပ်)၊ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ တွေ့ပြီလား၊ (တွေ့ပါပြီဘုရား။)

ဝိညာဏ်ရယ်,နာမ်ရယ်,ရုပ်ရယ်ဆိုတဲ့ တရားတွေကို အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ မျက်လုံးနဲ့မြင်ကြရဲ့လား၊ (မမြင်ရပါဘုရား)။

လက်နဲ့ကိုင်တွယ် စမ်းသပ်ကြည့်ရင်ကော တွေ့ပါ့မလား၊ (မတွေ့ပါဘုရား)။

သူများကိုကော ဒီဝိညာဏ်,နာမ်,ရုပ်တွေ ရှိပါတယ်လို့ ယူပြနိုင်ပါ့မလား၊ (ယူမပြနိုင်ပါဘုရား)။

ဒါဖြင့် အဲဒီဝိညာဏ်,နာမ်,ရုပ်၊တနည်း-စိတ်,စေတသိက်,ရုပ်ဆိုတာတွေဟာ ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဟုတ်ရှိရဲ့လား၊ (အဟုတ်ရှိပါတယ်ဘုရား)။ အမှန် ရှိရဲ့လား (အမှန်ရှိပါတယ်ဘုရား)။

အဟုတ်ရှိ,အမှန်ရှိကို ပါဠိလိုခေါ်ရင် ဘယ်လိုခေါ်လဲ၊(ပရမတ်လို့ခေါ်ပါတယ်ဘုရား)။ ပရမတ္ထသစ္စာ တရားသဘောအမှန် ဝိညာဏ်ရဲ့သဘောကဘာလဲ၊(သိတာပါဘုရား)။

သတိပညာဆိုတဲ့ နာမ်ရဲ့သဘောက ဘာလဲ၊ (ထင်ရှားစေခြင်း ပိုင်းခြားပေးခြင်းပါဘုရား)။

ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ သဘောက ဘာတဲ့လဲ၊ (တိုးတဲ့သဘော,တွန်းကန်တဲ့သဘောပါဘုရား)။

http://www.dhammadownload.com

အဲဒီကိစ္စတွေကိုအမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေက လုပ်ပေးနေတာလား၊ ပရမတ္ထတရားတွေက သူ့ကိစ္စကို သူလုပ်နေတာလား၊ (ပရမတ္ထတရားတွေက သူ့ကိစ္စကို သူလုပ်နေတာပါဘုရား)။

ဒါဖြင့် ဒီအထဲမှာ အမျိုးကောင်းသားတွေ ပါသလား၊(မပါပါဘုရား။) အမျိုးကောင်းသမီးတွေကော ပါသလား၊ (မပါပါဘုရား)။

သတိက ဘာလုပ်ပေးသလဲ၊အာရုံမှာကပ်၍ ထင်ရှားအောင် လုပ်ပေးတယ်၊ ဘယ်အာရုံလဲ၊ နှာခေါင်းပေါက် ထွက်လေဝင်လေ၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော အာရုံမှာ ကပ်၍ထင်ရှားအောင် လုပ်ပေးတာ၊ ဘယ်သူလုပ်ပေးတာလဲ၊ (သတိပါဘုရား)။

ဝိညာဏ်က ဘာလုပ်ပေးသလဲ၊ (ဝိညာဏ်က သိပေးပါတယ်ဘုရား)။

ပြီးတော့ ပညာက ဘာလုပ်ပေးသလဲ၊(ပိုင်းခြားပေးပါတယ်ဘုရား)။

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တခြားစီနေအောင် ပညာက ပိုင်းခြားပေးတယ်၊ ပြီးတော့ ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ တခြားစီနေအောင် ပညာက ပိုင်းခြားပေးတယ်၊ ဒီအထဲမှာ ကိုယ့်အလုပ်ပါရဲ့လား၊ (မပါပါဘုရား)။

မိမိ သူတပါးများ ပါသလား၊ (မပါပါဘုရား)။

အမျိုးသား,အမျိုးသမီး,ပုဂ္ဂိုလ်,သတ္တဝါကော ပါသလား၊(မပါပါဘုရား)။

အမျိုးသားတို့,အမျိုးသမီးတို့,ယောကျ်ားတို့,မိန်းမတို့,နှာခေါင်းပေါက်, ပါးစပ်ပေါက် တွေဆိုတာ သမ္မုတိသစ္စာ=အများပြောတာအမှန်။

(၁) တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိနေတဲ့ဝိညာဏ်။
(၂) နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တခြားစီလို့ ပိုင်းခြား ပေးတဲ့ပညာ။
(၃) တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော ရုပ်၊

အဲဒီ ဝိညာဏ်, နာမ်, ရုပ်။

တနည်းအားဖြင့် စိတ်,စေတသိက်,ရုပ်၊ အဲဒီတရားစုတွေက ပရမတ္ထသစ္စာ၊အဲဒီ တရားစုတွေကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများအလုပ်လုပ်နေတဲ့ အချိန်မှာ အဟုတ်ရှိသလား မရှိဘူးလား၊ (အဟုတ် ရှိပါတယ်ဘုရား)။

http://www.dhammadownload.com

သူများပြောပေးလို့ ရှိနေတာလား၊ ပကတိပင်ကိုယ်သဘာဝနဲ့ ရှိနေတာလား၊ (ပင်ကိုယ်သဘာဝနဲ့ ရှိနေတာပါဘုရား)။

သဘာဝလက္ခဏာ

ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ သဘာဝလက္ခဏာဆိုတာ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သဘာဝလက္ခဏာလို့ ခေါ်တယ်၊ ဝိညာဏ်ရဲ့ သိတဲ့သဘောသည် သဘာဝလက္ခဏာ၊ ဘာလက္ခဏာတဲ့လဲ၊ (သဘာဝလက္ခဏာပါဘုရား)။

ပညာတို့ သတိတို့ရဲ့ ခွဲခြားမှု ထင်ရှားစေမှုများကို ပြပြင်စီမံပေးတယ်ဆိုတဲ့ သဘောသည် သဘာဝလက္ခဏာ၊ ဘာလက္ခဏာတဲ့လဲ၊ (သဘာဝလက္ခဏာပါဘုရား)။

ပညာက ပိုင်းခြားပေးတယ်၊ သူ့သဘာဝလက္ခဏာ ကွဲကွဲပြားပြား ဖြစ်အောင်သိပေးတယ်၊သူ့သဘာဝလက္ခဏာ၊ သတိက အာရုံမှာ ကပ်၍ ထင်ရှားအောင် သူ့ကိစ္စကို သူရွက်ဆောင်နေတယ်၊သူ့ရဲ့ သူပိုင် သဘာဝလက္ခဏာ။

သဘာဝလက္ခဏာဆိုတာ အသီးအသီး ဖြစ်တဲ့ကိုယ်ပိုင်လက္ခဏာကို သဘာဝလက္ခဏာလို့ ခေါ်တယ်၊ ကိုယ်ပိုင် စွမ်းရည်သတ္တိ၊ သတိကလဲ သူ့ကိစ္စသူရွက်ဆောင်တယ်၊ဝိညာဏ်ကလဲ သူ့ကိစ္စသူရွက်ဆောင်တယ်၊ ပညာကလဲ သူ့ကိစ္စ သူရွက်ဆောင်တယ်၊ ဝါယောလေဓာတ် ရုပ်ပရမတ် ဖြစ်တဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလဲ သူ့ကိစ္စကိုဘဲ သူရွက်ဆောင်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အလိုနဲ့ ရွက်ဆောင်ပေးနေတာလား၊ (မဟုတ်ပါဘုရား)။

ပုဂ္ဂိုလ် သတ္တဝါ တဦးတယောက်ရဲ့ အလိုကျ ဖြစ်အောင် ရွက်ဆောင်ပေးနေတာလား၊ (မဟုတ်ပါဘုရား)။

ပရမတ္ထသဘာဝတွေက ဘယ်သူ့အလိုကျ ရွက်ဆောင်ပေးနေတာလဲ ဘယ်သူ့အလိုကျမှ ရွက်ဆောင်ပေးနေတာမဟုတ်ဘူး၊ ပရမတ္ထသဘာဝရဲ့ သူ့ကိစ္စကိုသာလျှင် သူရွက်ဆောင်နေတာဝိညာဏ်ကသိပေး၊ပညာက ပိုင်းခြားပေး၊ ထွက်လေဝင်လေဆိုတဲ့ ရုပ်တရားက တိုးတဲ့သဘော,တွန်းကန်တဲ့သဘောဖြစ်အောင် လုပ်ပေး၊ သတိက အာရုံမှာကပ်ပြီး ထင်ရှားအောင် လုပ်ပေးလို့ ဒီလို ကြိုတင်ပြီး တိုင်ပင်ထားတာများ ရှိသလား၊ (မရှိပါဘုရား)။

http://www.dhammadownload.com

ပရမတ္ထ တရားအချင်းချင်း ကြိုတင်တိုင်ပင်ထားတာများ ရှိသလား (မရှိပါဘုရား)။

ပရမတ္ထတရားတွေ သူ့ကိစ္စသူ ရွက်ဆောင်နေကြတာ ဒီအထဲမှာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ပါသလား မပါဘူးလား၊ (မပါပါဘုရား)။

မှတ်မိအောင်လား နားထောင်ကောင်းအောင်လား၊ (မှတ်မိအောင် ပါဘုရား)။

တရားသုံးလုံး

ယနေ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိပဿနာလုပ်ကွက်မှာ ဘာတွေပါလာသလဲ၊ (ဝိညာဏ်, နာမ်, ရုပ်ပါဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို သိတာက ဘာလဲ၊(ဝိညာဏ် ပါဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေလား၊ (မဟုတ်ပါ ဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောနဲ့ လွက်လေ ဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ တခြားစီပါလို့ ပိုင်းခြားပေးတာ ဘယ်သူလဲ၊ (ပညာ ပါဘုရား)။

ပညာကို ဘာလို့ခေါ်တယ်၊ (နာမ်လို့ ခေါ်ပါတယ် ဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောကိုကော ဘာလို့ ခေါ်သလဲ (ရုပ်လို့ခေါ်ပါတယ်ဘုရား)။

ပေါင်းလိုက်တော့ ဝိညာဏ်,နာမ်,ရုပ်၊ အားလုံးဆိုကြ၊ (ဝိညာဏ်, နာမ်,ရုပ်)။

တနည်း-စိတ်,စေတသိက်,ရုပ်၊ဝိညာဏ်ဆိုတာက စိတ်၊နာမ်ဆိုတာက စေတသိက်၊ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောကရုပ်၊ စိတ်, စေတသိက်, ရုပ်။

အဲဒီတရား သုံးလုံးအပြင် ဝိပဿနာရှုဘို့ရန် ရှိသေးသလား မရှိတော့ဘူးလား၊ (မရှိတော့ပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အခု ဝိပဿနာ ရှုဘို့ အတွက် ဝိညာဏ်,နာမ်,ရုပ်၊ တနည်း၊ စိတ်, စေတသိက်, ရုပ်၊

http://www.dhammadownload.com

ဒါဒီတရားသုံးလုံးကို တွေ့ပြီလား မတွေ့သေးဘူးလား၊ (တွေ့ပါပြီ ဘုရား)။

ဘာနဲ့တွေ့သလဲ၊ (ဉာဏ်နဲ့တွေ့ပါတယ်ဘုရား)။

ဒီတရားသုံးလုံးဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ ထင်ထင်ရှားရှား သိနေသလား မသိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

ပညာက ကွဲကွဲပြားပြားသိခြင်းကိစ္စရှိတယ်၊ ဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိနေတဲ့ ဝိညာဏ်, နာမ်, ရုပ် ထဲမှာ စိတ်,စေတသိက်,ရုပ် ဆိုတဲ့ တရားတွေသည် သူ့သဘောကို သူရွက်ဆောင်နေကြသည် ဖြစ်သောကြောင့် ဒီတရားသုံးမျိုးဟာ သိတယ်ဆိုတဲ့သဘော ရှိနေသလား ရှိမနေဘူးလား၊(ရှိနေပါတယ်ဘုရား)။

အဟုတ်ရှိသလား မရှိဘူးလား၊ (အဟုတ်ရှိပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘော အဟုတ်ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

ပိုင်းခြားပေးတယ်၊ အာရုံမှာ ကပ်၍ထင်ရှားအောင် လုပ်ပေးနေတယ်ဆိုတဲ့ သဘောဘွဲဆိုတာလဲ ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

ပရမတ္ထသစ္စာနှင့် သမုတိသစ္စာ

အဟုတ်ရှိ အမှန်ရှိ တကယ်ရှိကို ပါဠိလိုခေါ်ရင် ပရမတ်တဲ့၊ ဘာတရားတဲ့လဲ၊ (ပရမတ်ပါဘုရား)။

တရားသဘောအမှန် ပရမတ္ထသစ္စာ၊ တရားသဘောအမှန် ဘာတရားတဲ့လဲ၊ (ပရမတ္ထသစ္စာတရားပါဘုရား)။

ဝါယောရုပ်တရားရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောသည် အမှန်လား အမှားလား၊ (အမှန်ပါဘုရား)။

မမှန်ဘူးလို့ ငြင်းလို့ရပါ့မလား၊ (မရပါဘုရား)။

ဝိညာဏ်ခေါ်တဲ့ တရားရဲ့သိတဲ့သဘောသည် အမှန်လား အမှားလား၊ (အမှန်ပါဘုရား)။

http://www.dhammadownload.com

ပညာ, သတိခေါ်တဲ့ နာမ်တရားတို့ရဲ့ ပိုင်းခြားပေးခြင်း, အာရုံ၌ ကပ်၍ထင်ရှားအောင် ပြုလုပ်ပေးခြင်းဟာ အမှန်လား အမှားလား၊ (အမှန်ပါဘုရား)။

မမှန်ဘူးလို့ ပြောလို့ရပါ့မလား၊ (မရပါဘုရား)။

အဲဒီအမှန်ကို ပရမတ္ထသစ္စာလို့ ခေါ်တယ်၊ ဘာသစ္စာ တဲ့လဲ၊ (ပရမတ္ထသစ္စာပါဘုရား)။

တရားသဘောအမှန်၊ ဘာအမှန်တဲ့လဲ၊ (တရားသဘော အမှန်ပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ခုအများပြောအမှန်နဲ့ တရားသဘောအမှန်ကို ကွဲပြီလား၊ (ကွဲပါပြီဘုရား)။

အများပြောအမှန်က ဘာတဲ့လဲ၊ (သမုတိသစ္စာပါဘုရား)။

တရားသဘောအမှန်က ဘာတဲ့လဲ (ပရမတ္ထသစ္စာပါဘုရား)။

ဘယ်နှစ်လုံးရှိသလဲ၊ (သုံးလုံးရှိပါတယ်ဘုရား။)

ဘယ်သူရယ်,ဘယ်သူရယ်လဲဆိုတော့ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း- စိတ်,စေတသိက်,ရုပ်၊ မှတ်မိကြပြီလား၊ (မှတ်မိပါပြီဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေမှတ်မိအောင်လား နားထောင်ကောင်းအောင်လား၊ (မှတ်မိအောင်ပါဘုရား)။

အဲဒီ တရားသုံးလုံးကို ဘာလုပ်ရမှာလဲ၊ဝိပဿနာရှုရမယ်၊ကာယာနုပဿနာ သတိပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဘဲဖြစ်ဖြစ် ရှုကွက်ကိုရှာတော့ ဒီသုံးလုံးဘဲရှိတယ်၊ ဒီသုံးလုံး အပြင် တရားရှုကွက် ရှိသေးသလား၊ (မရှိပါဘုရား)။

သတ္တလောက,သင်္ခါရလောက,ဩကာသလောကလို့ဆိုတဲ့ လောကကြီးသုံးပါးဟာ ကျယ်ဝန်းချင်တိုင်း ကျယ်ဝန်းပါစေ၊ လောကဓာတ်ကြီးတခုလုံး ကျယ်ဝန်းချင်တိုင်း ကျယ်ဝန်းပါစေ၊ သမုတိသစ္စာ အများပြော အမှန်က များချင်တိုင်း အခေါ်အဝေါ်တွေ များပါစေ၊ ပရမတ္ထသစ္စာနယ်မှာ ဒီတရားသုံးလုံးအပြင်ရှိသေးသလား၊(မရှိပါဘုရား)။

နိဗ္ဗာန်တခုကိုချန်ထား၊ လောကီ ဝိပဿနာရှုကွက်မှာ ဒီပရမတ္ထတရားသုံးလုံးအပြင် သင်္ခတနယ်တခုလုံးမှာ ပရမတ္ထတရားသုံးလုံး အပြင် ရှိသေးသလား၊ (မရှိပါဘုရား)။

http://www.dhammadownload.com

အကယ်၍ ရှိသေးတယ်လို့ပြောရင် ဝါစာဝတ္ထုကမေဝ- စကားဘဲ ပြောနိုင်မယ်၊ အကောင်အထည်တော့ ပြနိုင်မှာမဟုတ်ဘူး။

လက္ခဏာကို မိအောင်ဖမ်း

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိညာဏ်က ဘာသဘောရှိသလဲ၊ (သိတဲ့သဘောရှိပါတယ်ဘုရား)။

နာမ်က ဘာသဘောရှိသလဲ၊ (ပိုင်းခြားခြင်း ရှိပါတယ်ဘုရား)။

ရုပ်က ဘာသဘောရှိသလဲ၊ (တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ရှိပါတယ်ဘုရား။)

ဝါယောလေဓာတ် ရုပ်ပရမတ်တရားက တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောရှိပါတယ်၊ဒီနေရာမှာ ရုပ်က ၂၈-မျိုးရှိပေတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်တရား တခုကိုဘဲ လက္ခဏာနဲ့ဖမ်းထားတယ်။

အဲဒီတရားသုံးလုံး ပျောက်မသွားအောင် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဘယ်လိုလုပ်ရမလဲ၊ လက္ခဏာကို မိအောင်ဖမ်းထားရင် ဒီတရားသုံးလုံး ပျောက်ဦးမလား၊ မပျောက်တော့ဘူးလား၊ (မပျောက်တော့ပါဘုရား)။

ခုနက ပေးခဲ့တဲ့ (ဥပမာကလေးကို ပြန်ကြည့်ပါ၊ အမျိုးသား တယောက်ကို မှတ်မိဘို့အတွက် ထင်ရှားတဲ့ အမှတ်အသားတခုကို ယူထားရင် ဒီအမျိုးသားကို မြင်တိုင်းမြင်တိုင်း မှတ်မိနေမလား မှတ်မိမနေဘူးလား၊ (မှတ်မိနေပါတယ်ဘုရား)။

အဲဒီအမျိုးသား မေ့လို့လွတ်ပါဦးတော့မလား (မလွတ်တော့ပါဘုရား။)

အဲဒီလိုဘဲ ဝါယောလေဓာတ် ရုပ်ပရမတ်တရားရဲ့ ထင်ရှားသည့် အမှတ်အသားဖြစ်တဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို ဖမ်းထားရင် ဒီဝါယောလေဓာတ် ရုပ်ပရမတ်ဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်ထဲမှာ ပျောက်သွားပါဦးတော့ မလား၊(မပျောက်ပါဘုရား)။

ဝိညာဏ်ရဲ့ ဝိဇာနန လက္ခဏာဖြစ်တဲ့ သိမှုသဘော တခုကို ဖမ်းထားလိုက်ရင် ဝိညာဏ်သည် အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ အသိဉာဏ်ထဲကနေ ပျောက်သွားပါဦးတော့မလား၊ (မပျောက်ပါဘုရား)။

http://www.dhammadownload.com

ပျောက်လို့မရတော့ပါဘူး၊ ပညာတို့ သတိတို့ရဲ့ ပရိညာတကိစ္စ, ဥပဋ္ဌာနကိစ္စ တည်းဟူသော လက္ခဏာကို မိအောင်ဖမ်းထားရင် အဲဒီသတိနဲ့ ပညာကော အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ ဉာဏ်မှာ ပျောက်သွားပါဦးတော့မလား၊ (မပျောက် ပါဘုရား)။

တရားသုံးလုံးရဲ့လက္ခဏာ

အဲဒီ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့တရားတွေ၊တနည်း–စိတ်,စေတသိက်, ရုပ်ဆိုတဲ့တရားတွေကို ဝိပဿနာရှုနိုင်ရန်အတွက် ပျောက်မသွားအောင် ဘာကို မိအောင်ဖမ်းထားရမလဲဆိုတော့ လက္ခဏာကို မိအောင်ဖမ်း ထားရမယ်၊ အဲဒါကြောင့် ဝိညာဏ်မှာ ဘာလက္ခဏာရှိသလဲ၊ (သိတဲ့ လက္ခဏာရှိပါတယ်ဘုရား)။

ဝိညာဏ်က သိတဲ့ ဝိဇာနနလက္ခဏာ ရှိတယ်၊ ပညာနဲ့ သတိတို့က အဘိသမ်ရဏလက္ခဏာ-ပိုင်းခြားခြင်းကိစ္စ, အာရုံ၌ ထင်ရှားခြင်းကိစ္စ ဒီလက္ခဏာရှိတယ်၊ထွက်လေဝင်လေ တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တရားက ဘာလက္ခဏာရှိသလဲ၊ တိုးတဲ့သဘော, တွန်းကန် တဲ့ သဘောလက္ခဏာရှိပါတယ်၊ အဲဒီသဘာဝလက္ခဏာကို မိအောင် ဖမ်းထားပြီးတော့ ဝိပဿနာရှုခြင်းကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်။

ဘာသတိပဋ္ဌာန်တဲ့လဲ၊ (ဓမ္မာနုပဿနာသတိပဋ္ဌာန် ခေါ်ပါတယ် ဘုရား)။

စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ရှုချင်ရင်လဲဘဲ အဲဒီဝိညာဏ်ရဲ့ လက္ခဏာကို မိအောင်ဖမ်းပြီးတော့မှ ကွဲကွဲပြားပြားသိအောင်ရှုရမယ်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုချင်ရင်လဲဘဲ အဲဒီ ဝေဒနာရဲ့လက္ခဏာကို မိအောင်ဖမ်းပြီးတော့မှ ဝိပဿနာရှုရမယ်။

ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုချင်ရင်လဲဘဲ ဆိုင် ရာဆိုင်ရာ ကာယတရားတို့ရဲ့ လက္ခဏာကို မိအောင်ဖမ်းပြီးတော့မှ ဝိပဿနာရှုရမယ်။

http://www.dhammadownload.com

ဝိပဿနာရှုဘို့ တရားသုံးလုံး

အဲဒါကြောင့် မို့လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များ ဝိပဿနာရှုဘို့ရန်အတွက် တရားဘယ်နှစ်လုံးရှိသလဲ၊ (သုံးလုံး ရှိပါတယ်ဘုရား)။

ဘာရယ်ဘာရယ်တဲ့လဲ၊ ဝိညာဏ်,နာမ်,ရုပ်၊ (တနည်း) စိတ်, စေ တသိက်, ရုပ်။

အဲဒီ ဝိညာဏ်, နာမ်,ရုပ်နဲ့ စိတ်,စေတသိက်,ရုပ်တွေကို ဝိပဿနာ ရှုဘို့ရန်အတွက် မိအောင်ဖမ်းချင်ရင် ဘာကိုဖမ်းထားရမလဲ၊လက္ခဏာ ကိုဖမ်းထားရမယ်၊ဝိညာဏ်က ဘာလက္ခဏာရှိသလဲ၊(သိခြင်းလက္ခဏာ ရှိပါတယ်ဘုရား)။

နာမ်ကကော ဘာလက္ခဏာရှိသလဲ၊(ပိုင်းခြားခြင်းလက္ခဏာ ရှိပါ တယ်ဘုရား)။ ပိုင်းခြားပေးခြင်း,အာရုံ၌ ကပ်၍ထင်ရှားအောင် ပြုလုပ် ပေးခြင်း အဘိသင်္ခရဏလက္ခဏာရှိတယ်။

ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ သဘောက ဘာလက္ခဏာ ရှိသလဲ၊ (တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ရှိပါတယ်ဘုရား)။

ဒီလက္ခဏာသုံးချက်ကို မိအောင်ဖမ်းထားရင် ဒီဝိညာဏ်, နာမ်,ရုပ် သည် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်က ရှောင်သွားလို့ ရပါဦးတော့မလား၊ (မရပါဘုရား)။

အဲဒီတရားသုံးလုံး ထင်ထင်ရှားရှား ဖြစ်အောင် အာရုံပြုပြီးတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိပဿနာ ရှုရမယ်၊ ကိုင်း ဝိပဿနာအလုပ်ပေးတရားကို ဒီကနေ့ညအတွက်တော့ အဲသ လောက်နဲ့ဘဲ နိဂုံးချုပ်ကြစို့ရဲ့။

(သာဓု-သာဓု-သာဓု)။

ပဉ္စမညဝိပဿနာအလုပ်ပေး
တရားတော် ပြီး၏။

---

http://www.dhammadownload.com

ဗာဟိယသုတ္တန်တရားတော် ပဌမပိုင်း

တရားတော်အစ ပဏာမ

ယနေ့ ဝိပဿနာအလုပ်ပေး တရားနဲ့ပတ်သက်ပြီးတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရှေးဦးစွာ ဝိပဿနာအလုပ်ကို လုပ်ဘို့ရန်အတွက် လုပ်ငန်းစဉ်ချပေးတဲ့တရားသဘောတွေကို ၎င်းတို့၏ သဘာဝလက္ခဏာဆိုတဲ့ လက္ခဏာသုံးချက်ကို မိအောင် ဖမ်းဘို့အတွက် တရားဟောပြီးပြီ၊ အဲဒီတရားနာတာ ဘာကိစ္စ တရားနာတာလဲလို့ ဆိုဒါကို ထင်ရှားအောင် သိဘို့ရန်အတွက် ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ မဟာဝဂ္ဂသံယုတ် ပါဠိတော်လာ ဗာဟိယသုတ္တန်တရားတော်ကို ဘုန်းကြီးကဟောမယ်၊အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေက ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ ဗာဟိယသုတ္တန် တရားဒေသနာကို ရိုသေစွာ နာခံမှတ်သားကြ၊ ဘုန်းကြီးက ရိုသေစွာ ဤတရားတော်ကို ဟောမယ်။

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ်အခါ ကာလမှာ ရှင်ဗာဟိယမထေရ်ကို အကြောင်းပြု၍ ဤသုတ္တန်တရား ဒေသနာတော်မြတ်ကို ဟောကြားတော်မူခဲ့ပါတယ်၊ ဒါကြောင့် သုတ္တန်ကို ဗာဟိယသုတ္တန်လို့ ခေါ်ပါတယ်၊ ထိုသို့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ ဗာဟိယသုတ္တန် ဒေသနာတော်ကို ဟောရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင်။

အားလုံး အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လက်အုပ်ချီပြီးတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူပုံကို စိတ်ထဲက အာရုံပြုနေကြပါ၊ ဘုန်းကြီးက ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို ရှိခိုးတဲ့ ဘုရားရှိခိုးတပုဒ်ကို ရွတ်ဆိုမယ်၊ အဲဒီ ရွတ်ဆိုတဲ့

http://www.dhammadownload.com

ဘုရားရှိခိုး နောက်က အသံကိုမှန်းပြီးတော့ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်ဘုရားရဲ့ ဂုဏ်တော်များကို အာရုံပြုပြီး အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများ ကြည်ညို နိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူနတ်ဦးခိုက် ပူဇော်ခြင်းကို ခံယူခြင်းငှါ ထိုက်တော် မူပေထသော။ အ,ရဟတော၊ ဆိတ်ကွယ်ရာအရပ်၌ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ဖြင့် မကောင်းတာ မှန်သမျှတွေကို ပြုကျင့်ခြင်းငှါထိုက်တော်မမူပေထသော။အရ,ဟတော၊အတွင်းရန် အပြင် ရန်တွေကို အကြွင်း အကျန်မထား သယမ္ဘူဉာဏ်တော်ဖြင့် ကိုယ်တော် တိုင်သာလျှင် အကူအညီမပါဘဲ ပါရမီဘုန်းဟုန် တန်ခိုးဂုဏ်တော် ဖြင့် အောင်နိုင်တော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတဖြာ လေးပါးသော သစ္စာတရားတွေကို ဆရာမထား သယမ္ဘူဉာဏ်သွားဖြင့် ပိုင်းခြားထင်ထင် ကိုယ်တော်အလိုလိုသာလျှင် ကောင်းစွာ သိတော်မူပေတတ်ထသော။ တဿဘဂဝတော၊ ဣဿရိယ, သိရီ, ကာမ, ဓမ္မ, ယသ, ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော် မူသော ထိုဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားအား။ မေ– အမှာက်၊ တရားဟောအံ့ပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ် ဆိုကြကုန်သော ထိုထို များစွာနှစ်ဖြာနာမ်,ရုပ်,ခန္ဓာဟု သမုတ်အပ်သော အကျွန်ုပ်တို့၏။နမော၊ ကိုယ်နှုတ်နှလုံး သုံးပါးပြောင်းမျှ မာန်ကိုလျှော့၍ ကန်တော့ရှိခိုး ရခြင်းသည်။ အတ္ထု-ဘဝတု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

(သာဓု–သာဓု–သာဓု)

သုတ်တော်နိဒါန်း

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာခမြမိုး ဖြန်းဖြန်းကျိုးမျှ [illegible]ိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူ သော ဘုန်းတော်သခင် သဗ္ဗည[illegible]က်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်

http://www.dhammadownload.com

ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ်အခါမှာ ရှင်ဗာဟိယမထေရ်သည် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားရှိတော်မူရာသို့ ချဉ်းကပ်ရောက်လာပါသည်၊ ဒါကို သင်္ဂါယနာတင်တော်မူကြတဲ့ ဆရာတော်များက—

“ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ·ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထခေါ အာယသ္မာ ဗာဟိယော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ”။

လို့ နိဒါန်းတင်တော်မူခဲ့ပါတယ်၊ အဲဒီနိဒါန်းပါဠိရဲ့ အဓိပ္ပါယ်ကတော့“တချိန်တုံးက ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်မှာ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူခဲ့ပါသည်၊ ထိုသို့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းမှာ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ်အခါက အရှင်ဗာဟိယမထေရ်သည် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ရှိတော်မူရာသို့ ချဉ်းကပ်ရောက်လာပါသည်”။

တရားတော်တောင်းပုံ

“ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ ဗာဟိယော ဘဂဝန္တံ ဧတဒဝေါစ”။

ပါဠိတော်များကို အနက်မပေးတော့ဘူး၊ လိုရင်းအဓိပ္ပါယ်ကိုသာ ဟောပြတော့မယ်၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်ရောက်လာပြီးတော့ သင့်ဘင့်လျောက်ပတ်တဲ့အရပ်က ထိုင်ပြီးမှ ရှင်ဗာဟိယမထေရ်သည် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို ရိုသေစွာရှိခိုးပြီး ဤသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဗာဟိယမထေရ်က လျှောက်ထားတောင်းပန်ပါသည်။

http://www.dhammadownload.com

"သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"။

ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးတော့ အရှင်ဘုရား.... ဘုရားတပည့်တော်ကို တရားတိုတို တပုဒ်လောက် ဟောတော်မူပါဘုရားလို့ တရားတောင်းတယ်။

အခုခေတ် အခုကာလမှာလဲဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လျှောက်ကြသလို တိုတိုတရားတပုဒ်ဟောပါဘုရားလို့ လျှောက်သလိုပေါ့၊ အဲဒီ ဗာဟိယမထေရ်ကလဲ ဘုန်းတော်သခင်ရှင်တော်မြတ်စွာဘုရားကို တရားတိုတိုတပုဒ် ဟောကြားတော်မူပါဘုရားလို့ လျှောက်ထားတယ်။

တရားနာပြီး တရားအားထုတ်လိုပုံ

ဒီတရားတော်ကိုနာပြီးတော့ သူက-ဘာလုပ်မှာလဲ၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တရားနာတယ်ဆိုတာ ဘာလုပ်ဖို့ တရားနာဒါလဲ၊ ဗာဟိယမထေရ် လျှောက်ထားပုံကိုကြည့်ပါ၊ တရားနာရတယ်ဆိုတာဟာ ဘာလုပ်ဖို့ တရားနာရတာလဲလို့ဆိုတာကို သိသွားအောင်လို့ ဗာဟိယမထေရ်က ရှေ့ဘာဆက်လျှောက်သလဲ။

"ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ"။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ အဟံ၊ဘုရားတပည့်တော်သည်။ ဘဂဝတော၊ ဘုန်းတော်သခင်ရှင်တော် မြတ်ဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ယံဓမ္မံ၊ အကြင်တရားတော်ကို။ သုတွာ၊ ကြားနာပြီး၍ (တရားနာပြီးတော့)။ အပ္ပမတ္တော၊ လုလ္လမပေါ့ မမေ့မလျော့သည်ဖြစ်၍။ ဧကော၊ တယောက်ထည်းထည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးတော့။ အာတာပီ၊ ကိလေသာကို-ပူပန်စေတတ် ခန်းခြောက် စေတတ်သော လုလ္လဝိရိယရှိသည်ဖြစ်၍။ ပဟိ-

http://www.dhammadownload.com

တတ္တော၊ နိဗ္ဗာန်သို့ စေလွှတ်တတ်သော စိတ်ရှိသည်ဖြစ်၍။
ဝိဟရေယျံ၊ နေလိုပါ၏ မြတ်စွာဘုရား၊

ရှင်ဗာဟိယမထေရ်က မြတ်စွာဘုရားကို ဘာလျှောက်သလဲ၊ "အရှင်ဘုရား....ဘုရားတပည့်တော်ကို တရားတိုတိုတပုဒ် ဟောကြားတော်မူပါ၊ ဘုရားတပည့်တော်သည် အရှင်ဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို ရှိသေစွာ နာခံမှတ်သားပြီးတော့ တယောက်ထည်း ဆိတ်ငြိမ်ရာကိုချဉ်းကပ်ပြီး ကိလေသာတရားတွေကို ခေါင်းပါးစေတတ်သော ကိလေသာအစိုင်တွေကို စေးတတ် ကပ်တတ်တဲ့ အာရုံကို မြင်ရင် ကပ်ငြိတတ်တဲ့ ကိလေသာအစိုင်တွေကို ခန်းခြောက်စေတတ်တဲ့ အာတပလုလ္လလို့ခေါ်တဲ့ ဝိရိယနဲ့ ကြိုးစားအားထုတ်ပြီးတော့ နိဗ္ဗာန်ဘက်ကို ကိုင်းတဲ့ရှိုင်းတဲ့ ညွတ်တဲ့စိတ်နဲ့ နေလိုပါသည်ဘုရား"၊

သူကဘာပြောလဲ ဒီတရားရဲ့အဓိပ္ပါယ်ကို တိုတိုပြောတော့"အရှင်ဘုရား ဘုရားတပည့်တော်ကို တရားတပုဒ် တိုတို ဟောတော်မူပါ၊ အဲဒီ အရှင်ဘုရား ဟောပြီးတဲ့တရားတော်ကို နာပြီးလျှင် ဘုရားတပည့်တော် တရားအားထုတ်ချင်ပါတယ်ဘုရား" တိုတိုကတော့ဒါဘဲ၊ အဲဒီ အရှင်ဗာဟိယမထေရ်ရဲ့ ထုံးကို နှလုံးမူကြရမယ်။

ဒီတော့ ယနေ့တရားတော်ကို နာယူကြတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာလဲဘဲ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာ ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ ဗာဟိယသုတ္တန် ဒေသနာတော်ကို ရှိသေစွာ နာခံမှတ်သားပြီး ဘာလုပ်ကြမလဲ၊ တရားအားထုတ်ကြမယ် မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ဘာလုပ်ကြမလဲ၊ပါဠိတော်မှာဖြင့် ခုနက အရှင်ဗာဟိယမထေရ်က "ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော ပဟိတတ္တော အာတာပီ ဝိဟရေယျံ" နိဗ္ဗာန်ဘက်ကို စေလွှတ်တဲ့ ကိုင်းတဲ့စိတ်နဲ့ တရားနာပြီးရင် ဒီတရားတော်ကို ကြိုးစားပြီးတော့အားထုတ်လိုပါတယ် ဘုရားလို့ ဗာဟိယမထေရ်ကလျှောက်ထားတယ်၊

တရားအားထုတ်ချင်လျှင် ဦးစွာပဌမ ကုသိုလ်တရားသုတ်သင်

ဒီတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဗာဟိယမထေရ်ကို ဘယ်လိုပြန်ပြီးတော့ မိန့်တော်မူသလဲဆိုတော့–

http://www.dhammadownload.com

''တေနဟိ တွံ ဗာဟိယ အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု''။

အဲဒါကတော့ဖြင့် ဘုန်းတော်ကြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်တိုင် ပြောလိုက်တဲ့ စကားရပ်ပေပဲပါ။

တေနဟိ=ဒါဖြင့်ရင်။ ဘုန်းကြီးတို့ နားလယ်တဲ့ အဓိပ္ပါယ်နဲ့ ပြောမယ်ဆိုရင် ''ဒါဖြင့်ရင်'' ဆိုဒါက ဘယ်လိုဒါဖြင့်ရင်လဲ၊ ဗာဟိယမ ထေရ်လျှောက်ထားတဲ့ လျှောက်ထားချက် စကားရပ်က ၂-ခု ရှိပါတယ်၊ အရှင်ဘုရား....ဘုရားတပည့်တော်ကို တရားတိုတိုဟပုဒ်ဟော တော်မူပါ၊ အရှင်ဘုရားရဲ့ တရားတော်ကို နာပြီးရင် ဘုရားတပည့်တော် တရားအားထုတ်ချင်ပါတယ်လို့ ဒီလိုလျှောက်တဲ့စကား ၂-ခုကို တေနဟိ-ဆိုတဲ့ စကားတလုံးယဲ ပြန်ပြီးတော့ သိမ်းပြီး ပြောလိုက်တယ်၊ တေနဟိ-တရားကို တိုတိုနာပြီးတော့ သင်တရားအားထုတ်ချင်တယ်ဆိုရင်၊ ဒီလိုဆိုလိုတယ်။

(အနက်ကတော့-ဗာဟိယ၊ချစ်သားဗာဟိယ။ တွံ၊ သင်သည်။ တေနဟိ၊ထိုသို့တရားနာပြီးတော့ တရားအားထုတ်ချင်တယ်ဆိုရင်။ ကုသလေသု ဓမ္မေသု၊ကုသိုလ်တရားတို့၌။ အာဒိမေဝ၊အစကသာလျှင်။ ဝိသောဓေဟိ၊ သုတ်သင်ပါလော့။ တသ္မာဟိ တွံ ဗာဟိယလို့လဲ ပါဠိအချို့ရှိနေတယ်။ တသ္မာဟိ၊ထိုကဲ့သို့ တရားအားထုတ်လိုတဲ့အကြောင်းကြောင့်လျှင်-လို့ ဒီလိုအနက်ပေးရမယ်။)

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တရားအားထုတ်ချင်သလား တရားအားမထုတ်ချင်ဘူးလား၊ (အားထုတ်ချင်ပါတယ်ဘုရား)။

တရားအားထုတ်ချင်ပါတယ်လို့ ပြောဘော်တော့ ရလာပြီ၊ တရားအားထုတ်ချင်တယ်နော်၊ (မှန်ပါဘုရား)၊ အဲဒါ ကိုယ့်ကိုယ်ကိုလ ကိုယ်ပြန်ပြီးကြည့်နော်။

အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်လဲဘဲ ဒီနေ့ ဒီအထဲမှာ နဲနဲ ပါးပါး ဘုန်းကြီးဆက်ပြီး ဟောပါမယ်၊ ဘုန်းကြီးဟောမှာက မဟာဝဂ္ဂ

http://www.dhammadownload.com

သံယုတ်ပါဠိတော်ကသုတ္တန်ကို ဟောမှာဖြစ်ပေမဲ့ အဲဒိသုတ္တန်မှာ ပါဠိတော်အမျိုးမျိုး ဝင်လာပါလိမ့်မယ်၊ ဒီဃနိကာယ်ကပါဠိတော်တွေလဲ ပါလာမယ်၊ မဇ္ဈိမနိကာယ်ကပါဠိတော်တွေလဲ ပါလာမယ်၊ သံယုတ္တနိကာယ်ကပါဠိတော်တွေလဲဘဲ ဒီသုတ္တန်မှာပါလာအောင် ပါဠိတော်ကို ပါဠိတော်ချင်းတိုက်ပြီးတော့ ဒီကနေ့ ဟောပေးပါမယ်၊ တရားအားထုတ်ချင်ရင် ကုသိုလ်တရားကို အစကထည်းကစင်ကြယ်အောင် လုပ်ရမယ်၊ တရားအားထုတ်ချင်ရင် ဘာလုပ်ရမှာလဲ၊(ကုသိုလ်တရားကို စင်ကြယ်အောင်လုပ်ရပါမယ်ဘုရား)။

ရှေးဦးစွာ ကုသိုလ်တရားတွေကို စင်ကြယ်အောင် လုပ်ရမယ်၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ ဒါနကုသိုလ်တွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒါနကုသိုလ်တွေဆိုတာ အများကြီးပါဘဲ၊အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာဟောဒီ-ရွှေဘုန်းပွင့်စေတီတော်ကြီးနဲ့ ပတ်သက်တဲ့ ဂန္ဓကုဋီတော်ကြီးတွေ, ပြီးတော့ ရွှေဘုန်းပွင့်စေတီတော်ကြီးမှတပါး ယနေ့-အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ သိနေကြတဲ့ ဟောဒီ ထီးတော်နဲ့ပတ်သက်ပြီး ဒါနကုသိုလ်တွေ, ပြီးတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဒီရွှေဘုန်းပွင့်စေတီတော်ကြီး ဝင်းအတွင်းမှာရှိကြတဲ့ ဆရာတော်,သံဃာတော်များနဲ့ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေ,ရန်ကုန်မြို့မှာရှိကြတဲ့ဆရာတော်,သံဃာတော်များနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေ၊ ထိုထို ဘုရားတန်ဆောင်း,ဇရပ်ကျောင်း,ပြာသာဒ်,စေတီပုထိုးစတဲ့ အဲဒီလိုဘုရားနဲ့ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေ, တရားနဲ့ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေ, သံဃာနဲ့ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေ, ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေဟာ ဟောဒီတရားနာ ပရိသတ်ဖြစ်တဲ့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေမှာ ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

တရားအားထုတ်ချင်ရင် အဲဒီကုသိုလ်ကောင်းမှုတွေရဲ့အစကို စင်ကြယ်အောင် လုပ်ရမယ်၊ တရားအားထုတ်ချင်ရင် ဒီကုသိုလ်တွေရဲ့အစကို ဘာလုပ်ရမလဲ၊ (စင်ကြယ်အောင်လုပ်ရပါမယ်ဘုရား)။

http://www.dhammadownload.com

ကုသိုလ်တရားတို့၏အစ

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ အဲဒီဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်ဆိုတဲ့ ကုသိုလ်ကောင်းမှု ရဲ့အစဟာဘာလဲ၊အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဒါ ကိုမသိကြသေးဘူးနော်၊(မသိသေးပါဘုရား)။

ကုသိုလ်ကောင်းမှု၏ အစဆိုတာ ဘာပါလိမ့်မလဲ၊ ဘုန်းကြီးတို့ကလဲ ပါဠိတော်မှာ ကြည့်တော့ဘုန်းတော်သခင် ရှင်တော်ဘုရား ကိုယ်တော် တိုင်ဘဲ ပါဠိတော်မှာ ပုစ္ဆာထုတ်ထားတော်မူတယ်၊ဘယ်လိုထုတ်သလဲ။

"ကောစာဒိ ကုသလာနံ ဓမ္မာနံ"

ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊အစသည်။ ကော၊ အဘယ်တရားကိုခေါ်သနည်း။

ဒါက ပါဠိတော်မှာလာတဲ့စကားပါ၊ ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားက ချစ်သား ဗာဟိယ သင်သည် တရားကို တိုတိုနာပြီး တော့ တရားအားထုတ်ချင်တယ်ဆိုရင် ကုသိုလ်ကောင်းမှုတို့ရဲ့ အစကို စင်ကြယ်အောင်လုပ်ရမယ်၊ ကုသိုလ်ကောင်းမှုတို့ရဲ့အစဟာ ဘာလဲ၊

ကုသိုလ်ကောင်းမှုတို့ရဲ့အစဟာ ဘယ်တရားလဲလို့ဆိုတော့—

"သီလဉ္စ သုဝိသုဒ္ဓံ၊ ဒိဋ္ဌိစ ဥဇုကာ"။

ဒိဝါကျက ဝိသဇ္ဇနာ၁ဝါကျဘဲ။

(၁) သီလဉ္စ သုဝိသုဒ္ဓံ=သီလစင်ကြယ်ရမယ်။

(၂) ဒိဋ္ဌိစ ဥဇုကာ=အယူကလဲဖြောင့်မတ်ရမယ်။

သီလစင်ကြယ်မှုနှင့် အယူဖြောင့်မတ်မှုသည် ကုသိုလ်ကောင်းမှုတို့ရဲ့ အစကိုစင်ကြယ်အောင် သုတ်သင်ခြင်းဘဲ။

ကိုင်း ဒါဖြင့် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တရားအားထုတ်တော့မယ်ဆိုရင် ရှေးဦးစွာ သီလစင်ကြယ် နေဘို့လို သလား မလိုဘူးလား (လိုပါတယ်ဘုရား)။

ပါဠိတော်ကတော့ဖြင့် သီလစင်ကြယ်ဘို့လိုတယ်။

http://www.dhammadownload.com

သီလဥ္စ သုဝိသုဒ္ဓံ။ ။သုဝိသုဒ္ဓံ၊ ကောင်းစွာ စင်ကြယ်သော။ သီလဥ္စ၊ သီလတရားသည်ရှင်း။ ဒိဋ္ဌိစ ဥဇုကာ။ ။ဥဇုကာ၊ ဖြောင့်မတ်သော။ ဒိဋ္ဌိစ၊ အယူသည်ရှင်း။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊ အစမည်၏။

သီလ စင်ကြယ်မှုနှင့် အယူဖြောင့်မတ်မှု ဒီတရား ၂-ပါးသည် ကုသိုလ်ကောင်းမှုတို့ရဲ့အစဘဲ။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကုသိုလ်ရဲ့အစဟာ ဘာလဲ(သီလစင်ကြယ်မှုနဲ့ အယူဖြောင့်မတ်မှုပါဘုရား)။

သီလစင်ကြယ်မှု, အယူဖြောင့်မတ်မှု၊ ဒီတရား ၂-ပါးသည် ကုသိုလ်ကောင်းမှုတို့ရဲ့ အစကို စင်ကြယ်စေခြင်းဘဲ၊ မှတ်မိကြပြီလား၊(မှတ်မိပါပြီဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တရားအားထုတ်ချင်ရင် သီလကုသိုလ်စင်ကြယ်ရမလား မစင်ကြယ်ရဘူးလား(စင်ကြယ်ရပါမယ်ဘုရား)။

သီလကုသိုလ်လိုသလား မလိုဘူးလား (လိုပါတယ်ဘုရား)။

ဒါ တရားအားထုတ်ကြမယ့် ပုဂ္ဂိုလ်များရဲ့ လိုအပ်ချက်ဘဲ၊ သီလကုသိုလ်,သမာဓိကုသိုလ်,ပညာကုသိုလ်ဘယ်ကုသိုလ်ဘဲလုပ်လုပ်ကုသိုလ်ကောင်းမှု တခုခုကို စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း လုပ်မယ်ဆိုရင်၊ ရှေးဦးစွာ စင်ကြယ်သော သီလရှိပါစေ၊ အယူကလဲ ဖြောင့်မတ်ပါစေ၊ အဲဒီ အယူလဲဖြောင့်မတ်မယ်၊ သီလလဲ စင်ကြယ်မယ်ဆိုရင် ကုသိုလ်တရားတို့ရဲ့ အစကို ရှေးဦးစွာ စင်ကြယ်အောင် သုတ်သင်ခြင်းဘဲလို့ ဒီလိုမှတ်ထားပါ။

သီလဆိုတာ ကိုယ်ကျင့်တရား

ကိုင်းဒါဖြင့် သီလဥ္စ သုဝိသုဒ္ဓံကို ဘုန်းကြီးဖွင့်ပြမယ်၊ အဋ္ဌကထာက ဒီသီလဥ္စ သုဝိသုဒ္ဓံကို ဒီသုတ္တန်မှာ အထူးမဖွင့်တော့ဘူး၊ ဘာပြုလို့ အဋ္ဌကထာက မဖွင့်သလဲ၊ဒီပြင် နေရာမှာ ဖွင့်ပြီးသားရှိနေသောကြောင့်ရှင်း ပေါ်လွင် ထင်ရှားသောကြောင့်ရှင်း အဋ္ဌကထာဆရာ မဖွင့်တာ၊ အဲဒီ

http://www.dhammadownload.com

တော့ အဋ္ဌကထာဆရာက ဒီနေရာမှာ မဖွင့်တော့ ဘုန်းကြီးကဘဲ သီလဋ္ဌ သုဝိသုဒ္ဓိ-အတွက် ပြောပါမယ်၊ သီလဆိုတာ ဘာလဲ ကိုယ်ကျင့်တရား။

သီလဆိုတာ ဘာတဲ့လဲ၊(ကိုယ်ကျင့်တရားပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ စောစောပိုင်းက သီလကုသိုလ် ခံယူထားကြသလား ခံယူမထားကြဘူးလား၊(ခံယူထားကြပါတယ်ဘုရား)။

ဘာတွေလဲ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-အစ ပြုပြီးတော့ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ အဆုံး ထိအောင် သီလကုသိုလ် ခံယူထားတယ်။

သီလပေးတယ်, ယူတယ်ဆိုတာ

သီလကို ပေးလိုက်တဲ့ပုဂ္ဂိုလ်ကလဲ ပေးလိုက်ပြီ၊ ယူတဲ့ပုဂ္ဂိုလ်ကလဲ ယူပြီးပြီ၊ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေမှာ သီလယူတယ်, သီလပေးတယ်ဆိုတဲ့ စကားရှိတယ်၊ သီလပေးတယ်လို့ ဆိုတာဟာ အရာဝတ္ထုတခုခုကို ရေ့ယူတော့လို့ ပေးလိုက်တဲ့ အပေး မျိုးမဟုတ်ဘူး၊ သီလယူတဲ့ပုဂ္ဂိုလ်ကလဲဘဲ အရာဝတ္ထု တခုခုကို ယူတဲ့ ယူနည်းမျိုး မဟုတ်ဘူး၊ ဒါဖြင့် ဘယ်လိုပေးလို့ ဘယ်လို ယူတာမျိုးလဲ ဆိုတော့ ပေးတဲ့ပုဂ္ဂိုလ်ကလဲ သီလသိက္ခာပုဒ်တွေကို ခံယူဆောက်တည် တတ်အောင် သင်ပေးတဲ့ အပေးမျိုးနဲ့ ပေးလိုက်တယ်၊ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများက ယူဒါကလဲ အဲဒီသီလကုသိုလ် ကို ခံယူပုံ ဆောက်တည်ပုံ ဆောက်တည်နည်းကို ခံယူတဲ့သဘောမျိုးနဲ့ အဲဒီလို ခံယူတယ်။

ဥပမာ ဆရာကောင်းတဲ့သူက တပည့်ကို အသိပညာ ပေးလိုက်တဲ့အခါ မှာ အဲဒီအသိပညာကို တပည့်က ယူထားလိုက်သလို အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများကို ဆရာတော် သံဃာတော်များက သီလကို အသိပညာပေးတဲ့အနေနဲ့ ပေးလိုက်ပြီ၊အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ဆရာထံမှ တပည့်သည် ပညာကို ခံယူသကဲ့သို့ သီလကုသိုလ်ကိုခံယူလိုက်တယ်။

http://www.dhammadownload.com

(၁) သူ့အသက်ကို မသတ်ဘူး။
(၂) သူ့ဥစ္စာကို မခိုးဘူး။
(၃) ကာမဂုဏ်ကို မှားယွင်းစွာ မကျင့်ဘူး။
(၄) လိမ်မပြောဘူး။
(၅) သေရည်သေရက်ကို မသောက်ဘူး၊

အဲဒါ သီလပေးပုံ ပေးနည်းဘဲ ရှိသေးတယ်၊သီလထိန်းပုံ ထိန်းနည်းတွေ မရှိသေးဘူး။

သီလ ထိန်းပုံ ထိန်းနည်း

သီလထိန်းပုံ ထိန်းနည်းကလေးတွေ လိုမနေဘူးလား၊အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ၊ (လိုနေပါတယ်ဘုရား)။

သီလထိန်းနည်းကလေးတွေကို ဘုန်းကြီးတို့ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော် အမ္ဗလဋ္ဌိက ရာဟုလောဝါဒ သုတ်မှာ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ရှင်ရာဟုလာ မထေရ်မြတ်ရှိရာကို ချဉ်းကပ်ပြီး လာတဲ့အခါမှာ ရှင်ရာဟုလာ မထေရ်က မြတ်စွာဘုရားကို နေရာထိုင်ခင်းတွေ ခင်းကျင်းထားပြီးတော့ အနားမှာ ခြေဆေးတဲ့ ခွက်ကလေးနဲ့ စောင့်နေတယ်၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ခြေဆေးပြီးတဲ့နောက် ရေခွက်ကိုယူပြီး ရေကလေးနဲနဲ ချန်ထားကာ ရှင်ရာဟုလာကို ပြတယ်။

ချစ်သား ရာဟုလာ....အဲဒီရေခွက်ထဲမှာ ရေကလေး နဲနဲကို သင်မြင်ရဲ့လားတဲ့၊(မှန်ပါ မြင်ပါတယ်ဘုရားတဲ့)။

ချစ်သားရာဟုလာ....အခုလောကမှာ လိမ်ပြောဘို့ရန်အတွက် ရှက်တဲ့ပုဂ္ဂိုလ်များဟာသာသနာတော်မှာ အဲဒီရေခွက်ထဲမှာရှိတဲ့ ရေကလေးနဲနဲလောက်နဲ့တူတယ်လို့ မိန့်တော်မူတယ်၊ နောက်တခါ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီရေခွက်ထဲက ရေတွေကို သွန်ပစ်လိုက်တယ်။

ချစ်သား ရာဟုလာ....ရေခွက်ထဲက ရေဘယ်ရောက်ကုန်ပြီလဲတဲ့၊(စွန့်ပစ် လိုက်ပါပြီ ဘုရားတဲ့)။

အေး-အဲဒီလိုဘဲ သာသနာမှာ လိမ်ပြောလေ့ရှိတဲ့ ပုဂ္ဂိုလ်များဟာ ရေခွက်ထဲက ရေကိုစွန့်ပစ်လိုက်သလို သူ့သန္တာန်မှာ ငါဘုရား

http://www.dhammadownload.com

ရဲ့ သာသနာတော်တည်းဟူသော အဆုံးအမဆိုတဲ့ ကိုယ်ကျင့်တရားကို စွန့်ပစ်လိုက်တော့တာဘဲလဲ့၊ နောက်တခါ ဘုရားရှင် ကိုယ်တော် မြတ်ကြီးက ဒီရေခွက်ကို တခါမှောက်ပြီးတော့ ပြတယ်။

ချစ်သားရာဟုလာ....အဲဒီ မှောက်ထားတဲ့ရေခွက်ကို သင်မြင်ရဲ့လားလို့မေးတော့၊ မြင်ပါတယ်ဘုရားလို့ လျှောက်တယ်။

ငါဘုရားရဲ့ သာသနာတော်မှာ သီလမရှိဘဲ လိမ်လည်ပြောဆိုလေ့ရှိတဲ့ ပုဂ္ဂိုလ်များဟာ ငါဘုရားရဲ့ သာသနာတော်ကို မှောက်လှန်ပစ်နေတာဘဲ၊ မှောက်ထားသလိုဘဲဖြစ်နေတယ်၊ သူတို့မှာ သီလမရှိတော့ဘူးလဲ့၊ နောက်တခါ ဘုရားရှင်ကိုယ်တော်မြတ်က။

ချစ်သားရာဟုလာ....အဲဒီရေခွက်ထဲမှာ ရေရှိသေးရဲ့လား ကြည့်စမ်းလို့ ရေခွက်ကိုလှန်ပြတယ်၊ ရေခွက်ကို လှန်ပြပြီးတော့ ရေရှိသေးသလားလို့မေးတော့၊ မရှိတော့ပါဘုရားလို့လျှောက်တယ်။

အဲဒီလိုဘဲ ငါဘုရားသာသနာတော်မှာ၊ လိမ်ပြောလေ့ရှိတဲ့ ပုဂ္ဂိုလ်များဟာဖြင့် အဲဒီရေခွက်ထဲမှာ ရေမရှိသလို လိမ်ပြောတဲ့ပုဂ္ဂိုလ်များရဲ့ သန္တာန်မှာလဲ ငါဘုရားသာသနာဟာ မရှိတော့ဘူးလို့ မိန့်တော်မူတယ်

သူတပါးကို မထိခိုက်စေရန်

ဒီနောက် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘာမိန့်သလဲလို့ဆိုတော့ ချစ်သားရာဟုလာ....အလုပ်တခုကို သင်လုပ်တော့မယ်ဆိုရင် ကိုယ်အမှုအရာနဲ့ ပတ်သက်တဲ့အလုပ်ကို လုပ်တော့မယ်ဆိုရင် စဉ်းစဉ်းစားစားနဲ့ ဆင်ဆင်ခြင်ခြင်လုပ်ပါ၊ ငါသည် ဤကိုယ်အမှုအရာကို ပြုလုပ်သောအားဖြင့် ငါ့မှာပြန်ပြီးတော့ ထိခိုက်မယ်ဆိုရင်၊ သူတပါးကို ထိခိုက်မယ်ဆိုရင်၊ မိမိသူတပါး နှစ်ဦးသားကို ထိခိုက်မယ်ဆိုရင်၊ ထိခိုက်မယ်လို့ သင်သိရင် ဒီအလုပ်ကိုလုပ်ဦးမလားလို့ မေးတော့၊ မလုပ်ပါဘူးဘုရားလို့ လျှောက်တယ်၊

လိမ်ပြောမယ်ဆိုရင် ငါ-ဒီစကားမျိုးကို ပြောလိုက်မယ်ဆိုရင် မိမိကိုလဲထိခိုက်မယ်၊ သူတပါးကိုလဲထိခိုက်မယ်၊ မိမိသူတပါးနှစ်ဦးသားကို ထိခိုက်နစ်နာစေမယ် ဆိုခဲ့လို့ရှိရင် ထိုကဲ့သို့သော အပြောအဆိုမျိုးကို မပြောဆိုသင့်ဘူးတဲ့။

http://www.dhammadownload.com

ကိုင်း အဲဒီနေရာမှာ ဘုန်းကြီးတို့ ငါးပါးသီလနဲ့ ဟပ်ကြည့်ရအောင် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ–

(၁) သူ့အသက်ကို သတ်တယ်၊
(၂) သူ့ဥစ္စာပစ္စည်းကို ခိုးတယ်၊
(၃) ကာမဂုဏ်ကို မှားယွင်းစွာ ကျင့်တယ်၊
(၄) မဟုတ်မမှန် လိမ်လည် ပြောဆိုတယ်၊
(၅) သေရည်သေရက်ကို သောက်တယ်–

လို့ဆိုတဲ့ အဲဒီကာယကံမှု, ဝစီကံမှုတွေကိုကြည့်စမ်း၊ အဲဒီ ကိုယ် အမှုအရာကို လေ့လာပွားများ အားထုတ်ပြီး အမြဲတန်း ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ဂုဏ်ကိုထိခိုက်သလား၊ မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

သူတပါးကိုလဲ မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

မိမိသူတပါး နှစ်ဦးသားကို ထိခိုက်သလား၊ မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

ကြည့်စမ်းကွာ ဟောဒီပုဂ္ဂိုလ်ဟာ လူကြီး လူကောင်း တယောက် မဟုတ်ဘူး၊ လူလိုဆက်ဆံပေါင်းသင်းခြင်း မရှိဘူး၊ ဒီလူဟာ သူများပစ္စည်းကို ခိုးတတ် ဖွက်တတ်တဲ့ သူခိုးအဲ၊ ဒီလူဟာ သူသတ်သမားအဲ အင်မတန်ကြမ်းတမ်းတဲ့လူ၊ ဒီလူဟာ အရက်သမားကွ၊ ဒီလူနဲ့မပေါင်းနဲ့လို့ သူများအပြောခံရရင် ကိုယ့်သိက္ခာကို ထိခိုက်သလား မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

ကိုယ့်စီးပွားရေးကို ထိခိုက်သလား၊ မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

ကိုယ့်ပညာရေးကို ထိခိုက်သလား၊ မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ သူ့အသက်သတ်တယ်, သူများပစ္စည်းကိုခိုးတယ်,သေရည်သေရက်သောက်တယ်ဆိုတာ ရှေးဦးစွာ မိမိကိုထိခိုက်သလား မထိခိုက်ဘူးလား၊ (ထိခိုက်ပါတယ်ဘုရား)။

အဲသလိုစဉ်းစားပြီးတော့ ကိုယ့်ကိုယ်ကို ထိခိုက်မယ်ဆိုရင် သူ့အသက်ကိုသတ်ချင်ပါဦးတော့မှာလား၊ (မသတ်ချင်တော့ပါဘုရား)။

http://www.dhammadownload.com

သူ့ဥစ္စာကိုကော ခိုးချင်ပါဦးတော့မှာလား၊(မခိုးချင်တော့ပါဘုရား)။
ကာမဂုဏ်ကော ဖြစ်မှားချင်ဦးတော့မလား၊ (မဖြစ်မှားချင်တော့ပါဘုရား)။
အရက်ကော သောက်ချင်ပါဦးတော့မလား၊ (မသောက်ချင်တော့ပါဘုရား)။
ဤကဲ့သို့ ကာယကံနဲ့ပတ်သက်လို့ စောင့်ရှောက်ထိန်းသိမ်းပုံ မြတ်စွာဘုရားက ရှင်ရာဟုလာကို ဟောတော်မူတယ်။
ကိုယ်ကို ထိခိုက်မဲ့အလုပ်ဆိုရင် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေလုပ်ချင်ပါဦးတော့မလား၊(မလုပ်ချင်တော့ပါဘုရား)။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဲဒီလို ဆောက်တည်ထားရုံ ပေးရုံ ယူရုံ မဟုတ်ဘဲနဲ့ ဒီအလုပ်တခုကို လုပ်တော့မယ်ဆိုရင် ကိုယ့်ကိုယ်ကို စဉ်းစားပြီးတော့လုပ်။
အော်-ဒီအလုပ်ဟာငါ့ကိုထိခိုက်မဲ့အလုပ်ပါလား ငါ့ဂုဏ်ကိုထိခိုက်မဲ့အလုပ်ပါလား၊ငါ့သိက္ခာကို ထိခိုက်မဲ့အလုပ်ပါလား-လို့ စဉ်းစားလို့ ဉာဏ်ထဲမှာပေါ်လာရင် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဤကိုယ်အမှုအရာတွေ လုပ်ချင်ပါဦးတော့မလား၊ (မလုပ်ချင်တော့ပါဘုရား)။
သီလကုသိုလ် ပြည့်စုံမသွားပေဘူးလား၊ (ပြည့်စုံ သွားပါတယ်ဘုရား)။
လိမ်ပြောလေ့ရှိတဲ့ နှုတ်အမှုအရာကို အဲဒီ နှုတ်အမှုအရာနဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက လိမ်လည်လှည့်ဖြားပြီးပြောမယ်ဆိုရင် မိမိသိက္ခာကို ထိခိုက်မလား မထိခိုက်ဘူးလား၊(ထိခိုက်ပါတယ်ဘုရား)။
မိမိရဲ့ဂုဏ်ကို ရှေးဦးစွာမထိခိုက်ဘူးလား၊(ထိခိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com

အဲဒီလူကို မပေါင်းသင်းနဲ့ကွ-သူဟာ စကားမတည်ဘူး-ဒီလူဟာ အင်မတန် လိမ်ပြောလေ့ရှိတဲ့ပုဂ္ဂိုလ်ဘဲလို့ အပြောခံရရင် အဲဒီပုဂ္ဂိုလ်ဟာ စီးပွားရေးရော, ကြီးပွားရေးရော, ပညာရေးရော ဆုတ်ယုတ်သလား မဆုတ်ယုတ်ဘူးလား၊ (ဆုတ်ယုတ်ပါတယ်ဘုရား)။

လိမ်ပြောချင်ပါဦးမလား၊ (မပြောချင်ပါဘုရား)။

အဲသလိုသာ တကယ်သိရင်ဖြင့် လိမ်မပြောချင်တော့ပါဘူး နော်၊ အဲဒါကြောင့် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ရှင်ရာဟုလာ မထေရ်ကို ဆုံးမသလို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကလဲ အလုပ်တခုကို လုပ်တော့မယ်၊ ပြောမှု ဆိုမှု တခုခုကို ပြုတော့မယ်ဆိုရင် ရှေးဦးစွာ စဉ်းစားပါ၊ မစဉ်းစားဘဲနဲ့ မလုပ်ပါနဲ့၊ မစဉ်းစားဘဲနဲ့ မပြောပါနဲ့၊စဉ်းစားလိုက်အုံး၊စဉ်းစားလိုက်မယ်ဆိုရင် ဒီအပြောမျိုး,ဒီအလုပ်မျိုးကို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လုပ်ဦးမှာလား၊(မလုပ်တော့ပါဘုရား)။

ပြောဦးမှာလား၊ (မပြောတော့ပါဘုရား)။

မလုပ်လဲမလုပ်တော့ဘူး၊ ပြောလဲမပြောတော့ဘူး၊ ကိုယ်အမှုအရာ နှုတ်အမှုအရာ လုံပြီ၊ အဲဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ကိုယ်ကျင့်တရားကောင်းဘို့ အရေးကြီးပါတယ်၊ တရားအားထုတ်တယ် ဆိုပြီးတော့ ကိုယ်ကျင့်တရား မကောင်းရင် ဒီပုဂ္ဂိုလ်ဟာ တရားရပါဦးတော့မလား၊ (မရပါဘုရား)။

ဒီတော့ တရားအားမထုတ်ခင်ကထဲက ကိုယ်ကျင့်တရားကောင်းဘို့ အရေးကြီးသလား၊ အရေးမကြီးဘူးလား၊ (အရေးကြီးပါတယ်ဘုရား)။

အဲ....ကိုယ်ကျင့်တရား ကောင်းရမယ်၊ ဒါက သီလနဲ့ပတ်သက်လို့ ပြောတာဖြစ်တယ်။

သီလလေးပါး

အဲဒီ-သီလတွေက ဘယ်လိုသီလတွေလဲလို့ဆိုတော့ ''သီလဥ္စ သုဝိသုဒ္ဓံ''သီလ စင်ကြယ်ဘို့ရန်အတွက်-

(၁) ပါတိမောက္ခသံဝရသီလ၊

(၂) ဣန္ဒြိယသံဝရသီလ၊

http://www.dhammadownload.com

(၃) ပစ္စယသန္နိဿိတသီလ၊
(၄) အာဇီဝပါရိသုဒ္ဓိသီလ—
သီလဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား)။

ပါတိမောက္ခသံဝရသီလ

အဲဒီ သီလလေးမျိုး စင်ကြယ်အောင် ဘယ်လိုလုပ်ရမလဲလို့ဆိုရင် ဒီယနိကာယ်ပါဠိတော်မှာ ပါတိမောက္ခသံဝရ သီလနဲ့ပတ်သက်လို့ ဘယ်လိုပြသလဲ—

''ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ အာစာရ ဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု''။

ဒါဘာပြောလဲ ပါတိမောက္ခသံဝရသီလနှင့် အာစာရ ဂေါစရတို့နဲ့ ပြည့်စုံပါစေ၊ သိက္ခာပုဒ်တို့၌ အနည်းငယ်မျှသော အပြစ်ကိုပင်လျှင် အနည်းငယ်မျှသော သိက္ခာပုဒ်ကလေးကိုပင်လျှင် ကြီးစွာသော အပြစ်ကြီးကဲ့သို့ သဘောထားပြီးတော့သိက္ခာပုဒ်တွေကို စောင့်ရှောက်ရမယ်၊ ထိန်းသိမ်းရမယ်၊ မလွန်ကျူးမိအောင်ပြုရှောင်ကြဉ်ရမယ်တဲ့။

(၁) အဲဒီ ပါတိမောက္ခသံဝရသီလဆိုတာ ဘာတွေလဲ၊
(၂) ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် ဘယ်လိုလုပ်ရမလဲ၊
(၃) အဘယ်ကဲ့သို့ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်သည် ပါတိမောက္ခသံဝရသီလကို ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်မည်ပါသလဲ။

ကိုင်း ပါဠိတော် တခု ရွတ်ကြရအောင်၊ ဒီဃနိကာယ်မှာ သဏ္ဍပဥ္စသုတ္တန်လို့ ဆိုတာ ရှိပါတယ်၊ ဘုန်းကြီးတို့လဲ တခါတုန်းက ဒီမှာဟော သွားသေးတယ်။

ဘယ်လိုကျင့်မှ ကျင့်သူမည်သနည်း

''ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ပါတိမောက္ခသံဝရာယ ပဋိပန္နော ဟောတိ''။

မာရိသ၊ အရှင်ဘုရား။ ကထံပန၊ အဘယ်သို့လျှင်။ ပဋိပန္နော၊ ကျင့်သော။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရာယ၊ ပါ-

http://www.dhammadownload.com

တိမောက္ခသံဝရသီလကို ဆောက်တည်ခြင်း၄၊ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

သိကြားမင်းက မြတ်စွာဘုရားကို လျှောက်တယ်၊ "အရှင်ဘုရား.... ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် ကျင့်ကြံကြိုးကုတ်အားထုတ်တယ်ဆိုတာ ဘယ်လိုကျင့်ကြံကြိုးကုတ် အားထုတ်ရပါသလဲဘုရားတဲ့"၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဒီလိုဖြေပါတယ်။

ကာယသမာစာရစသည် ၂-ပါးစီ

"ကာယသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ၊ ဝစီသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ၊ ပရိယေသနာ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ"။

အဲဒါ ဘာပြောတာလဲ၊ သိကြားမင်းအား ကိုယ်အကျင့်ကိုယ်အမူအရာကို မှီဝဲသင့်တဲ့ ကိုယ်အမူအရာ၊ မမှီဝဲသင့်တဲ့ ကိုယ်အမူအရာ ဟူ၍ ဘုရားဟောတော်မူတယ်။

နှုတ်အမူအရာနဲ့ ပတ်သက်လို့ မှီဝဲသင့်တဲ့ နှုတ်အမူအရာ၊ မမှီဝဲသင့်တဲ့ နှုတ်အမူအရာလို့ ၂-မျိုးဟောတော်မူတယ်။

ရှာမှီးမှုနဲ့ပတ်သက်လို့ မှီဝဲသင့်တဲ့ ရှာမှီးမှု၊ မမှီဝဲသင့်တဲ့ ရှာမှီးမှု ဟူ၍ ၂-မျိုးဟောတော်မူတယ်၊

မှီဝဲသင့်၊ မမှီဝဲသင့်တဲ့ ကိုယ်အမူအရာဆိုတာ ဘယ်လိုဟာလဲ။

မမှီဝဲအပ်၊ မပြုလုပ်အပ်သော ကိုယ်အမူအရာ

"တတ္ထ ယံ ဇညာ ကာယသမာစာရံ 'ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ ကုသလာ ဓမ္မာ ပရိဟာယန္တီ 'တိ ဧဝရူပေါ ကာယသမာစာရော န သေဝိတဗ္ဗော"။

အဲဒါ ဘာပြောလဲ၊ တတ္ထ၊ ထိုမှီဝဲသင့်၊ မမှီဝဲသင့်တဲ့ကိုယ်အမူအရာ ၂-မျိုးတို့တွင်။ ဣမံကာယသမာစာရံ၊ ဤကိုယ်အမူအရာ

http://www.dhammadownload.com

ကို။ သေဝတော၊မှီဝဲသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။အဘိဝဍ္ဎန္တိ၊တိုးပွားကုန်၏။ကုသလာဓမ္မာ၊ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဧဝရူပံ၊ ဤသို့၊ ဧညာ၊သိသည်ဖြစ်ရာ၏။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ကာယသမာစာရော၊ ကိုယ်အကျင့်ကို။ နသေဝိတဗ္ဗော၊ မမှီဝဲအပ်။

အဲဒါ ဘာပြောသလဲ၊ ကိုယ်အမူအရာနဲ့ ပတ်သက်လို့ အကုသိုလ် တရားတွေ တိုးပွားပြီး ကုသိုလ်တရားတွေ ဆုတ်ယုတ်မယ်ဆိုရင် ဒီကိုယ် အမူအရာမျိုးကို မမှီဝဲနဲ့တဲ့။

မှီဝဲအပ်သော နှုတ်အမူအရာ

"တထ္တ ယံ ဇညာ ကာယသမာစာရံ 'ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာဓမ္မာ ပရိဟာယန္တိ ကုသလာဓမ္မာ အဘိဝဍ္ဎန္တိ'တိ၊ ဧဝရူပေါ ကာယသမာစာရော သေဝိတဗ္ဗော"။

အဲဒါက ဘာပြောသလဲလို့ဆိုတော့ ဒီကိုယ်အမူအရာကို မှီဝဲသော ငါ့မှာ အကုသိုလ်တရားတွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တရားတွေ တိုးပွားမယ်ဆိုရင် ဒီကိုယ်အမူအရာကို မှီဝဲတော့တဲ့၊အဲဒါပါတိမောက္ခ သံဝရသီလဘဲ၊ နှုတ်အမူအရာနဲ့ပတ်သက်လို့လဲ ထို့အတူဘဲ။

မမှီဝဲအပ်သော နှုတ်အမူအရာ

"တတ္ထ ယံ ဇညာ ဝစီသမာစာရံ 'ဣမံ ခေါ မေ ဝစီသမာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ ကုသလာဓမ္မာ ပရိဟာယန္တိ'တိ ဧဝရူပေါ ဝစီသမာစာရော န သေဝိတဗ္ဗော"။

ဤကဲ့သို့သော နှုတ်အမူအရာကို အမှီပြုပြီးတော့ မိမိမှာ အကုသိုလ် တရားတွေ ပွားများပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ်မယ်ဆိုရင် ဒီနှုတ်အမူအရာကို မမှီဝဲနဲ့တဲ့။

http://www.dhammadownload.com

မှိုဝဲအပ် ပြောဆိုအပ်သောနှုတ်အမူအရာ

"တတ္ထ ယံ ဇညာ ဝစီသမာစရံ 'ဣမံခေါ မေ ဝစီသမာစရံ သေဝတော အကုသလာဓမ္မာ ပရိဟာယန္တိ၊ ကုသလာဓမ္မာ အဘိဝဍ္ဎန္တီ'တိ ဧဝရူပေါ ဝစီသမာစာရော သေဝိတဗ္ဗော"။

ဤကဲ့သို့သော နှုတ်အမူအရာကို မှီဝဲတဲ့ငါ့မှာ အကုသိုလ်တွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တရားတွေ တိုးပွားမယ်ဆိုရင် နှုတ်အမူအရာကို မှီဝဲပါတော့တဲ့။

"ပရိယေသနံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ၊ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ"။

မှီဝဲသင့် မမှီဝဲသင့် ၂-မျိုးကို ငါဘုရား ကိုယ်တော်မြတ် ဟောတော်မူတယ်ဆိုတာ ဘယ်လိုဟာကို ရည်ရွယ်ပြီး ဟောတော်မူသလဲလို့ ဆိုတော့။

မမှီဝဲအပ်မရှာမှီးအပ်သောအမူ

"တတ္ထ ယံ ဇညာ ပရိယေသနံ 'ဣမံခေါ မေ ပရိယေသနံ သေဝတော အကုသလာဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာဓမ္မာ ပရိဟာယန္တီ'တိ ဧဝရူပါ· ပရိယေသနာ န သေဝိတဗ္ဗာ"။

ဤကဲ့သို့သောရှာမှီးခြင်းကို အကြောင်းပြုပြီးတော့ မိမိမှာ အကုသိုလ်တရားတွေ တိုးပွားပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ်မယ်ဆိုရင် ဒီရှာမှီးမှုကို မရှာမှီးနဲ့ ရှောင်ကြဉ်ရမယ်တဲ့။

မှီဝဲအပ် ရှာမှီးအပ်သောအမူ

"တတ္ထ ယံ ဇညာ ပရိယေသနံ 'ဣမံခေါ မေ ပရိယေသနံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာဓမ္မာ အဘိဝဍ္ဎန္တီ'တိ ဧဝရူပါ ပရိယေသနာ သေဝိတဗ္ဗာ"။

http://www.dhammadownload.com

ဤကဲ့သို့သော ရှာမှီးခြင်းကို အကြောင်းပြုပြီးတော့ မိမိမှာ အကုသိုလ်တရားတွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တရားတွေ တိုးပွားပြီးလာမယ်ဆိုရင် ဒီရှာမှီးခြင်းကို ရှာမှီးတော့တဲ့။

ရှာမှီးခြင်း ၂-မျိုး

ရှာမှီးမှုဆိုတာ မြတ်သောရှာမှီးခြင်းနဲ့ မမြတ်သောရှာမှီးခြင်းဟူ၍ ရှာမှီးခြင်း ၂-မျိုးရှိတယ်လို့ မဇ္ဈိမနိကာယ်မှာဘဲ ဟောခဲ့ပါသေးတယ်၊ ဒီဃနိကာယ်ကနေပြီး မဇ္ဈိမနိကာယ်တခါပြန်လာခဲ့၊အဲဒီ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် ပါသရာသိသုတ်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဘယ်လိုဟောထားသလဲ။

"ဒွေ မာ ဘိက္ခဝေ ပရိယေသနာ အရိယာစ-ပရိယေသနာ အနရိယာစ ပရိယေသနာ"။

ရှာမှီးတယ်ဆိုတာ ၂-မျိုးရှိတယ်တဲ့၊မြတ်သော ရှာမှီးခြင်းကတမျိုး, မမြတ်သော ရှာမှီးခြင်းကတမျိုး ဘယ်နှစ်မျိုးလဲ၊(၂-မျိုးပါဘုရား)။

အဲဒီ ၂-မျိုးတို့တွင် မြတ်သောရှာမှီးခြင်း, မမြတ်သော ရှာမှီးခြင်းတွေဆိုတာ ဘာတွေလဲ၊ မမြတ်သော ရှာမှီးခြင်းဆိုတာက ပါဠိတော်မှာ ဘယ်လိုလာသလဲဆိုတော့–

ပုထုဇဉ်တို့၏မမြတ်သောရှာမှီးခြင်း

"ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ ဇာတိ-ဓမ္မော သမာနော ဇာတိဓမ္မံ ယေဝ ပရိယေသတိ။ အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံ ယေဝ ပရိယေသတိ။ အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံ ယေဝ ပရိယေသတိ။ အတ္တနာ မရဏ-ဓမ္မော သမာနော မရဏဓမ္မံ ယေဝ ပရိယေသတိ။ အတ္တနာ သောကဓမ္မော သမာနော သောကဓမ္မံ ယေဝ ပရိယေသတိ။ အတ္တနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မံ ယေဝ ပရိယေသတိ"။

http://www.dhammadownload.com

အဲဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ဘာပြောလဲ၊ မိမိကိုယ်တိုင်ဖြစ်ခြင်း သဘောရှိသည် ဖြစ်ပါလျက်သားနဲ့ ဖြစ်တဲ့သဘောတရားတွေကိုသာ ရှာမှီးတယ်၊ မိမိကိုယ်တိုင် အိုခြင်း,နာခြင်း,သေခြင်း, စိုးရိမ်ရခြင်း, ညစ်နွမ်းရခြင်း သဘောရှိသည်ဖြစ်ပါလျက် အိုစရာ,နာစရာ,သေစရာ,စိုးရိမ်စရာ, ညစ်နွမ်းစရာတွေကိုသာ ရှာမှီးတယ်၊ မိမိကိုယ်တိုင် ဖြစ်တဲ့ သဘောရှိသည်ဖြစ်ပါလျက်သားနဲ့ ဖြစ်တဲ့သဘောကိုသာ ရှာမှီးတယ် ဆိုတာ ဘယ်လိုဟာကို ရှာမှီးတာလဲလို့ဆိုတော့—

ဇာတိဓမ္မတရားများ

"ကိဉ္စ ဘိက္ခဝေ ဇာတိဓမ္မံ ဝဒေထ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ကိဉ္စ၊ အဘယ် တရားကိုလျှင်။ ဇာတိဓမ္မံ၊ ဖြစ်ခြင်းသဘောတရားရှိသည်ဟူ၍။ ဝဒေထ၊ဆိုကြကုန်သနည်း။

ဖြစ်ခြင်းသဘောရှိတယ်ဆိုတဲ့ တရားတွေဟာ ဘယ်တရားတွေလဲ။

"ပုတ္တဘရိယံ ဘိက္ခဝေ ဇာတိဓမ္မံ၊ ဒါသိဒါသံ ဇာတိဓမ္မံ၊ အဇေဠကံ ဇာတိဓမ္မံ၊ ကုက္ကုဋသူကရံ ဇာတိဓမ္မံ၊ဟတ္ထိဂဝါဿဝဠဝံ ဇာတိဓမ္မံ၊ ဇာတရူပ- ရဇတံ ဇာတိဓမ္မံ"။

ပါဠိတော်မှာ—ဇရာ, ဗျာဓိ, မရဏ, သောက, သံကိလေသတို့မှာလဲ ဒီဝါကျအတိုင်းဘဲ ဟောသွားတယ်။

အတ္တနာ၊ မိမိကိုယ်တိုင်။ ဇာတိဓမ္မော၊ဖြစ်ခြင်းသဘောတရား ရှိသည်။သမာနော၊ဖြစ်ပါလျက်။ဇာတိဓမ္မံယေဝ၊ဖြစ်ခြင်းသဘော တရားကိုသာလျှင်။ ပရိယေသတိ၊ရှာမှီး၏။

မမြတ်သောရှာမှီးခြင်းဆိုတာ မိမိကိုယ်တိုင်က ဖြစ်ခြင်းသဘော ရှိသည်ဖြစ်ပါလျက်သားနဲ့ ဖြစ်တဲ့သဘောတရားတွေကိုသာရှာမှီးတယ်။

ပုတ္တဘရိယံ၊ သားမယားသည်။ ဇာတိဓမ္မံ၊ ဖြစ်ခြင်းသဘော ရှိ၏။ ဒါသိဒါသံ၊ကျွန်ယောကျ်ား,ကျွန်မိန်းမသည်။ ဇာတိဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ အဇေဠကံ၊ဆိတ်နှင့်သိုးသည်။ ဇာတိဓမ္မံ၊

http://www.dhammadownload.com

ဖြစ်ခြင်းသဘောရှိ၏။ ကုက္ကုဋသူကရံ၊ကြက်နှင့်ဝက်သည်။ ဇာတိဓမ္မံ၊ဖြစ်ခြင်းသဘောရှိ၏။ ဟတ္ထိဂဝါဿဝဠဝံ၊ဆင်,နွား,မြင်း, မြည်းသည်။ ဇာတိဓမ္မံ၊ဖြစ်ခြင်းသဘောရှိ၏၊ ဇာတရူပရဇတံ၊ ရွှေငွေသည်။ ဇာတိဓမ္မံ၊ဖြစ်ခြင်းသဘောရှိ၏။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ....ရွှေတို့ ငွေတို့ဆိုတာ ဇာတိတရား ဖြစ်ခြင်းသဘောရှိတဲ့ တရားတဲ့၊(မှန်ပါဘုရား)။

အတ္တနာ၊ မိမိသည်။ ဇာတိဓမ္မော၊ ဖြစ်ခြင်းသဘောရှိသည်။ သမာနော၊ဖြစ်ပါလျက်။ ဇာတိဓမ္မံယေဝ၊ ဖြစ်ခြင်းသဘောတရားရှိတဲ့ သားတွေ,မယားတွေ, ကျွန်ယောကျ်ား, ကျွန်မိန်းမတွေ (နောက်ပြီးတော့ ဘာလဲ၊) ဆိတ်မြန်မာ, ဆိတ်ကုလားတွေ၊ (ပြီးတော့)ဝက်,ကြက်,ဆင်,မြင်း,မြည်း,ကျွဲ,နွား ရွှေငွေကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီးကြ၏။

အဲဒါတွေဟာ ဖြစ်ခြင်းသဘောတရားတွေ ရှိတယ်။

ဥပဓိတရားလွှမ်းမိုးခံရ

''ဇာတိဓမ္မာ ဟေတေ ဘိက္ခဝေ ဥပဓယော၊ တ္ထေသယံ ဂထိတော မုစ္ဆိတော အဇ္ဈာပန္နော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံ ယေဝ ပရိယေသတိ''။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့။ ဟိသစ္စံ၊ မမှားကေန်စင်စစ် မှန်၏။ ဘယ်လိုမှန်တာလဲတဲ့)၊ ဇာတိဓမ္မာ၊ဖြစ်ခြင်းသဘောရှိကုန်သော။ ဧတေဥပဓယော၊ ထိုရွှေငွေစတဲ့ ကာမုပဓိ လိုချင်စရာ နှစ်သက်စရာတို့ရဲ့ ဆင်းရဲဒုက္ခရဲ့ တည်ရာတရားတို့သည်။သန္တိ၊ရှိကြကုန်၏။

ဧတ္ထ၊ဤဇာတိတရားရဲ့ တည်ရာဖြစ်တဲ့ ရွှေငွေ,သားမယားစသည်တို့၌။အယံ၊ဤလောကဿာအပေါင်းသည်။ ဂထိတော၊တပ်မက်မောရှု နေ၏။ ဂထိတော၊ တပ်မက်မောခြင်း ရှိသည်ဖြစ်၍။ မုစ္ဆိတော၊တွေးဝေမိုက်မဲခြင်းသဘောရှိသည်ဖြစ်၍။အဇ္ဈာပန္နော၊ လွှမ်းမိုး၍ ရောက်ခြင်းသဘောရှိသည်ဖြစ်၍၊ အတ္တနာ၊ မိမိကိုယ်တိုင်။ ဇာတိဓမ္မော၊ဖြစ်ခြင်းသဘောတရားရှိသည်။ သမာနော၊

http://www.dhammadownload.com

ဖြစ်ပါလျက်။ ဇာတိဓမ္မာယေဝ၊ဖြစ်ခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ရှာမှီး၏။

အဲဒီအဓိပ္ပါယ်ဘာပြောတာလဲလို့ဆိုတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ကိုယ်တိုင်က ဖြစ်ခြင်းသဘောရှိတယ်၊ မိမိကိုယ်တိုင် ဇာတိဓမ္မ-ဆိုတဲ့ ဖြစ်ခြင်းသဘော ရှိသည်ဖြစ်ပါလျက်သားနဲ့ ဖြစ်ခြင်းသဘောရှိတဲ့ သားမယား, ဖြစ်ခြင်းသဘောရှိတဲ့ ဆိတ်မြန်မာ ဆိတ်ကုလား,ကျွန်မိန်းမ ကျွန်ယောကျ်ား, ဖြစ်ခြင်းသဘောတရားရှိတဲ့ ဆင်းရဲဒုက္ခကို ဖြစ်စေခြင်းသဘောရှိတဲ့ ရွှေငွေ ဘဏ္ဍာ ရတနာ အသုံးအဆောင်တို့ကိုသာလျှင် သတ္တဝါတွေဟာ ရှာမှီးကြတယ်၊ အဲဒီရွှေငွေ ဘဏ္ဍာ ရတနာတည်းဟူသော အသုံးအဆောင်အစားစား ကာမဂုဏ်တရားတည်းဟူသော တည်ရာ၌ သတ္တဝါတို့သည် တပ်မက်မောပြီးနေကြတယ်၊ တပ်မက်မောခြင်း, တွေဝေမိန်းမောခြင်း, သက်ဝင်ခြင်းသို့ ရောက်ကြတယ်၊ ကိုယ်တိုင်ဖြစ်ခြင်း သဘောတရားရှိသည် ဖြစ်ပါလျက်သားနဲ့ ဖြစ်ခြင်းသဘောရှိတဲ့ တရားကိုသာလျှင် ရှာမှီးနေကြတယ်။

ဒီ ဗျာဓိဓမ္မ ကျတော့ ရွှေငွေ မပါတော့ဘူး၊ ဘာပြုလို့လဲဆိုတော့ ရွှေငွေတို့ဆိုတာ ဖျားနာတတ်တဲ့သဘော မရှိဘူး။ မရဏဓမ္မကျတော့ ပျက်စီးတဲ့သဘော ပါနေတယ်။ သောကဓမ္မကျတော့ ရွှေငွေမပါတော့ဘူး၊ ဘာပြုလို့လဲ၊ရွှေငွေတို့မှာ စိုးရိမ်ခြင်း,ပူဆွေးခြင်းဆိုတဲ့ သဘော မရှိဘူး။

ဥပမာ-အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မိမိကိုယ်တိုင်က အိုတဲ့သဘောရှိတယ်၊ နာတဲ့သဘောရှိတယ်၊ သေတဲ့သဘောရှိတယ်၊ မိမိကိုယ်တိုင်ကလဲ စိုးရိမ်ပူပန်ခြင်း သဘောတွေရှိတယ်၊ မိမိကိုယ်တိုင်လဲ ညစ်နွမ်းခြင်းသဘောတွေရှိတယ်၊ အဲသလို မိမိကိုယ်တိုင်ကလဲ အိုခြင်း,နာခြင်း,သေခြင်း သဘောတွေ ရှိပါလျက်သားနဲ့ အဖော်တယောက်ကို ရှာတယ်၊ သားမယားကို ရှာတယ်၊ ခင်ပွန်းသည်ယောကျ်ားကို ရှာတယ်ဆိုတာ ကိုယ်ရှာတဲ့ အရာဝတ္ထုတွေကလဲဘဲ အိုတတ်တာတွေ, နာတတ်တာတွေ, သေတတ်တာတွေ, စိုးရိမ်စရာတွေ ပူပန်စရာတွေကိုသာ အမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေ ရှာကြတယ်။

http://www.dhammadownload.com

ယနေ့ အမျိုးကောင်းသားတွေ့,အမျိုးကောင်းသမီးတွေ ရှာနေတာက ဘာကိုရှာနေကြတာတုံး၊ (ပုစရာတွေပါဘုရား)။

အဲဒီ ပုစရာတွေ, ညစ်နွမ်းစရာတွေ, စိုးရိမ်စရာတွေ, နာတတ်, ဖျားတတ်တဲ့ အရာဝတ္ထုတွေ, သေတတ်တဲ့ အရာဝတ္ထုတွေ ဒါတွေဘဲ ရှာနေကြတာဘဲ၊ အနရိယ ပရိယေသန-မမြတ်သော ရှာမှီးခြင်းတွေ ဖြစ်တယ်။

အရိယာ ပရိယေသန ဆိုတာဘာလဲ၊ (မြတ်သော ရှာမှီးခြင်းပါဘုရား)၊ မြတ်သော ရှာမှီးခြင်းဆိုတာ ဘယ်လိုရှာတာလဲ။

အရိယာတို့၏ မြတ်သောရှာမှီးခြင်း

''ဣဓ ဘိက္ခဝေ ကေစ္စော အတ္တနာ ဇာတိဓမ္မော
သမာနော ဇာတိဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇာတံ
အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ''။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့။ဣဓ၊ဤလောက၌။ ကေစ္စော၊ အချို့သောသူသည်၊အတ္တနာ ဇာတိဓမ္မော၊သမာနော၊ မိမိကိုယ်တိုင် ဖြစ်ခြင်းသဘော ရှိသည်ဖြစ်သောကြောင့်။ ဇာတိဓမ္မေ၊ အဲဒီ ဖြစ်တယ်ဆိုတဲ့သဘောတရား၌။ အာဒီနဝံ ဝိဒိတွာ၊ အပြစ်ကိုမြင်အောင်ကြည့်ပြီးတော့။ အဇာတံ၊ မဖြစ်တဲ့သဘော ရှိသော။ အနုတ္တရံ၊ ထိုတရားထက် လွန်မြတ်တဲ့ တရားမရှိတဲ့ အင်မတန်မွန်မြတ်တဲ့ သဘောရှိသော။ ယောဂက္ခေမံ၊ ကာမယောဂ,ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂတို့ရဲ့ ကုန်ရာဖြစ်တဲ့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရိယေသတိ၊ ရှာမှီး၏။
ဇာတိသဘောကို မရှာဘူး။

အော်····ငါတော့ ဖြစ်တဲ့သဘောရှိတယ်၊ အိုတဲ့သဘောရှိတယ်၊ နာတဲ့သဘောရှိတယ်၊ သေတဲ့သဘောရှိတယ်၊ အဲဒီ ပဋိသန္ဓေနေခြင်းဟူသော ဖြစ်ခြင်းသဘောရှိလျှင် မဖြစ်ခြင်းသဘောလဲ ရှိမယ်၊ အိုတဲ့သဘောရှိလျှင် မအိုတဲ့သဘောလဲ ရှိမယ်၊ နာတဲ့သဘောရှိလျှင် မနာတဲ့သဘောလဲရှိမယ်၊ သေတတ်တဲ့သဘောရှိရင် မသေတတ်တဲ့ သဘောလဲ

http://www.dhammadownload.com

ရှိမယ်၊ ပြီးတော့ ညစ်နွမ်းခြင်း, စိုးရိမ်ခြင်းဆိုတဲ့ သဘောတရားတွေ ရှိလျှင် မညစ်နွမ်းခြင်း, မစိုးရိမ်ရခြင်းသဘောတွေလဲရှိမယ်၊ အဲဒီတော့ မဖြစ်တဲ့ သဘောတရား,မအိုမနာ မသေတဲ့သဘောတရားကို ရှာမယ်-ဆိုပြီးတော့ ဖြူစင်သော မြတ်သော ရှာမှီးခြင်းကတော့ဖြင့် မဖြစ်တဲ့ သဘောကိုသာလျှင် ရှာမှီးတယ်၊ မအိုတဲ့ သဘောကိုသာလျှင် ရှာမှီးတယ်၊ မနာတဲ့သဘောကိုသာလျှင် ရှာမှီးတယ်၊ မသေတဲ့သဘောကိုသာလျှင် ရှာမှီးတယ်။

ရှင်သာရိပုတ္တရာ အလောင်းဉပတိဿနှင့် ရှင်မောဂ္ဂလာန်အလောင်း ကောလိတတို့ကိုကြည့်၊သက်သေပြတဲ့နေရာမှာ “ဟောဒီသတ္တဝါတွေဟာ နှစ် ၁၀၀-အတွင်းမှာ အကုန်လုံးသေကုန်ကြမှာဘဲ၊ သေတဲ့တရားရှိရင် ဖြင့် တို့မသေတဲ့ တရားရှာရအောင်” ဆိုပြီးတော့ ရှင်သာရိပုတ္တရာ အလောင်း,ရှင်မောဂ္ဂလာန်အလောင်းတို့ ရှာသလို ယနေ့ အမျိုးကောင်း သားတွေ,အမျိုးကောင်းသမီးတွေဟာလဲဘဲ ဒီလိုသေတတ်တဲ့သဘော တရားရှိလျှင် မသေတဲ့သဘောတရားရှိရမယ်ဆိုတာ ထင်ရှားသိပြီးတော့ မသေတဲ့သဘောတရားဖြစ်တဲ့ နိဗ္ဗာန်ကိုရှာဘို့ ဆိုပြီးတော့ ဝိပဿနာ ဟရားအားထုတ်ကြရတာနော်။

ကိုင်း ပရိယေသနနဲ့ ပတ်သက်လို့ အဲသလောက်ဘဲ ပြောကြပါ စို့ရဲ့ ၊အဲသလိုပရိယေသနနဲ့ ပတ်သက်ပြီးတော့ အမျိုးကောင်းသား တွေ, အမျိုးကောင်းသမီးတွေ ရှာမှီးခြင်းဟာလဲ မြတ်သောရှာမှီးခြင်းကို မှီဝဲကြ၊ မမြတ်သော ရှာမှီးခြင်းကို မမှီဝဲမူ၍ မြတ်သောရှာမှီးခြင်းကို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ရှာမှီးကြမယ် ဆိုလျှင် ပါတိမောက္ခသံဝရသီလ ပြည့်စုံလုံလောက်ပြီလို့ ဒီလိုမှတ်ရမယ်၊ အဲဒါ ပါတိမောက္ခသံဝရသီလကို ပြည့်စုံအောင် ဖြည့်ကျင့်ခြင်းပါဘဲ။

အဲဒီ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံတဲ့အခါ အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေ ဘာလုပ်ရမလဲ၊ ပါတိမောက္ခ သံဝရသီလ အပြင်သန္တုဋ္ဌိဆိုတဲ့ သီလလေးကလဲ ဒီ အထဲမှာပါရမယ်၊ ဘယ်လိုလဲ။

http://www.dhammadownload.com

သန္တုဋ္ဌိသဘော

"ဇူမ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန၊ သော ယေန ယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ၊ သေယျထာပိ မဟာရာဇ ပက္ခီ သကုဏော ယေန ယေနေဝ ဍေတိ၊ သပတ္တ-ဘာရောဝ ဍေတိ"။

ဆိုလိုတဲ့ အမိပ္ပါယ်ကတော့ဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများပစ္စည်းဥစ္စာရှာမှီးတဲ့ နေရာဌာနမှာလဲဘဲ ခန္ဓာကိုယ်မှာ လုံလောက်ရုံလေး၊ ရှိတဲ့သက်နှန်းကိုရရင်, ဝမ်းပြည့်ရုံလောက် ဖြစ်တဲ့ အစာကလေးကိုရရင် တင်းတိမ်ရောင့်ရဲပါတော့တဲ့။

ဥပမာအားဖြင့် အကြင်အကြင်အရပ်ကိုသွားတယ်ဆိုရင် ထိုအရပ်ကို သွားတဲ့ကာလမှာ မိမိ၏ ပရိက္ခရာသဲလျှင် ဆောင်စရာတာဝန် ရှိတယ်၊ ငှက်များသည် တနေရာမှ တနေရာသို့ပျံသွားတဲ့အခါကာလမှာ မိမိရဲ့ အတောင်သာလျှင် ဝန်ရှိသလို သာသနာတော်မှာ သာသနာတော်ကို ဝင်လာတဲ့ အမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေမှာလဲဘဲ တနေရာမှ တနေရာသို့ပြောင်းတယ်, ရွှေတယ်,တရားအားထုတ်ရအောင် သွားတယ်ဆိုရင် ပေါ့ပါးသော တာဝန်ရှိရမယ်။

ခန္ဓာကိုယ်ကို လုံအောင်ပြုတဲ့ အဝတ်အစားနဲ့ ခန္ဓာကိုယ်နဲ့ မျှတရုံ ဖြစ်တဲ့ အစားအစာလောက်ရှိရင် တော်လောက်ပြီဆိုပြီးတော့ အဲဒီလို ရောင့်ရဲလွယ်တဲ့ အကျင့်မျိုးနဲ့ ပြည့်စုံလို့ရှိရင်—

"သော ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာ-ဂတော အဇ္ဈတ္တံ အနဝဇ္ဇ သုခံ ပဋိသံဝေဒေတိ"။

အဲဒီ ပုဂ္ဂိုလ်ဟာ ဘယ်လိုချမ်းသာမျိုး ခံစားရသလဲ၊ သီလကုသိုလ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုချမ်းသာမျိုး ခံစားရမလဲဆိုတော့—

"အဇ္ဈတ္တံ အနဝဇ္ဇ သုခံ ပဋိသံဝေဒေတိ"။ ။အဇ္ဈတ္တံ၊ မိမိသန္တာန်၌။အနဝဇ္ဇသုခံ၊အပြစ်မဲ့တဲ့ ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစားရပါ၏။

http://www.dhammadownload.com

အပြစ်မဲ့တဲ့ ချမ်းသာကို ခံစားရတယ်ဆိုရင်ဘဲ အဲဒီ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ စိတ်သက်သာရာတွေရပြီး စိတ်ချမ်းသာမှုတွေ ရလာပြီး စိတ်ကလေး တနည်းအားဖြင့် ဖြူစင်လာပြီး သက်သာခွင့်ရတယ်၊ ကြောင့်ကြမှုတွေ တောင့်တမှုတွေ သိပ်ပြီးတော့ မများတော့ဘူး၊ အဲဒါကတော့ တရားအားထုတ်ဘို့ရာ သင့်လျော်တဲ့ စိတ်ကလေးတွေဖြစ်လာပြီလို့ ဒီလိုဆိုလိုတယ်။

နောက်ဣန္ဒြိယသံဝရသီလပိုင်းနဲ့ ပစ္စယသန္နိဿိတသီလပိုင်း, အာဇီဝပါရိသုဒ္ဓိသီလပိုင်းများကို ဘုန်းကြီးတို့ နက်ဖြန်ခါကျမှ ဆက်ပြီး ဟောကြစို့ရဲ့။

ယနေ့ည အဲဒီသုတ္တန်ကို ဒီလောက်နဲ့ဘဲ ပိုင်းထားပြီးတော့ နက်ဖြန်ကျမှဘဲ ဒီသုတ္တန် ဆက်ပြီးတော့ ဟောကြစို့ရဲ့။

နိဂုံးဆုတောင်း

ဤသို့ ဘုန်းတော်ခြောက်ပါးသခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဗာဟိယသုတ္တန် ဒေသနာ၏ ပဌမပိုင်းကိုနာခံ မှတ်သားရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့်ငှင်း၊ သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသီလကို ကောင်းမွန်စွာ ခံယူဆောက်တည်ရခြင်း တည်းဟူသော သရဏဂုံသီလကုသိုလ်ကံ စေတနာတို့ကြောင့် ငှင်း၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် ယခုပစ္စုပ္ပန်လောက၌ အသက်ရှည်ခြင်း အစရှိသော အလုံးစုံသော ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့ တနေ့တခြား တိုးပွားစည်ပင်ကြကုန်သည် ဖြစ်၍ ဤဘုရားရှင်ကိုယ်တော်မြတ်၏ သာသနာတော်အတွင်း၌ ပင်လျှင် အမျိုးကောင်းသား, အမျိုးကောင်းသမီး တို့၏သန္တာန်ဝယ် သမ္မပဓာန်တရား လေးပါးနှင့် ပြည့်စုံကြပြီးလျှင် သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိကြကုန်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ မျက်မှောက်ပြုလွယ် နိုင်ကြသည်ဖြစ်ကြပါစေကုန်သတည်း။

(သာဓု—သာဓု—သာဓု)

---

http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတ၏

ဒုတိယည အလုပ်ပေးတရား

နှင့်

ဗာဟိယသုတ္တန် တရားတော်ဒုတိယပိုင်း

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၂)

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးသရာတော် အရှင် ဝဏ္ဏိဿရ မထေရ် မြွက်သည် ၁၃၂၈-ခု၊ နတ်တော် လဆန်း ၁၂-ရက် (၂၄-၁၂-၆၆) စနေနေ့ညအချိန် ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် ဒုတိယည အလုပ်ပေး တရားနှင့် မဟာဝဂ္ဂသံယုတ် ပါဠိတော် နာလန္ဒဝဂ်၌ လာရှိသော "ဗာဟိယသုတ္တန်တရားတော်" ဒုတိယပိုင်းကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

ဒုတိယညအလုပ်ပေး တရားတော်

စိတ်ပြုပြင်ရေး

ဘုန်းကြီးတို့ ပါဠိတော်မှာ လာတဲ့အတိုင်းဘဲ ခန္ဓာကိုယ်ကို ပထမညက ဟောပြောပေးထားခဲ့ပါပြီ၊ ကိုယ်ပြုပြင်ရေး တရားကို ပြုလုပ်ပြီးတဲ့အခါ စိတ်ပြုပြင်ရေးတရားကို ဆက်ကြရအောင်၊ တရားအားထုတ်တော့မယ်လို့ ဆိုလို့ရှိရင် မိမိ၏စိတ်ကို ပြုပြင်ပြီးတော့ ဘယ်လိုထားရမလဲ၊ ပါဠိတော်မှာ–

"အဇ္ဈတ္တံ ဝူပသန္တ စိတ္တော"လို့ ဒီလိုလာပါတယ်။ အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်းဧသော စိတ်ရှိသည်ဖြစ်၍(စိတ်ကို အေးအေးလေး ထားရမယ်)။ သမ္မဟံသန စိတ္တော၊ ရွှင်ပျသောစိတ်ရှိသည်ဖြစ်၍။

အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများမှာ ဝိပဿနာတရားကို နှလုံးမသွင်းမီ ရှေးအဘို့က စိတ်ညစ်စရာတွေ, စိတ်ဆင်းရဲစရာတွေ, စိတ်ပူပန် ချောက်ချား စရာတွေ, တောင့်တစရာတွေ,ကြောင့်ကြစရာတွေ,ရှိချင်ရှိနေမယ်၊ အခု ဝိပဿနာတရားကို အားထုတ်တော့မယ်,အလုပ်ခွင်ကို ဝင်တော့မယ်ဆိုရင် အဲဒီ စိတ်ဆင်းရဲစရာတွေ,စိတ်ပူစရာတွေ, စိတ်ညစ်စရာတွေ, စိုးရိမ်ပူပန် တောင့်တ ကြောင့်ကြစရာတွေကို စိတ်ထဲဝင်မလာအောင် ပယ်ထားလိုက်ပါ။ ပယ်ထားလိုက်ဆိုတာ အဲဒီတရားတွေကို နှလုံးမသွင်းပါနဲ့၊ စိတ်ကို အနားယူတဲ့အနေနဲ့ လွတ်လွတ်လပ်လပ်ကလေး အေးအေးကလေး ထားလိုက်ပါ။

အဲသလို စိတ်ကို အေးအေးကလေး ထားလိုက်ပါ၊ရွှင်းရွှင်းကလေး ထားလိုက်ပါ၊ သမ္မဟံသနစိတ္တ–ရွှင်ပျတဲ့ စိတ်ကလေး ထားလိုက်ပါ၊ မုဒုစိတ္တ၊ နူးညံ့တဲ့ စိတ်ကလေး ဖြစ်နေပါစေ၊ မိမိစိတ်ကို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ ထားလိုက်ပါ၊ ဒါ–စိတ်ပြုပြင်ရေး တရားနော်။

မိမိသန္တာန်မှာ ငြိမ်းအေးသောစိတ် ရှိပါစေ၊ အေးအေးလေးထားပါ၊ နူးညံ့သိမ်မွေ့တဲ့ စိတ်ကလေး ရှိပါစေ, စိတ်က ရွှင်ရွှင်ပျပျကလေးဖြစ်နေပါစေ, စိတ်က ကြည်ကြည်လင်လင်ကလေးဖြစ်နေပါစေ,ရှေးက

http://www.dhammadownload.com

ပူပင်စရာ, တောင့်တစရာ, ကြောင့်ကြစရာ, စိုးရိမ်စရာတွေကို နှလုံး မသွင်းပါနဲ့. အဲသလို စိတ်ကို အေးအေးမြမြကလေး ထားပြီးတဲ့ အခါ ခန္ဓာကိုယ်ကိုလဲ မလှုပ်ပါစေနဲ့၊ အသက်ရှုတာကို အားယူပြီး တော့ ယိမ်းယိမ်းပြီးတော့ မရှုပါနဲ့. ငြိမ်နေပါစေ၊ တည်ငြိမ်သောခန္ဓာ ကိုယ် ရှိနေပါစေ။

အဲဒီ တည်ငြိမ်တဲ့ ခန္ဓာကိုယ်ကလေးနဲ့. တည်ငြိမ်တဲ့ စိတ်ကလေး နဲ့. ဧမြတဲ့,ရွှင်ပျတဲ့,တက်ကြွတဲ့,နူးညံ့သိမ်မွေ့တဲ့ စိတ်ကလေးနဲ့ အဲဒီစိတ် မှာ ထင်လာတဲ့သတိကို ဘုန်းကြီးတို့ ညကပြောပေးခဲ့ပြီးတဲ့ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း-စိတ်, စေတသိက်, ရုပ်၊ အဲဒီ တရား သုံးလုံးတို့ရဲ့ အာရုံတုရာဖြစ်တဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ငြိမ်းနေတဲ့, ရွှင်ပျနေ တဲ့, တက်ကြွနေတဲ့, ကြည်ကြည်လင်လင်ကလေး ဖြစ်နေတဲ့ စိတ်နှင့် ယှဉ်သော သတိနှင့် ရှေးရှုညွတ်လိုက်ပါ။

ဝိပဿနာအာရုံများ

သတိက တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော အာရုံ ကို ထင်ရှားအောင် လုပ်ပေးပါလိမ့်မယ်၊ သတိက ဘာလုပ်တတ် သလဲ၊ ဥပဋ္ဌာနကိစ္စကို လုပ်ပေးတယ်။

အာရုံ၌ကပ်၍ ထင်ရှားခြင်းကို အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများက လုပ်ပေးရမှာလား၊ သတိက လုပ်ပေးရမှာလား၊ (သတိက လုပ်ပေးရမှာပါဘုရား)။

သတိဆိုတာ အာရုံ၌ကပ်၍ ထင်ရှားအောင် ပြုလုပ်ပေးခြင်း ကိစ္စရှိ ပါတယ်၊ အဲဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ဧမြမြကလေး, ရွှင်ရွှင်ပျပျကလေး, ကြည်ကြည်လင်လင် ကလေး ဖြစ်နေတဲ့စိတ်နဲ့ ယှဉ်နေတဲ့ သတိကို တိုးတဲ့သဘော,တွန်းကန် တဲ့သဘောတည်းဟူသော အာရုံရှိရာသို့ ညွတ်ပေးလိုက်ပါ။

အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများကို ယနေ့ည ပညတ် ပရမတ်ကွဲအောင် ပြောပေးပါမယ်၊ ညက ဘုန်းကြီးပြော ပေးခဲ့တဲ့ နှာခေါင်းပေါက်ဆိုတဲ့ ''ပရိမုခံ သတိံ ဥပဋ္ဌပေတွာ''ကို ပါဠိ

http://www.dhammadownload.com

တော်က ''နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ''လို့ ဖွင့်ပြခဲ့တဲ့အတိုင်း ကမ္မဋ္ဌာန်း အာရုံတခုကို သတိနဲ့ ရှေးရှုပြီး ညွတ်တယ်ဆိုတာ နှာခေါင်းပေါက်ကိုဖြစ်စေ, ပါးစပ်ပေါက်ကိုဖြစ်စေ သတိထား ကြည့်လိုက်ပါ၊ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများက နှာခေါင်းပေါက်ကို သတိထားပြီးတော့ သတိနဲ့ ရှေးရှုညွတ်လိုက်ပါ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိညာဏ်က နှာခေါင်းပေါက်ကို သိသလား မသိဘူးလား၊(သိပါတယ်ဘုရား)။

နှာခေါင်းပေါက်ကို သိတာဟာ သတိက သိတာလား၊ ဝိညာဏ်က သိတာလား၊ (ဝိညာဏ်ကသိတာပါဘုရား)။

ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်တခြားစီ

အဲဒီ နှာခေါင်းပေါက် တည်းဟူသော ပြွန်ပေါက် ပြွန်ခေါင်းထဲကို ပါးစပ်ပေါက်တည်းဟူသော ပြွန်ပေါက် ပြွန်ခေါင်းထဲကို အသက်ရှုတဲ့ ရှိုက်တဲ့အခါမှာ နှာခေါင်းပေါက်ထဲ ပါးစပ်ပေါက်ထဲကို လေဝင်လာတယ်၊ နှာခေါင်းပေါက်ထဲကနေပြီးတော့ လေထွက်သွားတယ်။

ခု-အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ သတိနဲ့ ရှေးရှုညွတ်လိုက်တဲ့အခါမှာ ထွက်လေဝင်လေကို ထင်ရှားအောင် သတိက လုပ်ပေးတယ်၊ အဲသလို ထွက်လေ ဝင်လေ ထင်ရှားအောင် သတိက လုပ်ပေးလိုက်တော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ဝိညာဏ်က ထွက်လေဝင်လေကို သိသလား မသိဘူးလား၊ (သိပါတယ်ဘုရား)။

ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ အတူတူလား တခြားစီလား၊ (တခြားစီပါဘုရား)။

ထွက်လေဝင်လေသည် နှာခေါင်းပေါက် ဟုတ်ရဲ့လား၊ (မဟုတ်ပါ ဘုရား)။

နှာခေါင်းပေါက်သည် ထွက်လေဝင်လေ ဟုတ်ရဲ့လား၊ (မဟုတ်ပါ ဘုရား)။

ထွက်လေဝင်လေ ဝိညာဏ်,သတိ,ပညာ

သူတို့နှစ်ခု ကွဲပြားအောင် ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ ကွဲပြားအောင် ခွဲခြားပေးလိုက်တာက ပညာ၊ ဘာတရားတဲ့လဲ၊(ပညာပါ ဘုရား)။

http://www.dhammadownload.com

သတိရယ်,ပညာရယ် ဒီတရားနှစ်လုံးက နာမ်တရား၊ ပညာရဲ့ခွဲခြားပေးမှုကြောင့် ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်နဲ့ တခြားစီလို့ ခွဲခြားပြီး (သိ)မှုက ဝိညာဏ်တရား၊ ထွက်လေဝင်လေတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တရားက ရုပ်တရား၊ အဲဒီလို နှာခေါင်းပေါက်ကို ဖယ်ထားလိုက်ပြီးတော့–

(၁) ထွက်လေဝင်လေရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော။
(၂) ဝိညာဏ်ရဲ့ သိတဲ့သဘော။
(၃) သတိရဲ့ အာရုံမှာ ထင်ရှားအောင်ပြုလုပ်ပေးတဲ့သဘော။
(၄) ပညာရဲ့ ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို ကွဲအောင် ခွဲခြားပေးတဲ့သဘော–

လို့-ဆိုပြီးတော့ အဲဒီသဘောလေးတွေ ကွဲလာတယ်။

သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ

နှာခေါင်းပေါက်သည် သမုတိသစ္စာ=အများပြောအမှန်၊ ပညတ်တရား ဘာတရားတဲ့လဲ၊ (ပညတ် တရားပါဘုရား)။

ထွက်လေဝင်လေတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တရားရဲ့၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်၊ (တနည်း) တိုးတဲ့သဘော,တွန်းကန်တဲ့သဘော တည်းဟူသော မှတ်ကြောင်းလက္ခဏာရှိတဲ့ ထွက်လေဝင်လေ တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တရား၊ထိုရုပ်ပရမတ္ထသဘောတရားကို သတိ ဆိုတဲ့ နာမ်တရားက ထင်ရှားအောင် ပြုလုပ်ပေးသည်ဖြစ်သောကြောင့် သိနေတယ်ဆိုတဲ့ ဝိညာဏ်၊ ထွက်လေဝင်လေ တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တရားနဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောနဲ့ ကွဲပြားအောင် ခွဲခြားပေးတဲ့ ပညာခေါ်တဲ့ နာမ်တရား၊ အားလုံးပေါင်းလိုက်ရင် ထွက်လေဝင်လေရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိနေတာက ဝိညာဏ်၊ ထင်ရှားအောင်လုပ်ပေးတဲ့ သတိရယ်၊ ခွဲခြားပေးတဲ့ ပညာရယ်ဆိုတဲ့ တရားနှစ်လုံးက နာမ်၊ ထွက်လေဝင်လေရဲ့ တိုးတဲ့,တွန်းကန်တဲ့ လက္ခဏာရှိတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်တရားက ရုပ်၊ ပေါင်းလိုက်တော့ ဘာနဲ့ ဘာတဲ့လဲ၊ (ဝိညာဏ်, နာမ်, ရုပ်ပါဘုရား)။

http://www.dhammadownload.com

တနည်း—ဘာနဲ့ ဘာတဲ့လဲ၊ (စိတ်,စေတသိက်,ရုပ်ပါဘုရား)။

ပရမတ္ထတရားသုံးလုံး ပရမတ္ထသစ္စာတရား သဘာဝအမှန် အဲဒီ–ဝိညာဏ်,နာမ်,ရုပ်ကို ပရမတ္ထတရားလို့ ခေါ်တယ်၊ ဘာတရားတဲ့လဲ၊ (ပရမတ္ထတရားပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ဉာဏ်နဲ့ သေသေချာချာစိုက်ပြီးတော့ ရှုပါ။

ပရမတ္ထအစစ်

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာတိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေး ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိနေတဲ့ ဝိညာဏ်ဆိုတဲ့ သဘောဟာ ရှိနေသလား ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို ထင်ရှားအောင် ပြုလုပ်ပေးတဲ့ သတိဆိုတာကော ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောနဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်တို့နဲ့ နာခေါင်းပေါက်နဲ့ ကွဲကွဲပြားပြားရှိအောင် ပိုင်းခြားပေးတဲ့ ပညာခေါ်တဲ့ နာမ်တရားကော ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ပိုင်းခြားပေးတဲ့သဘော, ထင်ရှားအောင် ပြုလုပ်ပေးတယ်ဆိုတဲ့ ဒီသဘောတရားတွေ အဟုတ်ရှိသလား မရှိဘူးလား၊ (အဟုတ်ရှိပါတယ်ဘုရား)။

အမှန်ရှိသလား မရှိဘူးလား၊ (အမှန်ရှိပါတယ်ဘုရား)။

အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘောကို ပါဠိလိုခေါ်ရင် ပရမတ္ထတဲ့၊ ပါဠိလိုခေါ်ရင် ဘာတဲ့လဲ၊ (ပရမတ္ထပါဘုရား)။

ပရမတ္ထလို့ ဆိုတဲ့စကားလုံးကို ဗမာလိုပြန်ပြီးတော့ ရှင်းရှင်းလင်းလင်း ပြောမယ်ဆိုရင်၊ အဟုတ်ရှိ အမှန်ရှိတကယ်ရှိတဲ့သဘော။

(၁) ဝါယောလေဓာတ် ရုပ်ပရမတ်တရားရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောသည် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ သဘော၊

http://www.dhammadownload.com

(၂) ဝိညာဏ်ရဲ့ ဝိဇာနနလက္ခဏာသည် (သိမှုသဘောသည်) အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘော။

(၃) နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ တခြားစီ၊ မတူဘူးလို့ ခွဲခြားပေးတဲ့ ပညာသည်၊ အဟုတ်ရှိအမှန်ရှိ တကယ်ရှိတဲ့သဘော။

(၄) နှာခေါင်းပေါက်တို့ ထွက်ခလေဝင်လေတို့ ပညာတို့ ဝိညာဏ်တို့ကို ထင်ရှားအောင် ပြုလုပ်ပေးနေတဲ့ သတိသည် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘော။

အဲဒီသဘောတွေကို ပေါင်းလိုက်ရင်၊ စိတ်,စေတသိက်,ရုပ်၊တနည်း ဝိညာဏ်,နာမ်,ရုပ်သို့ အဲဒီလို တရားသုံးလုံး ဖြစ်လာတယ်။

အဲဒီ တရားသုံးလုံးသည် အဟုတ်ရှိ တတယ်ရှိတဲ့ သဘောဖြစ်ပါသောကြောင့် ဒီတရားသုံးလုံးကို ပရမတ်လို့ ခေါ်သလား ပညတ်လို့ ခေါ်သလား၊ (ပရမတ်လို့ ခေါ်ပါတယ်ဘုရား)။

ပရမတ္ထသစ္စာ=တရားသဘောအမှန် သိတဲ့သဘောကို မမှန်ဘူးလို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ငြင်းလို့ရပါမလား၊ (မရပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဟာ မမှန်ဘူးလို့ ငြင်းလို့ ရပါမလား၊ (မရပါဘုရား)။

နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တိုးတဲ့သဘောနဲ့, တွန်းကန်တဲ့သဘောနဲ့ တခြားစီ ပိုင်းခြားပေးတဲ့၊ ပညာဆိုတဲ့ သဘောဟာ၊ မရှိဘူး မမှန်ဘူးလို့ ပြောလို့ရပါမလား၊ (မရပါဘုရား)။

ထင်ရှားအောင် ပြုလုပ်ပေးနေတဲ့၊ သတိဆိုတဲ့သဘောသည်မရှိဘူး, မမှန်ဘူးလို့ ငြင်းလို့ရပါ့မလား၊ (မရပါဘုရား)။

မမှန်ဘူးလို့ ငြင်းလို့ ရပါ့မလား၊ (မရပါဘုရား)။

အမှန်တရား

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားဆိုတာ မှန်တာကို တရားလို့ဆိုတယ်၊ တရားဆိုတာ ဘာကိုခေါ်သလဲ၊ (မှန်တာကိုခေါ်ပါတယ်ဘုရား)။

တရားဆိုတာ ဘာကိုခေါ်သလဲ၊ (မှန်တာကိုခေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com

အခု အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဤဓမ္မာရုံကြီး အတွင်း၌ မှန်တာကိုသိနေသလား မမှန်တာကို သိနေသလား၊ (မှန်တာကို သိနေပါတယ်ဘုရား)။

မှန်တာ သိနေရင် တရားသိနေတာလား တရား မသိနေတာလား၊ (တရားသိနေတာပါ ဘုရား)။

တရားသိတယ်ဆိုတာ ဘာကို သိတာလဲ၊ (မှန်တာကို သိနေပါတယ် ဘုရား)။

တရားတွေ့တယ်ဆိုတာ ဘာကိုတွေ့တာလဲ၊ (မှန်တာကို တွေ့တာပါ ဘုရား)။

(၁) သိတဲ့ သဘောကလေးဟာ အမှန်။
(၂) တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောကလေးတွေဟာအမှန်။
(၃) နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေကို ပိုင်းခြားပေးနေတဲ့ ပိုင်းခြားမှုကလေးဟာ အမှန်။
(၄) ထင်ရှားအောင် ပြုလုပ်ပေးနေတယ်ဆိုတဲ့ သဘော တရားဟာ အမှန်။

ဒါဖြင့် အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ခုအဟုတ်ရှိ တကယ်ရှိကို သိနေတော့ ပရမတ်ကို သိနေသလား၊ ပညတ်ကို သိနေသလား၊ (ပရမတ်ကို သိနေတာပါဘုရား)။

နှာခေါင်းပေါက်တို့ ပါးစပ်ပေါက်တို့ ဆိုတာ သမုတ်သောအားဖြင့် ရှိနေတဲ့ သမုတိသစ္စာနယ်က ပညတ်တရား၊ တိုးတဲ့သဘော တွန်းကန်တဲ့သဘောဆိုတဲ့ ဝါယောလေဓာက် ရုပ်ပရမတ်တရားသည် သိတဲ့ ဝိညာဏ်ခေါ်တဲ့သဘောတရားသည် ပိုင်းခြားပေးတဲ့ ပညာသည်အာရုံ၌ ကပ်၍ ထင်ရှားအောင် ပြုလုပ်ပေးနေတဲ့ သတိသည် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ ဖြစ်ပါသောကြောင့် သူကပရမတ်တရား။

ပရမတ်မြင်မှ တရားရ

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာ တရားကို အားထုတ်တယ်ဆိုတာ ပရမတ်ကို မြင်အောင် ကြည့်ရသလား ပညတ်ကို မြင်အောင် ကြည့်ရသလား၊ (ပရမတ်ကို မြင်အောင် ကြည့် ရပါတယ်ဘုရား)။

http://www.dhammadownload.com

ရှိတာကို မြင်အောင်ကြည့်ပြီး အားထုတ်ရသလား၊ မရှိတာကို မြင်အောင်ကြည့်ပြီး အားထုတ်ရသလား၊ (ရှိတာကို မြင်အောင်ကြည့်ပြီး အားထုတ်ရပါတယ်ဘုရား)။

ရှိတာ မှန်တာဖြစ်တဲ့ ပရမတ်တရားကို ကြည့်ပြီးအားထုတ်ရမယ်၊ အခု အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဝိပဿနာရှုဖို့ရန်အတွက် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ ပရမတ်တရားကို တွေ့ပြီလား မတွေ့သေးဘူးလား၊ (တွေ့ပါပြီဘုရား)။

တွေ့အောင် ဘယ်သူက လုပ်ပေးသလဲ သတိက အာရုံကို ထင်ရှားလာအောင် ပြုလုပ်ပေးတယ်၊ ဝိညာဏ်က သိပေးတယ်၊ ပညာက ပရမတ်နဲ့ ပညတ်ကိုကို ခြားနားအောင် ပိုင်းခြားပြီးတော့ ပေးတယ်၊ ဝါယောလေဓာတ် ရုပ်ပရမတ်တရားက တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောဆိုတဲ့ လက္ခဏာကို ဖေါ်ပြပေးတယ်။

ကောင်းပြီ အဲဒီ ဝိညာဏ်, နာမ်, ရုပ်ကို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သိနေတာဟာ ဘယ်သူက သိနေတာလဲ၊ (ဝိညာဏ်က သိနေတာပါဘုရား)။

အမျိုးကောင်းသားတွေက သိနေတာလား အမျိုးကောင်းသမီးတွေက သိနေတာလား၊ ဝိညာဏ်က သိနေတာလား၊ (ဝိညာဏ်က သိနေတာပါဘုရား)။

အာရုံမှာကပ်၍ ထင်ရှားအောင် ပြုလုပ်ပေးနေတာဟာ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများက လုပ်ပေး နေတာလား၊ သတိက လုပ်ပေးနေတာလား၊ (သတိက လုပ်ပေးနေတာပါဘုရား)။

ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်နဲ့၊ ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ တခြားစီလို့ ပိုင်းခြားပေးနေတာဟာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ပိုင်းခြား ပေးနေတာလား ပညာက ပိုင်းခြား ပေးနေတာလား၊ (ပညာက ပိုင်းခြား ပေးနေတာပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဟာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေလား ထွက်လေဝင်လေလား၊ (ထွက်လေ ဝင်လေပါ ဘုရား)။

http://www.dhammadownload.com

ဒါဖြင့် ဒိတရားစုယံမှာ အမျိုးကောင်းသားတွေပါသလား၊ (မပါပါ ဘုရား)။

အမျိုးကောင်းသမီးတွေကော ပါသလား၊ (မပါပါဘုရား)။

ပရမတ္ထသစ္စာဖြစ်တဲ့ တရားသဘော အမှန်ထဲမှာ အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေပါသလား၊ ဝိညာဏ်, နာမ်, ရုပ်သာ ပါသလား၊(ဝိညာဏ်,နာမ်,ရုပ်သာ ပါပါတယ် ဘုရား)။

ဝိညာဏ်,နာမ်,ရုပ်ထဲမှာ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေ ပါသလား၊ (မပါပါ ဘုရား)။

ရှည်တာ,တိုတာများကော ပါသလား၊ (မပါပါ ဘုရား)။

ရှည်တာ တိုတာတွေဟာ ရှိလျက်သားနဲ့ မပါတာလားမရှိလို့ မပါ တာလား၊ (မရှိလို့ မပါတာပါ ဘုရား)။

သေသေချာချာကြည့် တိုးတဲ့သဘော, တွန်းကန်တဲ့သဘော, သိတဲ့ သဘော, ပိုင်းခြားပေးတဲ့သဘော, အာရုံမှာ ထင်ရှားအောင် လုပ်ပေး တဲ့သဘောထဲမှာ ရှည်တာ တိုတာတွေများ ရှိသလားလို့ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများ သေသေချာချာကြည့်၊ ဒိဝိညာဏ်,နာမ်,ရုပ်လို့ ခေါ်တဲ့ တရားသဘောထဲမှာ ကြီးတာ ငယ် တာများကော ပါသလားလို့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ သေသေချာချာကြည့် ကြီးတာ ငယ်တာ ပါသလား၊ (မပါပါ ဘုရား)။

အကြီးအသေးဟာ ရှိလျက်သားနဲ့ မပါတာလား မရှိလို့ မပါ တာလား၊ (မရှိလို့မပါတာပါ ဘုရား)။

အခုအမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေတိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို တွေ့နေသလား၊ ရှည်တာ,တိုတာ,ကြီးတာ,ငယ် တာကို တွေ့နေသလား၊(တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို တွေ့နေ ပါတယ်ဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေကိုတွေ့နေသလား၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို တွေ့နေသလား (တိုးတဲ့ သဘော, တွန်းကန်တဲ့သဘောကို တွေ့နေပါတယ်ဘုရား)။

http://www.dhammadownload.com

နှာခေါင်းပေါက်, ပါးစပ်ပေါက်ကို တွေ့နေသလား တိုးတဲ့သဘော တွန်းကန်တဲ့သဘောကို တွေ့နေသလား၊ (တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောကို တွေ့နေပါတယ်ဘုရား)၊တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ကိုသာ တွေ့တယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောထဲမှာ နှာ ခေါင်းပေါက်,ပါးစပ်ပေါက် ပါသလား မပါဘူးလား၊ (မပါပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မှတ်မိအောင် လား နားထောင်ကောင်းအောင်လား၊ (မှတ်မိအောင်ပါ ဘုရား)။

အဟုတ်ရှိ အမှန်ရှိတကယ်ရှိတဲ့ ပရမတ္ထသဘောကိုအမျိုးကောင်းသား တွေ, အမျိုးကောင်းသမီးတွေ တွေ့ပြီလား မတွေ့ဘူးလား၊ (တွေ့ပါပြီ ဘုရား)။

နှာခေါင်းပေါက်, ပါးစပ်ပေါက်, အမျိုးသား,အမျိုးသမီး, အရှည် အတို, အကြီးအသေးလို့ ဆိုတာဟာ ပရမတ်လား ပညတ်လား၊ (ပညတ်ပါ ဘုရား)။

အဲဒီ အရှည်အတို, အကြီးအသေး, အမျိုးသား,အမျိုးသမီး ဆိုတဲ့ ပညတ်သဘောတရားတွေကို အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ အသိဉာဏ်မှာ ထင်ရှားသလား မထင်ရှားဘူးလား၊ (မထင်ရှားပါဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကတော့ ထင်ရှားသလား မထင် ရှားဘူးလား၊ (ထင်ရှားပါတယ် ဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ပရမတ်နဲ့ပညတ် ကွဲပြီလား မကွဲသေးဘူးလား၊ (ကွဲပါပြီ ဘုရား)။

အဟုတ်မရှိ, အမှန်မရှိ သမုတ်သောအားဖြင့် ရှိတဲ့ အရှိကို သမုတိ သစ္စာနယ်က ပညတ်တရား၊ဘာတရားတဲ့လဲ၊ (ပညတ်တရားပါဘုရား)။

အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိတဲ့ တရားကို ဘာလို့ ခေါ်တယ်၊ (ပရမတ်လို့ ခေါ်ပါတယ်ဘုရား)။

ပရမတ်နဲ့ ပညတ် ခြားနားချက်

ပရမတ်နဲ့ ပညတ် တရားနှစ်ပါးတို့ရဲ့ ခြားနားချက်ကတော့—

(၁) ပရမတ္ထတရားလို့ဆိုတာ ဝိညာဏ်, နာမ်, ရုပ်လို့ ဆိုတာ ဉာဏ်နဲ့ရှာလေတွေ့လေ, ဉာဏ်နဲ့ရှာလေ တွေ့လေဘဲ။

http://www.dhammadownload.com

(၂) သမုတိသစ္စာ နယ်မှာရှိတဲ့ ပညတ်တရားတွေဆိုတာ ဉာဏ်နဲ့ ရှာလေ မတွေ့လေ, ဉာဏ်နဲ့ရှာလေ ပျောက်သွားလေဘဲ။

အဲဒီလို ဉာဏ်ပေါ်မှာတင်ပြီးတော့ ရှာလေ တွေ့လေ ' တွေ့တာနဲ့ ဉာဏ်ပေါ်မှာ တင်ပြီးတော့ ရှာလေ မတွေ့လေ၊မတွေ့တာသည် ပရမတ် ပညတ်တရား နှစ်ပါးတို့ရဲ့ ခြားနားချက် ဒီလိုမှတ်ထား၊

အဲဒီလို ပရမတ် ပညတ်တို့ရဲ့ ခြားနားချက်ကို အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများ သိရှိပြီးတဲ့အခါ အခု အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ မှန်တာကို သိနေသလား သိမနေ ဘူးလား၊ (သိနေပါတယ်ဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘော အမှန်လား မမှန်လား၊(အမှန် ပါ ဘုရား)။

သိကော သိရဲ့လား၊ (သိပါတယ်ဘုရား)။

အမှန်ကို ဘယ်သူနဲ့သိသလဲ၊ (ဝိညာဏ်နဲ့ သိပါတယ်ဘုရား)။ ဟုတ်ပြီ ဝိညာဏ်နဲ့ သိနေတယ်။

ထင်ရှားအောင် ဘယ်သူကလုပ်ပေးထားသလဲ၊ (သတိက လုပ်ပေး ပါတယ်ဘုရား)။

အဲဒီ သတိကလေး လွတ်မသွားစေနဲ့ ဒီသတိက တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော အာရုံကလေးတခုကို ထင်ရှား အောင် ပြုလုပ်ပေးသည်ဖြစ်သောကြောင့် ဝိညာဏ်က သိတယ်၊ပညာက ပရမတ်နဲ့ ပညတ်ကို ပိုင်းခြားပြီးတော့ ခွဲခြားပေးထားတယ်။

အဲဒီ ဝိညာဏ်,နာမ်,ရုပ် တရားတွေရဲ့ ကွဲပြားမှုသဘောကို အမျိုး ကောင်းသားများ,အမျိုးကောင်းသမီးများ သေသေချာချာကြည့်၊ ပညာ နဲ့ ဝိညာဏ် အတူတူလား တခြားစီလား၊ (တခြားစီပါ ဘုရား)။ တခြားစီမဟုတ်ဘူး။

ပညာနဲ့ ဝိညာဏ် ရောနှောနေပုံ

အဲဒီ ပညာနဲ့ ဝိညာဏ်ဟာ ရောနေသလား တခြားစီလား၊ (ရော နေပါတယ်ဘုရား)။ ရောနေတယ်၊ ပါဠိတော်မှာ ဘယ်လိုရှိလဲ။

http://www.dhammadownload.com

"ယာစာဝုသော ပညာ ယဉ္စ ဝိညာဏံ၊ ဣမေ ဓမ္မာ သံသဋ္ဌာ၊ ဥဒါဟု ဝိသံသဋ္ဌာ။ လဗ္ဘာ စ ပနိ မေသံ ဓမ္မာနံ ဝိနိဗ္ဘုဇ္ဇိတွာ ဝိနိဗ္ဘုဇ္ဇိတွာ နာနာ-ကရဏံ ပညာပေတုံ"။

လို့ ပါဠိတော်မှာ ရှိပါတယ်။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ယာစပညာ၊ အကြင် ပညာသည်ရှင်း။ ယဉ္စဝိညာဏံ၊ အကြင် ဝိညာဏ် သည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣမေဓမ္မာ၊ဤပညာနဲ့ ဝိညာဏ် တရား တို့သည်။ သံသဋ္ဌာ၊ ရောနှောပြီး နေကြသလား။ ဥဒါဟု၊ ယို့သို့ မဟုတ်။ဝိသံသဋ္ဌာ၊ မရောနှောဘဲနဲ့ တခြားစီ နေကြသလား။ ဣမေသံဓမ္မာနံ၊ ဤပညာ ဝိညာဏ်တရားတို့ကို၊ ဝိနိဗ္ဘုဇ္ဇိတွာ-ဝိနိဗ္ဘုဇ္ဇိတွာ၊ ခွဲခြမ်းဝေဘန်၍ ခွဲခြမ်းဝေဘန်၍၊ နာနာကရဏံ၊ တခြားစီ ပြုလုပ်ခြင်းကို။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ လဗ္ဘာစ၊ ရနိုင်ပါရဲ့လား၊ (ပုစ္ဆာ)။

အဲဒါ ဘာပြောတာလဲ ငါ့ရှင်သာရိပုတ္တရာတဲ့၊ ပညာရယ်, ဝိညာဏ် ရယ်လို့ ဒီတရားနှစ်ခု တွေ့နေပါပြီ၊ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်ဆိုတဲ့ အာရုံပေါ် မှာ အဲဒီပညာနဲ့ ဝိညာဏ်ဟာ ရောနေသလား၊ မရောဘဲနေသလားတဲ့၊ ပါဠိတော်ရဲ့အမေး။

အဲဒီ ပညာ ဝိညာဏ်ဆိုတဲ့ တရားနှစ်ပါးတို့ကို ခွဲခြားထားလို့ ဖြစ် သလားတဲ့၊ အဲဒီတော့ ရှင်သာရိပုတ္တရာက ပြန်ပြီးတော့ ဖြေတယ်။

"ယာစာဝုသော ပညာ ယဉ္စ ဝိညာဏံ၊ ဣမေ ဓမ္မာ သံသဋ္ဌာ၊ နော ဝိသံသဋ္ဌာ။ န စ လဗ္ဘာ ဣမေသံ ဓမ္မာနံ ဝိနိဗ္ဘုဇ္ဇိတွာ ဝိနိဗ္ဘုဇ္ဇိတွာ နာနာ-ကရဏံ ပညာပေတုံ"။

ရှင်သာရိပုတ္တရာရဲ့ အဖြေကဘာယ်လို ဖြေသလဲလို့ဆိုတော့-

အာဝုသော **ဟောဋ္ဌိက၊ငါ့ရှင်ကောဋ္ဌိက**။ယာစပညာ၊အကြင် ပညာသည်ရှင်း။ယဉ္စဝိညာဏံ၊အကြင်ဝိညာဏ်သည်ရှင်း။ အတ္ထိ၊

http://www.dhammadownload.com

ရှိ၏။ ဍ္ရမေဝမ္မာ၊ ဤပညာ, ဝိညာဏ်တရားတို့သည်။ သံသဋ္ဌာ၊ ရောနှောပြီး နေကြတယ်။ နောသိသံသဋ္ဌာ၊ မရောနှောတာမဟုတ်ဘူး။ ဍ္ရမေသံဓမ္မာနံ၊ဤပညာ, ဝိညာဏ်တရားတို့ကို။ ဝိနိဗ္ဘုဇိတွာ ဝိနိဗ္ဘုဇိတွာ၊ ခွဲခြမ်းဝေဘန်၍ ခွဲခြမ်းဝေဘန်၍။ကရဏ်၊ တခြားစီပြုခြင်းကို။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ နလဗ္ဘာ၊ မရနိုင် မဖြစ်နိုင်ပါ။

ပညာနဲ့ ဝိညာဏ်ကို ခွဲထားလို့ တော့မဖြစ်ဘူးတဲ့၊ အဲဒါဖြင့် ဒီပညာနဲ့ ဝိညာဏ်တို့ သံသဋ္ဌအာရုံအဖြစ်ဖြင့် ရောနှောနေတယ်ဆိုတာ ဘယ်လို ရောနှောနေတာလဲ–

"ယံ ဟာဝုသော ပဇာနာတိ၊ တံ ဝိဇာနာတိ၊ ယံ ဝိဇာနာတိ၊ တံ ပဇာနာတိ"။

ရောပုံ။

ပညာက ပိုင်းခြားပေးတဲ့ အာရုံကိုဘဲ ဝိညာဏ်က သိတယ်၊ ဝိညာဏ်က သိတဲ့အာရုံကိုဘဲ ပညာက ပိုင်းခြားပေးတယ်၊ ဒီတော့ အဲဒီပညာနဲ့ ဝိညာဏ်ဟာ ဝါယောလေဓာတ် ရုပ်ပရမတ်တရားနဲ့ နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေကို ပညာက ပိုင်းခြားပေးတယ်၊ အဲဒီ ပညာက ပိုင်းခြားပေးတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်နဲ့ နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေကို ဝိညာဏ်က သိတယ်။

ဒီတော့ ပညာက ယူထားတဲ့အာရုံရယ်, ဝိညာဏ်က ယူထားတဲ့ အာရုံရယ် အဲဒီ အာရုံပေါ်မှာလာပြီးတော့ ပညာနဲ့ ဝိညာဏ်ဟာ ပေါင်းမိသလား မပေါင်းမိဘူးလား၊ (ပေါင်းမိပါတယ်ဘုရား)။

ရောတယ်ဆိုတာ ဘယ်လိုရောသလဲလို့ဆိုတော့ ပညာနဲ့ ဝိညာဏ်သည် အာရုံတခုပေါ်မှာ ပေါင်းဆုံလာမိခြင်းကို ရောနှောတယ်လို့ ဒီလိုခေါ်တယ်၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောပေါက်ပလား၊(ပေါက်ပါပြီဘုရား)၊

ဒီနေရာလေးက နဲနဲခက်တယ်နော်၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောပေါက်ရဲ့လား၊(ပေါက်ပါတယ်ဘုရား)။

ရှင်းရော ရှင်းရဲ့လား၊ (ရှင်းပါတယ်ဘုရား)။

http://www.dhammadownload.com

ပညာက ပိုင်းခြားပေးတဲ့ ယွက်လေဝင်လေနဲ့ နှာခေါင်းပေါက်ကိုဘဲ ဝိညာဏ်က သိတယ်၊ ဝိညာဏ်သိနေတဲ့ ထွက်လေဝင်လေနဲ့ နှာခေါင်း ပေါက်ကိုဘဲ ပညာက ပိုင်းခြားပေးတယ်၊ အဲဒီတော့ ပညာနဲ့ ဝိညာဏ် သည် ထွက်လေ ဝင်လေဘည်းဟူသော အာရုံပေါ်မှာလာပြီးတော့ပေါင်း မိသလား မပေါင်းမိဘူးလား၊ (ပေါင်းမိပါတယ်ဘုရား)။

အဲဒီလို အာရုံတခုထဲပေါ်မှာ ပညာနဲ့ ဝိညာဏ်တို့ လာပြီးတော့ ပေါင်းဆုံမိခြင်းကို ရောတယ်လို့ ဒီလိုဆိုတယ်၊ သူတို့ ၂-ခု ခွဲလို့ ဖြစ်ပါ မလား၊ (မဖြစ်ပါဘုရား)။

''န စ လဗ္ဘာ ဣမေသံ ဓမ္မာနံ ဝိနိဗ္ဘုဇ္ဇိတွာ ဝိနိဗ္ဘုဇ္ဇိတွာ နာနာကရဏံ ပညာပေတုံ''။

လို့ ဟောတော်မူတဲ့အတိုင်း ခွဲလို့မဖြစ်ဘူး၊ အဲသလို ပညာနဲ့ ဝိညာဏ်တို့ ရောနေတော့ ပညာဟာ ဝိညာဏ်လား၊ဝိညာဏ်ဟာ ပညာ လား-လို့ဆိုတော့ မဟုတ်ဘူးတဲ့။

ပညာနဲ့ ဝိညာဏ်တို့ရဲ့ ထူးခြားချက်

သူတို့ ၂-ခုရဲ့ ထူးခြားချက်က ဘာလဲလို့ဆိုတော့

''ပညာ ဘာဝေတဗ္ဗာ၊ ဝိညာဏံ ပရိညေယျံ''။

ပညာက ဘာဝေတဗ္ဗ-ပွားများအပ်သော သဘောရှိတယ်၊ ဝိညာဏ် က ပရိညေယျ-ပိုင်းခြားသိအပ်သော သဘောရှိတယ်၊ ပညာနဲ့ ဝိညာဏ် သဘောချင်းကြတော့ တူသလား မတူတော့ဘူးလား၊ (မတူပါဘုရား)။

ဤကဲ့သို့ ပညာရဲ့ ဘာဝေတဗ္ဗကိစ္စ, ဝိညာဏ်ရဲ့ ပရိညေယျကိစ္စသည် တရား၂-ပါးတို့ရဲ့ ကိစ္စအားဖြင့် ထူးခြားချက်ဖြစ်သည်၊ အဲဒီလို အမျိုး ကောင်းသားများ,အမျိုးကောင်းသမီးများ ပညာနဲ့ ဝိညာဏ်တို့ရဲ့ ရော နှောပုံနဲ့ ပညာနဲ့ ဝိညာဏ်တို့ရဲ့သဘောချင်း မတူပုံကို ကွဲကွဲ ပြားပြား သိသင့်သလား မသိသင့်ဘူးလား၊ (သိသင့်ပါတယ်ဘုရား)။

အဲဒီလို ပညာနဲ့ ဝိညာဏ်တို့ရဲ့ ကွဲပြားပုံ ရောနှောပုံကို မသိရင် ရှေ့ဝိပဿနာတရား အားထုတ်လို့ ဖြစ်ပါဦးတော့မလား၊ (မဖြစ်ပါ ဘုရား)။

http://www.dhammadownload.com

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေသေ ချာချာ စဉ်းစားနော်၊ အဲဒီလို ပညာနဲ့ ဝိညာဏ်တို့ ရောနှောပြီးတော့ ပညာနဲ့ ဝိညာဏ်တို့ရဲ့ ထူးခြားချက်ကို ပိုင်းခြားပြီးတော့ ပြပေးတဲ့အခါမှာ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော, သိတယ်ဆိုတဲ့ ဝိညာဏ်ရဲ့သဘော, ပိုင်းခြားပေးတယ်ဆိုတဲ့ ပညာရဲ့ သဘောတရားတွေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွေ့သလား မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား)။

မျက်လုံးနဲ့ မြင်ရလို့ တွေ့တာလား၊ (မဟုတ်ပါဘုရား)။
နားနဲ့ကြားရလို့ တွေ့တာလား၊(မဟုတ်ပါဘုရား)။
နှာခေါင်းနဲ့နံလို့ တွေ့တာလား၊ (မဟုတ်ပါဘုရား)။
လျှာနဲ့လျက်ကြည့်လို့ တွေ့တာလား၊ (မဟုတ်ပါဘုရား)။
ခန္ဓာကိုယ်နဲ့ တွေ့ထိမိလို့ တွေ့တာလား၊ (မဟုတ်ပါဘုရား)။

ဣန္ဒြေ ၅-ပါးလွတ်နေပုံ

"နိဿဋ္ဌေန ဟာဝုသော ပဉ္စဟိ ဣန္ဒြိယေဟိ
ပရိသုဒ္ဓေန မနောဝိညာဏေန ကိံ ဉေယျံ"။

လို့–ပါဠိတော်မှာ ရှိပါတယ်၊ အခု ဣန္ဒြေငါးပါးက စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ–

အဲဒီ ဣန္ဒြေငါးခုက လွတ်နေသလား လွတ်မနေဘူးလား၊ (လွတ်နေပါတယ်ဘုရား)။

(၁) စက္ခုန္ဒြေနဲ့လဲ ကြည့်လို့မဖြစ်ဘူး၊ သူ-လွတ်မနေဘူးလား၊ (လွတ်နေပါတယ်ဘုရား)။
(၂) သောတိန္ဒြေနဲ့ကော နားထောင်လို့ ဖြစ်သလား၊ (မဖြစ်ပါဘုရား)။
(၃) ဃာနိန္ဒြေနဲ့ကော နမ်းလို့ဖြစ်သလား၊ (မဖြစ်ပါဘုရား)။
(၄) ဇိဝှိန္ဒြေလို့ ခေါ်တဲ့ လျှာနဲ့လျက် ကြည့်လို့ကော သူ့ကိုတွေ့လို့ ဖြစ်ပါ့မလား၊(မဖြစ်ပါဘုရား)။
(၅) ကာယိန္ဒြေလို့ခေါ်တဲ့ ဒီခန္ဓာကိုယ်ကြီးနဲ့ တွေ့ထိကြည့်လို့ကော တွေ့နိုင်ပါ့မလား၊ (မတွေ့ပါဘုရား)

ဣန္ဒြေငါးပါးက လွတ်မနေဘူးလား၊ (လွတ်နေပါတယ်ဘုရား)။

http://www.dhammadownload.com

အဲဒီ ဇရခြေငါးပါးက လွတ်နေတဲ့ ဝိညာဏ်, နာမ်, ရုပ် တို့ရဲ့ သဘာဝလက္ခဏာကို သိတာဟာ မျက်လုံးနဲ့ သိတာမဟုတ်ဘူး၊ နားနဲ့ သိတာမဟုတ်ဘူး, နှာခေါင်းနဲ့ သိတာမဟုတ်ဘူး၊ လျှာနဲ့ လျက်ကြည့်လို့ သိတာမဟုတ်ဘူး၊ ခန္ဓာကိုယ်နဲ့ ပွတ်ကြည့်လို့ သိတာ မဟုတ်ဘူး။

မနောဝိညာဏ်နဲ့ သိပုံ

ဇရခြေငါးပါးက လွတ်နေတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို ဘာနဲ့သိသလဲ။

''နိဿဋ္ဌေန ဟာဝုသော ပဉ္စဟိ ဣန္ဒြိယေဟိ
ပရိသုဒ္ဓေန မနောဝိညာဏေန ကိံ ဉေယျံ''

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ပဉ္စဟိ၊ငါးပါးကုန်သော။ ဣန္ဒြိယေဟိ၊ စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့မှ။ နိဿဋ္ဌေန၊ လွတ်၍နေသော။ ပရိသုဒ္ဓေန၊ စင်ကြယ်နေသော။ မနောဝိညာဏေန၊ မနောဝိညာဏ်ဖြင့်။ ကိံ၊ အဘယ်တရားကို။ ဉေယျံ၊ သိအပ်ပါသနည်း။

ဘာကလေးနဲ့ သိရမှာလဲလို့ ဆိုတော့–ခုနက စင်ကြယ်တယ်, ဖြူစင်တယ်, ဇကောလေးထားတယ်ဆိုတဲ့ စိတ်ကလေးနဲ့ ဝိညာဏ်, နာမ်, ရုပ်၊ အဲဒီတရားကို သိရမယ်၊ အသိက မျက်လုံးနဲ့ မြင်လို့ သိတာ မဟုတ်ဘူး၊နားနဲ့ကြားလို့ သိတာမဟုတ်ဘူး၊နှာခေါင်းနဲ့နံလို့ သိတာ မဟုတ်ဘူး၊ လျှာနဲ့ လျက်ကြည့်လို့ သိတာမဟုတ်ဘူး စင်စင်ကြယ်ကြယ်, ဖြူဖြူစင်စင်, သန့်သန့် ရှင်းရှင်းကလေး ဖြစ်နေတဲ့ ဇကောလေး ထားနေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ မနော ဝိညာဏ် စိတ်နဲ့ ဝိညာဏ်, နာမ်, ရုပ်၊ အဲဒီတရားကို သိနေရမယ်။

အခု အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိဇာနန လက္ခဏာရှိတဲ့စိတ်နဲ့ ဝိညာဏ်, နာမ်, ရုပ် ကို သိနေပြီလား မသိသေးဘူးလား၊ (သိနေပါပြီဘုရား)။

ဝိညာဏ်, နာမ်, ရုပ် ထဲမှာ အမျိုးကောင်းသားတွေ,အမျိုးကောင်း သမီးတွေ ပါသလား၊ (မပါပါဘုရား)။

ဒါဖြင့် ကောင်းပြီ၊ ရှေ့ကို သွားကြစို့ရဲ့၊ အဲဒီ ပရမတ်နဲ့ ပညတ် ကို ကွဲကွဲပြားပြား ဖြစ်အောင် ခွဲပေးပြီးတဲ့အခါမှာ ပရမတ်ပညတ်တို့

http://www.dhammadownload.com

ရဲ့ ခြားနားချက်ကို အခုလိုပြောပေးပြီးတဲ့အချိန်မှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာ ရှုရမဲ့အာရုံမှာ အမျိုးသားပါသလား၊ (မပါပါဘုရား)။

အမျိုးသမီးရော ပါသလား၊ (မပါပါဘုရား)။

လူ,နတ်,ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါကော ပါသလား၊ (မပါပါဘုရား)။

ပုံပန်း,သဏ္ဌာန်, အသွင်တွေကော ပါသလား၊ (မပါပါဘုရား)။

အရှည်အတို, အကြီးအသေးတွေ ပါသလား၊ (မပါပါဘုရား)။

အဲဒီလို အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဤတရားကိုသိပြီးတဲ့အခါ ရှေ့ဘယ်သွားရမလဲ၊ ရှေ့သွားဘို့တရား တဆင့်တက်မယ်နော်။

အမှန်နဲ့ အမှား

ပရမတ်နဲ့ ပညတ်တို့ရဲ့ ခြားနားချက်ကို ပြောပြီးတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သိနေတဲ့ ဝိညာဏ်, နာမ်, ရုပ်သည် မှန်တာကိုသိနေတာလား မမှန်တာကိုသိနေတာလား၊ (မှန်တာကို သိနေတာပါဘုရား)။

မှန်တာသိနေတာကို ဝိဇ္ဇာလို့ခေါ်သလား အဝိဇ္ဇာလို့ခေါ်သလား၊ (ဝိဇ္ဇာလို့ခေါ်ပါတယ်ဘုရား)။

ဝိဇ္ဇာဆိုတာ ကုသိုလ်တရားလား အကုသိုလ်တရားလား၊ (ကုသိုလ်တရားပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိဇ္ဇာဖြစ်နေသလား အဝိဇ္ဇာဖြစ်နေသလား၊ (ဝိဇ္ဇာဖြစ်နေပါတယ်ဘုရား)။

ဘာဖြစ်လို့ ဝိဇ္ဇာဖြစ်သလဲ၊ (မှန်တာကို သိနေလို့ပါဘုရား)။ မှန်တာကိုသိလို့ ဝိဇ္ဇာဖြစ်တယ်။

အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ မှန်တာကို သိနေတဲ့အခါ သမ္မာဒိဋ္ဌိဖြစ်သလား မိစ္ဆာဒိဋ္ဌိဖြစ်သလား၊ (သမ္မာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိ

သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိလို့ဆိုတာ ဘာပြုလို့ သမ္မာဒိဋ္ဌိလို့ ခေါ်တာလဲ၊ မှန်တာသိလို့ အဲဒီ သမ္မာဒိဋ္ဌိကို ဘယ်သူလုပ်ပေးလို့ ဖြစ်တာလဲ။

http://www.dhammadownload.com

(၁) ယောနိသောစ မနသိကာရော
(၂) ပရတောစ ဃောသော။

အဲဒီ ယောနိသော မနသိကာရဆိုတာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့ စိတ်ဟာ သင့်တင့်အောင် နှလုံးသွင်းခြင်း ဖြစ်တယ်၊ ပရတော ဃောသ ဆိုတာ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မကောင်း အရှင်မြတ်တွေရဲ့ တရားဟောပေးတဲ့ အသံဆိုတဲ့ သူတပါးရဲ့အသံဖြစ်တယ်၊ အဲဒီ ယောနိသော မနသိကာရနဲ့ ပရတော ဃောသ နှစ်ပါးကြောင့် သမ္မာဒိဋ္ဌိဖြစ်တယ်။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လုပ်လို့ သမ္မာဒိဋ္ဌိဖြစ်တာလား၊ (မဟုတ်ပါဘုရား)။

ပရမတ္ထတရားတွေ သူ့ကိစ္စ သူလုပ်နေတဲ့အခါ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ကိစ္စပါသလား၊ (မပါပါဘုရား)။

ဝိပဿနာရှုရန်တရား

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ယနေ့ ဝိပဿနာရှုဘို့လို့ဆိုတော့ ဝိပဿနာရှုတယ်ဆိုတာ ရှိတဲ့တရားကို ဝိပဿနာ ရှုရတာလား၊ မရှိတဲ့တရားကို ဝိပဿနာ ရှုရတာလား၊ (ရှိတဲ့တရားကို ဝိပဿနာရှုရပါတယ်ဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲဒီ ဝိညာဏ်, နာမ်,ရုပ်ထဲမှာကြည့်စမ်း၊ မိမိ သူတပါး ၂-ဦးသားတို့ကို တွေ့သလား မတွေ့ဘူးလား၊ (မတွေ့ပါဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးထဲမှာ မိမိ သူတပါးတို့တွင် မိမိကိုတွေ့သလား သူတပါးကိုတွေ့သလား၊ (ဘယ်သူ့မှ မတွေ့ပါဘုရား)။

မိမိလဲမတွေ့၊ သူတပါးလဲမတွေ့ရင် မိမိကို ဝိပဿနာရှုလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

သူတပါးကို ဝိပဿနာရှုလို့ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

ပရမတ္ထသဘာဝမှာ မိမိကိုမတွေ့လျှင် သူတပါးကိုမတွေ့လျှင် မိမိ သူတပါးကို ဝိပဿနာရှုလို့ဖြစ်မလား မဖြစ်ဘူးလား၊(မဖြစ်ပါဘုရား)။

http://www.dhammadownload.com

ဘာဖြစ်လို့လဲ….မရှိလို့၊ ရှိတာက ဘာရှိတာလဲ၊ ဝိညာဏ်,နာမ်, ရုပ်၊ ဒီတရားတွေသာ ရှိတယ်၊မိမိ သူတပါးရှိသလား မရှိဘူးလား၊ (မရှိပါဘုရား)။

မရှိရင် ဝိပဿနာရှုလို့ ဖြစ်မလား မဖြစ်ဘူးလား၊(မဖြစ်ပါဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘော,သိတဲ့သဘော, ပိုင်းခြားပေးတဲ့ သဘောဆိုတဲ့ ဝိညာဏ်,နာမ်,ရုပ်ဆိုတာရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒီတရားထဲမှာ မိမိခန္ဓာကိုယ်ကို တွေ့သလား၊(မတွေ့ပါဘုရား)။

သူတပါးရဲ့ခန္ဓာကိုယ်ကိုကော တွေ့သလား၊ (မတွေ့ပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောထဲမှာ မိမိခန္ဓာကို မတွေ့ရင် ဘာတွေ့သလဲ၊ (တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို တွေ့ပါတယ်ဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောထဲမှာ သူတပါးရဲ့ခန္ဓာကိုယ်ကို မတွေ့ရင် ဘာတွေ့သလဲ၊ (တိုးတဲ့သဘော,တွန်းကန်တဲ့သဘောဘဲ တွေ့ပါတယ်ဘုရား)။

အဲသလို တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို ရှိလို့တွေ့တာလား မရှိလို့တွေ့တာလား၊ (ရှိလို့တွေ့တာပါဘုရား)။

အဲဒီလို ရှိလို့တွေ့တဲ့တရားကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုလို့ရှိရင် ဝိပဿနာရှုလို့ဖြစ်ပြီ၊ ဝိပဿနာရှုဘို့ရန်အတွက် ဝိညာဏ်, နာမ်, ရုပ် ဒီသုံးလုံးအပြင် ရှိသေးသလား၊ (မရှိပါဘုရား)။

သတိပဋ္ဌာန်လေးပါး

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုရတာက ရုပ်။

(၂) စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုရတာက ဝိညာဏ်။

(၃) ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာ ရှုရတာက နာမ်။

(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာ ရှုရတာက ဝိညာဏ်,နာမ်,ရုပ်။

http://www.dhammadownload.com

တရားအားလုံးကို ငုံပြီးတော့ ဝိပဿနာရှုရတယ်၊ သဘောပေါက်ပလား၊ (သဘောပေါက်ပါပြီဘုရား)။

ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုလိုတဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဘာကိုရှုရမလဲ၊ (ရုပ်ကိုရှုရပါမယ်ဘုရား)။

စိတ္တာနုပဿနာကို ဝိပဿနာရှုလိုတဲ့ ပုဂ္ဂိုလ်ကတော ဘာကိုရှုရမလဲ၊ (ဝိညာဏ်ပါဘုရား)။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုလိုတဲ့ ပုဂ္ဂိုလ်ကတော ဘာကိုရှုရမလဲ၊ (နာမ်ပါဘုရား)။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ကတော ဘာကို ရှုရမလဲ၊ (ဝိညာဏ်,နာမ်,ရုပ်ပါဘုရား)။

ရုပ်တရားကိုရှုပုံ

(၁) ဣတိ၊ ဤသဘောတရားသည်ကား။ ရူပံ၊ရုပ်တရားပေတည်း။
(၂) ဣတိ၊ ဤသဘောတရားကတော့။ရူပဿ၊ ရုပ်တရား၏။ သမုဒယော၊ ဖြစ်ခြင်းပါပေတည်း။
(၃) ဣတိ၊ ဤသဘောတရားကတော့။ရူပဿ၊ရုပ်တရား၏။အတ္ထင်္ဂမော၊ချုပ်ဆုံးကွယ်ပျောက်ခြင်းပေတည်း။

ဝိညာဏ်တရားကိုရှုပုံ

(၁) ဣတိ၊ဤသဘောတရားသည်။ ဝိညာဏံ၊ ဝိညာဏ်တရားပေတည်း။
(၂) ဣတိ၊ ဤသဘောတရားကတော့။ ဝိညာဏဿ၊ ဝိညာဏ်၏။ သမုဒယော၊ဖြစ်ခြင်းပေတည်း။
(၃) ဣတိ၊ ဤသဘောတရားကတော့၊ ဝိညာဏဿ၊ ဝိညာဏ်၏။ အတ္ထင်္ဂမော၊ ကွယ်ပျောက်ချုပ်ဆုံးခြင်းပေတည်း။

ဝေဒနာတရားကိုရှုပုံ

(၁) ဣတိ၊ ဤသဘောတရားသည်ကား။ ဝေဒနာ၊ ဝေဒနာဆိုတဲ့ နာမ်တရားပေတည်း။

http://www.dhammadownload.com

(၂) ဇာတိ၊ ဤသဘောတရားကတော့။ ဝေဒနာယ၊ ဝေဒနာဆိုတဲ့ နာမ်တရား၏။ သမုဒယော၊ ဖြစ်ခြင်းပေတည်း။
(၃) ဇာတိ၊ ဤသဘောတရားကတော့။ ဝေဒနာယ၊ ဝေဒနာဆိုတဲ့ နာမ်တရား၏။ အတ္ထင်္ဂမော၊ ကွယ်ပျောက် ချုပ်ဆုံးခြင်း ပေတည်း။

သညာတရားကိုရှုပုံ

(၁) ဇာတိ၊ ဤသဘောတရားသည်ကား။ သညာ၊ သညာတရားပေတည်း။
(၂) ဇာတိ၊ ဤသဘောတရားကတော့။ သညာယ၊သညာ၏။သမုဒယော၊ဖြစ်ခြင်းပေတည်း။
(၃) ဇာတိ၊ ဤသဘောတရားကတော့။ သညာယ၊သညာ၏။အတ္ထင်္ဂမော၊ ချုပ်ဆုံးကွယ်ပျောက်ခြင်းပေတည်း။

သင်္ခါရတရားတို့ကိုရှုပုံ

(၁) ဇာတိ၊ဤသဘောတရားတို့သည်ကား။ သင်္ခါရာ၊သင်္ခါရတရားတို့ပေတည်း။
(၂) ဇာတိ၊ဤသဘောတရားကတော့။သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ သမုဒယော၊ဖြစ်ခြင်းပေတည်း။
(၃) ဇာတိ၊ ဤသဘောတရားကတော့ဖြင့်။ သင်္ခါရာနံ၊သင်္ခါရတရား တို့၏။ အတ္ထင်္ဂမော၊ချုပ်ဆုံးကွယ်ပျောက်ခြင်းပေတည်း။

အဲဒီလို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ရှုလို ပွားများလိုတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကတော့ ရုပ်, ဝေဒနာ သညာ,သင်္ခါရ,ဝိညာဏ် တရားဘယ်နှစ်လုံးလဲ၊(ငါးလုံးပါဘုရား)။

အဲဒီ တရားငါးလုံးကို ဝိညာဏ်,နာမ်,ရုပ်ထဲ ထဲ့လိုက်တော့ ရုပ်က ရုပ်, ဝေဒနာက နာမ်, သညာကနမ်, သင်္ခါရကနာမ်, ဝိညာဏ်ဆိုတဲ့ ဝိညာဏက္ခန္ဓာက ဝိညာဏ် ပေါင်းဘော့ ဝိညာဏ်, နာမ်, ရုပ်-ထဲ ဝင်သွားတယ်၊

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဝိပဿနာ ရှုလို ပွားများလိုတဲ့ ပုဂ္ဂိုလ်များသည် ဝိညာဏ်ရဲ့ သဘောကို သိအောင်လုပ်ရမယ်၊ နာမ်ခေါ်တဲ့ ပညာတို့၊ ဒြီးတော့ သတိလို့ခေါ်တဲ့

http://www.dhammadownload.com

တရားတို့ရဲ့သဘာဝကို သိအောင်လုပ်ရမယ်၊ ယခုဘုန်းကြီး ခွဲပေးတဲ့ အတိုင်းဘဲဝိညာဏ်ရဲ့ သိတဲ့ဝိဇာနနလက္ခဏာကို သိအောင်လုပ်ရမယ်၊ ဝါယောလေဓါတ် ရုပ်ပရမတ်တရားတို့ရဲ့ လက္ခဏာကို မိအောင်ဖမ်းပြီး တော့ သဘောသွားကိုသာ ဝိပဿနာရှုနေတာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်တဲ့။

ဘာသတိပဋ္ဌာန်တဲ့လဲ၊ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)။

အဲဒီလို သတိပဋ္ဌာန်လေးပါးရှိတဲ့အနက်က ထိုသို့သော သတိပဋ္ဌာန် လေးပါးကိုပွားများလို အားထုတ်လိုသော အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေသည် ယခုဘုန်းကြီး ခွဲပြပြီးခဲ့တဲ့ အတိုင်း ပရမတ်ပညတ်ကိုကွဲအောင် ခွဲခဲ့ပြီး သမုတိသစ္စာ,ပရမတ္ထသစ္စာကွဲအောင် ခွဲပြီးတော့ ဝိပဿနာရှုပြီးသည့်နောက် အတ္တ,အနတ္တ စကား ၂-မျိုး ခွဲပေးရမယ်။

မိမိ,သူတပါးကို ဝိပဿနာမရှုမှု၍ ဝိညာဏ်, နာမ်, ရုပ်, စိတ်,စေ တသိက်, ရုပ်ဆိုတဲ့ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပ ဿနာ, ဓမ္မာနုပဿနာများမှ ကာယသဘော, ဝေဒနာသဘော, စိတ္တ သဘော, ဓမ္မသဘောတရားတွေကိုသာလျှင် ရှုရမယ်။

ရှုတဲ့အခါကျတော့ ဘယ်လိုရှုရမလဲ သင်္ခါရတရားတို့ရဲ့ သာမည-လက္ခဏာဖြစ်တဲ့ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကိုရှုရ မယ်၊အဲဒီ ရှုကွက်ကိုတော့ဖြင့် နောက်ညနောက်ညတွေမှာ ဘုန်းကြီးက နည်းနည်း ပြောပေးမယ်။

နှိုးဆော်တိုက်တွန်းချက်

အဲဒါကြောင့် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ယနေ့ည ဝိပဿနာအလုပ်ပေး တရားနဲ့ ပတ်သက်လို့ ဝိညာဏ်, နာမ်, ရုပ်တို့မှာရှိနေတဲ့—

(၁) ပညာနဲ့ ဝိညာဏ်တို့ရဲ့ ရောနှောနေပုံ။
(၂) ပညာနဲ့ ဝိညာဏ်တို့ရဲ့ ထူးခြားချက် ရှိနေပုံ။
(၃) ပရမတ်,ပညတ်တို့ရဲ့ ကွဲပြားပုံ။
(၄) ပရမတ်,ပညတ်တရား ၂-ပါးတို့ရဲ့ ခြားနားပုံ။

http://www.dhammadownload.com

(၅) ဝိပဿနာရှုတဲ့ နေရာမှာ မိမိသူတပါးကို ဝိပဿနာ မရှုမူ၍ ထင်ရှားရှိနေတဲ့ဝိညာဏ်,နာမ်,ရုပ်ကိုသာလျှင် ဝိပဿနာရှုရပုံ– တို့ကို ဝိပဿနာ အလုပ်ပေးတဲ့နည်းဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝါယောလေဓာတ် ရုပ်ပရမတ်တို့ရဲ့ လက္ခဏာကို မိအောင် ဖမ်းပေးပြီးတော့ ဒီ·ဝိညာဏ်, နာမ်, ရုပ်တွေပျောက်မသွားအောင် သူတို့ရဲ့ လက္ခဏာ အမှတ်အသားကို သေသေချာချာ မိအောင်ဖမ်းပြီး ဝိပဿနာတရား ကြိုးစား၍ ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

(သာဓု–သာဓု–သာဓု)

ဒုတိယည-ဝိပဿနာအလုပ်ပေး
တရားတော် ပြီး၏။

---

http://www.dhammadownload.com

ဗာဟိယသုတ္တန်တရားတော်
ဒုတိယပိုင်း

ဘုန်းကြီး ပဌမညက ဟောကြားခဲ့တဲ့ ဗာဟိယသုတ္တန် ပဌမပိုင်း အဆုံးတရားကို ဒုတိယပိုင်းနဲ့ဆက်မိအောင် အနည်းငယ် ထပ်ဟော လိုက်ဦးမယ်။

ရှင်ဗာဟိယမထေရ်က မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ထံ ချဉ်းကပ်၍ ဖူးမြော်ခွင့်ရရှိပြီးတော့ အရှင်ဘုရား…ဘုရားတပည့်တော်ကို တရားတိုတိုတပုဒ် ဟောကြားတော်မူပါ။ အရှင်ဘုရား ဟောကြားတော် မူတဲ့ တရားတော်ကို ဘုရားတပည့်တော် ကြားသိရ၍ နာယူမှတ်သားပြီး တော့ ဆိတ်ငြိမ်ရာကို ချဉ်းကပ်ပြီး တယောက်တည်း မဖွေမယွေ့ဘဲ သတိတရားနဲ့ ကိလေသာတရားတွေ ခန်းချောက်စေတတ်တဲ့ လုံ့လကို ပြုပြီး နိဗ္ဗာန်ဘက်ကို ကိုင်းရှိုင်းတဲ့ စေလွှတ်တဲ့စိတ်နဲ့ တရားအားထုတ်ပြီး တော့ နေလိုပါတယ်ဘုရားလို့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို ရှင်ဗာဟိယမထေရ်က လျှောက်ထားတော့ ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားက—

''တေနဟိ တွံ ဗာဟိယ အာဒိမေဝ ဝိသော-
ဓေဟိ ကုသလေသု ဓမ္မေသု''။

ချစ်သား ဗာဟိယ…သင်တရားနာပြီးတော့ တရားအားထုတ်ချင် တယ်ဆိုရင် ရှေးဦးစွာ ကုသိုလ်ကောင်းမှုတို့ရဲ့ အစကို သုတ်သင် ရှင်းလင်းပေးပါတဲ့။

''ကော စာဒိ ကုသလာနံ ဓမ္မာနံ''။

ကုသိုလ်ကောင်းမှုတို့ရဲ့ အစက ဘာလဲလို့ဆိုတော့—

''သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိစ ဥဇုကာ''တဲ့။

ဘုန်းကြီးတို့ ပဌမညက သီလဉ္စ သုဝိသုဒ္ဓံနဲ့ ပတ်သက်ပြီး ပါတိ မောက္ခသံဝရသီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မျိုးဟာ သီလကုသိုလ် စင်ကြယ် သန့်ရှင်းနေတဲ့ ပုဂ္ဂိုလ်၊ မိမိနဲ့ သူတပါးအပေါ်မှာ မတရားတာ မမှန် တာကို မလုပ်မိအောင် လေ့ကျင့်ပေးလေ့ရှိတဲ့ ကိုယ်အမူအရာနဲ့ ပတ်

http://www.dhammadownload.com

သက်လို့, နှုတ်အမူအရာနဲ့ ပတ်သက်လို့, ရှာမှီးမှုနဲ့ ပတ်သက်လို့ မြတ်သော ရှာမှီးမှုကို ရှာမှီးပြီးတော့ မြတ်သော ကိုယ်အမူအရာ, မြတ်သော နှုတ်အမူအရာကို မှဲ့ဝဲဆည်းကပ်ပြီး နေလေ့ရှိတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်။

အဲသလို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ တရားအားထုတ်တော့မယ်လို့ ဆိုတော့ ပါတိမောက္ခသံဝရသီလလို့ ဆိုတဲ့ သီလကုသိုလ်နဲ့ ပြည့်စုံရပယ်၊ သီလကုသိုလ် မပြည့်စုံလို့ မဖြစ်ဘူး၊ အဲဒါကြောင့် ဘုန်းတော်သခင် မှင်တော်မြတ်ဘုရားကလဲ ဒီနေရာ ဘာပြသလဲလို့ ဆိုတော့–

> ''ဣဓ ဘိက္ခု ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ၊ အာစာရ ေဂါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာ ပဒေသု''-

လို့ ပါဠိတော်မှာ ဟောပါတယ်။

> ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလနှင့် ပြီးစုံသည် ဖြစ်၍။ အာစာရဂေါစရသမ္ပန္နော၊ ကိုယ်နှုတ်နှစ်ပါးကို စောင့်စည်းခြင်းအကျင့်ဟူသော အာစာရ, ဆည်းကပ်သင့်သော ဌာနတို့၌ ဆည်းကပ် မှီဝဲခြင်းဟူသော ဂေါစရနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဏုမတ္တေသု ဝဇ္ဇေသု၊ အနည်းငယ်မျှလောက်သော အပြစ်တို့၌။ ဘယဒဿာဝီ၊ ကြောက်ဘွယ်ဘေးဆိုးကြီးဟု ရှုသည်ဖြစ်လျက်။ သိက္ခာပဒေသု၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့၌။ သမာဒါယ၊ ကောင်းစွာ ဆောက်တည်၍။ သိက္ခတိ၊ ကျင့်ကြံအားထုတ်၏။

အပြစ်ရှိမယ်လို့ ထင်တဲ့ အရာဝတ္ထုဆိုရင် အနည်းငယ် မျှသော အပြစ်ကိုပင်လျှင် ကြီးစွာသော အပြစ်ကြီးကဲ့သို့ စိတ်ထဲမှာ နှလုံးသွင်းပြီးတော့ ရှောင်ကြဉ်ခြင်းဆိုတဲ့ အလေ့အကျင့်ကို ပြုလုပ်ပေးတဲ့ပုဂ္ဂိုလ်ဟာ ပါတိမောက္ခသံဝရသီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မည်တယ်–တဲ့။

http://www.dhammadownload.com

အဲဒီ ပါတိမောက္ခသံဝရသီလနဲ့ ပြည့်စုံပြီးတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘယ်လိုအကျိုးအာနိသံသတွေ ရသလဲ ပါဠိတော်မှာ—

''အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ''။

အဇ္ဈတ္တံ၊ မိမိ၏သန္တာန်၌။ အနဝဇ္ဇသုခံ၊ အပြစ်မရှိခြင်းသိုတဲ့ ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏-တဲ့။

သီလ၏ အကျိုး

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လူ့စည်းစိမ် ချမ်းသာကို ခံစားပြီးတော့ အပြစ်တွေ အမျိုးမျိုး ရောက်နေမယ်ဆိုရင် စိတ်ချမ်းသာမလား မချမ်းသာဘူးလား၊ (မချမ်းသာပါဘုရား)။

အတီတာနန္တရ ဘဝထိုထိုက ဤကဲ့သို့သော ဒါနကုသိုလ်တွေ, သီလကုသိုလ်တွေကို အခုလို စောင့်ရှောက် ထိန်းသိမ်းလာခဲ့တဲ့အတွက် ယခု ပစ္စုပ္ပန်လောကမှာ အင်မတန် ချမ်းသာတဲ့ လူချမ်းသာကြီး တယောက် ဖြစ်နေပြီဆိုပါတော့၊ စည်းစိမ်ဥစ္စာ ရတနာတွေ အခြံအရံ ပရိသတ်တွေ လှပချောမောတဲ့ ဇနီးမယားတွေနဲ့ အင်မတန်ချမ်းသာ နေတယ်ဆိုပါတော့။

အဲဒီ စီးပွားချမ်းသာတွေနဲ့ သူဌေးကြီးတယောက်မှာ ရာဇဝတ်မှု တည်းဟူသော အပြစ်အမျိုးမျိုးတွေ ခါးပြမှုတည်းဟူသော အပြစ် အမျိုးမျိုးတွေ,ကာမဂုဏ် လွန်ကျူးမှု တည်းဟူသော အပြစ် အမျိုးမျိုး တွေ အဲဒီလို အပြစ်အမျိုးမျိုးတွေ, ရာဇဝတ်မှုအမျိုးမျိုးတွေ ဒီသူဌေး ကြီးမှာ ရှိနေမယ်ဆိုရင် ဒီသူဌေးကြီးမှာ ချမ်းသာမလား မချမ်းသာဘူး လား၊ (မချမ်းသာပါဘုရား)။

အဲဒီ သူဌေးကြီး မချမ်းသာတာဟာ ပစ္စည်းမချမ်းသာလို့လား ကိုယ်ကျင့်တရားခေါ်တဲ့ သီလမရှိလို့လား၊ (သီလမရှိလို့ပါဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ချမ်း သာချင်ရင် ဘာလုပ်ရမလဲဆိုတော့ သီလခေါ်တဲ့ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံအောင်နေရမယ်။

http://www.dhammadownload.com

ဟောဒီ တရားနာနေတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေ ချမ်းသာချင်သလား ဆင်းရဲချင်သလား၊ (ချမ်းသာချင်ပါ တယ်ဘုရား)။

ချမ်းသာချင်ရင် ပစ္စည်းရှာမလား သီလရှိအောင် ကိုယ်ကျင့်တရား ကောင်းအောင် လုပ်မလား၊ (သီလရှိအောင် လုပ်ပါမယ်ဘုရား)။

ဒါဖြင့် အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သီလရှာ သလား ပစ္စည်းရှာသလား၊ (သီလကုသိုလ်ရှာပြီးနောက် ပစ္စည်းကို ရှာ ပါတယ်ဘုရား)။

ကိုင်း-အဲဒါ ကိုယ့်ကို ကိုယ်မေးပေါ့၊ ငါဟာ တကယ်ချမ်းသာချင် လို့ရှိရင် သီလကုသိုလ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် နေမလားလို့. ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ပါဠိတော်ကြီးမှာ ဘယ်လို ဟောသလဲ။

"သော ဇာမိနာ အရိယေန သီလက္ခန္ဓေန သမန္နာ-
ဂတော အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ"။

သော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အရိယေန၊ မြတ်စွာသော။ ဇာမိနာ သီလက္ခန္ဓေန၊ ဤပါတိမောက္ခသံဝရ သီလနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ အနဝဇ္ဇသုခံ၊ အပြစ်မရှိတဲ့ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစားစံစား၍ နေရ၏။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ မက်တာ ဘာမက် တယ် ပစ္စည်းချမ်းသာတာကို မက်တယ်၊ ရာထူးကြီးကြီးရဘို့ မက်တယ်၊ အဲ့ဒီရာထူးကြီးကြီးရတယ်, ပစ္စည်းတွေ အများကြီးရတယ်၊ ဥပမာဆိုပါ တော့-အင်မတန်ကြီးတဲ့ ရာထူးကြီးနဲ့ ပုဂ္ဂိုလ်ဆိုပါတော့၊ ပစ္စည်း ချမ်း သာတဲ့ သူဌေးကြီးဆိုပါတော့၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ လူသတ်မှု,ခိုးမှုစတဲ့ ရာဇဝတ်မှုအပြစ်တွေရှိနေမယ်၊ ကာမဂုဏ်လွန်ကျူးမှုဆိုတဲ့ အပြစ်တွေလဲ ရှိနေမယ်ဆိုရင် အဲ့ဒီအရာရှိကြီးနဲ့ သူဌေးကြီးဟာ ချမ်းသာမလား- မချမ်းသာဘူးလား၊ (မချမ်းသာပါဘုရား)။

http://www.dhammadownload.com

ရာထူးမရှိလို့, ပစ္စည်းမရှိလို့ မချမ်းသာတာလား သီလမရှိလို့ မချမ်းသာတာလား၊ (သီလမရှိလို့ မချမ်းသာတာပါဘုရား)။

ဒါဖြင့်-အဲဒီ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီး တွေဟာ ချမ်းသာချင်ရင် ဘာလုပ်ရမလဲ၊ (သီလနှင့်ပြည့်စုံရပါမယ်ဘုရား)။

ဝိပဿနာဂုဏ်သိုလ် မဟုတ်သေးဘူး သီလကုသိုလ်ဘဲ ကြည့်စမ်း၊ ပစ္စည်းတွေ ရာထူးတွေရှိတာနဲ့ သီလရှိတာဟာ ဘယ်သူကပိုပြီးချမ်းသာ သလဲ၊ (သီလရှိတာ ချမ်းသာပါတယ်ဘုရား)။

ဒါ ဝိပဿနာတရားနဲ့ ပတ်သက်တဲ့ မဂ်ချမ်းသာ,ဖိုလ်ချမ်းသာ မဟုတ် သေးဘူးနော်၊ (မှန်ပါ့ဘုရား)။

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရားရဲ့ သာသနာ တော်မှာ သီလ သာသနာဆိုတဲ့ အစကောင်းခြင်းသည်ပင် ဘယ် လောက် ချမ်းသာနေတယ်ဆိုတာ ကြည့်စမ်း၊ ဘုန်းကြီးတို့ အမျိုး ကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဒီချမ်းသာကို လိုချင်သလား မလိုချင်ဘူးလား၊ (လိုချင်ပါတယ်ဘုရား)။

အသဒ္ဓေါစ အမာယာဝီ-ဆိုတဲ့အတိုင်း ကိုယ့်ကိုယ်ကို မလှည့်စား နဲ့တဲ့၊ ကိုယ့်ကိုယ်ကို မလှည့်ပတ်နဲ့တဲ့၊ သီလချမ်းသာကို လိုချင်တယ် ဆိုပေမယ်လို့ ရှာတော့ဘာရှာလဲ။

> ''အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံ ယေဝ ပရိယေသတိ၊ အတ္တနာ ဇရာ ဓမ္မော သမာနော ဇရာဓမ္မံ ယေဝ ပရိယေသတိ၊ အတ္တနာ မရဏ ဓမ္မော သမာနော မရဏဓမ္မံ ယေဝ ပရိယေသတိ၊ အတ္တနာ သောက ဓမ္မော သမာနော သောက ဓမ္မံ ယေဝ ပရိယေသတိ၊ အတ္တနာ သံကိလေသ ဓမ္မော သမာနော သံကိလေသ ဓမ္မံ ယေဝ ပရိယေသတိ''။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မိမိကိုယ်တိုင်က ဖြစ်တဲ့သဘောရှိသည် ဖြစ်ပါလျက်သားနဲ့ ဖြစ်တတ်တဲ့ သားတွေ, မယားတွေ, ပြီးတော့ ညစ်နွမ်းတတ်တဲ့သဘောရှိတဲ့ ရွှေ, ငွေ,ဘဏ္ဍာ,

http://www.dhammadownload.com

ရတနာတွေကို ရှာနေတယ်၊ မိမိကိုယ်တိုင် ဒိုတဲ့သဘောတွေ, နာတဲ့ သဘောတွေ, သေတဲ့သဘောတွေရှိသည် ဖြစ်ပါလျက် အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများဟာ သမီး, သား, ဇနီး, မယား တည်းဟူသော ဒိုတတ်တဲ့ သဘောတရားတွေကို ရှာတယ်၊ နာတတ်တဲ့ သဘောတွေကို ရှာတယ်၊ သေတတ်တဲ့သဘောကို ရှာတယ်။

မိမိကိုယ်တိုင် ညစ်နွမ်းခြင်းသဘော ရှိသည်ဖြစ်ပါလျက် ညစ်နွမ်း ခြင်းရှိတဲ့ သဘောတရားကိုသာ ရှာတယ်၊ အပြစ်ရှိတဲ့ တရားတွေကိုဘဲ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ရှာနေတယ်။

ဥပမာ—အမျိုးကောင်းသား တယောက်ဟာ အမျိုးကောင်း သမီး တယောက်ကို ရှာတယ်ဆိုပါတော့၊ အပြစ်ရှိတာ ရှာတာလား အပြစ် မဲ့တာ ရှာတာလား၊(အပြစ်ရှိတာ ရှာတာပါဘုရား)။

သေသေချာချာ စဉ်းစားကြည့် စီးပွားဥစ္စာ, ရတနာ,ရွှေတွေ,ငွေတွေ ကို ရှာတယ်ဆိုပါတော့၊ အပြစ်ရှိနေတာကို ရှာတာလား အပြစ်မဲ့တာ ကို ရှာတာလား၊ (အပြစ်ရှိတာကို ရှာတာပါဘုရား)။

အမျိုးကောင်းသားတယောက်ဟာ, အမျိုးကောင်းသမီးတယောက် ဟာ သီလကုသိုလ်ကို ရရ ရအောင်ရှာတယ်၊ သီလကုသိုလ်ကို မရ ရအောင် စောင့်ရှောက် ထိန်းသိမ်းတယ်လို့ဆိုပါတော့၊ အပြစ်ရှိတာ ကို ရှာတာလား အပြစ်မရှိတာကို ရှာတာလား၊ (အပြစ်မရှိတာကို ရှာတာပါဘုရား)။

တို့ဘာရှာကြမတုံး မညာတမ်း မလိမ်တမ်း ကိုယ့်ကိုယ်ကို မညာ တမ်းဆိုရင် ယနေ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဟောဒီတရားပွဲထဲက ပြန်သွား နက်ဖြန်ခါ မနက် မိုးလင်းတာနဲ့ တပြိုင် နက် ဘယ်သွားမလဲ၊ (ပစ္စည်းရှာတဲ့နေရာ သွားမှာပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဆင်းရဲတယ် ဆိုတာ ရာထူးမရှိလို့ ပစ္စည်းမရှိလို့ ဆင်းရဲတာလား ကိုယ်ကျင့်တရား ပျက်တဲ့အတွက် အပြစ်ရှိလို့ ဆင်းရဲတာလား၊ (အပြစ်ရှိလို့ ဆင်းရဲ တာပါဘုရား)။

http://www.dhammadownload.com

အပြစ်မရှိတဲ့ ချမ်းသာကို အမျိုးကောင်းသားတွေ အမျိုးကောင်း သမီးတွေ ခံစားချင်သလား, မခံစားချင်ဘူးလား၊ (ခံစားချင်ပါတယ် ဘုရား)။

ခံစားချင်ရင် ဘာလုပ်ရမလဲ၊ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ်က ချစ်သား ချစ်သမီးဘို့ သင်တို့အပြစ်မရှိတဲ့ ချမ်းသာကို ခံစား ချင်ရင် ပစ္စည်းမရှာနဲ့တဲ့၊ ရာထူးရအောင်မရှာနဲ့တဲ့၊ သီလရအောင်ရှာတဲ့ သီလရှိအောင်လုပ်တဲ့၊ ကိုယ်ကျင့်တရား ကောင်းအောင်လုပ်တဲ့၊ သီလရ၍ သီလရှိနေလျှင် ကိုယ်ကျင့်တရား ကောင်းနေလျှင် ဘယ်လောက်များ ချမ်းသာမလဲလို့ဆိုတာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီး တွေဟာ အပြစ်ရှိတဲ့လူတွေအပြစ်ရလို့စိတ်သင်းပဲ့ရတာကိုမြင်ရလေလေ ကိုယ့်မှာအပြစ်မရှိလို့ စိတ်ချမ်းချမ်းသာသာနဲ့ နေရတယ်ဆိုတဲ့ ချမ်း သာကလေးရနေတာကို တွေးပြီးတော့ ကြည့်စမ်း၊ ငါ့မှာဘယ်လောက် ပျော်နိုင်တယ်, ပါးနိုင်တယ်, ချမ်းချမ်းသာသာလေး နေနိုင်တယ်၊ ဟိုပုဂ္ဂိုလ်မှာတော့ အပြစ်ရှိတဲ့အတွက် မချမ်းသာတော့ဘူး၊ ငါ့မှာ တော့ အပြစ်မဲ့တဲ့အတွက် ချမ်းသာလိုက်တာလို့ တွေးမိပေလိမ့်မယ်။

ဣန္ဒြိယသံဝရသီလ

အဲဒီက တဆင့် တက်ပြီးတော့ သွားလိုက်ကဲ့အခါကျတော့ ဘာကဲ့ လဲ-ဣန္ဒြိယသံဝရသီလ၊ ဣန္ဒြိယသံဝရသီလများက ဘယ်လိုလဲ။

"ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ဣန္ဒြိယ သံဝရာယ ပဋိပန္နော ဟောတိ"။

လို့ ပါဠိတော်မှာ ဘုရားသခင်ဟောထားတယ်၊ ဣန္ဒြိယသံဝရသီလ ကို စောင့်ရှောက်တယ်ဆိုတာ ဘယ်လိုစောင့်ရှောက်တာလဲ ဘုရားလို့ ဆိုတော့ ဘုန်းတော်သခင်ရှင်တော်ဘုရားက သက္ကပဉ္စသုတ်မှာ ဘယ်လို ဟောထားသလဲဆိုတော့—

http://www.dhammadownload.com

"စက္ခုဝိညေယျံ ရူပံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန- ဝဒါမိ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ"။

သောတ ဃာန ဇိဝှါ ကာယ မနမှာလဲ ဒီအတိုင်းဘဲ။

စက္ခုဝိညာဏ်ဖြင့် မြင်အပ်တဲ့အာရုံကို မှီဝဲသင့် မမှီဝဲသင့် ၂-မျိုးလို့ ငါဘုရားဟောတော်မူတယ်၊ အဲဒီတော့ သိကြားမင်းက သိသွားတယ်၊

မမှီဝဲအပ်သော စက္ခုဝိညေယျရူပါရုံ

"ယထာရူပံ ဘန္တေ စက္ခုဝိညေယျံ ရူပံ သေဝ- တော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ဧဝရူပံ စက္ခုဝိညေယျံ ရူပံ န သေဝိတဗ္ဗံ"။

အာရုံတခုကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီအာရုံကို အကြောင်းပြုပြီး တော့ ငါ့မှာ အကုသိုလ်တရားတွေ တိုးပွားမယ်၊ ကုသိုလ်တရားတွေ ဆုတ်ယုတ်မယ်ဆိုရင် ထိုအာရုံမျိုးကိုမကြည့်နဲ့ - တဲ့၊ (မှန်ပါဘုရား)။

အာရုံတခုကို ကြည့်လိုက်လို့ ဒီအာရုံကို အကြောင်းပြုပြီး ငါ့မှာ ကုသိုလ်တရားတွေ တိုးပွားပြီးတော့ အကုသိုလ်တရားတွေ ဆုတ်ယုတ် မယ်ဆိုရင် ထိုအာရုံမျိုးကို ကြည့်တော့တဲ့၊ အဲဒါ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းဘဲ-တနည်း ယုံထိုပါဠိတော် တွေမှာ—

စက္ခုန္ဒြေကို စောင့်ရှောက်ခြင်း

"စက္ခုနာ ရူပံ ဒိသွာ မ နိမိတ္တဂ္ဂါဟီ ဟောတိ မာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိ ကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝ- ရာယ ပဋိပဇ္ဇာတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိ- ယေ သံဝရံ အာပဇ္ဇတိ"။

စက္ခုနာ၊ စက္ခုဝိညာဏ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်၍။ မာနိမိတ္တဂ္ဂါဟီ ဟောတိ၊ ကိလေသာဖြစ်အောင် ယောကျ်ား,

http://www.dhammadownload.com

မိန်းမစတဲ့ နိမိတ်သညာန်ဟု မယူဆနှင့်။ မာအနုဗျဥ္ဇနဂ္ဂါဟီ ဟောဟိ၊ကိလေသာဖြစ်အောင် လက်ခြေ လှုပ်ခြင်း,ပြုံးရယ်ခြင်း စတဲ့ အခြင်းအရာဟု မယူဆနှင့်။ ယတွာဓိကရဏံ၊ အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းကြောင့်။ စက္ခုန္ဒြိယံ၊စက္ခုန္ဒြေကို။ အသံဝုတံ၊မစောင့်ရှောက်ဘဲ။ ဝိဟရန္တံ၊နေသော။နံ၊ ဤသူကို။ ပါပကာ၊ယုတ်မာကုန်သော။အကုသလာဓမ္မာ၊အကုသိုလ်တရား ဖြစ်ကုန်သော။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿ တို့သည်။ အန္ဝာဿဝေယျုံ၊ ယိုစီးဟွက်လာကုန်ရာ၏။ တဿ၊ထို စက္ခုန္ဒြေကို။ သံဝရာယ၊ စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇာဟိ၊ကျင့် လေလော့။စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခာဟိ၊ စောင့်ထိန်းလေ လော့။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်စည်းခြင်းသို့။ အာပဇ္ဇာဟိ၊ရောက်လေလော့။

အာရုံတခုကို မြင်လိုက်မယ်ဆိုရင် ယောကျ်ား, မိန်းမ လှ,မလှ ပုံပန်းသညာန် အသွင်အပြင် နိမိတ်တွေကို မယူဘဲနဲ့ ဣန္ဒြေကို လုံခြုံ အောင် စောင့်ရှောက်ထိန်းသိမ်းထားမယ်ဆိုရင် ဣန္ဒြိယသံဝရသီလကို စောင့်ရှောက် ထိန်းသိမ်းခြင်း ဖြစ်ပါတယ်။

အဘိဇ္ဈာနဲ့ ဒေါမနဿဆိုတဲ့ လောဘနဲ့ ဒေါသ တည်းဟူသော ကိလေသာတွေ မဖြစ်တော့ဘူးတဲ့၊ ထိုလောဘ,ဒေါသဆိုတဲ့ ကိလေသာ တွေ မဖြစ်ဘို့ရန်အတွက် စက္ခုဣန္ဒြေကို လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းထားမယ်ဆိုရင် သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ,ကာယိန္ဒြေ တွေကို စောင့်ရှောက် ထိန်းသိမ်းထားမယ်ဆိုရင် ဣန္ဒြိယသံဝရသီလ လုံခြုံတဲ့ ပုဂ္ဂိုလ်ပါဘဲ။

ထိုပုဂ္ဂိုလ်မှာ ဘာအကျိုးတွေ ရနိုင်သလဲဆိုရင်—

"သော ဣမိနာ အရိယေန ဣန္ဒြိယသံဝရ သီလေန သမန္နာဂတော အဇ္ဈတ္တံ အဗျာသေကသုခံ ပဋိ သံဝေဒေတိ"။

သော၊ထိုပုဂ္ဂိုလ်သည်။ဝါ။အမျိုးကောင်းသား,အမျိုးကောင်း သမီးသည်။ အရိယေန၊ဖြူစင်သော။ဣမိနာ ဣန္ဒြိယသံဝရသီလေ

http://www.dhammadownload.com

နှ၊ ဤဇာ္တြိယသံဝရသီလနှင့်။သမန္နာဂတော၊ ပြည့်စုံသည်။ဟုတ္တာ၊ ဖြစ်၍။ အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ အဗျာသေကသုခံ၊ကိလေသာတို့ဖြင့် မသွန်းလောင်းအပ်တဲ့ ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

အာဇီဝပါရိသုဒ္ဓိသီလ

"ကတမောစ ဘိက္ခဝေ သမ္မာအာဇီဝေါ၊ ဣဓ- ဘိက္ခဝေ၊ အရိယသာဝကော မိစ္ဆာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာ အာဇီဝေါ"။

(မဟာသတိပဋ္ဌာနသုတ်)

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သမ္မာအာဇီဝေါ၊ဖြောင့်မှန်ဖြစ်သော အသက်မွေးမှု သမ္မာအာဇီဝဟူသည်။ ကတမောစ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ မြတ်စွာဘုရား၏ တပည့်သည်။ မိစ္ဆာဇီဝံ၊ မိမိ သူတပါး နှစ်ဦးသားတွင် ထိပါးတိုက်ခိုက် မှားမိုက်ဖေါက်ပြန် မမှန်သော မိစ္ဆာအာဇီဝကို။ ပဟာယ၊ပယ်စွန့်၍။ သမ္မာအာဇီဝေန၊ဖြစ်သော အသက်မွေးခြင်း အာဇီဝဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြုလုပ် ကျွေးမွေး၏။ ဘိက္ခဝေ၊ရဟန်းတို့။ အယံ၊ဤမိစ္ဆာဇီဝကိုပယ်၍ သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းကို။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝဟူ၍။ ဝုစ္စတိ၊ဆိုရ၏။

မဟုတ်မမှန်သောနည်းဖြင့် ရှာမှီး၍ရသော ပစ္စည်းကို ရှောင်ကြဉ်၍ တရားသောနည်း မှန်ကန်သောနည်းတို့ဖြင့် ရသောပစ္စည်းကိုသာ သုံးဆောင်လေ့ရှိသော အမျိုးကောင်းသား၊အမျိုးကောင်းသမီးသည် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသည်ဟု မှတ်ရမည်။

တနည်းအားဖြင့် မိမိတို့၏ စားဝတ်နေရေးစသည်တို့ကို အကြောင်းပြု၍ မိမိနှင့် သူတပါးကို ထိခိုက်နစ်နာစေသော ကိုယ်ကျင့်တရား ပျက်

http://www.dhammadownload.com

ကွက်စေတတ်သည့် မကောင်းမှု ဒုစရိုက်စသည်ကို ပြုလုပ်ပြောဆိုခြင်းမှ ရှင်း၊ သမ္မာဒြပဋိကုဋ္ဌဖြစ်သော ရှင်တော်ဘုရား စက်ဆုပ်ကဲ့ရဲ့အပ်သည့် သိက္ခာပုဒ်ဖြင့်ပင် တားမြစ်ပညတ်၍ထားသော ယုတ်ကိုင်မှုများကို စား ဝတ်နေရေး အသက်မွေးဖို့ရန်အလို့ငှာ မပြုလုပ်မူ၍ ရှောင်ကြဉ်ခြင်း သည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

ပစ္စယသန္နိဿိတသီလ

ပစ္စယသန္နိဿိတသီလ ဆိုတာကတော့ မိမိတို့ နေ့စဉ် မှီဝဲသုံးဆောင် နေတဲ့ စားမှု၊ဝတ်မှု၊နေထိုင်မှုတို့ကို ပညာဖြင့် ဆင်ခြင် သုံးဆောင်မှုကို ပြုလုပ်လေ့ကျင့်တဲ့သဘောကို ခေါ်ပါတယ်၊ နဲနဲလေးရှင်းအောင် ပြော မယ်ဆိုတော့ အစားအသောက်ကို သုံးဆောင်တဲ့အခါမှာ ဖြစ်စေ၊ အဝတ်တန်ဆာကို ဝတ်ဆင်တဲ့အခါမှာဖြစ်စေ၊ အိပ်ရာနေရာနှင့် ဆေး ပစ္စည်းများကို သုံးဆောင်ရာမှာဘဲဖြစ်စေ ဤကိုယ်ခန္ဓာ၏ တည်နေမှုမျှ တစေခြင်း၊ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရုံမျှသာလျှင်၊ ဤခန္ဓာ ကိုယ်၏ ချမ်းမှု၊ ပူမှုကို ကာကွယ်ရုံနှင့် ဟိရိဩတ္တပ္ပအရာတို့ကို ဖုံးလွှမ်း ရုံမျှသာလျှင်၊ဥတုသပ္ပါယ ညီမျှ၍ ကမ္မဋ္ဌာန်းအားရုံတို့၌ နှလုံးသွင်း မွေ့ လျော်ရုံမျှသာလျှင်၊ ရောဂါ ပျောက်ကင်းရုံမျှသာလျှင်- ဤအစားအစာ အဝတ်အထည် နေရာထိုင်ခင်းနှင့် ဆေးဝါးဓာတ်စာများကိုသုံးဆောင် စားသောက်ပါ၏ဟု ဆင်ခြင်၍ သုံးစွဲစားသောက်ခြင်းကိုပင် ပစ္စည်း အသုံးအဆောင်များကို မှီ၍ဖြစ်သော ကိုယ်ကျင့်တရားမျိုးဟု ခေါ်ဆို ပါတယ်။

တနည်းဆိုရင်လဲ ပစ္စည်းကို မသုံးဆောင်မီ ရှေးဦးစွာ ပဋိကူလ သညာကို နှလုံးသွင်း ဆင်ခြင်ရမယ်၊ ဘယ်လိုလဲဆိုတော့—

> "ဝဏ္ဏဂန္ဓရသသမ္ဗန္ဓံ ဇာမံ စီဝရံ အဇိဂုစ္ဆနီယံ၊ ဇာမံ ပူတိကာယံ ပတ္တာပန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ"။

လို့ ဆင်ခြင်ရမယ်။

ဇာမံ စီဝရံ၊ ဤအဝတ်သင်္ကန်းသည်။ ဝဏ္ဏဂန္ဓရသသမ္ဗန္ဓံ၊ အဆင်းအနံ့အရသာနှင့် ပြည့်စုံ၏၊ အဇိဂုစ္ဆနီယံ၊စက်ဆုပ် ဖွယ်

http://www.dhammadownload.com

ရှာဘွယ်မရှိ။ ပူတိ၊ပုတ်ခြင်းသဘောရှိသော။ ဇာမံကာယံ၊ ဤခန္ဓာကိုယ်သို့။ ပတ္တာပန၊ ရောက်သော်မူကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရွံရှာဘွယ်ရှိသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်လတ္တံ့။

ဟု နှလုံးသွင်းဆင်ခြင်ခြင်းကို ပြုလုပ်ပေးရမယ်၊ ကျန်တဲ့ အစားအသောက်, အိပ်ရာနေရာ, ဆေးဝါးစတဲ့တို့ကိုလဲ -

(၁) ဝဏ္ဏဂန္ဓရသ သမ္ပန္နံ ဇာမံ ပိဏ္ဍပါတ အဇိဂုစ္ဆနီယံ၊ ဇာမံ ပူတိကာယံ ပတ္တာပန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ။

(၂) ဝဏ္ဏဂန္ဓရသသမ္ပန္နံ ဇာမံ သေနာသန အဇိဂုစ္ဆနီယံ၊ ဇာမံ ပူတိကာယံ ဖုသိတွာ ပရိဘောဂေန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ။

(၃) ဝဏ္ဏဂန္ဓရသ သမ္ပန္နံ ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရံ အဇိဂုစ္ဆနီယံ။
ဇာမံ ပူတိကာယံ ပတ္တာပန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ။

လို့-အဲဒီလို အရာဌာနအားလျော်စွာ ပဋိကူလသညာကို နှလုံးသွင်းလျက် သုံးဆောင်မှီဝဲခြင်းကို ပြုလုပ် လေ့ကျင့်ပေးရမယ်၊ ဒီလို ပြုလုပ်ဆင်ခြင်၍ ပစ္စည်းဥစ္စာကို သုံးဆောင်မှီဝဲခြင်းသည်ပင် ပစ္စည်းကို မှီ၍ ဖြစ်တဲ့ ပစ္စယသန္နိဿိတသီလလို့ ခေါ်တာပါဘဲ။

အဲဒီလို သီလကုသိုလ်မျိုးကိုလဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပြည့်စုံအောင် ဖြည့်ကျင့်နိုင်ကြရမယ်။

ချုပ်ခဲ့တဲ့ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလဆိုတဲ့ သီလလေးမျိုးကို ပြည့်စုံအောင် ကျင့်သုံးဖြည့်ကျင့်ခြင်းကိုဘဲ စတုပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်တယ်လို့ ခေါ်တယ်၊ အဲဒီသီလလေးမျိုးလုံးခြုံရင် မပျက်စီးရင် သီလဝန္တသုဝိသုဒ္ဓ ဆိုတဲ့အတိုင်း သီလရှိတဲ့ပုဂ္ဂိုလ်, ကိုယ်ကျင့်တရားရှိတဲ့ ပုဂ္ဂိုလ်လို့ခေါ်

http://www.dhammadownload.com

ရတယ်၊ အဲဒီလို ကိုယ်ကျင့်တရား ကောင်းခြင်းသည်ပင်လျှင် ကုသိုလ်၏အစကို သုတ်သင်ရှင်းလင်းခြင်းလို့ ဒီလိုမှတ်ရပါမယ်။

ကိလေသာဆိုတာ–အပူလား အအေးလားလို့ဆိုတော့ အပူတဲ့၊ ကိလေသာ အပူရေဖြင့် နေ့စဉ်နှင့်အမျှ ဟောဒီ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ အလောင်းခံနေရတယ်၊ ကိလေသာ အပူတောကြီးထဲကို အမြဲတမ်းသွားနေရတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လောဘတော, ဒေါသတော, မောဟ တောထဲကို ရှောက်သွားနေရတယ်။

အဲဒီ ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းရတဲ့ပုဂ္ဂိုလ်သည် ကိလေသာ တည်းဟူသော အပူရေတို့ဖြင့် မသွန်းလောင်းအပ်သော မြေတဲ့ချမ်းသာကို ခံစားရတယ်၊ ကိလေသာကင်းတဲ့ချမ်းသာ၊ ဒါ–သီလကုသိုလ်နဲ့ ပြည့်စုံဘို့ဘဲ၊ ဒီသီလကုသိုလ် စင်ကြယ်အောင်, ဣန္ဒြိယသံဝရသီလတွေ စင်ကြယ်အောင် ပြုလုပ်ပြီးတဲ့ အခါ–

မိစ္ဆာဒိဋ္ဌိ

"ဒိဋ္ဌိစ ဥဇုကာ"။ ။ဒိဋ္ဌိစ၊ အယူဖြောင့်ရမယ်၊ ဒိဋ္ဌိဆိုတာ ဘာကို ဒိဋ္ဌိလို့ခေါ်သလဲ၊အဘိနိဝေသတော ပရာမာသော ဒိဋ္ဌိ(ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ) မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းကို ဒိဋ္ဌိလို့ခေါ်တယ်၊ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းသည် ဒိဋ္ဌိ၊ ဝိညာဏ်,နာမ်, ရုပ်သည် ဒိဋ္ဌိမဟုတ်ဘူး၊ရုပ်,ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးသည် ဒိဋ္ဌိမဟုတ်ဘူး။

အဲဒီ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ် တရားတို့ရဲ့ အပေါ်မှာ မှားသောအားဖြင့် ယူစွဲခြင်းသည်သာလျှင် ဒိဋ္ဌိ၊ ဒိဋ္ဌိစေတသိက်၊အဲဒီ စေတသိက်ကလဲဘဲ နာမ်ခန္ဓာထဲမှာပါတယ်၊ နာမ်ခန္ဓာထဲမှာ ပါတဲ့ဒိဋ္ဌိ စေတသိက်ကို အနိစ္စအနေနဲ့, ဒုက္ခအနေနဲ့, ဝိပရိဏာမအနေနဲ့ ကြည့်လိုက်မယ်ဆိုရင် ဒိဋ္ဌိမှန်းသိတယ်၊ အဲဒီ ဒိဋ္ဌိစေတသိက်ကို နာမ်ထဲထည့်ပြီးတော့ ဝိပဿနာရှုလိုက်မယ် ဆိုရင်– ဒိဋ္ဌိစေတသိက်ကို ဝိပဿနာရှုလို့ ဖြစ်သေးတယ်။

http://www.dhammadownload.com

ဒိဋ္ဌိဖြစ်ကြောင်း ၆-မျိုးတွင် ရုပ်၌ဒိဋ္ဌိဖြစ်ကြောင်း

အဲဒီ ဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်းဟာ ပါဠိတော်မှာ (၆) မျိုးပြတယ်။

ဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်းက ဘယ်နှစ်မျိုးတဲ့လဲ၊ (၆-မျိုးပါဘုရား)။

အဲဒီ ၆-မျိုးကို ဘယ်လိုဟောသလဲဆိုတော့—

"ဆယိမာနိ ဘိက္ခဝေ ဒိဋ္ဌိဋ္ဌာနာနိ၊ ကတမာနိ ဆ။ ဣဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော 'ရူပံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ' သမနုပဿတိ"။

တဲ့-အဲဒါတဋ္ဌာန။

[မ၊ ၁။ ၁၀၀]

ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဋ္ဌိဋ္ဌာနာနိ၊ ဒိဋ္ဌိဖြစ်ကြောင်းတို့သည်။ ဆမာနိဆ၊ ဤခြောက်ပါးတို့တည်း။ ကတမာနိဆ၊ အဘယ်ခြောက်ပါးတို့နည်းဟူမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောက၌။ အရိယာနံ၊ အရိယာတို့ကို၊ အဒဿာဝီ၊ ဖူးမြင်လေ့မရှိသော။ အရိယဓမ္မဿ၊ အရိယာတို့၏ တရားကို။ အကောဝိဒေါ၊ မသိ မလိမ္မာသော။ အရိယဓမ္မေ၊ အရိယာတို့၏တရား၌။ အဝိနီတော၊ မဆုံးမ မယဉ်ကျေးသော။ သပ္ပုရိသာနံ၊ သူတော်ကောင်းတို့ကို။ အဒဿာဝီ၊ ဖူးမြင်လေ့မရှိသော။ သပ္ပုရိသဓမ္မဿ၊ သူတော်ကောင်းတရားကို။ အကောဝိဒေါ၊ မသိ မလိမ္မာသော။ သပ္ပုရိသဓမ္မေ၊ သူတော်ကောင်းတရား၌။ အဝိနီတော၊ မဆုံးမ မယဉ်ကျေးသော။ အဿုတဝါ၊ တရားစကား အကြားအမြင်နည်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ရူပံ၊ ရုပ်တရားကို။ ဧတံ၊ ဤရုပ်တရားသည်။ မမ၊ ငါ့ဥစ္စာ ငါပိုင်ဖြစ်၏။

http://www.dhammadownload.com

သောတံ မွော၊ ဤရုပ်တရားသည်။ အဟံ အသ္မိ၊ ငါပင်ဖြစ်၏။ သောတ မွော၊ ဤရုပ်တရားသည်။ မေ အတ္တာ၊ ငါ့ကိုယ်ငါအစိုးရသည့်အတ္တဖြစ်၏။ ဇုတိ၊ ဤသို့။ သမနုပဿတိ၊ အမှားသုံးသပ်ရှုမြင်တတ်၏။

အရိယာသူတော်ကောင်းတွေကို ဖူးမြင်လေ့မရှိတဲ့ အရိယာသူတော်ကောင်းတွေရဲ့ တရားကို နာကြားလေ့မရှိတဲ့ အရိယာသူတော်ကောင်းတို့ရဲ့တရား၌ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့ အကြားအမြင်နည်းပါးပြီး တရားနာလေ့မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာတဲ့ ရုပ်ကို ငါ့ဥစ္စာ,ငါ့ပစ္စည်းလို့ စွဲလမ်းတယ်၊ ရုပ်ကို ငါဖြစ်တယ်လို့ စွဲလမ်းတယ်၊ ရုပ်ကို ငါ့ရဲ့ မှီရာတည်ရာ အစိုးရ အတ္တတရားလို့ ဒီလိုစွဲလမ်းတယ်၊ အဲဒါ ဒိဋ္ဌိစွဲလမ်းတဲ့ ဌာနတဌာန။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကြည့်စမ်း၊ ဒီနေရာမှာလဲဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ခေါင်းပေါ်မှာရှိနေတဲ့ ဆံပင်ကိုကိုင်ပြီးတော့ မေးမယ်၊ဒါဘယ်သူ့ဆံပင်လဲလို့ မေးရင် ဘာပြောမလဲ၊ ငါ့ဆံပင်၊ ဟောဒါ ဘယ်သူ့ လက်ညှိုးကလေးလဲလို့မေးရင် ငါ့လက်ညှိုး၊ ဟောဒါ ဘယ်သူ့နားရွက်လဲလို့မေးရင် ငါ့နားရွက်၊ ဒါဘယ်သူ့မျက်လုံးလဲမေးရင် ငါ့မျက်လုံး၊ ဒါ ငါ့လက်, ဒါငါ့ခြေ, ဒါငါ့ကိုယ်နဲ့ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

အဲဒါ ဘာကိုပြောတာလဲ၊ ရုပ်တရားတွေကို ငါ့ဥစ္စာလို့ လုပ်ထားတဲ့ ဒိဋ္ဌိဘဲ၊ မှားသောအားဖြင့် ယူစွဲသုံးသပ်ခြင်းသည် ဒိဋ္ဌိ။

ခုနေ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေကို မေးမယ်၊ သင့်ကိုယ် ဘယ်မှာလဲလို့မေးရင် ဘာကို လက်ညှိုးထိုးပြမလဲ၊ (ငါဒီမှာလို့) ဒီရုပ်ကြီးကို လက်ညှိုးထိုးပြမလား ထိုးမပြဘူးလား၊ (ထိုးပြပါတယ်ဘုရား)။

"ဧသောဟမသ္မိ"၊ ။သော၊ ဤရုပ်သည်။အဟံ၊ငါသည်။ အသ္မိ၊ ဖြစ်၏။ ငါဒီမှာလို့ ရုပ်ကို လက်ညှိုးထိုးပြမယ်၊ အဲဒီလို ငါဒီမှာလို့ လက်ညှိုးထိုးပြခြင်းသည် ဒိဋ္ဌိ၊ ရုပ်က ဒိဋ္ဌိမဟုတ်ဘူး။

ဆံပင်,မွေးညှင်း,လက်သည်း ခြေသည်းတွေက ဒိဋ္ဌိမဟုတ်ဘူး၊ ငါ့ဆံပင်, ငါ့လက်, ငါ့ခြေ, ငါ့ရုပ်ဆိုတဲ့ စွဲလမ်းထားတဲ့ တဏှာသည်သာ

http://www.dhammadownload.com

လျှင် ဒိဋ္ဌိ၊ မှားသော သုံးသပ်ယူစွဲခြင်း၊ ငါ၏မှီရာ တည်ရာက ဘယ်မှာ၊ လဲလို့ မေးရင် "ဧသော မေ အတ္တာ"။ဧသော၊ ဤရုပ်သည်။ မေ၊ငါ၏၊ အတ္တာ၊ အားကိုးစရာကိုယ်ပါပေတည်း။အဲသလို ရုပ်ပေါ်မှာ မှားသော၊ အားဖြင့် ယူစွဲခြင်းဆိုတဲ့ ဒိဋ္ဌိကတမျိုး။

ဝေဒနာစသည်၌ ဒိဋ္ဌိဖြစ်ကြောင်း

> ဝေဒနံ 'ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ' သမနုပဿတိ။
>
> [မ၊ ၁၊၁၀၉]

(၂) ဝေဒနာအပေါ်မှာ အထက်က ပြခဲ့တဲ့အတိုင်း ဒိဋ္ဌိစွဲခြင်းက တမျိုး။

(၃) သညာအပေါ်မှာ ဒိဋ္ဌိစွဲခြင်းက တမျိုး။

(၄) သင်္ခါရတရားအပေါ်မှာ ဒိဋ္ဌိစွဲခြင်းကတမျိုး။

ဒိဋ္ဌိစွဲခြင်းရဲ့တရား, ဒိဋ္ဌိစွဲခြင်းအကြောင်းလေးမျိုးရှိသွားပြီ၊ နောက်တမျိုးက ဘာလဲ။

ဒိဋ္ဌစသည်၌ ဒိဋ္ဌိဖြစ်ကြောင်း

> "ယံပိ တံ ဒိဋ္ဌံ သုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုဝိစရိတံ မနသာ၊ တံပိ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ သမနုပဿတိ"။
>
> [မ၊၁၊၁၀၉]

(၅) အကြင်အကြင်သို့သော မြင်အပ်, ကြားအပ်, နမ်းအပ်, လျက်အပ်,တွေ့ထိအပ်သော ဒိဋ္ဌ သုတ မုတ အာရုံအမျိုးမျိုးတွေကို"ဧတံမမ၊ ဧသောဟမသ္မိ၊ဧသော မေ အတ္တာ"။ငါဖြစ်တယ် ငါ့ဥစ္စာဖြစ်တယ်,ငါ၏ အားကိုးစရာ အနှစ်အတ္တဖြစ်တယ်လို့ မှားသောအားဖြင့် ယူစွဲခြင်းသည် ဒိဋ္ဌိဖြစ်ခြင်းရဲ့အကြောင်းဘဲ၊ ဒိဋ္ဌိဖြစ်ခြင်းရဲ့အကြောင်း ၅-မျိုး ရှိသွားပြီ၊ နောက်ပြီးတော့—

http://www.dhammadownload.com

လောကအတ္တဒိဋ္ဌိဖြစ်ကြောင်း

"ယံပိ တံ ဒိဋ္ဌိဋ္ဌာနံ သော လောကော သော အတ္တာ၊ သော ပေစ္စ ဘဝိဿာမိ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော သဿတိသမံ တထေဝ ဌဿာမိ တိ၊ တံပိ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ သမနုပဿတိ"။

[မ၊၁။၁၇၉]

(၆) ခြောက်ခုမြောက် ဒိဋ္ဌိစွဲခြင်းရဲ့အကြောင်း အနက်အဓိပ္ပါယ်က ဘယ်လိုလဲလို့ ဆိုတော့–

သော၊ထိုရုပ်သည်။ လောကော၊ လောကပေတည်း။ သော၊ ထိုရုပ်သည်။ အတ္တာ၊အနှစ်သာရ အတ္တပါပေတည်း။သောအဟံ၊ ထိုငါသည်။ ပေစ္စ၊ တမလွန်လောက၌။ ဟုတွာ၊ ဖြစ်၍။ နိစ္စော၊ မြဲသည်။ ဓုဝေါ၊ မချွတ်မလွဲသည်။ သဿတော၊ တည်တန့်ခိုင်ခန့်သည်။ ဘဝိဿာမိ၊ ဖြစ်အံ့၊ အဝိပရိဏာမဓမ္မော၊ ဖေါက်ပြန်ပျက်စီးခြင်းသဘောမရှိသည်။ ဘဝိဿာမိ၊ဖြစ်အံ့။ သဿတိသမံ၊ အမြဲ တည်သော မြေ, မြင့်မိုရ်တောင်နှင့် အလား တူစွာ။ တထေဝ၊ ရှေးအတိုင်းသာလျှင် ဌဿာမိ၊ တည်အံ့။ ဣတိဧတံ ဌာနံ၊ ဤဒိဋ္ဌိရဲ့ တည်ရာအကြောင်းကို။ ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသောမေ အတ္တာတိ၊ ငါဖြစ်တယ်, ငါ့ဥစ္စာဖြစ်တယ်, ငါ၏အနှစ်အတ္တဖြစ်တယ်ဟု။ သမနုပဿတိ၊ ရှု၏။ ။အဲဒီလို စွဲလမ်းခြင်းသည် ဒိဋ္ဌိစွဲလမ်းခြင်း၏အကြောင်းဘဲ။

အဲဒီတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ရုပ်ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်မှာ ငါ့ဥစ္စာဖြစ်တယ်, ငါဖြစ်တယ်လို့ ဆိုတဲ့ ဒီအစွဲကို ဘုန်းကြီးဘို့ နက်ဖြန်ခါကျတော့ ဝိပဿနာလုပ်ကွက်မှာ အဲဒီ ဒိဋ္ဌိစွဲပုံတွေကို ကွာအောင် ခွါပြီးတော့ပြမယ်၊ ဒီနေ့ညတော့ သုတ္တန်ရိုးရိုးဘဲ ဆက်ပြီးဟောသွားကြဦးစို့ရဲ့။

http://www.dhammadownload.com

ဒိဋ္ဌိဥဇုကအယူဖြောင့်မတ်ပုံ

အဲသလို ဒိဋ္ဌိအယူတွေရှိနေတဲ့ ဒိဋ္ဌိအယူဌာန ၆-မျိုးမှာ—

"နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ"။

အော်-ဤရုပ်တရားတွေသည် ငါ့ဥစ္စာတွေလဲမဟုတ်၊ ဤရုပ်တရားတွေသည် ငါလဲမဟုတ်ဘူး၊ရုပ်တရားမျှသာဖြစ်တယ်၊ ဤရုပ်တရားတွေသည် ငါ၏ အနှစ်အတ္တမဟုတ်ဘူး၊ရုပ်တရားမျှသာ ဖြစ်တယ်လို့ အဲဒီလို ယူလိုက်ရင် ဒိဋ္ဌိမစွဲတော့ဘူး၊ ဒိဋ္ဌိစ ဥဇုကာဖြစ်ရော။

ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ်မှာလဲ ထို့အတူ ခုနကပြောခဲ့တဲ့ဟာကို ဇာတိရေကလှန်လိုက်ရင် ဘယ်လိုဖြစ်မလဲ။

ဤဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့ တရားစုတွေမှာလဲ ငါမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ၏အနှစ် အတ္တမဟုတ်ဘူး၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့ တရားမျှသာလျှင် ဖြစ်တယ်လို့ စွဲယူလိုက်ရင် ဒိဋ္ဌိမစွဲတော့ဘူး၊ အဲသလို ဒိဋ္ဌိမစွဲတာကိုဘဲ ဒိဋ္ဌိစ ဥဇုကာ ဖြစ်ကရော။

အဲဒါက ပါဠိတော်မှာလာတဲ့ ဒိဋ္ဌိစ ဥဇုကာကို ပါဠိတော်နဲ့ ပြန်ဖွင့်ပြီး ဟောကြားခြင်းဖြစ်ပါတယ်။

အဋ္ဌကထာဖွင့်ပုံ

တနည်း-အဋ္ဌကထာဖွင့်ပုံ၊ အပရောနယော= ပါဠိတော် နည်းမှ တပါး အဋ္ဌကထာနည်းကို ပြရမယ်ဆိုရင်ဖြင့် "ဒိဋ္ဌိစ ဥဇုကာ"ကမ္မဿကတာဒိဋ္ဌိ၊ ဘာဒိဋ္ဌိတဲ့လဲ၊ (ကမ္မဿကတာဒိဋ္ဌိပါဘုရား)။

ကိုင်း ဒီမှာ ဒါနခဏ်း ဘုန်းကြီးဟောပါ့မယ်၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက ဒီဘုန်းကြီးက ဒါနခဏ်း မဟောဘူးလို့ ပြောကြပါတယ်၊ ဒီတော့ ဘုန်းကြီး ဒါနခဏ်း ဟောပါ့မယ်၊ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဘုန်းကြီးမေးပါရစေ၊ ဒါနကုသိုလ်တွေလုပ်တော့ အကျိုးရချင်လို့ လုပ်တာလား အကျိုးမရချင်လို့လုပ်တာလား၊ (အကျိုးရချင်လို့ လုပ်တာပါဘုရား)။

http://www.dhammadownload.com

အကျိုးရချင်လို့ လုပ်တဲ့ဒါနကုသိုလ်သည် နိဗ္ဗာန်ချမ်းသာတိုက်ရိုက် ရနိုင်ပါ့မလား၊ (တိုက်ရိုက်မရနိုင်ပါဘုရား)။

တိုက်ရိုက်အကျိုးပေးလာရင် ဘာပေးမလဲ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ" အကျိုးပေးလာလျှင် ဘာရမလဲ ရုပ်ခန္ဓာမရဘူးလား၊ (ရပါတယ်ဘုရား)။

နာမ်ခန္ဓာ မရဘူးလား၊ (ရပါတယ်ဘုရား)။

ရုပ်ခန္ဓာ,နာမ်ခန္ဓာ ရရင် သုခရတာလား, ဒုက္ခရတာလား၊ (ဒုက္ခရတာပါဘုရား)။

လိုချင်ကြသလား၊ (မလိုချင်ပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဟောဒီ ဒါနကုသိုလ်တွေ ရှိကြပြီ၊ဒါပေမဲ့ ဒါနကုသိုလ် ပြုနည်းကလေးကို ဘုန်းကြီးပြောမယ်။

ကမ္မသကတဉာဏ်နှင့် ဒါန်ပြုပုံပြုနည်း

"ဒိန္နံစ ဥဇုကာတိ ကမ္မသကတာဒိန္နံ"လို့ အဋ္ဌကထာက ဖွင့်တယ်၊ ကုသိုလ်ကံအကုသိုလ်ကံနှင့် ၎င်းတို့ရဲ့ အကျိုးတရားကို ယုံကြည်ပြီးတော့ ပြုလုပ်တဲ့ကုသိုလ်ကံသည် မိမိရဲ့ဥစ္စာ၊ ကုသိုလ်ကံသည် မိမိရဲ့ ဆွေမျိုး၊ ကုသိုလ်ကံသည် မိမိ၏တည်ရာမှီရာ၊ကံသာလျှင် မိမိရဲ့ အစီအမံ ဖန်တီးရာကို ရတယ်လို့ဆိုတော့ အဲဒီ ကုသိုလ်ဖြစ်ရန် ဒါနမှုတခုကို ပြုကြတော့မယ်လို့ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို ပြန်ကြည့်တော့။

> "ဥပါဒါနပစ္စယာ ဘဝေါ"။ ။ဥပါဒါန ပစ္စယာ၊ ဥပါဒါန် တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ကမ္မဘဝဆိုတဲ့ ကုသိုလ် ကမ္မဘဝသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၍လာ၏။

အဲဒီကုသိုလ်ကံသည် ဘာကြောင့်ဖြစ်သလဲ၊ဥပါဒါန်ကြောင့်၊ကုသိုလ်ကံ ဘယ့်သူ့ကြောင့်ဖြစ်သလဲ၊(ဥပါဒါန်ကြောင့်ပါဘုရား။)

ယနေ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လှူကြတန်းကြတဲ့အခါကြတော့ ကုသိုလ်ကံတွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com

အဲဒီ ကုသိုလ်တွေ ဖြစ်လာတာဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲ ဥပါဒါန်ကြောင့်၊ ဘယ်သူ့ကြောင့်တဲ့လဲ၊ (ဥပါဒါန်ကြောင့် ပါဘုရား)။

အဲဒီ ကုသိုလ်ကံဖြစ်အောင် ဘယ်သူကလုပ်ပေးလိုက်သလဲ ဆိုတော့ ဟိုနောက်နားမှာ ဥပါဒါန်လို့ ရှိတယ်၊ အဲဒီ ဥပါဒါန်တွေက ဘာတွေလဲတဲ့ဆိုရင် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တဲ့ ဥပါဒါန်ဘယ်နှစ်မျိုးလဲ၊ (လေးမျိုးပါဘုရား)။

အဲဒီ ဥပါဒါန်လေးမျိုးဟာ အတ္တဝါဒုပါဒါန်က အရင်းခံဘဲ၊ ခုနက "ရူပံ တော် မမ၊ သောဟမသ္မိ၊ ဧသော မေ အတ္တာတိ"လို့ စွဲလိုက်တဲ့ ဒိဋ္ဌိသည် အတ္တဝါဒုပါဒါန်၊ အဲဒီ အတ္တဝါဒ ပါဒါန်က ဘယ်လိုလုပ်လဲ ယူတဲ့ပုဂ္ဂိုလ်က ဘယ်သူလဲလို့ဆိုတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ငါလှူလိုက်တယ်လို့ဆိုရင် အတ္တဝါဒ ပါဒါန်ဖြစ်ပြီတဲ့၊ ငါ လှူလိုက်တယ်ဆိုတာ ဘာပြုလို့ အတ္တဝါဒ ပါဒါန်ဖြစ်သလဲ၊ လှူတဲ့သဘောက အလောဘတရား၊ ဘာတရားတဲ့လဲ၊ (အလောဘ ပါဘုရား)။

အဲဒီ အလောဘကို ငါလို့စွဲလိုက်သည် ဖြစ်ပါသောကြောင့် ငါသည် ဒိဒါနကုသိုလ်ကလေးကို အားကိုးအားထား ပြုပြီးတော့ တမလွန်ဘဝ သွားရလိမ့်မယ်လို့- အဲဒီအလောဘဆိုတဲ့ ဒါနကုသိုလ်ကလေးတွေကို ကိုယ်မှီရာတည်ရာဆိုပြီး အားကိုးထားတယ်၊ အဲဒါ အားကိုးမထားဘူးလား၊ (အားကိုးထားပါတယ်ဘုရား)။

အဲသလို ငါရဲ့အနေမျိုးဖြင့် အားကိုးအားထားဒါကို အတ္တဝါဒုပါဒါန်လို့ခေါ်တယ်၊ အဲဒီ အတ္တဝါဒုပါဒါန်ကြောင့် ဘာရသလဲ—သက္ကာယဒိဋ္ဌိ၊ ဘာဒိဋ္ဌိတဲ့လဲ၊ (သက္ကာယဒိဋ္ဌိပါဘုရား)။

သက္ကာယဒိဋ္ဌိ

သ-သဘောအားဖြင့် ထင်ရှားသော၊ ကာယ-အလောဘ စေတနာ သဒ္ဓါဆိုတဲ့ တရားအပေါင်း၌၊ ဒိဋ္ဌိ-မှားသောအားဖြင့် ငါလှူတယ်လို့ စွဲလမ်းခြင်းသည်-သက္ကာယဒိဋ္ဌိတဲ့။

သ-က ထင်ရှားရှိတယ်၊ ကာယက ဘာလဲ အလောဘရယ်, သဒ္ဓါရယ်, စေတနာရယ်ဆိုတဲ့ တရားအပေါင်း၊အဲဒီ သဒ္ဓါစေတနာ ဆိုတဲ့

http://www.dhammadownload.com

ထင်ရှားရှိတဲ့ တရားအပေါင်း၌ ငါလှူတယ်လို့ ယူစွဲလိုက်တော့ ဒိဋ္ဌိဖြစ်တယ်။

အဲဒီ သက္ကာယဒိဋ္ဌိလို့ခေါ်တဲ့ အတ္တဝါဒုပါဒါန်ကြောင့် (သက္ကာယဒိဋ္ဌိကြောင့်)ဟိုဘက်မှာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ၂-လုံးထွက်လာတယ်၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လှူတဲ့ အခါတိုင်း ဒီနေရာကလေးမှာ သတိထားကြပါ၊ သဿတနဲ့ ဥစ္ဆေဒထွက်လာပုံ ဘုန်းကြီး ဖြေးဖြေးကလေးရှင်းပြပါ့မယ်၊

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ

သက္ကာယဒိဋ္ဌိက ငါတော့လှူမှ ဖြစ်မယ်၊ငါတော့ လှူမှဖြစ်မယ်၊ အဲဒီ သက္ကာယဒိဋ္ဌိကြောင့် လှူတော့ ဘယ်လိုလုပ်သလဲ၊ ငါလှူရင် အကျိုးရတော့ ဘယ်သူရမလဲ ငါရမယ်၊ ငါလှူရင် ဘာတဲ့လဲ၊ (ငါရမယ်ပါဘုရား)။

မင်းလှူသာလှူ၊ မင်းလှူရင် မင်းရမယ်၊ ဒီတော့ လှူတဲ့လူနဲ့ ရတဲ့လူဟာ အတူဖြစ်နေသလား ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား)။

ဘာဒိဋ္ဌိတဲ့လဲ၊ (သဿတဒိဋ္ဌိပါဘုရား)။

မင်းလှူသာလှူ မင်းလူ့ဘဝကနေပြီးလှူရင် တာဝတိံသာနတ်ပြည်မှာ နတ်အဖြစ်နဲ့ မင်းခံစားရမယ်၊ လှူဒါက ဘယ်သူလဲ၊ (လူပါဘုရား)။

စည်းစိမ်ခံတာက ဘယ်သူလဲ၊ (နတ်ပါဘုရား)။

လှူတဲ့လူကတခြား, စည်းစိမ်ခံတဲ့နတ်က တခြားဆိုတော့ ဘာဒိဋ္ဌိတဲ့လဲ၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အဲဒီ ဒိဋ္ဌိတွေ ဒီနေရာမှာကပ်ပြီးတော့ ငါလှူရင် ငါရမယ်ဆိုတဲ့ အနေမျိုးနဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေလှူလိုက်ပြီ၊ ငါလှူရင် လူ့ဘဝမှာ လူဖြစ်မယ်, နတ်ပြည်မှာ နတ်ဖြစ်မယ်ဆိုပြီး လှူလိုက်တယ်၊ ဒီအလှူဟာ အကျိုးမပေးဘူးလားဆိုတော့ အကျိုးတော့ပေးတယ်၊ သူ့နောက်က ဘယ်သူပါသွားသလဲ၊ကိလေသဝဋ်လို့ခေါ်တဲ့ အပါယ်လားကြောင်း မကောင်းတဲ့ သက္ကာယဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိလို့ခေါ်တဲ့ ဒိဋ္ဌုပါဒါန်ကြီး ပါသွားပြီ၊ အဲဒီ ဒိဋ္ဌုပါဒါန်ကြောင့် လှူလိုက်ရင် ဝဋ်အကျိုးပေးမှာဘဲ။

http://www.dhammadownload.com

သတ္တာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့က ကုသိုလ်လား အကုသိုလ်လား၊ (အကုသိုလ်ပါဘုရား)။

အဲဒီ အကုသိုလ်ဥပါဒါန်က အပါယ်ပြန်ကျမယ်၊ အဲဒီ ဥပါဒါန်နဲ့ စွဲလမ်းပြီးတော့ လှူဒါန်းတဲ့အလှူသည် လူချမ်းသာ, နတ်ချမ်းသာကိုသာလျှင် အကျိုးပြုတော့ နိဗ္ဗာန်သို့ရောက်အောင် အကျိုးပေးနိုင်တဲ့ ကုသိုလ်မဟုတ်ဘူး။

ဒါဖြင့် ဒီကနေ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လှူတဲ့အခါမှာ ဘာကိုဖြုတ်ထားရမှာလဲ၊ ဥပါဒါန်ကိုဖြုတ်ထားရမယ်၊ အဲဒီ ဥပါဒါန်ကိုသာ ဖြုတ်ထားမယ်ဆိုရင် လှူတဲ့ဥစ္စာသည် အလောဘတရား, စေတနာတရား, သဒ္ဓါတရားတို့ကသာလျှင် လှူဒါန်းတယ်၊ ငါလှူဒါန်းတာမဟုတ်ဘူးလို့ ဖြုတ်လိုက်ရင် ငါလှူရင် ငါရတယ်လို့ ရှိပါဦးတော့မလား၊ (မရှိပါဘုရား)။

ငါလှူရင် နတ်သားဖြစ်ပြီးတော့ နတ်စည်းစိမ် ခံစားရမယ် ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ရှိပါဦးတော့မလား၊ (မရှိပါဘုရား)။

အဲဒီ ဒိဋ္ဌိကိုဖြုတ်ပြီးတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လှူခဲ့လို့ရှိရင် ဒိပဋိစ္စသမုပ္ပါဒ်စက် လယ်လို့ ရပါဦးတော့မလား၊ (မရပါဘုရား)။

ဟောဒီနေရာလေးတွင် ဒီဒါနကုသိုလ်နဲ့ သံသရာ ပြတ်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒါကြောင့် "ဒိဋ္ဌိစ ဥဇုကာတိ ကမ္မသကတာဒိဋ္ဌိ"လို့ အဋ္ဌကထာက ဒီလိုဖွင့်တယ်။

ကံ ကံ၏အကျိုးကို အဲဒီလို ယုံကြည်ပြီး ဒီနေရာမှာ ဒီကုသိုလ်ကံသည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ လှူဒါန်းနိုင်မယ်ဆိုရင် ကမ္မသကတာဒိဋ္ဌိဖြစ်ပြီးတော့ ဘုန်းတော်သခင် ရှင်တော်ဘုရားက ဘာဆက်ဟောလဲ—

"တသ္မာတိဟ တွံ ဗာဟိယ အာဒိမေဝ ဝိသောဓေဟိ ကုသလေသု ဓမ္မေသု၊ ကောစာဒိ ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိစ ဥဇုကာ။ ယတော စ ခေါ တေ ဗာဟိယ သီလဉ္စ သုဝိသုဒ္ဓံ ဘဝိဿတိ ဒိဋ္ဌိစ ဥဇုကာ။

http://www.dhammadownload.com

တတော တွံ ဗာဟိယ သီလံ နိဿာယ သီလေ ပတိဋ္ဌာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ''။

ဗာဟိယ၊ ချစ်သား ဗာဟိယ။ ဟူ၍၊ သင်သည်။ တတော၊ ထို သီလစင်ကြယ်ခြင်း, ဣန္ဒြေအယူဖြောင့်မတ်ခြင်းရှိပြီးသည်မှ။ ပရံ၊ နောက်အခါ၌။ သီလံ၊ သီလကို။ နိဿာယ၊ မှီ၍။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရားတို့ကို။ ဘာဝေယျာသိ၊ ပွားများပါလော့။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်ဖြစ်, ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်ဖြစ်, စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်ဖြစ်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်ဖြစ်, အဲဒီ တရားလေးပါးကို ပွားများမယ်ဆိုရင် ရှေးဦးစွာ သီလကိုသိလ် ပြည့်စုံပါစေ, အယူဖြောင့်ပါစေ၊ အဲဒီ သီလကိုသိလ်မှာ တည်ငြိမ်ပြီး သတိပဋ္ဌာန်လေးပါးကို ဘုရားရှင်ကိုယ်တော်မြတ်က ပွားများပါလို့ မိန့်ဆိုတယ်။

သတိပဋ္ဌာန်လေးပါး ပွားများပုံ

သတိပဋ္ဌာန်တရား လေးပါး ပွားများရမယ်ဆိုတာဘယ်လိုလဲ—

(၁) ဣဓ တွံ ဗာဟိယ ကာယေ ကာယာနုပဿီ ဝိဟရာဟိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

(၂) ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရာဟိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

(၃) စိတ္တေ စိတ္တာနုပဿီ ဝိဟရာဟိ အာတာပီသမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

http://www.dhammadownload.com

(၄) ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရာဟိ အာတာပီ
သမ္ပဇာနော သတိမာ ဝိနေယျ လောကေ
အဘိဇ္ဈာ ဒေါမနဿံ။

ချစ်သား ဗာဟိယ....ကာယာနုပဿနာ သတိပဋ္ဌာန်ကိုလဲပွားပါ။ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကိုလဲ ပွားပါ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုလဲ ပွားပါ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကိုလဲ ပွားပါတဲ့။

ကာယာနုပဿနာ သတိပဋ္ဌာန်ပွားပုံ

ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွားတော့ ဘယ်လိုပွားရမလဲ၊ ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ, ဝါယောကာယဆိုတဲ့ အဲဒီကာယအပေါ်မှာ"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"လို့ ဆိုတော့ ထိုကာယအပေါ်၌-

(၁) ထွက်သက် ဝင်သက်တည်းဟူသော ရုပ်တရား အပေါင်းကို ဖြစ်စေ။
(၂) ကွေးတယ်ဆန့်တယ်ဆိုတဲ့ ရုပ်တရားအပေါင်းကိုဖြစ်စေ။
(၃) ရှေ့ကိုတိုးတယ်, နောက်ကိုဆုတ်တယ် ဆိုတဲ့ ရုပ်တရား အပေါင်းကိုဖြစ်စေ။
(၄) ဓာတုမနသိကာရ ပဗ္ဗဖြစ်တဲ့ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ကို ဖြစ်စေ အဲဒီ ကာယာနုပဿနာသတိပဋ္ဌာန်ကိုပွားပါ။

ဝေဒနာနုပဿနာသတိပဋ္ဌာန်ပွားများပုံ

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကိုပွားမယ်လို့ ဆိုပြန်တော့ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ဘယ်လိုပွားရမလဲ၊ မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာ၊ကာယိကဒုက္ခဝေဒနာဆိုပါတော့၊ အဲဒီ ကာယိကဒုက္ခဝေဒနာမှာ ဘယ်လိုကဲ့အောင်ခွဲပြီး ရှုရမလဲလို့ဆိုတော့ ဒီဝေဒနာ ဘယ်သူ့ကြောင့်ဖြစ်တယ်၊ ဖဿကြောင့်ဖြစ်တယ်။

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"

စက္ခုပသာဒရုပ်နဲ့ ရူပါရုံက ရုပ်တရား၊ စက္ခုပသာဒရုပ်နဲ့ ရူပါရုံ **တို့ရဲ့ ပေါင်းဆုံခြင်းဆိုတဲ့** သဘောတရားက ဖဿတရား၊ အဲဒီ ဖဿ

http://www.dhammadownload.com

ဟူသော အကြောင်းကြောင့် ဝေဒနာ ဖြစ်ပေါ်လာတယ်၊ ဖဿသည် ဝေဒနာမဟုတ်၊ စက္ခုပသာဒရုပ်နဲ့ ရူပါရုံသည် ဝေဒနာမဟုတ်။

"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ"။

ကာယပသာဒရုပ်သည် ဝေဒနာဟုတ်ပါ့မလား၊(မဟုတ်ပါဘုရား)။

အမျိုးကောင်းသားတွေ့၊ အမျိုးကောင်းသမီးတွေက ကာယပသာဒ ရုပ်ဆိုတာကို ရှုနေပြီး ဝေဒနာကို မရှုရင် ဝေဒနာသို့ မရောက်ဘူးနော်၊ ကာယပသာဒရုပ်နဲ့ ဝေဒနာအဟူဟူလား တခြားစီလား၊ (တခြားစီ ပါဘုရား)။

အဲသလို ကာယပသာဒရုပ်နဲ့ ဝေဒနာကို ခွဲခြားပြီး ကာယပသာဒ ရုပ်ကို တခြားထားပြီး ဝေဒနာကို ရှုမယ်ဆိုရင် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာဆိုတဲ့ ဝေဒနာတွေကိုသာလျှင်"အနိစ္စ တော၊ မမြဲတဲ့သဘော။ ဒုက္ခတော၊ ဆင်းရဲတဲ့သဘော။ ရောဂတော၊နာ ကျင်တဲ့သဘော။ ဂဏ္ဍတော၊ အိုင်းအမာဖြစ်တဲ့ သဘော။ သလ္လတော၊ ခြောင့်သဘွယ်ဖြစ်တဲ့သဘော။ အဃတော၊ ပင်ပန်းဆင်းရဲတဲ့သဘော" စသည်ဖြင့် ဒါဒီလို ရှုသွားရပယ်။

စိတ္တာနုပဿနာသတိပဋ္ဌာန်ပွားများပုံ

စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ရှုမယ်ဆိုရင်လဲ ထို့အတူဘဲ၊ မိမိ သန္တာန်မှာ ဖြစ်ပေါ်လာတဲ့–

"သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ"။

ရာဂနှင့်တကွဖြစ်တဲ့စိတ်ကို ရာဂနှင့်တကွဖြစ်တဲ့စိတ်လို့သိပါတဲ့။

ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂစိတ္တန္တိ ပဇာနာတိ၊ ရာဂမှလွတ်တဲ့စိတ်ကို ရာဂမှ လွတ်တဲ့စိတ်လို့ ရာဂနှင့်စိတ်ကို ကွဲအောင်ခွဲပြီးတော့သိပါတဲ့၊ အဲဒီ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိုလဲ အနိစ္စတော,ဒုက္ခတော,ရောဂ တော,ဂဏ္ဍတော,သလ္လတော,အဃတော,အာဗာဓတောစသည်ဖြင့်ရှုပါ။

http://www.dhammadownload.com

ဝမ္ဗာနုပဿနာ သတိပဋ္ဌာန်ပွားပုံ

ဝမ္ဗာနုပဿနာ သတိပဋ္ဌာန်ကို ရှုရမယ်ဆိုရင်လဲ ထို့အတူဘဲ၊ ဘုန်းကြီး စောစောပိုင်းက ပြခဲ့တဲ့အတိုင်းဘဲ၊ ဝိညာဏ်,နာမ်,ရုပ်တို့ရဲ့ သဘောလက္ခဏာကို သိအောင်ဖမ်းပြီးတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရှုရမယ်။

အင်္ဂါနှစ်ပါး

အဲဒီလို သတိပဋ္ဌာန်လေးပါးကို ရှုမယ်ဆိုတော့ သတိပဋ္ဌာန်တရားလေးပါးကိုပဲရှုရင် ရှေးဦးစွာ ပြည့်စုံရမဲ့အင်္ဂါနဲ့ ပယ်ရမဲ့အင်္ဂါသုံးပြီး ဘုရားရှင်ကိုယ်တော်မြတ်က ၂-ခုဟောပါတယ်။

(၁) သမ္ပန္နင်္ဂ (ပြည့်စုံရမဲ့အင်္ဂါ)။

(၂) ပဟာနင်္ဂ (ပယ်ရမဲ့အင်္ဂါ)။

ပြည့်စုံရမည့်အင်္ဂါသုံးပါး

ပြည့်စုံရမဲ့အင်္ဂါက ဘာတွေလဲ၊

"အာတာပီ သမ္ပဇာနော သတိမာ"။

(၁) အာတာပီ၊ ကိလေသာကို ပူပန်စေတတ်,ခန်းခြောက်စေတတ်သော လုလ္လဝီရိယရှိသည်ဖြစ်၍ လုလ္လဝီရိယရှိရမယ်တဲ့။အဲဒါက ပြည့်စုံရမဲ့အင်္ဂါတပါး။

(၂) သမ္ပဇာနော၊(သံ-ရှေးပ-ရှေးရှိတဲ့ဉာဏ်)ကကွဲကွဲပြားပြားနဲ့ ပိုင်းခြားပေးတဲ့ ပညာနဲ့သိတဲ့ အသိမျိုးရှိသည်ဖြစ်၍- နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေ, ထွက်လေဝင်လေနဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ခွဲခြားစီလို့ ကွဲကွဲပြားပြားပြုလုပ်ပေးတဲ့ ပညာလဲ ရှိရမဲ့အင်္ဂါတပါး။

(၃) နောက်-သတိမာ၊ အာရုံ၌ ကပ်၍ ထင်ရှားခြင်းဆိုတဲ့ သတိရှိရမဲ့အင်္ဂါတပါး၊ အဲဒီလို ပြည့်စုံရမဲ့အင်္ဂါသုံးပါး ဘယ်နှစ်ပါးလဲ၊ (သုံးပါးပါဘုရား)။

(၁) ဝီရိယရှိရမယ်၊

(၂) ပညာနဲ့ ပြည့်စုံရမယ်၊

(၃) သတိနဲ့ ပြည့်စုံရမယ်။

http://www.dhammadownload.com

အဲဒီ ဝီရိယရယ်, ပညာရယ်, သတိရယ်ဆိုတဲ့ တရားသုံးလုံးက သတိပဋ္ဌာန်ကိုမရှုမီ, မပွားမီ ရှေးအဘို့က ပြည့်စုံရမဲ့ အင်္ဂါသုံးပါးတဲ့။

အဲ့သလို သတိပဋ္ဌာန်ကို မရှုမီ, မပွားမီ ပြည့်စုံရမဲ့ အင်္ဂါသုံးပါးနဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ပြည့်စုံရမယ်။

သတိက ဘာလုပ်ပေးသလဲ၊ သတိပဋ္ဌာန်ရဲ့ အာရုံ၌ကပ်၍ ထင်ရှားခြင်းကိစ္စကို သတိကလုပ်ပေးတယ်၊ ဝီရိယက ဘာလုပ်ပေးသလဲ၊ ဝီရိယဆိုတဲ့ သဘောတရားက အာရုံပေါ်မှာ ရောက်နေတဲ့ သတိကို ပြိုကျမသွားအောင်, လွင့်မသွားအောင်, ပျောက်မသွားအောင် ထောက်ပံ့ပေးတဲ့ ပဂ္ဂဟ ကိစ္စရှိတယ်။

ပညာက ဘာလုပ်ပေးသလဲလို့ဆိုတော့ ပညာက ဝိညာဏ်, နာမ်, ရုပ်တို့ရဲ့ သဘောလက္ခဏာကို ကွဲကွဲပြားပြား ခြားခြား နားနား ပြလုပ်ပေးတဲ့ သဘောလက္ခဏာရှိတယ်။

(၁) သတိက အာရုံမှာ ကပ်၍ထင်ရှားခြင်းကိစ္စ၊
(၂) ဝီရိယက ထောက်ပံ့ပေးခြင်းကိစ္စ၊
(၃) ပညာက ကွဲကွဲပြားပြား ပြခြင်းကိစ္စ။

သူတို့ကိစ္စ သူတို့ရွက်ဆောင်ပေးတယ်၊ ဒါပြည့်စုံရမဲ့ အင်္ဂါသုံးပါး သမ္ဘာရအင်္ဂါလို့ခေါ်တယ်။

ပယ်ရမဲ့ အင်္ဂါနှစ်ပါး

ပဟာနအင်္ဂါခေါ်တဲ့ ပယ်ရမဲ့အင်္ဂါတွေက ဘယ်သူတွေလဲ—

"ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ"။

လောကေ၊ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောက၌။ အဘိဇ္ဈာ၊ ရွေရှုကြီးစည်ခြင်းဆိုတဲ့ အဘိဇ္ဈာကို။ဒေါမနဿံ၊နှလုံးမသာမယာခြင်းဆိုတဲ့ ဒေါမနဿကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ. နေရ၏။

လို့ပါဠိတော်က ညွှန်ပြခဲ့ပါတယ်၊ ညွှန်ခဲ့တဲ့အတိုင်း ရှေးဦးစွာပြုလုပ်ရမှာက "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ"လို့ ဟောတော်မူတဲ့အတိုင်း ကမ္မဋ္ဌာန်း ကိုင်တော့မယ်ဆိုတော့ တင်ပလ္လင် **ခွေထိုင်ပြီးတော့ ကိုယ်ကိုဖြောင့်ဖြောင့်မတ်မတ်** တည်တည်ငြိမ်ငြိမ်ထား

http://www.dhammadownload.com

ပြီးတော့ ပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလိုင်ပုံနည်းအတိုင်း ယိုင်ပြီးတဲ့အခါ အာရုံတခုခုကို ရှေ့ရှုကြံစည်ခြင်း, လိုချင်တောင့်တခြင်းဆိုတဲ့ အဘိဇ္ဈာကို ပယ်ပစ်ရမယ်။

> ''သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာ-
> ဘိဇ္ဈေန စေတသာ ဝိဟရတိ''။

> သော၊ ထိုအမျိုးသားသည်။ လောကေ၊ လောက၌။ အဘိဇ္ဈံ၊ အဘိဇ္ဈာကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဂတာဘိဇ္ဈေန၊ ကင်းသော အဘိဇ္ဈာရှိသော။ စေတသာ၊စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။
>
> အဘိဇ္ဈာယ၊ အာရုံတခုခုကို လိုချင်တောင့်တခြင်း ဆိုတဲ့ အဘိဇ္ဈာမှ။ စိတ္တံ၊ စိတ်ကို။ ပိသောဓေတိ၊ သုတ်သင်၍ ထားရမယ်။

အဲဒီလို စိတ်တွေကို စင်ကြယ်စေပြီးတော့ အာရုံတခုခုကို လိုချင်တယ်, တောင့်တတယ်, နှစ်သက်တယ်ဆိုတဲ့ လိုချင်မှုတရားကို အဲဒီ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ မရှိစေရဘူး။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိဿနာတရားကို အားထုတ်တယ်ဆိုတာ မလိုချင်အောင် လုပ်တဲ့အလုပ်ကို ဝိပဿနာအားထုတ်တယ်လို့ခေါ်တယ်၊ ဘာမှ အလိုမရှိရဘူး၊ လောကမှာရှိတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုလားတောင့်တတယ်ဆိုတဲ့ အဘိဇ္ဈာကို စင်ကြယ်အောင် လုပ်ထားရမယ်၊ ပြီးတော့မှ—

> ''အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ၊ ဗျာပါဒ ပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ၊သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဗျာပါဒပဒေါသာ စိတ္တံ၊ ပရိသော-ဓေတိ''။

ဒေါသဆိုတဲ့ တရားကိုလဲ ပယ်ထားရမယ်၊ စိတ်ဆိုးတာတွေ, စိတ်ညစ်တာတွေ, စိတ်ပူပန်ကြောင့်ကြတာတွေ အဲဒါတွေအားလုံး အကုန်

http://www.dhammadownload.com

လုံး ဒေါသချည်းဘဲတဲ့၊ ဒေါသဆိုတာ ဘယ်လိုလဲ ဝမ်းနဲပက်လက် ဖြစ်နေတာတွေ အဲဒါဘာလဲ၊ ပကတိသော စိတ်ကိုဖျက်ဆီး ပစ်တယ်၊ ပကတိဖြူစင်တဲ့စိတ်ကလေးကို ဖျက်ဆီးပစ်တဲ့ အဲဒီဝမ်းနည်းမှု, စိတ်ဆင်းရဲမှုတွေ,စိတ်ညစ်မှုတွေ,ပူပန်မှုတွေ,ကြောင့်ကြမှုတွေ ဒါအကုန်လုံး ဖျက်ဆီးပစ်ရမယ်။

ဗျာပါဒ ပဒေါသာ၊ စိတ်ကိုဖျက်စီးစေတယ် ဆိုတဲ့ ဒေါသမှ။
စိတ္တံ၊ စိတ်ကို။ ပရိသောဓေဟိ၊ သုတ်သင်ပြီးထားရမယ်။

အဲသလို သုတ်သင်ထားရမယ်ဆိုတာ ဘယ်လိုနေရမလဲ၊''သဗ္ဗပါဏဘူတာ ဟိတာနုကမ္ပီ''လို့ဟောတော်မူတဲ့အတိုင်း အလုံးစုံသောသတ္တဝါတို့ကို အကျိုးစီးပွားများကြပါစေလို့ဆိုတဲ့ အဲဒီမေတ္တာစိတ်နှင့် ယှဉ်တဲ့ စိတ်ကလေးနဲ့ မြေမြကလေး ထားပြီးတော့ ဝိပဿနာတရားကို အားထုတ်ရမယ်၊ ဒါက ပယ်ရမဲ့ အင်္ဂါ ၂-ပါး။

အဘိဇ္ဈာရယ်,ဗျာပါဒရယ် အဲသလို ပယ်ရမဲ့တရားနှစ်ပါးကို ပယ်ပြီးတော့ ပွားရမဲ့ ပြည့်စုံရမဲ့ အင်္ဂါဖြစ်တဲ့ သတိရယ်, ဝီရိယရယ်, ပညာရယ်ဆိုတဲ့ တရားသုံးပါးကို ပြည့်စုံပြီးတော့ စိတ်ကိုစင်ကြယ်အောင် သန့်ရှင်းအောင် ပြုလုပ်ပြီးတော့မှ မိမိကြိုက်နှစ်သက်ရာဖြစ်တဲ့ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေ, ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေ, စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေ, ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုဖြစ်စေ ပွားများရမယ်၊ အဲဒီသတိပဋ္ဌာန် ပွားများရေးနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ နောက်ည နောက်ညတွေမှာ သုတ္တန်သုတ္တန်ချင်းစွဲပြီးတော့ သတိပဋ္ဌာန် ပွားများရေးနဲ့ပတ်သက်ပြီး ဘုန်းကြီး ဟောပြပေးပါမယ်။

အဲသလို အဘိဇ္ဈာနှင့် ဗျာပါဒပဒေါသကို ပယ်ပြီးတော့ သတိပဋ္ဌာန်တရားလေးပါးကို သင်သည် ပွားများပါလော့တဲ့။

သတိပဋ္ဌာန်ပွားလျှင် ကုသိုလ်တိုး

''ယတော ခေါ တွံ ဗာဟိယ သီလံ နိဿာယ သီလေ ပတိဋ္ဌာယ ဣမေ စတ္တာရော သတိပဋ္ဌာနာနေ ဝံ ဘာဝေဿသိ၊ တတော တုယှံ ဗာဟိယ

http://www.dhammadownload.com

ယာရုတ္တိဝါ ဒိဝသောဝါ အာဂမိဿတိ၊ ဝုဍ္ဍိယေဝ ပါဋိကင်္ခါ ကုသလေသု ဓမ္မေသု၊နော ပရိဟာနီတိ''။

ချစ်သား ဗာဟိယ.... အဲဒီလို သတိပဋ္ဌာန်တရားလေးပါးတို့တွင် သင်ကြိုက်နှစ်သက်ရာဖြစ်တဲ့ သတိပဋ္ဌာန်တရားတခုခုကို ပွားများမယ် အားထုတ်မယ်ဆိုရင် ကုသိုလ်တရား ကြီးပွားစည်ပင်မယ်၊ မဆုတ်ယုတ်တော့ဘူး၊အဲ့ဒီပါဠိတော်တွင် လိုရင်းကိုသာ အနက်ပေးလိုက်ဦးမယ်၊

ယာရတ္တိဝါ၊ အကြင်ညဉ့်အရိုင်း အခြားသည်ဂုင်း။ယော ဒိဝသောဝါ၊ အကြင်နေ့အပိုင်း အခြားသည်ဂုင်း။ အာဂမိဿတိ၊ ရောက်လာလတ္တံ့၊ တာသု၊ ထိုရောက်လာလတ္တံ့ဖြစ်တဲ့ ရောက်လာတဲ့နေ့အပိုင်းအခြား ညဉ့်အပိုင်းအခြားတို့၌။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ ဝုဍ္ဍိယေဝ၊ ကြီးပွားစည်ပင်ခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ နော ပရိဟာနိ၊ ကုသိုလ်တရားတို့ကတော့ဖြင့် မဆုတ်ယုတ်တော့ဘူး။

ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားက ဤသို့ ရှင်ဗာဟိယ မထေရ်မြတ်အား သတိပဋ္ဌာန်တရားလေးပါးကို သင်သည် ကြိုးစားအားထုတ် ပွားများမယ်ဆိုရင် သင့်မှာ ဖြစ်ပေါ်လာသမျှသော နေ့အပိုင်းအခြား, ညဉ့်အပိုင်းအခြားတို့၌ အမြဲတမ်း ကုသိုလ်တရားတွေ တိုးပွားပြီးတော့ ကုသိုလ်တရားတွေမှ ဘယ်တော့မှမဆုတ်ယုတ်တော့ဘူးတဲ့၊ အဲသလို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား မိန့်တော်မူတဲ့အခါမှာ—

ရှင်ဗာဟိယတရားရပုံ

''အထခေါ အာယသ္မာ ဗာဟိယော ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။ အထခေါ အာယသ္မာ ဗာဟိယော ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော

http://www.dhammadownload.com

ပိဟာရန္တော နစိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ ''ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ။ နာပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိ။

[သံ၊ ၃။၁၄၃။]

အထခေါ၊ ထိုအခါ၌။ အာယသ္မာ ဗာဟိယော၊ အရှင်ဗာဟိယသည်။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ဘာသိတံ၊ ဟောတော်မူအပ်သော သုတ္တန်တရားတော်ကို။ အဘိနန္ဒိတွာ၊ အလွန်နှစ်သက်၍။ အနုမောဒိတွာ၊ ဝမ်းမြောက်ဝမ်းသာ သာဓုနမော်ခေါ်၍၊ ဥဋ္ဌာယာသနာ၊ နေထိုင်ရာမှ ထ၍ပြီးတော့။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတွာ၊ လက်အုပ်ချီမိုးရှိခိုးပြီးလျှင်။ ပဒက္ခိဏံကတွာ၊ လက်ျာဘက် လှည့်ကာ။ ပက္ကာမိ၊ သတိပဋ္ဌာန်စိတ်စွဲ၍ ဖဲခဲ့လေ၏။ အထခေါ၊ ဘုရားသခင်ထံမှ ဖဲခဲ့ပြီးရာ ထိုအခါ၌။ အာယသ္မာဗာဟိယော၊ အရှင်ဗာဟိယသည်။ ဧကော၊ တပါးတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက်။ အပ္ပမတ္တော၊ မမေ့မလျော့ သတိပဋ္ဌာန်လက်မလွှတ်သည်။ အာတာပီ၊ အင်္ဂါ ၄တန် ဝီရိယ ပြင်းထန်မှုရှိသည်။ ပဟိတတ္တော၊ လောကသံသရာကိုမငဲ့ နိဗ္ဗာန်သို့သာ စေလွှတ်သောစိတ်ရှိသည်။ ဟုတ္တွာ၊ ဖြစ်၍။ ပိဟာရန္တော၊ ကမ္မဋ္ဌာန်းတရား မွေလျော်နေစဉ်။ နစိရဿေဝ၊ မကြာမြင့်မီပင်လျှင်။ ယဿတ္ထာယ၊ အကြင်အရဟတ္တမဂ်ဖိုလ် နိဗ္ဗာန် အလို့ငှါ။ ကုလပုတ္တာ၊ အမျိုးကောင်း သားတို့သည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အဂါရသ္မာ၊ လူ့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ အနဂါရိယံ၊ ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ၊ ရဟန်းပြုကုန်၏။ တဒနုတ္တရံ၊ ထို့ထက်လွန်ကဲသော တရားမရှိသော။ ဗြဟ္မစရိယ ပရိယောသာနံ၊ မြတ်သောအကျင့်လျှင် အဆုံးရှိသော အရဟတ္တမဂ်, ဖိုလ်နှင့်နိဗ္ဗာန်ကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်

http://www.dhammadownload.com

မှောက်ဘဝ၌၊ သယံ၊ ကိုယ်တိုင်။ အဘိညာ- အဘိညာယ၊ ထိုးထွင်းသိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ဝိဟာသိ၊ နေမင်း။ဇာတိ၊ ပဋိသန္ဓေနေမှုသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မြတ်သော မဂ်အကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးပြီးပြီ။ ကရဏီယံ၊ ပြုသင့် ကျင့်သုံးယ်ကိစ္စ ဟူသမျှကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထတ္တာယ၊ ဤဘဝခန္ဓာအစဉ်မှ။ အပရံ၊ တပါး သောခန္ဓာအစဉ်သည်။ န၊ မရှိ။ ဣတိ၊ ဤသို့။ အဗ္ဘညာသိ၊ သိလေပြီ။

ရှင်ဗာဟိယမထေရ်သည် ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားရဲ့ ဒေသနာတော်ကို ဤမျှအကျဉ်းအားဖြင့် နာခံမှတ်သားပြီးတော့ ဘုန်း တော်သခင် ရှင်တော်မြတ်ဘုရားရဲ့ အထံမှ ထွက်ခွါပြီးတဲ့ အခါမှာ မိမိကြိုက်နှစ်သက်ရာဖြစ်တဲ့ သတိပဋ္ဌာန်တရားတခုကို ကြိုးစားပြီး ပွား များအားထုတ်တဲ့အခါမှာ ကာယာနုပဿနာသတိပဋ္ဌာန်,ဝေဒနာနုပဿ နာ သတိပဋ္ဌာန်,စိတ္တာနုပဿနာသတိပဋ္ဌာန်,ပြခဲ့တဲ့ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်များကို ကြိုးစားပြီးတော့ ပွားများအားထုတ်တဲ့အခါမှာ မကြာ မြင့်မီပင် ထိုကဲ့သို့ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့၏ အထွဋ် ထိပ်ဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်ကိုရောက်၍ ရှင်ဗာဟိယ မထေရ်သည် ရဟန္တာပုဂ္ဂိုလ် ဖြစ်တော်မူပါသည်။

နိဂုံး

ဤသို့ ဗာဟိယမထေရ် ရဟန္တာဖြစ်ပုံကို ရှိသေစွာ နာခံမှတ်သား ရခြင်းတည်းဟူသော ဓမ္မသဝန ကုသိုလ်ကံ စေတနာ တို့ကြောင့်၎င်း၊ သရဏဂုံ သီလကုသိုလ်ကို ခံယူဆောက်တည် ရခြင်းတည်း ဟူသော သရဏဂုံသီလကုသိုလ်ကံ စေတနာတို့ကြောင့်၎င်း၊ ဤသို့ ပေါင်းအပ် များမြတ်တဲ့ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့်၎င်း၊ ယခုပစ္စုပ္ပန် လောက၌ အသက်ရှည်ခြင်းအစရှိသော အလုံးစုံသော ကောင်းကျိုး ချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့ တနေ့တခြား တိုးပွားစည်ပင် ကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ သာသနာတော် မြတ်အတွင်း၌ သမ္မပဓာန်တရားလေးပါး ပြည့်စုံကြကုန်ပြီးလျှင် သစ္စာ

http://www.dhammadownload.com

လေးပါး မြတ်တရားကို ထိုးထွင်း၍ သိကြကုန်လျက် ရှင်ဗာဟိယမထေရ်ကဲ့သို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို လျင်မြန် သောစွာ မျက်မှောက်ပြုနိုင် လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓု

ဗာဟိယသုတ္တန် တရားတော် ပြီး၏။

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသ၏

တတိယည့် အလုပ်ပေးတရား

နှင့်

သင်္ဂါရဝသုတ္တန်တရားတော် ပဥ္စမပိုင်း

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၃)

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ မထေရ် မြတ်သည် ၁၃၂၈-ခု၊ နတ်တော်လဆန်း ၁၃ ရက် (၂၅-၁၂-၆၆) တနင်္ဂနွေနေ့ညအချိန် ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် တတိယည အထူပ်ပေး တရားနှင့် မဟာဝဂ္ဂသံယုတ် ပါဠိတော် သာကစ္စဝဂ်၌ လာရှိသော "သင်္ဂါရဝသုတ္တန်တရားတော်" ပဋ္ဌမပိုင်းကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

တတိယည အလုပ်ပေး တရားတော်

အတ္တနှင့် အတ္တသညာ စသည်ခွဲပြပုံ

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ခန္ဓာကိုယ်ကိုဘယ်လိုပြုပြင်ပြီး ထိုင်ရမယ်ဆိုတာ ဘုန်းကြီးတို့ နောက်ည နောက်ညတွေက ပြုပြင်ပေးခဲ့ပြီးပြီ၊ ပြီးခဲ့တဲ့ညကလဲ စိတ်ကို ဘယ်လိုပြုပြင်ထားရမလဲဆိုတာ ပြောပေးခဲ့ပြီးပြီ၊ ဝိပဿနာတရားကို ကြိုးစားပြီးတော့ ပွားများ အားထုတ်တော့မယ်ဆိုတဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ပါဠိတော်မှု,ပါဠိတော်နည်းနဲ့ ဒီကနေ့ အချက်လေးချက်ကို မှတည်ပြီးတော့ ဘုန်းကြီးတို့ ရှင်းလင်းပေးရမယ်၊ အဲဒီ အချက်လေးချက်က--

(၁) အတ္တ၊
(၂) အတ္တသညာ၊
(၃) အနတ္တ၊
(၄) အနတ္တာနုပဿနာ။

အဲဒီ လေးချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်ထဲမှာ စွဲပြီးတော့ထား၊ ဘုန်းကြီးက အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ပေးထားချက် ဖြစ်တဲ့ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း စိတ်,စေတသိက်,ရုပ် အဲဒီ တရားများရဲ့အပေါ်မှာ စောစောပိုင်းက ပြောခဲ့တဲ့၊ ၁-အတ္တ, ၂-အတ္တသညာ, ၃-အနတ္တ, ၄- အနတ္တာနုပဿနာ လို့ အဲဒီလေးချက်ကို ဝိညာဏ်, နာမ်, ရုပ်၊ တနည်း စိတ်, စေတသိက်, ရုပ် အဲဒီအပေါ်မှာ မူတည်ပြီးတော့ ခွဲပေးရမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာတရားကို အားထုတ်တော့မယ်ဆိုရင် ရှေးဦးစွာ အတ္တနဲ့ အနတ္တကို ကွဲကွဲပြားပြား ခြားခြားနားနား သိထားရမယ်။

အတ္တ,အနတ္တခွဲပြီးမှ ဝိပဿနာရှု

ဝိပဿနာ တရားကို အားထုတ်တယ်ဆိုတာ အတ္တတရားကို ဝိပဿနာရှုတာလား၊ အနတ္တတရားကို ဝိပဿနာရှုတာလားလို့ ဆိုတော့

http://www.dhammadownload.com

အနတ္တတရားကိုသာလျှင် ဝိပဿနာရှုရမယ်၊ အတ္တတရားကို ဝိပဿနာရှုလို့ မဖြစ်ဘူး၊ ဝိပဿနာရှုလို့ မရဘူး။

ပြီးတော့ ဝိပဿနာမရှုရမဲ့ အတ္တတရားဟာ ဝိပဿနာ ရှုရမယ်လို့ ဆိုတဲ့ အနတ္တတရားနဲ့ ရောနေရင် မကွဲပြားရင် အဲဒီဝိပဿနာရှုတဲ့ နေရာမှာ ရှုကွက်အာရုံဟာ မမှန်တော့ဘူး၊ အာရုံမမှန်ရင် အလိုရှိတဲ့ အကျိုးကို မပြီးစေနိုင်ဘူး၊ အဲတာကြောင့်မို့လို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများအား ဝိညာဏ်,နာမ်,ရုပ်ကို မှတည်ပြီးတော့၊ တနည်း-စိတ်, စေတသိက်, ရုပ်ကို မှတည်ပြီးတော့ အတ္တ, အတ္တသညာ, အနတ္တ, အနတ္တာနုပဿနာလေးချက်ကို ဘုန်းကြီး ဗိုင်းပြ ပြပါမယ်။

ရှေးဦးစွာဥပဒေသသုံးချက်လိုက်နာ

ဒီလေးချက်ကို မရှင်းသေးခင် တရားအားထုတ်မဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ တရားအားမထုတ်မီ ရှေးအဘို့မှာ စိတ်ထားရမှာက ဘယ်လိုစိတ်ထားရမလဲ၊ ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုယ်တိုင် ဥပဒေသတွေပေးခဲ့တယ်နော်။

> ''ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ''။

> သောဘိက္ခု၊ထိုရဟန်းသည်။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးတဲ့ နောက်ကာလ၌။ ပိဏ္ဍပါတ ပဋိက္ကန္တော၊ ဆွမ်းခံရွာမှ ဖဲခွါလာခဲ့ပြီးသည်ရှိသော်။ ပလ္လင်္ကံ၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေခြင်းကို။အာဘုဇိတွာ၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီး၍။ ကာယံ၊အထက် ဗိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို။ ဥဇုံ၊ဖြောင့်မတ်စွာ။ပဏိဓာယ၊ထား၍။သတိံ၊ သတိကို။ ပရိမုခံ၊ ရှေးရှု။ ဥပဋ္ဌပေတွာ၊ တား၍။

အဲဒါတွေ ဘာပြောနေသလဲလို့ဆိုတော့ ဆွမ်းစားပြီးတဲ့ နေရာက ပြန်လာပြီး မိမိနေရာရောက်လို့ ကင်ပလ္လင်ခွေထိုင်ပြီးတော့ အထက်ဗိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်ငြိမ်စွာထားပြီးတော့ (ယိမ်းယိမ်းယိုင်ယိုင်လှုပ်ခြင်း, ရှေ့တိုးနောက်ဆုတ်လုပ်ခြင်း, ဒါတွေ

http://www.dhammadownload.com

မလုပ်ရဘူးနော်)၊ လက်မထိပ်ချင်း ထိထားတာကိုက ဒိဋ္ဌိခန္ဓာကိုယ်ကို ထိမ်းထားတာ တည်ငြိမ်အောင်လို့၊လေငြိမ်ရာအရပ်မှာညှိထွန်းထားတဲ့ မီးတိုင်ကဲ့သို့ တည်ငြိမ်တဲ့ခန္ဓာကိုယ်နဲ့ တည်တည်ငြိမ်ငြိမ် ထိုင်ပြီးတော့။

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု၍ အာရုံကို ထင်ရှားအောင် ပြုလုပ်ပေးတတ်တယ်ဆိုတဲ့သတိကို။ဥပဋ္ဌပေတွာ၊ မိမိရဲ့သန္တာန်မှာဖြစ်စေ၍။နိသီဒတိ၊ ထိုင်နေ၏။

သတိနဲ့ ကမ္မဋ္ဌာန်း အာရုံတခုကို ရှေးရှုညွှတ်ပြီးတော့တရားထိုင်နေတယ်တဲ့။

ဝိညာဏ်, နာမ်ရုပ်နဲ့ ထွက်လေဝင်လေ

တရားထိုင်နေတယ်ဆိုတာ ကမ္မဋ္ဌာန်းအာရုံတခုကို သတိနဲ့ ရှေးရှုညွှတ်တာဖြစ်တယ်၊ သတိဆိုတာ ဘာလုပ်သလဲ၊ အာရုံကို ထင်ရှားအောင် ပြုလုပ်ပေးတဲ့ သဘောကို သတိလို့ခေါ်တယ်။

(၁) အာရုံတခုကိုကပ်ပြီးတော့ ထင်ရှားအောင် ပြုလုပ်ပေးတာက သတိ။

(၂) နှာခေါင်းပေါက်က သမုတိသစ္စာ။

(၃) ထွက်လေဝင်လေရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောက ပရမတ္ထသစ္စာ။

နှာခေါင်းပေါက်ဆိုတဲ့ သမုတိသစ္စာက နေပြီးတော့ သတိက ထွက်လေ ဝင်လေတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ် သဘောတရားကို ထင်ရှားအောင် ပြုလုပ်ပေးတဲ့အခါမှာ။

(၁) ဝိညာဏ်-ကတိုးတဲ့သဘော,တွန်းကန်တဲ့သဘောကိုသိပေးတယ်။

(၂) ပညာ-ဆိုတဲ့ နာမ်တရားက နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေနဲ့ ကွဲအောင် ခွဲခြားပြီး ပေးထားတယ်။

(၃) သတိ-ဆိုတဲ့ နာမ်တရားက ထွက်လေ ဝင်လေ တည်းဟူသော အာရုံသည် စိတ်ထဲမှာ ထင်ရှား နေအောင် ပြုလုပ် ပေးထားတယ်။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ကိစ္စက ဒီအထဲမှာမပါဘူး၊ ဘယ်သူ့ကိစ္စတွေလဲဆိုတော့ ဝိညာဏ်ရဲ့ကိစ္စ၊ ဝိညာဏ်က

http://www.dhammadownload.com

ထွက်လေဝင်လေနဲ့ နှာခေါင်းပေါက်ကို ကွဲကွဲပြားပြားနဲ့ သိနေတယ်၊ ဝိညာဏ်ရဲ့အလုပ် ဝိညာဏ်ရဲ့ကိစ္စ, သတိရဲ့အလုပ် သတိရဲ့ကိစ္စ, ပညာရဲ့အလုပ် ပညာရဲ့ကိစ္စ, တိုးတဲ့သဘော,တွန့်တဲ့သဘောတည်းဟူသော ထွက်လေဝင်လေတို့ကလဲ သူ့ကိစ္စသူလုပ်နေတယ်။

ဒီအထဲမှာ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ပါသလား၊ (မပါပါဘုရား)။

သေသေချာချာ စဉ်းစားကြည့်လျှင် ဒီအကွက်ကလေးဟာ အမျိုးကောင်းသားများအတွက်, အမျိုးကောင်းသမီးများအတွက် တရားရဘို့အတွက်ဘဲ၊ ဟုတ်တယ် ဒီအထဲမှာ ကြည့်စမ်း သိနေတာကလဲ ငါသိတာမဟုတ်ဘူး၊ ဝိညာဏ်က သိနေတာ၊နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေနဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောတို့ကို ပိုင်းခြားပြီးတော့ သိနေတာကလဲင ပိုင်းခြားသိပေးတာမဟုတ်ဘူး၊ကွဲကွဲပြားပြားဆိုတာက ပညာကခွဲခြားပေးနေတာ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကလဲ ငါမဟုတ်ဘူး၊ ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့သဘာဝ၊ အာရုံမှာ ကပ်ပြီးတော့ ထင်ရှားနေတယ် ဆိုတာကလဲ, နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေတို့ကို ထင်ထင်ရှားရှားနဲ့ ဖြစ်နေတယ်ဆိုတာကလဲ သတိရဲ့ကိစ္စပါကလား။

ဒီအထဲမှာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မိမိတွေ, သူတပါးတွေ, ငါတွေ, သူတွေ, ယောကျ်ားတွေ, မိန်းမတွေ, ပုဂ္ဂိုလ်သတ္တဝါတွေ မပါပါကလား၊ ပရမတ်သဘာဝရဲ့ ကိစ္စကို သူတို့ကိစ္စ သူတို့လုပ်နေကြပါလားလို့ဆိုတာ ပညာနဲ့ ကွဲကွဲပြားပြား အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဒီအကွက်ကို ရှုနိုင်ပေပြီ။

လိုချင်မှုကို ပယ်ရမည်

အဲဒီလို ခွဲခြားပြီးတော့ ဒါကဝိညာဏ်, ဒါကနာမ်, ဒါက ရုပ်လို့ ပြောပေးနေတာ ဘယ်သူပြောပေးနေတာလဲ ပညာကပြောပေးနေတယ်၊ အာရုံပြုထား၊ အဲဒီပညာနဲ့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ပြောပေးတယ်၊ ခုပြောခဲ့တဲ့ဝိညာဏ်, နာမ်, ရုပ်ခေါ်တဲ့၊ တနည်း စိတ်,စေတသိက်,ရုပ်လို့ခေါ်တဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန် သဘောသို့ သက်ဝင်တဲ့ ကမ္မဋ္ဌာန်းအာရုံတခုကို သတိနဲ့ရှေးရှု ညွတ်ပြီးတော့ ထိုင်နေတယ်၊ ထိုင်နေတော့ စိတ်က ဘယ်လိုလဲ။

http://www.dhammadownload.com

"သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာ-
ဘိဇ္ဈေန စေတသာ ဝိဟရတိ"။

ဒါပါဠိတော်မှာနေ၁၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တရားအားထုတ်တဲ့အခါမှာ ဘယ်တရားကို အားထုတ်အားထုတ် ဘယ်ရိပ်သာမှာဘဲ သွားအားထုတ်အားထုတ် ဒီအကြွက်ကို အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ လက်မလွှတ်ရပါဘူး၊ ဘယ်သတိပဋ္ဌာန်ကိုဘဲ အားထုတ်အားထုတ် ခုဘုန်းကြီး ပြောနေတဲ့ အကြွက်ကို လက်မလွှတ်ရဘူး၊ ပါဠိတော်မှာလာတဲ့မှုဘဲ။

သော၊ ထိုကမ္မဋ္ဌာန်း အားထုတ်လိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။ လောကေ၊ဥပါဒါနက္ခန္ဓာတည်းဟူသော ခလောက၌။ လောကေ၊ ဥပါဒါနက္ခန္ဓာဆိုတဲ့ လိုချင်စရာတွေ, နှစ်သက်စရာတွေ, စိတ်ဆိုးစရာတွေရှိတယ်ဆိုတဲ့ တရားတွေနဲ့ အာရုံပြုခြင်းကိုခံရတဲ့ ရုပ်,နာမ်,ခန္ဓာ,တရားအပေါင်း၌။ အဘိဇ္ဈံ၊သူတပါးဥစ္စာကိုလိုချင်ခြင်းဆိုတဲ့ အဘိဇ္ဈာကို။ပဟာယ၊ ပယ်စွန့်၍။ ဝိဂတာဘိဇ္ဈေန၊ ကင်းသော အဘိဇ္ဈာရှိသော။ စေတသာ၊စိတ်ဖြင့်။ဝိဟရတိ၊နေ၏။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကမ္မဋ္ဌာန်း အာရုံခွင်ကို ကမ္မဋ္ဌာန်းကျောင်းထဲကို ရိပ်သာတခုထဲကိုဝင်ပြီးတော့ တရားထိုင်လိုက်သည်နှင့် တပြိုင်နက်ထဲ ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သူတပါး စည်းစိမ်ဥစ္စာကို လိုချင်ခြင်း အဘိဇ္ဈာဆိုတဲ့ လောဘတရားဟာ ကင်းနေရမယ်။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဝိပဿနာတရားကို အားထုတ်တယ်ဆိုတာ မလိုချင်အောင် လုပ်တာ၊ မလိုချင်အောင် လုပ်တယ်ဆိုတော့ အခု တရားထိုင်လိုက်တယ်ဆိုကထဲတ လိုချင်တာ ဟူသမျှ အကုန်လုံးဖယ်ထားရမယ်၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတွေကို လိုချင်မှု-အဲဒီလိုချင်မှုတွေ အကုန်ဆိတ်သုဉ်းနေရတယ်။

"ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ"။ဝိဂတာ ဘိဇ္ဈေန၊ကင်းသော လိုချင်ခြင်းရှိသော။စေတသာ၊စိတ်ဖြင့်။ဝိဟရတိ၊နေ၏-လို့ ဆိုတဲ့အတိုင်း တရားအားထုတ်နေတဲ့အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ

http://www.dhammadownload.com

ကိုကြည့်၊ ဝိညာဏ်,နာမ်,ရုပ် အဲဒီဝိပဿနာအာရုံကလေးကို အာရုံပြု ပြီးတော့ နေတဲ့အချိန်မှာ မျက်နှာကိုက လိုချင်တဲ့စိတ်တွေ ကင်းနေတာ တခါထဲပေါ်နေတယ်။

"အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ"။

အဘိဇ္ဈာယ၊ လိုချင်တယ်ဆိုတဲ့ အဘိဇ္ဈာတရားမှ။ စိတ္တံ၊ စိတ်ကို။ ပရိသောဓေတိ၊သုတ်သင်၍ ထားပေ၏။

ပါဠိတော်မှုနော်။ တရားအားမထုတ်ရသေးဘူး၊ ဘယ်လောက် ကောင်းနေသလဲဆိုတာကြည့်။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ စနစ်တကျ အာရုံ ပြုပါ၊ သေသေချာချာလဲမှတ်ပါ၊အဲသလို အဘိဇ္ဈာကင်းတဲ့ စိတ်နဲ့နေရုံ နဲ့ ပြီးရောလား၊ ဒါတင်မကသေးဘူး။

ကြမ်းတမ်းတဲ့စိတ်ကိုပယ်ရမယ်

"ဗျာပါဒ ပဒေါသံ ပဟာယ အဗျာပန္န စိတ္တော ဝိဟရတိ"။

သော၊ ယိုအမျိုးကောင်းသား,အမျိုးကောင်းသမီးသည်။ ဗျာ ပါဒပဒေါသံ၊ သူတပါးကို ပျက်စီးစေလိုတယ်ဆိုတဲ့ ဒေါသကို။ ပဟာယ၊ပယ်၍။ အဗျာပန္နစိတ္တော၊ သူတပါးကို ပျက်စီးစေလိုတဲ့ စိတ်မရှိသည်ဖြစ်၍။ ဝိဟရတိ၊တရားအားထုတ်နေ၏။

ဒေါသကိုပယ်ပြီးတော့ဆိုတာက သူတပါးကို ပျက်စီးစေချင်တယ်, သူတပါး နစ်နာစေချင်တယ်၊ သူတပါးအပေါ်မှာ စိတ်ဆိုးတယ်ဆိုရင် အဲဒီလိုဒေါသတွေကိုပယ်ပြီးတော့ တရားအားထုတ်နေ၏၊ တရားအား ထုတ်တာက ဘယ်သူ့မှ အပြစ်ရှာဘို့မဟုတ်ဘူး၊ဘယ်သူ့မှ ထိခိုက်ဘို့ မဟုတ်ဘူး၊ဘယ်သူ့မှ ပျက်စီးစေလိုတဲ့စိတ်မရှိဘဲနဲ့သူကထိုင်နေတယ်။

"သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ ဗျာပါဒပ ဒေါသာ စိတ္တံ ပရိသောဓေတိ"။

သော၊ထိုအမျိုးကောင်းသား,အမျိုးကောင်းသမီးသည်။ သဗ္ဗ ပါဏဘူတ ဟိတာနုကမ္ပီ၊ အလုံးစုံသော ထွက်သက်ဝင်သက် ရှိသော သတ္တဝါအပေါင်းတို့၏အကျိုးစီးပွားကို အလိုရှိသည်ဖြစ်

http://www.dhammadownload.com

ရှိသာလျှင်။ ဗျာပါဒပဒေါသာ၊ သူတပါး ပျက်စီးစေလိုတဲ့ ဒေါသမှ။ စိတ္တံ၊စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်ရှင်းလင်းပြီးတော့ထားတယ်။

တရားအားထုတ်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ထိုင်ပြုံကြမဲ့ကိုကအဘိဇ္ဈာကင်းတဲ့စိတ်,မျက်နှာကိုကြည့်လိုက်ရင် ဒေါသကင်းနေတဲ့စိတ်ရှိနေတယ်၊ ဒေါသရောင် လွှမ်းနေတဲ့မျက်နှာကို မမြင်ရဘူး၊ မျက်နှာကိုကြည်လင်လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာ အဲဒီလို ဗျာပါဒ ဒေါသတွေကင်းပြီးတော့နေတဲ့အချိန်မှာ—

ငိုက်မြည်းတွေဝေခြင်းကိုပယ်ရမယ်

''ထိနမိဒ္ဓံ ပဟာယ ဝိဂတထိနမိဒ္ဓေန စေတသာ ဝိဟရတိ အာလောကသညီ သတော သမ္ပဇာနော''။

ထိနမိဒ္ဓံ၊အိပ်ချင်တယ်, ငိုက်မြည်းတယ်,တွေဝေတယ် ဆိုတဲ့စိတ်ကို။ ပဟာယ၊ပယ်၍။ ဝိဂတထိန မိဒ္ဓေန၊ကင်းသော အိပ်ချင်, ငိုက်မြည်းခြင်းရှိသော။ စေတသာ၊စိတ်ဖြင့်။ အာလောကသညီ၊ အလင်းရောင်ကို အမှတ်အသားရှိသည်ဖြစ်၍။ သတော၊ အာရုံမှာကပ်၍ ထင်ရှားခြင်း သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော၊ ဝိညာဏ် ,နာမ်, ရုပ်တွေကို သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကို ကွဲကွဲပြားပြား သိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။

ဘုန်းကြီးခုရွတ်နေတဲ့ ပါဠိတော်တွေနဲ့ အခုအမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ နေပုံနဲ့ ကိုက်သလားမကိုက်ဘူးလားဆိုတာ မိမိတို့ရဲ့ ဉာဏ်မှာ ထင်ရှားအောင် ပိုင်ပိုင်နိုင်နိုင်ကြီး ပြန်ကြည့်ပါ၊ သူတပါးပစ္စည်းကိုလိုချင်တပ်မက်ကြီးစည်းတဲ့ အဘိဇ္ဈာတွေကင်းနေတယ်၊သူတပါးပစ္စည်းပျက်စီးစေလိုတဲ့ဒေါသတွေ ကင်းနေတယ်၊ ထိနမိဒ္ဓဆိုတဲ့ အိပ်ချင် ငိုက်မြည်းခြင်း ကင်းနေတယ်၊ သတိသမ္ပဇဉ်တရား အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ထင်ရှားနေတယ်၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောဟာ အာရုံမှာထင်ရှားရှိနေတယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတွေ အမျိုးကောင်းသားများ, အမျိုး

http://www.dhammadownload.com

ကောင်းသမီးများတို့ရဲ့ အသိဉာဏ်မှာ ထင်ရှားနေတယ်၊ သတိကလုပ်ပေးထားလို့။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကို ခုနေ မေးကြည့်ရင် တိုးတဲ့သဘော,တွန်းကန်တဲ့သဘောတွေ တွေ့လားလို့မေးရင် တွေ့တယ်လို့ပြောကြမှာ၊ ဘာဖြစ်လို့ ဘယ်သူလုပ်လို့ တွေ့နေသလဲ၊သတိက ထင်ရှားအောင်လုပ်ပေးထားလို့ တွေ့နေပြီ၊ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာကို ကွဲကွဲပြားပြားသိတဲ့ အသိဉာဏ်နဲ့ ပြည့်စုံနေပြီ၊ ထိနမိဒ္ဓတွေ ကင်းနေပြီ။

ပျံ့လွင့်ခြင်းစသည်ကိုပယ်

"ဥဒ္ဓစ္စကုက္ကုစ္စံ ပဟာယ"။

ဥဒ္ဓစ္စကုက္ကုစ္စံ၊ပျံ့လွင့်ခြင်းဆိုတဲ့ ဥဒ္ဓစ္စသဘော,မပြုခဲ့မိလေခြင်း, ပြုခဲ့မိလိုက်လေခြင်း, မပြောခဲ့မိလေခြင်း, ပြောခဲ့မိလေခြင်း စသည်ဖြင့် နောင်တဖန် ကုသိုလ်အကုသိုလ်တို့၌ ပူပန်ပြီးနေတဲ့ ကုက္ကုစ္စသဘောတွေနှင့်ယှဉ်တဲ့စိတ်ကို၊ပဟာယ၊ပယ်စွန့်ထား၍။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေရဲ့ စိတ်ဟာ ပျံ့လွင့်တဲ့စိတ် မဟုတ်ဘူး၊ ဝိညာဏ်,နာမ်, ရုပ်, တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ပရမတ်အာရုံပေါ်မှာ စိတ်ကတည်နေတော့ မပျံ့လွင့်ဘူး။

"အဇ္ဈတ္တံ၊ ဝူပသန္တစိတ္တော"၊

အဇ္ဈတ္တံ၊ မိမိ၏သန္တာန်အတွင်း၌။ ဝူပသန္တစိတ္တော၊ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ထိုင်နေ၏။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ညက ဘုန်းကြီးတို့ ပြောခဲ့တဲ့အတိုင်း စိတ်ဆိုးစရာတွေ,စိတ်ညစ်စရာတွေ, စိုးရိမ်စရာတွေ, နောက်ကဖြစ်ခဲ့တာတွေ ဒီအချိန်ကလေးမှာ အနားယူပြီးတော့ စိတ်ကို ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျကလေး ထားပြီးတော့—

အော် .... ငါသည်ကားလို့ ဆိုရင် ယောကျ်ား ကောင်း တယောက်,အမျိုးကောင်းသားတယောက်,အမျိုးကောင်းသမီး တယောက်—ကုသိုလ်ကံပါရမီ သမ္ဘာရ အဆောက်အဦတွေ

http://www.dhammadownload.com

ထောက်ပံ့လိုက်တော့ မနုဿတ္တဒုလ္လဘ- လူရယ်လို့ ငါဖြစ်လာ ရပြီ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ညီး သာသနာ တော်ကြီးနဲ့ ငါကား တွေ့ရပြီ၊ တို့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတွေကို ငါကိုယ်တိုင် ယခု အား ထုတ်နေရပါကလား–

လို့ တက်ကြွတဲ့စိတ်တွေနဲ့ ရွှင်ရွှင်ပျပျ ကြည်ကြည် လင်လင်ရှိတဲ့ စိတ်ကလေးနဲ့ ဥဒ္ဓစ္စကုက္ကုစ္စ ပျံ့လွင့်ခြင်း, စိတ်နှလုံး ပူပန်ခြင်း ဆိုတဲ့ သန္တဘာဝတရားတွေမှ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့ရဲ့ စိတ်ကို ပယ်ခွါသုတ်သင်ပစ်ရမယ်။

တွေးတောယုံမှားခြင်းတွေကင်းခြင်း

"ဝိစိကိစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော အကထံ-ကထီ ကုသလေသု ဓမ္မေသု၊ ဝိစိကိစ္ဆာယ စိတ္တံ ပရိ-သောဓေတိ"။

ဒီကုသိုလ်တရားတွေဟာ ဟုတ်မှဟုတ်ပါ့မလား၊ ဝိညာဏ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ နာမ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ တိုးတဲ့ သဘော,တွန်းကန်တဲ့သဘောရုပ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊သိတယ် ဆိုတဲ့ သိခြင်း သဘောလက္ခဏာရှိတဲ့ ဝိညာဏ်ဆိုတာ ဟုတ်မှဟုတ်ပါ့ မလား၊ ကွဲကွဲပြားပြား ပြုလုပ်ပေးတယ်,အာရုံ၌ကပ်၍ ထင်ရှားအောင် ပြုလုပ်ပေးတယ်ဆိုတဲ့ နာမ်တရားတွေဆိုတာ ဟုတ်မှဟုတ်ပါ့ မလားလို့ ဆိုတဲ့ သို့လော သို့လော တွေးတောယုံမှားခြင်းတွေမရှိဘဲနဲ့ တထစ်ချ ဆုံးဖြတ်ချက်ချပြီးတော့၊ အဲဒီလို ဝိစိကိစ္ဆာတရားတွေ ဝင်ပြီးတော့ ကုသိုလ်တရားတို့၌ သို့လော သို့လော တွေးတောယုံမှားခြင်း မရှိသည် ဖြစ်၍ ဝိစိကိစ္ဆာဆိုတဲ့ တွေးတောယုံမှားခြင်းမှ မိမိ၏စိတ်ကို ပယ်ခွါ သုတ်သင် ရှင်းလင်းပြီးတော့ ထား၏။

အဲဒီ အင်္ဂါတွေနဲ့ အညီ အခုပြခဲ့တဲ့ အင်္ဂါဟာ ၅-ချက်၊အဲဒီ အင်္ဂါ ၅-ချက်ဘို့နှင့်အညီ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကမ္မဋ္ဌာန်းခွင်ဝင်ပြီးတော့ ကမ္မဋ္ဌာန်းထိုင်ပြီးအားထုတ်ကြရမယ်၊ဒီအချိန် အခါမှာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ စိတ်ဟာ–

http://www.dhammadownload.com

(၁) အဘိဇ္ဈာ-ခေါ်တဲ့ လောဘတွေ ကင်းနေတယ်၊
(၂) ဗျာပါဒ-ခေါ်တဲ့ အမျက်ဒေါသတွေ ကင်းနေတယ်၊
(၃) ထိနမိဒ္ဓ-ခေါ်တဲ့ အိပ်ချင်ငိုက်မြည်းခြင်းတွေ ကင်းနေတယ်၊
(၄) ဥဒ္ဓစ္စကုက္ကုစ္စ-ခေါ်တဲ့ ပျံ့လွင့်ခြင်း, စိတ်နှလုံး ပူပန် ချောက်ချားခြင်းတွေ ကင်းနေတယ်၊
(၅) ဝိစိကိစ္ဆာ-ခေါ်တဲ့ဟုတ်မှ ဟုတ်ပါ့မလားလို့ဆိုတဲ့-သဘောတွေ, အာရုံကို မဆုံးဖြတ်နိုင်တဲ့ သဘောတွေ ကင်းနေတယ်။

အာရုံကို မဆုံးဖြတ်နိုင်ဘူးဆိုတာ ဘယ်လိုလဲ၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်အာရုံဟာ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ဟုတ်မှဟုတ်ပါ့မလားလို့ဆိုတာကို သံသယရှိသေးလား မရှိတော့ဘူး၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို အမှန်လို့ ဆုံးဖြတ်ချက်ချပြီးပြီ၊ဟုတ်မှဟုတ်ပါ့မလားလို့ ဆိုရင်တော့ ဝိစိကိစ္ဆာဘဲ၊အဲဒီလို ဝိစိကိစ္ဆာတရားတွေ ကင်း၍ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေရဲ့ စိတ်အစဉ်ဟာ ကြည်လင်ပြီးတော့ ကမ္မဋ္ဌာန်းထိုင်ကြတယ်။

ကမ္မဋ္ဌာန်းထိုင်တော့ ဝိပဿနာရှုဘို့ရန်အတွက် ရှုစရာကြည့်စရာ အာရုံကိုရှုတယ်ဆိုတာ ကြည့်တာကို ခေါ်တယ်၊ ဘာကို ကြည့်ရမှာလဲ၊ တိုးတဲ့သဘော တွန်းကန်တဲ့သဘောကို သိနေတယ်ဆိုတဲ့ဝိညာဏ်၊တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေးကို ထင်ရှားအောင် ပြုလုပ်ပေးနေတဲ့ သတိဆိုတဲ့နာမ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ ကွဲပြားအောင် ခွဲခြားပေးတဲ့ ပညာခေါ်တဲ့နာမ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသောရုပ် ပေါင်းလိုက်တော့ ဝိညာဏ်,နာမ်,ရုပ်၊တနည်းစိတ်,စေတသိက်,ရုပ်၊အဲဒီ အာရုံကို ကြည့်ရမယ်၊ ဒီအာရုံကိုရှုရမယ်၊ အဲဒီတော့ မိမိရှုစရာဖြစ်တဲ့ အာရုံဟာ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ဖြစ်ဘို့ရန်အတွက် အတ္တ, အတ္တသညာ, အနတ္တ, အနတ္တာနုပဿနာလို့ လေးချက်ရှိတယ်။

အတ္တစသည်ကို လောကသုံးပါးနဲ့ ပိုင်းခြားပြပုံ

အဲဒီ တရားလေးချက်ထဲက **အတ္တလို့ဆို**ပါ ဘာ**ကိုခေါ်**တာလဲ လောကကြီးသုံးပါးနဲ့ ပိုင်းခြားဝေဘန်လိုက်ကြမယ်ဆိုရင် **အတ္တ**လောက

http://www.dhammadownload.com

ဩကာသလောက, သင်္ခါရလောက လောကသုံးပါး၊ ဒီထဲမှာ ဘာကို သတ္တလောကလို့ ခေါ်နေကြသလဲလို့ဆိုတော့ လူတွေ,နတ်တွေ,ဗြဟ္မာ တွေ, တိရစ္ဆာန်တွေ, ပြိတ္တာတွေ, အသူရကာယ်တွေ, ငရဲသူငရဲသားတွေ အားလုံးမြင်တာကို ပြောရမယ်ဆိုရင်ဖြင့် တိရစ္ဆာန်နဲ့ လူတွေကို သတ္တလောကလို့ ခေါ်တယ်။

သေသေချာချာ မှတ်ထားကြနော်၊ဘုန်းကြီး ဖြေးဖြေးဘဲ ပြောမယ်၊ လူတွေ, အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကို သတ္တလောကလို့ခေါ်တယ်၊ သတ္တလောကလို့မှတ်၊ သမုတိသစ္စာ အများ ပြောတာအမှန်။

သတ္တလောကဆိုတာ သမုတိသစ္စာလား ပရမတ္ထသစ္စာလား၊ (သမုတိသစ္စာပါဘုရား)။

ဩကာသလောက ဩကာသလောကလို့ဆိုတာက အဲဒီ သတ္တဝါတွေရဲ့ တည်ရာကို ဩကာသလောက၊ လူတွေ တိရစ္ဆာန်တွေရဲ့ တည်နေရာကို ဩကာသလောက၊ ဘာလောကလဲ၊ (ဩကာသလောကပါဘုရား)။

အဲဒီ သတ္တလောကနဲ့ ဩကာသလောကကို အတ္တလို့ခေါ်တယ်၊ ဘာကြောင့် အတ္တလို့ခေါ်ရသလဲဆိုတော့ သတ္တလောက၊ ဩကာသလောကထဲမှာ နိစ္စ,ဓုဝ, သဿတ, အဝိပရိဏာမဓမ္မ အနေအားဖြင့် မြဲတယ်, ခိုင်တယ်, တည်တန့်တယ်, မဘောက်မပြန် မပျက်စီးနိုင်တဲ့ သဘောအယူဝါဒရှိနေလို့။

အတ္တဆိုတာ ရှိတယ်၊အတ္တဆိုတာဟာ လူ,နတ်, ဗြဟ္မာ,သတ္တဝါများနဲ့ ၎င်းတို့၏ တည်ရာဖြစ်သော ဩကာသလောကထဲမှာ မအို, မနာ, မသေ,မပျက်စီးနိုင်သော အမြဲတည်နေသော သဘော,သို့မဟုတ် သတ္တဝါအကောင်ဆိုတဲ့ အမာခံ သဘောကလေးကို အတ္တလို့ ခေါ်တယ်လို့ ဆရာတော် အရှင်သေဋ္ဌိလအရှင်မြတ်ကတော့ ဤသို့ အမိန့်ရှိပါသည်။

ဂိုပကမ ဟောထားတဲ့နေရာမှာ အတ္တလို့ဆိုတာ ရှိတယ်၊ အတ္တဆိုတာ ဘာကိုခေါ်နေသလဲလို့ဆိုတော့ သတ္တလောကနဲ့ ဩကာသလောကကို အတ္တလို့ ခေါ်နေကြတယ်။

http://www.dhammadownload.com

ဒီနေရာရှင်းကြစို့၊သတ္တလောကနဲ့ ဩကာသလောကကို လူတွေ,အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေကို လူ,နတ်,ဗြဟ္မာခေါ်တဲ့ သတ္တာကို သမုတိသစ္စာနယ်က မှန်နေတဲ့ သတ္တာကို အတ္တလို့ ခေါ်နေကြတယ်။ အဲဒီလူမှာ တချို့လူက ပိန်တယ်, တချို့လူက ဝတယ်,တချို့လူက အရပ်ရှည်တယ်, တချို့လူက အရပ်ပုတယ်, တချို့လူက ငယ်တယ်, တချို့လူက ကြီးတယ်,တချို့လူကလှတယ်,တချို့လူကအကျည်းတန်တယ်၊ အဲဒီလို မှတ်ထားတာက အတ္တသညာ။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောပေါက်ပလား၊ (ပေါက်ပါပြီဘုရား)။

ကိုင်း ဒီနေရာလေးမှာ သေသေချာချာ မှတ်နော်၊အတ္တ-အတ္တသညာ လူလို့ခေါ်တဲ့ သတ္တဝါကိုအတ္တ၊အဲဒီလူဟာ ပိန်တယ်,ဝတယ်,ရှည်တယ်, တိုတယ်,ကြီးတယ်,ငယ်တယ်, လှတယ်, အကျည်းတန်တယ်လို့ ထင်နေတာက အတ္တသညာ။

အတ္တနဲ့ အတ္တသညာနော် သမုတိသစ္စာ၊ အများပြောအမှန်၊ ဘာသစ္စာတဲ့လဲ၊ (သမုတိသစ္စာပါဘုရား)။

အများပြောအမှန်ကို ဘုရားကမပယ်ဘူး၊ သမုတိသစ္စာဘက်က အများပြောနေတာကတော့ဖြင့် မှန်တယ်၊ တရားသဘော အမှန်နဲ့ ကြည့်တော့ မှန်သေးသလား၊ (မမှန်ပါဘုရား)။

တရားသဘော အမှန်နဲ့ကြည့်လိုက်၊အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ လူလို့ခေါ်နေတာဟာ ဘာကို လူလို့ခေါ်နေတာလဲလို့ပြန်ကြည့်ရင် ပထဝီ,အာပေါ,တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ,ရသ ဩဇာ-ဟူသော အဋ္ဌကလာပ် ရုပ်ရှစ်ပါး၊ပေါင်းစုထားတဲ့ ဥတုဇရုပ်ကို သတ္တဝါလို့ခေါ်တယ်။

ဥတုဇရုပ်လား သတ္တဝါလား၊ (ဥတုဇရုပ်ပါဘုရား)။

ဇီဝိတသဘောရှိနေတဲ့ ဥတုဇရုပ်ကို သတ္တဝါလို့ခေါ်တာ ပရမတ္ထသစ္စာအနေနဲ့ မှားသလား မှန်သလား၊ (မှားပါတယ်ဘုရား)။

''ရူပံ အတ္တတော သမနုပဿတိ''။

ရူပံ၊ရုပ်တရားကို။အတ္တတော၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါဟူ၍။
သမနုပဿတိ၊ သုံးသပ်ဆင်ခြင်၍ ခေါ်ဆိုကြလေ၏။

http://www.dhammadownload.com

"အဘိနိဝေသ ပရာမာသော ဒိဋ္ဌိ"တဲ့၊အဲသလို ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်တို့၌ သတ္တအနေ, ဇီဝအနေ, ပုဂ္ဂလအနေ,နိစ္စအနေ, ·ဓုဝအနေ, သဿတအနေ, အဝိပရိဏာမအနေမျိုးဖြင့် မှားမှားယွင်း ယွင်း သုံးသပ်ယူစွဲ ဖေါက်ပြန်ပြောဆို နေကြခြင်းကိုပင် ဒိဋ္ဌိလို့ ဆိုတယ်၊ အတ္တဆိုဒါကတော့ ရုပ်,ဝေဒနာ စသည်တို့၌ နိုင်မြဲနေတဲ့ မသေမပျောက် နိုင်တဲ့ ခန္ဓာအိမ်ပျက်ပေမဲ့ ခန္ဓာအိမ် အိုပေ,နာပေ,သေပေမဲ့ ဘယ် တော့မှ မအို,မနာ,မသေတဲ့ မပျက်စီးတဲ့သဘောကို တနည်းအားဖြင့် အကောင်အထည်ကလေးကို အတ္တလို့ ခေါ်ကြတယ်။

ဒီနေရာမှာ အတ္တနဲ့ ဒိဋ္ဌိနဲ့ဟာ တခြားစီ၊ အတ္တသည် ဒိဋ္ဌိမဟုတ် ဘူး၊ ဒိဋ္ဌိဟာလဲ အတ္တမဟုတ်ဘူး၊ အဲဒီတော့ အတ္တကိုဖယ်ထားပြီးတော့ ဒိဋ္ဌိကို ဝိပဿနာရှုနိုင်သေးတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီ အဘိ နိဝေသပရာမာသဒိဋ္ဌိသည်ပင် နာမ်ထဲမှာ ပါသည် ဖြစ်သောကြောင့် အနတ္တတရား၊ ဘာတရားတဲ့လဲ၊ (အနတ္တတရားပါဘုရား)။

ဟော ဒါတွေလောက်တော့ ပေါ်လာပါပြီ၊ အဲဒီတော့ လူကို သတ္တာကို အတ္တလို့ခေါ်တယ်ဆိုတာ ဘာဖြစ်လို့ အတ္တလို့ခေါ်ရသလဲ၊ ရုပ်တရားကို မှားသောအားဖြင့် သုံးသပ်ယူစွဲထားသည် ဖြစ်သော ကြောင့် အတ္တ၊ သမုတိသစ္စာ အများပြောတာအမှန်။

ရုပ်တရားကို သတ္တဝါလို့ဆိုတာ မှားသလား မှန်သလား၊ (မှားပါ တယ်ဘုရား)။

အဲဒီလိုမှားသောအားဖြင့် သုံးသပ်ယူစွဲတဲ့ အဘိနိဝေသ ပရာမာသ ကို ဒိဋ္ဌိလို့ခေါ်တဲ့ အတ္တဒိဋ္ဌိ၊ အဲဒီလိုအတ္တလို့ပေါ်လာရင်ရှည်တယ်, တိုတယ်, ပုတယ်, ဝတယ်,ပိန်တယ်, ငယ်တယ်, သေးတယ်ဆိုတဲ့ အတ္တ သညာတွေ ပေါ်လာပါပြီ၊ ဝိပဿနာရှုတဲ့ နေရာကျတော့ အဲဒီလူဆိုတဲ့ အတ္တကို ဝိပဿနာရှုရမှာလား၊ ရှည်တာ,တိုတာလို့ဆိုတဲ့ အတ္တသညာ တွေကို ဝိပဿနာရှုရမှာလားဆိုတော့ ဒီအထဲ ဝိပဿနာရှုဘို့မပါဘူး။

ဒါဖြင့် သတ္တလောကနဲ့ ဩကာသလောကဟာ ဘယ်လိုကြောင့် အတ္တထဲ ပါနေသလဲ၊သတ္တလောကလို့ဆိုတဲ့ တိရစ္ဆာန်သတ္တဝါ ဘယ်မှာ လဲလို့မေးရင် ရုပ်တခုကို သွားပြီးတော့ လက်ညှိုးထိုးပြမလား ထိုးမပြ ဘူးလား၊ (ထိုးပြပါမယ်ဘုရား)။

http://www.dhammadownload.com

လူသတ္တဝါ ဘယ်မှာလဲလို့ဆိုရင် ဟောဒီဥတုဇရုပ်ကြီးကို ယက်ညှိုး ထိုးပြမယ်၊ ဒီတော့ ဒီရုပ်တရားကြီးသည် သတ္တဝါ၏ တည်ရာ့ရေချည်း ဖြစ်မနေသောကြောင့် ဩကာသလောကတဲ့၊ သတ္တဝါရဲ့ တည်ရာမှီရာဖြစ် တာ ဩကာသလောက။

သင်္ခါရလောကနှင့်အနတ္တ

သတ္တဝါခေါ်တဲ့ လူကို ဉာဏ်ပေါ်မှာတင်ပြီးတော့ ခွဲလိုက်မယ်ဆိုရင် ဘာဖြစ်မလဲ သင်္ခါရလောက ပေါ်လာတယ်၊ ဘာလောက တဲ့လဲ၊ (သင်္ခါရလောကပါဘုရား)၊

သင်္ခါရလောကဆိုတာ ဘယ်ဟာလဲ၊ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောကို သိနေတယ်ဆိုတဲ့ ဝိညာဏ်၊ နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ ပိုင်းခြားပေးနေတယ် ဆိုတဲ့ ပညာခေါ်တဲ့ နာမ်၊ ထင်ရှားအောင် လုပ်ပေးနေတဲ့ သတိခေါ် တဲ့နာမ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ဝါယော လေဓာတ်၊ ရုပ်ပရမတ်သည် သင်္ခါရလောက—

ဘာလောကတဲ့လဲ၊ (သင်္ခါရလောကပါဘုရား)။

အဲဒီသင်္ခါရလောကကို အနတ္တတရားလို့မှတ်၊ သင်္ခါရလောကက ဘာလဲ၊ (အနတ္တတရားပါဘုရား)။

ရုပ်သည် အနတ္တတရား—

ပညာရယ်-သတိရယ်ခေါ်တဲ့ သင်္ခါရနာမ်တရားသည် အနတ္တတရား။

ဝိညာဏ်ခေါ်တဲ့ သိမှုသဘောတရားသည် အနတ္တတရား။

> ''ရူပံ ဘိက္ခဝေ အနတ္တာ၊ သင်္ခါရာ ဘိက္ခဝေ အနတ္တာ၊ ဝိညာဏံ ဘိက္ခဝေ အနတ္တာ'' တဲ့။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အတ္တ-အနတ္တ ကွဲပလား၊ (ကွဲပါပြီဘုရား)။

အဲဒီ အနတ္တလို့ခေါ်တဲ့ ဝိညာဏ်,အနတ္တလို့ခေါ်တဲ့နာမ်, အနတ္တ လို့ခေါ်တဲ့ရုပ်မှာ လူဆိုတဲ့သတ္တဝါပါသလား၊ (မပါပါဘုရား)။

သမုတိသစ္စာပါသလား၊ (မပါပါဘုရား)။

http://www.dhammadownload.com

ရှည်တာ,တိုတာ,ကြီးတာ, ငယ်တာပေါ်တဲ့ အတ္တသညာကော ပါသလား၊ (မပါပါဘုရား)။

ဒါဖြင့် တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ဝါယောလေဓာတ်၊ ရုပ်ပရမတ်ကို သိတဲ့ဝိညာဏ်၊ နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေနဲ့ တခြားစီဘဲလို့ ပိုင်းခြားပေးတဲ့ ပညာဆိုတဲ့နာမ်၊ နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေနဲ့ ယင်ရှားအောင် ပြုလုပ်ပေးနေတယ်ဆိုတဲ့ သတိ တည်းဟူသောနာမ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသောရုပ်၊ပေါင်းတော့ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း– စိတ်,စေတသိက်, ရုပ်ဆိုတဲ့ အဲဒီ သင်္ခါရတရားသည် အနတ္တတရား–
ဘာတရားတဲ့လဲ၊ (အနတ္တတရားပါဘုရား)။

အဲဒီ အနတ္တတရားထဲမှာ အတ္တတွေ ရောနေသေးသလား ရောမနေဘူးလား၊ (မရောတော့ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများက ဉာဏ်နဲ့ သေသေချာချာကြည့်၊အခုဘာတဲ့လဲ အခုပြထားတဲ့သမုတိသစ္စာနယ်ထဲက ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမ,အရှည်,အတို ရှိတယ်၊အဲဒီသမုတိသစ္စာအများပြော အမှန်ဖြစ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ သတ္တလောကနဲ့ ဩကာသလောက တည်းဟူသော အတ္တနဲ့ အတ္တသညာကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်ပေါ်ကို တင်ကြည့်ရင် ဘာတွေ့မလဲ ဝိညာဏ်, နာမ်,ရုပ်၊တနည်း စိတ်,စေတသိက်, ရုပ် ဒါဘဲတွေ့မယ်၊ သင်္ခါရ လောကကို တွေ့မယ်။

အဲဒီ သင်္ခါရလောကကို အနတ္တလို့ ဘာပြုလို့ ပြောရသလဲဆိုတော့ တည်ရာမရှိလို့၊ အသက်ကောင်,လိပ်ပြာကောင်,အထည် ကိုယ်ကောင် အနေနဲ့မရှိလို့ ၎င်းအနတ္တလို့ပြောတယ်၊ ဘယ်လိုကြောင့် တည်ရာ မှီရာ မရှိသလဲ"ဟုတွာ အဘာဝတော"အဲဒီ ဝိညာဏ်,နာမ်,ရုပ်တို့ဟာ ဖြစ်ပြီးဒါနဲ့ တပြိုင်နက်ထဲ ပျောက်သွားသလား ပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား)။

အခုဖြစ်ရင် အခုပျောက်သလား တော်တော်ကြာမှ ပျောက်သလား၊ (အခုပျောက်ပါတယ်ဘုရား)။

အခုဖြစ်ပြီး အခုပျောက်တဲ့တရားကို ငါပါဘဲလို့ ပြောလို့ရပါမလား၊ (မရပါဘုရား)။

http://www.dhammadownload.com

လက်ညှိုးထိုးပြလို့ ရပါ့မလား၊မင်းဘယ်မှာလဲလို့ဆိုရင် အဲဒီ အခု ဖြစ်ပြီး အခု ပျောက်သွားတဲ့ ဝိညာဏ်,နာမ်, ရုပ်ကို ဒီမှာလို့ လက်ညှိုး ထိုးပြလို့ ရနိုင်ပါဦးတော့မလား၊ (မရပါဘုရား)။

ငါလို့ လုပ်ထားလို့ ရပါ့မလား၊ (မရပါဘုရား)။

ငါ့ဥစ္စာကလေးတွေပါလို့ လုပ်ထားလို့ရပါ့မလား၊(မရပါဘုရား)။

အသက်,လိပ်ပြာ အကောင်တခုအနေနဲ့ကော ရှိနိုင်ပါ့မလား၊ (မရှိ နိုင်ပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မှားနေတာက အခုဖြစ်ပြီးတော့ အခုပျောက်တဲ့သဘောတရားတွေကို ဒါငါ့ဥစ္စာကလေး ပါလို့ အကောင်ကလေးပါ ထင်ထားသလား, ထင်မထားဘူးလား၊ (ထင်ထားပါတယ်ဘုရား)အဲဒါ အထင်မှားလို့ ဒီဒဏ်ကို ခံနေရတာ။

ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သဘောတရားသည် ကိုယ်လဲမဟုတ်ဘူး၊ ကိုယ့်ဥစ္စာလဲမဟုတ်ဘူး၊အကောင်အထည်လဲ မဟုတ်ဘူး၊ အဲဒီလို မှီရာ တည်ရာ ကိုယ့်ဥစ္စာအနေအားဖြင့် မှီရာတည်ရာ မရှိသည် ဖြစ်ပါသော ကြောင့် အဲဒီ ဝိညာဏ်,နာမ်,ရုပ် ဆိုတဲ့ သဘောတရားကို အနတ္တ အစိုး မရဘူး။

ဘယ်လိုကြောင့် အစိုးမရတာလဲ၊ အဲဒီ ဝိညာဏ်, နာမ်, ရုပ် ဆိုတဲ့ သဘောတရားကို ပျက်မသွားအောင် ဖြစ်မလာအောင် တားပေးပါလို့ ဘယ်သူ့ကိုသွားပြီးတော့ တိုင်ထားမလဲ တိုင်လို့မရဘူး၊ဝိညာဏ်,နာမ်, ရုပ်ကို မဖြစ်အောင် မပျက်အောင်တားဆီးထားနိုင်တဲ့ သူ့အပေါ်မှာ အုပ်ချုပ်စိုးမိုးထားနိုင်တဲ့ အစိုးရတဲ့ အရှင်သခင်ဆိုတာ ရှိသလား၊ (မရှိပါဘုရား)။

သူ့ကို ဆိုင်းထားလို့ ရပါ့မလား၊ (မရပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ခုကြည့်စမ်း တိုးတဲ့သဘော,ထွန်းကန့်တဲ့သဘောတွေဟာ တခါထဲဖြစ်ပြီးဒါနဲ့ တပြိုင် နက်ထဲ သူဟာ ပျောက်သွားသလား ပျောက်မသွားဘူးလား၊ (ပျောက် သွားပါတယ်ဘုရား)။

အဲဒါလေး ပျောက်မသွားအောင် ဖြစ်လာတဲ့ တိုးတဲ့ သဘော, တွန်းကန်တဲ့သဘောလေး ပျောက်မသွားအောင် ကိရိယာ အမျိုးမျိုး

http://www.dhammadownload.com

တွေနဲ့ အတတ်ပညာ အမျိုးမျိုးတွေနဲ့ ယိမ်းထားလို့ ရပါ့မလား၊ (မရပါဘုရား)။

ဒါဖြင့် သူ့ကိုပြုပြင်လို့ရပါ့မလား၊ (မရပါဘုရား)။

အားကိုးလို့ ရပါ့မလား၊ (မရပါဘုရား)။

ကိုယ့်အလိုကော သူလိုက်ပါ့မလား၊ (မလိုက်ပါဘုရား)။

အဝသဝတ္တနဋ္ဌေန၊ ကိုယ့်အလို မလိုက်သည် ဖြစ်သောကြောင့် အနတ္တလို့ ခေါ်တယ်။

ရုပ်တရားသည် အနတ္တ၊ ဝေဒနာသည် အနတ္တ၊ သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့တရားသည်အနတ္တ၊ဝိညာဏ်,နာမ်,ရုပ်၊စိတ်,စေတသိက်, ရုပ်ဆိုတဲ့ သင်္ခါရလောကသည် အနတ္တ။

ဒီတရားတွေက ဘာတဲ့လဲ၊ (အနတ္တတရားပါဘုရား)။ အဲဒီ အနတ္တ တရားထဲကိုသေသေချာချာကြည့်၊ အတ္တနဲ့ အတ္တသညာလို့ ခေါ်တဲ့ တရားတွေ ပါသလား မပါဘူးလား၊ (မပါပါဘုရား)၊

အနတ္တာနုပဿနာဖြစ်ပုံ

ရှုကွက်ထဲကိုပြန်ကြည့်၊ အဲဒီလို ရှုကွက်ထဲကိုပြန်ကြည့်ရင် အတ္တနဲ့ အတ္တသညာ မပါရင် အနတ္တသဘောကို သေသေချာချာမိနေပြီ၊ အဲဒီ ရှုစရာအာရုံသည် အတ္တနဲ့ အတ္တသညာ ထင်မနေရင် ရှုစရာ ကြည့်စရာ ဖြစ်တဲ့ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ အာရုံသည် စင်ကြယ်နေသည်၊ ဒီ အာရုံ သန့်ရှင်းနေသည်၊ အဲဒီတော့ ဒီအာရုံကို ဘာနဲ့ရှုမလဲ၊ အဲဒီအာရုံကို ရှုဘို့ အသိဉာဏ်လေး လိုသလား မလိုဘူးလား၊ (လိုပါတယ်ဘုရား)၊ အနတ္တကို ဝိပဿနာလုပ်ရမယ်။

အဲဒီ အနတ္တာနုပဿနာလို့ဆိုတော့ ခုန ကုန်တဲ့သဘော,ပျောက်တဲ့ သဘော, ဖြစ်တဲ့သဘောကလေး အဲဒါလေးကိုကြည့်၊ အနတ္တကို ရှုဘို့ ရန်အတွက် အနတ္တာနုပဿနာလို့ခေါ်တဲ့ အနုပဿနာလေး လိုသလား မလိုဘူးလား၊ (လိုပါတယ်ဘုရား)။

ရှုစရာအာရုံတော့ တွေ့ပလား၊ (တွေ့ပါတယ်ဘုရား)။

ကြည့်စရာ ရှုစရာက ဘာလဲ၊ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း–စိတ်, စေတသိက်, ရုပ်၊စိတ်တို့, ဝိညာဏ်တို့ဆိုတာ ဘာလဲ၊ သိတဲ့သဘော,

http://www.dhammadownload.com

နာမ်ဆိုတာက သတိ, ပညာ၊ သူက နာမ်၊ ရုပ်ကဘာလဲ၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ဝါယောလေဓာတ် ရုပ်ပရမတ်၊ အဲဒါတွေ ရှုရမယ်။

ဒီတော့ ရှုစရာအာရုံလေးတော့ တွေ့ပြီ၊ တွေ့တယ်ဆိုတာ ရှိတာကို ပြောတာ၊ ကြည့်စရာအာရုံတွေလဲ ရှိနေပြီ၊ ရှုစရာအာရုံကလေး ရှိနေပြီ၊ ဘာနဲ့ရှုမလဲ၊ တချို့ကပြောကြတယ် ဝိပဿနာရှုတယ်, ဝိပဿနာရှုတယ်နဲ့၊ အဲဒီဝိပဿနာ ရှုတယ်ဆိုတာ ဘာနဲ့ ဝိပဿနာရှုတာလဲ၊ ပညာနဲ့ ဝိပဿနာရှုရမယ်။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့ဉာဏ်မှာ အခု ရှုစရာ အာရုံကလေးကတော့ဖြင့် စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း အတ္တနဲ့အတ္တသညာ ကွာပြီးတော့ အနတ္တလုံးကလေး ကျန်ရစ်ခဲ့ပြီနော်၊ (မှန်ပါဘုရား)။

ဝိညာဏ်ဆိုတာ အကောင်အထည်မဟုတ်ဘူး၊ နာမ်ဆိုတာ အကောင်အထည်ဒြပ်ကလေးမဟုတ်ဘူး၊ အရှည်,အတို, အကြီး, အသေး မဟုတ်ဘူး၊ အဲဒီလို အကောင်အထည်မရှိတဲ့ အရှည်, အတို, အကြီး, အသေးမရှိတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို သတ္တဝါတွေက ဘယ်လိုထင်သလဲ၊ အကောင်အထည် ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါရှိတယ်၊ အရှည်,အတို ရှိတယ်၊ အကြီး,အသေးရှိတယ်၊ အကြမ်း,အနုရှိတယ်လို့ သတ္တဝါတွေက အဲဒီလို ထင်နေကြတယ်၊ အဲဒီ အထင်ကြီးက ဘယ်လောက်ကြီးနေသလဲဆိုရင် သုတ္တနိပါတ်ပါဠိတော်မှာ ဒွယတာနုပဿနာသုတ္တန်ဆိုတာ ရှိပါတယ်။

အဲဒီ ဒွယတာနုပဿနာသုတ္တန်မှာ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘာဟောခဲ့သလဲ။

အတ္တစ္ဆ-စုံပုံ

အနတ္တနိ အတ္တမာနိံ၊
ပဿ လောကံ သဒေဝကံ။
နိဝိဋ္ဌံ နာမရူပသ္မိံ၊
ဣဒံ သစ္စန္တိ မညတိ။

http://www.dhammadownload.com

အနတ္တနိ၊ အတ္တကောင်မဟုတ်သော ရုပ်တရား, နာမ်တရား စုံ၌။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ သတ္တလောက ကြီးကို။ အတ္တမာနိံ၊အတ္တကောင်ဟု ထင်မှတ်စွဲလမ်းနေခြင်းကို။ ပဿ၊ ဉာဏ်စက္ခုဖြင့်ရှုကြည့်စမ်းပါလော့။ နာမရူပသ္မိံ၊ နာမ် ရုပ်တရားနှစ်ပါး၌။ နိဝိဋ္ဌံ၊ အကျုံးဝင်၍နေသော သဘောတရား စုကို။ ဣဒံ၊ ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူနတ်, သတ္တဝါ ဟူသော ဤအယူသည်။ သစ္စန္တိ၊မှန်ကန်၏ဟု။ မညတိ၊လူအများ အစွဲမှား အထင်မှားဖြစ်နေ၏။

ဒီ ပါဠိက ဘာပြသလဲလို့ဆိုတော့ အငွဲ့စွဲပုံကို ပြတယ်၊ ဝိညာဏ်, နာမ်,ရုပ်ပေါ်မှာ ယောကျ်ားဘဲလို့ စွဲထားတဲ့ အစွဲကြီး,သတ္တဝါဘဲ လူဘဲ လို့ စွဲထားတဲ့ အစွဲကြီး ရှိနေလိုက်တာ ကြည့်စမ်း အမျိုးသားဘဲ,အမျိုး သမီးဘဲ, အရှည်ဘဲ,အတိုဘဲ, အငယ်ဘဲ, အပုဘဲ,အရှည်ဘဲ, အပိန်ဘဲ, အဝဘဲလို့ စွဲထားလိုက်တဲ့ စွဲလမ်းမှုကြီးက အတ္တသညာကြီးစွဲထား ပုံကိုကြည့်ပါတဲ့ ဘုရားရှင်က—

ဘုန်းကြီး ခုဝိပဿနာအလုပ် လုပ်ပုံကို ပေးနေတာဟာ စာပေကို ကျော်ပြီးတော့ ပေးနေတာမဟုတ်ဘူးနော်၊ စာပေနယ်က ကျေးဇူး တွေကို ဝိပဿနာအားထုတ်နေကြတဲ့ အမျိုးကောင်းသားတွေ, အမျိုး ကောင်းသမီးတွေ သိကြပါစေတော့ဆိုပြီးတော့ ဖေါ်ထုတ်နေတာ။

ဘုန်းကြီးတို့ စာပေနယ်က ပုဂ္ဂိုလ်များကလဲ ဘယ်လိုနှလုံးသွင်းရ မလဲ၊အောင်ဒီစာပေနယ်က သွားရမဲ့လမ်းကြောင်းက ပဋိပတ္တိ လုပ်ငန်း ထိအောင် သွားရမှာပါကလားဆိုတာ သဘောပေါက်ဘို့ ပဋိပတ္တိလုပ် ငန်းကို အားထုတ်နေကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများကလဲ တို့ဒီနေရာရောက်လာတာဟာ စာပေနယ်ကမို့လိုက်လို့ ရောက်လာတာပါလားလို့ဆိုတာကို သဘောပေါက်ဘို့ ထိုထိုပါဠိတော် များက မှုများကိုယူပြီးတော့ ညွှန်ပြခြင်းဖြစ်ပါတယ်။

ဘာမှုကို တရားအားထုတ်ကြမလဲလို့ ဒီလိုမှုသေတခုကို တရားသေ ဝါဒနဲ့ကိုင်ပြနေတဲ့ တရားမဟုတ်ပါဘူး၊ ခုပါဠိတော်မှုဟာ ဝိပဿနာ အားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း သင့်လျော်ပါတယ်၊ ဘယ်ဟာ

http://www.dhammadownload.com

သာမှန်တယ်လို့ သိနေကြသလဲ၊ ဝိညာဏ်,နာမ်,ရုပ်သာ မှန်တယ်လို့ ပသိဘဲနဲ့ ယောကျာ်းသာမှန်တယ်, မိန်းမသာမှန်တယ်, ရှည်တာတိုတာသာမှန်တယ်, ကြီးတာငယ်တာသာမှန်တယ်, သတ္တဝါသာ မှန်တယ်လို့ သဘ္ဘဝါတွေ ဒီလိုသိနေကြတယ်။

အဲဒီ နစ်မြုပ်စုးဝင်မှုကြီးကို ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက ပယ်ရှား လုတ်နုတ်တော်မူခဲ့ပြီးဖြစ်သောကြောင့် ဝိပဿနာအားထုတ်တဲ့အခါမှာ ဒီလိုအတ္တအထင်ကို မပြုပါစေနဲ့လို့ အတ္တ, အတ္တသညာနဲ့ အနတ္တကိုကွဲအောင် ခွဲပေးရတယ်။

သညာနဲ့ပညာ ခွဲခြားမှတ်စရာ

ပညာယ ပရိဂ္ဂဏှိနေနှ-ပညာဆိုတာက ဝိပဿနာပညာလို့ ဒီလိုဆိုလိုတယ်၊ အဲဒီပညာမရှိရင် အတ္တ,အတ္တသညာ,အနတ္တဆိုဒါ ကွဲမှာမဟုတ်ဘူး။

အခုခေတ် ၉-တန်း,၁၀-တန်း,ဘီအေ,အမ်အေ စသည်ဖြင့် စာမေးပွဲတွေအောင်နေတာက ပညာမဟုတ်သေးဘူး၊အဲဒါတွေက သညာတွေ၊ ပညာကဘယ်ကျမှ ရမှာလဲလို့ဆိုတော့ ပရမတ္ထသဘာဝတွေကို ဟုတ်တိုင်းမှန်စွာ ဉာဏ်နဲ့မြင်တဲ့ အခါကျတော့မှ ပညာ၊ အတတ်အမျိုးမျိုးတွေကတော့ ပညာမဟုတ်သေးပါဘူး၊ပန်းရံသမားတွေ တတ်တဲ့ ပညာဟာ ပညာမဟုတ်သေးဘူး သညာပါ။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလဲ ပညာရဲ့ကျယ်ဝန်းပုံကို အင်မတန်မှ ကျယ်ကျယ်ဝန်းဝန်း ပြထားပါတယ်၊ လောကမှာ တတ်ကြတာ သူ့သညာကလေးနဲ့သူ၊ စာကလေးတွေကလဲ သူ့သညာနဲ့သူ အသိုက်ကလေးတွေ ဘာတွေ လုပ်တတ်တယ်၊ တိရစ္ဆာန်တွေမှာလဲဘဲ သူ့သညာကလေးနဲ့သူ သင်ထားရင်ဘဲ သင်ထားသလို တတ်နေကြတယ်၊ ကြက်တူရွေးတွေ ဘာတွေများဆိုလို့ရှိရင် စကားပြောတတ်တယ်၊ မျောက်ကလေးတွေများဆိုရင် ကတတ်တယ်၊ အဲဒါသညာတွေပါ၊ ပညာမဟုတ်ဘူး၊ အဲဒီမှတ်ထားတဲ့သညာက နေပြီးတော့မှ ပညာစခန်းကို ရောက်လာရတယ်။

http://www.dhammadownload.com

စာမေးပွဲအောင်တယ်ဆိုတာ ပညာလား,သညာလား၊ (သညာပါ ဘုရား)။

ကိုယ်မှတ်မိတာလေးနဲ့ သွားတိုးတဲ့အခါ စာမေးပွဲ ရေးဖြေလိုက်တော့ အဲဒါပြေသွားတာဘဲ၊ မှတ်မိတာလေးနဲ့တိုးနေတာ သညာ။

ပညာက ဘယ်မှာလဲလို့ဆိုတော့ အဲဒီစာမေးပွဲ အောင်ပြီးတဲ့အခါ ကျတော့မှ အဟုတ်ကို တကယ်အလုပ်လုပ်တဲ့အခါကျတော့မှ ပညာတွေ အဲဒီမှာပါလာပြီး သင်္ခါရတရားကြီးရဲ့ ဖြစ်တဲ့သဘောတွေ, ကုန်တဲ့ ပျောက်တဲ့သဘောတွေ အဲဒီမှာမြင်လာမှ ပညာ။

အဲဒီဝိပဿနာပညာ ဆုတ်ယုတ်နေရင် ကြည့်စမ်းတဲ့ ဒီသတ္တလောကကြီးမှာ ဝိပဿနာ ဉာဏ်ပညာမှ ဆုတ်ယုတ်နေသည် ဖြစ်သောကြောင့် အရှည်,အတို,အကြီး,အသေး,အပိန်,အဝ, သတ္တဝါမဟုတ်တဲ့ အနတ္တတရား၌ ရှည်တယ်,တိုတယ်,ကြီးတယ်,ငယ်တယ်, ပိန်တယ်, ဝတယ်လို့ ခေါ်တဲ့ အတ္တသညာကြီး လွှမ်းမိုးပြီးနေတာကို ကြည့်ကြစမ်းပါတဲ့။

> အနတ္တနိ အတ္တမာနိံ၊ ပဿ လောကံ သဒေဝကံ။
> နိဝိဋ္ဌံ နာမရူပသ္မိံ၊ ဣဒံ သစ္စန္တိ မညတိ။

ပညာယပရိဟီနာယ၊ ဖြစ်ပျက်နှစ်တန် ရုပ်နဲ့နာမ်ကို ကောင်းကောင်း သိမြင်နိုင်တယ်ဆိုတဲ့ ဝိပဿနာပညာ၏ ဆုတ်ယုတ်နေခြင်းကြောင့် (ဝါ) မရှိခြင်းကြောင့်။ နာမရူပသ္မိံ၊ အရှည်,အတို, အသေး,အကြီး မဟုတ်တဲ့ သင်္ခါရလောကတည်းဟူသော နာမ်, ရုပ်ဖြစ်သော။ အနတ္တနိ၊အနတ္တတရား၌။နိဝိဋ္ဌံ၊ယောကျ်ား,မိန်းမ, ငါ,သူတပါး, အတ္တဇီဝဟူ၍ စွဲလမ်းထင်မှတ်စူးဝင်၍နေသော။ သဒေဝကံ၊နတ်နှင့်တကွသော။အတ္တမာနိံ၊အတ္တကောင်ဟု ထင်မှတ်စွဲလမ်းနေသော။ လောကံ၊ လူအပေါင်းကို။ ပဿ၊ ရှုစမ်းကြပါကုန်လော့။ ဣဒံ၊ ဤလူဆိုတဲ့သဘော, ရှည်တယ် တိုတယ် ဆိုတဲ့သဘော, သတ္တဝါဆိုတဲ့ သဘောသည်သာလျှင်။ သစ္စန္တိ၊ အမှန်ဟူ၍။ မညတိ၊ မှတ်ထင်အောက်မေ့၍ နေလေ၏။

ကြည့်လေ ခုမိမိကိုယ်တိုင် မိမိပြန်ပြီး စဉ်းစားကြည့်စမ်းပါ၊ ညပါ နေယှိုကဂုဏ်မြောက်အောင် မိမိကိုယ်ကိုမိမိပြန်စမ်းကြည့်စမ်း၊ဒီတရား

http://www.dhammadownload.com

နဲ့ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ ဒွန်ချာတုံး,ရုပ်ခဲကြီး ငါဟာ သတ္တဝါလို့ထင်နေလိုက်တဲ့ အယင်ကြီးဟာ မပျောက်နိုင်ပါကလားလို့ ဘယ်နည်းနဲ့မှ ရှုတ်တရက် လွယ်လွယ်နဲ့ ဒီအစွဲဟာ မပျက်ဘူး၊ ငါ ယောကျ်ား မဟုတ်လို့ ဘာလဲ ပွား ငါ လူမဟုတ်လို့ ဘာလဲ၊ဟောဒါ ခွေးတိရစ္ဆာန် မဟုတ်လို့ ဘာလဲ၊ဒါသည်ဖြင့် သတ္တဝါမဟုတ်ရင် ဘာလဲ အတင်းခံပြော ဟာ သေသေချာချာ ဝိပဿနာဉာဏ်နဲ့ ရှုကြည့်တဲ့အခါမှာ သဏ္ဌာန်ဆိုတဲ့ သမုတိသဏ္ဌာန် ပျောက်ပြီးတော့ ပရမတ်ပညတ်တို့ရဲ့ ခြားနားချက်ကို တွေ့လာမယ်။

ဝိညာဏ်,နာမ်,ရုပ်၊ တနည်း စိတ်,စေတသိက်,ရုပ် မိပ်များက တိုတဲ့ စိတ်, ရှည်တဲ့စိတ်များရယ်လို့ ရှိသလား၊ (မရှိပါဘုရား)။

ပုံပန်းသဏ္ဌာန်ရှိသလား၊ (မရှိပါဘုရား)။

ဝိညာဏ်ဆိုတဲ့ သဘောမှာ ရှည်တာ, တိုတာ, ကြီးတာ, ငယ်တာ, ပိန်တာ,ဝတာ ရှိသလား၊ (မရှိပါဘုရား)။

အဲဒီလို တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ် တရားမှာလဲ ပိန်တာ,ဝတာများရှိသလား၊ (မရှိပါဘုရား)။

မျက်လုံးနဲ့မြင်တဲ့ ရုပ်တွေကြတော့ ဘယ်သူက ပိန်တယ်၊ ဘယ်သူက ဝတယ်၊ ဉာဏ်နဲ့မြင်တဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်မှာ ပိန်တယ်, ဝတယ် ဆိုတာများ ရှိသလား၊ (မရှိပါဘုရား)။

အတ္တသညာတွေ ပျောက်နေတာနော်၊ (မှန်ပါဘုရား)။

ပိုင်းခြားပေးတယ် ဆိုတဲ့ ပညာနဲ့ အာရုံမှာ ကပ်၍ထင်ရှားအောင် လုပ်ပေးနေတဲ့ သတိဆိုတဲ့ နာမ်တရားတို့မှာကော ပိန်တာ, ဝတာ, ကြီးတာ,ငယ်တာတွေ ရှိသလား၊ (မရှိပါဘုရား)။

အတ္တနဲ့ အတ္တသညာတွေ ပျောက်မနေဘူးလား၊ (ပျောက်နေပါတယ်ဘုရား)။

ရှိလျက်သားနဲ့ ပျောက်နေသလား မရှိလို့ပျောက်နေသလား၊(မရှိလို့ ပျောက်နေပါတယ်ဘုရား)။

http://www.dhammadownload.com

အတ္တဆိုတာ ရှိကိုမရှိဘူး၊ နက်ဖြန်ခါကျတော့ ဘုန်းကြီးတို့ ဘုရားဟောအမှန်ဆိုတဲ့ အရိယာသစ္စာကို ရှုကွက်နဲ့ ပြမယ်၊ အနတ္တာနုပဿနာ ဆိုတဲ့ ရှုကွက် ရှုစရာလေးတွေနဲ့ ပြမယ်။

အဲသလို ဘုန်းတော်ခြောက်ပါးသခင် ရှင်တော်မြတ်ဘုရား ဟောထားတဲ့တရားဒေသနာ၌ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ခုအနတ္တဆိုတဲ့ ရုပ်လုံးကလေးဟာ ရှုစရာ ကြည့်စရာ အာရုံကလေး ပိဋကတ်,နာမ်,ရုပ်မှာ စင်စင်ကြယ်ကြယ် ပေါ်ပြီ၊ အဲဒီ စင်စင် ကြယ်ကြယ် ပေါ်လာတဲ့ ရှုစရာအာရုံကို နက်ဖြန်ခါကျတော့ ရှုစရာဖြစ်တဲ့ အနတ္တာနုပဿနာဉာဏ်ကလေး လုပ်ပေးပြီးတော့ ဘယ်သူက ရှုပေးမှာလဲလို့ဆိုတာ ရှေးဦးစွာ ပေါ်လာအောင် ပြကြစို့ရဲ့၊ ကိုင်းဒီနေ့ အလုပ်ပေးတရား ဒါလောက်နဲ့ တော်လောက်ပါပြီ။

(သာဓု–သာဓု–သာဓု)

တတိယည-ဝိပဿနာအလုပ်ပေး
တရားတော် ပြီး၏။

http://www.dhammadownload.com

သင်္ဂါရဝသုတ္တန် တရားတော် ပဥ္စမပိုင်း

တရားတော်နိဒါန်း

အဲဒီ သင်္ဂါရဝသုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ်အခါက သင်္ဂါရဝ ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဤသင်္ဂါရဝသုတ္တန်တရား ဒေသနာကို ဟောကြားတော်မူခဲ့ပါသည်၊ ဒီစကားရပ်တွေကို ၆-ကြိမ်တိုင်တိုင် သံဂါယနာတင်တော်မူကြတဲ့ မဟာထေရ်ကြီးများနှင့် သံဃာတော်များက –

> ''ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ''။

လို့ သံဂါယနာတင်တော်မူကြပါတယ်၊ ဆိုလိုတာက တစ်ချိန်တုန်းက ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် ဒီသင်္ဂါရဝ သုတ္တန်တရား ဒေသနာတော်ကို ဟောကြားတော်မူရာဝယ် ဘုရားတပည့်တော် အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ထံတော် မှောက်မှ ဤသို့ ရှေးဦးစွာ ကြားနာမှတ်သား ဆောင်ထား လိုက်ရပါ၏ဘုရား၊ ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်း၌ လူ, နတ်, ဗြဟ္မာ သတ္တဝါတွေရဲ့ ပစ္စုပ္ပန်ကောင်းစားရေး တမလွန် ကောင်းစားရေး နိဗ္ဗာန်အမြတ် ပရမတ် ကောင်းစားရေးကို ချီးမြှောက် တော်မူလိုသောကြောင့် ဣရိယာပုထ်လေးပါးဖြင့်မျှတရှင်ပြီး သီတင်းသုံး နေတော်မူပါသည်၊ ထိုသို့ ဘုန်းတော်သခင် သဗ္ဗညုကိုယ်တော်မြတ်ဘုရား သာဝတ္ထိပြည် အနာထပိဏ် ဆောက်လုပ် လှူဒါန်းတဲ့ ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် အခါကာလမှာ သင်္ဂါရဝအမည်ရှိတဲ့ ပုဏ္ဏားကြီးသည် ဘုန်းတော်သခင် ရှင်တော်မြတ် ဘုရား ရှိတော်မူရာသို့ ရိုသေစွာ ချဉ်းကပ်ပြီးတော့ ရောက်ရှိလာပါသည်။

http://www.dhammadownload.com

"အထ ခေါ သင်္ဂါရဝေါ မြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ"။

ထိုအခါ သင်္ဂါရဝပုဏ္ဏားကြီးသည် ဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားရှိတော်မူရာသို့ ရှိသေစွာ ချဉ်းကပ်ပြီးတော့ သင့်တင့်လျောက်ပတ် သော အရပ်က သင့်တင့်လျောက်ပတ်အောင် ထိုင်ပြီးတော့ ဘုန်းတော် သခင် ရှင်တော်မြတ်ဘုရားနှင့် အတူတကွ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် ဖြစ်တဲ့စကားကို ပြောကြားကြပါတယ်။

သင်္ဂါရဝပုဏ္ဏားကြီး မြတ်စွာဘုရားထံ ရောက်တဲ့အခါ သင်္ဂါရဝ ပုဏ္ဏားကြီးနဲ့ ဘုန်းတော်သခင် သဗ္ဗညုရှင်တော် မြတ်ဘုရားတို့ဟာ ဝမ်း မြောက်ဖွယ် အမှတ်ရဖွယ် သာရဏီယကထာကို ပြောကြားကြပါတယ်၊ "ကစ္စိ ယာပနီယံ"နေထိုင်ကောင်းရဲ့လား၊မျှမျှတတရှိရဲ့လားစသည်ဖြင့် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက မေးတော်မူတဲ့ ပဋိသန္ထာရ ကထာ ပြောကြားပြီးတော့—

"သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေ- တွာ ဧကမန္တံ နိသီဒိ"။

သင့်တင့်လျောက်ပတ်တဲ့စကား ပြောကြားပြီးတော့ သင်္ဂါရဝပုဏ္ဏား ကြီးက သင့်တင့်လျောက်ပတ်တဲ့ အရပ်ဌာနမှာ ထိုင်ပါတယ်။

ပုဏ္ဏားကြီးမေးလျှောက်ပုံ

"ဧကမန္တံ နိသိန္နော ခေါ သင်္ဂါရဝေါ မြာဟ္မ- ဏော ဘဂဝန္တံ ဧတဒဝေါစ"။

ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ နိသိန္နော ခေါ၊ ထိုင်နေပြီးသည်သာလျှင်ဖြစ်သော။ သင်္ဂါရဝေါ၊သင်္ဂါရဝ မည် သော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဘဂဝန္တံ၊ ဘုန်းတော် သခင် ရှင်တော်မြတ်ဘုရားကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ နားတော်လျှောက်၏။

http://www.dhammadownload.com

သင်္ဂါရဝပုဏ္ဏားကြီးက ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို ရိုရို သေသေလျှောက်ထားပါတယ်၊ ဘယ်လိုလျှောက်ပါသလဲလို့ဆိုတော့—

"ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော ယေနေ ကဒါ ဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ နပဋိဘန္တိ၊ ပဂေဝ အသဇ္ဈာယကတာ"။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သေသေချာချာ အာရုံပြုပြီးတော့ နာပါ၊ခုနပြောတဲ့အပိုင်းတွေ ဒီသုတ္တန်မှာ ပါလာမယ်၊ ကာမစ္ဆန္ဒတွေ,ဗျာပါဒတွေ,ထိနမိဒ္ဓတွေ, ဥဒ္ဓစ္စကုက္ကုစ္စတွေ, ဝိစိကိစ္ဆာ တွေဆိုတာ ဒီသုတ္တန်မှာ မြတ်စွာဘုရားရှင် ဟောပါလိမ့်မယ်၊ တရား အားထုတ်မဲ့ပုဂ္ဂိုလ် အင်မတန်အရေးကြီးတယ်၊ ဒီနီဝရဏတရားတွေမှ မကင်းလျှင် တရားအားထုတ်လို့ ဉာဏ်အမြင် မသန့်ရှင်းနိုင်ဘူး၊ သင်္ဂါရဝပုဏ္ဏားကြီးက ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား ဘယ် လိုလျှောက်လဲဆိုတော့—

ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ယေန၊အကြင်အခါ၌။ ကေ ဒါ၊ တရံတခါ။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဇ္ဈာယ ကတာပိ၊ သရဇ္ဈာယ်ခြင်း, ရွတ်အံခြင်းကိုပြုပါသော် လည်း။ မန္တာ၊ဗေဒင်တို့သည်။ နပဋိဘန္တိ၊ဉာဏ်ထဲမှာ မထင်ရှားပါ ကုန်။ အသဇ္ဈာယကတာပိ၊မသရဇ္ဈာယ်ဘဲ မရွတ်အံဘဲ နေမယ် ဆိုရင်ဖြင့်။ ပဂေဝ၊အဘယ်ပြောနိုင်ဘွယ်ရှိတော့မလဲ။ ဒုဒံ၍ကဲ့ သို့ရှည်မြင့်စွာသောကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်ခြင်းကိုပြုပေ မဲ့ ဗေဒင်အတတ်တွေဟာ ဉာဏ်ထဲမှာ မထင်ခြင်းသည်။ကော နုခေါ၊အဘယ်အကြောင်းကြောင့်ပါလဲ။ ကောပစ္စယော၊အဘယ် အထောက်ပံ့ကြောင့်ပါလဲ။

ဘာပြောလိုတာလဲ အရှင်ဂေါတမ···· အကျွန်ုပ်ကား ရှည်မြင့်စွာ သောကာလပတ်လုံး အင်မတန် ကြိုးကြိုးစားစားနဲ့ ဒီဗေဒင်ဆိုတဲ့ အတတ်ပညာကို ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို ပြုလုပ်နေပေမဲ့ ဘယ်လို ဘဲရွတ်ရွတ် ဉာဏ်ထဲမှာ ဒီဗေဒင်အတတ်ပညာတွေဟာ မထင်ရှားပါ၊ အဲဒါ ဘာကြောင့်ပါလဲတဲ့—မေးလျှောက်တယ်၊သင်္ဂါရဝပုဏ္ဏားကြီးက—

http://www.dhammadownload.com

"ကော ပန ဘော ဂေါတမ ဟေတု ကော ပစ္စယော ယေနေကဒါ ဒီဃရတ္တံ အသဇ္ဈာယ-ကတာပိ မန္တာ ပဋိဘန္တိ ပဂေဝ သဇ္ဈာယကတာ"

ဒီပါဠိရဲ့ အဓိပ္ပါယ်က ဘာပြောသလဲဆိုတော့ အရှင်ဂေါတမတဲ့၊ တခါတရံမှာတော့ ရှည်မြင့်စွာသော ကာလပတ်လုံး မရွတ်အံ မသရဇ္ဈာယ်ပေမဲ့ ဗေဒင်အတတ်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ရှားပြီးတော့ လာခဲ့ပါတယ်၊ဒါဘာကြောင့်ပါလဲဘုရားတဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်က ဒီစကားရပ် ၂-ရပ်ကို ပြန်ပြီးအ ကျဉ်းချုပ်ပြီးတော့ နားလယ်လွယ်အောင် ပြောရမယ်ဆိုရင်–

အရှင်ဂေါတမ···· ဗေဒင်အတတ်ပညာတွေကို ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်နေပေမဲ့ ဉာဏ်ထဲမှာ မထင်ရှားဘူး၊ တခါတရံမှာတော့ မရွတ်အံ မသရဇ္ဈာယ်ပေမဲ့ ဉာဏ်ထဲမှာ ထင်ရှားလာပါတယ်တဲ့၊ အဲဒါ ဘယ်အကြောင်းကြောင့် ပါလဲတဲ့။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ နားလယ်လား၊ ဒီမေးခွန်းကိုနားလယ်ရဲ့လား၊ကြာမြင့်စွာစာကျက်ပါလျက်သားနဲ့ တခါတလေ စာမရဘူးတဲ့၊အဲဒါဘာဖြစ်လို့လဲတဲ့၊တခါတလေမှာ ကြာမြင့်စွာ စာမကျက်ပေမဲ့ စာရတယ်၊ အဲဒါ ဘာဖြစ်လို့လဲတဲ့။

ဟောဒီအထဲမှာစာမေးပွဲဖြေမဲ့ပုဂ္ဂိုလ်တွေလဲ ပါလိမ့်မယ်ထင်တယ်၊ လာမည့်နှစ်မှာ ၉-တန်း,၁၀-တန်း ဖြေမဲ့ပုဂ္ဂိုလ်၊ တခါတရံ ကြာမြင့်စွာ စာတွေကျက်ပါလျက်သားနဲ့ စာမရဘူး၊ တခါတရံမှာ ကြာမြင့်စွာ စာမကျက်ပေမဲ့ ရတယ်၊ အဲဒီ သဘောသွားပြီး အဲဒီလိုဖြစ်ပုံမျိုးကို သင်္ဂါရဝပုဏ္ဏားကြီးက မြတ်စွာဘုရားကို လျှောက်ထားခြင်းဖြစ်တယ်။

ကိုင်း နားလယ်ပလား အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ၊ (နားလယ်ပါတယ်ဘုရား)။

မြတ်စွာဘုရား ဖြေကြားတော်မူပုံ

ဒီတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ပြန်ပြီးတော့ ဟောပါတယ်၊ ဘယ်လိုဟောသလဲလို့ဆိုတော့–

http://www.dhammadownload.com

''ယသ္မိံ ခေါ ဗြာဟ္မဏ သမယေ ကာမရာဂ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ကာမရာဂ ပရေတေန ဥပ္ပန္နဿ စ ကာမရာဂဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ''။

ဗြာဟ္မဏ သင်္ဂါရဝပုဏ္ဏားး။ ယသ္မိံ သမယေ၊ အကြင်အခါ ကာလ သမယ၌။ ကာမရာဂပရိယုဋ္ဌိတေန၊ ကာမဂုဏ်သည် စိတ်အစဉ်ကို လွှမ်းမိုး၍နေအပ်သော။ (ကာမရာဂပရိယုဋ္ဌိတေန ကို အဋ္ဌကထာက ဂဟိတေနလို့ ဖွင့်တယ်၊ အဲဒါကြောင့်မို့) ကာမရာဂပရိယုဋ္ဌိတေန၊ ကာမဂုဏ်စိတ်တွေသည် လွှမ်းမိုး၍ယူ အပ်သော။ကာမရာဂပရေတေန၊(အဲဒါကိုတော့ အဋ္ဌကထာက ဘယ်နဲ့ဖွင့်လဲဆိုတော့ ကာမရာဂအနုဂတေနလို့ ဖွင့်တယ်၊ အဲ ဒါကြောင့်မို့) ကာမရာဂပရေတေန၊ ကာမဂုဏ်စိတ်သို့ အ စဉ်လျှောက်လိုက်သော။ စေတသာ၊စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ဥပ္ပန္နဿ၊ဖြစ်ပေါ်၍နေသော။ ကာမရာဂဿ၊ ကာမဂုဏ်စိတ်၏။ နိဿရဏံ၊လွတ်မြောက်ရာကို။ယထာဘူတံ၊ဟုတ်မှန်တဲ့အတိုင်း။ နပ္ပဇာနာတိ၊ကွဲကွဲပြားပြားနဲ့ မသိ။

သင်္ဂါရဝပုဏ္ဏားကြီး···· စာကျက်ပါလျက်သားနဲ့ စာမရတာဟာ ဘာဖြစ်လို့လဲလို့ဆိုတော့ အကြင်အခါမှာ သင်ရဲ့စိတ်အစဉ်ကို အာရုံ စားချင်မှုလို့ဆိုတဲ့ ကာမဂုဏ်စိတ်တွေက လွှမ်းမိုးနေတယ်၊ ရူပါရုံ, သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ် တရားတွေကို လိုချင်တယ်, နှစ်သက်တယ်ဆိုတဲ့ စိတ်ရဲ့နောက်ကို လို ချင်မှု,နှစ်သက်မှုနောက်ကို သင်ရဲ့စိတ်က အစဉ်လိုက်နေတယ်၊ သင့် သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ကာမဂုဏ်စိတ်ရဲ့လွတ်မြောက်ရာကိုလဲ သင် သည် ဟုတ်တိုင်းမှန်စွာမသိဘူး၊ အဲဒီလိုမသိသည်ဖြစ်သောကြောင့် ကြာ မြင့်စွာ စာကျက်ပေမဲ့လဲ စာမရဘူးလို့ ဒီလိုဆိုတာဘဲ။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဒီနေရာမှာကြည့်၊ တရားအားထုတ်တယ် နှစ်ပေါင်းများစွာ,ရက်ပေါင်းများစွာ,လပေါင်း များစွာ တရားအားထုတ်တယ်၊ ဉာဏ်ထဲမှာ အဖြစ်နဲ့ အပျက်ဆိုတဲ့

http://www.dhammadownload.com

သဘောတရားဟာ ထင်ကိုမထင်ရှားသေးဘူးဆိုလျှင် တရားအားထုတ်ပါလျက်သားနဲ့ အဲဒီလို မိမိတို့ရဲ့ဉာဏ်မှာ အဖြစ်နှင့်အပျက် မထင်ရှားတာသည်၊ ဒုက္ခသစ္စာအချက်တွေ မထင်ရှားတာသည် ဘာကြောင့်လဲတဲ့။

တရားအားထုတ်နေပါယ်ဆိုထဲကိုက ကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေလို့ ကာမဂုဏ်စိတ်နောက်ကို အစဉ်မျှော်ညွှန်းသကာလ လိုက်နေသည်ဖြစ်သောကြောင့် ဖြစ်ပေါ်လာသော ကာမဂုဏ်စိတ်ရဲ့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မသိတဲ့အတွက် တရား အားထုတ်ပေမဲ့ တရားမရဘူး၊ ကြာမြင့်စွာစာကျက်ပေမဲ့ စာမရဘူးလို့ မြတ်စွာဘုရား ဖြေတာဟာ ဒါပါဘဲ။

ကာမဂုဏ်စိတ် လွှမ်းမိုးလို့ မထင်

ကိုင်း ဒီတော့ ဘယ်လိုလဲ ရှေ့သွားလိုက်ကြရအောင်—

"အတ္တတ္ထမ္ပိ တသ္မိံသမယေ ယထာဘူတံ နဇာနာတိ နပဿတိ။ ပရတ္ထမ္ပိ တသ္မိံသမယေ ယထာဘူတံ နဇာနာတိ နပဿတိ။ ဥဘယတ္ထမ္ပိ တသ္မိံသမယေ ယထာဘူတံ နဇာနာတိ နပဿတိ"။

တသ္မိံသမယေ၊ထိုကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေတဲ့ အခါကာလ၌။ အတ္တတ္ထမ္ပိ၊ မိမိရဲ့ အရဟတ္တဖိုလ်ဟူသော အကျိုးစီးပွားကို။ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။နဇာနာတိ၊ကွဲကွဲပြားပြားနဲ့ မသိတော့ဘူး။ ပရတ္ထမ္ပိ၊ မိမိရဲ့ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့နေတဲ့ တကာတကာမတို့ရဲ့ အကျိုးစီးပွားကိုလည်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနာတိ၊ မသိတော့ဘူး။ ဥဘယတ္ထမ္ပိ၊ မိမိသူတပါး ၂-ဦးသားတို့ရဲ့ အကျိုးစီးပွားကိုလည်း။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ နဇာနာတိ၊ခွဲခြားလို့ မသိတော့ဘူး။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီလို ကာမဂုဏ်စိတ်တွေဆိုတာ ဘယ်လိုလဲ၊ရူပါရုံကိုလိုချင်တဲ့စိတ်တွေ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံကို လိုချင်တဲ့စိတ်တွေ။

http://www.dhammadownload.com

(၁) ရူပါရုံအမျိုးမျိုးကို ကြည့်ချင်တဲ့စိတ်တွေ။
(၂) သဒ္ဒါရုံအမျိုးမျိုးကို ကြားချင်တဲ့စိတ်တွေ။
(၃) ဂန္ဓာရုံအမျိုးမျိုးကို နမ်းရှူချင်တဲ့စိတ်တွေ။
(၄) ရသာရုံအမျိုးမျိုးကို စားချင်တဲ့စိတ်တွေ။
(၅) ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးကို တွေ့ထိချင်တဲ့စိတ်တွေ။

အဲဒီလို စိတ်မျိုးတွေ သိပ်များနေရင် ဘယ်လိုစာကျက်ကျက် စာ မရပေဘူး၊ ဘယ်လိုဘဲ တရားအားထုတ်, အားထုတ် တရားမရနိုင်တော့ဘူးတဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်က ဒါဘဲ။

အဲဒီတော့ ပညာသင်နေတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုတာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်သို့ဆိုတာ ပညာတတ်ချင်ရင် စာမေးပွဲအောင်ချင်ရင် တရားရချင်ရင် ကာမဂုဏ်စိတ်တွေကို ရှောင်နိုင်သမျှ ရှောင်ရမယ်။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေက တရားတော့ ရချင်တယ်၊ စားမေးပွဲတော့ အောင်ချင်တယ်၊ကြည့်လိုက်တဲ့ ဘိုင်စကုတ်က ပြောလို့မရဘူး။

ကာမဂုဏ်စိတ်တွေ ဘယ်လောက် လွှမ်းမိုး နေသလဲဆိုတာကြည့်၊ ပတ်ချင်လိုက်တဲ့ အဝတ်အစား အဆန်းကလေးတွေဆိုတာ တားလို့ မရဘူး၊ စားချင်လိုက်တဲ့ အရသာကောင်းကောင်းကလေးဆိုတာ တားလို့မရဘူး၊ အဲဒီသလောက် ကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေရင် ကာမရာဂပရိယုဋ္ဌိတစိတ္တ, ကာမရာဂပရေတစိတ္တ-အဲဒီလို ကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာ မိမိရဲ့ သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ကာမဂုဏ်စိတ်ရဲ့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုလဲ ဟုတ်တိုင်းမှန်စွာ မသိရင် ဘယ်လိုဖြစ်မလဲ၊ စားချင်လို့မရဘူး၊ စာကျက်ပေမဲ့ စာမရဘူး၊ တရားအားထုတ်ပေမဲ့ ဝိပဿနာဉာဏ် မတက်ဘူး။

ဒီယရတ္တိံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဇ္ဈာယကတာပိ၊ သရဇ္ဈာယ်ခြင်းအမှုကိုပြုပါသော်လည်း။ မန္တာ၊ ဗေဒင်မန္တရားအတတ်တို့သည်။ နပ္ပဋိဘန္တိ၊ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူး။ အသဇ္ဈာယကတာ၊ သရဇ္ဈာယ်ခြင်းအမှုကို မပြုပါမူကား။ ပဂေဝ၊ အဘယ်ပြောဘွယ်ရာ ရှိပါတော့မလဲ။

http://www.dhammadownload.com

အကယ်၍ သရဏဂုံသာယာလောင်မှ ကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေလျှင် ရွတ်အံသရဇ္ဈာယ်တာတောင်မှ ဉာဏ်ထဲမှာ မထင်ရှားလျှင် မရွတ်အံမသရဇ္ဈာယ်ဘဲနေလျှင် ဘယ်မှာ ဒီအတတ်ပညာတွေ တတ်ပေါ့မလဲ၊ ဝိပဿနာတရားကို ကြိုးစားပြီး အားထုတ်ပါလျက်သားနဲ့ ခုနကပြောခဲ့တဲ့ ကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေလျှင် တရားအားမထုတ်ဘဲ နေလျှင် ဝိပဿနာဉာဏ်တွေ ဘယ်တက်တော့မလဲ။

ကာမဂုဏ်စိတ် ဖြစ်ခြင်းအကြောင်း

ကာမဂုဏ်စိတ်တွေ ဘာပြုလို့ဖြစ်သလဲ၊ အဲဒီ ကာမဂုဏ်စိတ်တွေ ဘာကြောင့်ဖြစ်သလဲလို့ဆိုတော့ ကိုင်းပါဠိတော် တခုဖွင့်ကြဦးစို့။

> ''အတ္ထိ ဘိက္ခဝေ သုဘနိမိတ္တံ အတ္ထိ အယောနိသော မနသိကာရဗဟုလီကာရော၊ အယံ မာဟာရော အနုပ္ပန္နဿဝါ ကာမစ္ဆန္ဒဿ ဥပ္ပါဒါယ ဥပ္ပန္နဿဝါ ကာမစ္ဆန္ဒဿ ဘိယျောဘာဝါယ ဝေပုလ္လာယ''။
>
> ဘိက္ခဝေ၊ ရဟန်းတော်များ အိချစ်သားတို့။ သုဘနိမိတ္တံ၊ တင့်တယ်တယ်ဆိုတဲ့နိမိတ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုတင့်တယ်တယ်ဆိုတဲ့ သုဘနိမိတ်၌။ အယောနိသော မနသိကာရဗဟုလီကာရော၊ မသင့်မတင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ကြိမ်ဖန်များစွာ အလေ့အလာပြုနေခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ဥပ္ပါဒါယဝါ၊ ဖြစ်ပေါ်ခြင်း ငှါလည်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ဘိယျောဘာဝါယဝါ၊ တိုးပွားခြင်း အကျိုးငှါလည်း။ ဝေပုလ္လာယဝါ၊ ပြန့်ပြောခြင်းအကျိုးငှါလည်း။ အာဟာရော၊ အကြောင်း အထောက်အပံ့ပေတည်း။

ကာမဂုဏ်စိတ်တွေ ဖြစ်တယ်ဆိုတာ သံယောဇဉ်တွေပေါ့၊ ကာမရာဂ သံယောဇဉ်ပေါ့၊ ပြောခဲ့တဲ့ သံယောဇဉ်တွေဟာ မပြတ်နိုင်ဘူး၊ သံယောဇဉ်တွေက ဘာပြတ်မလဲ၊ သံယောဇဉ်မပြတ်အောင်ကိုဘဲ လုပ်နေတော့ သံယောဇဉ်ဟာ မပြတ်ဘူး၊ သံယောဇဉ်က တွယ်တာမဟုတ်ဘူး။

http://www.dhammadownload.com

ကိုယ်ကတွယ်တာ၊ ကိုယ်ကတွယ်လို့ တွယ်နေတာ၊ တခါတလေဖြင့် ပုပ်ပြသွားတယ်၊ ကိုင်းမင်းက ငါ့အဲသလောက်တွယ်ချင်တာ ငါကခွဲပြမယ်ဆိုပြီးတော့ ကိုယ်မနဲ့ပေမဲ့ သူကခွဲတယ်၊ သံယောဇဉ်ဖြစ်တဲ့ တွယ်တာစရာ အာရုံတွေက ပျက်သွားတယ်၊ အဲဒီတော့ ဘယ့်နှယ်ဖြစ် ကျန်ရစ်သလဲ၊ ပုပ်နံသောကဖြစ်ရောက်လို့ ပူပန်ကျန်ရစ်ခဲ့တယ်၊ တွယ်ထားတာကို သူကမှ ကိုယ့်မတွယ်ဘဲနဲ့ ကိုယ်ကတွယ်ထားလို့။

မတွယ်တဲ့လူ ဒုက္ခမရောက်ဘဲ တွယ်တဲ့လူ ဒုက္ခရောက်တယ်၊ အဲ့တွယ်ဒါ ဘာဖြစ်လို့တွယ်လဲ၊ မသိလို့တွယ်တယ်၊ မသိလို့ဒုက္ခ "အညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ" အဲဒီအဝိဇ္ဇာဟာ မသိတာဘဲ၊ ဘာကိုမသိတာလဲ ဒုက္ခလို့ဆိုတာကို မသိသည့်ဖြစ်သောကြောင့် တွယ်မိတယ်၊ အဲဒါ ကာမရာဂ သံယောဇဉ်ဘဲ။

အဲသလို မသိတဲ့အတွက် တွယ်မိတာသာ မဟုတ်သေးဘူး၊ အဲဒီနောက်တော့ ဘာလဲ အာရုံနိမိတ် ကလေးတွေ လှတယ်, ချောတယ်, သိမ်မွေ့တယ်,ကောင်းတယ်ဆိုတဲ့ သုဘနိမိတ်ကို မသင့်မတင့် နှလုံးသွင်းတယ်၊ မသင့်မတင့် နှလုံးသွင်းတယ်ဆိုတာ ဘယ်လိုလဲ မမြဲတဲ့ ရုပ်ရုံကို မြဲတယ်လို့ နှလုံးသွင်းမိတယ်။

ဖြစ်ခြင်း,ပျက်ခြင်းတွေ နှိပ်စက်ပြီးသကာလ နေလို့ ဆင်းရဲတယ်ဆိုတဲ့ ရုပ်,နာမ် မမွှသန့်ရှင်းတွေကို သက်သာရာရတယ်, ချမ်းသာရာရတယ်လို့ အဲဒီလို အထင်လွဲမိတယ်၊အစိုးမရ အလိုသို့မလိုက် အကြိုက်ကိုမပါတဲ့ အနတ္တသဘောတရားတွေကို အစိုးရတယ်, အလိုသို့ လိုက်တယ်,အကြိုက်ကိုပါတယ်လို့ အဲဒီလို အထင်လွဲမိတယ်။

မတင့်တယ်တဲ့ အသုဘသဘောတရားတွေကို တင့်တယ်တယ်လို့ အထင်လွဲမိတယ်၊ အဲဒီလို အစိုးမရမှု, မတင့်တယ်မှု, မမြဲမှု, ဆင်းရဲမှုတွေကို အစိုးရတယ်,တင့်တယ်တယ်,မြဲတယ်,ချမ်းသာတယ်လို့ အထင်မှားပြီး နှလုံးသွင်းနေခြင်းကို အယောနိသောမနသိကာရလို့ခေါ်တယ်၊

အဲဒီ အသုဘနိမိတ်ကို အယောနိသော မနသိကာရနဲ့ မသင့်မတင့် နှလုံးသွင်းခြင်းကို အလေ့အလာပြုနေခြင်းဟူသော အကြောင်းကြောင့် ထပ်ခါထပ်ခါ အလေ့အလာပြုခြင်းဟူသော အကြောင်းကြောင့် ထပ်ခါ

http://www.dhammadownload.com

ထပ်ခါ မသင့်မတင့် နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့် မိမိ သန္တာန်မှာ မဖြစ်သေးတဲ့ ကာမရာဂစိတ်တွေလဲ ဖြစ်လာတယ်၊ ဖြစ်ပြီး သား ကာမရာဂစိတ်တွေလဲ တိုးပွားလာတယ်၊ သံယောဇဉ် ဖြစ်တယ်၊ အဲတာကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအား ပါဠိတော်တခုကို ပါဠိတော်တခုနဲ့ ပြန်ဖွင့်ပြခြင်း ဖြစ်တယ်။

အဲသလို ကာမရာဂစိတ်တွေ ဖြစ်ပွားလာရင် ကာမရာဂပရိယုဋ္ဌိတ စိတ်,ကာမရာဂ ပရေတစိတ်,ကာမရာဂတွေကလွှမ်းမိုးပြီးတော့ ပူသွား တဲ့စိတ်, ကာမရာဂသို့ အစဉ်လိုက်တဲ့စိတ် ဖြစ်ပေါ်လာတဲ့ ကာမရာဂရဲ့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုမသိခြင်း ဆိုတဲ့ သဘောတွေ ဖြစ်တယ်၊ အဲဒီလို ကာမရာဂစိတ်တွေ လွှမ်းမိုးပြီးတော့ ကာမရာဂစိတ် တွေကဖြစ်ပေါ်လာတယ်ဆိုရင် မိမိတို့ရဲ့သန္တာန်မှာ ရွတ်အံသရဇ္ဈာယ ခြင်းအမှုကို ပြုပေမဲ့ ဗေဒင်တွေ ဒိဉာဏ်ထဲမှာ မထင်ရှားတော့ဘူး၊ ဝိပဿနာတရားကို ကြိုးစားပြီးတော့ အားထုတ်ပေမဲ့ ဉာဏ်မတက် တော့ဘူး။

အဋ္ဌကထာနည်း ရှင်းပြချက်

> ''အတ္တတ္ထမ္ပိ ယထာဘူတံ နဇာနာတိ၊ ပရတ္ထမ္ပိ ယထာဘူတံ နဇာနာတိ၊ ဥဘယတ္ထမ္ပိ ယထာဘူတံ နဇာနာတိ''။ (ဒါကပါဠိတော်နည်း။)

ပါဠိတော်နည်းမှတပါး၊ အဋ္ဌကထာနည်းကိုဟောကြားဦးအံ့၊ အဋ္ဌ ကထာနည်းက ဘယ်လိုပြလဲ ကာမရာဂမှ လွတ်မြောက်ပြီလို့ဆိုတာ ဘယ်နှစ်ခုရှိသလဲ ကာမရာဂမှ လွတ်မြောက်မှုဆိုတာ–

(၁) ဝိက္ခမ္ဘနနိဿရဏ-ခွါသောအားဖြင့် လွတ်မြောက်ခြင်း၊
(၂) တဒင်္ဂနိဿရဏ-ထိုတရားကိုပွားများသော အခိုက်အတန့်၌ လွတ်မြောက်ခြင်း။
(၃) သမုစ္ဆေဒနိဿရဏ-အကြွင်းမဲ့ ပယ်ဖျောက်သောအားဖြင့် လွတ်မြောက်ခြင်း။

လို့ အဋ္ဌကထာက လွတ်မြောက်ခြင်းသုံးမျိုးပြတယ်၊ အဲသလို လွတ် မြောက်ခြင်းတို့ကို ပြတဲ့နေရာမှာ–

http://www.dhammadownload.com

(၁) ဝိက္ခမ္ဘနနိဿရဏ-ဆိုတာ အသုဘနိမိတ်ကို အာရုံပြုနိုင်လို့ ရှိရင် အဲဒီကာမဂုဏ်က ကွာပြီးတော့ သွားတယ်၊ ခွာနိုင်တာ။

(၂) တဒင်္ဂနိဿရဏ-ဆိုဒါ ဝိပဿနာတရားကို ပွားများအား ထုတ်မယ်ဆိုရင် တဒင်္ဂနိဿရဏအားဖြင့် အဲဒီကာမဂုဏ်မှ လွတ်မြောက်တယ်။

(၃) အရဟတ္တမဂ်ဉာဏ်ကျတော့ သမုစ္ဆေဒနိဿရဏဖြစ်တယ်။

အဲဒီ နိဿရဏသုံးပါးကို ဟုတ်တိုင်း မှန်စွာ မသိရင် မိမိရဲ့ အကျိုးစီးပွား, သူတပါးရဲ့အကျိုးစီးပွား, မိမိသူတပါး ၂-ဦးသားတို့၏ အကျိုးစီးပွါးများကို မသိတော့ဘူး၊ ကာမဂုဏ်တွေ လွှမ်းမိုးနေလို့ ဘယ်လိုပြလဲ။

"ဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ နပဋိဘန္တိ၊ ပဂေဝ အသဇ္ဈာယ ကတာ"။

ဒီဃရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သဇ္ဈာယကတာပိ၊ သရဇ္ဈာယ်ခြင်း ရွတ်အံခြင်း ပွားများခြင်းကို ပြုလုပ်ပါသော်လည်း။ မန္တာ၊ မန္တရားတို့သည်။ မန္တာ၊ ဗေဒင်အတတ်တို့သည်။ နပဋိဘန္တိ၊ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူး။ အသဇ္ဈာယကတာ၊ မသရဇ္ဈာယ်ပါမူကား၊ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။

ဆိုးရေနောက်လို့ အရိပ်မထင်သလို

ဒီကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေလို့ ဘုရားက ဒိနေရာ ဘယ်လို သက်သေပြသလဲ။

"သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော သံသဋ္ဌော လာခါယဝါ ဟလိဒ္ဒိယာဝါ နီလိယာဝါ မဉ္ဇိဋ္ဌာယဝါ၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ"။

http://www.dhammadownload.com

ဗြာဟ္မဏ၊ ပုဏ္ဏားဿ သေယျထာပိနာမ၊ လောကတန္တိ၊ ပုံစံပြု၍ တခုစကား ဥပမာထား၍ ငါဘုရားပြဦးအံ့၊ (ဘယ်လိုပြလဲ) ဥဒပတ္တော၊ ရေဖြင့်ပြည့်တဲ့ ရေခွက်သည်၊ (ရေခွက်တခုထဲမှာ ရေတွေပြည့်အောင် ထည့်ထား) လာခါယဝါ၊ ချိပ်ရေဖြင့်ရင်း။ ဟလိဒ္ဒိယာဝါ၊ နနွင်းရေဖြင့်ရင်း။ နီလိနိယာဝါ၊ မဲနယ်ရေဖြင့်ရင်း။ မဉ္ဇိဋ္ဌာယဝါ၊ ထန်းကျင့်ရောင်ရှိသော ရေဖြင့်ရင်း။ သံသဋ္ဌော၊ ရောနှော၍နေသည်။ ဟောတိ၊ ဖြစ်၏။

အဲဒါ ဘာပြောတာလဲ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ရှေ့ ရေခွက်တခုထဲ ရေပြည့်အောင်ထည့်ပြီး၍ မိမိတို့ရှေ့မှာ ချထားပြီးတော့ အဲဒီရေခွက်ထဲမှာ"နီလိနိယာ"သိုတဲ့မဲနယ်တွေဆိုးထား လိုက်တယ်၊"လာခါ"ဆိုတဲ့ချိပ်ရေတွေ ဆိုးထားလိုက်တယ်၊"ဟလိဒ္ဒါ" ဆိုတဲ့ နနွင်းတွေ ထည့်ဖျော်လိုက်တယ်၊ အဲဒီလို ရေခွက်ထဲကရေဟာ ချိပ်ရေတွေ, နနွင်းရေတွေ, မဲနယ်ရေတွေနဲ့ ရောနေရင် ဘာဖြစ်သလဲ ဆိုတော့။

တတ္ထ၊ ထိုမဲနယ်ရေတွေ ဆိုးထားတဲ့ ထိုရေခွက်၌၊ စက္ခုမာ၊ မျက်စိအမြင်ရှိသော၊ပုရိသော၊ယောကျ်ားသည်။သကံမုခနိမိတ္တံ၊ မိမိရဲ့ မျက်နှာရိပ်ကို၊ ပစ္စဝေက္ခမာနော၊ ဆင်ခြင်ကြည့်ရှုသည်ရှိ သော်၊ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ-နပဿေယျ ယထာ၊ မသိမမြင်သကဲ့သို့။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားက ဒီပုဏ္ဏားကြီးကို ဥပမာဖြင့်ဘယ်လိုပြောလဲ'ပုဏ္ဏားကြီး····ဟောဒီရေခွက် ထဲမှာ ချိပ်ရေ, နနွင်းရေ, မဲနယ်ရေတွေ ဆိုးထားမယ်ဆိုရင် မျက်စိ အမြင်ရှိသော အမျိုးကောင်းသားသည် အဲဒီရေခွက်ကို ငုံ့ကြည့်ပြီး မိမိရဲ့မျက်နှာရိပ်ကို ဟုတ်တိုင်းမှန်စွာ မြင်ရပါ့မလားတဲ့။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ်မြင်ရပါ့မလား၊ (မမြင်ရပါဘုရား)။

ဆိုးရေအသွင်တရားမထင်ပုံ

"ဧဝမေဝ ခေါ ဗြာဟ္မဏ ယသ္မိံသမယေ ကာမ- ရာဂပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ကာမရာဂ-

http://www.dhammadownload.com

ပရေတေန၊ ဥပ္ပန္နသ္မိံ ကာမရာဂေ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ၊ အတ္တတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ၊ပရတ္ထမ္ပိ ယထာဘူတံ နဇာနာတိ နပဿတိ၊ ဥဘယတ္ထမ္ပိ ယထာဘူတံနဇာနာတိ နပဿတိ၊ဒီဃရတ္တံ သဇ္ဈာယ ကတာပိ မန္တာ နပဋိဘန္တိ၊ပဂေဝ အသဇ္ဈာယကတာ"။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ဝေမေဝ၊ ဒဲဒီရေခွက်ထဲမှာ ဆိုးရေတွေ ဆိုးထားရင် မိမိရဲ့ မျက်နှာရိပ်ကို မမြင်ရတဲ့နည်းအတူ။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ကာမရာဂပရိယုဋ္ဌိတေန၊ ကာမဂုဏ်တွေ သောင်းကျန်းတဲ့။ ကာမရာဂပရေတေန၊ ကာမဂုဏ်နောက်ကို အစဉ်လိုက်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ပညာနှင့်ယှဉ်တဲ့ စိတ်ကို ဘာတွေဆိုးထားသလဲ၊ ကာမဂုဏ်စိတ် တည်းဟူသော အညစ်အကြေးတွေ ဆိုးထားရင် မိမိတို့ရဲ့ အတတ်ပညာတွေ, ဝိပဿနာဉာဏ်ပညာတွေဟာ မိမိရဲ့ဉာဏ်မှာ ထင်ရှားပါဦးတော့မလား၊ (မထင်ရှားပါဘုရား)။

အင်း အဲဒါ မထင်ရှားတော့ဘူး၊"အတ္တတ္ထမ္ပိပရတ္ထမ္ပိဥဘယတ္ထမ္ပိ" ဆိုတဲ့အတိုင်း မိမိအကျိုး သူတပါးအကျိုး စီးပွားတွေလဲ မထင်ရှားတော့ဘူး၊ မိမိသူတပါး ၂-ဦးသားတို့ရဲ့ အကျိုးစီးပွားတွေလဲ မထင်ရှားတော့ဘူး၊ ရှည်မြင့်စွာသော ကာလပတ်လုံး သရဇ္ဈာယ်ခြင်းအမှုကို ပြုလုပ်နေပေမဲ့ ဗေဒင် မန္တရားအတတ်တို့သည် ဉာဏ်ထဲမှာ မထင်ရှားတော့ဘူး၊ဘာပြုလို့လဲ၊စိတ်အစဉ်တွေမှာ ကာမဂုဏ်တွေနဲ့ဆိုးထားလို့ မကြည်လင်တော့လို့တဲ့။

အဲဒီလိုဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိပဿနာရှုမဲ့ မနောဝိညာဏ် စိတ်အစဉ်မှာ ကာမဂုဏ်တွေ သောင်းကျန်းနေရင် လိုချင်မှုတွေ, နှစ်သက်မှုတွေ သောင်းကျန်းနေရင် ထိုပုဂ္ဂိုလ်သည် မိမိရဲ့အကျိုးစီးပွားကို မြင်ပါဦးတော့မလား၊ (မမြင်တော့ပါဘုရား)။

http://www.dhammadownload.com

သူတပါးရဲ့ အကျိုးစီးပွားတွေ မြင်ပါဦးတော့မလား၊ (မမြင်တော့ ပါဘုရား)။

မိမိသူတပါး, ၂-ဦးသားရဲ့ အကျိုးစီးပွားကို မြင်ပါဦးတော့မလား၊ (မမြင်တော့ပါဘုရား)။

ရှည်မြင့်စွာသော ကာလပတ်လုံး စာကျက်ပေမဲ့ စာတွေရပါဦး မလား၊ ရှည်မြင့်စွာသော ကာလပတ်လုံး တရားအားထုတ်ပေမဲ့ ဝိပဿနာဉာဏ်တွေ တက်ပါဦးတော့မလား၊ (မတက်တော့ပါဘုရား) မတက်တော့ဘူး။

အဘိဇ္ဈာမပယ်လျှင် တရားမထင်

ကာမရာဂနော်- အဲဒီ ကာမရာဂတွေ ကင်းဘို့ရန်အတွက် ခုနက စောစောပိုင်းက မြတ်စွာဘုရားက ဘာပြလဲ ဟိုသုတ္တန်တခုမှာ–

> ပဉ္စာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ''။

ဟို ဘုန်းကြီးတို့ နောက်ပိုင်းက ပြောခဲ့တယ်နော်၊ ဝိပဿနာတရား အားမထုတ်ခင်ကတဲက အဲသလို ကာမရာဂစိတ်တွေ ကာမရာဂပရိယုဋ္ဌိတစိတ်တွေ ကာမဂုဏ်တို့ဖြင့် လွှမ်းမိုးပြီးထားတဲ့စိတ်တွေ ကာမဂုဏ်နောက်ကို အစဉ်လိုက်ပြီးတော့ နေတဲ့စိတ်တွေ အဲဒါတွေ မစင်ကြယ်ရင်တဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်မှာ ရေထဲမှာ ချိုးရေဆိုးထားရင် မထင်နိုင်သလို ဝိညာဏ်, နာမ်, ရုပ်လို့ ခေါ်တဲ့ မျက်နှာရိပ်သည် ထင်ရှားပါဦးတော့မလား၊ (မထင်ရှားပါဘုရား)။

သဘောပေါက်ပလား၊ (ပေါက်ပါပြီဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဝိပဿနာတရားကို အားထုတ်ချင်တဲ့, တကယ်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ ကာမဂုဏ်

http://www.dhammadownload.com

စိတ်တွေ ပယ်နိုင်သရွေ့ ပယ်ထားရမယ်၊ ကာမရာဂပရိယုဋ္ဌိတေန ဆိုဒါ ဉာဏ်ထဲမှာ မထင်ရှားခြင်းရဲ့ ပဌမအကြောင်းနော်၊ ဒုတိယအကြောင်းက ဘာပြသလဲလို့ ဆိုတော့–

ဗျာပါဒမပယ်လျှင် တရားမထင်

"ပုန စပရံ ဗြာဟ္မဏ ယသ္မိံ သမယေ ဗျာပါဒပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဗျာပါဒပရေတေန၊ ဥပ္ပန္နဿ ဗျာပါဒဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ"။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး၊ ယသ္မိံ သမယေ၊ အကြင်အခါကာလသမယ၌၊ ဗျာပါဒပရိယုဋ္ဌိတေန၊ သူတပါးကို ပျက်စီးစေလိုသောစိတ်ဖြင့် အစဉ်လွှမ်းမိုး၍နေသော၊ ဗျာပါဒပရေတေန၊ သူတပါးတို့ရဲ့ ပျက်စီးကြောင်းကို အလိုရှိနေတယ်ဆိုတဲ့ စိတ်ရဲ့နောက်သို့ အစဉ်လိုက်သော၊ စေတသာ၊ စိတ်ဖြင့်၊ ဝိဟရတိ၊ နေ၏။

အဲဒီ ဒေါသစိတ်တွေနဲ့နေမိတယ်၊ ဒေါသတွေထွက်နေတယ်၊တရားအားထုတ်တယ်ဆိုတာ ဒေါသမထွက်ရဘူး၊ စိတ်ဆိုး နေတဲ့လူ ဘယ်နဲ့လုပ်တရားရမလဲ။

အဲဒီလို ဗျာပါဒတွေ ဒေါသတွေ ဖြစ်နေတဲ့စိတ်ကို မိမိသန္တာန်မှာ ဘယ်လိုဖြစ်သလဲ။ ။ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နပ္ပဇာနာတိ၊ ကွဲကွဲပြားပြားနဲ့မသိဘူးတဲ့။ ။အဲဒီ ဗျာပါဒတွေ ဘာကြောင့်ဖြစ်သလဲ၊ ဒီဗျာပါဒက လွတ်အောင် ဘယ်လိုလုပ်ရမလဲ။

"အတ္ထိ ဘိက္ခဝေ မေတ္တာ စေတော ဝိမုတ္တိ သဗ္ဗပါဏ ဘူတာဟိတာန ကမ္မိ"။

အလုံးစုံသော သတ္တဝါတို့ရဲ့ အကျိုးစီးပွါးကို လိုလားတဲ့စိတ်၊ မေတ္တာစိတ်ကလေးနဲ့ နေပေးလိုက်လို့ရှိလျှင် အဲဒီ ဗျာပါဒက လွတ်မြောက်နိုင်တယ်၊ မဖြစ်သေးတဲ့ ဗျာပါဒတရားတွေ မဖြစ်ဘူး၊ ဖြစ်ပြီးတဲ့ ဗျာပါဒတရားတွေလဲ ပျောက်မယ်၊ ဒါကပါဠိတော်နည်းလမ်းဘဲ။

အဋ္ဌကထာနည်းကျတော့ "မေတ္တာစေတော ဝိမုတ္တိ"ဆိုတဲ့ မေတ္တာပဌမဈာန်ကို ရှေးဦးစွာ ပွါးပေးပါတဲ့၊ အဲဒါဗျာပါဒမှ လွတ်မြောက်

http://www.dhammadownload.com

ခြင်း ဝိက္ခမ္ဘနနိဿရဏ၊ အနာဂါမိမဂ်ကတော့ဖြင့် သမုစ္ဆေဒနိဿရဏ ၂-ခုဘဲပြတယ်။

"အယံပနဝိသေသော"ဆိုပြီးတော့ အဋ္ဌကထာက ဒီနေရာမှာ အထူးမှတ်ချက်ကလေးပြပြီတော့ ၂-မျိုးဘဲ ရှိတော့တယ်၊ သုံးမျိုး မဟုတ်တော့ဘူးတဲ့၊ နိဿရဏက ဒါဒီနိဿရဏ ၂-ပါးကိုလဲဘဲဟုတ်တိုင်းမှန်စွာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက မသိဘူးဆိုရင် စိတ်အစဥ်မှာ ဘယ်လိုတွေဖြစ်မလဲ၊ ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်ပေမဲ့ ရှည်မြင့်စွာသောကာလပတ်လုံး ဝိပဿနာတရားကို အားထုတ်ပေမဲ့ အဲဒီဗျာပါဒဆိုတဲ့သဘောမှ မိမိစိတ်အစဥ်မလွတ်လျှင် တရားအားထုတ်လို့ မရနိုင်တော့ဘူး၊ စာကျက်လို့ မရနိုင်တော့ဘူး၊ ဘယ်လိုသက်သေ ပြသလဲဆိုတော့၊ "သေယျထာပိဗြာဟ္မဏ ဥဒပတ္တော"စသည်ဖြင့် ရေခွက်နဲ့ဘဲ မြတ်စွာဘုရားက ဥပမာပြခဲ့တယ်။

ကာမရာဂစိတ်နဲ့ ပတ်သက်လို့ ကာမဂုဏ်များဟာ ကြွေးချေးပြီးတော့ သုံးစွဲတာ လေးနဲ့ တူပုံ ဘုန်းကြီးတို့ ပေါ်တလိယသုတ်မှာ ဟိုမဇ္ဈိမပဏ္ဏာသပါဠိတော်မှာ လာတယ်၊ သူတပါးထံက ကြွေးချေးယူထားတဲ့ပုဂ္ဂိုလ်များ ဘယ်လိုနေလဲ၊ ဒီကြွေးမဆပ်နိုင်သရွေ့ ကာလပတ်လုံး ကြွေးရှင်က ဘယ်လိုဘဲ နစ်နာအောင် ပြောပေမဲ့ သူကသည်းခံမနေရဘူးလား၊ (ခံနေရပါတယ်ဘုရား)။

ဘယ်လို ပြောပြော သူစိတ်ဆိုးနိုင်သေးရဲ့လား၊ (မဆိုးနိုင်ပါဘုရား)။

အဲ့သလိုဘဲ ကိုယ် ရှာဖွေရသရွေ့လေးလဲ ကြွေးရှင်ကိုချည်း ပေးပေးနေရတယ်၊ ကိုယ်စားဘို့ ကျန်သေးလား၊ (မကျန်ပါဘုရား)။

ရေပူရေပွက်တွင် အရိပ်မထင်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေသေချာချာမှတ်ထားကြနော်၊ ဘုရားက ဥပမာ ဘယ်လိုပြသလဲဆိုတော့။

> "သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အဂ္ဂိနာ သန္တတ္တော ပက္ကုထိတော ဥသ္မုဒကဇာတော တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ"။

http://www.dhammadownload.com

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေယျထာပိနာမ၊ဒေါသတွေဖြစ်နေရင်စာကျက်လို့မရနိုင်ဘူး, တရားအားထုတ်လို့ မရနိုင်ဘူးလို့ သိတာကို လောကတန္တု ပုံစံပြု၍ နှိုင်းရှုဘို့ရာ ဥပမာပြရမယ် ဆိုရင်။ ဥဒပတ္တော၊ ရေခွက်သည်။ အဂ္ဂိနာ၊ မီးဖြင့်။ သန္တတ္တော၊ ကြိုက်ကြိုက်ဆူအောင်ပူလောင်စေသည်။ ပက္ကုထိတော၊ပွက်ပွက်ဆူနေသည်။(ရေခွက်က ရေဆူနေတယ်,အောက်ကပူနေတယ်။) ဥဿုဒက ဇာတော၊ အနိုးအငွေ့တွေထ၍နေသည်။ ဟောတိ၊ ဖြစ်၏။တတ္ထ၊ ထိုပူနေတဲ့ လွက်နေတဲ့ အနိုးအငွေ့တွေ ထနေတဲ့ ရေခွက်၌။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ယောကျ်ားသည်။ သကံနိမိတ္တံ၊ မိမိရဲ့မျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ရှုဆင်ခြင်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ၊ မသိနိုင်ရာ။ နပဿေယျ၊ မမြင်နိုင်ရာ။

မြင်ရပါ့မလား၊ (မမြင်ရပါဘူး)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မမြင်ရဘူး၊ အဲဒီ ဥပမာမျိုးလိုဘဲ။

''ဧဝမေဝ ခေါ ဗြာဟ္မဏ ယသ္မိံ သမယေ ဗျာပါဒပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဗျာပါဒပရေတေန၊ ဥပ္ပန္နဿစ ဗျာပါဒဿ နိဿရဏံ ယထာဘူတံ နပ္ပဇာ နာတိ''။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ဧဝမေဝ၊ ပုံစံနှိုင်းယှ အဲဒီအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါ ကာလသမယ၌။ ဗျာပါဒပရိယုဋ္ဌိတေန၊ ဗျာပါဒသည် လွှမ်းမိုး၍ ယှအပ်သော။ ဝါ၊ဒေါသသည် လွှမ်းမိုး၍ယှအပ်သော။ ဗျာပါဒပရေတေန၊ ဒေါသ၏နောက်သို့ အစဉ်လိုက်သော၊ စေတသာ၊ စိတ်ဖြင့်၊ ဝိဟရတိ၊ နေ၏။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်၍လာသော။ ဗျာပါဒဿ၊ ဒေါသ၏။ နိဿရဏံ၊ လွတ်မြောက်ရာ ဖြစ်တဲ့သာပုဒ္ဓေဒနိဿ ရဏ,ဝိက္ခမ္ဘန နိဿရဏဆိုတဲ့ နိဿရဏ ၂-ပါးကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နပ္ပဇာနာတိ၊မသိ။

http://www.dhammadownload.com

ဒေါသက လွတ်မြောက်ကြောင်းကိုလည်းမသိ၊အဲဒီလို မသိလို့ရှိရင် ဒေါသစိတ်တွေဖြစ်နေတယ်၊ "အတ္တတ္ထမ္ပိ, ပရတ္ထမ္ပိ, ဥဘယတ္ထမ္ပိ, ယထာဘူတံ နဇာနာတိ နပဿတိ"၊ မိမိရဲ့ အကျိုးစီးပွား, သူတပါးရဲ့ အကျိုးစီးပွါး, မိမိသူတပါး ၂-ဦးသားတို့ရဲ့ အကျိုးစီးပွါးကို မသိနိုင်တော့ဘူးတဲ့။

> ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဇ္ဈာယကတာပိ၊သရဇ္ဈာယ်ခြင်း အမှုကိုပြုပေမဲ့ စာကျက်ပေမဲ့။ မန္တာ၊ ဗေဒင်အတတ်တို့သည်၊(မန္တာအရ ဒီနေရာ ဘာကိုစွဲယူရမလဲဆိုတော့)မန္တာ၊အခုအမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေသင် နေတယ်ဆိုတဲ့ အတတ်ပညာတို့သည်၊ဝါ-အားထုတ်နေတဲ့ ဝိပဿနာအသိဉာဏ်တို့သည်။ နပဋိဘန္တိ၊ဉာဏ်ထဲမှာမထင်ရှားတော့ဘူး။

အားထုတ်ပေမဲ့ ဒေါသတွေ ဖြစ်နေရင် ခုနက ပွက်ပွက်ကြီး ဆူနေတဲ့ ရေခွက်ထဲကို ကြည့်ရင် မိမိရဲ့ မျက်နှာရိပ်ကို မမြင်နိုင်သလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ဒေါသဆိုတဲ့တရားနဲ့ တွဲနေရင် စိတ်ဟာပူနေပြီး အခိုးတွေ ထောင်းထောင်းထနေပြီး အဲဒီဒေါသနဲ့ တွဲတဲ့စိတ်နဲ့ ရှုရင် ဝိပဿနာ ဉာဏ်တွေ ထင်ရှား နိုင်ပါ့မလား-မထင်ရှား နိုင်ဘူးလား၊ (မထင်ရှားနိုင်ပါဘုရား)။

ဒေါသနဲ့တွဲနေတဲ့စိတ်နဲ့ စာကျက်ရင် ရမလား မရဘူးလား၊ (မရပါဘုရား)။

ကိုင်း....ကျက်ကြည့်စမ်း၊ဒေါသကြီးဖြစ်နေရင်စာကျက်လို့ရမလား၊ (မရပါဘုရား)။

ဒီတော့ စာရချင်ရင် ဘာဖြစ်ရမလဲ၊ (ဒေါသမရှိရပါဘုရား)။

တရားအားထုတ်တဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကလဲဘဲ ဝိပဿနာဉာဏ်တွေ တက်ချင်လာပြီဆိုရင် အဲဒီဒေါသတွေကို သိမ်းနိုင်သမျှ သိမ်းထား၊ ခုနကဘုန်းကြီးတို့ စောစောကပြောခဲ့တဲ့ ပါဠိတော်က ဘယ်လိုပြလဲ—

http://www.dhammadownload.com

"ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ"။

ဗျာပါဒပဒေါသာ၊ သူတပါးကိုပျက်စီးစေလိုတဲ့ နစ်နာစေလိုတဲ့ စိတ်မှ၊ နစ်နာစေလိုတယ်ဆိုတဲ့ ဒေါသတရားမှ။ စိတ္တံ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ကို။ ပရိသောဓေတိ၊ သုတ်သင်ရှင်းလင်းထားပေ၏။

အဲဒီဒေါသတွေ ဖြစ်နေရင် ရေခွက်ထဲက ဆူနေတဲ့ ရေခွက်မှာ အခိုးတွေထွက်နေတဲ့ရေခွက်ထဲမှာ မျက်နှာရိပ်ကိုမမြင်ရသလို ဒေါသကြောင့် စိတ်တွေဟာဆူပွက်ပြီးတော့ ဒေါသတွေအားကြီးနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ဝိပဿနာဉာဏ်တွေ ကြိုးစားပြီး အားထုတ်ပေမဲ့ မထင်ရှားနိုင်တော့ဘူးတဲ့ ဖြတ်စွာဘုရားက၊ ရှည်မြင့်စွာသော ကာလပတ်လုံး ပေဒင်အတတ်ပညာကို ရွတ်အံသရဇ္ဈာယ်ပေမဲ့ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူးတဲ့။

ဗျာပါဒဖြစ်ပွားခြင်း အကြောင်းရင်း

မထင်ရှားခြင်းရဲ့ အကြောင်း ဘုန်းကြီးပြောချင်သေးတယ်၊ ဒီနေရာမှာ ပါဠိတော်တခု ဘယ်လိုပြောချင်သေးသလဲ ဆိုတော့–ဖြစ်ပေါ်နေတဲ့ ဒေါသကို အဲဒီဒေါသဘာပ္ပလို့ ဖြစ်သလဲ။

"အတ္ထိ ဘိက္ခဝေ ပဋိဃနိမိတ္တံ၊ တတ္ထ အယောနိသော မနသိကာရ ဗဟုလီကာရော၊ အယံ မာဟာရော အနုပ္ပန္နဿဝါ ဗျာပါဒဿ ဥပ္ပါဒါယ ဥပ္ပန္နဿဝါ ဗျာပါဒဿ ဘိယျောဘာဝါယ ဝေပုလ္လာယ"။

ချစ်သားတို့····ဒေါသတွေ ဖြစ်တယ်ဆိုတာ တခြားကြောင့်ဖြစ်တာမဟုတ်ဘူးတဲ့၊ စိတ်ဆိုးစရာဖြစ်တဲ့ အာရုံကို မသင့်မတင့်သော အားဖြင့် နှလုံးသွင်းပေးခြင်းက အကြိမ်များစွာ အလေ့အလာ လုပ်တဲ့အတွက် မဖြစ်သေးတဲ့ ဗျာပါဒတရားတွေ ဖြစ်ပေါ်လာတယ်၊ ဒေါသတွေဖြစ်ပေါ်လာတယ်၊ ဖြစ်ပြီးတဲ့ဗျာပါဒဒေါသတရားတွေ တိုးပွားလာတယ်၊ ဒါဖြင့် အဲဒီ ဒေါသကလွတ်မြောက်အောင် ဘယ်လိုလုပ်ရမလဲဘုရားလို့ ဆိုရင်၊ "မေတ္တာစေတောဝိမုတ္တိ"ကျွန်းမာစေလိုတယ်၊ချမ်းသာစေလိုတယ်၊ ပြည့်စုံစေလိုတယ်ဆိုတဲ့ မေတ္တာစိတ်ဖြင့် **ထိုဗျာပါဒဆိုတဲ့** ဒေါသမှ

http://www.dhammadownload.com

မိမိစိတ်ကို လွတ်အောင်ဆွဲဆောင်ပြီးတော့ လုတ်ယူပါတဲ့၊ မေတ္တာ စေတောဝိမုတ္တိကို အဲဒီလို ဗျာပါဒမှလွတ်တဲ့ စိတ်အခဲ့ မေတ္တာ စေတော ဝိမုတ္တိဖြင့် အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းပေးရင် မဖြစ်သေးတဲ့ ဗျာပါဒတရားတွေလဲ မဖြစ်တော့ဘူး၊ ဖြစ်ပြီးသား ဗျာပါဒတရား တွေလဲဘဲ ပျောက်သွားပါလိမ့်မယ် ဒါပါဠိတော်ဘဲ၊ ၉-နာရီခွဲပြီးပြီ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီတော့ နောက်နေ့မှ ဒီသုတ္တန်ကိုဆက်ကြစို့ရဲ့။

နိဂုံးဆုတောင်း

ဤသို့ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရား ဟောကြား တော်မူအပ်သော သင်္ဂါရဝသုတ္တန် တစိတ်တပိုင်းကို ရှိသေစွာ နာခံမှတ် သားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့်၎င်း၊ သရဏဂုံသီလကို ရှိသေစွာ ခံယူဆောက်တည်ရခြင်း တည်းဟူသော သရဏဂုံသီလ ကုသိုလ်ကံ စေတနာတို့ကြောင့်၎င်း၊ ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်ကံစေတနာအပေါင်းတို့ကြောင့် ယခုပစ္စုပ္ပန် လောက၌ အသက်ရှည်ခြင်း အစရှိကုန်သောအလုံးစုံသော ကောင်းကျိုး ချမ်းသာ ကျက်သရေမင်္ဂလာ အဖြာဖြာတို့တနေ့တခြား တိုးပွားစည်ပင် ကြကုန်သည်ဖြစ်၍ ဤမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏ သာသနာ တော်မြတ်အတွင်း၌ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တို့ သန္တာန်ဝယ် သမ္မပဓာန်တရားလေးပါး ပြည့်စုံကြကုန်သည်ဖြစ်၍ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိကြကုန်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ လျှင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်လွယ်သည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု—သာဓု—သာဓု)

http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသ၏

စတုတ္ထည အလုပ်ပေးတရား

နှင့်

သင်္ဂါရဝသုတ္တန်တရားတော် ဒုတိယပိုင်း

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၄)

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင် ဝဏ္ဏိဿရ မထေရ် ပြုတ်သည် ၁၃၂၈-ခု၊ နတ်တော် လဆန်း ၁၄ ရက် (၂၆-၁၂-၆၆)တနင်္လာနေ့ညအချိန် ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် စတုတ္ထည အလုပ်ပေး တရားနှင့် မဟာဝဂ္ဂသံယုတ် ပါဠိတော် သာကစ္ဆဝဂ်၌ လာရှိသော " သင်္ခါရသုတ္တန်တရားတော် " ဒုတိယပိုင်းကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

စတုတ္ထညအလုပ်ပေး တရားတော်

ဝိပဿနာတရားပွဲများရာမှာ

ဝိပဿနာတရားကို ပွားများ အားထုတ်လိုကြ ကုန်သော အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဘုန်းကြီးတို့ ညစဉ်ညတိုင်း ပြောကြားပေးထားတဲ့ ခန္ဓာကိုယ်ပြုပြင်ရေး,အောက်ပိုင်းခန္ဓာကိုယ် ပြုပြင် ထိန်းသိမ်းထားပုံ, လက်ကိုပြုပြင် ထိန်းသိမ်းထားပုံ, မျက်လွှာလေး အောက်ချပြီးတော့ မျက်လုံးကို ပြုပြင်ထိန်းသိမ်းထားပုံ,ဇာခြေကို လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်း ထားပုံတွေကို နောက်ကဟောကြားခဲ့တဲ့အတိုင်း စောင့်ရှောက် ထိန်းသိမ်းပြီးတော့ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများနဲ့တူစွာ ခန္ဓာကိုယ်ကို တည်တည်ငြိမ်ငြိမ်ထားပြီးတော့ ပေးထားချက်ဖြစ်တဲ့ ကမ္မဋ္ဌာန်းအာရုံကို သတိနဲ့ ရှေးရှုညွှတ်ပါ။

အဲဒီ ပေးထားချက်ဖြစ်တဲ့ ကမ္မဋ္ဌာန်းအာရုံကဘာလဲ၊ တိုးတဲ့ သဘော,တွန်းကန်တဲ့သဘောကိုသိတဲ့ ဝိညာဏ်ဆိုတဲ့သဘော, တိုးတဲ့ သဘော,တွန်းကန်တဲ့သဘောနဲ့ နှာခေါင်းပေါက်နဲ့ တခြားစီလို့ ခွဲခြားပေးထားတဲ့ ပညာခေါ်တဲ့ နာမ်တရား, အဲဒီ တရားစုများကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးတခုကို အာရုံပြုလိုက်သည်နှင့်တပြိုင်နက်ထဲ သတိလို့ခေါ်တဲ့တရားနဲ့ညွှတ်လိုက်သည်နှင့် တပြိုင်နက်ထဲ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးက ထင်ရှားလာတယ်။

အဲဒီလို ထင်ရှားအောင် ဘယ်သူလုပ်ပေးတာလဲ၊ သတိရဲ့ကိစ္စ၊ ဒါလေးဟာ ပျောက်မသွားစေနဲ့၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးတည်းဟူသော အာရုံတွေ ထင်ရှားလာအောင် ဥပဋ္ဌာနကိစ္စနဲ့ သတိက ပြုလုပ်ပေးလိုက်သည်၊ ဝိညာဏ်ကလဲဘဲ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သူ့ကိစ္စအနေနဲ့ သူသိပြီ၊ ပညာကလဲဘဲ တိုးတဲ့ သဘော, တွန်းကန်တဲ့သဘောနဲ့ နှာခေါင်းပေါက်နဲ့ တခြားစီလို့ ပိုင်းခြားပေးလိုက်ပြီ။

http://www.dhammadownload.com

အခုပြောခဲ့တဲ့ တရားလုံးတွေထဲမှာ အတ္တ,အတ္တသညာလို့ ဘုန်းကြီးတို့ နောက်ညက ပြပေးခဲ့တဲ့ အတ္တနဲ့ အတ္တသညာဟာ ကွာနေတယ်၊ အဲဒီနေရာမှာ ဘုန်းကြီးတို့ တနည်းအားဖြင့် အတ္တသညာကွာပုံကလေးကို နဲနဲ ဒီနေ့ အကျဉ်းချုပ်ပြောချင်ပါသေးတယ်၊ ဒိဋ္ဌိခွါပုံပေါ့၊ ဒိဋ္ဌိခွါပုံ ခွါနည်းကလေးပြီးတော့ အဲဒီ ဝိညာဏ်,နာမ်,ရုပ်မှ ဒိဋ္ဌိကွာနေတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို ဝိပဿနာရှုတဲ့ အသိဉာဏ်ကလေးကို ဘုန်းကြီးတို့က ပြောပေးမယ်၊ ကိုင်း ရှေးဦးစွာ ဒိဋ္ဌိကွာပုံကိုပြောရအောင်။

သက္ကာယဒိဋ္ဌိဆိုဒါ

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကြားဘူးနေကြတယ်၊ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိလို့ကြားဘူးနေတယ်၊ အဲဒီ သက္ကာယဒိဋ္ဌိဆိုတဲ့စကားဟာ စကားတလုံးထဲမဟုတ်ဘူး၊ အဲဒါကလေးကို မှုရင်းဖေါ်ပြီး မှတ်ထားရမယ် မှုရင်းကဘာလဲ။

သ-ကာယ-ဒိဋ္ဌိ သုံးလုံး၊ သရယ်,ကာယရယ်,ဒိဋ္ဌိရယ် သ-ကာယ-ဒိဋ္ဌိ၊ အားလုံးပေါင်းလိုက်ရင် သ-ကာယ-ဒိဋ္ဌိ၊ ဒီစကားသုံးလုံးကို ပေါင်းလိုက်ရင်ဘာဖြစ်မလဲ၊ သကာယဒိဋ္ဌိလို့ ဖြစ်ပေါ်လာပါတယ်။

အဲဒီ သကာယဒိဋ္ဌိဆိုတာ ဗမာလိုပြန်လိုက်တော့ သ-က ဘာအနက်ထွက်လာသလဲလို့ဆိုတော့ သ-ထင်ရှားရှိသော၊ သ-အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘော၊ကာယ-တရားအပေါင်း။

ဝိပဿနာသင်တန်း

ဝိပဿနာ သင်တန်းလို့ဆိုတာဟာ ဘုန်းကြီးတို့ ကျောက်သင်ပုန်းထဲမှာ ရေးပြပြီးတော့ ပြတဲ့သင်တန်းကတမျိုး၊ စာအုပ်ထဲမှာ သင်တန်းတက်တဲ့ ပုဂ္ဂိုလ်ကလဲ စာအုပ်တအုပ်ကို ကိုင်ပြီးတော့ ဘုန်းကြီးတို့ငယ်စဉ်က ဆရာသမားများရဲ့ရှေ့မှာ စာတက်သလို စာချပေးသလို သင်တန်းပေးတာကတမျိုး၊ အခုခေတ်မှာ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်က ကျောက်သင်ပုန်းထဲမှာ အက္ခရာစာလုံးတွေကို ရေးသားပြပြီးတော့ သင်တန်းတက်တဲ့ ပုဂ္ဂိုလ်များက အဲဒီစာလုံးတွေကို မျက်လုံးနဲ့မြင်အောင်ကြည့်ပြီးတော့ သင်တန်းတက်တဲ့ သင်တန်းတက်နည်းကတမျိုး၊ ဘုန်းကြီးတို့ယနေ့ ရွှေဘုန်းပွင့် ဓမ္မာရုံကြီးအတွင်း၌ ဝိပဿနာသင်တန်းပေးနေတာ

http://www.dhammadownload.com

ဟာ ပြောခဲ့တဲ့သင်တန်းပၢ၊့နည်းမျိုး မဟုတ်ဘဲနဲ့ အဟုတ်ကိုဘဲ အလုပ်လုပ်ပြီးတော့ သင်တန်းတက်နေတဲ့ သင်တန်းတက်နည်းမျိုးပါ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သ-ထင်ရှားရှိသော အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတယ်ဆိုတဲ့သဘော,တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလဲ အဟုတ်ရှိတယ်၊ သိတဲ့သဘောကလေးကလဲဘဲ အဟုတ်ရှိတယ်၊ နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ တခြားစီပါလို့ ပိုင်းခြားပေးလိုက်တဲ့ ပိုင်းခြားမှုကလေးကလဲ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ၊ အဲဒီ အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိကို သ-လို့ ဆိုတဲ့စကားက အဓိပ္ပါယ်ထွက်တယ်၊ သ-အဟုတ်ရှိ,အမှန်ရှိ,တကယ်ရှိ ဖြစ်တဲ့၊ ကာယ-တရားအပေါင်း၊ ဘယ်သူတွေလဲ ဝါယောလေဓာတ် မှုပ်ပရမတ်တရား တည်းဟူသော ဝါယောကာယ။

"ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဝဒါမိ ယဒိဒံ အဿာသံ ပဿာသာ"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ အဿာသ ပဿာသာ၊ အကြင်ထွက်လေ, ဝင်လေ ဆိုတဲ့ အဿာသ ပဿာသ ဝါယော ကာယသည်။ ကာယေသု၊ ကာယတရားတို့၌။ ဝါ၊ တရားအပေါင်းတို့၌။ အညတရံ ကာယံ၊ တပါးအပါအဝင်ဟူ၍။ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောကြားတော်မူခဲ့ပေ၏။ (ပါဠိတော်မူ-ပါဠိတော်နည်း)။

ဗုဒ္ဓဘာသာဝင်ဖြစ်ရင် တရားအားထုတ်ရမယ်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီ ပါဠိတော်မူနဲ့ ပါဠိတော်နည်းကို စနစ်တကျရအောင် ယူထားပါ၊ အခု တရားအားမထုတ်သေးပေမဲ့၊မအားလို့ တရားအားမထုတ်သေးပေမဲ့ တနေ့သောအခါမှာ ဒီတရားကို အားထုတ်ရမယ်၊ အခုအခါမှာ အသက်အရွယ်ငယ်သေးတယ်လို့ တရားအားမထုတ်သေးဘူးဆိုတဲ့ ပုဂ္ဂိုလ်များကလဲဘဲ တနေ့သောအခါ၊ အသက်ကြီးလာတဲ့အခါကျတော့ တရားအားထုတ်လိမ့်မယ်၊ တရားအားထုတ်ဘို့ အခွင့်ရောက်လာမယ်၊ တရားသဘောမှာတော့ဖြင့် ငယ်တယ်,ကြီးတယ်မဟုတ်ဘူး၊ တရားကို အားထုတ်ရပါမယ်။

http://www.dhammadownload.com

အသက်ငယ်တဲ့ ပုဂ္ဂိုလ်တွေလဲ အားထုတ်ရမယ်၊ အသက်အရွယ် အလယ် အလတ်ရှိတဲ့ပုဂ္ဂိုလ်တွေလဲ တရားအားထုတ်ရမယ်၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေလဲ တရားအားထုတ်ရမယ်၊ကျန်းမာရေးရတဲ့ ပုဂ္ဂိုလ်တွေလဲ တရားအားထုတ်ရမယ်၊ ကျန်းမာရေးမရတဲ့ ပုဂ္ဂိုလ်တွေလဲ တရားအားထုတ်ရမယ်၊ ပျင်းတဲ့လူတွေလဲ တရားအားထုတ်ရမယ်၊ ပျော်တဲ့လူတွေလဲ တရားအားထုတ်ရမယ်၊ သောက ရောက်နေတဲ့ လူတွေလဲ တရားအားထုတ်ရမယ်၊ စိတ်ညစ်နေတယ်, စိတ်ဆင်းရဲနေတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေလဲ တရားအားထုတ်ရမယ်၊ စိတ်ချမ်းသာတယ်, သက်သာရာရနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလဲ တရားအားထုတ်ရမယ်၊ မည်သည့် ပုဂ္ဂိုလ်မဆို တရားအားထုတ်ရမယ်၊ ဗုဒ္ဓဘာသာဝင် တယောက်ရယ်လို့ ဖြစ်လာရင် ဗုဒ္ဓဘာသာ အခေါ်ခံထားရင်—

(၁) ဒါနကုသိုလ်ဆိုတာ လုပ်ရမယ်၊
(၂) သီလကုသိုလ်ဆိုတာ လုပ်ရမယ်၊
(၃) သမာဓိကုသိုလ်ဆိုတာ လုပ်ရမယ်၊
(၄) တရားအားထုတ်တဲ့ ဝိပဿနာပညာကုသိုလ်ဆိုတာ လုပ်ရမယ်။

မလုပ်လို့ မဖြစ်ဘူးလားမေးရင် မဖြစ်ကိုမဖြစ်ဘူး၊ ဗုဒ္ဓဘာသာဝင် တယောက်လုပ်လာရင် နေလို့မဖြစ်ဘူး၊ တာကြောင့် ဘုန်းကြီးတို့ ခုဒ္ဒကပါဌပါဠိတော် နိဓိကဏ္ဍသုတ္တန်မှာ—

ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ၊

အမျိုးသားဘဲ ဖြစ်ဖြစ်, အမျိုးသမီးဘဲ ဖြစ်ဖြစ် ဗုဒ္ဓဘာသာဝင် တယောက်ရယ်လို့ ဖြစ်လာရင် ဒါနလုပ်ရမယ်၊ သီလကိုယ်ကျင့်တရားကောင်းမြတ်ရမယ်၊ ကိုယ်ကျင့်တရား မကောင်းဘဲနဲ့တော့ တရားအားထုတ်လို့ မဖြစ်ဘူး။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကိုယ်ကျင့်တရားကောင်းဘို့ကို အရေးကြီးတယ်နော်၊ အဲဒီကိုယ်ကျင့်တရားကောင်းဘို့ မိမိတို့ကစပြီးတော့ မိမိတို့ရဲ့ သားငယ်, သမီးငယ်ကလေးတွေကိုပါ

http://www.dhammadownload.com

ကိုယ်ကျင့်တရား ကောင်းအောင် အလုပ်လုပ်ရမယ်၊ ကိုယ့်သား၊ကိုယ့်သမီးကလေးတွေ ကိုယ်ကျင့်တရားကောင်းစေချင်ရင် ဘာလုပ်ရမတဲ့လဲ၊ မိမိကိုယ်တိုင်က ကိုယ်ကျင့်တရားကောင်းပေးပါ။

ကိုယ်ကျင့်တရားကောင်းတယ်ဆိုတာ ဘယ်လိုလဲ၊ မိမိနဲ့ သူတပါးအပေါ်မှာ မတရားတာကို မလုပ်မိအောင် အလေ့ အကျင့်ပြုပေးတာကို ကိုယ်ကျင့်တရား ကောင်းတယ်လို့ ခေါ်ပါတယ်။

အဲဒီ မတရားတာကို မလုပ်မိအောင် အိမ်တအိမ်မှာ ဆိုပါတော့ ဟောခင်ပွန်းသည် ယောကျ်ားကလဲ ဇနီးမယားအပေါ်မှာ မတရားတာကို မလုပ်မိအောင် စောင့်ရှောက် ထိန်းသိမ်း လေ့ကျင့်ပေးရမယ်၊ ဇနီးမယားကလဲ ခင်ပွန်းသည် ယောကျ်ား အပေါ်မှာ မတရားတာကို မလုပ်မိအောင် စောင့်ရှောက်ထိန်းသိမ်းပေးရမယ်၊ မိဘ၊သားသမီးများအပေါ်မှာ မတရားတာကို မလုပ်မိအောင် စောင့်ရှောက်ထိန်းသိမ်းပေးရမယ်။

အရှင်ဘုရား ဘယ်နဲ့ပြောပါလိမ့်၊ ဘုရားတပည့်တော် များဟာ တပည့်တော်များရဲ့ သားသမီးတွေကို ဘယ့်နှယ်မတရားတာကို လုပ်ပါမလဲဘုရားလို့ဆိုရင် ပြန်စဉ်းစားကြည့်၊ ကိုယ့်သား ကိုယ့်သမီးတွေရှေ့မှာ ကိုယ်မတရားတာတွေလုပ်ကြတာ ဘယ်လောက်များသလဲလို့ဆိုတာ နဖူးပေါ်လက်တင်စဉ်းစားရင် ပေါ်လာပါလိမ့်မယ်၊ ဘုန်းကြီးကတော့ ဖေါ်မပြောပါရစေနဲ့ ညီငယ်၊ ညီမငယ်ကလေးများအပေါ်မှာ အစ်ကိုကြီး အစ်မကြီးများက မတရားတာကို မလုပ်မိအောင် သင်ပေးရမယ်၊ ကိုယ်တိုင်လဲ လေ့ကျင့်ပေးရမယ်။

ညီငယ်၊ညီမငယ်ကလေးများက အစ်ကိုကြီး အစ်မကြီးများရဲ့အပေါ်မှာမတရားတာကို မလုပ်မိအောင်အလေ့အကျင့်တွေလုပ်ပေးရမယ်၊အဲဒါ ကိုယ်ကျင့်တရားဘဲ၊ အဲဒီ ကိုယ်ကျင့်တရားကစပြီးတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ကိုယ်ကျင့်တရားကောင်းဘို့အရေးကို ကြံ့စားပြီးတော့ ပုဂ္ဂိုလ်များအားထုတ်ပေးပါလို့—

> ''သီလေ ပတိဋ္ဌာယ သီလံ နိဿာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာသိ''။

http://www.dhammadownload.com

သီလေ၊ကိုယ်ကျင့်တရား၌။ ပတိဋ္ဌာယ၊တည်၍။ သီလံ၊ကိုယ်ကျင့်တရားကို။နိဿာယ၊မှီ၍။စတ္တာရော၊လေးပါးကုန်သော။သတိပဋ္ဌာနေ၊သတိပဋ္ဌာန်တရားတို့ကို။ ဘာဝေယျာသိ၊ ပွားများ အားထုတ် ကြိုးကုတ်ပါလေ့တဲ့။

ဝိပဿနာပညာကုသိုလ်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာ လုပ်ငန်းကို လုပ်မဲ့ပုဂ္ဂိုလ်ရဲ့ အခြေခံဟာ ဘာလဲ-သီလ ကိုယ်ကျင့်တရား၊ အဲဒီ ကိုယ်ကျင့်တရားကောင်းရမယ်နော်၊ အဲဒီလို ကိုယ်ကျင့်တရားတွေကောင်းပြီးတော့ ကိုယ်ကျင့်တရားကောင်းတဲ့အလုပ်ကိုလဲ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေ လုပ်ပေးရမယ်၊ ကိုယ်ကျင့်တရားပျက်ကွက်မည့်အမှုအရာမျိုးတွေ လုပ်ပြီး မပြုကြပါနဲ့၊ အဲဒီ ကိုယ်ကျင့်တရားတွေ မပျက်ကွက်အောင်လို့ ကိုယ်ကျင့်တရား ကောင်းပြီးတဲ့အခါမှာ တည်ကြည်မှုဆိုတဲ့ သမာဓိကုသိုလ်, ပညာကုသိုလ်ဟာ လုပ်ရမယ်။

အဲ့ဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုဘို့ကို လုပ်တတ်ရန်အတွက် ဒီတရားကို, ပါဠိတော်မှ ပါဠိတော်နည်းကို၊ ဒီတရားကိုဆိုတာက ဘုန်းကြီးပြောတဲ့, ဟောတဲ့ မူပိုင်တရားကို ပြောတာမဟုတ်ဘူး၊ ပါဠိတော်မှ ပါဠိတော်နည်းမို့ သေသေချာချာမှတ်မိအောင် စံနစ်တကျရအောင် ယူထားပါ၊ ကြိုးစားပြီးတော့ ဒီတရားကို နာယူပါ၊ ဘုန်းကြီးတို့ ဒီပါဠိတော်မှ ပါဠိတော်နည်းကို နာခံမှတ်သားပြီးတော့ ချက်ချင်းလဲ လက်မခံနဲ့ အုံး၊ဒီပါဠိတော်မှ ဒီပါဠိတော်နည်းကို အလုံးတိုင်း အလုံးတိုင်းကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကကန့်ကွက်ကြည့်,ဖျက်ဆီးကြည့်,တော်လှန်ပြီးတော့ကြည့်၊ ကန့်ကွက်လို့လဲမရတော့ဘူး, ဖျက်ဆီးလို့လဲ မရတော့ဘူး, တော်လှန်လို့လဲ မရတော့ဘူးဆိုတဲ့ အချိန်မှာ အဲဒီ ပါဠိတော်မှ ပါဠိတော်နည်းကို ယုံယုံကြည်ကြည်နဲ့ လက်ခံပြီးတော့ကျင့်သုံးပါ၊ပါဠိတော်မှုက ဘာပြလဲ။

သကာယဒိဋ္ဌိ၊ သ–ထင်ရှားရှိတယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောတွေက အဟုတ်ကိုရှိတာ၊ သိတဲ့သဘောကလေးကလဲ အဟုတ်

http://www.dhammadownload.com

ကို ရှိတာ၊ သူက သ–ဆိုတဲ့ သဒ္ဒပါဠိကထွက်တာ၊ နှာခေါင်းပေါက်နဲ့ ထွက်လေ ဝင်လေ, တိုးတဲ့သဘော,တွန်းကန်တဲ့သဘောတို့နဲ့ ကွဲကွဲပြား ပြား ပြလုပ်ပေးတဲ့ ပညာကလဲ အဟုတ်ရှိနေတယ်၊ အာရုံ၌ ကပ်၍ ထင် ရှားခြင်းဆိုတဲ့ သတိကလဲ အဟုတ်ကိုရှိနေတယ်၊ အခုပြောခဲ့တဲ့ တရား အားလုံးတွေဟာ အဟုတ်ကို ရှိနေတယ်။

တိုးတဲ့သဘော, တွန်းကန်တဲ့ သဘော တည်းဟူသော ဝါယောလေ ဓာတ် ရုပ်ပရမတ်တရားက ကာယ၊ အဲဒါ မိမိတို့ရဲ့ ဉာဏ်မှာ မြင်ပြီး တော့ ကြည့်၊ အဟုတ်ရှိ အမှန်ရှိဆိုတာ,ဟုတ်သလား မဟုတ်ဘူးလား ဆိုတာကို မရှိပါဘူးလို့ ကော်လှန်ကြည့်စမ်းပါ၊ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားက တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဟာ အဟုတ်ရှိ ပါတယ်လို့ မိန့်တော်မူထားတာကို ယနေ့ မည်သည့် ပညာရှင်တယောက် ကမျှ မရှိပါဘူးလို့ တော်လှန်နိုင်ပါ့မလား၊ မတော်လှန်နိုင်ရင် အဲဒီ ရှင်တော်ဗုဒ္ဓဂေါတမကို တရားအားလုံးကိုသိတဲ့ သဗ္ဗညုအရာက ထား ပြီးတော့ ကိုးကွယ်ရလိမ့်မယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မိမိတို့ စိတ်ကို ကေလေးထားနော်၊ တည်တည်ငြိမ်ငြိမ်ကလေးထားနော်၊ ဘုန်းကြီးက ဖြေးဖြေးဘဲ ဒီအပိုင်းမှာ ပြောပေးသွားမယ်၊ အဲဒီလို သ–ဆိုတဲ့ သ ဘောဟာ ထင်ရှားရှိပါတယ်လို့ ဆိုတာကို မရှိဘူးလို့ အမျိုးကောင်း သားများ,အမျိုးကောင်းသမီးများက တော်လှန်ကြည့်, ကန့်ကွက် ဖျက် ဆီးပြီးတော့ကြည့်၊ တော်လှန်လို့ ကန့်ကွက်လို့ မရဘူးလို့ဆိုတော့ကာ ဟာ-ဒါဖြင့် ဟုတ်တယ်လို့ ဒီတရားကို ယုံယုံကြည်ကြည်နဲ့ လက်ခံပြီး တော့ ကျင့်သုံးပါတော့၊ အဲဒီအခါကျတော့ ကာယ–တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်ဆိုတဲ့ ကာယ၊ သူ့ကို ဘာပြုလို့ ကာယလို့ခေါ်သလဲ၊ တရားအပေါင်းဖြစ်လို့ ရုပ်ကာယ,နာမ်ကာယခေါ်ရတယ်၊ ခုန ပါဠိတော်မှုက ဘယ်လိုပြလဲ။

"ကာယေသု ကာယညတရ ဟံ ဘိက္ခဝေ ဝဒါမိ ယဒိဒံ အဿာသ ပဿာသာ"။ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သား တို့။ ယဒိဒံ ယံဣဒံ အဿာသ ပဿာသာ၊ အကြင် ထွက်လေ ဝင်လေဆိုတဲ့သဘောသည်။ ကာယေသု၊ကာယတရားတို့၌။အည

http://www.dhammadownload.com

တရုံ၊တပါးအပါအဝင်ဟူ၍။ အဟံပေါ့ရှုသည်။ ဝဒါမိ၊ဟော ကြားတော်မူခဲ့ပေ၏။

မဟာဘုတ်အချင်းချင်းပေါင်းနေတယ်

သူက ကာယ= တရားအပေါင်း၊ ဝါယောကာယဟာ ဘယ်သူနဲ့ ပေါင်းနေသလဲ၊ ပထဝီ, အာပေါ, တေဇော, တွေနဲ့ ပေါင်းနေတယ်၊ ပဋ္ဌာန်းပါဠိတော် ကုသလတိကပ်ပဋိစ္စဝါရ၏ ဘယ်လိုပြလဲ။

''ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊
တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ
ဒွေမဟာဘူတေ ပဋိစ္စ ဒွေမဟာဘူတာ''။ ။

ဧကံမဟာဘူတံ၊ မဟာဘုတ် ရုပ်တခုကို။ ပဋိစ္စ၊ စွဲမှီ၍။ တယောမဟာဘူတာ၊ မဟာဘုတ်ရုပ် ၃-ခုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ တယောမဟာဘူတေ၊ မဟာဘုတ် ရုပ်၃ ခုတို့ကို။ ပဋိစ္စ၊ စွဲမှီ၍၊ ဧကံမဟာဘူတံ၊ မဟာဘုတ်ရုပ်တခုသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဒွေမဟာဘူတေ၊ မဟာဘုတ် ရုပ် ၂ ခုတို့ကို။ ပဋိစ္စ၊ စွဲမှီ၍။ ဒွေမဟာဘူတာ၊ မဟာဘုတ် ရုပ် ၂ ခုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဝါယောလို့ခေါ်တဲ့မဟာဘုတ်ရုပ်တခုဟာ ပထဝီ,အာပေါ,တေဇော လို့ ခေါ်တဲ့ မဟာဘုတ်ရုပ်သုံးခုကိုမှီပြီးတော့ သူကဖြစ်နေတယ်၊ အဲဒီ တော့ ဝါယောဆိုတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်ဟာ ဘယ်လိုပေါင်း နေသလဲလို့ဆိုတော့ ပထဝီ, အာပေါ,တေဇောတို့နှင့် ပေါင်းနေတယ်၊ ဝိညာဏ်,နာမ်,ဆိုတဲ့ တရားတွေနဲ့ ပေါင်းနေသည် ဖြစ်သောကြောင့် ကာယ အပေါင်း၊ သ-ရယ် ကာယ ရယ်ပေါင်းလိုက်တော့ သကာယ၊ ဗမာလိုပြန်ပြောရင် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ ထင်ရှားရှိသော တရားအပေါင်း၊ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ တရားအပေါင်းကို သကာယလို့ခေါ်တယ်၊ မိမိဉာဏ်မှာ ထင်ရှားသလား မထင်ရှား ဘူးလား။

အဲဒီ သကာယဆိုတဲ့ ထင်ရှားရှိနေတဲ့ တရားလို့ဆိုတော့ ဘာကာ ယ တွေလဲ၊ ပထဝီကာယရှိတယ်, အာပေါကာယရှိတယ်, တေဇော

http://www.dhammadownload.com

ကာယရှိတယ်, ဝါယောကာယရှိတယ်၊ ဝိညာဏ်ဆိုတဲ့ နာမ်ကာယ ရှိတယ်၊ ပညာတို့ သတိတို့လို့ခေါ်တဲ့ နာမ်ကာယတွေရှိတယ်၊ အဲဒီ တရားအပေါင်း၌ (အဘိနိဝေသ ပရာမာသောဒိဋ္ဌိ)ဒိဋ္ဌိဆိုတာ ဘာလဲ၊ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းကိုဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတဲ့ စကားလုံးကို မြန်မာလိုပြန်လိုက်ရင် မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်း၊ သကာယ နဲ့ ပြန်ပေါင်းရင် သ–အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ ထင်ရှားရှိသော။ ကာယ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ တရားအပေါင်း၌။ ဒိဋ္ဌိ-မှားသောအား ဖြင့် သုံးသပ်ယူစွဲခြင်း။ အားလုံးပြန်ပေါင်းလိုက်ရင် သကာယဒိဋ္ဌိ၊ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ ထင်ရှားရှိသော တရားအပေါင်း၌ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းကို သကာယဒိဋ္ဌိလို့ ခေါ်တယ်၊ ဘာဒိဋ္ဌိတဲ့လဲ (သကာယဒိဋ္ဌိပါဘုရား)။

အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ နားလည် လောက်ပါပြီ။

ဘာကိုခွါရမလဲဆိုရင်

အဲဒီ သကာယမှာ ခွါရမှာက သကာယကိုခွါရမှာလား ဒိဋ္ဌိကို ခွါရ မှာလားလို့ ဆိုတော့ သကာယကို မခွါရဘူး ဒိဋ္ဌိကိုသာ ခွါရမှာ၊ အဲဒီ သကာယကို အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ထင်ထင် ရှားရှား ဉာဏ်ထဲမှာတွေ့ရင် ပညာနဲ့ ပိုင်းခြားပြီးတော့ တကယ်တွေ့ ရင် ပုဂ္ဂိုလ်လို့မှားသောအားဖြင့် ယူစွဲခြင်း, သတ္တဝါလို့ မှားသောအား ဖြင့် သုံးသပ်ယူစွဲခြင်းဟာ ဝိညာဏ်, နာမ်, ရုပ်ကို အဟုတ်သိနေရင် ပုဂ္ဂိုလ်လို့ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းရှိပါဦးမလား၊ (မရှိပါ ဘုရား)။

သတ္တဝါလို့ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းကော ရှိပါအုံး မလား၊ (မရှိပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများလို့ဆိုတဲ့ မှားသော ယူစွဲခြင်းကောရှိပါဦးတော့မလား၊ (မရှိပါဘုရား)။

ဘာဖြစ်လို့လဲ၊ပညာက သကာယမှာစွဲနေတဲ့ မှားသော သုံးသပ်ခြင်း တည်းဟူသောဒိဋ္ဌိကို ပယ်ပစ်လိုက်သည်၊ အဲဒီ သကာယမှာ မှားသော သုံးသပ်ယူစွဲခြင်း ဖြစ်နေတဲ့ ဒိဋ္ဌိကိုပယ်တာ ဘယ်သူကလဲ၊ (ပညာက ပယ်ပါတယ်ဘုရား)။

http://www.dhammadownload.com

ပညာ အမျိုးကောင်းသားတွေ့,အမျိုးကောင်းသမီးတွေက ပယ်တာ မဟုတ်ဘူး၊ ဟောတာလဲ ကိုယ့်ကိစ္စကိုယ့်အလုပ် မဟုတ်ဘူး၊ သက္ကာယမှာ ဒိဋ္ဌိပယ်ဘို့လို့ ကိစ္စဟာ ဘယ်သူ့ကိစ္စလဲ၊ (ပညာရဲ့ ကိစ္စပါဘုရား)။

ပညာရဲ့ကိစ္စ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ကိစ္စလား၊ (မဟုတ်ပါဘုရား)။

ကိုယ့်တာဝန်လား၊ (မဟုတ်ပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဆိုတာက ရှိကိုမရှိဘူး၊ အဲသလို ကြည့်ကိုမကြည့်နဲ့၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘယ်နည်းနဲ့မှ သကာယမှာ စွဲနေတဲ့ သကာယဒိဋ္ဌိကို မပယ်နိုင်ဘူး၊ ဘယ်သူကသာ ပယ်နိုင်သလဲဆိုတော့ ပညာ၊ ပညာပယ်နိုင်ကြောင်းကို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ အာဘော်ကိုယူ၍ ရှင်သာရိပုတ္တရာက ဘာပြလဲ၊ ပါဠိတော်မှာ–

"ပညာ ပဟာနတ္ထာ"။ ။ပညာ၊ ပညာသည်။ ပဟာနတ္ထာ၊ ဆန့်ကျင်ဘက်တရားတွေကို ပယ်နိုင်ခြင်း အကျိုးရှိ၏။

ပညာကပယ်နိုင်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်မှာ ထင်ရှားလာရင် မမှန်ဘူးဆိုတာ သူက တမင်လာပယ်ပစ်ရသေးလား၊ (မပယ်ရပါဘုရား)။

တမင်လာမပယ်ပစ်ရတော့ဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီသကာယမှာ ဒိဋ္ဌိကွာပုံကလေးကိုကြည့်၊ဝိညာဏ်ဆိုတဲ့ သဘောကို အဟုတ်ကို အမှန်အတိုင်းသိနေရင်,နာမ်ဆိုတဲ့ သဘောကို အဟုတ်ကို အမှန်တကယ်ကိုသိနေရင်, ရုပ်ဆိုတဲ့ သဘောကို အမှန်တကယ်သိနေရင် သိတာနဲ့ တပြိုင်နက် သမ္မာဒိဋ္ဌိ၊ ဘာဒိဋ္ဌိတဲ့လဲ၊(သမ္မာဒိဋ္ဌိပါဘုရား)။

ဒိဋ္ဌိခိုလို့မရတော့ဘူး

အဲဒီ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာရောက်လာတာနဲ့ တပြိုင်နက်ထဲ ဒိဋ္ဌိခိုလို့ ရဦးမလား မရတော့ဘူးလား၊ (မရတော့ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒိဋ္ဌိဆိုတာလူဆိုးဘဲ၊ လူဆိုးဆိုတာ အမှောင်မှာသာ ခိုလို့ရတယ်၊ အလင်းရောင် ရောက်

http://www.dhammadownload.com

လာရင် သူကဒိုလို့မရတော့ဘူး၊ အလင်းရောင် ရောက်လာတာနဲ့ တပြိုင်နက်ထဲ အမှောင်ဟာ ပျောက်သွားတဲ့ အခါမှာ အမှောင်က ငါ တော့ သွားပြီလို့ ဒီလိုနှုတ်များကော ဆက်သွားသေးသလား၊ (မဆက် ပါဘုရား)။

နှုတ်ဆက် မသွားတော့ဘူး၊ အလင်း ရောက်တာနဲ့ တပြိုင်နက်ထဲ အမှောင်ဟာ တခါထဲပျောက်သွားတယ်၊ သက္ကာယမှာလဲ သက္ကာယ သဘောဖြစ်တဲ့ ဝိညာဏ်,နာမ်,ရုပ်ကို အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများက ဗိုင်ဗိုင်နိုင်နိုင် ဉာတ ပရိညာ စခန်းနဲ့ သိလိုက် သည်နဲ့ တပြိုင်နက်ထဲ သက္ကာယမှာ ဒိဋ္ဌိနေလို့ ရသေးလား၊ (မရပါ ဘုရား)။

သေသေချာချာကြည့်နော် ဟုတ်တယ်၊ ဒိဋ္ဌိဆိုတာက မှားသော သုံး သပ်ခြင်း၊ ဒီဝိညာဏ်,နာမ်,ရုပ်တွေကို ဒို့က လူလို့ထင်နေတယ်၊အမျိုး သား, အမျိုးသမီးလို့ ထင်နေတယ်, ယောကျ်ားလို့ထင်နေတယ်,မိန်းမ လို့ ထင်နေတယ်, သတ္တဝါလို့ ထင်နေတယ်၊ အခု-ဒီဝိညာဏ်, နာမ်, ရုပ်ကို သေသေချာချာ ဉာဏ်ပေါ်မှာ တင်ကြည့်လိုက်တဲ့ အခါကျတော့ အမျိုးသား,အမျိုးသမီး တွေ့သလား (မတွေ့ပါဘုရား)။

ယောကျ်ား, မိန်းမကော တွေ့သေးသလား၊ (မတွေ့ပါဘုရား)။

ပုဂ္ဂိုလ်,သတ္တဝါကော တွေ့သေးသလား၊ (မတွေ့ပါဘုရား)။

ဘာကိုတွေ့နေသလဲ၊ အဲဒါတွေ မတွေ့ရင် ဝိညာဏ်, နာမ်, ရုပ်၊ တနည်း—စိတ်,စေတသိက်,ရုပ်၊ အဲဒါဘဲတွေ့တယ်၊အဲဒီ ဝိညာဏ်, နာမ်, ရုပ်ကို တွေ့ရင် တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို တွေ့နေရင် သက္ကာယမှာ ဒိဋ္ဌိကွာသလား မကွာဘူးလား၊ (ကွာပါတယ်ဘုရား)။ မှတ်ထား၊ဒိဋ္ဌိကွာထွက်သွားပြီ၊ သက္ကာယဒိဋ္ဌိကွာပုံကလေး အဲဒါကြည့်။

သဿတ,ဥစ္ဆေဒကွာပုံ

နောက် အဲဒီ သက္ကာယဒိဋ္ဌိကွာသွားရင် တခါ ဘာကျန်နေလဲလို့ဆို တော့ သဿတအစွဲနဲ့ ဥစ္ဆေဒအစွဲလို့ဆိုပြီးတော့ ဒိဋ္ဌိ ၂ ပါး ကျန်နေ သေးတယ်၊ ဘယ်လိုလဲ၊ သဿတ-တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ကလေးကို ငါကိုယ်တိုင်က လုပ်ပေးနေလို့ တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောတွေ ဖြစ်နေတယ်လို့ အမျိုးကောင်းသားများ,အမျိုးကောင်း

http://www.dhammadownload.com

သမီးများက သုံးသပ်ယှဉ်လိုက်ရင် အဲဒါ သဿတဒိဋ္ဌိလို့ ခေါ်တယ်၊ ပါဠိတော်က ဘယ့်နှယ်ပြောလဲ၊ ဘုန်းကြီးတို့ နိဒါနဝဂ္ဂ ပါဠိတော်များမှာ အစေလကကဿပက မြတ်စွာဘုရားကိုလျှောက်တယ်။

"ကိံ နု ခေါ ဘော ဂေါတမ သယံ ကတံ ဒုက္ခန္တိ"

ဘော ဂေါတမ၊ အို ရှင်ဂေါတမ။ ဒုက္ခံ၊ အဖြစ်အပျက်တွေ နှိပ်စက်နေတဲ့ ဆင်းရဲကို။ သယံ၊ ကိုယ်တိုင်။ ကတံ ကိံ၊ ပြုလုပ်၍ ထားပါသလားလို့ မေးတော့။ "မာ ဟေဝံ ကဿပ"လို့ ဘုရားက ပြန်ဖြေတော်မူလိုက်တယ်၊

အဲဒီ ဆင်းရဲတဲ့ သဘောကို ကိုယ်တိုင်လုပ်တယ်လို့ ဒီလိုမပြောနဲ့တဲ့၊ အဲဒီ"သယံ ကတံ ဒုက္ခံ"မှာ မိမိကိုယ်တိုင်များလုပ်တယ်ဆိုရင်(သဿတံ ဧတံ ပရေ) သဿတ အယူ၊ ဘာအယူတဲ့လဲ၊ (သဿတအယူပါဘုရား)။

ဘာဖြစ်လို့ သဿတအယူတဲ့လဲ၊ တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောသည်ပင်လျှင် ငါလုပ်ပေးတယ်ဆိုတဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော၊ ဒီထွက်လေ ဝင်လေကို ငါကလုပ်ပေးတယ် ဟုတ်လား၊ထွက်လေ ဝင်လေနဲ့လုပ်ပေးတဲ့ ငါနဲ့အတူတူ တဆက်ထဲ ယူထားလိုက်သည်ဖြစ်သောကြောင့် သူ့ကို သဿတအယူလို့ ခေါ်တယ်။

ကိုင်း-အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ တိုးတဲ့ သဘော, တွန်းကန်တဲ့သဘောကလေးတွေကို ကိုယ်တိုင် ကိုယ့်ဟာ ကိုယ်လုပ်တာလား၊ (မဟုတ်ပါဘုရား)။

ကိုယ့်ဟာကိုယ် လုပ်လို့ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေး ကိုယ့်ဟာကိုယ် လုပ်လို့ ဖြစ်တယ်ဆိုရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လုပ်ကြည့်စမ်းပါ၊ လုပ်လို့ဖြစ်မလား၊ (မဖြစ်ပါဘုရား)။

လုပ်တတ်တဲ့ငါဆိုတာ ရှိသလား၊ (မရှိပါဘုရား)။

တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောကို လုပ်ပေးတတ်တဲ့ ငါ, ယောကျ်ား,မိန်းမဆိုတာ ရှိသလား၊ (မရှိပါဘုရား)။

http://www.dhammadownload.com

ဟော–ဒါဖြင့် တိုးတဲ့သဘော,တွန်းကန်တဲ့သဘောနဲ့ လုပ်တဲ့လူနဲ့ ဟာ ဘယ်သူလုပ်ပေးသလဲလို့ဆိုရင် စိတ်ကြောင့်ဖြစ်တဲ့ ဝါယောလေ ဓာတ် ရုပ်ပရမတ်က လုပ်ပေးတာ၊ ကဲ·သဿတဒိဋ္ဌိကတော့ဖြင့် ကွာ သွားပြီ။

ဥစ္ဆေဒဒိဋ္ဌိကွာပုံ

ဥစ္ဆေဒဒိဋ္ဌိက ဘယ်လိုကွာတုံးဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ သူများလုပ်ပေး ကာပါ၊ သူများ ဖန်ဆင်းပေးတာပါလို့ဆိုရင် ဥစ္ဆေဒဒိဋ္ဌိ၊ တိုးတဲ့သ ဘော,တွန်းကန်တဲ့သဘောနဲ့ ပြုပုံမှုနဲ့ တခြားစီပြတ်နေပြီ ဖြစ်သော ကြောင့် သူဟာ ဥစ္ဆေဒဒိဋ္ဌိ။

''ပရံ ကတံ ဒုက္ခန္တိ ဘော ဂေါတမ။
မာ ဟေဝံကဿပ ဥစ္ဆေဒံ ပရေ''။

ဥစ္ဆေဒအယူကိုယူတာ ဒီပါဠိတော်အရ တိုးတဲ့သဘော, တွန်းကန် တဲ့သဘောကလေး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တစ်ံတယောက်က လုပ်ပေးတာလား၊ (မဟုတ်ပါဘုရား)။

မိမိဟာ မိမိလုပ်တာလဲမဟုတ်ဘူး၊သူများလုပ်ပေးတာလဲမဟုတ်ဘူး၊ ဒါဖြင့် ကောင်းပြီ၊ အဲဒီ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေး ဟာ ဘယ်သူကြောင့် ဖြစ်လာသလဲလို့ ပြန်ကြည့်တော့ စိတ်ကြောင့်တဲ့၊ စိတ်ကြောင့် စိတ္တဇ- စိတ်ကြောင့်ဖြစ်သော ဝါယောလေဓာတ် ဦးရုပ် ပရမတ်တရား။

အဲဒီ စိတ်ကြောင့်ဖြစ်တဲ့ ဝိညာဏ်ကြောင့်ဖြစ်လာတဲ့ အဲဒီ ဝါယော လေဓာတ် ရုပ်ပရမတ်ဆိုတဲ့သဘောသည် ဘယ်သူ့ကိုမှီပြီးတော့ ဖြစ်ရ သလဲလို့ဆိုတော့ (ဥဿ)လို့ခေါ်တဲ့ အပူငွေ့ကလေးကို မှီပြီးတော့မှ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဖြစ်ရတယ်၊ ဒါကို ပါဠိတော်မှာ–

''အာယု ဥသ္မံ ပဋိစ္စ တိဋ္ဌတိ၊ ဥသ္မာ အာယုံ ပဋိစ္စ တိဋ္ဌတိ''။

လို့ အရှင်သာရိပုတ္တရာက အရှင်ကောဋ္ဌိကရဲ့အမေးကို ဖြေဲ့တယ်။ အာယု၊ထွက်လေဝင်လေခေါ်တဲ့ အာယုသည်။ (တနည်းဆို ရင် အဋ္ဌကထာက ''အာယူတိ ရူပဇီဝိတိန္ဒြိယံ''လို့ ဖွင့်တဲ့

http://www.dhammadownload.com

အတွက်) အာယု၊ ဇီဝိတိန္ဒြိယ ရုပ်ဟုဆိုအပ်သော အာယုသည်။ ဉသ္မံ၊ ဇီဝိတိန္ဒြိယဆိုတဲ့ ကမ္မဇတေဇောရုပ်ကို။ ပဋိစ္စ၊စွဲ၍။ တိဋ္ဌတိ၊ တည်၏။ ဉသ္မာ၊ကိုယ်ငွေ့ဟု ဆိုအပ်သော၊ ဉသ္မတေဇောသည်၊ (တနည်းဆိုရင် ဉသ္မာကို ဇီဝိတိန္ဒြိယ ကမ္မဇတေဇံလို့ ဖွင့်တဲ့အတွက်)ဉသ္မာ၊ဇီဝိတိန္ဒြိယဆိုတဲ့ ကမ္မဇတေဇောရုပ်သည်။ အာယုံ၊ ဇီဝိတိန္ဒြိယရုပ်ဟု ဆိုအပ်သော အာယုကို။ ပဋိစ္စ၊ စွဲ၍။ တိဋ္ဌတိ၊တည်၏။ အဲဒါလဲ ပါဠိတော်ဟောချက်။

ဘုန်းကြီးတို့ မဟာဝေဒလ္လသုတ်မှာ ဟောထားတာ ကြိုးသွင်းထားတာရှိပါတယ်၊ အဲဒီလို ဝါယောလေဓာတ် ရုပ်ပရမတ်ဖြစ်တဲ့ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ တရားသဘောရဲ့အပေါ်မှာ, သ-ကာယ ထင်ရှားရှိတဲ့ တရားအပေါင်းရဲ့အပေါ်မှာ မှားသောယူစွဲခြင်းဆိုတဲ့ ဒိဋ္ဌိကိုခွါပယ်လိုက်တော့ သ-ကာယ ကျန်ရစ်ခဲ့တယ်၊သ-ကာယ မကျန်ရစ်ခဲ့ဘူးလား၊ (ကျန်ရစ်ခဲ့ပါတယ်ဘုရား)။

ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ ထင်ရှားရှိသောတရားအပေါင်းဟာ ကျန်ရစ်ခဲ့သလား မကျန်ရစ်ခဲ့ဘူးလား၊ (ကျန်ရစ်ခဲ့ပါတယ်ဘုရား)။

ဒိဋ္ဌိတော့သွားပြီ၊သကာယမှာဒိဋ္ဌိတော့ကွာသွားပြီ၊အဲသလို သကာယ ဒိဋ္ဌိကွာသွားတော့ ဘယ်သူဝင်ကပ်နေသလဲလို့ဆိုရင် ခုန သဿတနဲ့ ဥစ္ဆေဒဝင်ကပ်နေပြန်တယ်၊ ငါလုပ်သလိုလို သူများက ဝင်လုပ်သလိုလို ခုတော့ ငါလုပ်တာလဲမဟုတ်ဘူး၊ သူများလုပ်တာလဲ မဟုတ်ဘူးလို့ ဆိုတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ သဿတနဲ့ ဥစ္ဆေဒကော ကွာမသွားဘူးလား၊ (ကွာသွားပါတယ်ဘုရား)။

ဘယ်သူကျန်ရစ်ခဲ့သလဲ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့သကာယတော့ ကျန်ရစ်ခဲ့တယ်၊ သကာယမှာ ဒိဋ္ဌိကွာပုံ ဒီကနေ့ည အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများအတွက် အင်မတန်ကို သာသနာတော်မှာ ကျေးဇူးများတဲ့ လိုရင်းအကွက်တကွက်တော့ဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမိပြီ၊ သကာယမှာ သေသေချာချာ အခုအားထုတ်နေရင်း အတောအတွင်းမှာကြည့်၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးထဲက သကာယ ဟုတ်တယ်၊ သူကတော့ အဟုတ်ကိုရှိနေတဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောကလေးဘဲ။

http://www.dhammadownload.com

အဲဒါ ယောကျ်ားလဲမဟုတ်ဘူး၊ မိန်းမလဲမဟုတ်ဘူး၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ ထင်ရှားနေရင် ဒီသကာယမှာ ဒိဋ္ဌိပြုတ်သွားပြီ ကွာသွားပြီ။

အဲဒီလို ပြုတ်သွားတာဟာ ဘယ်လိုပြုတ်နည်းလဲဆိုတော့ ဘုန်းကြီးညက စောစောပိုင်းက ပြောခဲ့တဲ့ နိဿရဏ လွတ်မြောက်ခြင်းဆိုတဲ့ လွတ်မြောက်ခြင်းမှာ တဒင်္ဂနိဿရဏ တဒင်္ဂလွတ်မြောက်ခြင်းလို့ခေါ်တယ်၊ ပြုတ်မှာက ဘယ်ကျမှပြုတ်လဲလို့ဆိုတော့ သောတာပတ္တိမဂ်သို့ရောက်မှသာလျှင် သမုစ္ဆေဒနိဿရဏနဲ့ ပြုတ်မယ်။

တဒင်္ဂနိဿရဏ

အဲဒီသောတာပတ္တိမဂ်ကို ရောက်အောင်က လမ်းစဉ်နဲ့သွားရအုံးမယ်၊ သို့ဘို့ရှုကွက်ကလေးမှာ တဒင်္ဂနိဿရဏအနေမျိုးနဲ့ သောတာပတ္တိမဂ်သို့မရောက်သေးခင် တဒင်္ဂနိဿရဏ-အနေမျိုးနဲ့ သကာယမှာ ဒိဋ္ဌိပြုတ်ပြီ၊ တဒင်္ဂနိဿရဏနဲ့ ပြုတ်တဲ့အပြုတ်၊ အဲဒါ အဋ္ဌကထာစကားအရဘဲ။

အဲဒီလို တဒင်္ဂနိဿရဏနဲ့ သကာယမှာ ဒိဋ္ဌိပြုတ်သွားရင်ဖြင့် သကာယကလေးကို ဘာလုပ်ရမလဲ၊ နောင်ကို ဒီဒိဋ္ဌိဘယ်တော့မှပြန်ပြီးတော့ မကပ်နိုင်အောင် အလုပ်လုပ်ရအုံးမယ်၊ ဘုန်းကြီးတို့ ဘယ်လိုလုပ်မလဲ သကာယမှာ ဒိဋ္ဌိပြုတ်သွားပြီ၊ ဝိညာဏ်, နာမ်,ရုပ် ပညတ်ပရမတ်လဲခွဲပေးခဲ့ပြီးပြီ၊ သမုတိသစ္စာ,ပရမတ္ထသစ္စာကိုလဲ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကို ခွဲပေးပြီးခဲ့ပြီ၊ အဲဒီသကာယမှာ ဒိဋ္ဌိကွာပုံကိုလဲ ပြောပေးခဲ့ပြီးပြီ၊ သကာယမှာ အတ္တ-အတ္တသညာ, အနတ္တ-အနတ္တာနုပဿနာ ပြောပေးခဲ့ပြီးပြီ၊ ရှင်းပေးခဲ့ပြီးပြီ။

ဒီတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ အခုသိနေရတဲ့ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း-စိတ်, စေတသိက်, ရုပ်ဆိုတဲ့ အဲဒီသကာယလို့ခေါ်တဲ့ ထင်ရှားရှိသော တရားအပေါင်းဟာ အညစ်အကြေးတွေ စင်ကြယ်နေသလား စင်ကြယ်မနေဘူးလား၊ (စင်ကြယ်နေပါတယ်ဘုရား)။

http://www.dhammadownload.com

အာရုံက အင်မတန်စင်ကြယ်နေပြီ၊ အဲဒီ အင်မတန် စင်ကြယ်တဲ့ အာရုံကို ရှုဘို့ရန်,ကြည့်ဘို့ရန်အတွက် ဝိပဿနာဉာဏ်ခေါ်တဲ့ မျက်လုံး ကလေးလိုနေသလား မလိုနေဘူးလား၊ (လိုနေပါတယ်ဘုရား)။

ကိုင်း အဲဒီ ဝိပဿနာဉာဏ် မျက်လုံးကလေး ဘုန်းကြီးတို့လုပ်ပေး ရဦးမယ်၊ ဘယ်လို လုပ်ရမယ်လဲ။—

''အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာဝ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဒိပဇာလ သမူပမာ''။

အဲဒီ ပါဠိရဲ့အနက်ကတော့ ဒီလိုတဲ့။ ။သင်္ခါရာ၊ ဝိညာဏ်, နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဝ၊ ရှေးကမဖြစ် ပေါ်ဘူးကြကုန်မူ၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊လာ၍ အသစ်ဖြစ်ကြလေ ကုန်၏။ သင်္ခါရာ,ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။ ဥပ္ပန္နာဝ၊ အကြောင်းတိုက်ဆိုင်ဖြစ်ကြကုန်ပြီး၍။ နိရုဇ္ဈရေ၊ ချုပ် ခြင်း ကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြ လေကုန်၏။ သင်္ခါရာ၊ ဝိညာဏ်, နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။ နိစ္စံ၊ အမြဲ။ နဝါဝ၊ အသစ်အသစ် တို့သည်သာလျှင်တည်း။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ ဒိပဇာလသမူပမာ၊ ဆီးမီးလျှံတမူ တူကြလေကုန်၏။

ကိုင်း အဲဒီ ဂါထာစကားရဲ့ အဓိပ္ပါယ်တွေကို တပုဒ်စီ တပုဒ်စီ ရှင်းပေးကြရအောင်၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အခု စင်စင်ကြယ်ကြယ်ကလေးရနေတယ်ခေါ်တဲ့ အာရုံအဖြစ်၌ တည် သော ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။

အဲဒီ သင်္ခါရထဲမှာဝိညာဏ်,နာမ်,ရုပ်၊တနည်း-စိတ်,စေတသိက်,ရုပ် တို့ကို ဘာပြုလို့ထည့်ထားရသလဲလို့ဆိုတော့ စိတ္တာနုပဿနာ သတိ ပဋ္ဌာန်အတွက် စိတ်ကိုထည့်ထားတာ၊ရုပ်ကိုဘာပြုလို့ ထည့်ထားသလဲ ဆိုတော့ ကာယာနုပဿနာ သတိပဋ္ဌာန်အတွက် ရုပ်ကိုထည့်ထားတာ၊ နာမ်ကို ဘာဖြစ်လို့ ထည့်ထားသလဲဆိုတော့ ဝေဒနာနုပဿနာ သတိ ပဋ္ဌာန်နဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်အတွက် နာမ်ကိုထည့်ထားတာ။

http://www.dhammadownload.com

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဘုန်းကြီး ခုဟော နေတဲ့ တရားဟာ တရားအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း လက်ခံနိုင်အောင်ခြုံးတော့ ပါဠိတော်မှုကို တင်ပြ နေတာပါ။

ဒီတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ထဲက ကာယာနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို အားထုတ်နေတဲ့ အမျိုးကောင်းသား တွေ,အမျိုးကောင်းသမီးတွေလဲရှိတယ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွားများအားထုတ်နေကြတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေလဲရှိတယ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပွားများအားထုတ် နေကြတဲ့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေလဲ ရှိတယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့ စောစောထဲက ဒီတရားပွဲကို ဟောတော့ မယ်ဆိုတော့ တရားအားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်များ,တရားအားထုတ် နေတဲ့ပုဂ္ဂိုလ်များ ပါဠိတော်မှု ပါဠိတော်နည်းကို စနစ်တကျ ယူရအောင် လို့ မှတ်ချက်ရေးဘို့ရန်အတွက် စာအုပ်စာတမ်းကလေးတွေယူပြီးတော့ တရားပွဲကို တရားနာ ကြွခဲ့ကြပါ၊ ဟောဒီ ရွှေဘုန်းပွင့် ဝေပကအဖွဲ့က ပုဂ္ဂိုလ်များက ကြိုတင်ပြီးတော့ ဖိတ်ခေါ်ခြင်း ပြုထားပါတယ်။

ကာယာနုပဿနာဘဲဖြစ်ဖြစ် စိတ္တာနုပဿနာဘဲဖြစ်ဖြစ် သတိပဋ္ဌာန်ကို ပွားတယ်ဆိုရင် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဘုန်း တော်သခင် ရှင်တော်မြတ်ဘုရား မိန့်တော်မူခဲ့တဲ့ "ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ"လို့ ဆိုတဲ့အတိုင်းဘဲ။ ။လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိုးရိမ် ပူဆွေးခြင်းဆိုတဲ့ လောဘ ဒေါမနဿတွေကို။ဝိနေယျ၊ လွန်မြောက် စေခြင်းငှါတဲ့။ လောဘတွေ,ဒေါမနဿတွေ ပျောက်ခြင်းငှါ ၄-ပါးသော သတိပဋ္ဌာန်တို့တွင် တပါးပါးကို ပွားပေးရမယ်။

လောဘရောက်ပုံ

သဏ္ဌာန်အမတ်ကြီး လောဘဖြစ်ပုံကိုကြည့်၊ အင်္ဂတန် ချစ်ခင် နှစ် သက်လှတဲ့ ဇနီးနဲ့ ယာဉ်ရထားကိုစီးပြီးတော့ မြို့ထဲမှာ ပျော်ပွဲခံဘို့ လှည့်လည်နေတဲ့အချိန်မှာ ရုတ်တရက်ဇနီးက ကွယ်လွန်အနိစ္စ ရောက်

http://www.dhammadownload.com

သွားတယ်၊ ဘာရောဂါမှ မခံစားလိုက်ရဘဲနဲ့ ရုတ်တရက် ကွယ်လွန် အနိစ္စရောက်သွားပါတယ်။

အဲဒီ သန္တတိအမတ်ကြီးရဲ့ဇနီး အင်မတန်ချစ်ခင် နှစ်သက်မြတ်နိုး လှတဲ့ သန္တတိအမတ်ကြီးရဲ့ဇနီးဟာ ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်သွားတယ်ဆိုရင်ဘဲ သန္တတိအမတ်ကြီးရဲ့ စိတ်ထဲမှာ ဘယ်နဲ့ နေလဲလို့ဆိုတော့ မြေကြီးကျယ်လို့သာ နင်းနေရတယ်၊ နင်းမိမှန်း မသိဘူး၊ ဘယ်လောက်ရောက်သွားတဲ့ သောကလဲဆိုတာ ကြည့်ပေ တော့။

သောကဆိုတာလဲ ဘာကြောင့် သောကဖြစ်ရသလဲဆိုတော့—

"ကတမော စ ဘိက္ခဝေ သောကော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂ- တဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသော ကော အန္တော ပရိသောကော အယံ ဝုစ္စတိ ဘိက္ခဝေ သောကော"။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ကတမောစ၊ အဘယ်သည်လျှင်။ သောကော၊ သောကမည်သနည်း။ ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုချစ်သားရဟန်းတို့။ အညတရညတရေန၊ ဉာတိဗျသနစသည်တို့တွင် အမှတ်မထား တပါးပါးဖြစ်သော။ ဗျသနေန၊ ပျက်စီးခြင်းနှင့်။ သမန္နာဂတဿ၊ တိုက်ဆိုင်တွေ့ကြုံ ပြည့်စုံသော။ အညတရညတရေန၊ အမှတ်မထား တပါးပါး သော။ ဒုက္ခဓမ္မေန၊ သတ်ခြင်း၊နှောင်ဖွဲ့ခြင်းစသော ဆင်းရဲခြင်း သဘောဖြင့်။ ဖုဋ္ဌဿ၊ တွေ့ကြုံဘိစီး နှိပ်စက် အပ်ထသော။ သတ္တဿ၊ သတ္တဝါအား။ ယောသောကောစ၊ အကြင်စိုးရိမ်ခြင်း သည်ရှိ၏။ ယာသောစနာစ၊ အကြင်စိုးရိမ်သော အခြင်းအရာ သည်ရှိ၏။ ယံ သောစိတတ္တဉ္စ၊ အကြင်စိုးရိမ်သော သူ၏အဖြစ် သည်ရှိ၏။ ယောအန္တောသောကောစ၊ အကြင်အတွင်း၌ စိုးရိမ် ခြင်းသည်ရှိ၏။ ယောအန္တောပရိသောကောစ၊ အကြင်အတွင်း၌

http://www.dhammadownload.com

အဖန်တလဲလဲ မိုးရွာပြင်းသည့်ရက်။ အတ္တ၊ မိမိ။ ဘိကျွဝေ၊ ရဟန်းတို့။ အယံဓမ္မော၊ ဤတရားကို။ သောကောဇတိ၊ သောကဟုခြ၊ ဝုစ္စတိ၊ ဆိုအပ်၏-တဲ့။

သောကဆိုတာ တစုံတခုသော ပျက်စီးခြင်းနဲ့ ဖြစ်လာသလားလို့ ဆိုရင် သောကသည် ဉာတိဗျသန-စတဲ့ ဆွေမျိုးပျက်စီးခြင်း, ဘောဂဗျသန-စီးပွားပျက်စီးခြင်းတို့ကြောင့် အဲဒီဆွေမျိုးပျက်စီးခြင်း စီးပွားပျက်စီးခြင်းတို့နဲ့ တွေ့ထိခံရတဲ့ သတ္တဝါတွေမှာ သောကဆိုတာ ဖြစ်မြဲဘဲ၊ မဖြစ်လို့ ရကိုမရဘူး။

သန္တတိအမတ်ကြီးမှာ ဘာပျက်စီးသလဲ စီးပွားတော့ မပျက်စီးဘူး၊ ဆွေမျိုးနဲ့ အကျုံးဝင်တဲ့ ဉာတိဗျသနနဲ့ အကျုံးဝင်တဲ့ဇနီး ပျက်စီးသွားပြီး ဖြစ်လိုက်တဲ့သောက မပြောနဲ့တော့၊ ငါရဲ့ ဒီသောကကို ဘယ်သူငြိမ်းအောင် လုပ်ပေးနိုင်မလဲ၊တရားတော်မှတပါး ဒီသောကကို ငြိမ်းအောင်ရှိရန် ငါကြည့်လို့ မမြင်၊ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားရှိတော်မူရာ ကပျာကရာပြေးပြီးတော့ ချဉ်းကပ်လိုက်တယ်ဆိုရင် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက သန္တတိအမတ်ကြီး လောင်လာတဲ့ သောကတည်း ဟူသော မီးတောက်ကြီးကို တခါထဲရေနဲ့ ဆီးပြီးတော့ဖြန်းတယ်၊ တရားရေအေး ဘယ်လိုဆီးဖြန်းလိုက်သလဲ။

ဦးစွာဖြစ်နေတဲ့သောကကိုဖျောက်ပစ်

''ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေမာဟု ကိဉ္စနံ၊
မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿတိ''။

အဲဒီ တရားသံကလေး ကြားလိုက်ရတယ်ဆိုရင် သန္တတိအမတ်ကြီးရဲ့ သောကတည်းဟူသော အခိုးအရှိန်တွေဟာ ငြိမ်းပြီးတော့ တခါထဲ ဝပ်သွားတယ်၊သက်သာရာလေးရသွားတယ်၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘာမိန့်တော်မူလိုက်တာလဲ။

သန္တတိ၊သန္တတိအမတ်ကြီး။ ယံဓမ္မဇာတံ၊အကြင်သောကဆိုတဲ့သဘောသည်။ ပုဗ္ဗေ၊ရှေး၌၊ ငါဘုရားထံမှောက်သို့ မရောက်မီ ရှေးအဘို့၌။ တေ၊ သင်၏။ သန္တာနေ၊ သန္တာန်၌။ ဇာတံ၊ ဖြစ်

http://www.dhammadownload.com

ပေါ်၍နေ၏။ တ၏၊ ထိုသင့်မှာ ဖြစ်ပေါ်နေတဲ့ သောကကို။ ကွဲ၊ သင်သည်၊ ဝိသောသေဟိ၊ ဖျောက်ပစ်ပါလေ့။

အဲဒါ ဘာပြောသလဲ၊သန္တတိ အမတ်ကြီး....သင့်မှာ ဖြစ်ပေါ်နေတဲ့ သောကကို ဖျောက်ပစ်လိုက်ပါတဲ့၊ ဒါဘဲပြောလိုက်တယ်။

တရားသုံးခုပေါင်းမှသောကဖြစ်

ဒီစကားလောက်နဲ့ ဖြင့် သန္တတိအမတ်ကြီးရဲ့ သောကဟာ ပျောက်ပါ့မလား မပျောက်ဘူး၊ ဘာသိလိုသလဲ သောကဖြစ်တယ်ဆိုတာ ပညာနဲ့ ကွဲကွဲပြားပြားရှုလိုက်တော့ သောကဖြစ်ပုံကလေးက ဘယ်လိုလဲ၊ သောကဖြစ်တယ်ဆိုတာ ဘယ်လိုမှ သောကဖြစ်တာလဲဆိုတော့ တရားသုံးခုပေါင်းမိမှ သောကဖြစ်ရတယ်၊ ဘယ်တရားသုံးခု ပေါင်းသလဲ။

သောကဖြစ်စရာအာရုံလို့ခေါ်တဲ့ ရုပ်တရား, အဲဒီရုပ်တရားကို သိနေတဲ့ ဝိညာဏ်ဆိုတဲ့စိတ်, စေတသိက်တည်းဟူသော သောကဆိုတဲ့ နာမ်တရား-အဲဒီတရားသုံးလုံးပေါင်းလိုက်မှ သောကဖြစ်လို့ရတယ်၊ ဒီတရားသုံးလုံးသာမပေါင်းရင် သောကဖြစ်လို့ရပါ့မလား၊ (မရပါဘုရား)။

အဲဒီ တရားသုံးလုံးက သူတို့တခုနဲ့တခုဟာ အတူတူလား တခြားစီလားလို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပညာခေါ်တဲ့ နာမ်လေးနဲ့ ပိုင်းခြားကြည့်၊ သောကသည် စိတ်မဟုတ်ဘူး၊စိတ်သည် သောကမဟုတ်ဘူး၊ သောကဖြစ်စရာ အာရုံသည် နာမ်မဟုတ်ဘူး၊ အဲဒီလို တခုစီတခုစီ ကွဲကွဲပြားပြားလေး ရှုထားလို့ရှိရင် သောက ဖြစ်လို့ ရပါဦးတော့မလား၊ (မရတော့ပါဘုရား)။

သောကဖြစ်လို့ ရပါဦးတော့မလား၊ (မရပါဘုရား)။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ သောကမဖြစ်ချင်ရင် အဲဒီသုံးလုံးကို ပေါင်းထားနဲ့လို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ဒီသုံးလုံး မပေါင်းမိရင် သောကဖြစ်လို့ ရပါ့မလား၊ (မရပါဘုရား)။

သောကဖြစ်စရာရဲ့တည်ရာက ဘာတုံး၊ သန္တတိ အမတ်ကြီးမှာ အော်....ငါ့ဇနီး စုတေမနေ သေလွန်၍သွားတယ်၊ ငါ့ဇနီး ဆုံးပြီးတော့

http://www.dhammadownload.com

သွားတယ်၊ ပျက်စီးရလေခြင်းလို့ အဲဒီအာရုံရယ်၊ သန္တတိအမတ်ကြီးရဲ့စိတ်ရယ်၊ သန္တတိအမတ်ကြီးရဲ့ သောကရယ်ဆိုတဲ့ စေတသိက်ရယ်၊ ဒီသုံးလုံးလဲပေါင်းလိုက်ရော ဝိညာဏ်, နာမ်, ရုပ် ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)

ဝိညာဏ်,နာမ်,ရုပ်က ဘယ်သူပြဌာန်းသလဲလို့ ဆိုတော့ သောက ပြဌာန်းတယ်၊ ဒီသုံးလုံး ခွဲထားလိုက်မယ်ဆိုရင် သောကဖြစ်လို့ ရပါ့မလား၊ (မရပါဘုရား)။

သောကဖြစ်လို့မရရင် ဒီသောကဟာ ပျောက်နေသလား၊ ပျောက်မနေဘူးလား၊ (ပျောက်နေပါတယ်ဘုရား)၊

ပါလာပါဦးမလား ဒီသောကဟာ (ပါမလာတော့ပါဘုရား)၊ ဘာဆိုလိုသလဲ။ သက်သေပြကြစို့ရဲ့။

ကြေးစည်ဘုနဲ့ ကြေးစည်နဲ့ သွားပြီးတော့ ထိလိုက်လို့သာ ကြေးစည်သံ ထွက်တာ၊ ကြေးစည်ဘုကြီး အနားချထားပြီး ကြေးစည်ကိုလဲ အနားချထားပြီး မထိလိုက်ဘဲနေရင် ကြေးစည်သံ ထွက်လာပါဦးမလား၊ (ထွက်မလာပါဘုရား)။

ထွက်မလာဘူး တခြားစီ ထားလိုက်ရင်လေ (မှန်ပါဘုရား)။

သောကက ဘာနဲ့တူသလဲလို့ဆိုတော့ အသံနဲ့တူတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘာနဲ့ တူသလဲလို့ဆိုတော့ ကြေးစည်လက်ခတ်နဲ့တူတယ်၊ သောကဖြစ်စရာက ဘာနဲ့ တူသလဲလို့ဆိုတော့ သားမယား သေကြေပျက်စီးခြင်းဆိုတဲ့ သောကဖြစ်စရာအာရုံဖြစ်တဲ့ ကြေးစည်ကြီးနဲ့တူတယ်၊ အဲဒီတော့ မိမိစိတ်တည်းဟူသော ကြေးစည်လက်ခတ်ကို သားမယား သေကြေပျက်စီးခြင်း တည်းဟူသော သောကဖြစ်စရာ အာရုံနဲ့ ကြေးစည်ကို သွားသွားပြီးတော့ ပေါင်းမပေးနဲ့တဲ့၊မြတ်စွာဘုရားက ပေါင်းပေးရင်တော့ဖြင့် ကြေးစည်သံနဲ့ တူတဲ့သောကတွေ သင့်မှာ ဖြစ်လာလိမ့်မယ်တဲ့။

သောကကင်းလျှင်နိဗ္ဗာန်ရောက်

"ပစ္ဆာ တေ မာဟု ကိဉ္စနံ"။ သောကဖြစ်စရာ အာရုံကို နောက်တခါ သွားသွားပြီးတော့ မတိုနဲ့တဲ့။ တေ၊ သင့်အား။

http://www.dhammadownload.com

ပစ္စုပ္ပန္နံ၊ နောက်ဖြစ်လတ္တံ့သော ပစ္စုပ္ပန်ကာလ သမယ၌။ ကိဥ္စနံ၊ ရာဂစသည်တို့ဖြင့် ကြောင့်ကြခြင်းသည်။ မာအဟု၊ မဖြစ်စေလင့်။

"မဇ္ဈေ စေ နော ဂဟေဿသိ"။ မဇ္ဈေ၊ အလယ် ဖြစ်သော ပစ္စုပ္ပန်ကာလ၌။ စေ နောဂဟေဿသိ၊အကယ်၍ သောကဖြစ်စရာအာရုံကို မစွဲယူသည် ဖြစ်အံ့။ တေ၊ သင့်အား၊ ဥပသန္တော၊ သောကမီးငြိမ်းသည်ဖြစ်၍။ စရိဿတိ၊နိဗ္ဗာန်သို့သွားရလတ္တံ့။

ဒီတရားလဲဟောပြီးရော သန္တတိအမတ်ကြီးလဲ တရားရသွားတယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သောကဖြစ်နေရင် ဒီအဖြေမျိုးနဲ့ ဖြေရမယ်၊ ဖြေနည်းက ဒါဘဲ၊ အဲဒီသောကဆိုတဲ့ တရားလုံးတွေ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့တရားလုံးကို နှလုံးသွင်းနေ လိုက်မယ်ဆိုရင် ဒီသောက ဝင်ခွင့်ရသေးလား မရဘူးလား၊(မရပါဘုရား)။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးကို သိနေတဲ့ ဝိညာဏ်၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို ပိုင်းခြားပေးနေတယ်ဆိုတဲ့ ပညာတည်းဟူသော နာမ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော ရုပ်၊ ပေါင်းလိုက်တော့ ဘာနဲ့ဘာတဲ့လဲ၊ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း–စိတ်,စေတသိက်,ရုပ် တရားသုံးလုံး၊ အဲဒီ တရားသုံးလုံးကို အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေရဲ့ခန္ဓာမှာ အခုရှိနေသလား မရှိနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။

ဝိညာဏ်ဆိုတာက သင်္ခါရတရား၊ ပညာဆိုတဲ့ နာမ်ရယ်, သောကဆိုတဲ့ နာမ်ရယ်, ပြီးတော့ သတိဆိုတဲ့ နာမ်ရယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတည်းဟူသော ရုပ်ရယ်-အဲဒီ ဝိညာဏ်,နာမ်,ရုပ်ကသင်္ခါရတရား၊ ဘာတရားတဲ့လဲ၊ (သင်္ခါရတရားပါဘုရား)။

အသစ်အသစ်သင်္ခါရဖြစ်

သင်္ခါရာ၊ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေရဲ့ ဉာဏ်မှာ ထင်ရှားနေတဲ့ ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။ အနုပုဗ္ဗသော၊ ရှေးတုံးကတခါမှ မဖြစ်ဘူးကြကုန်မူ၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊သာ၍ အသစ်ဖြစ်ကြကုန်၏။

[illegible] ၆၃—၆၉ ။

http://www.dhammadownload.com

အခု အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများသိနေတဲ့ အခု အသစ်ဖြစ်လာတဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတွေဟာ ရှေးတုံးက ဘယ်နှစ်ခါဖြစ်ဘူးသလဲဆိုတော့ သေသေချာချာကြည့်နေ၊တခါမှ ဒီတိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးဟာ မဖြစ်ဘူးဘူး၊ နို.-လက်ဦးဖြစ်ပြီးတဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဟာ ခု-ဖြစ်တဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။

အဟောင်းလား အသစ်လား၊ (အသစ်ပါဘုရား)။

အဲဒီ အသစ်ကလေးဟာ ရှေးက ဘယ်နှစ်ကြိမ် ဖြစ်ဘူးသလဲ၊ (တကြိမ်မှမဖြစ်ဘူးပါဘုရား)။

တခါမှ မဖြစ်ဘူးလို့ ဟောဒီ အသိဉာဏ်ကိုရအောင်ယူထားနေ၊ ဒါ မျက်လုံးကလေးဘဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုတယ်ဆိုတာ ဒီမျက်လုံးကလေးကိုရမှ ဝိပဿနာရှုလို့ ဖြစ်တယ်၊ ဘုန်းကြီး ခပ်ရှင်းရှင်းပြောပါရစေ၊ အဲဒီမျက်လုံးကို မရရင် ပါဠိတော်မှု ပါဠိတော်နည်းနဲ့ ဝိပဿနာရှုလို့ မဖြစ်ဘူးလို့ တထစ်ချ မှတ်ထားပါ။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေး မိအောင် အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ခုနေ ရှုကြည့်ပါ၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေး ဖြစ်တာကို တွေ့လိမ့်မယ်၊ အဲဒီ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးတွေဟာ မိမိမှာ ရှေးတုံးက ဘယ်နှစ်ခါ ဖြစ်ဘူးလဲလို့ဆိုတော့ တခါမှ မဖြစ်ဘူးသေးဘူး၊ သဘောပေါက်အောင်ကြည့်၊ အထပ်ထပ်အခါခါ သဘောပေါက်အောင် ကြည့်ပါ။

အဲဒီ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေး,သိတဲ့သဘောကလေး ပိုင်းခြားပေးတဲ့သဘောကလေး အတွဲကလေးတတွဲဟာ ရှေးက ကိုယ့်ဉာဏ်မှာ ဘယ်နှစ်ခါထင်ရှားဖြစ်ဘူးလဲ၊ (မဖြစ်ဘူးပါဘုရား)။

"အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ"၊ သင်္ခါရ၊ ဝိညာဏ်,နာမ်,ရုပ်ခေါ်တဲ့ သင်္ခါရတရားတို့သည်။ အနုပန္နာ၀၊ရှေးက တခါမှ မဖြစ်ဘူးကြကုန်မူ၍သာလျှင်၊ ဉပ္ပဇ္ဇန္တိ၊ လာ၍ အသစ်ဖြစ်ကြကုန်၏။

http://www.dhammadownload.com

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေသေချာချာ ကြည့်နော်၊ ဒီအကွက်ကလေးကို ဉာဏ်မှာထင်ရှားနေပါစေ၊ ဟုတ်ရဲ့လား မဟုတ်ဘူးလားဆိုတာကို မိမိပညာနဲ့ သေသေချာချာ ဆုံးဖြတ်ချက်ချထားပါ၊ ဒီကိုးတဲ့သဘော,တွန်းကန်တဲ့ သဘောကလေးတွေဟာ ဒီကနေ့ လာဖြစ်တဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောမဟုတ်ဘူး၊ဒီကနေ့မှလာဖြစ်တဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောတွေဟာ ရှေးကဘယ်နှစ်ခါဖြစ်ဘူးပြီလဲ၊ (မဖြစ်ဘူးပါဘုရား)။

အခုမှ လာဖြစ်တဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောကလေးဟာ မနက်ကဘဲ သူဖြစ်ဘူးနေသလား၊ (မဖြစ်ဘူးပါဘုရား)။

ညနေကကော (မဖြစ်ဘူးပါဘုရား)။
နောက်နာရီကကော (မဖြစ်ဘူးပါဘုရား)။
နောက်မိနစ်ကကော (မဖြစ်ဘူးပါဘုရား)။
နောက်စက္ကန့်ကကော (မဖြစ်ဘူးပါဘုရား)။
သဘောပေါက်ပလား၊ (ပေါက်ပါပြီဘုရား)။
သဘောပေါက်ပလား၊(ပေါက်ပါတယ်ဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သေသေချာချာ ကြည့်နော်၊ ဒီမျက်လုံးကိုမရလျှင် ဝိပဿနာရှုလို့ ဖြစ်မလား မဖြစ်ဘူးလား၊ (မဖြစ်ပါဘုရား)။

ခုပါဠိတော်မှုနဲ့ ပါဠိတော်နည်း အရဆိုရင် အဲဒီလို မျက်လုံးသာ မရလျှင် ဝိပဿနာရှုလို့မဖြစ်သေးဘူး၊ သိတ်အရေးကြီးတဲ့အပိုင်းဘဲ၊ ဒီအပိုင်းက အဲဒါကြောင့် ဘုန်းကြီးတို့ နဲနဲအချိန်ပိုချင်ပိုမယ်၊ ဒီအပိုင်းက အင်မတန်အရေးကြီးတယ်၊ ဘုန်းကြီးဖြေးဖြေးပြောပါရစေ၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေလဲ့ဘဲ သေသေချာချာ နားလယ်စေချင်လို့ ခုဖြစ်နေတဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောဟာ ရှေးကဘယ်နှစ်ခါဖြစ်ဘူးပြီလဲလို့၊(တခါမှမဖြစ်ဘူးသေးပါဘုရား)။

တခါမှ မဖြစ်ဘူးသေးဘူးဆိုတာကို ပါဠိတော်က ဘယ်နဲ့ပြသလဲ—

"အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ"။ အနုပ္ပန္နာဝ၊ မဖြစ်ပေါ်ဘူးကြကုန်မူ၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ လာ၍အသစ်ဖြစ်ကြကုန်၏။

http://www.dhammadownload.com

အော် ····ရှေးကတခါမှမဖြစ်ဘူးဘူး၊ဝိညာဏ်,သိမှုအဲဒီတိုးတဲ့သဘော, တွန်းကန်တဲ့သဘောတွေ အခုဖြစ်တာနဲ့ တမြှိုင်နက်ထဲ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို သိလိုက်တဲ့ ဝိညာဏ်ကကော ရှေးကဘယ် နှစ်ခါဖြစ်ဘူးသလဲ၊ (မဖြစ်ဘူးပါဘုရား)။

သေသေချာချာ ကြည့်နော် သဘောပေါက်အောင် သေသေချာချာ ကြည့်ပါ၊ ဟာ မနက်ကလဲသိသွားဘဲ မနေ့ကလဲ ဒီတိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိတဲ့အသိ၊ ဝိညာဏ်ဟာအဲဖြစ်သွားဘဲ ဒါဖြင့် မနေ့ကဖြစ်ဘူးတဲ့ ဝိညာဏ်လား ခုဖြစ်တဲ့ ဝိညာဏ်လား၊ (မဟုတ်ပါ ဘုရား)။

ဒါဖြင့် ခုဖြစ်တဲ့ဝိညာဏ်သိမှုဆိုတဲ့ ဝိညာဏ်ကလေးဟာ ဘယ်နှစ်ခါ ဖြစ်ဘူးလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အသိ ဉာဏ်မှာ တခါမှမဖြစ်ဘူးသေးဘူး၊ ပိုင်းခြားပေးတဲ့ ပညာ, အာရုံ၌ ကပ်၍ထင်ရှားတယ်ဆိုတဲ့ သတိ၊ ဒီနာမ်တရား ၂-လုံးကကော ဘယ် နှစ်ခါဖြစ်ဘူးလဲ၊ အခုမှအသစ်ဖြစ်တာဘဲလို့။

> သင်္ခါရာ၊ ဝိညာဏ်,နာမ်,ရုပ်,ဆိုတဲ့ သင်္ခါရ တရားတို့သည်။ အနုပ္ပန္နာဝ။ မဖြစ်ပေါ်ဘူးကြကုန်မူ၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ လာ၍ အသစ်ဖြစ်ကြကုန်၏။

ဖြစ်ပြီးသင်္ခါရချက်ခြင်းချုပ်

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ရှေ့တလုံး သွား တော့ မနော်။

> "ဥပ္ပန္နာစ နိရုဇ္ဈရေ"။ ။ဥပ္ပန္နာစ၊ ဖြစ်ပေါ်လာကြကုန်ပြီး ၍လည်း။ နိရုဇ္ဈရေ၊ ချက်ခြင်း ကွယ်ပျောက် (ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏။

တခါမှ မဖြစ်ဘူးသေးတဲ့ ဝိညာဏ်,နာမ်,ရုပ်ဟာ အသစ်လာဖြစ်ပြီး တာနဲ့ တမြှိုင်နက်ထဲ ဘယ်ရောက်သွားလဲ၊ ချုပ်ငြိမ်း သွားပါတယ် ဘုရား) ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား) မပျောက်ဘူးလို့ ဘုန်း ကြီးတို့ ငြင်းလို့ရပါ့မလား၊ (မရပါဘုရား)။

မပျက်ပါဘူး, မပျောက်ပါဘူးလို့ ပြောနိုင်တဲ့ပညာရှင် ယနေ့ပေါ် ပလား၊ (မပေါ်ပါဘုရား)။

http://www.dhammadownload.com

အဲဒီ သဘောကို မတွေ့ရင် ဒီဉာဏ်မရရင် ပါဠိတော်မှု, ပါဠိတော်နည်းနဲ့ ဝိပဿနာရှုလို့မဖြစ်ဘူး။

ပျောက်ရဲ့လား၊ (ပျောက်ပါတယ်ဘုရား)။

အဲဒီလို အခုဖြစ်ပေါ်လာပြီးတဲ့ ဖြစ်ပြီးပြီးချင်း အဌကထာက ဘယ့်နဲ့ ပြသလဲ"ဟုတွာ အဘာဝတော"ဟုတွာ၊ဖြစ်ပြီးတာနဲ့တပြိုင်နက်ထဲ။ အဘာဝတော၊ မရှိတော့ဘူး၊ ဟုတွာအဘာဝတော၊ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ရှိသေးသလား မရှိတော့ဘူးလား၊ (မရှိတော့ပါဘုရား)၊

ဒီဝိညာဏ်,နာမ်,ရုပ်ဟာ ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ မရှိတော့ဘူးလို့ဆိုတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို ဘယ့်နဲ့လုပ် အားကိုးထားမလဲ အားကိုးလို့ရပါ့မလား၊ (မရပါဘုရား)။

မှီရာတည်ရာ လုပ်လို့ရပါ့မလား၊ (မရပါဘုရား)။

သူ့ကို ငါဒီမှာပါလို့ လက်ညှိုးထိုးပြလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

ကိုယ်ကလက်ညှိုးထိုးမယ် ကြာကာရှိသေးတယ် သူက ရှိသေးသလား၊ (မရှိတော့ပါဘုရား)။

ဒါဖြင့် အဲဒီ သဘောကလေးဟာ ငါ့ဥစ္စာ့လေးပါလို့ လုပ်လို့ကောရပါ့မလား၊ (မရပါဘုရား)။

အနတ္တာနုပဿနာ ဘာအနုပဿနာတဲ့လဲ၊ (အနတ္တာနုပဿနာပါဘုရား)။

အနတ္တတရားလေး သေသေချာချာ ကွက်ကွက်ကွင်းကွင်း ပေါ်ပြီနော်၊ "အသာရကဋ္ဌေန အနတ္တာ"တဲ့ အနှစ်သာရ ဘာမှမရှိပါကလား၊ အခုဖြစ်ပြီး အခုပျောက်သွားတဲ့ သဘောဟာ ဘယ်မှာလဲအနှစ်၊ အားကိုးဘို့ အထည်ကိုယ်လေးများ ရှိသလား သူက (မရှိပါဘုရား)။

သစ္စကကြီးတို့ အယူလွဲတယ်ဆိုတာ ဒီမှာပေါ့ သစ္စကသုတ္တန်မှာ ဘုန်းကြီးတို့ဟောထားတာ ဒီသစ္စကသုတ္တန်ကြီး တခုလုံးကို ကြိုးသွင်းထားတာရှိနေပါတယ်၊ နောင်အခွင့်သင့်ရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သစ္စကသုတ္တန်ကို နာကြည့်ပေါ့။

သစ္စကပရိဗိုဇ်က အတ္တကို သက်သေပြ

ဒီဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သဘောတွေသည် အတ္တတရားတဲ့ သစ္စကက၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက အနတ္တ၊ အတ္တတ

http://www.dhammadownload.com

ပါလို့ ပြောတဲ့ သစ္စက ပရိဗိုဇ်က ဘာသက်သေပြလဲ ပါဠိတော်မှာ ဘယ်နဲ့ပြလဲ အို–ရှင်ဂေါတမ….အတ္တပါတဲ့ အကျွန်ုပ် သက်သေပြ ပါ့မယ်တဲ့။

"ယေကေစိ မေ ဗလကရဏီယာ ကမ္မန္တာ ကရိယန္တိ၊ သဗ္ဗေတေ ပထဝိံ နိဿာယ ပထဝိယံ ပတိဋ္ဌာယ"။

ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ယေကေစိ၊ ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော။ ဗလကရဏီယာ၊ အားခွန်ဗလစိုက်ထုတ်၍ အလုပ်လုပ်အပ်ကုန်သော။ ဣမေ-ကမ္မန္တာ၊ ဤအလုပ်အကိုင်တို့ကို။ကရိယန္တိ၊ပြုလုပ်အပ်ကုန်၏။ သဗ္ဗေတေ၊ထိုအလုံးစုံကုန်သော အလုပ်အကိုင်တို့ကို။ ပထဝိံ၊မြေကို။ နိဿာယ၊ အမှီပြု၍။ ပထဝိယံ၊ မြေ၌။ ပတိဋ္ဌာယ၊ တည်၍။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏တဲ့။

ရှင်ဂေါတမ….လောကမှာ ခွန်အားဗလတွေ စိုက်ထုတ်ပြီးတော့ အလုပ်လုပ်ကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဟောဒီမြေကြီး ရှိနေလို့ မြေကြီးပေါ်မှာမှီပြီးတော့မှ အလုပ်လုပ်လို့ဖြစ်ပါတယ်၊ အဲဒီဥပမာမျိုး လိုဘဲ။

"ရူပတ္တာယံ ပုရိသပုဂ္ဂလော ရူပေ ပတိဋ္ဌာယ ပုညံဝါ အပုညံဝါ ပသဝတိ"။

အယံ ပုရိသပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သတ္တဝါသည်။ပုဗ္ဗေ၊ ရှေး၌။ ရူပတ္တံ၊ ရုပ်ဆိုတဲ့အတ္တကို။ ပတိဋ္ဌာယ၊အမှီပြု၍။ ပုညံဝါ၊ကုသိုလ်ကောင်းမှုကိုငင်း။ အပုညံဝါ၊ မကောင်းမှု အကုသိုလ်ကိုငင်း။ ပသဝတိ၊ ပွားများအားထုတ်နိုင်ပါ၏တဲ့။

သစ္စကရဲ့ သက်သေပြချက် အတ္တမှန်ကြောင်း အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ သေသေချာချာ မှတ်နော်၊ ပါဠိတော်မှုနဲ့ ပါဠိတော်နည်းလို့ဆိုတာ ကွက်ကွက်ကွင်းကွင်း ရထားတဲ့ပုဂ္ဂိုလ်မှာ ဘယ်ဝိပဿနာကိုအားထုတ်အားထုတ်အားထုတ်လို့ဖြစ်တယ်၊ကာယာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို

http://www.dhammadownload.com

ဘဲဖြစ်ဖြစ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ် ပါဠိတော်မှုနဲ့ ပါဠိတော်နည်းကိုသာ ရထားပါစေ အားထုတ်လို့ဖြစ်ပြီ။

အတ္တ အတ္တ၊ အဲဒီအတ္တကို သစ္စကပရိဗိုဇ်က ရှင်ဂေါတမ….သတ္တဝါတွေ ကုသိုလ်ကံ,အကုသိုလ်ကံတွေကို ရနေတယ် လုပ်နေတယ်ဆိုတာ ရုပ်တည်းဟူသော အတ္တကို မှီပြီးတော့မှ ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုလုပ်လို့ဖြစ်တာပါတဲ့၊ အဲဒါကြောင့်မို့ ရုပ်သည် အတ္တပါတဲ့။

"ရူပံ အတ္တာ ဝေဒနာ အတ္တာ သညာ အတ္တာ သင်္ခါရာ အတ္တာ ဝိညာဏံ အတ္တာ"။

ရုပ်လဲအတ္တ, ဝေဒနာလဲအတ္တ, သညာလဲအတ္တ, သင်္ခါရလဲအတ္တ, ဝိညာဏ်လဲအတ္တ၊ ဝိညာဏ်, နာမ်, ရုပ်, သည်အတ္တ၊ ဝိညာဏ်,နာမ်,ရုပ် ကလေးရှိမှသာလျှင် ဒီဝိညာဏ်, နာမ်, ရုပ်ကိုအမှီပြုပြီးတော့ ကုသိုလ် အကုသိုလ်ကံကို ပြုလုပ်လို့ဖြစ်တယ်၊ "ပုညံဝါ အပုညံဝါ ပသဝတိ။" ခုပြောတာသာမဟုတ်ဘူး၊ဘုန်းကြီးတို့ဒါကို သစ္စကသုတ္တန်မှာ တော်တော်လေး ကျယ်ကျယ် ဝန်းဝန်း ရှင်းထားပါတယ်၊ ဒီမှာသိပ်ပြီးတော့ ရှည်နေမှာစိုးလို့။

အဲ့သလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ခုသစ္စက ပြောတဲ့ အတ္တဟာ ဟုတ်နိုင်မလားလို့ သူ့အပေါ်မှာ မှီလို့ရမလား မရဘူးလား၊ (မရပါဘုရား)။

ဝိညာဏ်,နာမ်,ရုပ် ပေါ်မှာ မှီလို့ရပါ့မလား၊ (မရပါဘုရား)။

ဘာဖြစ်လို့လဲ အခုဖြစ်ပြီးတော့ အခုပျက်သွားတဲ့ဝိညာဏ်,နာမ်, ရုပ်ကို ဘယ်နဲ့လုပ်ပြီး သူ့ကိုမှီခိုအားကိုးလို့ရမလဲ အဲသလိုမှီရာ တည်ရာ ဆောက်တည်ရာ အားကိုးရာ မရှိသည့်ဖြစ်ပါသောကြောင့် "အသာရကဋ္ဌေန အနတ္တာ"အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တွေ့ပြီလား၊ အနတ္တတွေ့ပြီလား၊ (တွေ့ပါပြီဘုရား)။

အနုပဿနာလေးပါးရှုပုံ

အဲဒီတရားဟာ ဝိပဿနာရှုမယ့်မျက်လုံးဟာသူဘဲ"အဒုပ္ပန္နာဝုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ"။ ။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ဝိညာဏ်, နာမ်,

http://www.dhammadownload.com

ရုပ်ဆိုတဲ့ သင်္ခါရတို့သည် ဘာဖြစ်လို့ ဝိညာဏ်,နာမ်,ရုပ်- ဝိညာဏ်, နာမ်,ရုပ်လို့ ထဲ့ထဲ့ပြီး ပြောနေရတာလဲလို့ဆိုတော့—

စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ရှုလိုနေတဲ့ ပုဂ္ဂိုလ်များက ဝိညာဏ်ကို ရှုဘို့, ဝေဒနာနုပဿနာနဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ရှုလိုပွားလိုတဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက နာမ်ဆိုတဲ့ တရားကိုရှုဘို့။ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွားများလိုတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအတွက်က ရုပ်ဆိုတဲ့ သဘောတရားကိုရှုဘို့ဆိုပြီးတော့ ဝိညာဏ်,နာမ်,ရုပ် - ဝိညာဏ်,နာမ်, ရုပ်နဲ့ ဘုန်းကြီးထဲ့ပြောနေရတာ အားလုံး သုံးပါးလုံးငုံပြီးတော့ ရှုလိုက်မယ်ဆိုရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ—

"ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော၊ဣတိ ဝေဒနာ ဣတိ ဝေဒနာယ သမုဒ-ယော ဣတိ ဝေဒနာယ အတ္ထင်္ဂမော၊ ဣတိ သညာ ဣတိ သညာယ သမုဒယော ဣတိ သညာယ အတ္ထင်္ဂ-မော၊ ဣတိသင်္ခါရာ ဣတိသင်္ခါရာနံ သမုဒယော ဣတိ-သင်္ခါရာနံ အတ္ထင်္ဂမော၊ ဣတိ ဝိညာဏံ ဣတိဝိညာ-ဏဿ သမုဒယော ဣတိ ဝိညာဏဿ အတ္ထင်္ဂ-မော"။

ဣတိရူပံ၊ ဤကား ရုပ်တရားတည်း။ဣတိရူပဿသမုဒယော၊ ဤကား ရုပ်တရား၏ ဖြစ်ပေါ်လာခြင်းတည်း။ ဣတိရူပဿ အတ္ထင်္ဂမော၊ဤကား ရုပ်တရား၏ ချုပ်ပျောက်ပျက်စီးသွားခြင်းတည်း။ ။ဝေဒနာစသည်နည်းတူ၊ ဒီလိုရှုနိုင်ဘို့ရန် ဝိညာဏ်, နာမ်,ရုပ်လို့ ထဲ့ပြောနေရတာဘဲ။

သင်္ခါရာ၊ ဝိညာဏ်,နာမ်,ရုပ်ခေါ်တဲ့ သင်္ခါရ တရားတို့သည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကြကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ချက်ခြင်းကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏။

http://www.dhammadownload.com

ဒီကာဘုန်းကြီးရွတ်လိုက်တဲ့ပါးစပ်ဖျားကလေးမှာ ဒီအသိဉာဏ် ဆုံး မနေစေနဲ့နော်၊ အဲဒီလို ဆုံးလိုက်သည်နှင့်တပြိုင်နက် အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများက ဩပါနေယျိကဂုဏ်နဲ့ မိမိရဲ့ တရားကွက်ကို ပြန်ပြီးကပ်ကြည့်လိုက်၊ ဟုတ်ရဲ့လား ဒီဥစ္စာဖြစ်ပြီး ပြီး ချင်း ကုန်တယ်ပျောက်တယ်ဆိုတာ ဟုတ်ရဲ့လားလို့ဆိုတာ ပြန်ကပ် ကြည့်လိုက်၊ ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)၊

မယုံဘဲနေလို့ ရပါ့မလား ဒီတရားကို၊ (မရပါဘုရား)။

ဖြစ်ပြီး ပြီးချင်း ပျောက်သလားမပျောက်ဘူးလား၊(ပျောက်ပါတယ် ဘုရား)။

မြဲလို့ပျောက်တာလား မမြဲလို့ပျောက်တာလား၊ (မမြဲလို့ပျောက် တာပါဘုရား)။

မမြဲတဲ့တရားကို နိစ္စလို့ခေါ်သလား အနိစ္စလို့ခေါ်သလား၊ (အနိစ္စ လို့ခေါ်ပါတယ်ဘုရား)။

အနိစ္စ တရားတလုံးရပြီနော်၊ အဲဒီ ဝိညာဏ်၊နာမ်၊ရုပ်ဆိုတဲ့ သင်္ခါရ တရားတွေ ပျောက်ပြီးတဲ့နောက် ဝိညာဏ်၊နာမ်၊ရုပ်ဆိုတဲ့ သင်္ခါရတရား တွေ တဖန် အသစ်ဖြစ်သေးသလား မဖြစ်တော့ဘူးလား၊ (ဖြစ်ပါ တယ်ဘုရား)။

ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား)။

သေသေချာချာ ပြန်ပြီးတော့ ဩပါနေယျိကဂုဏ်နဲ့ ကပ်ပြီးတော့ ကြည့်စမ်း၊ ပျောက်သွားပြီးတဲ့နောက် နောက်တခါ ဝိညာဏ်၊နာမ်၊ရုပ် ဆိုတဲ့သဘောတွေ မဖြစ်တော့ဘူးလား၊(ဖြစ်ပါတယ်ဘုရား)။

ထင်ထင်ရှားရှားဖြစ်ရဲ့လား (ဖြစ်ပါတယ်ဘုရား)။

ဇာတိဒုက္ခကို ပြန်ကြည့်၊ ပရမတ်သစ္စာအနေနဲ့ ဇာတိဒုက္ခကို ပြန် ကြည့်၊ ခန္ဓာသာဖြစ်တာ၊ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်တာမဟုတ်ဘူး။

"ခန္ဓာနံ ပါတုဘာဝေါ"။ ခန္ဓာနံ၊ ဝိညာဏ်၊နာမ်၊ရုပ်ဆိုတဲ့ ခန္ဓာတို့၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသည်။ ဇာတိ၊ ဇာတိ မည်၏။

ဇာတိ - အဲဒီဇာတိကို ဗုဒ္ဓရှင်တော်ဘုရားက ဒုက္ခလို့ ဟောခဲ့သလား သုခလို့ ဟောခဲ့သလား၊ (ဒုက္ခလို့ ဟောပါတယ်ဘုရား)။

[illegible]

http://www.dhammadownload.com

ဓမ္မစကြာပဝတ္တနသုတ္တန်ပါဠိတော်မှာ ပြန်ကြည့်ရင် ဇာတိပိ ဒုက္ခာ၊ ဒုက္ခမြင်အောင်ကြည့်၊ အဲဒီ ခန္ဓာအသစ်ကိုရလာတဲ့ ဒုက္ခဟာ အမလေးလေးလို့ အော်ရသေးသလား၊ (မအော်ရပါဘူးဘုရား)။

အမလေးလေးလို့ မအော်ရဘူးနော်၊ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများက ဖြစ်တဲ့သဘောကို မြင်ပြီးတဲ့နောက် အဲဒီ ဖြစ်တဲ့သဘောကို ဘယ်လိုမြင်ရဦးမလဲ၊ ပျက်တဲ့သဘောကိုမြင်ရဦးမယ်၊ ဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောကို ဘယ်လိုမြင်ရမလဲ၊ ဒုက္ခလို့ မြင်ရမယ်၊ ဖြစ်တဲ့သဘော ပျက်တဲ့သဘောကိုမြင်ပြီးတာနဲ့ ပြီးမလား မပြီးသေးဘူး။

ဖြစ်ပျက်သဘောမြင်ရုံနဲ့ မပြီးသေး

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီဖြစ်တဲ့သဘော,ပျက်တဲ့သဘောကိုလဲ မြင်နေ၊ မြင်နေပြီးတော့ ဖြစ်တဲ့သဘော ပျက်တဲ့သဘော ကုန်သွားရော, ပျောက်သွားရော မရှိတော့ဘူး၊ အဲဒါ ပြီးရောလား၊ မပြီးသေးဘူး။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အဲဒီဖြစ်တဲ့သဘော,ပျက်တဲ့သဘောကို ဘယ်လိုမြင်ရဦးမလဲဆိုတော့ ဖြစ်တဲ့အတွက် ဆင်းရဲတယ်၊ ပျက်တဲ့အတွက် ဆင်းရဲတယ်လို့ ဒုက္ခမြင်ရဦးမယ်၊ အဲဒီ ဒုက္ခကိုမမြင်ဘဲနဲ့ ဖြစ်ပျက်ပျောက်သွားရင် မဂ်မဟုတ်ဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ မှဋ္ဌသတိလို့ ခေါ်တယ်၊ သေသေချာချာမှတ်ပါ၊ ဒါပါဠိတော်မှာဘဲ။

ဖြစ်ပြီးဒါနဲ့ ဉာဏ်ပိုင်နက်ထဲ ကုန်သွားတယ်, ပျောက်သွားတယ်၊ ဒါ ပျက်တဲ့သဘော၊ ပျက်တဲ့နောက် တခါ ပြန်ဖြစ်သေးသလား မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

နောက်တခါ ဖြစ်တဲ့သဘောကို ဘုရားရှင်ကိုယ်တော်မြတ်က ဒုက္ခတဲ့၊ ဖြစ်တဲ့သဘောက ဒုက္ခဖြစ်နေရင် ကုန်တဲ့ ပျောက်တဲ့ သဘောလဲဒုက္ခ၊ ဖြစ်ပျက် ဝိညာဏ်,နာမ်, ရုပ်သည် ဖြစ်တဲ့ပျက်တဲ့ ကုန်တဲ့ ပျောက်တဲ့အတွက် အနိစ္စ၊ ဖြစ်တဲ့အတွက် ဒုက္ခ၊ ဖြစ်တဲ့အတွက် ဘာတဲ့လဲ၊ (ဒုက္ခပါဘုရား)။

http://www.dhammadownload.com

အဲဒီ ဒုက္ခကိုမြင်ရဦးမနေ၁်၊ ဖြစ်ပျက်မှာ ဖြစ်တဲ့အတွက် ဆင်းရဲတယ်, ပျက်တဲ့အတွက် ဆင်းရဲတယ်လို့ အဲဒါကိုမြင်ရင် ဘုရားဟော အမှန်အရိယသစ္စာ။

အများပြောအမှန် ဘာသစ္စာတဲ့လဲ၊ (သမုတိသစ္စာပါဘုရား)။

တရားသဘောအမှန် ဘာသစ္စာတဲ့လဲ၊ (ပရမတ္ထသစ္စာပါဘုရား)။

အခုဘုရားဟောအမှန် အရိယသစ္စာ၊ ဒီအရိယသစ္စာရအို့ တရားအားထုတ်ရတာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောပေါက်ပလား၊ (ပေါက်ပါပြီဘုရား)။

အဲဒီ အရိယာသစ္စာဆိုတဲ့ မျက်လုံး စက္ခုကရဏီ ဉာဏကရဏီဆိုတဲ့ ဉာဏ်ကလေး ရပြီမဟုတ်လား၊ (မှန်ပါဘုရား)။

ဝိပဿနာ ရှုတဲ့မျက်လုံးကလေးကောင်းပြီ၊ဖြစ်ပြီးပြီးချင်း သူပျောက်သွားသလားဆိုတော့ ဖြစ်တဲ့သဘောကလေးဟာ ဖြစ်ပြီးပြီးချင်း သူက ဘာဖြစ်သလဲ၊ ကုန်တဲ့ ပျောက်တဲ့ဘက်ကို တရိပ်ရိပ် ပြောင်းရွေ့တယ် ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ဒါကတော့ ဝိပဿနာရှုကွက်နေ၁်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဖြစ်တဲ့သဘောလေးကို အာရုံထဲစိုက်ပြီးတော့ သေသေချာချာ ကြည့်လိုက်မယ်ဆိုရင် ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းပြီးတော့မှ ကုန်ပျောက်သွားတယ်၊ အဲဒီ တရိပ်ရိပ် တရိပ်ရိပ်နဲ့ ကုန်ပျောက်တဲ့ဘက်ကို ပြောင်းနေတဲ့သဘောကို ဘာလို့ခေါ်သလဲလို့ ဆိုတော့ ဝိပရိဏာမ၊ ဘာတရားတဲ့လဲ၊ (ဝိပရိဏာမပါဘုရား)။

ရုပ်တရား, နာမ်တရားတို့ မည်သည်မှာ ပြောင်းနေတယ်၊ ဘယ်တော့မှ ရပ်မနေဘူး၊ အစဉ်သဖြင့် ပြောင်းလဲနေတယ်၊ ဘယ်ရုပ်ကို ကြည့်ကြည့် အင်မတန်သေးတဲ့ ရထရေဏုမြူ, အနုမြူ, ပရမာနုမြူလေးတွေ၊ အဲတာ အင်မတန်ကြည့်လို့ကောင်းတဲ့ မှန်ဘီလူးနဲ့ သေသေချာချာ ကြည့်၊ အဲဒီပရမာနုမြူလောက်ရှိတဲ့ ရုပ်ဓာတ်ကလေးတွေ ရိပ်ရိပ်ရိပ်ရိပ်နဲ့ အမြဲတန်း အသစ်အသစ်ပြောင်းနေတာတွေ့နိုင်တယ်။

အသစ်အသစ်ပြောင်းလဲနေပုံကြည့်

ပါဠိတော်က ဘယ့်နှယ်ပြောလဲ၊အဲဒီလို အသစ်အသစ်ပြောင်းနေတဲ့ သဘောကို—

http://www.dhammadownload.com

"နိစ္စံ နဝါဝ သင်္ခါရာ"။ ။သင်္ခါရာ၊ ဝိညာဏ်,နာမ်,ရုပ် ခေါ်တဲ့သင်္ခါရ တရားတို့သည်။ နိစ္စံ၊ အမြဲ။ နဝါဝ၊ အသစ် အသစ် ပြောင်းပြောင်းနေတဲ့သဘောသည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏တဲ့။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းကြီးတို့ ချပြ နေတဲ့ပါဠိတော်မှုကို လောကဓာတ်ပညာနဲ့ တိုက်ဆိုင်ပြီးတော့ဆန်းစစ် ပြီးတော့ကြည့်ပါ၊သေသေချာချာ စစ်ဆေးပါ အမြဲတန်းပြောင်းနေတယ် သက်သေပြကြစို့ ဘုန်းကြီးပြနေကျသက်သေ။

သရက်သီးလေးတလုံးကိုကြည့် ပြောင်းပုံကလေးကို"နိစ္စံနဝါဝ သင်္ခါ ရာ"ကို သရက်သီးကလေးတလုံးကို ကြည့်မယ်ဆိုရင် အဲဒီ သရက်သီး အလုံးကလေးဟာ ရှေးက အမျိုးကောင်းသားများ,အမျိုးကောင်းသမီး များ မြင်ကာစတုံးက သူ့ရဲ့အရောင်ဟာ အစိမ်းလား အဝါလား၊ (အစိမ်းပါဘုရား)။

အစိမ်းရောင်ကလေး အဲဒီသရက်သီးရဲ့ အရသာကဘယ်လိုနေတုံး (ချဉ်ပါတယ်ဘုရား)။

အရသာက ချဉ်သလား ချိုသလား၊ (ချဉ်ပါတယ်ဘုရား)။

အဲဒီ သရက်သီးဟာ တဖြေးဖြေးနဲ့ မှည့်သွားတဲ့ အခါကျတော့ အရောင်က ဘယ်လိုနေသလဲ၊ (အဝါရောင်ရှိပါတယ်ဘုရား)။

အရောင်က ဝါနေတယ် အရသာက ဘယ်လိုနေသလဲ၊ (ချိုပါတယ် ဘုရား)။

အရသာကချိုတယ်၊ ဒီတော့ ချဉ်တဲ့အရသာနဲ့ စိမ်းတဲ့အရောင်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ (ကုန်ပျောက်သွားပါတယ်ဘုရား)။

ဘာဖြစ်လို့ ကုန်ပျောက်သွားတာလဲ၊ (မမြဲလို့ပါဘုရား)။

တရိပ်ရိပ် တရိပ်ရိပ်နဲ့ အမြဲတန်းဝါတဲ့ဘက်ကို အိုတဲ့ဘက်ကို နေ့ရှိ သရွေ့, နာရီရှိသရွေ့, မိနစ်ရှိသရွေ့, စက္ကန့်ရှိသရွေ့ အချိန်တိုင်း,အချိန် တိုင်း သရက်သီးလုံးကလေးမှာရှိတဲ့ ရုပ်ကလာပ်တွေဟာ ပြောင်းပြောင်း မနေဘူးလား၊ (ပြောင်းပါတယ်ဘုရား)။

ဘယ်ဘက်ကို ပြောင်းနေတာလဲ၊ ဝါတဲ့ဘက် အိုတဲ့ဘက်ကို ပြောင်း နေပါတယ်၊ ဘယ်တော့မှ ရပ်မနေဘူးနော်၊ (မှန်ပါဘုရား)။

ဘယ်အချိန်မှာ ရပ်နေသလဲ၊ (မရပ်ပါဘုရား)။

http://www.dhammadownload.com

အဲသလို ရုပ်မနေဘဲနဲ့ ပြောင်းပြောင်းသွားတယ်၊ အဲဒီလိုရုပ်မနေဘဲနဲ့ ပြောင်းနေတဲ့အချက်ကို "နိစ္စံ နဝါဝ သင်္ခါရာ" ပါဠိတော်က ဒီလိုပြတယ်၊ အဲဒါကို ဝိပရိဏာမ အချက်လို့ ခေါ်တယ်၊ ပြောင်းနေတယ်၊ ဒီဝိပရိဏာမအချက်ကို ဝိပဿနာရှုတဲ့နေရာမှာ ဒီမျက်လုံးမရရင် အနိစ္စအချက်နဲ့ ဒုက္ခအချက်ကို မမြင်နိုင်ဘူး၊ ဝိပရိဏာမလို့ခေါ်တဲ့ မျက်လုံးကလေးကို ရအောင်ကြည့်ပါ၊ ရအောင်ကြည့် ပြောင်းနေပုံလေးကို ဉာဏ်ထဲမှာ ထင်ရှားအောင် ဒီမျက်လုံးကလေး ရအောင်ယူ၊ အဲဒီ ဝိပရိဏာမအချက်ဆိုတဲ့ မျက်လုံးကိုမရရင် အဖြစ်ကိုမြင်တဲ့မျက်လုံးနဲ့ အပျက်ကိုမြင်တဲ့ မျက်လုံးများ မရနိုင်ဘူး၊ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ သဘောပေါက်ပလား၊ (ပေါက်ပါတယ်ဘုရား)။

ဝိပဿနာမျက်လုံးနော်၊ အဲဒီမျက်လုံးကို နက်ဖြန်ကျ ဆက်လုပ်ပေးရဦးမယ်၊ အချိန်တော်တော်လွန်သွားပြီ။

အာဒီနဝသဘော

(၁) ဒီသင်္ခါရတရားတွေ ကုန်တာ ပျောက်တာက အနိစ္စ။

(၂) အညှစ်ပြန်ဖြစ်လာတာက ဒုက္ခ။

(၃) ကုန်တဲ့, ပျောက်တဲ့ဘက်ကို ပြောင်းပြောင်း နေတာက ဝိပရိဏာမ၊ အချက်ဘယ်နှစ်ချက်လဲ၊ (၃-ချက်ပါဘုရား)။

အနိစ္စ,ဒုက္ခ, ဝိပရိဏာမ အားလုံး ဆိုကြစမ်း၊ (အနိစ္စ, ဒုက္ခ ဝိပရိဏာမ၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ)၊ ဘယ်နှစ်ချက်ရလဲ၊ (၃-ချက်ပါဘုရား)။

အဲဒီ အနိစ္စ, ဒုက္ခ,ဝိပရိဏာမဆိုတဲ့ အချက် ၃-ချက်ရှိတဲ့ နာမ်တရားတို့ရဲ့ အာဒီနဝ သဘော ဘာသဘောတွေလဲ၊ (အာဒီနဝသဘောပါဘုရား)။

အဲဒီ အာဒီနဝသဘောသည် ရုပ်တရား, နာမ်တရား အားလုံးတို့ရဲ့ သာမညလက္ခဏာ၊ဘာလက္ခဏာတွေလဲ၊ (သာမညလက္ခဏာပါဘုရား)။

အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက် ဆိုတဲ့အချက်တွေ ရုပ်, နာမ်, ဓမ္မ သင်္ခါရ တရားအားလုံးတို့နဲ့ဆိုင်တဲ့ သာမညလက္ခဏာ၊ ဘာလက္ခဏာတွေလဲ၊ (သာမညလက္ခဏာပါဘုရား)။

http://www.dhammadownload.com

ဒါကို ပါဠိတော်က ဘယ့်နှယ်ပြတုံး၊ပါဠိတော်ပြပုံက—

''ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ အယံ ရူပဿ အာဒီနဝေါ၊ယံ ဝိညာဏံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ အယံ ဝိညာဏဿ အာဒီနဝေါ၊ ဣမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ အယံ သင်္ခါရာနံ အာဒီနဝေါ''။

'ယံ ရူပံ၊ အကြင် တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထိုတိုးတဲ့ သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်သည်။ အနိစ္စံ၊ ကုန်ခြင်း, ပျောက်ခြင်း သဘောရှိ၏။ ဒုက္ခံ၊ အသစ်ဖြစ်ခြင်း သဘောရှိ၏။ ဝိပရိဏာမ ဓမ္မံ၊ တရိပ်ရိပ်နဲ့ ရှုကွက်ထဲမှာပြောင်း ပြောင်းနေတဲ့ သဘောရှိ၏။ ဣတိအယံ၊ ဤကဲ့သို့ ရူပက္ခန္ဓာခေါ်တဲ့ သင်္ခါရတရား ဝိညာဏ်, နာမ်, ရုပ် တရားတို့ရဲ့ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမဆိုတဲ့ ၊အချက်ကြီး ၃-ချက်သည်။ ရူပဿ၊ ရုပ်တရား၏၊ အာဒီနဝေါ၊ အပြစ်မည်၏။ နှ ဝိညာဏ်နှင့်သင်္ခါရတို့အနက် သိလောက်ပါပြီ။

အဲဒါ အာဒီနဝဉာဏ်၊ အဲဒီဉာဏ်နဲ့ ဖြစ်တဲ့သဘောရှိတယ်,ပျက်တဲ့ သဘောရှိတယ်ဆိုတဲ့ သင်္ခါရသဘောတရားတို့ရဲ့ လက္ခဏာကို အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများ ခုတွေ့ပြီ၊ အဲဒီသင်္ခါရဆိုတဲ့ လက္ခဏာကိုကြည့်သဖြင့် သင်္ခါရတရားမှ ဖြစ်တဲ့သဘော ကုန်တဲ့, ပျောက်တဲ့သဘောတည်းဟူသော လက္ခဏာရှိတဲ့ ဝိပဿနာဉာဏ်ခေါ်တဲ့ လက္ခဏာသာလျှင် အာရုံရှိသော ပညာခေါ်တဲ့ဉာဏ် ထိုဉာဏ်ဟာ မှန်တာသိတာလား မှားတာသိတာလား၊ (မှန်တာသိတာပါဘုရား)။

မှန်တာသိတာကို ဉာဏ်လို့ခေါ်တယ်၊ အဲဒီလက္ခဏာလျှင် အာရုံ ရှိသော ဝိပဿနာဉာဏ်တည်းဟူသော မျက်လုံးနဲ့ ဘုန်းကြီးတို့ နောက် နေ့ည နောက်နေ့ညတွေက ရှင်းပေးထားခဲ့တဲ့ ဝိညာဏ်,နာမ်,ရုပ်အတွဲ, အနုတ္တွဲတွေကွဲပြားပြီးတော့ စင်ကြယ်နေတဲ့ ဒိဋ္ဌိကွာနေတဲ့ တဒင်္ဂနိဿရ ဏနဲ့ကွာနေတဲ့ အဲဒီ ဝိညာဏ်,နာမ်,ရုပ်ကိုခု-ပြခဲ့တဲ့ဝိပဿနာဉာဏ်မျက် လုံးနဲ့ ဝိပဿနာရှုမယ်ဆိုရင်''နိစ္စံ နဝါဝ သင်္ခါရာ ဒိပဇာလသမူပမာ''

http://www.dhammadownload.com

သင်္ခါရာ၊သင်္ခါရတရားတို့သည်။ဒီပဇ္ဇာလသမ္မုပမာ၊ ဆီမီးလျှံတမျှ အမြဲတန်းတူကြလေကုန်သတည်း။

နိဂုံး

မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်မယ်လို့ ယုံယုံကြည်ကြည်နဲ့ ညွှန်ပြခဲ့တဲ့အတိုင်း ပွားများ အားထုတ်နိုင်ကြပါစေတဲ့၊ အလုပ်ပေးတရား နိဂုံးချုပ်မှာ စောစောက ရွတ်ခဲ့တဲ့ ပါဠိကို ပြန်ရွတ်ပြီး နိဂုံးချုပ်ရအောင်။

အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာဝ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သင်္ခါရာ၊ ဒီပဇ္ဇာလ သမူပမာ။

သင်္ခါရာ၊ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဝ၊ ရှေးက မဖြစ်ပေါ်ဘူးကြကုန်ဘဲသာ။ ဥပ္ပဇ္ဇန္တိ၊လာ၍ အသစ်ဖြစ်ကြလေကုန်၏။ ဥပ္ပန္နာဝ၊ဖြစ်ပေါ်ကြကုန်ပြီး၍လည်း၊ နိရုဇ္ဈရေ၊ ချက်ခြင်းကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြလေကုန်၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ နိစ္စံ၊အမြဲ၊ နဝါဝ၊ အသစ်အသစ်တို့သာတည်း။ (ကိမိဝ) နှိုင်းယှဉ်စရာ ဥပမာသော်ကား၊ ဒီပဇ္ဇာလသမူပမာ၊ဆီမီးလျှံတမျှ တူကြလေကုန်သတည်း။

(သာဓု—သာဓု—သာဓု)

စတုတ္ထည ဝိပဿနာအလုပ်ပေး
တရားတော် ပြီး၏။

http://www.dhammadownload.com

သင်္ဂါရဝသုတ္တန်တရားတော်
ဒုတိယပိုင်း

နောက်နေ့ညက ပြခဲ့တဲ့အတိုင်းဘဲ၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဝိပဿနာ ရှုဘို့ရန်အတွက် အာရုံကိုလဲ သန့်သန့်ရှင်းရှင်း ဝိပဿနာ ရှုစရာ ကြည့်စရာအာရုံလဲရအောင် ပါဠိတော်မှ ပါဠိတော်နည်းနဲ့ ဟောပေးခဲ့ပြီ၊ ပြပေးခဲ့ပြီ၊ ယနေ့ညလဲ ဝိပဿနာ ရှုဘို့ရန်အတွက် ကြည့်ဘို့ရန်အတွက် ဝိပဿနာဉာဏ်ခေါ်တဲ့ မျက်လုံး ပြုလုပ်ပေးပြီးပြီ ဆိုကြပါစို့၊ နက်ဖြန်ကာ အဲဒီမျက်လုံးကို ပြန့်ပြီးတော့ အချောကိုင်ပြီးတဲ့အခါ ကြည့်တော့ ဘယ်လိုလုပ်ကြည့်မလဲ၊ ကြည့်ပုံကြည့်နည်းကို နက်ဖြန်ကာကျတော့မှ တခါပြဦးရမယ်။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဘယ်လိုလဲလို့ ဆိုတော့ ကြည့်စရာ အာရုံလဲရပြီ၊ ရှုဘို့ မျက်လုံးကလေးလဲရပြီ၊ ကြည့်ပုံကြည့်နည်းက ဘယ်လို လုပ်ကြည့်မလဲ၊ တဲ့တဲ့ဘဲကြည့်မလား၊ စောင်းဘဲကြည့်မလား၊ ကြည့်ချင်သလိုကြည့်၊ တဲ့တဲ့ကြည့်ရင်လဲဘဲ "အာလောကိတေ သမ္ပဇာနကာရီ ဟောတိ"တဲ့။ စောင်းကြည့်ရင်လဲ "ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ"တဲ့။ အဲဒီကြည့်ဘို့ မျက်လုံးနဲ့ ပရမတ္ထသဘာဝ တရားသဘောအမှန်နဲ့ ဒုက္ခသစ္စာအချက်ကို ဘုရားဟော အရိယသစ္စာ အမှန်သိအောင် အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ အသိဉာဏ် ရောက်အောင် ဘုန်းကြီးတို့ ဉာဏ်စွမ်းရှိသရွေ့နဲ့ ပါဠိတော်မှ ပါဠိတော်နည်းကို ညွှန်ပြခဲ့ပြီးပြီ။

အဲဒီလို ကြည့်တဲ့ရှုတဲ့အခါမှာ ဘုန်းကြီးတို့ ညကညွှန်ပြခဲ့တဲ့ သင်္ဂါရဝသုတ္တန်မှာ သင်္ဂါရဝပုဏ္ဏားကြီးက ရှင်ဂေါတမတဲ့ - အကျွန်ုပ်တို့ဟာ ရှည်မြင့်စွာသော ကာလပတ်လုံး မန္တန်ဆိုတဲ့ ဗေဒင်အတတ်တွေကို ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို ပြုပါသော်လည်း ဉာဏ်ထဲမှာ မထင်ရှားဘူး၊ တခါတရံ မရွတ်အံ မသရဇ္ဈာယ်ပေမဲ့ အဲဒီ ဗေဒင်မန္တန်တွေဟာ ဉာဏ်ထဲမှာထင်ရှားလာတာဟာ ဘယ်အကြောင်း ဘယ်အထောက်အပံ့ကြောင့်ပါလဲလို့ လျှောက်တဲ့အခါ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်ဘုရားက ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်

http://www.dhammadownload.com

ခြင်း,ပွားများခြင်း, အားထုတ်ခြင်းအမှုကို ပြုလုပ်ပေမဲ့ ဉာဏ်ထဲမှာ မထင်ရှားတာဟာ ဘာပြုလို့လဲဆိုတော့ ကာမရာဂပရိယုဋ္ဌိတ, ဗျာပါဒ ပရိယုဋ္ဌိတလို့ခေါ်တဲ့ တရား ၂-ပါးကြောင့် ဉာဏ်ထဲမှာ မထင်ရှားတော့ ဘူးတဲ့။

ထိနမိဒ္ဓလွှမ်းမိုးလျှင် ဉာဏ်မထင်

ဒုတိယပိုင်း ဆက်တဲ့အခါကျတော့—

''ပုန စ ပရံ ဗြာဟ္မဏ ယသ္မိံ သမယေ ထိနမိဒ္ဓ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ထိနမိဒ္ဓ ပရေတေန၊ ဥပ္ပန္နဿ စ ထိနမိဒ္ဓဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ၊ အတ္တတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ၊ ပရတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ၊ ဥဘယတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ၊ ဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ နပ္ပဋိဘန္တိ''။

(သံ၊ ၃။ ၁၀၇)

ဗြာဟ္မဏ၊ သင်္ဂါရဝ ပုဏ္ဏားကြီး။ ပုနစပရံ၊ နောက်တမျိုး။ ယသ္မိံ သမယေ၊ အကြင်အခါကာလ သမယ၌။ ထိနမိဒ္ဓပရိယုဋ္ဌိတေန၊ ထိနမိဒ္ဓသည် လွှမ်းမိုး၍ ယှဉ်အပ်သော။ ထိနမိဒ္ဓပရေတေန၊ ထိနမိဒ္ဓသို့ အစဉ်လျှောက်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။

အကြင်အခါ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေက ဘယ်လိုဖြစ်နေလဲ အိပ်ချင်တယ်, ငိုက်မျည်းတယ်, တွေဝေ ငေးမောနေတယ်ဆိုတဲ့ စိတ်တွေဖြစ်ပေါ်နေတယ်၊ အဲသလို အိပ်ချင်ခြင်း, ငိုက်မျည်းခြင်း, တွေဝေငေးမောခြင်းဆိုတဲ့ စိတ်တွေ ဖြစ်ပေါ်နေတဲ့အခါမှာ—

ဥပ္ပန္နဿ၊ ဖြစ်ပေါ်ပြီးသော။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ နိဿရဏံ၊ လွတ်မြောက်ခြင်းကိုလည်း။ နပ္ပဇာနာတိ၊ မသိ။

http://www.dhammadownload.com

ထိနမိဒ္ဓရဲ့ လွတ်မြောက်ကြောင်းတရားကိုလဲ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများက ဟုတ်တိုင်းမှန်စွာ မသိရင်-

တသ္မိံ သမယေ၊ ထိုသို့ထိနမိဒ္ဓ လွှမ်းမိုးနှိပ်စက်နေတဲ့ အခါ ကာလ၌။ အတ္တတ္ထမ္ပိ၊ မိမိရဲ့အကျိုးစီးပွားကိုလည်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနာတိ၊ မသိ။ နပဿတိ၊ မမြင်။ ပရတ္ထမ္ပိ၊ သူတပါးတို့ရဲ့ အကျိုးစီးပွားကိုလည်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊နဇာနာတိ၊မသိ။ နပဿတိ၊မမြင်။ဉဘယတ္ထမ္ပိ၊ မိမိ,သူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကိုလည်း၊ ယထာ-ဘူတံ၊ဟုတ်တိုင်းမှန်စွာ။ နဇာနာတိ၊ မသိ။ နပဿတိ၊ မမြင်။

''ဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ နပ္ပဋိ-ဘန္တိ''။

ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဇ္ဈာယ-ကတာပိ၊ သရဇ္ဈာယ်ခြင်း အားထုတ်ခြင်းအမှုကို ပြုပါသော်လဲ ဘဲ။ မန္တာ၊ ဗေဒင်အတတ်တို့သည်၊ (ဝါ) ကမ္မဋ္ဌာန်း တရားတို့ သည်၊ နပ္ပဋိဘန္တိ၊ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူး။

ထိနမိဒ္ဓဖြစ်ခြင်း အကြောင်း

ထိနမိဒ္ဓ လွှမ်းမိုးနေတယ်ဆိုတာ အဲဒီ ထိနမိဒ္ဓက ဘာပြုလို့ဖြစ် သလဲဆိုတော့ ပါဠိတော်တခုကိုပြပါတယ်၊ ထိနမိဒ္ဓ ဖြစ်တယ်ဆိုတာ ဒီ့ပြင်ဟာကြောင့် ဖြစ်တာမဟုတ်ဘူး၊ မဟာဝဂ္ဂသံယုတ် သာကစ္ဆဝဂ် အာဟာရသုတ္တန်ပါဠိတော်မှာ ဘယ်လိုပြသလဲ–

''အတ္ထိ ဘိက္ခဝေ အရတိ တန္ဒီ ဝိဇမ္ဘိတာ ဘတ္တ-သမ္မဒေါ စေတသော စ လီနတ္တံ၊ တတ္ထ အယောနိ-သော မနသိကာရဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ထိနမိဒ္ဓဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ထိနမိဒ္ဓဿ ဘိယျောဘာဝါယ ဝေပုလ္လာယ''။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့၊ အရတိ၊ ဝိပဿ နာ ကုသိုလ်တို့၌ မမွေ့လျော်ခြင်းသည်၎င်း။ တန္ဒီ၊ ပျင်းရိခြင်း

http://www.dhammadownload.com

သည်ဂုဏ်း။ ဝိဇမ္ဘိတာ၊ ကိုယ်ကို ဆန့်တန်း လိမ်တွန့်သည်၏ အဖြစ်သည်ဂုဏ်း။ ဝါ၊အပျင်းလိမ်ခြင်း ဆန့်ခြင်းသည်ဂုဏ်း။ ဘတ္တသမ္မဒေါ၊ ထမင်းကြောင့် တွေဝေခြင်း, ထမင်းဆိုရစ်ခြင်းသည်ဂုဏ်း။ စေတသော၊ စိတ်၏။ လီနတ္တံ၊တွန့်တို ဆုပ်နစ်သည်၏ အဖြစ်သည်ဂုဏ်း။ အတ္ထိ၊ ရှိ၏။ တတ္တတောသုအရတိအာဒီသု၊ ထိုပျင်းရိခြင်း စသည်တို့၌။ အယောနိသောမနသိကာရ ဗဟုလီကာရော၊ မသင့်သော နှလုံးသွင်းခြင်းကို အကြိမ်များစွာ ပြုလုပ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ အယံအယောနိသောမနသိကာရဗဟုလီကာရော၊ဤသို့ မသင့်သော နှလုံးသွင်းခြင်းကို အကြိမ် များစွာ ပြုလုပ်ခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ ဥပ္ပါဒါယဝါ၊ ဖြစ်ခြင်းငှါသော်ဂုဏ်း။ ဥပ္ပန္နဿ၊ဖြစ်ပြီးသော။ ထိနမိဒ္ဓဿ၊ထိနမိဒ္ဓ၏။ ဘိယျောဘာဝါယဝါ၊ လွန်စွာ တိုးပွားခြင်းငှာသော်ဂုဏ်း။ ဝေပုလ္လာယဝါ၊ ပြန့်ပွားခြင်းငှာသော်ဂုဏ်း။ အာဟာရော၊ အကြောင်းအထောက်အပံ့ပါပေတည်း။

အဓိပ္ပါယ်ကတော့“အရတိ”ဆိုတာ မပျော်မွေ့ဘူး။ “တန္ဒီ”ဆိုတာ ပျင်းတယ်။“ဝိဇမ္ဘိတာ”ဆိုတာက တခါထဲ အပျင်းလိမ်တယ်၊ ကိုယ်ကို ဆန့်တယ်၊ဒါကို ဝိဇမ္ဘိတလို့ ခေါ်တယ်။“ဘတ္တသမ္မဒေါ”ဆိုဒါ ထမင်းတွေသိပ်စားတယ်၊အစားကြီးတဲ့ လူများတော့ဖြင့်သိပ်အိပ်တာဘဲ၊အဲဒါ ထိနမိဒ္ဓဖြစ်ခြင်းရဲ့ အကြောင်းတွေ၊ ဒီတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒီ ထိနမိဒ္ဓတွေ မဖြစ်ချင်လို့ရှိရင် ငြီးငွေ့တဲ့ စိတ်တွေမထားနဲ့၊မပျင်းနဲ့ ဟုတ်လား၊နောက်ပြီးတော့ ကိုယ်ကိုတွန့်ပြီးတော့ အပျင်းမဆန့်နဲ့၊ထမင်းတွေ သိပ်မစားနဲ့၊ ထမင်း ဘယ်လောက်စားရမလဲ ဒီနေရာမှာ ပြပါတယ်။

ထမင်းအစာလျှော့စားရပုံ

“စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံပိဝေ၊
အလံ ဖာသု ဝိဟာရာယ၊ ယုတ္တယောဂဿဘိက္ခုနော”။

စတ္တာရော ပဉ္စ အာလောပေ၊လေးလုပ်, ငါးလုပ် တို့ကို။ အဘုတွာ၊ မသုံးဆောင် မစားမူ၍။ ဥဒကံ ပိဝေ၊ရေသောက်ရာ

http://www.dhammadownload.com

၏။ ဝေါ၍သို့ လေးလုပ်,ငါးလုပ်ရှော့၍ သုံးဆောင် စားသောက်သည်ရှိသော်။ ယုတ္တ ယောဂဿ၊ ကမ္မဋ္ဌာန်းအားထုတ်မှုနှင့်ယှဉ်သော။ (တနည်း-ဆိုခဲ့လို့ရှိရင်)။ ပဟိတတ္တဿ၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသော။ ဘိက္ခုနော၊ရဟန်းအား။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေခြင်းငှာ။ အလံယုတ္တံ၊ သင့်လျော်လျောက်ပတ်၏-တဲ့။

ယမင်းစားပြီဆိုရင် လေးငါးလုပ်ကို မစားဘဲနဲ့ ချန်ပြီးတော့စား၊ ပြီးတော့မှ ရေသောက်၊ အဲတာ အတော်ဘဲ၊ ကျန်းမာရေးလဲ သူကညီညွှတ်တယ်၊ အဲဒီလို ချန်ပြီးစားမယ်ဆိုရင် ထိနမိဒ္ဓ မဖြစ်နိုင်ဘူးတဲ့၊ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ခုတော့ လေးလုပ်,ငါးလုပ်ချန်မထားဘဲ လေးလုပ်,ငါးလုပ် ပိုစားနေတယ်၊ ဒီတော့ ထိနမိဒ္ဓတွေ ဖြစ်တော့တာဘဲ။

မှော်,ရေညှိ-လွှမ်းလို့ အရိပ်မထင်သလို

ထိနမိဒ္ဓတွေ ဖြစ်နေရင် ကြိုးစားပွားများ အားထုတ်ပေမဲ့ စိတ်ထဲမှာ အသိဉာဏ်ဟာ မထင်ရှားဘူးတဲ့၊ဘုရားရှင်ကိုယ်တော်မြတ်က ဘယ်လိုသက်သေပြသလဲလို့ဆိုတော့—

> ''သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော သေဝါလပဏကေ ပရိယောနဒ္ဓေါ၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ''။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေယျထာပိ၊ ဥပမာပြရမယ်ဆိုရင်။ သေဝါလပဏကေ ပရိယောနဒ္ဓေါ၊မှော်တွေရေညှိတွေနဲ့ မြှေးရှက်၍နေသော။ ဥဒပတ္တော၊ ရေခွက်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ထိုရေခွက်၌။ စက္ခုမာ၊မျက်စိအမြင်ရှိသော။ ပုရိသော၊ယောကျ်ားသည်။ သကံမုခနိမိတ္တံ၊မိမိရဲ့မျက်နှာရိပ်ကို။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ၊ မသိနိုင်ရာ။ နပဿေယျ၊ မမြင်နိုင်ရာ။

ပုဏ္ဏားကြီး…ဥပမာအားဖြင့် အဲဒီရေခွက်ထဲမှာ မှော်တွေ ရေညှိတွေ ဖုံးလွှမ်းနေမယ်ဆိုရင် ဒီရေခွက်ထဲမှာ မျက်စိအမြင်ရှိတဲ့ အမျိုး

http://www.dhammadownload.com

ကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မိမိရဲ့မျက်နှာရိပ်ကို ဟုတ်တိုင်းမှန်စွာ မမြင်နိုင်သလို အကြင်အခါ၌ ထိနမိဒ္ဓဆိုတဲ့ အိပ်ချင်ခြင်း, ငိုက်မျည်းခြင်း, ပျင်းရိခြင်း, ကိုယ်ကိုဟွန့်လိမ်ဆန့်တန်းခြင်း ဆိုတာတွေ ပေါ်နေမယ်ဆိုရင် မိမိရဲ့စိတ်ထဲမှာ ဝိပဿနာဉာဏ်တွေ ကောင်းကောင်းမထင်ရှားနိုင်တော့ဘူး၊ အတတ်ပညာတွေ မထင်ရှားနိုင်တော့ဘူး၊မိမိရဲ့အကျိုးစီးပွား,သူတပါးရဲ့ အကျိုးစီးပွားကို မသိနိုင်တော့ဘူး။

ဒီယရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သဇ္ဈာယကတာပိ၊ သရဇ္ဈာယ်ခြင်းကိုပြုပါသော်လဲ။ မန္တာ၊ဗေဒင်အတတ်ပညာတို့သည်။ နပ္ပဋိဘန္တိ၊ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူး။ ပဂေဝ အသဇ္ဈာယကတာ၊ မသရဇ္ဈာယ်ဘဲနေမယ်ဆိုရင် ဘယ်ပြောဘွယ်ရှိတော့မလဲ။

ထိနမိဒ္ဓတွေ လွှမ်းမိုးနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဉာဏ်မထင်ရှားတော့ဘူးတဲ့၊ အဲဒီ ထိနမိဒ္ဓတွေ ဝင်လာရင် ဘယ်လိုလုပ်ရမလဲလို့ဆိုရင်တော့ ထိနမိဒ္ဓကွာပုံကို ဟောနေအုံးမယ်ဆိုရင်လဲဘဲ ထိနမိဒ္ဓနဲ့ဘဲ ဒီတညကုန်နေဦးမယ်၊ ဆိုပါတော့လေ နဲနဲတော့ ပြောကြဦးစို့။

ထိနမိဒ္ဓပယ်ပျောက်ခြင်းအကြောင်း

''အတ္ထိ ဘိက္ခဝေ အာရမ္ဘဓာတု နိက္ကမဓာတု ပရက္ကမဓာတု၊တတ္ထ ယောနိသော မနသိကာရ ဗဟုလီ ကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ ထိန-မိဒ္ဓဿ အနုပ္ပါဒါယ ဥပ္ပန္နဿဝါ ထိနမိဒ္ဓဿ ပဟာ-နာယ''။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အာရမ္ဘဓာတု၊ ရှေးဦးစွာ စ၍ အားထုတ်သော ဝီရိယဓာတ်သည်ရှိ၏။ နိက္ကမ-ဓာတု၊ပျင်းရိခြင်းမှ ထွက်မြောက်သော မှန်ကန်သောသဘောကိုဆောင်သော ဝီရိယဓာတ်သည်ရှိ၏။ ပရက္ကမဓာတု၊ အဆင့်အဆင့် မြင့်ထက်မြင့်အောင် မြတ်သည်ထက် ပိုမြတ်အောင် အားထုတ်သော ပရက္ကမဝီရိယဓာတ်သည်ရှိ၏။ အတ္ထိ၊ ရှိ၏။

http://www.dhammadownload.com

တတ္တတော့၊ ထိုအာရဒ္ဓဝီရိယစသည်တို့၌။ ယောနိသောမနသိကာရဗဟုလီကာရော၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ အလေ့အလာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံယောနိသောမနသိကာရဗဟုလီကာရော၊ ဤသို့သင့်လျော်သောနှလုံးသွင်းခြင်းကို အကြိမ်များစွာပြုခြင်းသည်။အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ အနုပ္ပါဒါယဝါ၊ မဖြစ်ခြင်းငှါသော်ငှါ။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓကို။ ပဟာနာယဝါ၊ ပယ်ခြင်းငှာငှါ။ အာဟာရော၊ အကြောင်း အထောက်အပံ့ပေတည်း။

လုံ့လဝီရိယဆိုတာ သုံးမျိုးရှိတယ်။

(၁) အာရဒ္ဓ လုံ့လဝီရိယ။
(၂) နိက္ကမ လုံ့လဝီရိယ။
(၃) ပရက္ကမ လုံ့လဝီရိယ—

လို့ အဲဒီလို လုံ့လဝီရိယ ၃-မျိုးကို အဖန်ဖန်နှလုံးသွင်းပေးမယ် ဆိုရင်မဖြစ်သေးတဲ့ ထိနမိဒ္ဓတွေလဲ မဖြစ်တော့ဘူး၊ ဖြစ်ပြီးသား ထိနမိဒ္ဓတွေလဲ ပယ်နိုင်တယ်။

ထိနမိဒ္ဓပယ်ရန်အင်္ဂါ ၆-ပါး

ဒီနေရာမှာ အဋ္ဌကထာ ဆရာကတော့ ထိနမိဒ္ဓကို ပယ်နိုင်ဘို့ရန် အတွက် တရားခြောက်မျိုးတောင် ပြပါတယ် ဘာတဲ့လဲ။

(၁) "အတိဘောဇနေ နိမိတ္တဂ္ဂါဟော"တဲ့၊ အတိဘောဇနေ၊ အလွန်စားခြင်း၌။ နိမိတ္တဂ္ဂါဟော၊ ထိနမိဒ္ဓရဲ့ဖြစ်ကြောင်းကို ယူခြင်းတဲ့။

(၂) "ဣရိယာပထသံပရိဝတ္တနတာ"တဲ့၊ ဣရိယာပုထ်ကို ပြောင်းပေးသည်၏အဖြစ်ငှင်းတဲ့၊ ထိုင်နေလို့ ထိနမိဒ္ဓဝင်လာလျှင် လမ်းလျှောက်ပေး လမ်းလျှောက်လို့ ထိနမိဒ္ဓဝင်လာရင် လျှောက်ပေး စသည်ဖြင့် ဣရိယာပုထ်ကို ပြောင်းပြောင်း ပေးပါတဲ့။

http://www.dhammadownload.com

(၃) "အာလောကသညာမနသိကာရော"တဲ့၊အာလောကသညာကို နှလုံးသွင်းခြင်းရင်းတဲ့၊ အလင်းရောင်ကို ကြည့်ပေးရမယ်လို့ ဆိုလိုတယ်။

(၄) "အဗ္ဘောကာသာဝါသော"တဲ့၊လွင်တည်းခေါင်ဟင်းလင်းအပြင်၌ နေခြင်းတဲ့၊ အခန်းထဲမှာ မနေဘဲ လေကောင်းလေသန့်ရတဲ့ နေရာမှာ နေပေးရမယ်လို့ ဆိုလိုတာပါဘဲ။

(၅) "ကလျာဏမိတ္တတာ"တဲ့၊မိတ်ဆွေကောင်းကို မှီဝဲရမယ်တဲ့။

(၆) "သပ္ပါယကထာ"တဲ့၊ သင့်လျော်တဲ့ စကားရှိရမယ်တဲ့။

အဲဒီလို ခြောက်မျိုးသော တရားများဟာ ထိနမိဒ္ဓ ပယ်ခြင်းရဲ့ အကြောင်းကို အဋ္ဌကထာက ပြပါတယ်၊ သံယုတ် အဋ္ဌကထာကတော့ ထိနမိဒ္ဓမှလွတ်မြောက်ပုံကို ဝိက္ခမ္ဘနနိဿရဏ,သမုစ္ဆေဒနိဿရဏလို့ ၂-မျိုး ပြပါတယ်၊ ဝိက္ခမ္ဘနနိဿရဏဆိုဒါကတော့ အာလောကသညာတဲ့၊ သမုစ္ဆေဒနိဿရဏက အရဟတ္တမဂ်တဲ့၊ ဒီလို ၂-မျိုး ပြပါတယ်။

ဥဒ္ဓစ္စကုက္ကုစ္စလွှမ်းမိုးလျှင်ဥဒါဟရဏ်မထင်

ကိုင်း-ထိနမိဒ္ဓ ပြီးတော့ ဥဒ္ဓစ္စကုက္ကုစ္စပိုင်းကို ပြရမယ်၊ ဘာတဲ့လဲ ပါဠိတော်က—

> "ပုန စပရံ ၊ဗြာဟ္မဏ ယသ္မိံ သမယေ ဥဒ္ဓစ္စ-ကုက္ကုစ္စ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဥဒ္ဓစ္စ-ကုက္ကုစ္စ ပရေတေန၊ ဥပ္ပန္နဿစ ဥဒ္ဓစ္စကုက္ကုစ္စဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ"။

သင်္ဂါရဝပုဏ္ဏားကြီးတဲ့…အကြင်အခါမှာ ဥဒ္ဓစ္စစိတ်တွေကလဲ ပြန့်လွင့်နေမယ်၊ကုက္ကုစ္စ-နောင်တတွေကို တဖန်တွေးပြီးတော့ ပူပန်ချောက်ချားပြီးဘော့ ရှိနေမယ်ဆိုရင် အဲဒီကုက္ကုစ္စတို့, ဥဒ္ဓစ္စတို့နောက်ကို မိမိရဲ့ စိတ်က အစဉ်လျှောက်ပြီးတော့ လိုက်နေမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့ ဥဒ္ဓစ္စကုက္ကုစ္စရဲ့ လွတ်မြောက်ရာကိုလဲ ဟုတ်တိုင်းမှန်စွာမသိရ် သိမှုမဲ့လ်ဟာ မိမိရဲ့အကျိုးစီးပွား,သူတပါးရဲ့အကျိုးစီးပွား, မိမိသူတပါး ၂ ဦးသားတို့ရဲ့ အကျိုးစီးပွားကို မသိနိုင်တော့ဘူးတဲ့၊

http://www.dhammadownload.com

"ဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ နပဋိဘန္တိ"။ရှည်မြင့်စွာသော ကာလပတ်လုံး သရဇ္ဈာယ်ရွတ်အံခြင်း အမှုကို ပြုလုပ်ပေမဲ့ ထိုပုဂ္ဂိုလ်ရဲ့စိတ်ထဲမှာ အသိဉာဏ်တွေ မထင်ရှားတော့ဘူး။

ရေလှုပ်နေလို့အရိပ်မထင်သလို

စိတ်တွေ ပူပန်ချောက်ချားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ, လေလွင့်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘယ်နည်းနဲ့မှ ဉာဏ်ဟာ မထင်ရှားနိုင်တော့ဘူး၊ ဥပမာ ဘယ်လိုပြလဲ—

"သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော ဝါတေရိ-တော စလိတော ဘန္တော ဦမိဇာတော၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာ-နော ယထာဘူတံ နဇာနေယျ ပနဿေယျ"။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဝါ-တေရိတော၊ လေဖြင့်တိုက်ခတ်အပ်သော။ စလိတော၊ တုန်လှုပ်နေသော။ ဘန္တော၊ လည်ပတ်နေသော။ ဦမိဇာတော၊ လှိုင်းထနေသော။ ဥဒပတ္တော၊ ရေခွက်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုရေခွက်ထဲ၌။ စက္ခုမာ၊ မျက်စိအမြင် ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ သကံမုခနိမိတ္တံ၊ မိမိရဲ့မျက်နှာရိပ်ကို။ ပစ္စဝေ-က္ခမာနော၊ ကြည့်ရှုသည်ရှိသော်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ၊ မသိနိုင်ရာ။ နပဿေယျ၊ မမြင်ရရာ။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲသလိုလေတိုက်လို့ လှုပ်နေတဲ့ ရေခွက်မှာ ကိုယ့်မျက်နှာကို ငုံ့ကြည့်ရင် မြင်ရပါမလား၊ (မမြင်ရပါဘုရား)။

အဲဒီ ဥပမာမျိုးလိုဘဲ။

ဝေမေဝ၊ ပုံစံနှိုင်းယှဉ် အဲဒီအတူသာလျှင်။ ယသ္မိံသမယေ၊ အကြင်အခါကာလသမယ၌။ ဥဒ္ဓစ္စကုက္ကုစ္စပရိယုဋ္ဌိတေန၊ ပျံ့လွင့်တဲ့ နောင်တ ပူပန်တဲ့စိတ်သို့ ဒါစဉ်လျှောက်၍နေသော။ စေတ-သာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။

http://www.dhammadownload.com

ဥဒ္ဓစ္စကုက္ကုစ္စတရား လွတ်မြောက်ရာကို မသိဘူးဆိုရင် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မိမိရဲ့အကျိုးစီးပွား, သူတပါးရဲ့အကျိုးစီးပွား, မိမိသူတပါး ၂-ဦးသားတို့ရဲ့ အကျိုးစီးပွားကို မသိနိုင် မမြင်နိုင်တော့ဘဲနဲ့ ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်တဲ့ ဗေဒင်အတတ်ပညာတွေဟာ ဉာဏ်ထဲမထင်ရှားတော့ဘူး။ ရှည်မြင့်စွာသော ကာလပတ်လုံး အားထုတ်ထားတဲ့တရား အသိဉာဏ်တွေဟာ အမှန်မထင်ရှားတော့ဘူး၊ နီဝရဏဆိုတဲ့ အပိတ်အဖုံးတရားတွေကြောင့်ဘဲ။

ဥဒ္ဓစ္စကုက္ကုစ္စဖြစ်ခြင်းအကြောင်း

ကောင်းပြီ၊ ဒါဖြင့် အဲဒီဥဒ္ဓစ္စကုက္ကုစ္စ တရားတွေ မိမိတို့ရဲ့ သန္တာန်မှာ ဘာကြောင့် ဖြစ်လာသလဲဆိုတော့ မဟာဝဂ္ဂသံယုတ်ပါဠိတော် သာကစ္ဆဝဂ် အာဟာရသုတ္တန်မှာ ဥဒ္ဓစ္စကုက္ကုစ္စဖြစ်ခြင်းရဲ့ အကြောင်းကို မြတ်စွာဘုရားရှင်က ဒီလို မိန့်တော်မူခဲ့ပါတယ်၊ ဘယ်လိုလဲ—

> "အတ္ထိ ဘိက္ခဝေ စေတသော အဝူပသမော၊ တတ္ထ အယောနိသော မနသိကာရဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿဝါ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒါယ ဥပ္ပန္နဿဝါ ဥဒ္ဓစ္စကုက္ကုစ္စဿ ဘိယျောဘာဝါယ ဝေပုလ္လာယ"။

လို့ မိန့်တော်မူခဲ့ပါတယ်၊ အဲဒီ ပါဠိတော်ရဲ့ အဓိပ္ပါယ်က ဘယ်လို သိစေလိုတာလဲဆိုတော့၊ ချစ်သားတို့၊ စိတ်၏ မငြိမ်းအေးခြင်း ပူပန်ချောက်ချားခြင်းသည် ထင်ရှားရှိတယ်တဲ့၊ အဲဒီစိတ် ပူပန်ချောက်ချားမှု မငြိမ်းအေးမှုမျိုးကို မသင့်မတင့် နှလုံးသွင်းမှုကို အကြိမ်များစွာ ထပ်ခါထပ်ခါ လေ့လာ နှလုံးသွင်းနေမယ်ဆိုရင် မဖြစ်သေးတဲ့ ဥဒ္ဓစ္စကုက္ကုစ္စတွေလဲ ဖြစ်လာမယ်၊ ဖြစ်ပြီးသား ဥဒ္ဓစ္စကုက္ကုစ္စတွေလဲ တိုးပွားလာမယ်တဲ့၊ အဲဒါဟာ ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ကြောင်း တရားပါဘဲ၊ ဒါ့ကြောင့် နောက်က ပြခဲ့ပါတယ်၊ "အဇ္ဈတ္တံ ဝူပသန္တစိတ္တော" တဲ့၊ တရားအားထုတ်မယ်ဆိုရင် မိမိရဲ့စိတ်ကိုအေးအေးမြမြ ထားရမယ်လို့ ညွှန်ပြခဲ့ပါတယ်။

http://www.dhammadownload.com

ဥဒ္ဓစ္စကုက္ကုစ္စလွတ်မြောက်ခြင်း

ဥဒ္ဓစ္စကုက္ကုစ္စမှ လွန်မြောက်ကြောင်းကိုလဲ ဃင်းပါဠိတော်မှာဘဲ ရှင်တော်မြတ်ဘုရားက—

''အတ္ထိ ဘိက္ခဝေ စေတသော ဝူပသမော၊တတ္ထ ယောနိသောမနသိကာရ ဗဟုလီကာရော အယ- မနာဟာရော အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒါယ ဥပ္ပန္နဿဝါ ဥဒ္ဓစ္စကုက္ကုစ္စဿ ဘိယျောဘာဝါယ ဝေပုလ္လာယ''တဲ့။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ စိတ်၏ငြိမ်းအေးမှုကို အကြိမ်များစွာ လေ့လာပေးရင် မဖြစ်သေးတဲ့ ဥဒ္ဓစ္စကုက္ကုစ္စတွေလဲမဖြစ်၊ ဖြစ်ပြီးသား ဥဒ္ဓစ္စကုက္ကုစ္စတွေလဲ မတိုးပွားခြင်းရဲ့ အကြောင်းပါဘဲတဲ့။

အဋ္ဌကထာကတော့—

''ဥဒ္ဓစ္စကုက္ကုစ္စဿ ယောကောစိ သမထော ဝိက္ခမ္ဘနနိဿရဏံ၊ ဥဒ္ဓစ္စဿ ပနေတ္ထ အရဟတ္တမဂ္ဂေါ ကုက္ကုစ္စဿ အနာဂါမိမဂ္ဂေါ သမုစ္ဆေဒ နိဿရဏံ''။

လို့ ဖွင့်ပြပါတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ ဥဒ္ဓစ္စကုက္ကုစ္စမှ လွတ်မြောက်ခြင်းနှစ်မျိုးမှာ တစုံတခုသော သမထသည် ဝိက္ခမ္ဘနနိဿရဏ, အရဟတ္တမဂ်သည် ဥဒ္ဓစ္စ၏၊ သမုစ္ဆေဒနိဿရဏ၊ အနာဂါမိမဂ်ကတော့ ကုက္ကုစ္စ၏ သမုစ္ဆေဒနိဿရဏလို့ ဖွင့်ပြပါတယ်၊ အဲဒီလို ပြခဲ့တဲ့ လွတ်မြောက်ရာကို ဟုတ်တိုင်းမှန်စွာ မသိရင်ဖြင့် မိမိ,သူတပါး နှစ်ဦးသား တို့ရဲ့ အကျိုးစီးပွားကို မသိတော့ဘူးတဲ့၊ ပညာတွေ, ကမ္မဋ္ဌာန်းအာရုံ တွေလဲ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူးတဲ့၊ ကဲဥဒ္ဓစ္စကုက္ကုစ္စ တော် လောက်ပါပြီ။

ဝိစိကိစ္ဆာထွန်းမိုးလျှင်ဉာဏ်မထင်

ဥဒ္ဓစ္စကုက္ကုစ္စပြီးတော့ ဘာတဲ့လဲ ဝိစိကိစ္ဆာဘယ်လိုပြလဲ။

''ပုနစ ပရံ ဗြာဟ္မဏ ယသ္မိံသမယေ ဝိစိကိစ္ဆာ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဝိစိကိစ္ဆာ ပရေ-

http://www.dhammadownload.com

> တေန၊ ဥပ္ပန္နာယစ ဝိစိကိစ္ဆာယ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ''။

ပုဏ္ဏားကြီးတဲ့၊အကြင်အခါမှာ ဒီတရားတွေဟာ မှန်မှ မှန်ပါ့မလား လို့ သို့လော သို့လော တွေးတောယုံမှားခြင်းရှိတဲ့ ဝိစိကိစ္ဆာရှိနေတဲ့ ပုဂ္ဂိုလ်မှာလဲဘဲ အာရုံကို တိကျအောင် မဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာရဲ့ နောက်သို့ အစဉ်စိတ်က လျှောက်လိုက်နေမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့ ဝိစိကိစ္ဆာရဲ့ လွတ်မြောက်ရာကိုလဲ ဟုတ်တိုင်းမှန်စွာ မသိရင် ထိုပုဂ္ဂိုလ်ဟာလဲ မိမိအကျိုးစီးပွား,သူတပါးရဲ့အကျိုးစီးပွား မိမိ,သူတပါး ၂-ဦးသားတို့ရဲ့ အကျိုးစီးပွားကို မသိနိုင်ဘူး၊ ရှည်မြင့်စွာသော ကာလပတ်လုံး ဗေဒင်ကို ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို ပြုပေမဲ့ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူးတဲ့။

နောက်နေလို့ မှောင်နေလို့ အရိပ်မထင်သလို

> ''သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အာဝိလော လုဠိတော ကလလီဘူတော အန္ဓကာရေ နိက္ခိတ္တော၊ တတ္ထ စက္ခုမာ ပုရိသော သကံမုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ''။

အဓိပ္ပါယ်စကားပြေက ဘာကိုပြောလိုတာလဲ၊ပုဏ္ဏားကြီး....ရေခွက်ထဲကရေဟာ နောက်နေတယ် မကြည်လင်ဘူး၊ ရွှံ့နှစ်လို ဖြစ်နေတယ်၊ အဲဒီရေခွက်ကို မှောင်ထဲမှာလဲ ချထားမယ်ဆိုရင် မျက်စိအမြင်ရှိတဲ့ ယောက်ျားရဲ့ မျက်နှာရိပ်ဟာ မထင်ရှား မပေါ်လွင်နိုင်သလိုဘဲတဲ့၊ ထို့အတူ ဝိစိကိစ္ဆာရှိနေတဲ့ သူ့ရဲ့ သန္တာန်မှာ ဗေဒင် မန္တန်တွေ စာပေကျမ်းဂန်တွေဟာ မထင်ရှား မပေါ်လွင်နိုင်ဘူးလို့ ဘုရားက သက်သေပြပါတယ်။

ဝိစိကိစ္ဆာဆိုတဲ့ တရားလို့ ဆိုတာ ဘာကိုဆိုလိုတာလဲဆိုတော့ အာရုံတခုကို တိကျအောင် မဆုံးဖြတ်နိုင်တဲ့ တွေဝေနေတဲ့ သဘောကိုခေါ်တယ်၊ တွေဝေနေတယ် ဆိုတာဟာ လုပ်နေတဲ့အလုပ်ကို ရပ်နေတဲ့ သဘောမျိုးဘဲ။

http://www.dhammadownload.com

ဥပမာ—ယောကျ်ားတယောက်ဟာ လမ်းခရီးတခုကို သွားနေရင်း လမ်း ၂-ခုကို တွေ့နေရင် ဘယ်လမ်းကို သွားရရင် ကောင်းမလဲဟု တိကျအောင် ဆုံးဖြတ်ချက် မချနိုင်သေးတဲ့အချိန်မှာ ထိုပုဂ္ဂိုလ်သည် ဒီလမ်းကိုသွားနေသလား ရပ်နေသလား၊ (ရပ်နေပါတယ်ဘုရား)။

လက်ဦးတော့ သွားနေတာဘဲ၊ နောက်တော့ လမ်းကလေးက ၂-ခွဖြစ်နေတယ်၊ လက်ပဲလမ်းသွားရမလား၊လက်ျာလမ်းသွားရမလား စဉ်းစားနေရင် ဝေဘန်လို့မရရင် သူဘာလုပ်မလဲ၊ သွားနေသလား ရပ်နေသလား၊ (ရပ်နေပါတယ်ဘုရား)။

ဝိပဿနာတရားကို ကြိုးစားပြီးတော့ ပွားများအားထုတ်တဲ့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေဟာလဲဘဲ ဝိညာဏ်ကို ရှုရမှာလား, နာမ်ကိုရှုရမှာလား, ရုပ်ကိုရှုရမှာလားလို့ အာရုံကို တိတိကျကျ မဆုံးဖြတ်နိုင်ရင် ဝိပဿနာရှုကွက်ဟာ ရပ်နေသလား ဆက်ရှုနေသလား၊ (ရပ်နေပါတယ်ဘုရား)။

အကြင်အခါမှာတဲ့ အဲဒီ ဝိစိကိစ္ဆာ သဘောတွေ မိမိသန္တာန်မှာ ရောက်လာပြီးတော့ ဝိစိကိစ္ဆာရဲ့နောက်ကိုအစဉ်လျှောက်ပြီးလိုက်နေရင် ထိုဝိစိကိစ္ဆာမှ လွန်မြောက်ရာကို မသိဘူးဆိုရင် မိမိရဲ့ အကျိုးစီးပွား၊ သူတပါးရဲ့ အကျိုးစီးပွား၊ မိမိ, သူတပါး ၂-ဦးသားတို့ရဲ့ အကျိုးစီးပွားကို မသိနိုင်တော့ဘူးတဲ့။

ရှည်မြင့်စွာသော ကာလပတ်လုံး ဗေဒင်ရွတ်အံသရဇ္ဈာယ်မှုကို ပြုပေမဲ့ ဝိစိကိစ္ဆာ မကင်းသည်ဖြစ်သောကြောင့် ဉာဏ်ထဲမှာ ဗေဒင်အတတ်တွေဟာ မထင်ရှားတော့ဘူး၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဒီအတိုင်းဘဲနော်၊ ရှည်မြင့်စွာသော ကာလပတ်လုံး တရားအားထုတ်ထားပေမဲ့ ဝိစိကိစ္ဆာ မကင်းသည် ဖြစ်ပါသောကြောင့် ဝိပဿနာအာရုံတွေဟာ ဉာဏ်မှာမထင်ရှားတော့ဘူးတဲ့၊ အဲဒါကြောင့် ဝိစိကိစ္ဆာကို ဖယ်ဘို့ ဘယ်လို လုပ်ဖယ်သလဲ။

ဝိစိကိစ္ဆာ မဖြစ်ခြင်းအကြောင်း

“အတ္ထိ ဘိက္ခဝေ ကုသလာကုသလာ ဓမ္မာ
သေဝိတဗ္ဗာ သေဝိတဗ္ဗာ ဓမ္မာ ဟီနာ ပဏီတာ

http://www.dhammadownload.com

ဓမ္မာ ကဏှာသုက္က သပ္ပဋိဘာဂါ ဓမ္မာ၊ တတ္ထ ယောနိ
သောမနသိကာရ ဗဟုလီကာရော အယမာဟာရော
အနုပ္ပန္နာယဝါ ဝိစိကိစ္ဆာယ အနုပ္ပါဒါယ အနုပ္ပန္နာ-
ယဝါ ဝိစိကိစ္ဆာယ ပဟာနာယ''။

အဓိပ္ပါယ်ကတော့ ကုသိုလ်,အကုသိုလ် အပြစ်ကြီး,အပြစ်ငယ် မှိုဲသင့်, မမှိုဲသင့်ဆိုတဲ့ သဘောကို အဖန်တလဲလဲ နှလုံးသွင်းပေးမယ်ဆိုရင်တဲ့ မဖြစ်သေးတဲ့ ဝိစိကိစ္ဆာတွေလဲ မဖြစ်တော့ဘူး၊ ဖြစ်ပြီးတဲ့ ဝိစိကိစ္ဆာတွေလဲ ပယ်ပြီးသားဖြစ်ပါတယ်၊ အဲဒီ ဝိစိကိစ္ဆာမှလွန်မြောက်ခြင်းဆိုတာက ဘယ်သူလဲ၊ ဝိစိကိစ္ဆာမှ လွန်မြောက်တယ် ဆိုတာက အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဓမ္မဝဝတ္ထာနဉာဏ်လို့ခေါ်တဲ့ ဝိညာဏ်,နာမ်,ရုပ်ကို ပိုင်းခြားပြီးတော့ သိတဲ့ အသိဉာဏ်ကိုရရင် ဝိစိကိစ္ဆာကို ပယ်နိုင်တယ်၊ ဝိက္ခမ္ဘနနိယာမရဏာပေါ့၊ သမုစ္ဆေဒနိယာမရဏာကတော့ သောတာပတ္တိမဂ်ဉာဏ်ကိုရမှ ဒီဝိစိကိစ္ဆာကို ပယ်နိုင်တယ်။

အဲဒါကို ဟုတ်တိုင်းမှန်စွာ မသိရင်ဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို ပြုပေမဲ့ ဉာဏ်ထဲမှာ ဒီဗေဒင်အတတ်ပညာတွေ, ဝိပဿနာ ဉာဏ်ပညာတွေဟာ မထင်ရှားတော့ဘူး၊ ဓမ္မဝဝတ္ထာနဉာဏ်ကိုမှ မရရင် ရှည်မြင့်စွာသောကာလပတ်လုံး တရားအားထုတ်ပေမဲ့ ဉာဏ်ထဲမှာ ဝိပဿနာအာရုံတွေ မထင်ရှားနိုင်ဘူး၊ ဒီလိုဆိုလိုတယ်။

အဲဒါကြောင့် ဓမ္မဝဝတ္ထာနဉာဏ်ကို ရအိုရန်အတွက် ဝိညာဏ်,နာမ်, ရုပ်တို့ရဲ့ သဘာဝလက္ခဏာတွေနဲ့ နောက်ည,နောက်ညတွေက ပိုင်ပိုင်နိုင်နိုင်ခွဲပြီးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ပြခဲ့ပြီးပြီ၊ ဝိစိကိစ္ဆာကိုပယ်နိုင်ဘို့အတွက် အဲဒီဝိစိကိစ္ဆာရှိနေရင် ဉာဏ်ထဲမှာ မထင်ရှားဘူးဆိုတာ သက်သေ ဘယ်လိုပြသလဲလို့ဆိုတော့—

''သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အာဝိလော
လုဠိတော ကလလီဘူတော အန္ဓကာရေ နိက္ခိတ္တော၊
တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခ

http://www.dhammadownload.com

မာနေဝ ယထာဘူတံ နဇာနေယျ နပဿေယျ။ ဧဝ· မေဝခေါ ဗြာဟ္မဏ (ပ) ယေနေကဒါ ဒီဃရတ္တံ-သဇ္ဈာယကတာပိ မန္တာ နပ္ပဋိဘန္တိ။ ပဂေဝ အသဇ္ဈာယကတာ။

ဗြာဟ္မဏ၊သင်္ဂါရဝ နာမထင်ရှားအိုပုဏ္ဏား၊ သေယျထာပိ-နာမ၊ လောကတန္တ၊ ပုံစံပြု၍ ဝိစိကိစ္ဆာဆိုတဲ့ အကြောင်းကို ဥပမာပြမယ်ဆိုရင်ဖြင့်။ ဥဒပတ္တော၊ ရေခွက်သည်။ အာဝိလော၊ မကြည်လင်သည်။လုဠိတော၊နောက်ကျုသည်။ကလလီဘူတော၊ ရွှံ့ညွန်သဖွယ်ဖြစ်၍ နေသည်။ အန္ဓကာရေ၊ အမိုက်မှောင်ထဲ၌။ နိက္ခိတ္တော၊ ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုရွှံ့နှစ်တွေ ဖြစ်နေတဲ့ ရေခွက်၌။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ အမျိုးကောင်းသားသည်၊ သကံမုခနိမိတ္တံ၊ မိမိရဲ့ မျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ရှုမယ်ဆိုရင်ဖြင့်။ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ နပဿေယျ၊ မသိ- မမြင်နိုင်ရာ။

အဲဒီရေခွက်က ဘယ်လိုဖြစ်နေသလဲ နောက်နေတယ် ဟုတ်လား၊ မကြည်လင်ဘူး နောက်ပြီးတော့ ရွှံ့နှစ်တွေလို ဖြစ်နေတဲ့ ရေခွက်ထဲ ကိုယ့်မျက်နှာခုံ့ပြီး ကြည့်ရင် မြင်မလား မမြင်ဘူးလား၊ အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေ (မမြင်ပါဘုရား)။

ဝိစိကိစ္ဆာဟာ အဲဒါနဲ့တူတယ်တဲ့၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှား ဝိစိကိစ္ဆာရှုလို့ ဖြစ်မလား၊ မဖြစ်ဘူးလား၊ (မဖြစ်ပါဘုရား)၊ မဖြစ်ဘူး၊ အဲဒီ ဝိစိကိစ္ဆာဟာ ရွှံ့နှစ်ကြီးနဲ့ တူနေတဲ့အထဲမှာ—

ဧဝမေဝ၊ ပုံစံနှိုင်းယှ အဲဒီအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါကာလ သမယ၌။ဝိစိကိစ္ဆာပရိယုဋ္ဌိတေန စေတသာ၊ ဝိစိကိစ္ဆာသည် သိမ်းကျုံးယူအပ်သောစိတ်ဖြင့်။ ဝိစိကိစ္ဆာပရေ-တေန စေတသာ၊ ဝိစိကိစ္ဆာသို့ အစဉ်လိုက်သော စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ တသ္မိံ သမယေ၊ ထိုအခါကာလ သမယ၌။ အတ္တတ္ထမ္ပိ၊မိမိရဲ့အကျိုးစီးပွားကိုလည်း။ယထာဘူတံ၊ဟုတ်တိုင်း

http://www.dhammadownload.com

မှန်စွာ။ နဇာနာတိ နပဿတိ၊ မသိမမြင်တော့ဘူး။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သဇ္ဈာယကတာပိ၊ သရဇ္ဈာယ်ခြင်းအမှုကို ပြုပါပမဲ့။ မန္တာ၊ဗေဒင်ဆိုတဲ့ အတတ်တို့သည်။နပ္ပဋိဘန္တိ၊ မထင်ရှားတော့ဘူး။အသဇ္ဈာယကတာ၊ သရဇ္ဈာယ်ခြင်း အမှုကိုမပြုပါမူကား။ပဂေဝ၊အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။

ငါးခုပြီးသွားပြီ

ဒါ ဝိစိကိစ္ဆာဆိုတော့ ငါးခုပြီးသွားပြီ၊ကာမစ္ဆန္ဒ,ဗျာပါဒ,ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ ငါးမျိုးပါဘဲ၊ ဥပမာက ရေခွက်ထဲမှာ မဲနယ်တွေဆိုးထားရင် ကိုယ့်မျက်နှာမြင်ဦးမလား၊ (မမြင်ပါဘုရား)။

အကြင်အခါ ကာမရာဂစိတ်တွေ သောင်းကျန်းနေရင် ဝိပဿနာ ဉာဏ်တွေ ထင်ရှားလာပါဦးမလား၊ (မထင်ရှားပါဘုရား)။ မှတ်ထား နော်။

ရေခွက်ထဲမှာ အောက်က မီးထိုးထားလို့ မီးပူလို့ ရေခွက်က ပွက် ပွက်,ပွက်ပွက်ဆူနေရင် မိမိရဲ့မျက်နှာရိပ်ကိုမြင်ပါဦးမလား၊ (မမြင်ပါ ဘုရား)။

အကြင်အခါ ဒေါသတွေ လွှမ်းမိုးပြီးတော့ ဆူပွက်နေရင် ဝိပဿနာ ဉာဏ်တွေ မိမိအသိဉာဏ်မှာ ထင်ရှားပါဦးမလား(မထင်ရှားပါဘုရား။)

အဲဒီတော့ ဒီလောက်တွင် အမျိုးကောင်းသားတွေ, အမျိုးကောင်း သမီးတွေသိပြီး ဝိပဿနာ ရှုချင်တဲ့ပုဂ္ဂိုလ်များက ဒါတွေကို ဖယ်ပစ်ရ မယ်ဆိုတာ ရေခွက်ထဲမှာ မှော်တွေ,ရေညှိတွေ ဖုံးလွှမ်းနေရင် မိမိမျက် နှာရိပ်ကို ဒီရေခွက်ထဲ မြင်ရပါဦးမလား၊ (မမြင်ရပါဘုရား)။

အကြင်အခါမှာ ထိနမိဒ္ဓဆိုတဲ့ အိပ်ချင်ငိုက်မျည်းချင်တာတွေ ရှိ နေရင် ဝိပဿနာဆိုတဲ့ အာရုံတွေ ဉာဏ်ထဲမှာ ထင်ရှားပါဦးမလား၊ (မထင်ရှားပါဘုရား)။

ရေခွက်ထဲမှာ လေတိုက်လို့ လှုပ်နေရင် လှိုင်းတွေထနေရင် မိမိ မျက်နှာရိပ်ကို မြင်ရပါဦးတော့မလား၊ (မမြင်ရပါဘုရား)။

အကြင်အခါ ဥဒ္ဓစ္စကုက္ကုစ္စဆိုတဲ့ ပျံ့လွင့်မှုတွေ တုန်လှုပ်ပြီး ချောက် ချားမှုတွေ မိမိစိတ်မှာရှိနေရင် ထိုပုဂ္ဂိုလ်ရဲ့ဉာဏ်မှာ ဝိပဿနာအာရုံတွေ ထင်ရှားပါဦးတော့မလား၊ (မထင်ရှားပါဘုရား)။

http://www.dhammadownload.com

ဘယ်လို အားထုတ်အားထုတ် မထင်ရှားတော့ဘူး၊ စာကော ရပါဦးမလား၊ စာကျက်လို့ မရတော့ဘူး၊ ရေခွက်ထဲမှာ ရွှံ့နှစ်တွေလို ဖြစ်ပြီးတော့ နောက်နေရင် မှောင်ထဲမှာထားရင် ဒီရေခွက်ထဲ မိမိမျက်နှာရိပ်ကို မြင်ရပါဦးတော့မလား၊ (မမြင်ရပါဘုရား)။

အကြင်အခါမှာ အာရုံကိုမဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာတွေ ဖြစ်ပေါ်နေရင် ဝိပဿနာ အာရုံတွေဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ ထင်ရှားပါဦးတော့မလား၊ (မထင်ရှားပါဘုရား)။

အဲဒါဖြင့် ကာမစ္ဆန္ဒ, ဗျာပါဒ,ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ ဆိုတဲ့ နီဝရဏငါးမျိုး ဝင်လာရင် လက်ခံထားရမလား ပယ်ပစ်ရမလား၊ (ပယ်ပစ်ရမှာပါဘုရား)။

အဲဒါကြောင့် အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ပယ်ပစ်ပြီးတော့ အဲဒီ အကြောင်း ၅-မျိုးကြောင့် ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို ပြုပေမဲ့ ဗေဒင်ပညာတွေဟာ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူး၊ မြတ်စွာဘုရားက ဒီလိုမိန့်တယ်။

ဗျတိရေကပြန်လိုက်တော့

မထင်မမြင်ပုံ ပြီးသွားပြီ၊ဘာ့ကြောင့် မထင်မမြင်သလဲဆိုတဲ့ အချက်ကို ဗျတိရေကသဘောနဲ့ ပြန်လိုက်တော့ တခါတလေ ဗေဒင်ကို မသရဇ္ဈာယ်ဘဲနဲ့ ဉာဏ်ထဲမှာ ဗေဒင်တွေထင်လာတယ်၊ အဲဒါ ဘာ့ကြောင့်လဲလို့ လျှောက်ပုံက—

"ကော ပန ဘော ဂေါတမ ဟေတု ကော-
ပစ္စယော ယေနေကဒါ ဒီဃရတ္တံ အသဇ္ဈာယ-
ကတာပိ မန္တာ ပဋိဘန္တိ ပဂေဝ သဇ္ဈာယကတာ"။

ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ယေနေကဒါ၊ အကြင်တရံတခါ၌။ ဒီဃရတ္တံ၊ရှည်မြင့်စွာသော ကာလပတ်လုံး။ အသဇ္ဈာယကတာပိ၊သရဇ္ဈာယ်ခြင်းအမှုကို မပြုပေမဲ့။ မန္တာ၊ဗေဒင်အတတ်တို့သည်။ ပဋိဘန္တိ၊ဉာဏ်ထဲမှာ ထင်ရှားလာကြပါတယ်။ သဇ္ဈာယကတာ၊သရဇ္ဈာယ်ခြင်းကို ပြုမယ်ဆိုရင်ဖြင့်။ ပဂေဝ၊ အဘယ်

http://www.dhammadownload.com

ပြောဘွယ်ရာရှိတော့မလဲ။ ဇာဒိ၊ဤကဲ့သို့ ရှည်မြင့်စွာသော ကာလပတ်လုံး မရွတ်အံ့, မသရဇ္ဈာယ်, မပွားများ, မအားထုတ်ပေမဲ့ ဉာဏ်ထဲမှာ အတတ်ပညာတွေ ထင်ရှား၍ လာခြင်းသည်။ ကောပန ဟေတု ကောပစ္စယော၊အဘယ်အကြောင်း အဘယ်အထောက်အပံ့ကြောင့်ပါလဲတဲ့။

ကာမရာဂမရှိတဲ့အခါ ထင်မြင်

ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ပြန်ဖြေတယ်၊ အကြင်အခါမှာ ကာမရာဂသောင်းကျန်းတဲ့စိတ်မရှိဘူး၊ အဲသလို ကာမရာဂတွေသောင်းကျန်းတဲ့ စိတ်မရှိတဲ့အခါကာလမှာ မသရဇ္ဈာယ်ပေမဲ့၊မရွတ်အံ့ပေမဲ့ အတတ်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ရှားတယ်၊ ဥပမာ-ရေခွက်ထဲမှာ မဲနယ်တွေ ဆိုးမထားဘူးဆိုရင် ဒီရေခွက်ထဲမှာ မျက်နှာရိပ်ကို မြင်ရသလို၊ ဟုတ်လား၊ ကာမဂုဏ်စိတ်တွေမရှိရင် ဝိပဿနာဉာဏ်တွေ ဝိပဿနာအာရုံတွေ ဉာဏ်ထဲမှာ ထင်ရှားမယ်။

ဒေါသမဖြစ်တဲ့အခါထင်မြင်

စကားပြောဘဲပြောကြပါစို့ရဲ၊ သိပ်ပြီးပါဠိတွေရွတ်နေရင်ကြာနေမယ်၊ ပါဠိကတော့ ဒါဘဲ သိတ်မထူးပါဘူး၊ အကြင်အခါမှာ ဒေါသတွေမဖြစ်ရင် ဒေါသနောက်ကို စိတ်ကအစဉ်လျှောက်ပြီးတော့မလိုက်ရင် ရှည်မြင့်စွာသောကာလပတ်လုံး ရွတ်အံ့သရဇ္ဈာယ်ခြင်းအမှုကိုမပြုပေမဲ့ အတတ်ပညာတွေဟာ မိမိဉာဏ်ထဲမှာ ထင်ရှားနေမယ်။

ဥပမာ–ရေခွက်ဟာ ဆူမနေဘူးဆိုရင် အခိုးတွေထမနေဘူးဆိုရင် ထိုရေခွက်ထဲမှာ မိမိမျက်နှာရိပ်ကို မြင်ရသလို၊ ဒေါသတွေ မထွက်ဘူးလို့ ဆိုခဲ့လို့ရှိရင်ဖြင့် မိမိရဲ့ဝိပဿနာ အာရုံတွေဟာ ဉာဏ်ထဲမှာ ထင်ရှားမယ်။

ထိနမိဒ္ဓကင်းနေတဲ့အခါ ထင်မြင်

အကြင်အခါ ထိနမိဒ္ဓဆိုတဲ့ သဘောတရားတွေ ကင်းနေမယ်၊ အဲသသလို ထိနမိဒ္ဓတွေ ကင်းနေတဲ့အခါမှာ ရှည်မြင့်စွာသော ကာလပတ်လုံး မရွက်အံ့ မသရဇ္ဈာယ်ပေမဲ့ အတတ်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်

http://www.dhammadownload.com

ရှားမယ်, မိမိအကျိုးစီးပွား,သူတပါးအကျိုးစီးပွားတွေဟာ ဉာဏ်ထဲမှာထင်ရှားမယ်။

ဥပမာ–ဘယ်လိုလဲ ရေခွက်ထဲမှာ ပေါ်ခတွေ ရေညှိတွေ မရှိဘူးဆိုရင်၊ ထိုရေခွက်၌ မိမိရဲ့မျက်နှာရိပ်ကို ထင်ရှားစွာ မြင်ရသလို မိမိရဲ့ခန္ဓာမှာ မိမိရဲ့ဉာဏ်မှာ ထိနမိဒ္ဓတရားတွေ ကင်းနေမယ်ဆိုရင်ဖြင့် ရှည်မြင့်စွာသောကာလပတ်လုံး မရွတ်အံ မသရဇ္ဈာယ် မပွားများပေမဲ့ ဝိပဿနာဉာဏ်တွေ အတတ်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ရှားမယ်။

ဥဒ္ဓစ္စကုက္ကုစ္စမရှိတဲ့အခါထင်မြင်

အကြင်အခါမှာ ဥဒ္ဓစ္စ ကုက္ကုစ္စလို့ခေါ်တဲ့စိတ်ပြန့်လွင့်မှုတွေ ပူပန်ချောက်ချားမှုတွေ မရှိဘူးဆိုရင် မိမိရဲ့ဉာဏ်ထဲမှာ ရှည်မြင့်စွာသောကာလပတ်လုံး ဗေဒင်တွေ ဝိပဿနာတရားတွေ အားမထုတ်ပေမဲ့ မသရဇ္ဈာယ်ပေမဲ့ ဉာဏ်ထဲမှာ ထင်ရှားမယ်၊ မိမိအကျိုးစီးပွား၊ သူတပါးရဲ့အကျိုးစီးပွား၊မိမိ,သူတပါး၊ ၂-ဦးသားတို့ရဲ့ အကျိုးစီးပွားတွေ ထင်ရှားမယ်။

ဘယ်လိုလဲ-သက်သေပြတာ ရေခွက်က မလှုပ်ဘူး လေမတိုက်ဘူး လှိုင်းမထဘူးဆိုရင် မိမိရဲ့ မျက်နှာရိပ်ကို ကြည်ကြည်လင်လင် ပြန်ပြီးတော့ မြင်ရသလို ထို့အတူဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ထဲမှာ ခုနကပြောခဲ့တဲ့ ပြန့်လွင့်မှုတွေ တုန်လှုပ်ချောက်ချားမှုတွေ မရှိဘူးဆိုရင် ဝိပဿနာဉာဏ်တွေ ဗေဒင်အတတ်ပညာတွေဟာ မသရဇ္ဈာယ်ပေမဲ့ ဉာဏ်ထဲမှာ ထင်ရှားမယ်။

ဝိစိကိစ္ဆာကင်းနေတဲ့အခါ ထင်မြင်

အကြင်အခါ ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာတွေ ကင်းနေမယ်၊ထိုအခါ၌ မိမိရဲ့အကျိုးစီးပွား သူတပါးရဲ့အကျိုးစီးပွားတွေ သိမယ်၊ ရှည်မြင့်စွာသော ကာလပတ်လုံး မရွတ်အံ မသရဇ္ဈာယ်ပေမဲ့ ဗေဒင်ပညာတွေဟာ ဉာဏ်ထဲမှာ ထင်ရှားမယ်၊ ဥပမာဘယ်လိုလဲ၊ ရေခွက်က အင်မတန်ကြည်တယ်၊ နောက်ကျိုခြင်းတွေ ကင်းနေတယ်၊ အလင်းရောင်ထဲမှာလဲ ဒီရေခွက်ကို ချထားမယ်ဆိုရင်–

http://www.dhammadownload.com

တဗ္ဗ၊ လိုရေခွက်၌။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ သကံ မုခနိမိတ္တံ၊မိမိရဲ့မျက်နှာရိပ်ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဇာနေယျ-ပဿေယျ ယထာ၊ သိနိုင်မြင်နိုင်ရာသကဲ့သို့၊ ဧဝ မေဝ။ ပုံစံနိုင်းယူ အဲဒီအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါကာလ သမယ၌။ဘယ်လိုဖြစ်လဲ-

"န ဝိစိကိစ္ဆာ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ နဝိစိကိစ္ဆာ ပရေတေန ဥပ္ပန္နာယစ ဝိစိကိစ္ဆာယ နိဿရဏံ ယထာဘူတံ ပဇာနာတိ၊ တသ္မိံ သမယေ အတ္တတ္ထမ္ပိ ပရတ္ထမ္ပိ ဥဘယတ္ထမ္ပိ ယထာဘူတံ ဇာနာတိ ပဿတိ၊ဒီဃရတ္တံ အသဇ္ဈာယ ကတာပိ မန္တာ ပဋိဘန္တိ"၊ (ပါဠိတော်မှာ–)

အကြင်အခါ ဝိစိကိစ္ဆာတွေ ကင်းနေတယ် ဆိုလို့ရှိရင် ဝိစိကိစ္ဆာနောက်ကို စိတ်ကအစဉ်လျှောက်ပြီးတော့ မလိုက်ရင် ဝိစိကိစ္ဆာ ဖြစ်ပေါ်လာတာကို ပယ်နိုင်အောင် ဓမ္မဝိစယနညာဏ်တွေ ရနေတယ်၊ ဝိစိကိစ္ဆာကင်းရင် မိမိရဲ့ အကျိုးစီးပွား၊ သူတပါးရဲ့ အကျိုးစီးပွား၊ မိမိသူတပါး ၂-ဦးသားတို့၏ အကျိုးစီးပွားကို သိနိုင်မယ်၊ ရှည်မြင့်စွာသော ကာလပတ်လုံး မရွတ်အံ မသရဇ္ဈာယ် မပွားများ မအားထုတ်ပေမဲ့ ဗေဒင်ဆိုတဲ့ အတတ်ပညာတွေ, စာပေဆိုတဲ့အတတ်ပညာတွေ, ဝိပဿနာအာရုံခေါ်တဲ့ နှတရားတွေဟာ မိမိညာဏ်မှာလာပြီးတော့ ထင်ရှားမယ်၊ သက်သေဘယ်လိုပြလဲ။

ရေခွက်က အင်မတန်ကြည်နေရင် အနောက်အကျိုကင်းနေရင် အင်မတန်ကြည်လင်နေရင် အလင်းရောင်ထဲမှာ ဒီရေခွက်ကိုချထားရင် အဲဒီရေခွက်ထဲမှာ မိမိရဲ့မျက်နှာရိပ်ကို ဟုတ်တိုင်း မှန်စွာ မြင်ရသလို အဲဒီလိုဘဲ ဝိစိကိစ္ဆာ ကင်းနေရင်ဖြင့် မိမိရဲ့ညာဏ်ထဲမှာ ဝိပဿနာအာရုံတွေဟာ ထင်ထင်ရှားရှား ဖြစ်ပေါ်၍ ဇွလာပါလိမ့်မယ်၊ အဲဒီတော့ ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို မပြုပေမဲ့ ဗေဒင်အတတ်ပညာတွေ ဝိပဿနာညာဏ်တွေဟာ ညာဏ်ထဲမှာထင်ရှားလာတာဟာ ဘာကြောင့်လဲလို့ဆိုတော့ ကာမစ္ဆန္ဒဗျာပါဒ ထိနမိဒ္ဓဥဒ္ဓစ္စ

http://www.dhammadownload.com

ကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ အဲဒီအကုသိုလ် အညစ်အကြေး တရားငါး ခုကင်းတဲ့အတွက် မိမိရဲ့ ဉာဏ်ထဲမှာ ထင်ထင်ရှားရှား တွေ့ရပါတယ် လို့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဤကဲ့သို့ ဟောကြားတော်မူ ပြီးတော့ ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားကို ဆက်လက်ပြီးတော့ ဟောကြားတော်မူပါတယ်။

ဟိုဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားကို ဆက်လက်ပြီး ဟောတော် မူပုံကိုတော့ဖြင့် ၉-နာရီကလဲ ခွဲပြီဖြစ်သောကြောင့် နက်ဖြန်ကာညမှ ဟောကြပါစို့ရဲ့။

(သာဓု—သာဓု—သာဓု)

သဂ်ါရဝသုတ္တန် တရားတော်

ဒုတိယပိုင်း ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသ၏

ပဋ္ဌမည အလုပ်ပေးတရား

နှင့်

သင်္ဂါရဝသုတ္တန်တရားတော်တတိယပိုင်း

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၅)

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော်ဦးအရှင်ဝဏ္ဏိသာရ မထေရ်မြတ်သည် ၁၃၂၈-ခု၊ နတ်တော် လဆန်း ၁၅-ရက် (၂၇-၁၂-၆၆) အင်္ဂါနေ့ညအချိန် ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် ပဋ္ဌမညအလုပ်ပေးတရားနှင့် မဟာဝဂ္ဂသံယုတ် ပါဠိတော် သာကစ္စဝဂ်၌ လာရှိသော " သင်္ဂါရဝသုတ္တန်တရားတော် " တတိယပိုင်းကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

ပဌမညအလုပ်ပေးတရားတော်

ကိုယ်ခန္ဓာကိုပြုပြင်ထားပါ

ဓမ္မာရုံအတွင်း၌ စည်းဝေးရောက်လာကြကုန်သော အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းကြီးတို့ ညစဉ်ညတိုင်း ဝိပဿနာလုပ်ငန်း အလုပ်ပေးသင်တန်းကို ပြခဲ့တဲ့နေရာမှာ ခန္ဓာကိုယ် ပြုပြင်ရေးဖြစ်တဲ့ အောက်ပိုင်းခန္ဓာကိုယ် ပြုပြင်ရေးကို ပြုပြင်ပါ၊ အဲသလို အောက်ပိုင်းခန္ဓာကိုယ် ပြုပြင်ရေးကို ပြုပြင်ပြီးတဲ့အခါ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ပြုပြင်ပုံပြုပြင်နည်းကို သင်ပြပေးထားတဲ့အတိုင်း အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ် ပြုပြင်ပုံကို ပြုပြင်ပြီးတော့ထိုင်ပါ၊ လက်ကိုပြုပြင်ထိန်းသိမ်းထားပုံ, ဦးခေါင်းကိုပြုပြင်ထိန်းသိမ်းထားပုံ, မျက်လုံးကို ပြုပြင် ထိန်းသိမ်းထားပုံတွေကို ညစဉ်ညတိုင်း ဘုန်းကြီးများ ညွှန်ပေးထားတဲ့အတိုင်း ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် ထားပြီးတော့ မျက်လုံး မျက်လွှာကလေးကိုအောက်ကိုချထားပြီးတော့ ဣန္ဒြေရုံရနဲ့ တည်တည်ဖြောင့်ဖြောင့် ခန္ဓာကိုယ်ကို မတ်မတ်ကလေး မလှုပ်ဘဲနဲ့ လေငြိမ်ရာ အရပ်မှာ ညှိထွန်းပြီးထားတဲ့ ဆီမီးတိုင်ကဲ့သို့ တည်ငြိမ်သော ခန္ဓာကိုယ်ကလေးကို ပြုပြင်ထားပါ။

စိတ်ကိုဧမြမြဖြစ်အောင်ထားပါ

အဲသလို ခန္ဓာကိုယ်ကို ပြုပြင်ထားပြီးတော့ မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာရှိတဲ့စိတ်ကို ဧမြမြကလေးထားပါ။

"အဇ္ဈတ္တံ ဝူပသန္တစိတ္တော"။ ။အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်းသောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

ငြိမ်းသော စိတ်ရှိသည်ဖြစ်၍ ဆိုတာ ဘယ်လိုလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ရှေးက တရားအားမထုတ်မိ တရားမနာယူမိ ဤဓမ္မာရုံအတွင်းသို့မရောက်လာမီ ရှေးအဘို့က စိတ်ဆင်းရဲစရာတွေ, စိတ်ညစ်စရာတွေ, စိတ်ဆိုးစရာတွေ, ပူပန်စရာတွေ, ကြောင့်ကြစရာ တောင့်တစရာတွေ မိမိရဲ့ပကတိဖြူစင်သောစိတ်ကို ညစ်

http://www.dhammadownload.com

နှမ်းစေတတ်တဲ့ စိတ်မျိုးတွေကို မဝင်မလာရအောင် မတွေးမတော မကြံမစည်ဘဲနေရမယ်။

ခေတ္တ–လောကကိစ္စ အဝဝတွေ, လုပ်ရော ကိုင်စရာ ရှိသမျှတွေကို အနားယူနေတယ် ဆိုတဲ့ အနေမျိုးအားဖြင့် လောကီကိစ္စ အဝဝတွေကို ကိုယ့်စိတ်ထဲမှာ တခုမှ မထားဘဲနဲ့ စိတ်ဖြင့် စိတ်ကိုဖိနှိပ်ထားပြီးတော့ နှင်ထုတ်ထားရမယ်၊ ဒါသလို နှင်ထုတ်ပြီးတော့ စိတ်ကိုငြေမြေလေး ထား၊ ဘာကိုမှမတွေးနဲ့၊ ဘာမှမကြံစည်နဲ့၊ ဘာမှမစဉ်းစားနဲ့၊ စိတ်ကို လွတ်လွတ်လပ်လပ် ငြေမြ သက်သက်သာသာလေး ထားပါ။

ရုပသန္တစိတ္တ-ငြိမ်းတဲ့စိတ်, ဥဒဂ္ဂစိတ္တ- တက်ကြွတဲ့ စိတ်ကလေးနဲ့ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်ဘုရားရဲ့ သာသနာတော်ဆိုတာ နားထဲကြားဘို့တောင် အင်မတန်ခဲက်လှပါတယ်၊ ယခုသာသနာတော်ကို နဖူးတွေ့,ဒူးတွေ့ အဟုတ်ကိုတွေ့နေရသည်ဖြစ်သောကြောင့် ဘုန်းတော် သခင် သဗ္ဗညုရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ၄၅-ဝါ ကာလ တိုင်တိုင် ကောင်းစွာဖေါ်ညွှန် ပြထားတော်မူတဲ့ ရုပ်, နာမ်, ပရမတ္ထ တရားတွေကို ကြိုးကြိုးစားစားနဲ့ အားထုတ်ပြပေတယ်လို့ အရတော် ပေစွ အရတော်ပေစွ၊ တသံသရာလုံးက ပသိခဲ့ရတဲ့ မတွေ့ခဲ့ရ, မကြုံခဲ့ ရတဲ့တရားတော်နဲ့ ယခုမှလာတွေ့ရကြုံရပေတယ်လို့ စိတ်ကိုဝမ်းမြောက် ဝမ်းသာ ဟက်တက်ကြွကြွနှင့် သမ္ပဟံသနစိတ္တ-ရွှင်ပျတဲ့စိတ်ကလေးနဲ့ မျက်နှာကို ကြည်ကြည်လင်လင်ကလေး မျက်နှာရိပ်မှာကိုဘဲ မျက်နှာ ပေါ်မှာကိုဘဲ မကြည်လင်တဲ့စိတ်ဓာတ်မျိုး မဖုံးလွှမ်းဘဲနဲ့ ကြည်လင် ရွှင်ပျတဲ့ စိတ်ဓာတ်မျိုးနဲ့ ဖုံးလွှမ်းနေတဲ့ မျက်နှာကလေး ဖြစ်နေပါစေ။

ဆီး,နှင်း,မြူ,တိမ်,သူရိန်,မီးခိုးမှ ကင်းစင်တဲ့ လကဲ့သို့ ရွှင်ပျသော မျက်နှာအနေ အထားကလေးနဲ့ တည်တည်ငြိမ်ငြိမ် စိတ်ကို ငြေမြ ကလေးထားပါ၊ ပြီးတော့ ဘုန်းကြီးတို့ ပေးထားချက်ဖြစ်တဲ့ရှုပုံရှုနည်း တခု ရှိပါတယ်၊ အဲဒီ ရှုပုံရှုနည်းကဘာတဲ့လဲ။

အာရုံတခုကိုသတိနဲ့ထင်အောင်ရှု

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"။ ။ပါဠိတော်မှာ လာတဲ့အတိုင်း "နာသိကဂ္ဂေဝါ မုခနိမိတ္တေဝါ" နှာခေါင်းပေါက်, ပါးစပ်ပေါက် ဆီကို ထွက်လေဝင်လေကိုလုပ်တော့မယ်ဆိုတော့ နှာခေါင်းပေါက်နဲ့ ထွက်

http://www.dhammadownload.com

လေ ဝင်လေဖြစ်နေရင်လဲ နှာခေါင်းပေါက်ကို, ပါးစပ်ပေါက်နဲ့ ထွက်လေ ဝင်လေ ဖြစ်နေရင်လဲ ပါးစပ်ပေါက်ကို မှန်းပြီးတော့ နှာခေါင်းပေါက်ကို သတိနဲ့ထင်ရှားစေပြီး ကပ်၍ရှုထား၊ အဲသလို နှာခေါင်းပေါက်ကို ထင်ထင်ရှားရှား သတိနဲ့ကပ်ထားပြီးတော့ အာရုံ၌ ကပ်၍ ထင်ရှားခြင်းကိစ္စနဲ့ သတိနဲ့ပြုလုပ်ပေးပြီးတဲ့အခါ နှာခေါင်းပေါက်ထဲကို အသက်ရှုတဲ့ရှိုက်တဲ့အခါမှာ ထွက်တဲ့လေ,ဝင်တဲ့ လေတို့ရဲ့ ထွက်ပုံဝင်ပုံ တည်းဟူသော အာရုံတခုကို သတိနဲ့ထင်ရှားအောင် ရှေးရှုပါ။

ဤထွက်လေဝင်လေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိပြီးတဲ့အခါမှာ ထွက်လေရဲ့ တွန်းကန်တဲ့သဘော, ဝင်တဲ့လေရဲ့ တွန်းကန်တဲ့သဘောကို တဖြေးဖြေး သတိနဲ့ ထင်ရှားလာတဲ့အချိန်မှာ ဝိညာဏ်ဆိုတဲ့ သဘောကထွက်လေဝင်လေနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိမယ်၊ သိတဲ့သဘောဟာ ဝိညာဏ်။

ထွက်လေဝင်လေနဲ့တိုးတဲ့သဘော, တွန်းကန်တဲ့သဘော နှာခေါင်းပေါက်တို့နဲ့ တခြားစီပါလားလို့ ပိုင်းခြားပေးနေတဲ့ ပညာခေါ်တဲ့ နာမ်တရားနဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော တည်းဟူသော အာရုံမှာ ကပ်ပြီးတော့ ထင်ရှားပြီး ညွတ်နေတယ်ဆိုတဲ့, သတိဆိုတဲ့ နာမ်တရားကိုနဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်တရားနဲ့ ပေါင်းလိုက်တော့—

(၁) သိတဲ့သဘောက-ဝိညာဏ်၊
(၂) ပိုင်းခြားပေးတယ်ဆိုတဲ့သဘောက-နာမ်၊
(၃) တိုးတဲ့သဘော, တွန်းတဲ့သဘောက-ရုပ်၊

အဲဒီ ဝိညာဏ်,နာမ်,ရုပ် တနည်း-စိတ်,စေတသိက်,ရုပ်ဆိုတဲ့ သစ္စာပရမတ်တရားကို အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ပရမတ်ပညတ်ခွဲပုံ, ဝိဇ္ဇာအဝိဇ္ဇာခွဲပုံ, သမ္မာဒိဋ္ဌိမိစ္ဆာဒိဋ္ဌိခွဲပုံ, အတ္တအနတ္တခွဲပုံ, အတ္တ, အတ္တသညာ, အနတ္တကွဲပြားပုံ, သက္ကာယမှာ ဒိဋ္ဌိကွာပုံ, သဿတဒိဋ္ဌိကွာပုံ, ဥစ္ဆေဒဒိဋ္ဌိကွာပုံ, အဟေတုကဒိဋ္ဌိကွာပုံ, တွေ ဘုန်းကြီးတို့ ဒီအာရုံကလေး စင်စင်ကြယ်ကြယ် ရဘို့အတွက် နောက်ညနောက်ညတွေက အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို သင်တန်းပေးခဲ့ပြီးပြီ။

http://www.dhammadownload.com

အဲဒီသင်တန်းပေးပြီးသားဖြစ်တဲ့ စင်စင်ကြယ်ကြယ် သန့်သန့် ရှင်းရှင်းဖြစ်နေတဲ့ ဝိညာဏ်,နာမ်,ရုပ်လို့ ခေါ်တဲ့ သဝ်တပရမတ်အာရုံဆိုတဲ့ ကြည့်စရာကလေးကို ဘာနဲ့ကြည့်ရမလဲဆိုတော့ ဝိပဿနာ ပညာခေါ်တဲ့ ဉာဏ်မျက်လုံးနဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရှုဘို့လို့ဆိုပြီးတော့ ပြထားတယ်။

အကွဲရာဆားနဲ့စားတဲ့ဆားဆင်တူသလို

ဘုန်းကြီးတို့ သင်တန်းပေးတဲ့နေရာမှာ ကျောက်သင်ပုန်းထဲမှာရေးပြတဲ့သင်တန်းပေးနည်းကတော့ ဆားဆိုတဲ့အရာဝတ္ထုကို ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက်ဆားလို့ ရေးထားမယ်၊ အဲဒီကျောက်သင်ပုန်းထဲမှာ ရေးထားတဲ့ ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက်ဆားသည် ဆားဘဲ၊အကွဲရာဆား။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နေ့စဉ် နေ့တိုင်း သုံးပြီးတော့နေတဲ့ ဆားပွင့်ကလေးတွေကိုလဲဘဲ အဲဒီကျောက်သင်ပုန်းထဲမှာရေးပြတဲ့ ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက်ဆားနဲ့ ယှဉ်ကြည့်လိုက် ပန်းကန်လုံးကလေးထဲမှာ ဆားတွေထဲ့ထားပြီးတော့ ပကတိ မျက်စိနဲ့ ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက်ကို ကြည့်လိုက်၊ ပန်းကန်လုံးကလေးမှာထဲ့ထားတဲ့ ဆားပွင့်ကလေးကြည့်လိုက်၊ ဒီဆား ၂-ခုဟာ တခုနဲ့တခု တူသလား မတူဘူးလားလို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ကြည့်ပါ။

အဲဒီဆား ၂-ခု တူသလား မတူဘူးလား၊ (မတူပါဘုရား)။

ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက်ဆားနဲ့ ပန်းကန်လုံး ကလေးမှာရှိတဲ့ ဆားနဲ့ဒီဆား ၂-ခု မတူဘူးလို့ ခွဲပေးတာ ဘယ်သူခွဲပေးသလဲ၊(ပညာကခွဲပေးပါတယ်ဘုရား)။

ဒီသဘောဟာ အမှန်ရှိတယ်နော်၊ (ရှိပါတယ်ဘုရား)။

အဲဒီ ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက်ဆားနဲ့ ပန်းကန်လုံးထဲကဆား မတူဘူးလို့ ပညာကခွဲခြားပေးတော့ ဆလိမ်ရေးချ ဝစ္စနှစ်လုံးပေါက် ဆားကလဲ ဆားမှန်တာဘဲ၊ နောက်ပြီး ပန်းကန်လုံးထဲက ဆားကလဲ

http://www.dhammadownload.com

ဆားတော့မှန်နေတာဘဲ၊ ဒါပေမဲ့ အဲဒီဆား ၂-ခုဟာ တခုနဲ့တခုသေသေချာချာကြည့်တော့ ကွဲကွဲပြားပြားသိတဲ့အခါကျတော့ ဒီဆားတို့ရဲ့မတူပုံကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ ထင်ရှားလာသလား ထင်ရှားမလာဘူးလား၊ (ထင်ရှားလာပါတယ်ဘုရား)။

ဒါဖြင့် အဲသလို ကွဲကွဲပြားပြားဖြစ်နေတဲ့ ဆလိမ်ရေးချ ဝစ္စနှစ်လုံးပေါက်ဆားနဲ့ ပန်းကန်လုံးထဲက ဆားတွေဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ငံရဲ့လား၊ (မငံပါဘုရား)။

ဆလိမ်ရေးချဝစ္စနှစ်လုံးပေါက် ဆားနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မငံသေးဘူး၊ ဆားတော့ မှန်ပါတယ်၊ပြီးတော့ ပန်းကန်လုံးထဲကဆားလဲဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ အရသာမထွက်သေးဘူး၊ မငံသေးဘူး၊ ဆားတော့လဲ မှန်ပါတယ်၊ ဝိညာဏ်, နာမ်, ရုပ်လို့ စာလုံးလေးတွေနဲ့ ရေးထားတဲ့ ဝိညာဏ်, နာမ်, ရုပ်ဟာ ပရိယတ္တိနယ်က မှန်သလား မမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား)။

မှန်တယ် ဒါပ္ပတ်ပစ်လို့ မဖြစ်ဘူး၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကို ညစဉ်ညတိုင်း—

(၁) တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကို သိနေတာဝိညာဏ်,
(၂) တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ နှာခေါင်းပေါက်နဲ့ ပိုင်းခြားပြီး ပေးနေတဲ့ ပညာဆိုတဲ့ တရားက နာမ်,
(၃) တိုးတဲ့သဘော, တွန်းကန်တဲ့သဘောက ရုပ်-

လို့ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း-စိတ်,စေတသိက်,ရုပ်လို့ အဲဒီလို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေရဲ့ အသိဉာဏ်ထဲမှာ ကွဲကွဲပြားပြား သိနေသလား သိမနေဘူးလား၊ (သိနေပါတယ်ဘုရား)။

တရားတလုံးလုံးရဲ့ ကိုယ်ပိုင်လက္ခဏာ

ဝိညာဏ်က သိတဲ့သဘောလက္ခဏာရှိတယ်၊နာမ်က အာရုံကို ညွတ်ခြင်း, ကိုင်းခြင်း, ရှိုင်းခြင်း, ပြုပြင်ပေးခြင်း လက္ခဏာရှိတယ်၊ ပိုင်းခြားပေးတယ်၊ အာရုံကိုထင်ရှားအောင်ပြုလုပ်ပေးတယ်ဆိုတဲ့ အဘိသင်္ခရဏ

http://www.dhammadownload.com

လက္ခဏာရှိတယ်၊ ပညာက ဟုတ်တိုင်းမှန်စွာ မြင်ခြင်းလက္ခဏာရှိတယ်၊ သတိက အာရုံမှာကပ်ပြီးတော့ ထင်ရှားတဲ့ ကိစ္စသဘာဝရှိတယ်၊ ရုပ်က တိုးတဲ့,တွန်းကန်တဲ့လက္ခဏာရှိတယ်၊ အဲဒီလို မိမိသဘောကို မိမိအသီးသီး ဆောင်နေကြသလား ဆောင်မနေကြဘူးလား၊ (ဆောင်နေကြပါတယ်ဘုရား)။

အဲတာကို ဉာတပရိညာလို့ ခေါ်တယ်၊ အဲဒီသတိက အဲဒီ ဉာတပရိညာလို့ခေါ်တဲ့ အသိကလေးတွေဟာ ဘာနဲ့တူသလဲလို့ ဆိုတော့ –

(၁) ဉာတပရိညာခေါ်တဲ့ ဝိညာဏ်ရဲ့သိတဲ့သဘောသည် သဘာဝလက္ခဏာ၊

(၂) နာမ်ခေါ်တဲ့ တရားတွေရဲ့ အဘိသင်္ခရဏ လက္ခဏာသည် သဘာဝလက္ခဏာ

(၃) ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောသည် သဘာဝလက္ခဏာ။

အဲဒီလို တရားတလုံးတလုံးရဲ့ ကိုယ်ပိုင်လက္ခဏာ,ဝိသေသသဘာဝလက္ခဏာတွေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိနေတာက ဘာနဲ့တူသလဲလို့ဆိုတော့ ပန်းကန်လုံး ကလေးထဲမှာ ထဲ့ထားတဲ့ ဆားနဲ့တူတယ်၊ဉာတပရိညာစခန်း၊အဲဒီဉာတပရိညာစခန်းမှာ ပေါ်နေတဲ့ ပန်းကန်လုံးထဲက ဆားနဲ့တူတဲ့ ဝိညာဏ်, နာမ်, ရုပ်နဲ့ ကျောက်သင်ပုန်းထဲမှာ စာအုပ်ထဲမှာ ရေးထားတဲ့ ဝိညာဏ်,နာမ်,ရုပ်လို့ခေါ်တဲ့ ကျောက်သင်ပုန်းမှာ ရေးထားတဲ့ဆားနဲ့ ယှဥ်ကြည့်မယ် ဆိုရင် ဉာတပရိ ညာစခန်းချင်းတူပေမဲ့ သဘာဝချင်းကြတော့ တူသေးသလား မတူဘူးလား၊ (မတူပါဘုရား)။

သဘာဝချင်း မတူလို့မဟုတ်ဘူးလားလို့ဆိုတော့ ဟုတ်တယ်၊မမှန်ဘူးလားလို့ဆိုတော့ မှန်တယ်၊ အဲဒီ ဉာတပရိညာစခန်းကနေပြီးတော့ အနတ္တာနုပဿနာဉာဏ်အတွက် ပြီးခဲ့တဲ့ညက အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဉာတပရိညာစခန်းကို ရှုဘို့ရန်အတွက် မျက်လုံးကလေးတလုံးလုပ်ပေးသလား လုပ်မပေးခဲ့ဘူးလား၊(လုပ်ပေးခဲ့ပါတယ်ဘုရား)။

http://www.dhammadownload.com

သင်္ခါရသဘောတွေကို ထင်အောင်ရှုရမယ်

အနိစ္စ,ဒုက္ခ,ဝိပရိဏာမ ဘယ်နှစ်ချက်လဲ၊ (သုံးချက်ပါဘုရား)။

အဲဒီလက္ခဏာသုံးချက်လျှင် အာရုံရှိတဲ့ ဉာဏ်ခေါ်တဲ့ ပညာတည်း ဟူသောမျက်လုံး,စက္ခုကရဏီ ဉာဏကရဏီလို့ဆိုတဲ့မျက်လုံးကိုပြုလုပ် ပြီးသကာလ ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ပါဠိ တော်နည်းနဲ့ သင်္ခါရတရားတွေရဲ့ ဖြစ်တဲ့သဘော, ကုန်တဲ့ပျောက်တဲ့ သဘော, ပြီးတော့ ဘာတဲ့လဲ တရိပ်ရိပ် ကုန်တဲ့ ပျောက်တဲ့ဘက် ကို ပိုင်းခြားပြောင်းရွှေ့ပြီးတော့နေတဲ့ ဝိပရိဏာမသဘောဆိုတဲ့ တရား တွေကို သင်္ခါရပေါ်မှာတင်ပြီးတော့ ထင်ရှားအောင် ရှုရမယ်၊ ပါဠိ တော်က ဘာပြသလဲဆိုတော့—

> ''ယံ့ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ။ ယံ ဝိညာဏံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ အယံ ဝိညာဏဿ အာဒီနဝေါ။ ဣမေ သင်္ခါရာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ အယံ သင်္ခါရာနံ အာဒီနဝေါ''။

အဲဒီ အသိဉာဏ်ကလေးကို ဘုန်းကြီးတို့ ညက အမျိုးကောင်းသား တွေ, အမျိုးကောင်းသမီးတွေကို တော်တော်ကလေး ရေရေလည်လည် ဉာဏ်မျက်လုံးကလေးဖြစ်အောင် လုပ်ပေးခဲ့သလား လုပ်မပေးခဲ့ဘူး လား၊ (လုပ်ပေးခဲ့ပါတယ်ဘုရား)။

ဉာဏ်ပေါ်ရောက်အောင်တင်ပေး

အဲဒီဉာဏ်ဆိုတဲ့ မျက်လုံးပေါ်ကို ဉာဏ်ပေါ်ကို ဘာတင်ပေးရမလဲ ဆိုတော့ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း—စိတ်,စေတသိက်,ရုပ်လို့ ဆိုတဲ့ အဲဒီသင်္ခါရတရားတွေကို ခန္ဓာခေါ်တဲ့ တရားတွေကို ဉာဏ်ပေါ်ရောက် အောင် တင်ပေးရမယ်၊ ဉာဏ်မျက်လုံးပေါ်ရောက်အောင် တင်ပေးရ မယ်၊ သင်္ခါရ တရားတွေကို ခန္ဓာတရားတွေကို အမျိုးကောင်းသား တွေ, အမျိုးကောင်းသမီးတွေ ဘယ်ပေါ် တင်ရမလဲ၊ (ဉာဏ်ပေါ် တင်ရပါမယ်ဘုရား)။

http://www.dhammadownload.com

ခန္ဓာကိုယ်ကို ဘယ်မှာထားရမလဲ၊ဉာဏ်ပေါ်တင်ထားရမယ်၊အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဉာဏ်ပေါ် ခန္ဓာရောက်တဲ့တရားလို့ ဒီလိုမှတ်ရမယ်၊ ဉာဏ်ပေါ် ဘာရောက်တဲ့ တရားတဲ့လဲ၊ (ခန္ဓာရောက်တဲ့ တရားပါဘုရား)။

"အတ္တနော ကာယေ ဉာဏေ ထပေတွာ"။

အတ္တနော၊ မိမိ၏။ ကာယေ၊ ရူပကာယ, နာမကာယလို့ခေါ်တဲ့ ဝိညာဏ်,နာမ်,ရုပ်ခေါ်တဲ့ ကာယကို, ကာယတရားတွေကို, ခန္ဓာတရားတွေကို, သင်္ခါရတရားတွေကို။ ဉာဏေ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ခေါ်တဲ့ ဝိပဿနာဉာဏ်လျှင် အာရုံရှိတဲ့, လက္ခဏာလျှင် အာရုံရှိတဲ့ဝိပဿနာဉာဏ်၌,ဉာဏ်၏မျက်လုံး၌။ ထပေတွာ၊ ထား၍။

ဉာဏ်ပေါ်တင်ထားတော့ ဘာတွေထင်ရှားသလဲ။

"တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ"။

(အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် သင်္ခတလက္ခဏာသုတ်။)

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သင်္ခတဿ၊ ဝိညာဏ်,နာမ်,ရုပ် ခေါ်တဲ့ သင်္ခတတရား၏။ လက္ခဏာနိ၊ သိစရာ မှတ်စရာ လက္ခဏာတို့သည်။ ဣမာနိတီဏိ၊ ဤသုံးပါးတို့ပင်တည်း။ ကတမာနိတီဏိ၊ အဘယ်သုံးပါးတို့ နည်းဟူမူကား။ ဥပ္ပါဒေါ၊ ဖြစ်တဲ့သဘောသည်။ ပညာယတိ၊ ထင်ရှား၏။ ဝယော၊ ကုန်တယ် ပျောက်တယ်ဆိုတဲ့ သဘောတရားသည်။ ပညာယတိ၊ ထင်ရှား၏။

"ဌိတဿ····အညထတ္တံ ပညာယတိ"၊ဒီနေရာမှာတော့ဖြင့်ဘုန်းကြီးတို့ စာပေနယ်မှာ အဲဒီ"ဌိတဿအညထတ္တံ ပညာယတိ"ကို စာပေနယ်မှာ အငြင်းပွားနေတာ ရှိနေပါတယ်၊ ထိုထိုအဋ္ဌကထာ,ဋီကာတွေမှာ ဌီကာလရှိ-မရှိနဲ့ ပတ်သက်လို့ ပြဿနာတခု ရှိနေပါတယ်။

http://www.dhammadownload.com

ဌီ—အကြောင်း အဋ္ဌကထာ ဋီကာရှင်းလင်းချက်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီနေရာမှာ အသိဉာဏ်ကို ဘယ်လိုသွင်းထားရမလဲဆိုတော့ ဘုန်းကြီးတို့ စာပေနယ်ကလဲဘဲ လက်မလွှတ်သင့်တဲ့ အချက်ရှိနေသည်ဖြစ်သောကြောင့် စာပေနယ်က အသုံးအနှုန်းကို ဒီဝိပဿနာ အကွက်ထဲမှာ ဘုန်းကြီးနဲ့ ရှင်းပြောချင်တယ်။

ဌီကာလလို့ဆိုတာ တည်နေတဲ့သဘော အဲဒီဌီကာလကို အကြောင်းပြုပြီးတော့ အဘိဓမ္မာတွေမှာ အဘိဓမ္မာအဋ္ဌကထာ, ဋီကာတွေမှာ ခဏငယ်သုံးချက်လို့ ခိုပြီးတော့ ဒီလို ပိုင်းကြတယ်၊ အဲဒီလို ခဏငယ်သုံးချက်နဲ့ စိတ္တက္ခဏ ကြည့်လိုက်တဲ့အခါမှာ ခဏငယ်အားလုံး ဝိထိတခုချလိုက်မယ်ဆိုရင် ၁၇-ချက် မြောက်တဲ့ အခါမှာ ၃ × ၁၇-လီဆိုတော့ ၅၁-ချက်ဖြစ်တယ်၊ခဏငယ် ၅၁-ချက်ဆိုပြီးတော့ ဥပါဒ်,ဌီ,ဘင်ဆိုပြီးတော့ ဒီပါဠိတော်ကိုယူပြီးတော့ ဥပါဒ်, ဌီ, ဘင်လို့ ခဏငယ်သုံးချက် ပိုင်းတယ်။

တချို့အဋ္ဌကထာ,ဋီကာတွေက ဘာပြောသလဲဆိုတော့ ဌီကာလဆိုတာ မရှိပါဘူးတဲ့၊ ဘာဖြစ်လို့လဲ-ရုပ်,နာမ်,ဓမ္မသင်္ခါရ တရားတို့ဟာ ဘယ်အခါမှ ရပ်နေတဲ့အခါမရှိဘူးတဲ့၊ အနိစ္စ အချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်လို့ဆိုတဲ့ သဘောတွေဖြစ်ပြီးဒါနဲ့ တပြိုင်နက်ထဲ တရိပ်ရိပ်နဲ့ ကုန်တဲ့,ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့နေပါတယ်၊ ဘယ်အခါမှ ရပ်တည်နေတဲ့သဘောရယ်လို့ မရှိပါဘူး၊ ဌီကာလမရှိဘူးတဲ့။

ဌီကာလ မရှိရင် ပါဠိတော်မှာ ဟောထားတဲ့ "ဌိတဿ အညထတ္တံ ပညာယတိ"က ဘာပြောတာလဲလို့ဆိုရင်"ဌိတဿ"က ဥပ္ပါဒက္ခဏကို ရည်ပြီး ပြောတာပါတဲ့၊ "အညထတ္တံ ပညာယတိ" က ဝယဆိုတဲ့ ပျက်တဲ့သဘောကို ပြောတာပါတဲ့၊ အဲဒါကြောင့်မို့ တိုလိုဒီဃနိကာယ် စတဲ့ မဟာသတိပဋ္ဌာန် သုတ္တန်စသည်တို့မှာ "ဥပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ" ဟောပြီးတော့ "သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ" သမုဒယ သဘောနဲ့- ဝယသဘောကိုသာလျှင်ဟောပါတယ်၊ဌီကာလကိုမဟောပါဘူး၊အဲသလို ပါဠိတော် ကိုးကားချက်တွေကို အချို့ အဋ္ဌကထာဋီကာတို့မှာ ပြုပြီးတော့ ဌီကာလမရှိဘူးလို့ အဲသလိုဆိုတယ်၊ ရှိပါစေတော့။

http://www.dhammadownload.com

ဝိညာဏ်,နာမ်,ရုပ် ရပ်တည်မနေ

အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ ဝိပဿနာ ရှုကွက်မှာ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်၊သိတဲ့သဘော တည်းဟူသော ဝိညာဏ်၊ ပိုင်းခြားပေး တယ်၊ ထင်ရှားအောင်ပြုလုပ်ပေးတယ်ဆိုတဲ့ ပညာနဲ့ သတိဒေါ်တဲ့ နာမ် တရားကိုက ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ရှိသေးသလား မရှိတော့ဘူး လား၊ (မရှိတော့ပါဘုရား)။

ညကပေးခဲ့တဲ့ ဝိပဿနာဉာဏ်မျက်လုံး ရှုဘို့အတွက် မျက်လုံးဟာ "ဟုတွာ အဘာဝတော"။ဟုတွာ၊ ဖြစ်ပေါ်လာပြီးတာနဲ့တပြိုင်နက်ထဲ။ အဘာဝတော၊ ရှိသေးလား မရှိတော့ဘူးလား၊ (မရှိတော့ပါဘုရား)။

"နိစ္စံ နဝါဝ သခ်ါရာ၊ ဒီပဇာလသမူပမာ"။ အဲဒီ ဖြစ်ပျက်ကလေး ရဲ့အစဉ်ကို တည်နေတယ်လို့ ပြောချင်ရင်လဲ ပြောတော့၊ အမှန်ကတော့ ဖြင့် ဖြစ်ပျက်အစဉ်သာလျှင်ရှိတယ်၊ တည်မှုမရှိဘူး ဒါမှတ်စရာတွေဘဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများတို့ မှတ်ထားရမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာကို ပါဠိ တော်မှ ပါဠိတော်နည်းနဲ့ စနစ်တကျ အဟုတ်ကို ရှုချင်ရင် အဲဒီမှုကို တထစ်ချမှတ်ထားရမယ်၊ အချက်ကလေးတခုဆိုပြီး တခါထဲ မှတ်ထား ရမယ်၊ ဘယ်အခါမှ ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ သဘောတရားသည် ရပ်တည်ပြီးနေတာမဟုတ်ဘူးတဲ့။

"ဟုတွာ အဘာဝတော"။ ။ဟုတွာ၊ ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ။ အဘာဝတော၊ မရှိတော့ဘူး။ ဒီပဇာလသမူပမာ၊ ညကပြောခဲ့တဲ့ ပါဠိ ဆီမီးလျှံကလေးတခုကို ကြည့်ပါတဲ့၊ ဖယောင်းတိုင်ကလေးတခုကိုထွန်း ထား၊ မီးတောက်လေးတခုက သေသွား၊ မီးတောက်တခုကဆက်ဖြစ်၊ မီး တောက်ကလေးတခုကသေသွား၊ မီးတောက်ကလေးတခုက ဆက်ဖြစ်၊ အဲဒါ ဖယောင်းတိုင်လေး မကုန်မချင်းတော့ အဲဒီဆီမီးလျှံရဲ့ အစဉ်နဲ့ မီးတောက်အစဉ်ကလေးကတော့ဖြင့် ဆီမီးတိုင်တွေ မကုန်မချင်း ရှိနေ တာဘဲ၊ အဲတာကို ဌီကာလဘဲလို့ ဆိုချင်ဆိုတော့ ဒါပေတဲ့ အစဉ်ဘဲ။

"နဒီသောတောဝိယ"မြစ်ရေအလျဉ်ကလေး စီးနေတာကို အသာ ကလေး ထိုင်ပြီးတော့ ကိုယ်ကကြည့်နေ၊ မြစ်ကမ်းပါးမှာ ကြာကြာ

http://www.dhammadownload.com

ထိုင်ပြီးတော့ကြည့်နေ၊ ကိုယ့်ရှေ့မှာပင် ရေတွေ တချို့ ရောက်လာတယ်၊ ကိုယ့်ရှေ့ရောက်လာတဲ့ရေတွေက အောက်ဘက်ကို ရောက်သွားတယ်၊ အထက်က ရေကကိုယ့်ရှေ့ရောက်လာတယ်၊ ဒီရေဟာ ဘယ်အခါမျှား တည်နေတာရှိသလဲ၊ (မတည်ပါဘုရား)။

တန့်နေတဲ့အခါမျှားရှိသလား၊ (မတန့်ပါဘုရား)။

အဲသလိုရေသည် ဘယ်တော့မှ တန့်မနေသလို ဆီမီးလျှံကလေး ကလဲ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ဘယ်တော့မှ တန့်မနေသလို အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများမှာ ခုသိနေတဲ့ ပညာဏ်, နာမ်, ရုပ်လို့ ခေါ်တဲ့တရား၊ တနည်း စိတ်, စေတသိက်, ရုပ်လို့ ဆိုတဲ့ တရားဟာ ဘယ်တော့မှရပ်မနေဘူး၊ ဘယ်တော့မှ တန့်မနေဘူး၊ တရိပ်ရိပ်နဲ့ ပျောက် တဲ့ဘက်ကို ပြောင်းရွှေ့နေတယ်၊ ဒီအချက်ကို ဖိပရိဏာမ အချက်လို့ ခေါ်တယ်၊ အဲဒီဝိပရိဏာမအချက်ကို ပိုင်ပိုင်နိုင်နိုင် ရှုနေနိုင်တယ် ဆိုတဲ့ ဝိပဿနာဉာဏ်ပေါ်ကို ဝိညာဏ်,နာမ်,ရုပ်၊ တနည်း–စိတ်, စေ တသိက်, ရုပ်ကို တင်လိုက်-တင်ရင် ဘာဖြစ်မလဲ။

> "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ" ခုနက အင်္ဂုတ္တိုရ်ပါဠိတော်ပြန်ခဲ့။ ဥပ္ပါဒေါ၊ ဖြစ်တဲ့သဘောသည်။ ပညာ ယတိ၊ အမျိုးကောင်းသား, အမျိုးကောင်းသမီး တို့ရဲ့ ဉာဏ်မှာ ထင်ရှား၏။ ဝယော၊ ကုန်ခြင်းပျောက်ခြင်းသည်လည်း။ ပညာ- ယတိ၊ ဉာဏ်မှာထင်ရှား၏။

ထင်ရှားတယ်ဆိုတာ ဘယ်မှာထင်ရှားသလဲ၊ ကျောက်သင်ပုန်းထဲမှာ ထင်ရှားတာလား၊ (မဟုတ်ပါဘုရား)။

စာအုပ်ထဲမှာ ထင်ရှားတာလား၊ (မဟုတ်ပါဘုရား)။

ဘုန်းကြီးတို့ ပြောပေးနေတဲ့ ပါးစပ်ဖျားကလေးမှာ ထင်ရှားနေတာ လား၊ (မဟုတ်ပါဘုရား)။

ဟောတဲ့ပြောတဲ့တရားကို နာနေရုံကလေးနဲ့ ဒီအသိဟာ ထင်ရှား နေတာလား၊ (မဟုတ်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာကို တကယ်ရှုနေတဲ့ ရှုကွက်ထဲမှာကိုဘဲ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများရဲ့ လက္ခဏာလျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်မှာ

http://www.dhammadownload.com

ဝိညာဏ်,နာမ်,ရုပ် တို့ရဲ့ စင်စင်ကြယ်ကြယ် အာရုံဟာ ဖြစ်ခြင်းသဘော ထင်ရှားနေတယ်၊ ပျက်ခြင်းသဘော ထင်ရှားနေတယ်၊ သဘောကျပလား၊ (ကျပါတယ်ဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောပေါက်ရဲ့လား၊ (ပေါက်ပါတယ်ဘုရား)။

သမုဒယနဲ့ ဝယသဘော

ကာယာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုဘဲဖြစ်ဖြစ် မိမိကြိုက်နှစ်သက်ရာဖြစ်တဲ့ တရားတခုကို ရှုတဲ့အခါမှာ—

ကာယသ္မိံ၊ ရုပ်တရားအပေါင်း၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်တဲ့သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝယဓမ္မာနုပဿီ ဝါ၊ ကုန်တဲ့ပျောက်တဲ့သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ကာယာနုပဿနာ သတိပဋ္ဌာန် ရှုတော့လဲဘဲ သမုဒယနဲ့ ဝယသဘောဘဲ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်သဘောကိုကြည့်။

''သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ''။

ဝေဒနာ ရှုပြန်တော့လဲ သမုဒယ ဆိုတဲ့ ဖြစ်တဲ့ သဘောနဲ့ ဝယ ဆိုတဲ့ ကုန်တဲ့, ပျောက်တဲ့, သဘောကိုဘဲရှုရမယ်၊ နောက်ပြီးတော့ ဘာပြလဲ၊ စိတ္တာနုပဿနာသတိပဋ္ဌာန် ကျပြန်တော့လဲ။

''သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ သမုဒယဝယ-ဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ''။

အဲဒီ စိတ္တသဘောကလေးရဲ့ သိတဲ့သဘော တရားကလေးဆိုတဲ့ ဝိညာဏ်ရဲ့ သဘောသည် ဖြစ်လာတဲ့သဘော ကုန်ပျောက်သွားတဲ့ သဘော ဒါဘဲရှုရတာ။

http://www.dhammadownload.com

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျပြန်တော့လဲ ဘာရှုရမယ်လဲ

> ''သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ''။

ထိုသဘောတရားတို့ရဲ့ ဖြစ်တဲ့သဘော ကုန်တဲ့ပျောက်တဲ့ သဘောကို ဘဲ ရှုတယ်၊ ဖြစ်ပျက် ဟောဒီနေရာမှာတွေ့တယ်၊ ဒါဒီဖြစ်ပျက်ပြီးတော့ ပြီးရောလားလို့ဆိုတော့ ဘုန်းကြီးတို့ညက ဘယ့်နှယ်ပြောလဲ၊ (မပြီးသေး ပါဘုရား)။

မပြီးသေးဘူး ဖြစ်ပျက်ကိုသိရုံနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိပဿနာဉာဏ်ဟာ ပိုင်ပလား၊ (မပိုင်ပါဘုရား)။

ဖြစ်ပျက်ကို သိရုံကာမျှနဲ့ ဖြစ်ပျက် သိသိနေရင် ဘယ်လိုဖြစ်လာမလဲ၊ ဝိပဿနာလုပ်ကွက်ကျတော့ ဘယ်လိုဖြစ်လာသလဲလို့ ဆိုတော့ ဝိပဿနာရဲ့ ခုနလက္ခဏာလျှင် အာရုံရှိတဲ့ အနိစ္စအချက်၊ ဒုက္ခအချက်, ဝိပရိဏာမအချက် ဝိပရိဏာမအချက်က သေသေချာချာ ဉာဏ်ထဲမှာ ထင်ရှားလာတော့ ရိပ်ရိပ်ရိပ်ရိပ်နဲ့ သူကပြန်လာတယ်၊ နုးလဲနုးညံ့လာတယ်၊ သိမ်လဲသိမ်မွေ့လာတယ်။

အဖြစ်မြန် အပျက်မြန်

ဒီဖြစ်ပျက်ပုံကလေးတွေက ဖြစ်တဲ့သဘောကလေးကလဲ မြန်မြန်ကလေးဖြစ်ပေါ်လာတယ်၊ ကုန်တဲ့ ပျောက်တဲ့သဘောကလေးတွေကလဲ မြန်မြန်လေးကုန်ပျောက်သွားတယ်၊ အဲ-ပြီးတော့ ဖြစ်တဲ့သဘောကလဲ ခါတိုင်းလိုသိပ်ပြီးတော့ ထင်ထင်ရှားရှား မဟုတ်ဘူး၊ သိမ်သိမ်မွေ့မွေ့လေး သူကဖြစ်လာတယ်၊ ကုန်တဲ့ ပျောက်တဲ့သဘောကလဲ ထင်ထင်ရှားရှား မဟုတ်ဘူး၊ သိမ်သိမ်မွေ့မွေ့ကလေး သူကဖြစ်တယ်၊ ဖြစ်ပျက်တဲ့ သဘောကလေး ဖြစ်လာတယ်၊ မြန်လဲ မြန်လာတယ်၊ သိမ်သိမ်မွေ့မွေ့နဲ့လဲ ဖြစ်နေတယ်လို့ဆိုတော့ ဉာဏ်ကမှီအောင် မလိုက်နိုင်တော့ဘူး။

> သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ နသမ္မာပုဏာတိ''။

http://www.dhammadownload.com

သင်္ခါရေသု၊ဝိညာဏ်,နာမ်,ရုပ်ခေါ်တဲ့ သင်္ခါရ,ဖြစ်ပျက်ဆိုတဲ့ တရားတို့က။ လဟုံ၊ လျှင်လျှင်မြန်မြန်။ ဥပဋ္ဌဟန္တေသု၊ဉာဏ်ထဲမှာ ထင်ကုန်သည်ရှိသော်။ ဥပ္ပါဒံဝါ၊ ဥပါဒ်ကိုရင်း။ ဋ္ဌိတိံဝါ၊ ဋ္ဌိကိုရင်း။ ပဝတ္တံဝါ၊ ပဝတ္တကိုရင်း။ နိမိတ္တံဝါ၊ နိမိတ်ကိုရင်း။ နသမ္ပာပုဏာတိ၊မရောက်မမှီ။

ဖြစ်တဲ့သဘော, တည်တဲ့သဘော, အစဉ်သဘောသို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ သတိဟာ ဒီအာရုံမှာ ကောင်းကောင်း မထင်ရှားတော့ဘူး၊ မထင်ရှားတော့ ဘယ်လို ဖြစ်သွားသလဲ၊ တဖြေးဖြေးနူးညံ့ပြီး တဖြေးဖြေးနဲ့ ဘယ်ရောက်သွားလဲ ပျောက်သွားတယ်၊ ဖြစ်တဲ့သဘောလေးလဲ ပျောက်သွားပြီ၊ ပျက်တဲ့သဘောလေးလဲ ပျောက်သွားပြီဆိုတော့ ဝိညာဏ်ခေါ်တဲ့သဘောတရားက ဒီနေရာ ရှုစရာ မကျန်ရစ်သလို ဖြစ်သွားတော့ ဝိညာဏ်က ဘယ်သူ့ သွားအာရုံပြုလိုက်လဲ၊ သူရဲ့ ယူနေကျ အာရုံဖြစ်တဲ့ အဘာဝလို့ခေါ်တဲ့ မရှိတဲ့သဘောကို သွားပြီးတော့ အာရုံပြုလိုက်သည်၊ ဒီနေရာသည် မဂ်မဟုတ်သေးဘူး၊ ဖြစ်ပျက်နဲ့ဘဲ ပျောက်သွားတယ်၊ မဂ်မဟုတ်သေးဘဲနဲ့ အဲဒီ ဖြစ်ပျက် ပျောက်သွားတာ ဘယ်လိုဖြစ်လို့လဲဆိုတော့ ပါဠိတော်က ဘယ်လိုပြလဲ၊ မုဋ္ဌသတိကို ပါဠိတော်က ဘယ့်နှယ်ပြလဲ။

သတိလွတ်သွားရင် ဝီရိယပြန်ထူထောင်

''နာဟံ ဘိက္ခဝေ မုဋ္ဌသတိဿ အသမ္ပဇာနဿ အာနာပါနဿတိ ဘာဝနံ ဝဒါမိ''။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အဟံ၊ငါဘုရားသည်။ မုဋ္ဌသတိဿ၊အဲဒီလို ဖြစ်ပျက်မှာ သတိလွတ်သွားတဲ့ ပုဂ္ဂိုလ်အား။ (ဖြစ်ပျက် မတွေ့တော့ဘူး၊ ဖြစ်ပျက်ဆုံးသွားပြီ၊ သတိလွတ်သွားလို့ ဆုံးသွားတာ အမှန်တော့ သူကတော့ ဆုံးသွားတာ ကုန်သွားတာမဟုတ်ဘူး)။ အသမ္ပဇာနဿ၊ပညာမပါတဲ့ပုဂ္ဂိုလ်အား။ အာနာပါနဿတိဘာဝနံ၊ အာနာပါနဿတိ ဘာဝနာကို။ အဟံ၊ငါဘုရားသည်။ နဝဒါမိ၊ ဟောကြားတော်မမူ၊

ဥပရိပဏ္ဏာသပါဠိတော် ဘုန်းကြီးတို့ အာနာပါနဿတိ သုတ္တန်မှာ ရှိလေရဲ့၊ ပါဠိတော်မူ။

http://www.dhammadownload.com

အဲဒီ ဖြစ်ပျက် ကုန်သွားပြီးတဲ့နောက် ဒီဖြစ်ပျက်ကို ဗုဒ္ဓသတိ ဖြစ်သွားတော့ ဘယ်လိုဖြစ်မလဲ၊ သတိလွတ်သွားပြီ၊သတိလွတ်သွားရင် ဘာလုပ်ရမလဲ၊ သမ္မာဝါယမကိစ္စဖြင့် ဝီရိယနဲ့ ဒီသတိ ပြန်ပြီးထူထောင်ပြီးတော့ ဒီတိုးတဲ့သဘော, တွန်းကန်တဲ့သဘော, သိတဲ့သဘော,ပိုင်းခြားပေးတဲ့ သဘောဆိုတဲ့ ဝိညာဏ်,နာမ်,ရုပ်ကိုပြန်ပြီးတော့ရှု ပြန်ပြီးတော့ ထင်ရှားလာလိမ့်မယ်၊ အဲဒီလို ဖြစ်ပျက်ကလေးကလဲ ဒီအပေါ်မှာ ဒီလို မထင်ဘဲနဲ့ ဖြစ်ပျက်ကလေးက ကြာလာလေ နူးညံ့လာလေ,ဉာဏ်ထဲမှာ ထင်ရှားလာလေ,သိမ်မွေ့လာလေ,ဉာဏ်ထဲမှာ ထင်ရှားလာလေ ဖြစ်ရင် ဘယ်လိုဖြစ်လာမလဲ။

"ယံရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံအယံ ရူပဿ အာဒီနဝေါ" ဆိုတဲ့ အာဒီနဝဉာဏ်အရ ဒုက္ခချည်းလို့ ထင်တယ်၊ ဖြစ်တဲ့အတွက် ဆင်းရဲတယ်, ပျက်တဲ့အတွက် ဆင်းရဲတယ်လို့ခေါ်တဲ့ ဒုက္ခာနုပဿနာဉာဏ် အဲဒီဉာဏ်ထင်ရမယ်၊ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ ဖြစ်ပျက်ရှုပြီးတော့ ဘာရှုရမလဲ၊ဒုက္ခလို့ဆိုတဲ့သဘောကိုသိရမယ်၊ပြီးသလားမပြီးသေးဘူး။

အနတ္တာနုပဿနာဉာဏ်ပေါ်ရမယ်

ဘယ်သွားရမလဲဆိုတော့ အဲဒီဒုက္ခကို သိပြီးတဲ့နောက် ဒီဒုက္ခထဲမှာဘဲဒုက္ခကိုချည်း ရှုနေရမယ်လားဆိုတော့ မဟုတ်ဘူး၊ အဲဒီဒုက္ခက လွတ်မြောက်ရာဖြစ်တဲ့ ဝိမောက္ခမုခလို့ ခေါ်တဲ့ အနတ္တာနုပဿနာဉာဏ် ဒီနေရာ ပေါ်ရမယ်၊ ဘယ်လိုလဲ။

> "သုညမိဒံ အတ္တေနဝါ အတ္တနိယေနဝါ"။ (ပါဠိတော်မှုနော်)။ ဣဒံ၊ ဤဝိညာဏ်,နာမ်,ရုပ်သည်။ ဝါ၊ အခုဖြစ်ပြီးတော့ အခု ပျောက်ပျောက်သွားတဲ့ ဝိညာဏ်,နာမ်,ရုပ်သည်။ အတ္တေနဝါ၊ ငါဆိုတဲ့ သဘောမှငင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဆိုတဲ့ သဘောမှငင်း။ သုညံ၊မရှိတော့ဘူး။

ဟောဒီအထဲမှာ ဆင်းရဲတယ်ဆိုတဲ့တရားထဲမှာ ငါလဲမရှိပါလား၊ ငါ့ဥစ္စာလဲ မရှိပါကလားလို့ဆိုတဲ့ အနတ္တာနုပဿနာဉာဏ်ဘဲ၊ သုညတဝိမောက္ခလို့ခေါ်တဲ့ ဒုက္ခမှ ထွက်ပေါက်ကလေး အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်မှာ တခါထဲ ထင်ရှားလာ

http://www.dhammadownload.com

မယ်၊ အဲ့ဒီလို ထင်ရှားပြီးတော့ ဒီထွက်ပေါက်ထဲက ဝိပဿနာရှုနေတဲ့ စိတ်အစဉ်ကလေး ခွါသွားရင် အနုပ္ပါဒနိရောဓလို့ခေါ်တဲ့ ဘယ်တော့မှ အသစ်တဖန် ပြန်ပြီး မဖြစ်တဲ့ အနုပ္ပါဒနိရောဓကို အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ တွေ့မယ်၊အဲဒီ အနုပ္ပါဒနိရောဓအာရုံနဲ့ စိတ်နဲ့သွားပူးရင် ဒီလမ်းမှန်ပြီလို့ တထစ်ချမှတ်၊ အဲဒီ အစိတ်အပိုင်းကို ဘုန်းကြီးတို့ နက်ဖြန်ကာ ဟောမဲ့ မာလုကျပုတ္တသုတ္တန်နဲ့ ဘုန်းကြီး ရှင်းပေးပါမယ်၊ ဒီအပိုင်းကလေးကို သေသေချာချာမှတ်လာခဲ့ပါ။

အဲ့ဒီလို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ညွှန်ကြားပြသ နည်းလမ်းပေးခဲ့တဲ့ ဝိညာဏ်, နာမ်, ရုပ်လို့ခေါ်တဲ့ တရားကစင်ကြယ်နေပြီ၊ အတ္တတွေ မပါတော့ဘူး၊ အနတ္တဖြစ်တဲ့ ဝိညာဏ်, နာမ်, ရုပ်ကို အနတ္တဖြစ်တဲ့ ဝိပဿနာဉာဏ်ပေါ် တင်လိုက်ရင် ဘာထွက်လာမလဲ၊ ဖြစ်တဲ့သဘော,ပျက်တဲ့သဘောတွေ ထွက်လာပြီ၊ ပန်းကန်လုံးကလေးထဲက ဉာတပရိညာ ဉာဏ်စခန်း ဖြစ်နေတဲ့ ဆားပွင့်ကလေးနဲ့ တူတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို တီရဏပရိညာလို့ ခေါ်တဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေဆိုတဲ့ သာမညလက္ခဏာရှိတဲ့ လက္ခဏာလျှင် အာရုံရှိတဲ့ ဉာဏ်ပေါ်ကို တင်ပေးလိုက်ရင် ဥပ္ပါဒသဘော ထင်ရှားလာပြီတဲ့။

ဥပမာ-ကျောက်သင်ပုန်းထဲမှာ ရေးပြထားတဲ့ ဆားကိုမဟုတ်ဘဲနဲ့ ပန်းကန်လုံးကလေးထဲမှာ ရှိတဲ့ဆားကို လက်ကလေး ၅-ချောင်းနဲ့ ယူပြီးတော့ လျှာပေါ်တင်ပေးလိုက်ရင် ဘာဖြစ်မလဲ၊ဆားက လျှာပေါ် ရောက်ရမှာလား၊ဆားပေါ်လျှာကရောက်ရမှာလား၊(ဆားက လျှာပေါ် ရောက်ရမှာပါဘုရား)။ ဆားက လျှာပေါ် ရောက်ရမှာနော်။

ခန္ဓာကသာလျှင် ဉာဏ်ပေါ်ကို ရောက်ရမယ်၊ ခန္ဓာက ဆားနဲ့တူတယ်၊ ဉာဏ်က လျှာနဲ့တူတယ်၊ ခန္ဓာက ဘာနဲ့တူသလဲ၊ (ဆားနဲ့တူပါတယ်ဘုရား)။

ဉာဏ်က ဘာနဲ့ဟူသလဲ၊ (လျှာနဲ့တူပါတယ်ဘုရား)။

လျှာဆိုတဲ့ ဉာဏ်ပေါ်ကို ဆားဆိုတဲ့ ခန္ဓာရောက်လာရင် ဘာဖြစ်မလဲ၊ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ ဝယော၊ ကုန်ပျောက်

http://www.dhammadownload.com

ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ ပြောပေးရသေးလား။ လျှာပေါ် ဆားရောက်လာသည်နှင့် တပြိုင်နက် မင်းငန်နေပြီကွလို့ ပြောပေးရသေးလား၊ (မပြောပေးရပါဘုရား)။

ဉာဏ်ပေါ် ခန္ဓာရောက်လာသည်နှင့်တပြိုင်နက်ယဲ ဖြစ်ပျက်သဘော ရှိနေပြီ၊ ဖြစ်ပျက်သဘောတွေ့နေပြီလို့ ပြောပေးရဦးမလား။ (မပြောရပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်ထဲမှာ ထင်ရှားပုံကို ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားက—

"ဉပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ"။ ဉပ္ပါဒေါ၊ဖြစ်ခြင်းသည်။ပညာယတိ၊ဉာဏ်မှာထင်းရှား၏။ ဆားငန်တာ လျှာပေါ်မှာ ထင်ရှားသလို ဉာဏ်ပေါ်မှာဖြစ်တဲ့ သဘောဟာ ထင်ရှားတယ်။ ဝယော၊ ကုန်ခြင်းပျောက်ခြင်းသည်၊ ပညာယတိ၊ထင်ရှား၏၊ ဖြစ်တိုင်းဖြစ်တိုင်း ကုန်တယ်ပျောက်တယ်။

ကိုင်း-ရှုကွက်ကလေး ပြောကြစို့၊ လျှာပေါ် ဒိဆားရောက်လာရင် ငန်သလား မငန်ဘူးလား၊(ငန်ပါတယ်ဘုရား)။

ငန်တယ်နော်၊ ရှုတော့ ဘယ်လိုလုပ်ရှုမလဲ အဲဒိငန်တာလေးကို ရှုဘို့ လိုသလား မလိုဘူးလား၊ (လိုပါတယ်ဘုရား)။

ဘယ်လိုရှုရမလဲ

ကိုင်း-ဘုန်းကြီးတို့ ညကပြောခဲ့တဲ့အတိုင်း ရှုပုံကို ဒိညပြောမယ်ဆိုတော့ မျက်လုံးကလေးလဲရပြီ၊ မျက်လုံးကလေးပေါ်လဲ အာရုံရောက်ပြီ၊ အဲဒီလို ရှုဘို့အာရုံရောက်လာတော့ ဘယ့်နှယ်လုပ် ရှုမလဲ၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အာရုံက စင်စင်ကြယ်ကြယ် ရဘို့လိုတယ်၊ ရှုတဲ့ဉာဏ်ကလဲဘဲ စင်စင်ကြယ်ကြယ်ရဘို့လိုတယ်၊ အဲဒီ ဉာဏ်ပေါ်ကို အာရုံတည်းဟူသော ခန္ဓာရောက်လာပြန်တော့လဲ ရှုတတ်ဘို့ လိုသလား မလိုဘူးလား၊ (လိုပါတယ်ဘုရား)။

ကိုင်း-ဘယ်လိုလုပ်ရှုမလဲ၊ ဝိညာဏ်,နာခံ,ရုပ်လို့ခေါ်တဲ့ သင်္ခါရတရားတည်းဟူသော စင်ကြယ်သန့်ရှင်းနေတဲ့ ခန္ဓာတည်းဟူသော ကြည့်စရာ,ရှုစရာ အာရုံကို ဘယ်ဉာဏ်နဲ့ရှုမလဲ၊ ဝိပဿနာရှုရင် လက္ခဏာ

http://www.dhammadownload.com

လျှင် အာရုံရှိသော ဘုန်းကြီးတို့ ခုပြောပေးခဲ့တဲ့ လက္ခဏာရေးမှုကြီးက ဝိပဿနာဉာဏ်နဲ့ ရှုရမယ်၊ ဉာဏ်မျက်လုံးနဲ့ အဲဒီလိုရှုတော့ ဒီဉာဏ် ပေါ်ကို ခန္ဓာရောက်လာပြီ၊ မျက်လုံးပေါ်ကို ရုပ်ပုံရောက်လာပြီ၊ ရှုတော့ ဘယ်လိုလုပ်ရှုမလဲ၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိပဿနာကို ရှုတတ်ပလား၊ ဘယ်လိုလုပ်ရှုမလဲ၊ ပုံကလေးကိုကြည့် ပါ၊ ပါဋ္ဌိတော်က ဘယ့်နှယ်ပြလဲ။

''ဒဋ္ဌဗ္ဗာ သင်္ခတာ ပုဗ္ဗာ၊ ပရန္တေသု ဝိဝိတ္တတော။
သုဘ ဓုဝ သုခတ္တတာ၊သုညတော ဟေတု ဝတ္တိတော''။

အဲဒီပါဋ္ဌိတော်အရ ရှုရမယ်၊ အဲဒါဘာပြောလဲ။

သင်္ခတာ၊ ဝိညာဏ်, နာမ်,ရုပ်လို့ ခေါ်တဲ့ သင်္ခါရ တရားတို့ကို။ ''ဒဋ္ဌဗ္ဗာ''ရှုရမယ်။ ။ရှုရမယ်ဆိုတာ ဘာလုပ်ခိုင်းသလဲ၊ကြည့်ရမယ်လို့ ပြောတာ၊ ကြည့်ရမယ်- ကြည့်တော့ ဘယ်လိုကြည့်ရမလဲတဲ့၊ ဘယ်လို ရှုရမလဲ။

> သင်္ခတာ၊ သင်္ခါရတရားတို့ကို။ ပုဗ္ဗာပရန္တေသု၊ မဖြစ်ခင်ဥပါဒ်မှ ရှေ့ဖြစ်ပြီးဘင်ဆိုတဲ့ပျက်ခြင်းမှ နောက်ဆိုတဲ့ အစွန်း ၂-ဘက် တို့၌။ ။ပုဗ္ဗန္တ၊ ရှေ့အစွန်း။ အပရန္တ၊ နောက်အစွန်း-အဲဒီလို အစွန်း ၂-ဘက်ရှိတယ်။ အဲဒီ သင်္ခါရတရားတွေကို။ပုဗ္ဗာပရန္တေ သု၊ မဖြစ်ခင်ရှေးအဘို့ အစွန်း, ဖြစ်ပြီးတဲ့နောက်အစွန်း တို့၌။ ဝိဝိတ္တတော၊မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ရှုအပ် ၏၊ ရှုသင့်၏၊ ရှုထိုက်၏၊ ရှုရမည်။ရှုလေ။

အဲဒီသင်္ခတတရားတွေကို ဘယ်လိုလုပ်ပြီးရှုရမလဲဆိုတော့ ဝိညာဏ်, နာမ်,ရုပ်ကို အော် ဒီ ဝိညာဏ်,နာမ်, ရုပ်ဟာ မဖြစ်ခင်တုံးက မရှိပါ တကား''လို့ရှုရမယ်၊အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ မဖြစ်ခင်တုန်းက ရှိသလား၊ မရှိဘူးလား၊ (မရှိပါဘုရား)။

> သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနုပ္ပန္နာဝ၊ ရှေးကတခါမှ မဖြစ်ကြကုန်မူ၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ လာ၍ အသစ်ဖြစ်ကြ လေ ကုန်၏။

http://www.dhammadownload.com

ပါဠိတော်မှ အခု ဒီပါဠိတော်က ဘာပြောပြန်လဲ၊ သင်္ခါရာ၊ သင်္ခါရ တရားတို့ကို၊ ပုဗ္ဗာပရန္တေသု၊ မဖြစ်ခင် ရှေးအဘို့အစွန်း၊ ဖြစ်ပြီးသော နောက်ကာလ အစွန်းလို့ခေါ်တဲ့ အစွန်း ၂-ဘက်တို့၌။ ဝိဝဋ္ဋတော၊ မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်။ ဒဋ္ဌဗ္ဗာ၊ ရှုရမယ်။

မဖြစ်ခင်ကလဲမရှိ-ဖြစ်ပြီးတော့လဲမရှိ

ရုပ်ကလေးက အော် – ဒီဝိညာဏ်, နာမ်,ရုပ် ဆိုတဲ့ သင်္ခတ တရား တွေဟာ မဖြစ်ခင်တုံးကလဲ မရှိဘူး၊ ဖြစ်ပြီးသော့ကောမှာရှိသလား မရှိဘူး လား၊ (မရှိပါဘုရား)။

မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိဘူးလို့ရှုရမယ်တဲ့၊ အဲဒီ လိုရှုတဲ့အခါမှာ မဖြစ်ခင်ကလဲ မရှိဘူး၊ မဖြစ်ခင်က ရှိသလား သူတို့ (မရှိပါဘုရား)။

ဝိညာဏ်,နာမ်,ရုပ်ဟာ မဖြစ်ခင်က ရှိသလား၊ (မရှိပါဘုရား)။

ကြည့်စမ်း ဝိပဿနာဉာဏ်နဲ့ သေသေချာချာ ပြပါနေယျိကဂုဏ် ဖြစ်အောင် မိမိရဲ့ဉာဏ်မှာ ကပ်ငြိးတော့ ကြည့်လိုက်စမ်း တိုးတဲ့သ ဘော, တွန်းကန်တဲ့သဘောကို သိနေတဲ့ဝိညာဏ်။ တိုးတဲ့သဘော, တွန်း ကန်တဲ့သဘောကို ဗိုင်းခြားပေးနေတယ်ဆိုတဲ့ ပညာခေါ်တဲ့နာမ်၊ သတိ ခေါ်တဲ့နာမ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ် ဆိုတာ မဖြစ်ခင်က ဒီ ဝိညာဏ်,နာမ်,ရုပ်ဟာ ရှိသလား မရှိဘူးလား၊ (မရှိပါဘုရား)။

မိုရာတည်ရာ မရှိဘူးနော်၊ ဘာမရှိတာလဲဆိုတော့ သဘာဝတော့ရှိ တယ်၊ မိုရာတည်ရာ မရှိတာကို ပြောတာ၊ မဖြစ်ခင်ရှေ့အဘို့က ဒီ ဝိညာဏ်,နာမ်,ရုပ်ဟာ သဘာဝအနေအားဖြင့်ရော မိုရာတည်ရာ အနေ အားဖြင့်ရော ရှိသလား မရှိဘူးလား၊ (မရှိပါဘုရား)။

မရှိဘူး ဖြစ်ပြီးတော့ကော ရှိသလား မရှိဘူးလား၊ (မရှိပါဘုရား)။

မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိဘူးဆိုတဲ့ တရားများ အတ္တလို့ခေါ်မလား အနတ္တလို့ခေါ်မလား၊ (အနတ္တလို့ ခေါ်ပါမယ် ဘုရား)။

"သဗ္ဗေ ဓမ္မာ အနတ္တာ"။ ။သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ မဖြစ် ခင်ကတရား ဖြစ်ပြီးတဲ့တရားတို့သည်။ အနတ္တာ၊ အလိုသို့မလိုက် အစိုး မရမဆိုင်တဲ့ အနတ္တတရားတို့ပေတည်း။

http://www.dhammadownload.com

အနတ္တာနုပဿနာ။ ဘာနုပဿနာတဲ့လဲ၊ (အနတ္တာနုပဿနာပါ ဘုရား)။

ဒဲသလို မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိဘူးလို့ ဒိလို ရှုရမယ်၊ အဲတာဟုတ်သလား မဟုတ်ဘူးလားဆိုတာ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ဖျက်ချင်းလက်ငင်းပဲ၊ မဖြစ်ခင် ကလဲ မရှိဘူး ဖြစ်ပြီးတော့လဲမရှိဘူးဆိုတဲ့ စကားကို ဖျက်ဆီးကြည့် ကန့်ကွက်ကြည့် မဖြစ်ခင်က ရှိပါတယ်၊ ဖြစ်ပြီးတော့လဲ ရှိပါတယ်လို့ လုပ်လို့ရမလား၊ (မရပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဒဲဒီတရားရေယား ရင် မဖြစ်ခင်ကလဲရှိပါတယ်၊ ဖြစ်ပြီးတော့လဲ ရှိပါတယ်၊ ပြောလို့ ဖြစ်ရဲ့လား၊ (မဖြစ်ပါဘုရား)။

အော်-ဒီဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတွေ ဒီဉာဏ်ပေါ် ရောက်လာတဲ့အခါမှာ မဖြစ်ခင်တုံးကလဲ သူတို့မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိဘူးလို့ ဒီလိုရှုရမယ်၊ ဝိပဿနာရှုနည်း။ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အဲ့ဒါ ဘာလုပ်နည်းလဲ၊ (ဝိပဿနာရှုနည်း ပါဘုရား)။

ဝိပဿနာရှုဘို့ အာရုံကို သန့်သန့် ရှင်းရှင်း စင်စင်ကြယ်ကြယ် ရှာ ပေးခဲ့ပြီးပြီ၊ ဝိပဿနာ ရှုမဲ့မျက်လုံးကလေးကိုလဲဘဲ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ရှာပေးပြီးပြီ၊ အခု ဒီကနေ့ပြောနေတာက ဘာတုံး ရှုနည်း ကြည့်နည်းဟုတ်တယ်။

ဒီသင်္ခါရသဘောတရားတွေဟာ ကွေးတဲ့ဆန့်တဲ့ ရုပ်ကလေးဖြစ်မယ် ဆိုရင် ကွေးတဲ့ရုပ်ကလေးဟာ မကွေးခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ ကွေးတဲ့ရုပ်ကလေးမရှိဘူး၊

ဆန့်တဲ့ရုပ်ကလေးလဲ ကြည့်မယ်ဆိုရင် ဆန့်တဲ့ရုပ်က မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲမရှိဘူး၊

ရှေ့ကိုတိုးတဲ့ရုပ် နောက်ကိုဆုတ်တဲ့ရုပ် ကြည့်မယ်ဆိုရင် ရှေ့တိုးတဲ့ ရုပ်က မဖြစ်ခင်ကလဲမရှိဘူး၊ ဖြစ်ပြီးတော့လဲမရှိဘူး။

နောက်ကိုဆုတ်တဲ့ ရုပ်ကလေးက မဖြစ်ခင်ကလဲမရှိဘူး၊ဖြစ်ပြီးတော့ လဲမရှိဘူး။

http://www.dhammadownload.com

မြင်တဲ့ရုပ်, ကြားတဲ့ရုပ်, နံတဲ့ရုပ်, စားတဲ့ရုပ်, သွားတဲ့ရုပ်, လှုပ်တဲ့ရုပ်, ဆန့်တဲ့ရုပ်, သိတဲ့ရုပ်, စားတဲ့သောက်တဲ့ရုပ်တွေ, ကျင့်ကြံကျယ်ဝယ် ဖွင့်တဲ့ရုပ်တွေ, ပြောတဲ့ရုပ်တွေ, နားထောင်တဲ့ရုပ်တွေ ရှိသရွေ့ ရုပ်အားလုံးကိုကြည့် မဖြစ်ခင်ကလဲမရှိဘူး၊ ဖြစ်ပြီးတော့လဲမရှိဘူး။

ဘာကိုဝိပဿနာရှုရမလဲ

ရှုရမှာက အနတ္တကို ဝိပဿနာရှုရမှာလား၊ အတ္တကို ဝိပဿနာ ရှုရမှာလား၊ (အနတ္တကို ဝိပဿနာရှုရပါမယ်ဘုရား)။

မိမိ, သူတပါးကို ဝိပဿနာရှုရမှာလား၊ သင်္ခါရတရားကို ဝိပဿနာ ရှုရမှာလား၊ (သင်္ခါရတရားကို ဝိပဿနာရှုရပါမယ်ဘုရား။)

ဘာကို ဝိပဿနာရှုရမလဲ၊ (သင်္ခါရတရားပါဘုရား။)

ဝိညာဏ်, နာမ်, ရုပ်၊ တနည်း-စိတ်, စေတသိက်, ရုပ်၊ အဲဒီတရား သုံးလုံးဟာ မိမိလား သူတပါးလား၊ (မဟုတ်ပါဘုရား)။

မိမိလဲမဟုတ်ဘူး သူတပါးလဲမဟုတ်ဘူးနော်၊ အဲဒီတော့ ဝိပဿနာ ရှုတယ်ဆိုတာ မိမိကိုလဲမရှုရဘူး၊ သူတပါးကိုလဲမရှုရဘူး၊ အဲဒီဝိညာဏ်, နာမ်, ရုပ်ကိုသာ ဝိပဿနာရှုရမယ်တဲ့၊ ရှုတော့ ဘယ်လို လုပ်ရှုမလဲ၊ မဖြစ်ခင်ကလဲ မရှိဘူး ဖြစ်ပြီးတော့လဲ မရှိဘူး၊ သဘောပေါက်ပလား၊ (ပေါက်ပါတယ်ဘုရား။)

ဉာဏ်နဲ့မြင်အောင် ရှုနော်၊ မျက်လုံးနဲ့မြင်လို့ ဖြစ်တဲ့တရားလား၊ (မဟုတ်ပါဘုရား)။

နားထောင်ရုံနဲ့ သိတဲ့တရားမျိုးလား၊ (မဟုတ်ပါဘုရား)။

ဉာဏ်ပေါ်ရောက်လာမှ သိမဲ့တရား၊ ဆားဟာ ငန်တယ် ငန်တယ်နဲ့ ပြောနေတယ်၊ ဘုန်းကြီး ခုပြောနေတာက ဆားငန်တယ်လို့ပြောနေတာ။ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ငန်လို့လား ဆားပွင့် ကလေးယူပြပြီး ဟောဒါ ဆားပွင့်ကလေးတွေ ဆားပွင့်ကလေးယူပြနေ ရင် ငန်ပါ့မလား၊ (မငန်ပါဘုရား)။

ဘယ်ရောက်မှ သူကငန်မှာလဲ၊ (လျှာပေါ်ရောက်မှငန်မှာပါဘုရား)။

အဲဒီလို "ဝိညာဏ်, နာမ်, ရုပ်-ဝိညာဏ်, နာမ်, ရုပ်" နဲ့ ပြောနေလိုက် တာ ခု ဘုန်းကြီးတို့ ပြောနေတာ အခု ဘယ်နှစ်ညရှိပြီလဲ ပြောနေတာ (၅-ညပါဘုရား)။

http://www.dhammadownload.com

ဒီကနေ့ ၅-ညရှိပြီနော် ပြီးတော့မယ်၊ အဲဒီ ၅-ညတိုင်တိုင် ပြောနေတဲ့ ဝိညာဏ်,နာမ်,ရုပ်၊ ဝိညာဏ်,နာမ်,ရုပ်ဟာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ ငြိနေလို့လား၊ (မငြိပါဘုရား)။

' ဖြစ်တဲ့သဘော, ပျက်တဲ့သဘောသည် ဉာဏ်ထဲမှာ ထင်ရှားလို့လား တကယ့်ကို ဝိပဿနာ ရှုကွက်နဲ့ အဟုတ်ကိုရှုမယ်ဆိုရင် တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေးကလဲ ကုန်သွားတယ် ပျောက်သွားတယ်၊ မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိဘူး၊ သိနေတဲ့သဘောကလေးကလဲ မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိဘူး၊ ပိုင်းခြားပေးတဲ့ ပညာရယ်, အာရုံမှာကပ်ပြီးတော့ ထင်ရှားအောင် ပြုလုပ်ပေးနေတဲ့ သတိလဲ မဖြစ်ခင်ကလဲမရှိဘူး၊ဖြစ်ပြီးတော့လဲ မရှိဘူး၊ အဲဒီအတိုင်းရှုရမယ်။

ဒီတော့ ဝိပဿနာရှုစရာ အာရုံကလေးကလဲ ရပြီ၊ ရှုဘို့ အသိဉာဏ်ကလေးလဲရပြီ၊ရှုပုံရှုနည်း ကြည့်ပုံကြည့်နည်း ကလေးကလဲ ရပြီ၊သူဟာ မကြည့်တတ်ရင် မြင်ပါ့မလား၊ (မမြင်ပါဘုရား)။

အသုဘဖြစ်တဲ့နာမ်,ရုပ်

မှန်ဘီလူးများ မကြည့်တတ်ရင် မပြင်သလိုဘဲ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ဟုတ်ရဲ့လား၊ (မှန်ပါဘုရား)။

မှန်ဘီလူး မကြည့်တတ်ရင် မြင်ပါ့မလား၊ (မမြင်ပါဘုရား)။

ကြည့်တတ်မှ အဲဒီဖြစ်ပျက်ဆိုတာ မြင်တယ်၊ မကြည့်တတ်ရင် မမြင်ဘူး၊ဘယ်လိုကြည့်ရမလဲလို့ဆိုတော့ နောက်တလုံး သွားကြစို့ရဲ့၊ ဒုက္ခတ္တာ ရှုရမယ်၊ နောက်ဘာရှုရမလဲ။

> "သုဘ စုဝ သုခတ္တတာ သုညတော ဒုက္ခတ္တာ"။ ။စပ်ရမှာကတော့ ဒုက္ခတ္တာမှာဘဲ စပ်ရမယ်၊ ဘာတဲ့၊ သုဘ စုဝ သုခတ္တတာ၊ တင့်တယ်တဲ့သဘော, မြဲခြာဖြစ်တဲ့သဘော, ချမ်းသာတဲ့သဘော, အစိုးရတဲ့သဘောမှ။ သုညတော၊ မရှိသောအားဖြင့်။ ဒုက္ခတ္တာ၊ရှုရမယ်။

အဲဒီ ဝိညာဏ်,နာမ်,ရုပ် ကလေးမှာ တင့်တယ်တဲ့ သဘောကလေးများ ရှိသလား၊ (မရှိပါဘုရား)။

http://www.dhammadownload.com

"နတ္ထိ သုဘော ဟောဿပါ အသုဘော"။ ။ဧတသ်၊ ထို ဝိညာဏ်အား,နာမ်အား,ရုပ်အား။ သုဘော၊ တင့်တယ်တယ် လှတယ်ဆိုတဲ့ သဘောသည်။ နတ္ထိ၊ မရှိ။ ဇာတိတသ္မာ၊ ထို့ ကြောင့်။ အသုဘော၊ အသုဘမည်တယ်။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးဟာ သုဘလား အသု ဘလား၊ (အသုဘပါဘုရား။)

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အသုဘလို့ ထင်နေတာက လူသေကောင်ကို အသုဘလို့ထင်နေကြတယ်၊ (ဟုတ် ပါတယ်ဘုရား။)

အခု တိုးတဲ့သဘော, တွန်းကန်တဲ့သဘောဟာ သုဘလား အသုဘ လား ကြည့်စမ်း၊ (အသုဘပါဘုရား။)

ဘာဖြစ်လို့ သူ့ကိုအသုဘလို့ ပြောသလဲ၊သူ့မှာ လှတာ,ချောတာ၊ တင့်တယ်တာကလေးများ ရှိသလား၊ (မရှိပါဘုရား။)

ဇာမသိ ကာယေ၊ ဤခန္ဓာကိုယ်အတွင်း၌၊ ဂဝေသန္တောပိ၊ တွင်း ပါ ပြင်ပါ ဉာဏ်ဖြင့်ရှု၍ မွှေပါ ခေါင်းရောက် ဖွေရှာနှောက် သော်လည်း။ သောဘဏံ၊ တင့်တယ်တယ် ဆိုတဲ့သဘောသည်။ နတ္ထိ၊ မရှိနိုင်ချေ။

သေသေချာချာကြည့် တိုးတဲ့သဘော,တွန်းကန်တဲ့ သဘောကလေး မှာ တင့်တယ်တဲ့သဘော ရှိသလား၊ (မရှိပါဘုရား။)

သိတယ်ခေါ်တဲ့ ဝိညာဏ်မှာကော တင့်တယ်တဲ့သဘောများ ရှိသ လား၊ (မရှိပါဘုရား။)

ပိုင်းခြားပေးတဲ့ ပညာဆိုတဲ့ နာမ်,အာရုံမှာ ကပ်၍ ထင်ရှားတယ် ဆိုတဲ့ သတိ ဆိုတဲ့နာမ်တရားကလေးမှာကော တင့်တယ်တယ်ဆိုတဲ့ ကြည့်စရာကလေးများ ရှိသလား၊ (မရှိပါဘုရား။)

သုဘ-တင့်တယ်တယ်ဆိုတဲ့ သဘောကလဲ ဆိတ်သုဉ်းတယ်၊ ဗုဝ- မြဲတယ်ဆိုတဲ့ သဘောကလေးကော ရှိသလား၊ (မရှိပါဘုရား။)

ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ဘယ်ရောက်လဲ၊ (ပျောက်သွားပါတယ် ဘုရား။)

http://www.dhammadownload.com

မြဲလို့ပျောက်တာလား မမြဲလို့ပျောက်တာလား။ (မမြဲလို့ပျောက်တာပါဘုရား။)

မြဲတဲ့သဘောကော ရှိသလား ဒီသင်္ခါရတရားထဲမှာ၊ (မရှိပါဘုရား။)

သုဘသဘောလဲ မရှိဘူး၊ ဓုဝသဘောလဲ မရှိဘူး၊ သုခ-ချမ်းသာတယ် သက်သာရာရတယ်ဆိုတဲ့ သဘောကော ရှိသလား၊ (မရှိပါဘုရား။)

''နတ္ထိ ခန္ဓသမာ ဒုက္ခာ''အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဆင်းရဲတဲ့အထဲမှာ ခန္ဓာနဲ့တူတဲ့ ဆင်းရဲတာရှိသေးသလား၊ (မရှိပါဘုရား။)

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေက ခန္ဓာကို လိုချင်သလား မလိုချင်ဘူးလား၊ (မလိုချင်ပါဘုရား။)

ဟုတ်ခဲ့လား လိုချင်လွန်းလို့ဘဲ ဥပမာ ဘိုင်စကုပ်ရုံ တရုံမှာ ပွဲကောင်းတခုတော့ ရောက်နေမြန်ပြီတဲ့လို့ဆိုရင် ကြည့်ချင်တဲ့စိတ်ကလေး ဖြစ်သလား မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား။)

အဲဒါ ခန္ဓာကို လိုချင်တဲ့စိတ်ကလေး ဖြစ်လာတာ အဲဒီတော့ သွားမကြည့်ဘူးလား၊ (သွားကြည့်ပါတယ်ဘုရား။)

သွားကြည့်တော့ ခန္ဓာတွေ့ရသလား မတွေ့ရဘူးလား၊ (တွေ့ရပါတယ် ဘုရား)။

ကြိုက်လွန်းလို့ ကောင်းလိုက်တာနဲ့ ပြောလိုက်တာ ပြောလို့ကို မဆုံးနိုင်ဘူး၊ အဲဒါ ဘာမမြင်လို့လဲ ဒုက္ခကိုမမြင်လို့၊ အဲဒီခန္ဓာကိုယ် ရလာခြင်းသည် ဒုက္ခဘဲ။

အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ခန္ဓာရနေတဲ့ ပုဂ္ဂိုလ်များ သက်သာမလား မသက်သာဘူးလား၊ (မသက်သာပါဘုရား)။

ဒုက္ခအစစ်ဖြစ် နာမ်,ရုပ်,ခန္ဓာ

မသက်သာဘူးနော်၊ အဲဒီခန္ဓာနဲ့တူတဲ့ ဒုက္ခလို့ဆိုတာ လောကမှာ မရှိဘူးတဲ့၊ ဝိညာဏ်,နာမ်,ရုပ် နဲ့တူတဲ့ ဒုက္ခ၊ ဘာဖြစ်လို့လဲ သူရှိနေသည်ဖြစ်သောကြောင့် ဇာတိဒုက္ခကိုရတယ်၊ ဇရာဒုက္ခကိုရတယ်၊ ဗျာဓိဒုက္ခကိုရတယ်၊ မရဏဒုက္ခကိုရတယ်၊ အပ္ပိယေဟိ သမ္ပယောဂဒုက္ခကို ရတယ်၊ ပိယေဟိ ဝိပ္ပယောဂဒုက္ခကို ရတယ်၊''ယံပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ'' ဆိုတဲ့ ဒုက္ခကိုရတယ်။

http://www.dhammadownload.com

"ယံ ပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ" ဆိုတဲ့ ဒုက္ခရဲ့အကျယ်ကို ပါဠိတော်မှာ ဘယ်လိုဟောသလဲဆိုတော့—

"ဇာတိ ဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ၊ အဟောဝတ မယံ နဇာတိဓမ္မာ အဿာမ၊ နစ ဝတ နောဇာတိ အာဂစ္ဆေယျ၊ နခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ။ ဣဒမ္ပိ ယံပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ။
(ပါဠိတော်မှာ)

"ယံ ပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ"ရဲ့ အဖွင့် အကျယ်ဟာ အဲဒီ အတိုင်းဘဲ ထိုထိုပါဠိတော်တွေမှာ အဲဒါ ဘာပြောတာလဲ။

"ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့၊ ဇာတိ ဓမ္မာနံ၊ ဖြစ်ခြင်း သဘော ရှိကြကုန်သော" ဖြစ်တယ်ဆိုတာ ဘာတွေဖြစ်လာသလဲ၊ ခန္ဓာနံ ပါတုဘာဝေါ၊ ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ အဲဒီ ခန္ဓာတွေဖြစ်လာတယ်၊ အဲဒီခန္ဓာတွေ ဖြစ်လာတယ်ဆိုတဲ့သဘောကို ဗုဒ္ဓ ရှင်တော်မြတ်ဘုရားက ဇာတိပိဒုက္ခာ၊ ဒုက္ခသစ္စာ၊ ဘာသစ္စာတဲ့လဲ၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခထက် ကြီးတဲ့ဒုက္ခ ရှိသေးလား၊ (မရှိပါဘုရား)။

ခန္ဓာကိုယ် ရနေတာသည် သူလောက် ဆင်းရဲတာမရှိဘူး၊ အဲဒါ ကြောင့် ဘုရားက "နတ္ထိ ခန္ဓသမာ ဒုက္ခာ" ခန္ဓာရတဲ့ ဒုက္ခထက် ကြီးတဲ့ ဒုက္ခ မရှိတော့ဘူးလို့ ဟောခဲ့တယ်။

"ဇာတိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ"။ ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဇာတိဓမ္မာနံ၊ ဖြစ်ခြင်းသဘော ရှိကြကုန်သော။သတ္တာနံ၊သတ္တဝါတို့အား။ဧဝံ၊ဤသို့။ ဣစ္ဆာ၊ အလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လာတယ်။

ဖြစ်နေတဲ့ သတ္တဝါတွေက အလိုဆန္ဒဘယ်လိုဖြစ်လာသလဲဆိုတော့—

"အဟောဝတ မယံ န ဇာတိဓမ္မာ အဿာမ၊ နစ ဝတ နော ဇာတိ အာဂစ္ဆေယျ"။မယံ၊ငါတို့သည်။ဇာတိဓမ္မာ၊ ဖြစ်ခြင်း သဘောတရားရှိသည်။ နအဿာမ၊ မဖြစ်ကြပါကုန် မူကား။

http://www.dhammadownload.com

အဟောဝတ၊ အော်ကောင်းလေစွ။ နော၊ငါတို့ဖ်။ သန္တိက်၊အယံ သို။ ဇာတိ၊ ဖြစ်ခြင်းသဘောတရားသည်။ ဝတ၊ စင်စစ်။ နဇအာ-ဂစ္ဆေယျ၊ မလာရောက်ပါမူကား။ အဟောဝတ၊ အော် ကောင်း လေစွ။ အော် မဖြစ်ရင်ကောင်းမှာဘဲ။

"နခေါ ပနေတံ ဇစ္ဆာယ ပတ္တဗ္ဗံ"ဟော်၊ ဤဖြစ်ခြင်းသဘော ရှိတဲ့သတ္တဝါတွေမှာ မဖြစ်ရင် ကောင်းမှာဘဲလို့ တောင့်တပြီးနေ အပ်တဲ့ ဇာတိမမွ မလာခြင်းကို။ ဣစ္ဆာယ၊ တောင့်တရုံဖြင့်။ န ပတ္တဗ္ဗံ၊ ရနိုင်တဲ့တရားမဟုတ်။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဝိညာဏ်,နာမ်,ရုပ် တွေဖြစ်တာကို မဖြစ်နဲ့လို့ တောင့်တလို့ ရပါ့မလား၊ (မရပါဘုရား)။

တံ၊ ထိုတောင့်တလို့ မရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲတဲ့ ဒုက္ခသစ္စာ။ ခုနက ဖြစ်ပျက်တဲ့အထဲမှာ ဒုက္ခသစ္စာကို မြင်ရအုံးမယ်၊အမျိုးကောင်း သားများ,အမျိုးကောင်းသမီးများ ဒီဒုက္ခသစ္စာကို မမြင်ဘဲနဲ့ ဖြစ်ပျက် ပျောက်သွားရင် မှုဒ္ဓသတိတဲ့၊ သတိလွတ်သွားတာ အမျိုးကောင်းသား တွေ,အမျိုးကောင်းသမီးတွေ မှတ်မိပလား၊ (မှတ်မိပါတယ်ဘုရား)။

အဲသလို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဒီသင်္ခါရတရား တွေသည် ဒုက္ခလို့ သူ့ကို ရှုပေးရမယ်၊ အသုဘ, အနိစ္စ,ဒုက္ခ ဟုတ္တာ အဘာဝတော၊ ဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ကုန်ပျောက်သွားတယ်၊ ဒီ သင်္ခါရသဘောတရားကို အတ္တအနေအားဖြင့်ကော ရှုလို့ရမလား၊(မရ ပါဘုရား)။

ဘာဖြစ်လို့လဲ၊ မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ မရှိတော့ဘူး လို့ဆိုတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို ငါ၏ဥစ္စာကလေးပါ, ငါဖြစ်ပါတယ် လို့ စွဲလမ်းခြင်းငှါ သင့်မလား မသင့်ဘူးလား၊ (မသင့်ပါဘုရား)။

ရှိရဲ့လား၊ အတ္တကလေး (မရှိပါဘုရား)၊ အတ္တမရှိဘူးတဲ့။

ဘာရှိသလဲ၊ အနတ္တသာလျှင် ရှိတယ်၊ အစိုးမရတဲ့ သဘော အနတ္တ သာလျှင် ရှိတယ်နော်၊ အဲဒါကြောင့် ပါဠိတော်က ဘယ်လိုပြလဲ၊ ရှုတဲ့ နေရာမှာ သုဘခုံဝသုခတ္တဲ့တာ၊ တင့်တယ်,မြဲစွာ,ချမ်းသာ,စိုးရတယ် ဆိုတဲ့ သဘောမှ၊ သုညံ၊မရှိလုံးလုံး ဆိတ်သုဉ်းတယ်ဟူ၍။ ဒဋ္ဌဗ္ဗံ၊ရှုရမယ်။

http://www.dhammadownload.com

တို့ဟာဖြင့် မဖြစ်ခင်ကလဲ မရှိဘူး၊ဖြစ်ပြီးတော့လဲ မရှိဘူး၊တင့်တယ်တယ်, မြဲတယ်, အစိုးရတယ်, ချမ်းသာတယ်ဆိုတာတွေ မရှိဘူးဆိုရင် ဒီသင်္ခါရတရားတွေဟာ ဘယ်လိုဖြစ်လာတာလဲ၊ ဟေတုဝဋ္ဋတော၊ အကြောင်းတိုက်ဆိုင်မှုသာ လျှင် ဖြစ်ပေါ်လာတဲ့ သင်္ခါရတရားတို့ဟူ၍။ ဒဋ္ဌဗွံ၊ ရှုရမယ်တဲ့။

ဥဒယဗ္ဗယဉာဏ်နှစ်မျိုး

ဥဒယဗ္ဗယဉာဏ်နှစ်မျိုး၊ ဥဒယဗ္ဗယဉာဏ် ဘယ်နှစ်မျိုးလဲ၊ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ (နှစ်မျိုးပါဘုရား)။

(၁) ပစ္စယတော ဥဒယဗ္ဗယဉာဏ်ဆိုတာ တမျိုး။

(၂) ခဏတော ဥဒယဗ္ဗယဉာဏ်ဆိုတာက တမျိုး။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)။

ပစ္စယတော ဥဒယဗ္ဗယဉာဏ်ဆိုတာ ခဏထားဦး၊ ခု-ဘုန်းကြီးဟောနေတာက ခဏတော ဥဒယဗ္ဗယဉာဏ်ကို ဟောတာ။

သင်္ခါရဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သဘောတရားတွေသည် အခု ဖြစ်ပေါ်လာတယ်၊ အခု ပျောက်သွားတယ်၊ အဲဒါ ခဏတော ဥဒယဝယဉာဏ်လို့ ခေါ်တယ်။

ခဏတိုင်း "ဒိပ္ပဇာလံဝိယ နဒီသောတောဝိယ"ဆိုတဲ့အတိုင်း ခဏခဏဖြစ်၊ ခဏခဏပျောက်နေလို့ ဒါကို ခဏတော ဥဒယဝယဉာဏ်လို့ ခေါ်တယ်၊ ပစ္စယတော ဥဒယဝယဉာဏ်ဆိုတာက ဘယ်လိုလဲ။

"အဝိဇ္ဇာ သမုဒယာ ရူပသမုဒယော၊ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ"။

(၁) အဝိဇ္ဇာသမုဒယာ ရူပသမုဒယော-ဒါကပစ္စယတော ဥဒယဉာဏ်။

(၂) အဝိဇ္ဇာနိရောဓာ ရူပနိရောဓော-ဒါကပစ္စယတော ဝယဉာဏ်။

"တဏှာသမုဒယာ ရူပသမုဒယော ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ"။

"ကမ္မ ပစ္စယာ ရူပသမုဒယော ပစ္စယာသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ"။

http://www.dhammadownload.com

''အာဟာရသမုဒယာ ရူပသမုဒယော ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ''။ (အဲဒါက ရူပက္ခန္ဓာဥဒယဖြစ်ပုံ)။

''နာမရူပသမုဒယာ ဝိညာဏသမုဒယော ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ''။ (အဲဒါက ဝိညာဏက္ခန္ဓာဥဒယဖြစ်ပုံ)။

အဲဒီလိုပြတယ်၊ ဟိုကျတော့ အာဟာရသမုဒယ မဟုတ်ဘူး၊ နာမ်ခန္ဓာသုံးပါးကျတော့-

''ဖဿ သမုဒယာ ဝေဒနာသမုဒယော၊ ဖဿ သမုဒယာ သညာသမုဒယော၊ ဖဿ သမုဒယာ သင်္ခါရ သမုဒယော''။

ဆိုပြီးတော့ ဒီလိုပြတယ်၊ အဲဒီလို အကြောင်းနဲ့အကျိုးကို ပိုင်းခြား သိမ်းဆည်းပြီးတော့ မြင်တဲ့ ဥဒယဝယဉာဏ်မျိုး, ပဋိစ္စသမုပ္ပါဒ်မှာလာတဲ့ အကြောင်းအကျိုးကို သိမ်းဆည်းပြီးတော့ မြင်တဲ့ ဥဒယဝယဉာဏ်မျိုးကျတော့ ပစ္စယတော ဥဒယဝယဉာဏ်လို့ ခေါ်တယ်၊ အခု ဘုန်းကြီးပြနေတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို ရှုပါတဲ့။

''ဒဋ္ဌဗ္ဗသင်္ခတာ ပုဗ္ဗာ ပရန္တေသု ဝိဝိတ္တတော သုဘာ မုဝ သုခတ္တ တာ သုညတော ဟေတုဝုတ္တိတော''ဆိုတဲ့ ဥဒယဝယဉာဏ်ရှုပုံက ခဏတော ဥဒယဝယဉာဏ်၊ ခဏတိုင်း ခဏတိုင်း ပျက်တယ်၊အဲဒီ ခဏတော ဥဒယဝယဉာဏ်နဲ့ ထိုဝိပဿနာဉာဏ်ရှုကွက် အမှန်ကို ကေန်မုချ ရှုနိုင်ကြပါစေကုန်သတည်း၊ ကိုင်း-သင်္ခါရဝသုတ္တန် တတိယပိုင်းကို ဆက်ဟောကြစို့။

သိပြီးလျှင် မကြာထင်စွာ သိနိုင်တဲ့ ပညာရှိပုဂ္ဂိုလ်အပေါင်းတို့သည် တရားနာရင်း ဉာဏ်ပွင့်ရှင်း၍ ထင်လင်းမသွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု–သာဓု–သာဓု)

ပဉ္စမည ဝိပဿနာအလုပ်ပေး

တရားတော် ပြီး၏။

http://www.dhammadownload.com

သင်္ဂါရဝသုတ္တန်တရားတော် တတိယပိုင်း

တရားငါးမျိုးလွှမ်းလျှင် ဉာဏ်မထင်

ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် အခါမှာ သင်္ဂါရဝပုဏ္ဏားကြီးက ဒိုရှင်ဂေါတမ....တဲ့၊ တခါတရံမှာ ရှည်မြင့်စွာသော ကာလပတ်လုံး ရွတ်အံသရဇ္ဈာယ်ခြင်းကို ပြုပေမဲ့ ဗေဒင်အတတ်ပညာများဟာ ဉာဏ်ထဲမှာ မထင်ရှားပါဘူး၊ တခါတရံမှာတော့ ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို မပြုပေမဲ့ ဗေဒင်အတတ်ပညာများဟာ ဉာဏ်ထဲမှာ ထင်ရှားလာပါတယ်၊ အဲဒါသည် ဘယ်အကြောင်း ဘယ်အထောက်အပံ့ကြောင့်ပါလဲလို့ လျှောက်တယ်၊ အဲဒီအခါမှာ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားက—

ကာမစ္ဆန္ဒ၊ဗျာပါဒ၊ထိနမိဒ္ဓ၊ဥဒ္ဓစ္စကုက္ကုစ္စ၊ဝိစိကိစ္ဆာ ခေါ်တဲ့ တရားငါးမျိုးလွှမ်းမိုး နှိပ်စက်ခြင်းကို ခံနေရတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရှည်မြင့်စွာသော ကာလပတ်လုံး ဗေဒင်ကို ရွတ်အံသရဇ္ဈာယ်ခြင်းအမှုကို ပြုပေမဲ့ စာပေကျမ်းဂန်ကို သင်အံသရဇ္ဈာယ်ခြင်း အမှုကို ပြုပေမဲ့ ဝိပဿနာဘာဝနာ တရားကို ပွားများအားထုတ်ခြင်း အမှုကို ပြုပေမဲ့ ဉာဏ်ထဲမှာ ဝိပဿနာ အသိဉာဏ်တွေ၊ စာပေအသိဉာဏ်တွေ၊ ဗေဒင်အသိဉာဏ်တွေဟာ ဉာဏ်မှာ မထင်ရှားနိုင်ဘူးတဲ့၊

ဘာဖြစ်လို့လဲ ရေခွက်ထဲမှာ ချိပ်ရေတွေ ဆိုးထားမယ်၊ ရေခွက်ကမီးပူတော့ ပွက်ပွက်ဆူနေမယ်၊ အဲဒီရေခွက်ထဲမှာ မှော်တွေ ရေညှိတွေဖုံးလွှမ်းနေမယ်၊ အဲဒီရေခွက်က လေတိုက်လို့လှုပ်ပြီးတော့ လှိုင်းတံပိုးတွေ ထနေမယ်၊အဲဒီရေခွက်က ရွှံ့နှစ်တွေနဲ့ နောက်နေပြီး မှောင်ထဲမှာ ထားမယ်ဆိုရင် အခုပြောခဲ့တဲ့ ရေခွက်ငါးမျိုးထဲမှာ မျက်စိအမြင်ရှိတဲ့ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများသည် မိမိတို့ရဲ့ မျက်နှာရိပ်ကို ကြည်လင်ပြတ်သားစွာ မမြင်ရသလို—

(၁) ကာမရာဂဆိုတဲ့ ကာမဂုဏ်တွေကို ကြံစီအားထုတ်ခြင်း များနေမယ်ဆိုရင်၊

http://www.dhammadownload.com

(၂) ဗျာပါဒဆိုတဲ့ ဒေါသအမျက်တွေ ချောင်းချောင်းထွက်နေမယ်ဆိုရင်၊
(၃) ထိန,မိဒ္ဓဆိုတဲ့ အိပ်ချင်ခြင်း ငိုက်မျည်းခြင်းအမှုတွေ များနေမယ်ဆိုရင်၊
(၄) ဥဒ္ဓစ္စ,ကုက္ကုစ္စဆိုတဲ့ စိတ်ထဲမှာ မငြိမ်းချမ်းမှုတွေ မဧချမ်းမှုတွေ, ပြန့်လွင့်မှုတွေ များနေမယ်ဆိုရင်၊
(၅) ဝိစိကိစ္ဆာဆိုတဲ့ သို့လောသို့လော တွေးတောယုံမှားခြင်းတွေ များနေမယ်ဆိုရင်—

ယိုပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ဟာ ဝိပဿနာပညာတွေ လောက စာပေ အတတ်ပညာတွေ ပြီးတော့ ပုဏ္ဏားကြီးလျှောက်တဲ့ ဗေဒင်မန္တန် အတတ်ပညာတွေဟာ ဉာဏ်ထဲမှာ မထင်ရှားတော့ဘူးတဲ့၊ မိမိမျက်နှာရိပ်ကို ဟုတ်တိုင်းမှန်စွာ မမြင်ရသလိုဘဲတဲ့။

တရားငါးမျိုးကင်းလျှင်ဉာဏ်မှာထင်

အကြင်အခါမှာ ကာမရာဂ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ တရား ၅-မျိုးတို့ ကင်းနေမယ်ဆိုရင် ထိုအခါ၌ ထိုအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများတို့ရဲ့ ဉာဏ်မှာ ဝိပဿနာအသိဉာဏ်တွေလဲ ထင်ရှားမယ်၊ စာပေအသိဉာဏ်တွေလဲ ထင်ရှားမယ်၊ ပြီးတော့ ဗေဒင်အတတ်ပညာ အသိဉာဏ်တွေလဲ ထင်ရှားမယ်။

ဥပမာ ဘယ်လိုလဲ ရေခွက်ထဲမှာ ရေကိုအပြည့်ထည့်ထားပြီးတော့ ကြည့်မယ်ဆိုရင် အဲဒီရေခွက်က ချိပ်ရေတွေ, မဲနယ်ရေတွေ ဆိုးမထားဘူး ကြည်လင်နေတယ်၊ ရေခွက်က အောက်ကမီးထိုးထားတာ မဟုတ်လို့ ရေခွက်ကဆူပွက်ပြီးမနေဘူး၊ တည်ငြိမ်သောရေရှိနေတယ်၊ ရေခွက်ထဲမှာ မှော်တွေ, ရေညှိတွေလဲ ဖုံးလွှမ်းမထားဘူး၊ တည်တည်ငြိမ်ငြိမ်ရှိနေတယ်၊ အဲဒီရေခွက်က လေလဲမတိုက်ဘူးဆိုရင် ရေခွက်က ရေကြည်လင်နေမယ်ဆိုရင် ဒီရေခွက်ထဲမှာ အင်မတန်ကြည်လင်ပြီးတော့ အလင်းရောင်အောက်မှာ ဒီရေခွက်ကို ချထားရင် မိမိရဲ့ မျက်နှာရိပ်ကို ဟုတ်တိုင်းမှန်စွာ မြင်ရသလို အကြင်အခါ၌—

(၁) ကာမရာဂတွေ ကင်းမယ်၊
(၂) ဗျာပါဒတွေ ကင်းမယ်၊

http://www.dhammadownload.com

(၃) ထိနမိဒ္ဓတွေ ကင်းမယ်၊
(၄) ဥဒ္ဓစ္စကုက္ကုစ္စတွေ ကင်းမယ်၊
(၅) ဝိစိကိစ္ဆာတွေ ကင်းမယ်–

ဆိုရင် အသိဉာဏ်ထဲမှာ ရွတ်အံသရဇ္ဈာယ်ခြင်းအမှု ကြိုးစားပွား များခြင်းကို မပြုပေမဲ့ ဝိပဿနာ အသိဉာဏ်တွေ,စာပေအသိဉာဏ်တွေ, ဗေဒင်အသိဉာဏ်တွေ ဉာဏ်ထဲမှာ ထင်ရှားပါလိမ့်မယ်လို့ ဘုန်းတော် သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက ဤကဲ့သို့ ဖြေတော်မူတယ်။

ဗောဇ္ဈင်ပွားမှ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရ

အဲဒီလိုဖြေပြီးနောက် ဘယ်လိုဟောသလဲဆိုတော့–

"သတ္တိမေ ဗြာဟ္မဏ ဗောဇ္ဈင်္ဂါ အနာဝရဏာ အနီဝရဏာ စေတသော အနုပက္ကိလေသာ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ"။

လို့တတိယပိုင်းမှာ ဒီလိုဟောတယ်။

ဗြာဟ္မဏ၊ သင်္ဂါရဝ နာမထင်ရှား အိုပုဏ္ဏား။ သတ္တ၊ ခုနစ် ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင် အကျင့်တရားတို့ သည်။ အနာဝရဏာ၊ အပိတ်အပင်တရားတို့ မဟုတ်ကုန်။ အနီဝရဏာ၊ ပိတ်ဆို့ထားတဲ့ တရားတို့မဟုတ်ကုန်။ စေတသော၊ ဝိပဿနာစိတ်၏။ အနုပက္ကိလေသာ၊ ညစ်နွမ်းကြောင်းဖြစ်တဲ့ တရားတို့မဟုတ်ကုန်၊ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမေဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တရား အကျင့်များကို။ ဘာဝိတာ၊ မိမိသန္တာန်မှာ ဖြစ်စေမယ်ဆိုရင်။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာ ပြုလုပ်မယ်ဆိုရင်။ ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ၊ ဝိဇ္ဇာဆိုတဲ့ မဂ်ဉာဏ်, ဝိမုတ္တိဆိုတဲ့ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ကောင်းစွာမသွေ ဖြစ်ပါပေကုန်၏။

သင်္ဂါရဝပုဏ္ဏားကြီးတဲ့၊ သတိ,ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင်ခေါ်တဲ့ ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရား

http://www.dhammadownload.com

သည်ကား လို့ဆိုရင် မိမိရဲ့အသိဉာဏ်ကို ဝိပဿနာစိတ်ကို ဝိတ်ပင်ထားတဲ့ တရားမဟုတ်ဘူးတဲ့၊ဖုံးလွှမ်းထားတဲ့ တရားမဟုတ်ဘူးတဲ့၊"စေတသော အနုပက္ကိလေသော" ဝိပဿနာစိတ်၏ ညစ်နွမ်းကြောင်းတရား မဟုတ်ဘူးတဲ့။

ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားဟာ အဲဒီဗောဇ္ဈင်ခုနစ်ပါး စိတ်ရဲ့ညစ်နွမ်းကြောင်းမဟုတ်တဲ့ အပိတ်အပင် အဖုံးမဟုတ်တဲ့ ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားကို ကြိုးစားပြီးတော့ ပွားများရင် အားလုတ်ရင် သင်သည် ဝိဇ္ဇာဝိမုတ္တိလို့ခေါ်တဲ့ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်မယ်တဲ့။

ဘာပြုလို့ဗောဇ္ဈင်လို့ခေါ်တာလဲ

ဗောဇ္ဈင် ဗောဇ္ဈင်နဲ့ ဘာပြုလို့ဗောဇ္ဈင်လို့ ခေါ်တာလဲ။ ဟောပါဠိတော်တခုထပ်လာခဲ့၊ဘုန်းကြီးတို့ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာဘိက္ခုသုတ္တန်ဆိုတာမှာ—

"ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ ဘန္တေ ဝုစ္စန္တိ ကိတ္တာဝတာနုခေါ ဘန္တေ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ"။

ဘန္တေ၊ ရှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ၊ ဗောဇ္ဈင် ဗောဇ္ဈင်တို့ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဆိုနေကြပါကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ကိတ္တာဝတာ၊ အဘယ်မျှဖြင့်။ ဝေါ၊ အဘယ်အကြောင်းကြောင့်။ ဗောဇ္ဈာင်္ဂါတိ၊ ဗောဇ္ဈင်တို့ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဆိုကြပါကုန်သနည်း။

အဓိပ္ပါယ်က ဘာပြောဒါလဲဆိုတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားတဲ့၊ ရဟန်းတပါးက မြတ်စွာဘုရားကို လျှောက်တယ်၊ဗောဇ္ဈင်တရား ဗောဇ္ဈင်တရားနဲ့ ပြောကြပါတယ်၊ ဗောဇ္ဈင်တရားဆိုတာ ဘာကြောင့် ဗောဇ္ဈင်လို့ ခေါ်ဆိုပါသလဲဘုရားတဲ့၊ အဲဒီတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက—

"ဗောဓာယ သံဝတ္တန္တီတိ ခေါ ဘိက္ခု၊ တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ"။

http://www.dhammadownload.com

ဘိက္ခု၊ ဗောဇ္ဈင်ကိုသိလိုရေးကြောင့် မေးလျှောက်လာပြီး ဒိုချစ်သားရဟန်း။ ဗောဓာယ၊ မဂ်ဉာဏ်ကို ရခြင်း၏။ အင်္ဂါ၊ အကြောင်းအင်္ဂါတို့ပေတည်း။ (တနည်းအားဖြင့်) ဗောဓာယ၊ သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းကောင်းကြီး ဖြစ်ကုန်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ဗောဇ္ဈင်္ဂါတိ၊ ဗောဇ္ဈင်တို့ဟူ၍၊ ဝုစ္စန္တိ၊ ခေါ်ဆိုကြကုန်၏။

ချစ်သားရဟန်း····ဤသတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဆိုတဲ့ ဒီတရားခုနစ်လုံးကို ဗောဇ္ဈင်တရားလို့ ခေါ်တယ်။

အဲဒီအထဲမှာ သတိကို ဘာပြုလို့ ဗောဇ္ဈင်ခေါ်သလဲလို့ဆိုရင် အဲဒီ သတိသည် သစ္စာလေးပါးကို သိဘို့ရန်အကြောင်း ဖြစ်ပါသောကြောင့် သတိကို ဗောဇ္ဈင်လို့ ခေါ်တယ်။

ဓမ္မဝိစယလို့ ခေါ်တဲ့ ပညိန္ဒြေစေတသိက် ပညာကို ဘာကြောင့် ဗောဇ္ဈင်ခေါ်သလဲလို့ မေးရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပါသောကြောင့် ဗောဇ္ဈင်လို့ခေါ်သည်၊ သစ္စာလေးပါးကို သိကြောင်းဖြစ်ပါသောကြောင့် ဗောဇ္ဈင်လို့ခေါ်သည်။

ဝီရိယ,သမာဓိ,ဥပေက္ခာဆိုတဲ့ တရားတွေကို ဗောဇ္ဈင်လို့ ဘာကြောင့် ခေါ်ပါသလဲလို့ဆိုတော့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ် ဖြစ်ပါသောကြောင့် သစ္စာလေးပါးကို သိဘို့ရန်အတွက် အကြောင်းအင်္ဂါ အစိတ်အပိုင်း ဖြစ်ပါသောကြောင့် ဗောဇ္ဈင်လို့ ခေါ်ပါတယ်။

အဲဒီဗောဇ္ဈင်တရား ပွားများရေးမှာ ဗောဇ္ဈင်ပွားများရေးနဲ့ ပတ်သက်လို့ ခုနစ်ပါးလုံး ပြည့်အောင်တော့ ပြောနိုင်ဘို့ရန် အချိန်မရတော့တဲ့ အတွက် ကျားကူးဓမ္မဝိမာန်မှာ ဟောထားတဲ့ ဗောဇ္ဈင်အကျယ်ကိုဘဲ နာယူကြပါတော့၊ ဒီသုတ္တန်ကိုလဲ ၃-ညနဲ့ နိဂုံးချုပ်ရမှာ ဖြစ်ပါတယ်၊ အရေးကြီးတဲ့ သမ္ဗောဇ္ဈင် အနည်းငယ်မျှကိုဘဲ ဟောကြပါစို့ရဲ့။

သတိသမ္ဗောဇ္ဈင်နဲ့ပင် မဂ်ဖိုလ်ဝင်နိုင်ခြင်း

ကဲ-ခုနပြောခဲ့တဲ့ သတိသမ္ဗောဇ္ဈင်ကို သင်္ဂါရဝသုတ္တန် ပါဠိတော် မူရင်းမှာ ဘယ်လိုရှိသလဲ။

http://www.dhammadownload.com

''သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ပြာဟ္မဏာ အနာဝရဏော အနီဝရဏော စေတသော အနုပက္ကိလေသော ဘာဝိတော ဗဟုလီကတော ဝိဇ္ဇာဝိမုတ္တိ ဖလသစ္ဆိကိရိယာယ သံဝတ္တတိ''။

ပြာဟ္မဏ၊ သင်္ဂါရဝ နာမထင်ရှား အိုပုဏ္ဏား။ အနာဝရဏော၊ အပိတ်အပင် မဟုတ်သော။ အနီဝရဏော၊ ပိတ်ဖုံးထားတဲ့ တရားမဟုတ်သော။ စေတသော၊ စိတ်၏။ အနုပက္ကိလေသော၊ ညစ်နွမ်းကြောင်းမဟုတ်သော။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝိတော၊မိမိသန္တာန်၌ ဖြစ်စေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိ ဖလသစ္ဆိကိရိယာယ၊မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုအာရုံပြုနိုင် မျက်မှောက်ပြုနိုင်ခြင်းအကျိုးငှါ။သံဝတ္တတိ၊ ကောင်းကောင်းကြီးဖြစ်၏။

သတိသမ္ဗောဇ္ဈင် ဖြစ်ပုံကိုတော့ ဘုန်းကြီး နောက်ပိုင်းက တော်တော်လေးပြောခဲ့ပြီးပြီ၊ ဒါပေမဲ့ သတိသမ္ဗောဇ္ဈင်ဖြစ်ပုံကို ပါဠိတော်တခုက ဘယ်လိုပြလဲ၊ ထိုပါဠိတော်ကို ခု-ထပ်ပြောရအောင်—

သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား

''အတ္ထိ ဘိက္ခဝေ သတိသမ္ဗောဇ္ဈင်္ဂဋ္ဌာနိယာ ဓမ္မာ၊ တတ္ထ ယောနိသောမနသိကာရ ဗဟုလီကာရော အယမာဟာရော အနုပ္ပန္နဿ ဝါ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ ဥပ္ပန္နဿဝါ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိယာ''။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ သတိသမ္ဗောဇ္ဈင်ဖြစ်တယ်ဆိုတာဟာ သူ့ဘာသာသူလာဖြစ်တာလား မဟုတ်ဘူး၊ သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ပါဠိတော်မှုနဲ့ ဘယ်လို ပြသလဲလို့ဆိုတော့—

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သတိသမ္ဗော-ဇ္ဈင်္ဂဋ္ဌာနိယာ၊နောက်နောက်သော သတိသမ္ဗောဇ္ဈင်၏ တည်ရာအကြောင်း ဖြစ်ကုန်သော။ ဓမ္မာ၊ ရှေးရှေးသော သတိသမ္ဗော-ဇ္ဈင်တရားတို့သည်။ အတ္ထိ၊ရှိကုန်၏၊

နောက်နောက်သော သတိသမ္ဗောဇ္ဈင်တို့ရဲ့ တည်ရာဖြစ်တဲ့ ရှေးရှေးသော သတိသမ္ဗောဇ္ဈင်ဖြစ်တဲ့ သတိသမ္ဗောဇ္ဈင်၏တည်ရာ သတိရဲ့ တည်ရာတရား၊ သတိရဲ့တည်ရာတရားဆိုတာ ဘာလဲ၊ သတိယေဝ၊ သတိပင်လျှင်။ ဌာနိယာ၊ တည်ရာဘဲတဲ့။ သတိပင်လျှင် အဲဒီ သတိရဲ့တည်ရာ၊ ဘယ်သတိလဲ၊ နောက်နောက်သော သတိသမ္ဗောဇ္ဈင်၏ တည်ရာသည် ရှေးရှေးသော သတိသမ္ဗောဇ္ဈင်ရဲ့ ဖြစ်ကြောင်းဖြစ်တဲ့ သတိသမ္ဗောဇ္ဈင်ရဲ့ တည်ရာတရား။

တတ္ထ၊သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားတို့၌။ယောနိသော မနသိကာရဗဟုလီကာရော၊အသင့်အတင့်အားဖြင့် အလိုရှိအပ်သော အကျိုးကို ပြီးစေသော အနေအားဖြင့် အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းမှုကို အလေ့အလာ ပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ဤကဲ့သို့ သတိသမ္ဗောဇ္ဈင်၏ အကြောင်းတရား၌ အလေ့အလာပြုခြင်းကို အဖန်ဖန် ပြုလုပ် အားထုတ်ခြင်းသည်။ အနုပ္ပန္နဿ၊မဖြစ်ပေါ်သေးသော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ဖြစ်ပေါ်လာခြင်းငှါရင်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏၊ဘိယျော ဘာဝါယ၊တိုးပွားစေခြင်း အကျိုးငှါရင်း။ ဝေပုလ္လာယဝါ၊ ပြန့်ပြောခြင်းငှါရင်း။ ဘာဝနာယ၊ဖြစ်စေခြင်း,ပွားစေခြင်း၏။ ပါရိပူရိယာဝါ၊ပြည့်စုံလုံလောက်ခြင်းငှါရင်း။အာဟာရော၊အကြောင်း အထောက်အပံ့ပါပေတည်း။ (ဝေပုလ္လာယဝါ၊ ပြန့်ပြောခြင်းငှါသော်ရင်း။ ဘာဝနာယ၊ဖြစ်စေခြင်း,ပွားစေခြင်း၏။ ပါရိပူရိယာဝါ၊ပြည့်စုံလုံလောက်ခြင်းငှါသော်ရင်း။အာဟာရော၊အကြောင်း အထောက်အပံ့ပါပေတည်း။)

ဒါ ပါဠိတော်နည်း၊အဓိပ္ပါယ်အကျယ်တော့ဖြင့် သိပ်မပြောနိုင်ဘူး၊ တခုကခု ငါးမိနစ်လောက်နဲ့ပြီးအောင် ပြောရမှာဘဲ၊ ကိုင်းရှေ့သွားမယ်နော်။

http://www.dhammadownload.com

သတိသမ္မောဇ္ဈင်ဖြစ်ကြောင်း ၄-ပါး

"အပိစ စတ္တာရော ဓမ္မာ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ"။

အပရော၊ပါဠိတော်နည်းမှ တပါးသော။ နယော၊ အဋ္ဌကထာနည်းကို။ ဒေသိယတော၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေကို ဟောကြားဦးအံ့။ ၊ပါဠိတော်နည်းပြီးတော့ အဋ္ဌကထာနည်းကိုဟောဦးမယ်၊ ဘယ်လိုလဲ အဋ္ဌကထာနည်းက သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဟာ ၄-ပါးရှိတယ်၊ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း သေသေချာချာမှတ်ထား၊ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း အဋ္ဌကထာမှာ ၄-ပါးလာရှိတယ်။

စတ္တာရော၊လေးပါးကုန်သော။ ဓမ္မာ၊တရားတို့သည်။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္မောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။

ဘယ်သူတွေလဲဆိုတော့—

(၁) သတိသမ္ပဇညတာ၊
(၂) မုဋ္ဌဿတိပုဂ္ဂလပရိဝဇ္ဇနတာ၊
(၃) ဥပဋ္ဌိတဿတိပုဂ္ဂလသေဝနတာ၊
(၄) တဒဓိမုတ္တတာ-အဲဒီ ၄-ခု။

သမ္ပဇာနကာရီဖြစ်ပုံ ၇-ဌာန

သတိသမ္ပဇညတာ-ဆိုတာ ဘာလဲ။

"အဘိက္ကန္တာဒီသု သတ္တသု ဌာနေသု သတိသမ္ပဇညေန"။

(၁) အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။
(၂) အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။
(၃) သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။
(၄) သင်္ဃာဋိ ပတ္တစီဝရ ဓာရဏေ သမ္ပဇာနကာရီ ဟောတိ။

http://www.dhammadownload.com

(၅) အသိတေ ဖိတေ ဒါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။
(၆) ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။
(၇) ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။

အဲဒီ ခုနစ်ဌာန၊ အဲဒီ ခုနစ်ဌာနမှာ သမ္ပဇာနကာရီ ဖြစ်ပုံကို ဘုန်းကြီးပြောမယ်၊ "သမိဉ္ဇိတေ-ပသာရိတေ-သမ္ပဇာနကာရီ ဟောတိ" ဆိုကြပါစို့၊ ကွေးလိုက်တဲ့အခါ, ဆန့်လိုက်တဲ့အခါမှာ သမ္ပဇာနကာရီ ဖြစ်အောင် ဘယ်လိုကွေးရ ဆန့်ရမလဲ၊ သံရှေး-ပရှေးရှိ ဉာဏ်တ်က ကွဲကွဲပြားပြား သိပြီးတော့မှဘဲ ကွေးရမယ်လို့ ဒီလိုဆိုတယ်၊ ကွေးဟာ ကို ကွေးတယ်လို့ သိရုံကလေးနဲ့ ကိစ္စမပြီးဘူး။

သံရှေး-ပရှေးရှိသော ဉာဏ်တ်က ကွဲကွဲပြားပြားနဲ့ ကောင်းစွာ သိရမယ်တဲ့၊ အဲတာမှ သမ္ပဇာနကာရီဖြစ်မယ်၊ ဘယ်လို ကွဲကွဲပြားပြား သိရမလဲ၊ဆန့်ထားတဲ့ရုပ်ကို ဝါယောလေဓာတ် ရုပ်ပရမတ်တရားတွေက ဆန့်တဲ့ရုပ် ပျောက်ပျက်မသွားအောင် သူကထောက်ပံ့ထားတယ်၊ အဲဒီ ထောက်ပံ့တွန်းကန်ထားတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်သည် ကွေး လိုက်တဲ့အခါကျတော့ ရှိသေးလား၊ မရှိတော့ဘူးလား (မရှိပါဘုရား)။

ဘယ်ရောက်သွားလဲ၊ (ပျောက်သွားပါတယ်ဘုရား)။

မြဲလို့ပျောက်တာလား၊ မမြဲလို့ပျောက်တာလား၊ (မမြဲလို့ပျောက် တာပါဘုရား)။

အနိစ္စ....ဒီလို ကွဲကွဲပြားပြားသိတယ်၊ကွေးတဲ့အမှုအရာပျောက်သွား ပြီး ဆန့်တဲ့အမှုအရာ ဖြစ်လာတော့ ဆန့်တဲ့ရုပ်အမှုအရာကို ထောက်ပံ့ ထားတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ် ဖြစ်နေသလား၊ ဖြစ်မနေဘူး လား၊ (ဖြစ်နေပါတယ်ဘုရား)၊ ဆန့်တဲ့ခန္ဓာရလာပြီ။

"ခန္ဓာနံ ပဝိလာဘော" ဒုက္ခ၊ ဒုက္ခလား သုခလား၊ (ဒုက္ခပါဘုရား)၊ ဇာတိပိ ဒုက္ခာ။

ဆန့်ထားတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ် အမှုအရာတွေဟာ တရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ဘက် ကွေးတဲ့ဘက်ကို ပြောင်းလာသ လား၊ ပြောင်းမလာဘူးလား၊ (ပြောင်းလာပါတယ်ဘုရား)။

http://www.dhammadownload.com

ဝိပရိဏာမ ဘယ်နှစ်ချက်လဲသုံးချက်၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ လို့ အဲဒီ အချက်သုံးချက်ကို ဉာဏ်ထဲမှာ ကွဲကွဲပြားပြားနဲ့ ရှုပြီးတော့ ကွေးတယ်ဆန့်တယ်''သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ'' သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းတခု။

သတိလွတ်နေတဲ့ ပုဂ္ဂိုလ်များကိုရှောင်

ရှေ့တခါသွားမယ် ''မုဋ္ဌဿတိပုဂ္ဂလပရိဝဇ္ဇနတာ''ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ သတိလွတ်နေတဲ့ပုဂ္ဂိုလ်များကိုရှောင်ကြဉ်ရမယ်လို့ဆိုတာ ဘယ်လိုလဲ၊ထမင်းတွေ စွန့်ပစ်ထားတဲ့ နေရာမှာ ကျီးတွေတရုံးရုံးဖြစ်နေ သလို အင်မတန်မေ့လျော့တတ်တဲ့ ပုဂ္ဂိုလ်များကို ဝေးဝေးကရှောင်ကြဉ် ပေးရမယ်၊ဒါသတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း အဋ္ဌကထာနည်း။

သတိရှိတဲ့ပုဂ္ဂိုလ်ကိုမှီဝဲပါ

''ဥပဋ္ဌိတဿတိပုဂ္ဂလသေဝနတာ'' ဆိုတာဟာ ထင်သောသတိရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲရမယ်၊ ဆည်းကပ်ရမယ်၊ ဘယ်ပုဂ္ဂိုလ်လဲ ဘာသာပေါင်း တဆယ့်ရှစ်ဘာသာနဲ့ တရားဟောနိုင်တဲ့ အဘယမထေရ်, တိဿဒတ္တ မထေရ်တို့ဆိုတဲ့ အဲဒီ မထေရ်မျိုးလို ပါဠိတွေခပ်များများ ရွတ်နိုင်တဲ့ ပုဂ္ဂိုလ် ဘာသာပေါင်းမြောက်မြားစွာနဲ့ တရားဟောနိုင်တဲ့ ဘုန်းကြီး တို့ဆရာ အင်္ဂလန်ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သေဋ္ဌိလတို့လိုပုဂ္ဂိုလ် မျိုးတွေပေါ့လေ၊ အဲဒီ ပုဂ္ဂိုလ်မျိုးတွေကို နာနာမှီဝဲပေးရမယ်။

အဲဒီအကြောင်းနဲ့ပတ်သက်လို့ ဒီကနေ့ ဘုန်းကြီးတို့ဆရာ ဆရာတော် အရှင်သေဋ္ဌိလနဲ့ တွေ့တော့ ''ဝိပဿနာတရားတွေ ချည်းဘဲ သိပ်မဟောပါနဲ့တဲ့၊လူတွေကိုယ်ကျင့်တရားပျက်နေလို့ ကိုယ်ကျင့်တရားလဲ ဟောပေးပါဦး''ဆိုပြီး ဩဝါဒပေးတော်မူ လိုက်ပါတယ်၊ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ ဝိပဿနာတရား အားထုတ်မဲ့ပုဂ္ဂိုလ်များ ရှေးဦးစွာ ကိုယ်ကျင့် တရား ကောင်းအောင် လုပ်ကြဦးနော်၊ ကိုယ်ကျင့်တရား ကောင်းအောင် ဘာလုပ်ရမလဲ၊ မိမိနဲ့သူတပါး အပေါ်မှာ မတရားကာဂို မကျင့်ဖိအောင် ရှောင်ကြဉ်တဲ့အလေ့ကို လေ့ကျင့် ပေးတာကို သီလလို့ခေါ်တယ်၊ ကိုယ်ကျင့်တရားကို ဘုန်းကြီးလဲ

http://www.dhammadownload.com

ညတိုင်းညတိုင်း ပြောနေတာဘဲ၊ အဲသလို အမျိုးကောင်းသားတွေ့ အမျိုးကောင်းသမီးတွေ ဒါ''ဥပဋ္ဌိတဿတိပုဂ္ဂလသေဝနတာ''ထင်သော သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲပေးခြင်းဘဲ။

''တဒဓိမုတ္တတာ'' သွားတဲ့အခါ, ရပ်တဲ့အခါ, ထိုင်တဲ့အခါမှာ ခုနကွေးတဲ့ဆန့်တဲ့အခါ ဘယ်တော့မှ မလွတ်စေဘဲ သတိထဲမှာ စိတ်ကို စုန်းစုန်းမြုပ်မြုပ် ညွတ်ခြင်း,ကိုင်းခြင်း, ရှိုင်းခြင်းရှိတဲ့ အနေမျိုးဟာလဲ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဘဲ၊ အဲဒီလို အဋ္ဌကထာနည်း ၄-နည်း ရှိတယ်။

ဓမ္မဝိစယသမ္ဗောဇ္ဈင် မဂ်-ဖိုလ်မြင်

ဓမ္မဝိစယသမ္ဗောဇ္ဈင် သွားကြစို့ရဲ့၊ ဟို-သင်္ဂါရဝသုတ္တန် ပါဠိတော်ထဲမှာ ဘယ်လိုလဲ။

> ''ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါခေါ ဗြာဟ္မဏ အနာဝရဏော အနီဝရဏော စေတသော အနုပက္ကိလေသော ဘာဝိတော ဗဟုလီကတော ဝိဇ္ဇာဝိမုတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တတိ''။
>
> ဗြာဟ္မဏ၊သင်္ဂါရဝနာမထင်ရှား အိုပုဏ္ဏားအနာဝရဏော၊ အပိတ်အပင် မဟုတ်သော။ အနီဝရဏော၊ ပိတ်ဖုံးထားတဲ့ တရားမဟုတ်သော။ စေတသော၊ စိတ်ကို။ အနုပက္ကိလေသော။ ပြည်စ်နွမ်းစေတတ်သော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို။ ဘာဝိတော၊ မိမိသန္တာန်၌ ဖြစ်စေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာပွါးအပ်သည် ရှိသော်။ ဝိဇ္ဇာဝိမုတ္တိဖလ သစ္ဆိကိရိယာယ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ကို မျက်မှောက်ပြုခြင်းငှါ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

ပုဏ္ဏားကြီး....ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ခေါ်တဲ့ ပညာခေါ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ တရားသဘောတွေကို ကြည့်ရှုဝေဘန်ပြီးတော့ သိတဲ့ အသိဉာဏ်မျိုးကို ရနေတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ အပိတ်အပင် အဖုံးအကွယ်တရား မဟုတ်ဘူး၊ စိတ်ကို ညစ်နွမ်းစေတတ်တဲ့ တရားမဟုတ်ဘူးတဲ့၊ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို

http://www.dhammadownload.com

မိမိသန္တာန်မှာ ဖြစ်စေမယ်, ပွါးပေးမယ်ဆိုရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို အာရုံရနိုင်တယ် ပုဏ္ဏားကြီးတဲ့။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား

ကောင်းပြီ ပါဠိတော်တခုလာခဲ့၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ဘို့ တရားက ဘယ်လိုလဲ၊ ကိုင်း-ပါဠိတော်တခုက ဘယ်လိုလဲဆိုတော့။

''အတ္ထိ ဘိက္ခဝေ ကုသလာ ကုသလာ ဓမ္မာ၊ သာဝဇ္ဇာ နုဝဇ္ဇာ ဓမ္မာ ဟီန ပဏီတာ ဓမ္မာ၊ ကဏှသုက္ကသပ္ပဋိဘာဂါ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရဗဟုလီကာရောအယမာဟာရော အနုပ္ပန္နဿဝါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ ဥပ္ပန္နဿဝါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိယာ''။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့၊ကုသလာကုသလာဓမ္မာ၊ ကုသိုလ်, အကုသိုလ်တရားတို့သည်ရှင်း။ သာဝဇ္ဇာနဝဇ္ဇာဓမ္မာ၊ အပြစ်ရှိကုန်, အပြစ်မရှိကုန်သော တရားတို့သည်ရှင်း။ ဟီန ပဏီတာဓမ္မာ၊ယုတ်နိမ့်သောတရား, မြင့်မြတ်သောတရားတို့သည်ရှင်း။

ဘယ်လိုယုတ်နိမ့်တာလဲ၊ဘယ်လိုမြင့်မြတ်တာလဲ၊ အကုသိုလ်တရားနဲ့ ကုသိုလ်တရားသည် အကုသိုလ်တရားက ယုတ်နိမ့်သောတရား, ကုသိုလ်တရားက မြင့်မြတ်သောတရား၊ ကုသိုလ်တရားမှာလဲ ကာမာဝစရကုသိုလ်နဲ့ မဟဂ္ဂုတ်ကုသိုလ်နဲ့ စာရင် ကာမာဝစရကုသိုလ်က ယုတ်နိမ့်သောတရား,မဟဂ္ဂုတ်ကုသိုလ်က မြင့်မြတ်သောတရား၊မဟဂ္ဂုတ်ကုသိုလ်နဲ့ လောကုတ္တရာကုသိုလ်စာမယ်ဆိုရင် မဟဂ္ဂုတ်ကုသိုလ်က ယုတ်နိမ့်သောတရား, လောကုတ္တရာကုသိုလ်က မြင့်မြတ်သောတရား။

ကဏှသုက္ကသပ္ပဋိဘာဂါဓမ္မာ၊ မည်းညစ်ဖြူစင်သောအားဖြင့် ဆန့်ကျင်ဘက် တဘက် တရားစုတို့သည်ရှင်း။ အတ္ထိ၊ရှိကုန်၏။

http://www.dhammadownload.com

တတ္ထ၊ ထိုကုသိုလ်တရား အကုသိုလ်တရား, ယုတ်သောတရား မြတ်သောတရား, မည်းညစ်သောတရား,ဖြူစင်သောတရားတို့၌။ ယောနိသောမနသိကာရဗဟုလီကာရော၊ အကြောင်းမိမိ၏အလိုရှိအပ် တောင့်တအပ်သော အကျိုးကိုပြီးစေခြင်းဟု သိအပ်သော နှလုံးသွင်းခြင်းကို အကြိမ်များစွာ အလေ့အလာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။

အယံယောနိသော မနသိကာရ ဗဟုလီကာရော၊ ဤသို့အကြိမ်များစွာ နှလုံးသွင်းခြင်းအလေ့အလာပြုခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာရင်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏။ ဘိယျောဘာဝါယ၊ ပွားများစေခြင်းငှါရင်း၊ ဝေပုလ္လာယ၀ါ၊ ပြန့်ပြောခြင်းငှာရင်း။ ဘာဝနာယ၊ ဘာဝနာ၏။ ပါရိပူရိယာ၀ါ၊ ပြည့်စုံလုံလောက်ခြင်းငှာရင်း၊ အာဟာရော၊ အကြောင်း အထောက်အပံ့ပါပေတည်း။

အဓိပ္ပါယ်တော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိလောက်ပါပြီ၊ အဋ္ဌကထာနည်း သွားကြစို့ရဲ့။

ပရိပုစ္ဆာကထာဆိုတာဘာလဲ

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ဘို့ရန်အတွက် အဋ္ဌကထာနည်းက ၇-မျိုး တဲ့၊ အဓိပ္ပါယ် တခါထဲ ပြောသွားတော့မယ်။

(၁) ပရိပုစ္ဆာကထာ–ဆိုတာ ဘာတွေလဲ၊ နံပါတ်(၁)က ခန္ဓာ, အာယတန,ဓာတု,ဣန္ဒြိယ,ဗောဇ္ဈင်္ဂ,မဂ္ဂင်္ဂ, ဈာနင်္ဂ, သမထ, ဝိပဿနာ တွေကို မေးမြန်းစုံစမ်းတာ ပရိပုစ္ဆာကထာတဲ့။

ခန္ဓာ ၅-ပါးနဲ့ ပတ်သက်လို့ မေးမြန်းစုံစမ်းရမယ်၊ အာယတနနဲ့ ပတ်သက်လို့ မေးမြန်းစုံစမ်းရမယ်၊ ဓာတ်နဲ့ပတ်သက်လို့ မေးမြန်း စုံစမ်းရမယ်၊ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်,ဈာနင်တို့နဲ့လဲ ပတ်သက်လာရင် မေးမြန်းစုံစမ်းရမယ်၊ သမထဝိပဿနာနဲ့ပတ်သက်လို့ ကမ္မဋ္ဌာန်းပြတဲ့ ဆရာကို တိတိကျကျ ပြန်လှန်ပြီးတော့ မေးခွန်းတွေ ထုတ်ရမယ်။

အဲဒီ မေးခွန်းထုတ်တဲ့ ကိစ္စနဲ့ ပတ်သက်လို့တော့ ဘုန်းကြီးတို့ ဒီ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဘုန်းကြီးပြောတာ

http://www.dhammadownload.com

နားထောင်နေတာပဲ ရှိတယ်။ ဒီအထဲက မသိတာလဲ ပြန်မမေးဘူး၊ ကျားအားထုတ်တဲ့ ကမ္မဋ္ဌာန်းကျောင်း ရောက်သွားလို့ ဟိုကျတော့ ကမ္မဋ္ဌာန်းဆရာက ဘယ်သာလုပ်ဘို့လာသလဲ ဘာရားအားထုတ်ဘို့လာပါတယ်၊ ကိုင်း-ဒါဖြင့် အားထုတ်တော့ဆိုရင် ဘယ်လို အားထုတ်ရမလဲ ဘာလဲလို့ ဘာမှမမေးဘူး၊ မေးပြန်တော့လ ခမ်းမနေနဲ့တဲ့၊ အားသာ ထုတ်တဲ့၊ ပရိပုစ္ဆကထာနဲ့တော့ လွဲနေပြီ။

အဋ္ဌကထာရှိတဲ့အတိုင်းတော့ ပရိပုစ္ဆကထာ မေးရမယ်၊ ဘယ်အကြောင်းတွေ မေးရမလဲ၊ ခန္ဓာ,အာယတနဲ့,ဓာတ်,သမထ,ဝိပဿနာ အကြောင်းတွေ၊ ဝိပဿနာဆိုတာ ဘယ်လိုလုပ်ရမလဲ၊ ဘာလဲ ဝိပဿနာ ဆိုတာ ဘယ်အာရုံကို ရှုရမလဲ၊ ဒီအာရုံက ဘာအာရုံလဲ၊ ဘယ်ဉာဏ်နဲ့ ရှုရမလဲ၊ ဘယ်လိုရှုရမလဲ မေးရမယ်၊ ဒီပုစ္ဆာကထာ-ဒါဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခု။

ဝတ္ထုဝိသဒကိရိယာဆိုတာဘာလဲ

နံပါတ်(၂)က ဘာတဲ့လဲ၊ ''ဝတ္ထုဝိသဒကိရိယာ''။ ဝတ္ထုဝိသဒကိရိယာ၊ အဇ္ဈတ်ဗာဟိ ၂-လီဝတ္ထုကို သန့်ရှင်းအောင် ပြုရခြင်းသည်ရင်း၊ အဇ္ဈတ္တိက,ဗာဟိရ ဝတ္ထုတွေကို သန့်ရှင်းခြင်းဟာလဲဘဲ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့။

ကောင်းပြီ အဇ္ဈတ္တိကဝတ္ထုက သန့်ရှင်းတယ်ဆိုတာ ဘယ်လိုလဲ' ''ယဒါ တဿ ကေသနခလောမာနိ ဒီဃာနိ ဟောန္တိ၊ သရီရံဝါ ဥဿန္နဒေါသဉ္စေဝ သေဒမလမက္ခိတဉ္စ''။

(မဟာသတိပဋ္ဌာန်သုတ် အဋ္ဌကထာ-ဒီ ၂-၄-၃၇၆)

ဒီအဋ္ဌကထာရဲ့ အဓိပ္ပါယ်က အဇ္ဈတ္တိကဝတ္ထု မစင်ကြယ်ဘူးဆိုတာ ဘယ်လိုလဲ၊ ဆံပင်တွေကလဲ သိပ်ရှည်နေတယ်၊ လက်သည်း,ခြေသည်း တွေကလဲ သိပ်ရှည်နေတယ်၊ ခန္ဓာကိုယ်ကလဲ ချွေးစော်တွေ သိပ်နံနေ တယ်၊ သေဒမလမက္ခိတဉ္စ၊ ချွေးတွေ ဂျီးတွေနဲ့၊ ပြီးတော့ ဥဿန္နဒေါ သဉ္စေဝ၊ သည်းခြေတို့, သလိပ်တို့, လေတို့ဆိုတဲ့ ဤဒေါသသုံးပါးကလဲ မကြာမကြာ ချောင်းတွေဆိုးလိုက်သလိပ်တွေအန်လိုက်နဲ့ အဲဒီလိုဆိုရင် ထိုပုဂ္ဂိုလ်ရဲ့ အဇ္ဈတ္တိကဝတ္ထုဟာ မစင်ကြယ်ဘူး မသန့်ရှင်းတော့ဘူး။

http://www.dhammadownload.com

ဗာဟိရဝတ္ထု မစင်ကြယ်မသန့်ရှင်းဘူးဆိုတာ ဘယ်လိုလဲ၊ "ယဒါပန စိဝရံ စိတ္တဲ့ ကိလိဋ္ဌံ ဒုဂ္ဂန္ဓံ ဟောတိ"။အဲဒီပုဂ္ဂိုလ်ဝတ်တဲ့ သင်္ကန်းက ဟောင်းနေတယ်၊ညစ်နွမ်းနေတယ်၊ ဒုဗ္ဗဏ္ဏံ၊အရောင်ကလဲမကောင်းဘူး။ ဒုဂ္ဂန္ဓံ၊ အနံ့လဲမကောင်းဘူး။ကိလိဋ္ဌံ၊ ညစ်နွမ်းနေတယ်။ မိုဃ်း၊ဟောင်း နွမ်းနေတဲ့သင်္ကန်းကြီး ဝတ်ထားရင် ဗာဟိရဝတ္ထု မသန့်ရှင်းတော့ဘူး။ သေနာသနံဝါ ဥက္လာပံ ဟောတိ၊ နေတဲ့နေရာကျောင်း အိပ်ရာနေရာ တွေ အမှိုက်သရိုက်တွေ ရှုတ်ပြီးတော့နေရင် ပန်းကန်ခွက်ယောက်တွေ ညစ်ပတ်နေမယ်ဆိုရင် အဲဒါ ဗာဟိရဝတ္ထုတွေ မစင်ကြယ်တော့ဘူး၊ အဲသလို အဇ္ဈတ္တိက ဗာဟိရဝတ္ထုတွေ မစင်ကြယ်ရင် စင်ကြယ်အောင် လုပ်ပေးပါ။

ဘာလုပ်ပေးရမလဲ၊ လက်သည်း, ခြေသည်းတွေကို လှီးပေးရမယ်၊ မုတ်ဆိတ်မွေးတွေ ဆံပင်တွေ သိပ်ပြီး ရှည်ရှည် မထားရဘူး၊ မုတ်ဆိတ်မွေးတွေ နှုတ်ခမ်းမွေးတွေ ရှည်ရှည်မထားရဘူး ရိပ်ပေးရမယ်၊ ပြီးတော့ ရေမိုးချိုးပေးရမယ်၊ ပြီးတော့ "ဥဒ္ဓံဝိရေစန အဓောဝိရေစန"တို့ ဆိုတဲ့ ဝမ်းနှုတ်ဆေးတို့ မကြာမကြာစားပေးရမယ်၊ ဖျို့တဲ့ အန်တဲ့ သွေး,သည်းခြေ, သလိပ် သန့်သန့်ရှင်းရှင်းဖြစ်အောင် ဒီဆေးတွေ မကြာမကြာ စားပေးရမယ်၊အဲဒါ အဇ္ဈတ္တိက ဝတ္ထုသန့်ရှင်းအောင် အဋ္ဌကထာဆရာက ပြဆိုတာ။

အဲဒီလို သန့်ရှင်းတဲ့ အဇ္ဈတ္တိက ဗာဟိရဝတ္ထု အဲဒိုက်သရိုက်တွေ လှဲထားရမယ်၊ သင်္ကန်းတို့ဘာတို့ လျှော်ဖွတ်ပြီးတော့ တရားအားထုတ်တော့မယ်ဆိုရင် အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ကောင်းပေ့ဆိုတဲ့ အဝတ်ကိုဝတ်၊ တရားအားထုတ်သွားတော့မယ်ဆိုရင် သူတို့မှာ အဝတ်မဲ့မဲ့ကြီးတွေဝတ်ပြီ၊ ပွဲထိုင် သွားပလားဆိုမှဖြင့် ဝတ်ကောင်းစားလှတွေနဲ့ ပျော်လို့၊ တရားအားထုတ်ခါနီးဆိုရင် ဝတ္ထုဝိသဒ ကိရိယာအရ အဇ္ဈတ္တိက ဗာဟိရဝတ္ထုတွေ သန့်ရှင်းဘို့အတွက် ခန္ဓာကိုယ်ကို ရေမိုးချိုး သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် အဝတ်အစားကို သစ်သစ်လွင်လွင် စိတ်ကိုကြည်လင်စေတတ်တဲ့အဝတ်ကလေးတွေကိုဝတ်ပြီးမှ ကိုယ့်ကိုယ်ကို သန့်ရှင်းသလား မသန့်ရှင်းဘူးလား သေသေချာချာ ကြည့်ပြီးတော့မှ စိတ်ကို ကြည်ကြည်လင်လင်ရှိမှ တရားထိုင်၊ ဒါ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်း အဋ္ဌကထာ

http://www.dhammadownload.com

ပြတယ်၊ ဘုန်းကြီးသဘောနဲ့ ဘုန်းကြီးပြနေတာ မဟုတ်ဘူး၊ အဲသလို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းဟာ ဖွေ့ပြသဒဂိုရိယာဘဲ။

အဋ္ဌကထာ သက်သေပြပါသေးတယ်၊ သိမ်းဘာကလေး ညစ်နွမ်းနေတယ်၊ ဆီကလဲ ညစ်နွမ်းနေတယ် ဟုတ်လား၊ မီးစာကလဲ ညစ်နွမ်းနေတယ်ဆိုရင် မီးအောက်ဟာ အရောင် ထွက်အုံးမလား၊ (မထွက်ပါဘုရား)။

အဲဒီလိုဘဲတဲ့၊ ခန္ဓာကိုယ်ကလဲ ညစ်နွမ်းနေမယ်၊ အဇ္ဈတ္တိကဝတ္ထုကလဲ ညစ်နွမ်းနေမယ်၊ ဗာဟိရဝတ္ထုကလဲ ညစ်နွမ်းနေမယ်ဆိုရင် အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထုတွေကိုမှီပြီးတော့ ဖြစ်ရတဲ့စိတ် စေတသိက်တည်းဟူသော ပညာဉာဏ်တွေဟာ အရောင်မထွက်တော့ဘူးတဲ့၊ အဲဒါကြောင့် ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းဖြစ်တဲ့ ဆီမီးခွက်က ဆီမီးတိုင်ဟာ အရောင်ထွက်သလို ခန္ဓာကိုယ်သန့်ရှင်းရမယ်၊ အနေအထိုင်တွေလဲသန့်ရှင်းရမယ်၊ဒီမှာဆိုရင် တနေ့ နှစ်ခါသုံးခါ တံမြက်စည်းလှဲပြီး သန့်ရှင်းရမယ်၊ ဖုံတွေ အမှိုက်သရိုက်တွေနဲ့ မသန့်ရှင်းမစင်ကြယ်ဘူးဆိုရင် သန့်သန့်ရှင်းရှင်းနဲ့ လုပ်ထားရင် စိတ်တွေသန့်ရှင်းစင်ကြယ်နေရင် တရားထိုင်လို့ ကောင်းပြီ၊ ဒါ-ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းအဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထု သန့်ရှင်းဘို့ဘဲ။

ဣန္ဒြေညီမျှအောင်ပြုလုပ်ပေး

အရေးကြီးတဲ့ အချက်ကလေးက ဘာလဲဆိုတော့၊နံပါတ်(၃)ဖြစ်တဲ့ ''ဣန္ဒြိယသမတ္တပဋိပါဒနတာ''သဒ္ဒါတရားအစရှိတဲ့ ဣန္ဒြေတွေရဲ့ကိစ္စကို ညီမျှအောင်ပြုလုပ်ပေးခြင်းဟာလဲဘဲ ပညာခေါ်တဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းဘဲ၊ ဘယ်လိုလဲ ဒီနေရာမှာ—

''သစေ ဟိဿ သဒ္ဓိန္ဒြိယံ ဗလဝံ ဟောတိ၊ ဣတရာနိ မန္ဒာနိ၊ တတော ဝီရိယိန္ဒြိယံ ပဂ္ဂဟကိစ္စံ သတိန္ဒြိယံ ဥပဋ္ဌာနကိစ္စံ သမာဓိန္ဒြိယံ အဝိက္ခေပကိစ္စံ ပညိန္ဒြိယံ ဒဿနကိစ္စံ ကာတုံ နသက္ကောတိ''။

(အဋ္ဌကထာမှာ)

http://www.dhammadownload.com

အဿဘိက္ခုနော၊ ထိုရဟန်း၏။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ ပလဝံ၊အားကြီးသည်။သစေဟောတိ၊အကယ်၍ဖြစ်အံ့။ဧဟရာန်၊ ၌သဒ္ဓိန္ဒြေမှတပါးကုန်သော။ ဣန္ဒြိယာနိ၊ ၄-ပါးသော ဣန္ဒြေတို့သည်။ မန္ဒာနိ၊နုံ့နဲ့ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တဂဟာ၊ ထို့ကြောင့်။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်။ပဂ္ဂဟကိစ္စံ၊ ချီးမြှောက်ခြင်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ သတိန္ဒြိယံ၊ သတိန္ဒြေသည်။ ဥပဋ္ဌာနကိစ္စံ၊ အာရုံသို့ကပ်၍ တည်ခြင်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေသည်။ အဝိက္ခေပကိစ္စံ၊ မပျံ့လွင့်ခြင်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်။ ပညိန္ဒြိယံ၊ပညိန္ဒြေသည်။ ဒဿနကိစ္စံ၊ ဟုတ်မှန်စွာမြင်ခြင်းကိစ္စကို။ကာတုံ၊ ပြုခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်။

ဘုန်းကြီးတို့ ပါဠိတော်ဟောတယ်ဆိုတာ သိပ်ပြီးတော့ မလွယ်ဘူး၊ ဘာဖြစ်လို့ မလွယ်လဲဆိုတော့ ပါဠိတော်ရအောင် ကျက်ရမယ်၊ အဲဒီ ပါဠိတော်ကို ဖွင့်ထားတဲ့ အဋ္ဌကထာကိုလဲ ငုံမိအောင် မှန်းပြီးတော့ ကြည့်ရတယ်၊ ကျက်သင့်ကျက်ထားရသေးတယ်၊ ကျက်ပြီးပလား၊ ရပလား၊ ရတယ်-ရပြီဆိုတော့ ပါဠိတော်နဲ့ အဋ္ဌကထာနဲ့ နှိုးနှောပုံ ဖွင့်ပုံ ပြပုံတွေ စစ်ဆေးပြီးတော့ စေ့စပ်နားလယ်အောင် ငါဘယ်လိုလုပ်ပြော မလဲဆိုတာ တခါစဉ်းစားရသေးတယ်၊ ပါဠိတော်ဟောတယ်ဆိုတာ သိပ်လွယ်တာမဟုတ်ဘူး။

အခုပြောခဲ့တဲ့ သဒ္ဓိန္ဒြေများ သဒ္ဓါတရားများ အားကောင်းနေပြီဆိုရင် ဝီရိယ,သတိ, သမာဓိ, ပညာဆိုတဲ့တရားတွေက သူတို့ကိစ္စသူတို့ မလုပ်တော့ဘူး၊ အဲဒီတော့ ဘယ်လိုလုပ်ရမလဲ၊ သဒ္ဓါတရားအားကောင်းနေရင် ဒီသဒ္ဓါတရားဟာ ဘာကိုအကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာသလဲ၊ ငါကြည်ညိုနေတဲ့ ဝတ္ထုက ကြည်ညိုသင့်တဲ့ဝတ္ထုလား၊ မကြည်ညိုသင့်တဲ့ ဝတ္ထုလားလို့ သိတဲ့အကြောင်း အကျိုးကို သေသေချာချာစဉ်းစားတဲ့ အသိဉာဏ်တွေ လုပ်ပေးပါတဲ့။

သဒ္ဓါတရားတွေ သိပ်ကောင်းနေတယ်၊ သိပ်ကြည်ညိုနေတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်က တနည်းအားဖြင့် မိမိနှလုံးသွင်းတဲ့ဝတ္ထုကို ထို

http://www.dhammadownload.com

ဝတ္ထုကို နှလုံးသွင်းနေလို့ ငါ့မှာအကြည်ညိုသဒ္ဓါတွေ သိပ်အားကောင်းနေတယ်လို့ဆိုရင် ထိုဝတ္ထုကို နှလုံးမသွင်းဘဲနဲ့ အဲဒီသဒ္ဓါတရားကို လျှော့ပေးလိုက်ပါတဲ့၊ မရှိရဘူးလို့ ပြောတာမဟုတ်ပါဘူး၊ သဒ္ဓါတရားကို လျှော့ပေးရမယ်၊ ပိုနေတာကို လျှော့ပေးဖို့ ပြောတာ၊ ဘာဖြစ်လို့ သဒ္ဓါတရားလျှော့ပေးမရလဲ၊သဒ္ဓါတရားက သိပ်ပြီးအားကောင်းနေရင် ဝီရိယကလဲ သူ့ကိစ္စကိုသူမလုပ်တော့ဘူး၊ သတိကလဲ သူ့ကိစ္စကိုသူ မလုပ်တော့ဘူး၊ သမာဓိကလဲ သူ့ကိစ္စသူမလုပ်တော့ဘူး။

ပညာကလဲ "ဒဿနကိစ္စံ၊ ကာတုံ နသက္ကောတိ"။ ။ဒဿနကိစ္စံ၊ ဝိပဿနာဉာဏ်နဲ့ မြင်နိုင်တယ်ဆိုတဲ့ ကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကောတိ၊ မစွမ်းနိုင်တော့ဘူး။ ဘာဖြစ်လို့လဲ သဒ္ဓါတွေသိပ်အားကောင်းနေလို့။

သဒ္ဓါလွန်နေလျှင် တရားမရနိုင်သေး

သဒ္ဓါဟာရား သိပ်အားကောင်းနေရင် ဝီရိယ, သတိ, သမာဓိ, ပညာတွေ လျော့ကုန်ရောတဲ့၊ တရားအားထုတ်လို့ မဖြစ်တော့ဘူးတဲ့၊ အဲဒီတော့ သဒ္ဓါတရားကိုလျှော့ပေးပါ၊ ဘယ်လိုလျှော့ပေးရမလဲ၊ ဒီဝတ္ထုကို အာရုံပြုလို့ ငါ့မှာသိပ်ကြည်ညိုနေတယ်ဆိုရင် ဒီဝတ္ထုအပေါ်မှာ ကြည်ညိုမှုကလေးကို နဲနဲလျှော့ပေးလိုက်ပါ၊ နှလုံးမသွင်းဘဲနဲ့ ထားပေးလိုက်ပါတဲ့၊ သဒ္ဓါတရားလေး လျှော့ပေးပုံ အဲတာ ဘယ်သူ့သက်သေပြလဲ၊ "ဝက္ကလိထေရဝတ္ထုစေတ္ထနိဒဿနံ"။ ။ဒီနေရာမှာ ဝက္ကလိမထေရ်ကို ကြည့်ပါ၊ သဒ္ဓါတရားသိပ်အားကောင်းနေပြီးတော့ဘုရားကိုသိပ်ပြီးကြည်ညိုနေတယ်၊အနားကမခွါနိုင်ဘဲ ဘုရားမျက်နှာအောက်ကမော့ပြီးကြည့်နေလိုက်တာ မသွားဘူး၊ ဒီဝက္ကလိမထေရ် တရားရသလား၊ (မရပါဘုရား)မရဘူး၊အဲဒီဝက္ကလိလိုဘဲအမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကမ္မဋ္ဌာန်းဆရာပြလို့ကမ္မဋ္ဌာန်းဆရာနောက်ကမခွါဘူးဆိုရင် ဒီလူ တရားမရဘူး၊ ဝက္ကလိမထေရ်လို သဒ္ဓါတရားတွေသိပ်အားကောင်းနေပြီ၊ အဲဒီတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဆရာကိုစွဲမထားနဲ့နော်၊ တရားဟောမဲ့ဓမ္မကထိကတွေကလဲ အများကြီးပါဘဲ၊ မေတ္တာတွေ ကရုဏာတွေနဲ့ ဟောပါလိမ့်မယ်၊ ဒို့ဆရာတရားမှ

http://www.dhammadownload.com

နာမယ်ပေ့ါ့ ဒီလိုမလုပ်ရင် ဘယ်-ဘုန်းကြီးတရားဘဲဖြစ်ဖြစ်, ဘယ် ဆရာတော်တရားဘဲဖြစ်ဖြစ် ပျို့ရှိသေသေ လေးလေးစားစားနဲ့နာပါ၊ တရားဆိုရင် အဲဒီလိုသဒ္ဓါတရားတွေကောင်းနေရင် နဲနဲလျှော့ပေးရမယ်၊ ဘာဖြစ်လို့လဲ၊ ကျန်တဲ့ ဝီရိယ, သတိ, သမာဓိ, ပညာတို့က အလုပ်မလုပ်တော့လို့၊ ဒီ အလုပ်ကိုမလုပ်ရင် တရားမရတော့ဘူး၊ အဲတာကြောင့် "ဣန္ဒြိယသမတ္တပဋိပါဒနတာ" ဣန္ဒြေဆိုတဲ့ သဒ္ဓိန္ဒြေကို ညီမျှအောင်လုပ်ပေးရမယ်၊ ဝီရိယတွေ သိပ်ကောင်းနေရင်လဲဒီလိုဘဲ။

ဝီရိယလွန်နေလျှင် တရားမရ

"သစေပန ဝီရိယိန္ဒြိယံ ဗလဝံ ဟောတိ၊ ဒေထ
သဒ္ဓိန္ဒြိယံ အဓိမောက္ခကိစ္စံ ကာတုံ နသက္ကောတိ"။

ဝီရိယတွေ သိပ်ပြီးအားကောင်းနေပြီဆိုရင် သဒ္ဓိန္ဒြေကလဲ အာရုံ၌ သက်ဝင်ဆုံးဖြတ်ခြင်းဆိုတဲ့ ကိစ္စကိုမလုပ်တော့ပြန်ဘူးတဲ့၊ ဝီရိယတွေ သိပ်အားကောင်းနေရင် ကျန်တဲ့ သတိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေတွေဟာလဲ သူတို့ကိစ္စသူတို့ မလုပ်ပြန်တော့ဘူး၊ အဲ့တာကြောင့် ဝီရိယတွေ သိပ်လွန်နေရင် ဘယ်လိုလုပ်ရမလဲ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတဲ့ သမ္ဗောဇ္ဈင်တွေကို ပွားများပေးသောအားဖြင့် အဲဒီ ဝီရိယကိုလျှော့ပေးပါ၊ ဒီနေရာမှာ သက်သေဘယ်သူ့ပြသလဲလို့ဆိုတော့ "သောဏတ္ထေရဿဝတ္ထု ဒဿေတဗ္ဗံ"သောဏမထေရ် ဝီရိယတွေ လွန်နေလို့ တရားရသလား၊ (မရပါဘုရား)။

အဲ့ဒီတော့ ဝီရိယတွေသိပ်ပြီးလွန်နေရင်လျှော့ပေးပါတဲ့၊ သဒ္ဓါ,ဝီရိယ ဒီနေရာမှာ အဋ္ဌကထာဆရာက အထူးဝိသေသ မှတ်ချက်ကလေးတခုပြပါတယ်၊"ဝိသေသတော ပနေတ္ထ"လို့ဆိုပြီးတော့ အထူးမှတ်ချက်တခုပြတယ်၊ ဘယ်လိုပြသလဲဆိုရင် သဒ္ဓါရယ်, ပညာရယ် တဘက်ကထားပါ၊ သဒ္ဓါနဲ့ပညာမညီမျှရင် ဘာဖြစ်တတ်သလဲ။

သဒ္ဓါလွန်ပြီး ပညာနည်းလျှင် မသင့်တာကြည်ညို

"ဗလဝသဒ္ဓေါဟိ မန္ဒပညော၊ မုဓပ္ပသန္နော
ဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ"။

http://www.dhammadownload.com

ဗလဝသဒ္ဓေါ၊ အားကြီးသော သဒ္ဓါတရားရှိသူသည်။ မန္ဒပညော၊ပညာကနံ့နေမယ်ဆိုရင်။မုဓပ္ပသန္နော ဟောတိ၊အချိုးနိုး အလကား ကြည်ညိုတတ်တယ်။ အဝတ္ထုသ္မိံ ပသီဒတိ၊မကြည်ညိုသင့်မကြည်ညိုထိုက်တဲ့ ဘုရားတု-ဘုရားယောင်,တရားတု တရားယောင်၊ မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့ သံဃာတု သံဃာယောင်တွေကို ကြည်ညိုတတ်တယ်။

အဲတာ ဘုန်းကြီးပြောတာတွေ ဘုရားလက်ထက်ကကြည့်၊ ကောရခတ္တိယဆိုတာ မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့ဘုရား၊ ကောရခတ္တိယ တရားဆိုတာ မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့ တရား၊ အဲတာမှ သုနက္ခတ္တက ကြည်ညိုတယ်။

မြတ်စွာဘုရားက ဒီကောရခတ္တိယကြီးဟာ သေရင်ပြိတ္တာဖြစ်မှာလို့ ဟောပေမဲ့သုနက္ခတ္တက''အောင်မလေး မဟုတ်ဘူး ဒါမှဘုရား၊ပါးစပ်က လျှာနဲ့လျက်စားတာ လက်နဲ့ယူမစားဘူး''ဆိုပြီး ဘုရားနောက်ကိုတန်းလန်းလိုက်နေတဲ့ ပုဂ္ဂိုလ်တောင်မှ အဲဒီလို မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ကြည်ညိုသေးတယ်၊ သဒ္ဓါတရားအားကောင်းလွန်လွန်းလို့ မုဓပ္ပသန္န-အချိုးနိုး ကြည်ညိုခြင်းပါဘဲ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲတာ အဲသလို သဒ္ဓါတရားအားကောင်းပြီးတော့ ပညာဉာဏ်နဲနေရင် မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့သူကို ကြည်ညိုတတ်တယ် ဒါကတခု။

ပညာလွန်တော့ အယူလဲလွန်

နောက်တခါ ပညာဉာဏ်တွေ အားကောင်းပြီးတော့ သဒ္ဓါတရားမရှိပြန်ရင် ဘယ်လိုဖြစ်သလဲ။

''ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိက ပက္ခံ ဘဇတိ၊ ဘေသဇ္ဇ သမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။ စိတ္တုပ္ပါဒမတ္တေနေဝ ကုသလံ ဟောတီတိ အတိဓာဝိတွာ ဒါနာဒီနိ အကရောန္တော နိရယေ ဥပ္ပဇ္ဇတိ''။

http://www.dhammadownload.com

အဲဒါ အဋ္ဌကထာပြောတဲ့ စကားဘဲ၊ ဒါက ဘာပြောလဲ ပညာတွေ သိပ်တတ်ပြီးတော့ သဒ္ဓါတရားမရှိတဲ့ ပညာဉာဏ် လွန်ကဲနေတဲ့ ပုဂ္ဂိုလ်ကျပြန်တော့လဲ "ကေရာဋိကပက္ခံ ဘဇတိ" ကောက်ကျစ်စဉ်းလဲတဲ့ အဘို့ကို ကူရောက်သွားပြန်ရော၊အယူအဆလွန်သွားပြန်ရော၊ဘယ်လို ကောက်ကျစ်သလဲ၊ ဘယ်လိုအယူလွန်သလဲ။

ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါ၊ ရောဂါကို။ အတေကိစ္ဆောဝိယ၊ ဆေးကုလို့မရနိုင်သလိုဘဲတဲ့။

ဒါကို ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီးက မဃဒေဝ လင်္ကာသစ်မှာ ဘယ်လိုပြလဲ၊

ဉာဏ်ရှိယောက်ျား၊ မှားလတ်သော်ခါ၊ ဆေးလွန်နာကို၊ဆရာနောက်ဆက်၊ အကုခက်၏-တဲ့။

အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ဒီအကွက်ကို သေသေချာချာ သတိထားပါ၊ ပညာဉာဏ်အားကောင်းပြီးတော့ သဒ္ဓါတရားနဲနေရင် အဲဒီပညာတတ်တဲ့ပုဂ္ဂိုလ်ဟာ သဒ္ဓါမရှိသည် ဖြစ်သောကြောင့် သူဟာ ကောက်ကျစ်စဉ်းလဲတဲ့အဘို့ ရောက်ပြီးတော့ မှားပြီဆိုရင် သူ့ကိုပြင်လို့တယ်မရတော့ဘူး၊ ဆေးကြောင့်ဖြစ်တဲ့ ရောဂါကို ဆေးကုလို့မရသလိုဘဲ၊ ဘယ်လိုဖြစ်လဲ။

''စိတ္တုပ္ပါဒမတ္တေနေဝ ကုသလံ ဟောတီတိ အတိဓာဝိတွာ ဒါနာဒီနိ အကရောန္တော နိရယေ ဥပ္ပဇ္ဇတိ''။

ကုသိုလ်ဆိုတာ တရားအားထုတ်စရာမလိုပါဘူး၊ ဒါနဆိုတာ လုပ်စရာမလိုဘူးဟ့၊သီလဆိုတာ ဆောက်တည်စရာမလိုဘူး သိရင်ပြီးရော။

စိတ္တုပ္ပါဒမတ္တေနေဝ၊ သိရုံမျှပင်လျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ အတိဓာဝိတွာ၊ အလွန် ပြေးသွား၍၊ အလွန်အကျွန်ယူလိုက်၍။ ဒါနာဒီနိ၊ ဒါနသီလကုသိုလ်ကောင်းမှုတို့ကို။ အကရောန္တော၊ မပြုလုပ်သည့်အတွက်။ နိရယေ ဥပ္ပဇ္ဇတိ၊ ငရဲကျရော။

ပညာတွေသိပ်တတ်ပြီးတော့ သဒ္ဓါတရားတွေ မရှိပြန်ရင်လဲ ငရဲကျတတ်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒါကြောင့်

http://www.dhammadownload.com

သဒ္ဒါနဲ့ပညာ ညီမျှအောင် လုပ်ပြီးတော့ ဇာန္ဒြိယ သမတ္တပဋိပါဒနတာ ဆိုတဲ့ နံပါတ် (၂) မှာဘဲ ဒီတရားကို နိဂုံးချုပ်ကြပါစို့ရဲ့။

နိဂုံး

အဲဒီ ဗောဇ္ဈင် ၇-ပါးကို အကျယ်ဟောထားတဲ့ ဟောကြားချက်များကို ကျားကူး ဓမ္မဗိမာန်တွင် ဟောကြားထားတဲ့ ကြိုးခွေတွင် နာယူနိုင်ကြပါတယ်၊ ကိုင်းဒီတရားတော်ကို နိဂုံးချုပ်ပြီးတော့ ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည် သင်္ဂါရဝပုဏ္ဏားကြီးကို ဤဗောဇ္ဈင် ခုနစ်ပါး အကျင့်တရားကို ဟောတဲ့အခါမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရသော်လဲ ဘုန်းတော်သခင် သဗ္ဗညုကိုယ်တော်မြတ်ရဲ့ တရားဒေသနာတော်ကို အလွန်ရှိသေစွာ ကြည်ညိုသဖြင့် "အဇ္ဇတဂ္ဂေ ပါဏုပေတံ ဥပေမိ ဗုဒ္ဓံသရဏံ ဂတံ"ဟု ယနေ့ကစပြီးတော့ အရှင်ဘုရား တရားတော်နာရတဲ့အတွက် ဘုရားတပည့်တော်ကို ဘုရားကို ကိုးကွယ်ဆည်းကပ်သူ, တရားကို ကိုးကွယ်ဆည်းကပ်သူ, သံဃာကို ကိုးကွယ်ဆည်းကပ်သူ, သရဏဂုံတည်သူ-ဟူ၍ မှတ်တော်မူပါလို့ သရဏဂုံ တည်ပြီးတော့ သင်္ဂါရဝပုဏ္ဏားကြီးလဲပြန်ရော ဒီသုတ္တန်လဲ ဒီနေရာတွင် နိဂုံးချုပ်ပါတယ်တဲ့။

ဤသို့ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော သင်္ဂါရဝသုတ္တန် တရားဒေသနာတော်ကို ရိုသေစွာ နာခံမှတ်သားကြကုန်သော အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများတို့သည် သမ္မပဓာန်တရားလေးပါး ပြည့်စုံကြ၍ သစ္စာလေးပါး သိကြကုန်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

သင်္ဂါရဝသုတ္တန် တရားတော် ပြီး၏။

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏသိရ

ဆဋ္ဌမည အလုပ်ပေးတရား

နှင့်

မဟာမာလုကျပုတ္တ သုတ္တန်တရားတော်

ပဉ္စမပိုင်း

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၆)

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင် ဝဏ္ဏိတာရ မထေရ် မြွက်သည် ၁၃၂၈-ခု၊ နတ်တော်လဆုတ် ၁-ရက် (၂၈-၁၂-၆၆) ဗုဒ္ဓဟူးနေ့ညအချိန် ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် ဆင့်မည အလုပ်ပေး တရားနှင့် မဇ္ဈိမပဏ္ဏာသက ပါဠိတော် ဘိက္ခုဝဂ်၌လာရှိ သော "မဟာမာလုကျပုတ္တသုတ္တန်တရားတော်" ပဌမပိုင်း ကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

ဆဋ္ဌမညအလုပ်ပေးတရားတော်

ခန္ဓာကိုယ်ကို ပြုပြင်ပြီးထားပါ

ကိုင်းအမျိုးကောင်းသားရော အမျိုးကောင်းသမီးများပါ ခန္ဓာကိုယ်ကို ပြုပြင်စောင့်ရှောက် ထိန်းသိမ်းထားပုံကို ညစဉ်ညတိုင်း ညွှန်ပြပေးထားခဲ့တဲ့အတိုင်း အားလုံး အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ပြုပြင်ပြီးတော့ ထိုင်ပါ။

အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုလဲ ပြုပြင်ပြီးတော့ထိုင်ပါ၊ ဖြောင့်ဖြောင့်မတ်မတ်နဲ့ တည်တည်ငြိမ်ငြိမ်ကလေး ရှိနေပါစေ၊ ဦးခေါင်းကို သိပ်ပြီးတော့ မော့မထားပါနဲ့၊ သိပ်ပြီးတော့လဲ ငုံ့မထားပါနဲ့၊ ခတ်ဖြောင့်ဖြောင့်ကလေး စိတ်ကိုဇေမြဲမြဲထားပါ၊ ရှင်ရှင်ပျပျ ကြည်ကြည်လင်လင် တက်တက်ကြွကြွ စိတ်ကိုထားပါ။

အဲသလို ခန္ဓာကိုယ်ကို ပြုပြင်ပြီးတဲ့အခါ စိတ်ကို ပြုပြင်ထိန်းသိမ်းပြီးတဲ့အခါ မိမိသန္တာန်မှာ ဘုန်းကြီးတို့ညက ပြခဲ့တဲ့အတိုင်းဘဲ ကာမစ္ဆန္ဒသဘော, ဗျာပါဒသဘော, ထိနမိဒ္ဓသဘော, ဥဒ္ဓစ္စကုက္ကုစ္စသဘော, ဝိစိကိစ္ဆာသဘော-လို့ခေါ်တဲ့ ဒိသဘောမျိုးတွေက ကင်းပြီးတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့စိတ်ကိုဖြေးဖြေး ဇေကလေးထားပါ။

မျက်လုံးလေးတွေကို အသီးသီး အောက်ချပြီးတော့ မျက်လုံး ထိန်းသိမ်းပုံ ကလေးကလဲ မျက်လုံးက ဘာကိုမှမကြည့်ဘဲနဲ့ မျက်လွှာအောက်ချပြီးတော့ မျက်လုံးကလေးကို အသာအယာ ထားပြီးတော့ မှိတ်ပြီးတော့ ထားပါ။

ဝိပဿနာ့အာရုံ

စိတ်, စေတသိက်, ရုပ် ခေါ်တဲ့ ဝိညာဏ်,နာမ်,ရုပ်က ဝိပဿနာရှုဘို့ရန်အတွက် အာရုံကလေးဘဲ၊ အာရုံဆိုတာ ကြည့်စရာ ရှုစရာကလေး အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဝိပဿနာတရားအားထုတ်မယ်ဆိုရင် ဝိညာဏ်,နာမ်,ရုပ်ကို မြင်အောင် ကြည့်တဲ့နေရာမှာ—

(၁) ပရမတ်,ပညတ် ကွဲကွဲပြားပြား သိရမယ်၊

(၂) အတ္တ, အနတ္တ ကွဲကွဲပြားပြား သိရမယ်၊

http://www.dhammadownload.com

(၃) ပရမတ်,ပညတ်တို့ရဲ့ ခြားနားချက်ကို သိရမယ်၊
(၄) အတ္တ, အတ္တသညာ၊ အနတ္တ, အနတ္တာနုပဿနာလို့ ၄-ချက် ကွဲကွဲပြားပြားသိရမယ်။

ဉာဏ်ပေါ်မှာ အဲဒီအာရုံကလေးကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကွဲကွဲပြားပြား သိဘို့ရန် အတွက် ဘုန်းကြီးတို့ ဝိပဿနာ သင်တန်းပေးတဲ့အနေနဲ့ ငါးရက်တိုင်တိုင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ရှင်းလင်းချက် ပေးပြီးတဲ့အခါ ဒီအာရုံကို ရှုရန်အတွက် ဝိပဿနာ ဉာဏ်မျက်လုံးဆိုတာ လုပ်ပေးခဲ့ပြီးပြီ၊

အနိစ္စ,ဒုက္ခ,ဝိပရိဏာမလို့ခေါ်တဲ့ အချက်သုံးချက်ပါတဲ့ လက္ခဏာလျှင် အာရုံရှိသော လက္ခဏာရမ္မဏိကဝိပဿနာ ဝိညာဏ်, နာမ်, ရုပ် သင်္ခါရတရား,သာမညလက္ခဏာ,သဘာဝလက္ခဏာ, ဝိသေသလက္ခဏာ တို့ကိုတော့ ဘုန်းကြီးတို့ အသီးသီးပြခဲ့ပြီးပြီ၊

သာမညလက္ခဏာနှင့် အချက် ၃-ချက်

အခု သာမညလက္ခဏာမှာ ဝိညာဏ်ကလဲ ဖြစ်တဲ့သဘော, အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော-ရှိတယ်၊ နာမ်ဆိုတဲ့ သဘောကလဲဘဲ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောဆိုတာ ရှိတယ်၊

တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တွေလဲဘဲ အနိစ္စသဘော,ဒုက္ခသဘော,အနတ္တသဘောဆိုတာရှိတယ်။

အဲဒီ အနိစ္စအချက်,ဒုက္ခအချက်,ဝိပရိဏာမအချက်တွေကို ဝိညာဏ်တိုင်း ဝိညာဏ်တိုင်းမှာ,နာမ်တရားတိုင်း နာမ်တရားတိုင်းမှာ,ရုပ်တရားတိုင်း ရုပ်တရားတိုင်းမှာ ဘယ်ဝိညာဏ်ဘဲဖြစ်ဖြစ် ဘယ်နာမ်တရားဘဲဖြစ်ဖြစ် ဘယ်ရုပ်တရားဘဲဖြစ်ဖြစ် အနိစ္စ,ဒုက္ခ, ဝိပရိဏာမ အချက် ၃-ချက်ရှိတယ်။

အဲဒီ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်ကို သာမညလက္ခဏာလို့ခေါ်တယ်။

ရုပ်တရားရဲ့ သာမညလက္ခဏာဆိုတာ အနိစ္စ, ဒုက္ခ, ဝိပရိဏာမတွေဘဲ။

http://www.dhammadownload.com

နာမ်တရားရဲ့ သာမညလက္ခဏာဆိုတာလဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ တွေဘဲ။

ကုန်တဲ့ပျောက်တဲ့သဘော အသစ်ပြန်ဖြစ်တဲ့သဘော တရိပ်ရိပ်ကုန် ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့နေတဲ့ သဘောသည် ရုပ်တရားရဲ့ သာ မညလက္ခဏာ။

ကုန်ပျောက်သွားတဲ့ အနိစ္စသဘော,အသစ်ပြန်ဖြစ်တဲ့ ဒုက္ခသဘော, တရိပ်ရိပ် ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့နေတယ် ခေါ်တဲ့ ဝိပရိ ဏာမသဘော-ဟာ နာမ်တရားတွေ, ဝိညာဏ်တရားတွေရဲ့ သာမည လက္ခဏာ။

တီရဏပရိညာ စခန်း

အဲဒီ ရုပ်တရား, နာမ်တရား, ဝိညာဏ်တရားတို့ရဲ့ သာမည လက္ခ ဏာဖြစ်တဲ့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမကို တီရဏပရိညာလို့ ခေါ်တယ်၊ ရုပ်တရား နာမ်တရားတို့ရဲ့ အသီးသီး သဘာဝ လက္ခဏာတွေကိုတော့ ဉာတပရိညာလို့ခေါ်တယ်။

ဉာတပရိညာစခန်း ပိုင်နိုင်ပြီးတဲ့နောက် ၃ အမျိုးကောင်း သား များ, အမျိုးကောင်းသမီးများ တီရဏပရိညာစခန်းကို လက္ခဏာလျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်ပေါ်ကို ဝိညာဏ်,နာမ်,ရုပ် တည်းဟူသော စင်ကြယ်တဲ့ ဝိပဿနာအာရုံမှန်ကိုရှုတာက ဘာကိုရှုနေတာလဲ၊ဝိညာဏ် ကိုရှုတယ်, နာမ်ကိုရှုတယ်, ရုပ်ကိုရှုတယ်၊ မြင်တာက ဘာကိုမြင်နေ သလဲ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ။

ရှုနေတာ, ကြည့်နေတာက ဝိညာဏ်,နာမ်,ရုပ်၊ တနည်း–စိတ်,စေ တသိက် ရုပ်၊ မြင်နေတာက ဉာဏ်မှာ ဘာထင်ရှားနေသလဲ၊ ဉာဏ်မှာ ထင်ရှားနေတာက တီရဏ ပရိညာစခမ်းကျတော့ အနိစ္စ, ဒုက္ခ, ဝိပရိ ဏာမ၊အဲဒါ ထင်ရှားနေတယ်၊ ကြည့်တာကတခြား မြင်တာကတခြား။

(၁) ဒီနေရာမှာ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း–စိတ်,စေတသိက် ရုပ်၊အဲဒီတရားတွေသည်သာလျှင် ပရမတ်တရား-ဖြစ်တဲ့ ပျက် တဲ့အတွက် အနိစ္စပါတကား၊ (အနိစ္စလက္ခဏာ) ဝိညာဏ်, နာမ်,ရုပ်သည် ကုန်တဲ့ ပျောက်တဲ့ သဘော ရှိပါသောကြောင့် အနိစ္စသဘောပါတကား၊ (အနိစ္စလက္ခဏာ)။

http://www.dhammadownload.com

(၂) ဝိညာဏ်,နာမ်,ရုပ်သည် အသစ်အသစ် ထပ်ပြီးတော့ ဖြစ်တဲ့ သဘော ရှိပါသောကြောင့် ဒုက္ခ သဘောတရား၊ (ဒုက္ခ လက္ခဏာ)ပြီ ဝိညာဏ်,နာမ်,ရုပ်သည် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်ခံနေရသည်ဖြစ်သောကြောင့် ဒုက္ခသဘောတရား(ဒုက္ခ လက္ခဏာ)။

(၃) အနိစ္စ,ဒုက္ခ တရိပ်ရိပ် ကုန်တဲ့ပျောက်တဲ့ဘက်ကို ပြောင်းရွေ့နေခြင်း သဘောရှိပါသောကြောင့် ဝိပရိဏာမ သဘောတရား၊ ဝိပရိဏာမလက္ခဏာ အဲဒီ ဝိပရိဏာမအချက်ကို ဉာဏ်ထဲမှာ ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား မြင်လာသည်ပင်လျှင် အနတ္တလက္ခဏာပါတကား၊ (အနတ္တလက္ခဏာ)အနတ္တပါက လား–

လို့ အဲဒီလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်ထဲမှာ ကွက်ကွက် ကွင်းကွင်း ထင်ထင်ရှားရှား တွေ့နေတဲ့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ။

အဲဒီလက္ခဏာကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရှုနေတဲ့အခါမှာ ရှုပုံကလေးကိုပြောပြီးတော့ တွေ့ပုံကလေးက ဘယ်လို တွေ့လဲ၊ ကုန်သွားတယ်လို့ တွေ့တယ်၊ ကုန်သွားတယ်, ပျောက်သွား တယ်လို့ ဉာဏ်ထဲမှာ တွေ့တယ်။

တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးတွေ ဖြစ်လာပြီးတော့ ကုန်ပျောက်သွားပြန်တယ်၊ သိတဲ့သဘောကလေး ဖြစ်လာတယ်၊ ကုန် ပျောက်သွားပြန်တယ်၊ ပိုင်းခြားပေးတဲ့ ပညာခေါ်တဲ့ သဘောကလေး ဖြစ်လာတယ်၊ ကုန်ပျောက်သွားပြန်တယ်လို့ ဉာဏ်ထဲမှာတွေ့တယ်။

ရှုနေတာက ဝိညာဏ်,နာမ်,ရုပ်၊ ကုန်တဲ့ပျောက်တဲ့အတွက် အနိစ္စ လက္ခဏာဆိုတဲ့ လက္ခဏာကိုတွေ့တယ်၊ သာမညလက္ခဏာ တီရဏပရိ ညာစခန်း။

ပညတ်နဲ့ပရမတ်

အဲဒီ သာမညလက္ခဏာဟာ ဝိညာဏ်မှာလဲ ရှိတယ်၊ နာမ်မှာလဲ ရှိတယ်၊ ရုပ်မှာလဲ ရှိတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ-ကုန်တဲ့ ပျောက်တဲ့ သဘောရှိပါသောကြောင့် အနိစ္စလက္ခဏာကိုတွေ့နေပြီ၊ ဖြစ်တဲ့သဘော

http://www.dhammadownload.com

ရှိသည်ဖြစ်သောကြောင့် ဒုက္ခလက္ခဏာကို တွေ့နေပြီ၊ ဒုက္ခလက္ခဏာဖြစ်သော ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသည် ဖြစ်ပါသောကြောင့် ဒုက္ခ လက္ခဏာ အခြင်းအရာပါကလား၊ အဲဒီ ဒုက္ခလက္ခဏာသည် ပရမတ်မဟုတ်ဘူး ပညတ်၊ အဲဒါ မှတ်ချက်ကလေးနဲ့ မှတ်ပေတော့သေသေချာချာ။

လက္ခဏာသည် ပရမတ်လား ပညတ်လားလို့မေးရင် လက္ခဏာသည် ပညတ်တရား၊ ပရမတ်တရားမဟုတ်ဘူး။

ရှုနေတာက ပရမတ်ဖြစ်တဲ့ ဝိညာဏ်,နာမ်,ရုပ်၊ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘောကို ရှုနေတယ်။

အဲဒီ အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိတဲ့သဘောမှာ ဘာတွေလာလဲဆိုတော့ ကုန်သွားတယ်,ပျောက်သွားတယ်၊ ကုန်တဲ့သဘော ပျောက်တဲ့သဘောရှိသောကြောင့် သူဟာ အနိစ္စလက္ခဏာ။

မမြဲတဲ့သဘော မမြဲတဲ့အခြင်းအရာ အသစ်အသစ် ပြန်ပြီးတော့ ဖြစ်တဲ့သဘော ကုန်တဲ့ပျောက်တဲ့သဘောတွေနဲ့ တပ်ကာထပ်ကာ နှိပ်စက်နေသည်ဖြစ်သောကြောင့် ဒုက္ခအခြင်းအရာ ဒုက္ခလက္ခဏာ။

မဖြစ်အောင်,မကုန်အောင်,မပျောက်အောင် တားဆီးထားလို့ မရဘူး၊ "ဟုတွာ အဘာဝတော" ဖြစ်ပြီးတာနဲ့တပြိုင်နက်ထဲ ကုန်တယ် ပျောက်တယ်ဆိုတဲ့သဘောသို့ သက်ဝင်သည် ဖြစ်သောကြောင့် အနိစ္စ၊ အဖြစ်အပျက်တို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဒုက္ခ၊ မဖြစ်မပျက်အောင် တားဆီးလို့ မရတဲ့အတွက် အနတ္တအခြင်းအရာ အနတ္တလက္ခဏာ။

အဲဒီလက္ခဏာက ပညတ်၊ဝိညာဏ်,နာမ်,ရုပ်တို့တွင် ဝိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိနေတဲ့ ဝိညာဏ်၊ပိုင်းခြားပေးတဲ့ပညာခေါ်တဲ့ နာမ်၊ အာရုံမှာ ကပ်၍ထင်ရှားနေတဲ့ သတိ၊ ဝိုးတဲ့သဘော, တွန်းကန်တဲ့ သဘောတည်းဟူသော ရုပ်၊ အဲဒီ ဝိညာဏ်,နာမ်,ရုပ်က ပရမတ်တရား၊ အနိစ္စ,ဒုက္ခ,အနတ္တလို့ ဆိုတဲ့ အခြင်းအရာလက္ခဏာက ပညတ်တရား။

ပရမတ်နဲ့ ပညတ် အဲဒီမှာ ထပ်ပြီး ခွဲရဦးမယ်၊ ဘယ်သူက ခွဲပေးသလဲ၊ ပညာ၊ ပညာက ရင့်လာတယ်၊ လက္ခဏာဟာ ပညတ်လို့ဆိုတာ ပါဠိတော် အကိုးအကားဟာ ဘာလဲ၊

http://www.dhammadownload.com

လက္ခဏာဆိုတာ ပညတ်အလား

"လက္ခဏံနာမ ပညတ္တိဂတိကံ နဝတ္တဗ္ဗဓမ္မဘူတံ၊ ယောပန အနိစ္စံ ဒုက္ခ မနတ္တာတိ တီဏိ လက္ခဏာနိ သလ္လက္ခေတိ၊တဿ ပဉ္စက္ခန္ဓာ ကဏ္ဍေ ဗဒ္ဓ ကုဏပံဝိယ ဟောန္တိ၊သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ"။

သင်္ခါရာ ချမ္မဏံ၊သင်္ခါရကို အာရုံပြုသော။ဉာဏံ၊ဉာဏ်သည်။ သင်္ခါရတော၊ သင်္ခါရမှ၊ ဝုဋ္ဌာတိ၊ထ၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာကို သွားမယ်ဆိုတော့ အဲဒါ အဋ္ဌကထာ စကားဘဲ၊ ဘာပြောဘာလဲ။

လက္ခဏံနာမ၊ အနိစ္စသဘောဆိုတဲ့လက္ခဏာ, ကုန်ပျောက်သွားတဲ့အတွက် အနိစ္စအခြင်းအရာအားဖြင့် သိအပ် မှတ်အပ်သောကြောင့် လက္ခဏာ,အသစ်အသစ် ထပ်၍ထပ်၍ ဖြစ်သောကြောင့် ဒုက္ခအနေအားဖြင့် မှတ်အပ်သော အခြင်းအရာအားဖြင့် ဖြစ်တဲ့ လက္ခဏာ,အလိုသို့မလိုက် အစိုးမရ ကိုယ်မပါ ကိုယ်မပိုင် ကိုယ်မဆိုင်တဲ့ ပရမတ္ထဓမ္မအားဖြင့် ရှိတဲ့ အဝသဝတ္တနသဘော အခြင်းအရာဖြစ်တဲ့ လက္ခဏာသည်။ ပညတ္တိဂတိကံ၊ပညတ်အလားရှိ၏။

ဘာပညတ်လဲ အာဒီနဝတဇ္ဇာပညတ်လို့ ခေါ်ပါတယ်၊ ဘုန်းကြီးတို့စာပေနယ်ပယ်အနေနဲ့ သုံးတော့ အဲဒီ အာဒီနဝတဇ္ဇာပညတ်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ရှုကွက်ထဲမှာ တွေ့တယ်၊ ရှုနေတာက ဝိညာဏ်,နာမ်,ရုပ်ကို ရှုနေတယ်၊ တွေ့ရတာက အဲဒီအာဒီနဝတဇ္ဇာပညတ်ဖြစ်တဲ့ အနိစ္စအခြင်းအရာ လက္ခဏာ,ဒုက္ခ အခြင်းအရာ လက္ခဏာ,အနတ္တ အခြင်းအရာလက္ခဏာ၊ ဒီလက္ခဏာသုံးခုကိုတွေ့တယ်။

လက္ခဏံနာမ၊လက္ခဏာမည်သည်ကား။ပညတ္တိဂတိကံ၊ပညတ်အလားရှိ၏။ နဝတ္တဗ္ဗဓမ္မဘူတံ၊ ပရိတ္တ, မဟဂ္ဂတ,လောကုတ္တရ- စသည်ဖြင့် မဆိုရတဲ့တရားဖြစ်၏။

သူ့ကို ကာမတရားလို့လဲ ဆိုလို့မရဘူး၊ မဟဂ္ဂုတ် တရားလို့လဲ ဆိုလို့မရဘူး၊ လောကုတ္တရာတရားလို့လဲ ဆိုလို့မရဘူး၊ ဆိုစရာမရှိဘူး၊ အဲဒီ လက္ခဏာ မှတ်ကြောင်းကလေးသာရှိတယ်။

http://www.dhammadownload.com

ပန၊ လက္ခဏာသည် ပညတ်ဖြစ်ပေမဲ့။ ယော၊ အကြင်အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ အနိစ္စံ ဒုက္ခံ မနတ္တာတိ၊ အနိစ္စ,ဒုက္ခ,အနတ္တဟူ၍။ တီဏိလက္ခဏာနိ သုံးပါးသောလက္ခဏာတို့ကို။ သလ္လက္ခေတိ၊ ဝိညာဏ်,နာမ်,ရုပ် ခေါ်တဲ့ ပရမတ်ပေါ်မှာ မှတ်မှတ်သားသားနဲ့ ထင်ထင်ရှားရှား သိ၏။ တဿ၊ ထိုအနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေးသုံးတန် ထင်ရှားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးအား။ပဥ္စက္ခန္ဓာ၊ရုပ်,ဝေဒနာ, သညာ,သင်္ခါရ ဝိညာဏ်ခေါ်တဲ့ ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့သည်။ (ဝါ) ဝိညာဏ်,နာမ်,ရုပ်၊ စိတ်,စေတသိက်,ရုပ် ခေါ်တဲ့ သဘောတရားတို့သည်။ ကဥ္စော၊လည်ပင်း၌။ဗဒ္ဓကုဏပံဝိယ၊ ဆွဲထားသော အကောင်ပုပ်ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

အော်–ဟိုတုံးက ဒီ ရုပ်တရားတွေကို ငါက အားကိုးနေလိုက်တာ, ရုပ်တရားမှန်သရွေ့ သိမှုခေါ်တဲ့အသိကလေးကို အားကိုးနေလိုက်တာ, ပညာခေါ်တဲ့ တရားကို ငါ အားကိုးနေလိုက်တာ,အခုကြည့်စမ်း အဲဒီ ပညာတွေမှာ ဘာတွေတွေ့လာသလဲ၊ ဒီရုပ်မှာ ဘာတွေ့လာသလဲ၊ နာမ်မှာ ဘာတွေ့လာသလဲလို့ဆိုတော့ ကုန်တဲ့ပျောက်တဲ့ သဘောတွေကို တွေ့လာတယ်၊မလိုချင်တော့ဘူး၊ လည်ပင်းမှာ ဆွဲထားတဲ့ အကောင်ပုပ်ကြီးလို။(ကဥ္စော၊ လည်ပင်း၌ ဗဒ္ဓကုဏပံဝိယ၊ ဆွဲထားသောအကောင်ပုပ်ကြီး ကဲ့သို့။ ဟောန္တိ၊ဖြစ်ကုန်၏။) အဲဒီ ဝိညာဏ်, နာမ်, ရုပ် ထိုအကောင်ပုပ်ကြီး လည်ပင်းမှာ ဆွဲထားတဲ့ ခွေးကောင်ပုပ်ကြီးလို့ ဒီလို မှတ်ရမယ်၊ ဟိုတုန်းကတော့ဖြင့် ရွှေကြိုးကြီးမှတ်လို့ ဆွဲထားမိတာဘဲ။

အဋ္ဌကထာပြလက္ခဏာဥပမာ

အခု အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ဒါတွေကို အဋ္ဌကထာ ပြပါသေးတယ်။

ဘယ်လို ပြသလဲဆိုတော့–

"ယထာပိ ကော ဘိက္ခု၊ ပတ္တံ ကိဏိတုကာ-
မော ပတ္တဝါဏိဇကေန ပတ္တံ အာဘတံ ဒိသွာ

http://www.dhammadownload.com

ဟဋ္ဌပဟဋ္ဌော ဂဏှိဿာမီတိ စိန္တေယျ၊ ဝိမံသမာ-
နေ တိဏှိ ဆိဒ္ဒါနိ ပဿေယျ’’။

သပိတ်ကို ပြတဲ့ဥပမာ ‘‘ဒုဿောပမာယ’’လို့ ဆိုပြီးတော့ ပုဆိုးပြတဲ့ ဥပမာ ဘယ်လိုပြလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီဝိညာဏ်,နာမ်,ရုပ် ဟာ အခုဘာတွေနေသလဲလို့ ရှုကွက်ထဲမှာ ကုန်တဲ့ ပျောက်တဲ့သဘောကို မြင်နေတယ်ဆိုတဲ့ အနိစ္စ၊ အသစ်အသစ် ထပ်ပံ ဖြစ်တဲ့သဘောကို တွေ့နေတယ်ဆိုတဲ့ဒုက္ခ၊ တရိပ်ရိပ်နဲ့ ကုန်တဲ့ပျောက်တဲ့ ဘက်ကို ပြောင်းရွေ့နေတယ်ဆိုတဲ့ ဝိပရိဏာမ၊ အဲဒီ ဝိပရိဏာမအချက် ကြီးကလဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဇာတိလို့ ခေါ်တဲ့ ပဋိသန္ဓေဟည်နေသည့် နေ့ကစပြီးတော့ နေ့ရှိသရွေ့ နာရီ ရှိ သရွေ့, မိနစ်ရှိသရွေ့, စက္ကန့်ရှိသရွေ့ အချိန်တိုင်း အချိန်တိုင်း အိုတဲ့ ဘက်ကို ရုပ်ကပြောင်းပြောင်းပေးနေတယ်။

နေ့ရှိသရွေ့ အချိန်တိုင်းအချိန်တိုင်းမှာ နာတဲ့ဘက်ကိုပြောင်းပြောင်း ပေးနေတယ်၊ ဒီရုပ်ကို နေ့ရှိသရွေ့ အချိန်တိုင်းအချိန်တိုင်းမှာ ခဏ ကလေး နားမနေဘူး၊ တခါထဲ သေတဲ့အထိပြောင်းပြောင်းပေးနေတယ်၊ အဲဒီ ဝိပရိဏာမအချက်ကို မြင်အောင်ကြည့်၊ အဲဒီ ဝိပရိဏာမအချက် ကလေးနဲ့ အိုတဲ့ဘက်ကို ပြောင်းလာတာကို၊ နာတဲ့ဘက်, သေတဲ့ဘက် ပြောင်းလာတာကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက မမြင်တော့ ‘‘ဟာ-ခလေးလေးကြည့်ပြီးတော့ ငါ့သားလေး အတော်ကြီး လာပြီ၊ ငါ့သားလေးက ဝလာတယ်၊ ငါ့သားလေးက လောက်လောက် လားလားဖြစ်လာပြီ’’ဆိုပြီး ဝမ်းမြောက်နေတယ်၊ သေဘို့ ဝမ်းမြောက် ပေးနေတာနဲ့ မတူဘူးလား။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာဉာဏ် ဆိုတာ တနည်းပြန်ပြောမယ်ဆိုရင် သေတာမြင်အောင် ကြည့်တာကို ဝိပဿနာဘဲ၊ အဲဒီ သေတဲ့အပေါက်ကို မြင်နေပုံကတော့—

ဇကောဘိက္ခု၊ ရဟန်းတော်တပါးသည်။ ပတ္တံကိဏှိတုကာ မော၊ သပိတ်ဝယ်ယူလိုသည်ဖြစ်၍။ ပတ္တဝါဏိဇကေန၊ သပိတ် ရောင်းတဲ့ပုဂ္ဂိုလ်သည်။ အာဘတံ၊ ဆောင်ထားအပ်သော၊ ပတ္တံ၊

http://www.dhammadownload.com

သပိတ်ကို။ ဒိသွာ၊ မြင်၍။ ဟဋ္ဌပဟဋ္ဌော၊ ရွှင်လန်း ဝမ်းမြောက်စွာ။ ဂဏှိဿာမိတိ၊ ဝယ်ယူတော့အံ့ဟု။ စိန္တေတွာ၊ ကြံစည်ပြီးတော့။ ဝိမံသမာနော၊ စုံစမ်းကြည့်တဲ့အခါမှာ။ တီဏိဆိဒ္ဒါနိ ပဿေယျ၊ အပေါက်ကလေးသုံးပေါက်မြင်တယ်။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ "ဒုဿောပမာယ" နဲ့ ပြောမယ်ဆိုရင် ရဟန်းတော်များဆိုရင် သပိတ်ကို ဥပမာထား၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများအတွက်ဆိုရင် အဝတ်အထည်နဲ့ ဥပမာထားမယ်၊ အဘိုးကလဲ အင်မတန်ချိုတယ်, ပါးလဲ ပါးတယ်, ချောလဲချောတယ်, အဆင်ကလဲ ဆန်းလှဲ့ဆန်းတယ်၊ အဲဒီအထည်ကို အထည်သည်ကပြတော့ မြင်တယ် တွေ့တယ်ဆိုရင် ဘယ်လိုနေမလဲ၊ မလိုချင်ဘဲနေမလား လိုချင်မှာဘဲ၊ အဲဒါ "အဿာဒ" သဘောလို့ခေါ်တယ်။

အဲဒီလို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ဒီအထည်လေးလိုချင်နေလို့ သေသေချာချာယူကြည့်တော့ ဘာတွေ့လဲ၊ အင်မတန်နှစ်သက်စရာကောင်းတဲ့ အင်မတန်ကြိုက်နေတဲ့ အင်မတန်လိုချင်နေတဲ့ အထည်မှာ အပေါက်သုံးပေါက်တွေ့တယ်။

အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ လိုချင်သေးသလား၊ (မလိုချင်ပါဘုရား)။

အပေါက်ကို မလိုချင်တာလား အထည်ကိုမလိုချင်တာလား၊(အထည်ကို မလိုချင်တာပါဘုရား)။

ဥပမာ-ဥပမေယျ

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဒီအထည်ကိုမလိုချင်တော့ဘူး၊ အဲသလို ဝိညာဏ်,နာမ်,ရုပ်က ဘာနဲ့တူသလဲဆိုတော့ အင်မတန်အဆင်ဆန်းတဲ့ အဘိုးချိုချိုသာသာရတဲ့ ဘယ်အဘိုးကြောင့် ရလာကြသလဲ၊ ကံဆိုတဲ့ အဘိုးကြောင့် ရလာခဲ့တဲ့ ဝိညာဏ်, နာမ်, ရုပ်၊ ကုသိုလ်ကံ ပါရမီဆိုတဲ့ အဘိုးကိုပေးပါသဖြင့် ဝိညာဏ်,နာမ်,ရုပ်လို့ ခေါ်တဲ့ အထည်ကောင်း, အထည်ဆန်း အထည်ချော, အဆင်ဆန်းကလေးကို ရလာခဲ့ပေပြီ။

http://www.dhammadownload.com

ကမ္မမှုလေန၊ ကုသိုလ်ကံ တည်းဟူသော အဘိုးပေးသဖြင့်။ တော်ဝိညာဏနာမရုပ်၊ ဤဝိညာဏ်,နာမ်,ရုပ်ကို။ လဒ္ဓံ၊ ရအပ်ခဲ့လေပြီ။

အဲဒါလေးရလာတော့ ဝမ်းမြောက်လိုက်တာ၊ ရခါစ ဝမ်းမြောက်လိုက်တာ၊ ဝက်တက်ကြွကြွနဲ့ ပျော်ပျော်ပါးပါး ပျော်လို့ ပါးလို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများပျော်လာတယ်။

ပျော်ခြင်းအစ

ဘယ်အချိန်က စပျော်လဲ၊ ကစားတဲ့ အချိန်တုံးက ဘုန်းကြီးပို့ မဟာတဏှာသင်္ခယသုတ္တန်မှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကစားတဲ့ အချိန်မှာ ကစားစရာလေးတွေနဲ့ ပျော်တယ်၊ စားတဲ့သောက်တဲ့အချိန်မှာ စားစရာ သောက်စရာတွေနဲ့ ပျော်တယ်၊ အပေါင်းအဖေါ် မိတ်ဆွေ သင်္ဂဟတွေနဲ့ နေတဲ့အချိန်မှာ အပေါင်းအဖေါ် မိတ်ဆွေသင်္ဂဟတွေနဲ့ ပျော်ခဲ့တယ်၊ အဲဒါ အဲဒီ အထည်ကလေး ကြိုက်နေတာဘဲ။

တဖြေးတဖြေး ဝိပဿနာဉာဏ်နဲ့ သေသေချာချာ ဉာဏ်ပေါ်တင်ပြီးတော့,လက္ခဏာလျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်ပေါ်ကို တင်ပြီးတော့ ဝိညာဏ်နဲ့သိအောင် ရှုပေးလိုက်တဲ့ အခါကျတော့ ဒီဝိညာဏ်, နာမ်, ရုပ်တွေမှာ ဘာတွေတွေ့လာသလဲ၊ အိုတယ်,နာတယ်, သေတယ် ဆိုတဲ့ အပေါက်သုံးပေါက်၊ (တနည်း) အနိစ္စသဘော,ဒုက္ခသဘော,အနတ္တ သဘောဆိုတဲ့ အပေါက်သုံးပေါက်နဲ့တူတဲ့ အဲဒီ အနိစ္စသဘော, ဒုက္ခ သဘော, အနတ္တသဘောကို အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများကတွေ့ပြီ။

စိတ်ကခွါလာတယ်

အစက ဒီအပေါက်ကလေး မတွေ့ခင်တုံးကတော့ အထည်ကိုနှစ်သက်ပြီး လိုချင်နေတာလို အဲဒီအနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမ အချက်လို့ခေါ်တဲ့ အနတ္တသဘောတရားကို အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မတွေ့ခင်မမြင်ခင် ဝိပဿနာဉာဏ်ပေါ်မရောက်ခင်ကတော့ဖြင့် ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သဘောတရားကို အင်မတန်လိုလားနေတယ်၊ တောင့်တနေတယ် နှစ်သက်နေတယ်။

http://www.dhammadownload.com

အခု ဝိပဿနာရှုကွက်ကို အာရုံပေါ်ဟင်ကြည့်တော့ ဉာဏ်ပေါ်တင်ကြည့်တော့ အခု ဘာတွေနေသလဲ၊ ဖြစ်တဲ့သဘောကိုတွေ့တယ်၊ ပျက်တဲ့သဘောကိုတွေ့တယ်၊ တရိပ်ရိပ်နဲ့ ပြောင်းနေတဲ့ ဝိပရိဏာမ ဖေါက်ပြန်မှုကိုတွေ့နေပြီ၊ လိုချင်သေးသလား ဒီဝိညာဏ်, နာမ်, ရုပ်ကို (မလိုချင်တော့ပါဘုရား)။

အဲဒီ ဝိညာဏ်,နာမ်,ရုပ်ကို မလိုချင်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်က ဘယ်လိုဖြစ်လာသလဲ၊ အဲဒီ အထည်အလိပ်ကနေပြီးတော့ အပေါက်ကိုမြင်နေတဲ့အတွက် ဒီအထည်ပေါ်မှာကပ်ငြိနေတဲ့ သဘောကနေပြီး စိတ်ကခွါလာသလား မခွါဘူးလား၊ (ခွါလာပါတယ်ဘုရား)။ အဲဒီအကွက်ကတော့ဖြင့် မြင်အောင်ကြည့်နေရမယ်နော်။

အနုသယ

အနုသယသဘောဆိုတာ အဲဒီနေရာမှာဝင်မယ်၊ ဘယ်လိုလဲ ဘုန်းကြီးတို့ အနုသယခဏ်းကို ဟောတဲ့အခါကျတော့ အနုသယဝင်ပုံကိုဘုန်းကြီး ပါဠိတော်မှုနဲ့ဘဲ ပြောပြပါမယ်။ အဋ္ဌကထာတွေကတော့ဖြင့် တော်တော် ခပ်များများဖွင့်တယ်။

ဒီအနုသယဝင်ပုံဟာ ဘယ်ကစလာသလဲလို့ဆိုရင် ဒီအနုသယဟာ ကထာဝတ္ထု ပါဠိတော်ကနေ စပြီးတော့ အနုသယသဘောတွေ တော်တော်လာတယ်၊ ပြီးတော့ ယမိုက်ပါဠိတော်မှာလဲဘဲ အနုသယယမိုက်ခိုပြီး တော်တော်များများ အနုသယ သဘောတွေကို စက်တွေလှဲ၊ မူလမူလီတွေလုပ်ပြီးတော့ လာပြန်ပါသေးတယ်။

သုတ္တန်ပါဠိတော်တွေမှာလာတဲ့ သုတ္တန် အဋ္ဌကထာတွေမှာ လာတဲ့ အနုသယသဘောကို ဒီကနေ့ ဘုန်းကြီးရှင်းအောင် အစွမ်းရှိသရွေ့ ရှင်းပြီးတော့ ပြပါမယ်၊ ဉာဏ်မှီသရွေ့ပေါ့လေ၊ အစွမ်းရှိသရွေ့ဆိုတာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ခုတရားပြနေတာ တရားပေးနေတာ အစွမ်းထုတ်မယ်လို့ဆိုတဲ့အနေမျိုးနဲ့ တရားပြတရားဟောတာမဟုတ်ပါဘူး၊ ကိုယ်သိတာလောက်ကလေးကိုတော့ဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများလဲဘဲ သိပါစေဆိုတဲ့ စေတနာနဲ့သာ တရားဟောနေခြင်းဖြစ်ပါတယ်၊

http://www.dhammadownload.com

ရှုတာတခြား-မြင်တာတခြား

အဲဒီ ဝိညာဏ်,နာမ်,ရုပ်ကို ရှုနေတဲ့အခါမှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာကိုမြင်နေသလဲဆိုတော့ ပညတ်လို့ ခေါ်တဲ့ အဲဒီ လက္ခဏာလျှင် အာရုံရှိတဲ့ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာ ဒီလက္ခဏာကိုတွေ့တယ်။

ရှုတာက ဘာကိုရှုတာလဲ ဝိညာဏ်,နာမ်,ရုပ်၊ဖြစ်တာက အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာ၊ရှုတာနဲ့ မြင်တာနဲ့ တခြားစီဖြစ်နေသလား ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား)။

ရေခွက်ဥပမာ

ဘုန်းကြီးတို့ သက်သေပြကြစို့၊ သင်္ဂါရဝသုတ္တန်မှာလာတဲ့ ရေခွက်တခွက်ကိုဘဲ ယူခဲ့ကြဦးစို့၊ဒီအမြင်မှန်သလား မမှန်ဘူးလားဆိုတာကို သက်သေပြမယ်လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ပြောခဲ့တယ်၊ဟိုသင်္ဂါရဝသုတ္တန်မှာလာတဲ့အဲဒီရေခွက်ကို အာရုံပြုပြီးတော့ ခုလို လသာသာ ညအခါမှာ သစ်ပင်ရိပ်တွေ အမိုးအကာတွေ မရှိတဲ့ လွင်တီးခေါင်အရပ်မှာ ကြည်လင်သန့်ရှင်းတဲ့ ရေခွက်ထဲမှာကြည်လင်တဲ့ရေကို ဖြည့်ထည့်ပြီးတော့ လကလဲမွန်းမတ်မတ် တည့်နေတဲ့အချိန်မျိုးမှာ ဒီရေခွက်ထဲမှာ ထည့်ထားတဲ့ရေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ငုံ့ကြည့်နေစမ်းပါ။

အဲဒီရေကိုငုံ့ကြည့်နေရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာကြည့်နေတာလဲ ရေကိုကြည့်နေတာနော်(မှန်ပါဘုရား။)

ဘာမြင်သလဲ၊ (လကိုမြင်ပါတယ်ဘုရား)။

ကြည့်တာက ဘာကိုကြည့်တာလဲ၊ လကို မော့ကြည့်နေတာလား၊ ရေကိုငုံ့ကြည့်နေတာလား၊ (ရေကိုငုံ့ကြည့်နေတာပါဘုရား)။

ရေသည် လဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား)။

လကော ရေဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား)။

လနဲ့ရေဟာ အတူတူလား တခြားစီလား၊ (တခြားစီပါဘုရား)။

အမျိုးကောင်း သားတွေ, အမျိုးကောင်းသမီးတွေ အဲဒီအတူဘဲ ဝိညာဏ်,နာမ်,ရုပ်က ရေခွက်နဲ့တူတယ်၊ လက္ခဏာလျှင် အာရုံရှိသော

http://www.dhammadownload.com

ဝိပဿနာဉာဏ်က မျက်လုံးနဲ့တူတယ်၊ဝိညာဏ်နာမ်ရုပ်က ဘာနဲ့တူတုံး၊ (မျက်လုံးနဲ့တူပါတယ်ဘုရား)၊ မဟုတ်ဘူး····

ဝိညာဏ်,နာမ်,ရုပ်က ရေခွက်ထဲမှာ ရေတွေ ပြည့်နေအောင် ထားတဲ့ ရေနဲ့တူတယ်၊ ဝိညာဏ်,နာမ်,ရုပ်က ဘာနဲ့တူသလဲ၊ (ရေနဲ့တူပါတယ် ဘုရား)။

လက္ခဏာလျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်က မျက်လုံးနဲ့တူတယ်၊ ဝိပဿနာဉာဏ်က ဘာနဲ့တူလဲ၊ (မျက်လုံးနဲ့တူပါတယ်ဘုရား)။

အနိစ္စ,ဒုက္ခ,ဝိပရိဏာမလို့ ခေါ်တဲ့ လက္ခဏာက ဘာနဲ့တူလဲ၊ (လနဲ့တူပါတယ်ဘုရား)၊ လနဲ့တူတယ်။

အဲဒီဝိညာဏ်,နာမ်,ရုပ်တည်းဟူသော ရေခွက်ကြည်ကြည်လင်လင် ထဲမှာ ခုတင်ကဆေးတွေ,အရောင်တွေမဆိုးတဲ့ ရေခွက်ထဲမှာ ငုံ့ပြီးတော့ ကြည့်နေမယ်ဆိုရင် ဒီရေခွက်ထဲ ဘာတွေမြင်ရမလဲ၊ (လကိုမြင်ရပါ တယ်ဘုရား)။

လကိုမြင်တယ်နော်၊ ကြည့်တာက ဘာကိုကြည့်တာလဲ၊(ရေကိုကြည့် တာပါဘုရား)၊ အဲဒီသဘောလိုဘဲ။

မှန်ဥပမာ

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ နေ့တိုင်းနေ့တိုင်း မှန်မကြည့်ဘူးလား၊(ကြည့်ပါတယ်ဘုရား)။

ကြည့်တာက မှန်ကိုကြည့်တယ် မြင်တော့ဘာမြင်လဲ၊ ကိုယ့်ရုပ်ကို ပြန်မြင်သလား မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား)။

ကြည့်တော့ ဘာကိုကြည့်တာလဲ၊ (မှန်ကို ကြည့်တာပါဘုရား)။

ကြည့်တာက မှန်ကိုကြည့်တာ၊ ကြေးမုံပြင်သို့တဲ့ မှန်ကိုကြည့်တာ၊ ဒီစကားက အဋ္ဌကထာမှာရှိတယ်၊ ကြည့်တာမှန်ကို ကြည့်တယ်၊ မြင် တော့ ကိုယ့်ရုပ်ကိုမြင်တယ်၊ အဲဒီဥပမာကလေးလိုဘဲ အမျိုးကောင်း သားများ,အမျိုးကောင်းသမီးများ ကြည့်တာက ဝိပဿနာလက္ခဏာ လျှင် အာရုံရှိတဲ့ ဝိပဿနာဉာဏ်မျက်လုံးနဲ့ **ရှုနေတာ** ကြည့်နေတာက ဝိညာဏ်,နာမ်,ရုပ်၊ ဘာတရားနဲ့ ဘာတရားတွဲလဲ ဝိညာဏ်,နာမ်,ရုပ်၊ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း စိတ် **စေတသိက်** ရုပ်။

http://www.dhammadownload.com

ပါဠိတော်မှူ

ဘာဖြစ်လို့ ပေါင်းပြောနေတာလဲလို့ဆိုတော့ ဘုန်းကြီးကမူတခုချပြီးတော့ ပြနေတာမဟုတ်ဘူး၊ ပါဠိတော်မှာလာတဲ့ မူကိုသာ ဘုန်းကြီးက ညွှန်ပြနေတာ။

ဝိညာဏ်ကိုပြနေတာက စိတ္တာနုပဿနာကိုရှုတဲ့ ပုဂ္ဂိုလ်များအတွက် စိတ္တာနုပဿနာကို သေသေချာချာ ရှုကြပါစေတော့လို့ ဝိညာဏ်ကိုပြပါတယ်။

နာမ်ကိုပြနေတာက ဘာဖြစ်လို့ ဒီနာမ်ကိုပြနေရတာလဲ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်နဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရှုပွားလိုတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအတွက် ဒီတရားကို ထည့်ပြနေတာ။

ရုပ်ကိုပြနေတာက ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ပုဂ္ဂိုလ်အတွက်ဖြစ်တယ်။

အဲဒီ ဝိညာဏ်,နာမ်,ရုပ်၊အားလုံးပေါင်းလိုက်ရင်ဝိညာဏ်ရဲ့သဘောကို ယူကြည့်ရင်, နာမ်ရဲ့သဘောကို ယူကြည့်ရင်, ရုပ်ရဲ့သဘောကို ယူကြည့်ရင်, အားလုံးတို့၏ သဘောကိုငုံမိအောင် ရှုနိုင်ရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ ဘာသတိပဋ္ဌာန်တဲ့လဲ၊ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)။

> ဣတိ ရူပံ ဣတိရူပဿ သမုဒယော ဣတိရူပဿ အတ္ထင်္ဂမော၊ ဣတိဝေဒနာ ဣတိဝေဒနာယ သမုဒယော ဣတိဝေဒနာယ အတ္ထင်္ဂမော၊ ဣတိသညာ ဣတိသညာယ သမုဒယော ဣတိသညာယ အတ္ထင်္ဂမော၊ဣတိသင်္ခါရာ ဣတိသင်္ခါရာနံ သမုဒယော ဣတိသင်္ခါရာနံ အတ္ထင်္ဂမော၊ ဣတိဝိညာဏံ ဣတိဝိညာဏဿ သမုဒယော ဣတိဝိညာဏဿ အတ္ထင်္ဂမော။

လို့ အဲဒီလို ဓမ္မာနုပဿနာ သတိပဋ္ဌာန်သဘောကို ငုံမိအောင်လို့ ရှုနိုင်ဘို့ရန်အတွက် ဝိညာဏ်,နာမ်,ရုပ်၊ တနည်း စိတ်, စေတသိက်,ရုပ်၊ အဲဒါတွေကို ရှုရမယ်၊အဲဒီလိုရှုတဲ့အခါမှာ ပရမတ်နဲ့ ပညတ်ကွဲပါစေ။

http://www.dhammadownload.com

အပိုင်း ၄-ပိုင်း

(၁) အခုဒီနေ့ ရွှေဘုန်းပွင့်ဓမ္မာရုံမှာ ဟောတဲ့တရားတော်ဟောစဉ်က ပဌမရှေးဦးစွာ ဝိပဿနာရှုဘို့ရန်အတွက်အာရုံကိုသန့်သန့်ရှင်းရှင်းရအောင် ရှာတဲ့အပိုင်း။

(၂) ဒုတိယအပိုင်းကျတော့ ဒုတိယအဆင့် တရားစဉ်ပာက်လာတဲ့အခါကျတော့ ဒီအာရုံကို ဘာနဲ့ရှုရမလဲဆိုတဲ့ ရှုစရာ ဝိပဿနာ ဉာဏ်မျက်လုံးကို စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းဖြစ်အောင် လုပ်ပေးတဲ့အပိုင်း။

(၃) တတိယအပိုင်းက ရှုပုံရှုနည်းကို ကြည့်ပုံကြည့်နည်းကိုပြတဲ့အပိုင်း။

(၄) အခု ဒီနေ့ စတုတ္ထအပိုင်းကျတော့ ရှုတဲ့အခါ မြင်ပုံမြင်နည်းကို ပြတဲ့အပိုင်း။

မြင်တော့ ဘာမြင်သလဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုဘို့ဝိပဿနာဉာဏ် အကွက်ဝင်ဘို့ဆိုရင် ဘာမှ မြင်စရာမလိုဘူး၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ၊ ဟောဒီသုံးချက်ဘဲ မြင်ရမယ်၊ ဒီ့ပြင် မြင်စရာမရှိဘူး။

မြင်ပုံမြင်နည်း

အကယ်၍ အဲဒီ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တို့ ထက် ပိုပြီးတော့ မြင်လာမယ်ဆိုရင်–

> ''နိမိတ္တံ အာဝဇ္ဇတော စိတ္တံ ဝိကမ္ပတိ သမ္မာ သမာဓိဿ ပရိပန္ထော''။

နိမိတ်ဆင်ခြင်မိပြီလို့ မှတ်ထား၊ နိမိတ်ဘက်ရောက်ပြီ၊ အဲဒီ နိမိတ်ရှင်းတမ်းက ဘုန်းကြီးတို့ ပထမဟောသွားတဲ့ တရားစဉ်မှာ ပထမပတ်က ဟောတဲ့ နိမိတ်ရှင်းတမ်းကလေးမှာဘဲ ပြန်ဒြီးတော့ တိုက်ကြည့်ကြပါ။

အကယ်၍ အပြင်အာရုံတွေဝင်လာမယ်ဆိုရင် အတွင်းအာရုံတွေ ဆိုတဲ့ ဈာနနိကန္တိသဘောမျိုးတွေ ဈာန်အာရုံတွေများ ဝင်လာမယ်၊ အတွင်းအာရုံတွေ ဝင်လာမယ်ဆိုရင်ထဲဘဲ အတွင်းအာရုံ ရှင်းတမ်းကို

http://www.dhammadownload.com

ဘုန်းကြီးတို့ ရှင်းပေးခဲ့ပြီးနောက် ဟို-မနှစ်ဝိုးက ဟောသွားတဲ့တရား ပေါ့။

အတွင်းအာရုံရှင်းတမ်းဖိတ် ဥပက္ကိလေသာ၊ အဲဒီ ရှင်းတမ်းတွေနဲ့ အခု ဒီဓမ္မဒိဋ္ဌိကြာဏ်ပိုင်းနဲ့ ဟက်စပ်သဘောမျိုးတရားကို ဒုတိယပိုင်း မှာနေနဲ့ ဟောတာပါဘဲ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခု မြင်နေတဲ့ ဝိညာဏ်,နာမ်,ရုပ်အပိုင်းဟာ မြင်ပုံမြင်နည်းက ဘယ်လိုမြင်ရမလဲ၊ အနိစ္စ-ကုန်တဲ့ပျောက်တဲ့သဘောကို မြင်ရမယ်၊ ဒုက္ခ-အသစ်အသစ် ဖြစ်တဲ့ သဘောတရား တွေကို "ခန္ဓာနံပါတုဘာဝေါ" အရ "နတ္ထိ ခန္ဓသမာဒုက္ခာ" လို့ မြတ်စွာဘုရားဟောတော်မူချက်အရ အဲဒီ ခန္ဓာကိုယ် ရလာတဲ့ ဒုက္ခဆိုတဲ့သဘောတရားကို မြင်ရမယ်။

အဖြစ်ကို မြင်တဲ့နေရာမှာ ဒုက္ခကိုမြင်ရမယ်၊ အပျက်ကို မြင်တဲ့နေရာ မှာ အနိစ္စလက္ခဏာကို မြင်ရမယ်၊ တရိပ်ရိပ်နဲ့ ဖြစ်ပြီးတဲ့နောက် ကုန် တဲ့ပျောက်တဲ့ဘက်ကို ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပြောင်းနေတဲ့သဘောကလေးကို မြင်ကိုမြင်နေရမယ်၊ မြင်လဲ မြင်လို့ဖြစ်တယ်၊ မြင်လို့မဖြစ်တာကို မြတ် စွာဘုရားက ဟောခဲ့တာမဟုတ်ဘူး။

ဝိပဿနာရှုကွက်ထဲမှာ ဉာဏ်ကလေး အတော်ကလေး ထက်လာပြီ ဆိုရင် ရိပ်ရိပ်ရိပ်ရိပ်နဲ့ ကုန်တဲ့ပျောက်တဲ့ဘက်ကို ပြောင်းနေတဲ့သဘော ကို မြင်တယ်၊ အဲဒီလို အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက် ဆိုတဲ့ဒီအချက်သုံးချက်နဲ့ ဝိညာဏ်,နာမ်ရုပ်ကို ဝိပဿနာရှုနေတဲ့အချိန် မှာ ဒီဝိညာဏ်,နာမ်,ရုပ်ထဲမှာ အနုသယဆိုတဲ့သဘောကို မထင်ရှားတဲ့ အတွက် မတွေ့နိုင်တာ အထူးမှတ်ချက်ပါ။

ဒီအနုသယ ဘယ်နေရာမှာဝင်လဲဆိုတော့ ဘုန်းကြီးတို့ သုတ္တန်ဟော တဲ့အခါကျတော့ ပါဠိတော်တခု ဘုန်းကြီးဖွင့်ပြီးတော့ ပေးပါမယ် အနုသယဝင်ပုံကို၊ ဝိညာဏ်ဟာ အနုသယမဟုတ်ဘူး နာမ်၊ တချို့ ကိလေသာ အနုသယဟုတ်တယ်၊ အနုသယ ဘယ်အချိန် ဝင်သလဲဆို တော့ သတ္တဝါတို့ရဲ့ ခန္ဓာအစဉ်မှာ အနုသယကိလေသာ အမြဲတမ်း ဝင်တာဘဲ၊ နောက်ပိုင်းကျတော့ ဘုန်းကြီး သုတ္တန်မှာပြမယ်။

http://www.dhammadownload.com

ဝိညာဏ်,နာမ်,ရုပ် ရှုတဲ့အခါ တွေ့မြင်ပုံ

အဲဒီဝိညာဏ်,နာမ်,ရုပ်ကို ရှုနေတဲ့အချိန်မှာဘာတွေတွေ့သလဲ၊အနိစ္စ-ကုန်တဲ့ပျောက်တဲ့သဘောကို တွေ့မယ်၊ ဒုက္ခ- အသစ်အသစ်ပြန်ဖြစ်လို့ ဆင်းရဲတဲ့သဘောကိုတွေ့မယ်၊ တရိပ်ရိပ်နဲ့ ကုန်တဲ့ပျောက်တဲ့ သဘောတည်းဟူသော အနတ္တရဲ့ သဘာဝအကွက်ကို တွေ့မယ်၊ အဲသလို ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပြောင်းနေတဲ့သဘောကို ဘာပြုလို့ အနတ္တအကွက်လို့ ပြောရသလဲလို့ဆိုတော့ ဒီရိပ်ရိပ်ရိပ်ရိပ်နဲ့ တရိပ်ရိပ် ကုန်တဲ့ပျောက်တဲ့ဘက်ကို ပြောင်းနေတဲ့ ဝိညာဏ်,နာမ်,ရုပ်မှာ ငါရဲ့ မှီရာတည်ရာ ငါခိုတဲ့သဘောဟာ ရှာလို့မတွေ့ပါလားလို့ဆိုတဲ့ ဉာဏ်က အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့သန္တာန်မှာ သေသေချာချာ ကွက်ကွက် ကွင်းကွင်း ထင်ရှားနေမယ်၊ ဒါ-တရားအားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့အကွက်။

အဲသလို ငါ, ငါ့ဥစ္စာရှာမရသည် ဖြစ်သောကြောင့် အတ္တ,အတ္တနိယ ဆိတ်သုဉ်းနေတဲ့အတွက် တရိပ်ရိပ်ပြောင်းနေတဲ့ ဝိပရိဏာမအချက်ကို အနတ္တကွက်လို့ ဒီလို သွင်းထားပါတယ်၊ အနတ္တလက္ခဏာ သုတ္တန် တရားဒေသနာတော်မှာလဲဘဲ—

> ''ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနုတံ သမနုပဿိတုံ ဧတံမမ ဧသောဟမသ္မိ ဧသော-မေ အတ္တာတိ''။

ဒီတရိပ်ရိပ် ပြောင်းနေတဲ့ ဝိပရိဏာမသဘောရှိနေပဲ့ တရိပ်ရိပ် ပြောင်းပြောင်းနေတဲ့ ဝိညာဏ်,နာမ်,ရုပ်ကို(ဧသောမေအတ္တာ၊ငါရဲ့အတ္တပါ)ငါရဲ့ အားကိုးရာ မှီခိုရာပါ၊ တည်ရာလေးပါ၊ လုပ်လို့ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘုရား)၊ မဖြစ်နိုင်ဘူး၊ ''နောဟေတံ ဘန္တေ''တဲ့။

ပဥ္စဝဂ္ဂီ ၅-ဦးက ပြန်ပြီးတော့ဖြေတယ်၊ ပဥ္စဝဂ္ဂီ ၅-ဦးသာ မဟုတ်ပါဘူး၊ အနတ္တလက္ခဏာသုတ္တန်နဲ့ပတ်သက်ပြီးတော့ ဟောတဲ့နေရာတိုင်း နေရာတိုင်းမှာ တရားနာတဲ့ ပုဂ္ဂိုလ်တိုင်းက အဲဒီလို ''နောဟေတံ ဘန္တေ''လို့ ဖြေပါတယ်။

အချက် ၇-ချက်တွေ့လျှင် အတ္တလို့မစွဲ

အခု တရားနာနေတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီး တွေကလဲဘဲ စဉ်းစဉ်းစားစားကြည့်ပါ။

http://www.dhammadownload.com

(၁) တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ရုပ်။
(၂) အဲဒီရုပ်ကို သိနေတဲ့ ဝိညာဏ်။
(၃) နှာခေါင်းပေါက်နဲ့ ထွက်လေဝင်လေနဲ့ ဟခြားစိနေအောင် ပိုင်းခြားပေးထားတယ်လို့ခေါ်တဲ့ ပညာ။
(၄) အာရုံ့ကပ်၍ ထင်ရှားအောင် လုပ်ပေးထားတဲ့သတိ၊
(၅) ဒီအာရုံပေါ်ကနေပြီး စိတ်တခြားရောက်မသွားအောင်ထောက်ပံ့ပေးထားတဲ့ ပဂ္ဂဟကိစ္စရှိတဲ့ ဝီရိယ၊
(၆) ဒီအာရုံတွေဟာ ဝိညာဏ်ဘဲ,နာမ်ဘဲ,ရုပ်ဘဲလို့ တကဲ့ကို မိမိကိစ္စာကောင်းကင်းနဲ့ ဆုံးဖြတ်ချက်ချထားတဲ့သဒ္ဓါ၊
(၇) တရား တည်းဟူသော ယုံကြည်ချက် ရှိပြီးတော့ ဟောဒါ ဝိညာဏ်, ဟောဒါနာမ်, ဟောဒါရုပ်လို့ သေသေချာချာ ဆုံးဖြတ်ချက်ချပေးထားတယ်ဆိုတဲ့ အဓိမောက္ခ။

အဲဒီအချက်အားလုံးကို တွေ့ထားရင် ရရှိထားရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒါအတ္တလို့စွဲလို့မဖြစ်တော့ဘူး။

ဖြစ်ပျက်ကိုမြင်လျှင် ဒုက္ခကိုမမြင်ဘဲမနေနိုင်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ပညာခေါ်တဲ့ ဉာဏ်ပေါ်မှာ ဝိညာဏ်,နာမ်,ရုပ်တို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်တွေ ဝိပရိဏာမအချက်တွေ ထင်ရှားနေစဉ် ဒီဝိညာဏ်,နာမ်,ရုပ်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒုက္ခလို့ပြောမလား သုခလို့ပြောမလား၊ဖြစ်ပျက်ကိုမြင်ပြီးရင် ဒုက္ခကိုမမြင်ဘဲနဲ့ ကိစ္စမပြီးပါဘူး ဆိုတာ တထစ်ချမှတ်၊

ဖြစ်ပျက်ကိုမြင်ပြီးတော့ ဘာမြင်ရမလဲ၊ ဝိညာဏ်,နာမ်,ရုပ်တွေ ဖြစ်တဲ့ အတွက် ဆင်းရဲတယ်၊ ပြောင်းရွှေ့ပြီးတော့ တရိပ်ရိပ် ပြောင်းနေတဲ့ အတွက် ဆင်းရဲတယ်၊ ဘာပြုလို့ဆင်းရဲတာလဲ၊ ဘယ်လို ဟောထားလို့လဲ မြတ်စွာဘုရားက "နတ္ထိ ခန္ဓသမာ ဒုက္ခာ"။ ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ **ဒုက္ခာ**၊ဆင်းရဲသည်။ နတ္ထိ၊မရှိဘူးတဲ့။ အဲဒါ အတ္တလား, အနတ္တလားလို့ သေသေချာချာ မြင်အောင်ကြည့် ဒီဒုက္ခကို။

အတ္တ,အနတ္တ**ဆို**တာဘာလဲ၊ အတ္တဆိုတာဒီ**ရာ**တည်ရာ**လု**ပ်လို့ရတယ်၊ အနတ္တ**ဆိုတာ မှီ**ရာတည်ရာလုပ်လို့မရဘူး၊ **အဲဒီ** ဝိညာဏ်,နာမ်,ရုပ်ကို

http://www.dhammadownload.com

မှီရာတည်ရာလုပ်လို့ ရမလား၊ တရိပ်ရိပ်ပြောင်းနေတဲ့ သဘောကလေး ရှိနေတာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာကိုတွေ့နေပြီလဲ၊ လနဲ့တူတဲ့လက္ခဏာကို တွေ့နေပြီ၊ အဲဒီလက္ခဏာကိုရှုဖန်များလာရင်–

"တဿ ပဋ္ဌက္ခန္ဓာ ကဉ္ဇော ဗဒ္ဓကုဏာပံ့ဝိယ ဟောန္တိ"၊

တဿ၊ ထိုဝိညာဏ်,နာမ်,ရုပ်ကို အနိစ္စ,ဒုက္ခ, အနတ္တလို့ ထင်နေတဲ့အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ အား။ ပဋ္ဌက္ခန္ဓာ၊ ဝိညာဏ်,နာမ်,ရုပ်ခေါ်တဲ့ ခန္ဓာငါးပါး ရုပ်နဲ့ နာမ် တရားတို့သည်။ ကဉ္ဇော၊ လည်ပင်း၌။ ဗဒ္ဓကုဏာပံ့ဝိယ၊ ဆွဲထားသောအကောင်ပုပ်ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဆိုတော့ အဲဒီအကောင်ပုပ်ကြီးကို နှစ်သက်သလား မနှက်သက်ဘူးလား၊ မနှစ်သက်ရင် ရာဂ ကွာသွားတာဘဲ၊ ရာဂကွာသွားရင် ဝိရာဂ၊ ပဟာနပရိညာလို့ခေါ်တယ်၊ ပဟာနပရိညာ စခန်းတိုင်အောင် သွားကြဖို့ရန်အတွက် ဘုန်းကြီးတို့ အနုသယဘာယ်မှာ ပေါ်သလဲလို့ ဆိုတာ ထင်ထင်ရှားရှားသိရအောင် သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂဗျာပါဒခေါ်တဲ့ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးကို မှတ်ပြီးတော့ နောက်ပိုင်း မဟာမာလုကျပုတ္တသုတ္တန်ကို ဟောကြစို့ရဲ့၊ ကိုင်း-အလုပ်ပေးတရား တော်လောက်ပေပြီ။

(သာဓု-သာဓု-သာဓု)

ဆဋ္ဌမည ဝိပဿနာအလုပ်ပေး
တရားတော် ပြီး၏။

http://www.dhammadownload.com

မဟာမာလုကျပုတ္တ သုတ္တန်တရားတော် ပဥ္စမပိုင်း

တရားတော် နိဒါန်း

ဤမဟာမာလုကျပုတ္တသုတ္တန် တရားဒေသနာတော်မြတ်ကို ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်မှုန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ်အခါကာလမှာ မဟာမာလုကျပုတ္တမထေရ်ရဲ့ လျှောက်ထားပုံကို အကြောင်းပြုပြီးတော့ ဤသုတ္တန်တရားဒေသနာကို ဟောကြားတော်မူခဲ့ပါသည်၊ ဤအကြောင်းအရာများကို သံဂါယနာတင်တော်မူကြတဲ့ ဆရာတော်များက တည်တည့်တတည်း ဒီလို ရွတ်ဆိုတော်မူခဲ့ကြတယ်။

''ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ''။

ဘန္တေကဿပ၊ အရှင်မဟာကဿပ။ မေမယာ၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ ဧဒိသုတ္တံ၊ ဤမဟာမာလုကျပုတ္တသုတ္တန်တရားဒေသနာကို။ ဘဂဝတော၊ ဘုန်းတော်သခင်သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ်၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားနာမှတ်သား ဆောင်ထားရပါသည်ဘုရား။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ အရာမ်ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သတ္တဝါတို့ ကောင်းကျိုး မျှော်ကာကိုး၍ လေးပါးသော ဣရိယာပထဖြင့် မျှတရှင်ပြုံး သီတင်းသုံးနေတော်မူခဲ့ပါသည်ဘုရား။

ဟိုအချိန်တုံးက ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်မှုန် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော် မူခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။

တတြခေါ၊ ထိုသို့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ်အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်ဘုရားသည်။ ဘိက္ခူ၊ သာသနာတော်ထမ်း ရှင်ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတော်များ အို-ချစ်သားတို့ ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူလိုက်လေ၏၊

တရားနာပရိသတ် အပေါင်းတို့ရဲ့ စည်းဝေးတဲ့ ဓမ္မာရုံအတွင်း တည်ခင်းအပ်တဲ့နေရာ၌ သဃ်ာတော်ပရိသတ် စည်စည်ကားကားနဲ့ တင့်တင့်တယ်တယ် မြတ်စွာဘုရား စံပယ်သီတင်း သုံးနေတော်မူစဉ် အခါမှာ ရဟန်းတော်များကို"ဘိက္ခဝေါ"လို့ မဟာကရုဏာ စမ်းအိုင်က ထွက်လာတဲ့ ရေကြည်ရေပေါက် ကလေးတွေနဲ့ တူတဲ့ စကားလုံး အသုံးအနှုန်းတို့ဖြင့် ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော် မြတ်က ခေါ်ဝေါ် မိန့်ဆိုတော်မူလိုက်တယ်ဆိုရင်ဘဲ မိုးဦးကျတခွင်မှာ မိုးသံတွေကြားရင် တောတောင်ဂနိုင် စုံမြိုင်အတွင်း၌ ရှိကြကုန်သော "မယူရ"လို့ခေါ်တဲ့ ဥဒေါင်းငှက်တို့သည်"ကေယူရ"အမည်ရှိတဲ့ တွန် သံမြူးသံကိုတပြိုင်ထဲချိန်ထားတာမဟုတ်ဘဲနဲ့တွန်ကြမြည်ကြသလို ဘုန်း တော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားရဲ့ဘိက္ခဝေါဆိုတဲ့ မဟာကရုဏာ အပြည့်အဝရှိတဲ့ အသံတော်နဲ့ခေါ်လိုက်တဲ့ အသံတော်ကို ကြားလိုက်ရ တယ်ဆိုရင်ဘဲ အားလုံးသော သဃ်ာတော် တည်းဟူသော ရွှေဥဒေါင်း တွေဟာညီညီညာညာနဲ့"ဘဒ္ဒန္တေ"လို့ ပြန်ပြီးတော့ဥဒေါင်းတွေ တွန် ကြမြူးကြသလို "ရှင်ပင်မြတ်ဘုရား"လို့ စကားတို့ ပြန်ကြားပြီးတော့ လျှောက်ထားကြပါတယ်။

ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါး

ထိုအခါမှာ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်က ရဟန်း တော်များကို ဘာမိန့်တော်မူသလဲလို့ဆိုတော့။

ဓာရေထ နော တုမှေ ဘိက္ခဝေ မယာ ဒေသိ
တာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇ နာနီတိ။

http://www.dhammadownload.com

"ဘိက္ခဝေ၊သာသနာ့ဝန်ထမ်း အိုရဟန်းတို့"လို့ အနက်ပေးရတယ်၊ သာသနာ့ဝန်ကိုထမ်းတယ် ဆိုတာ ဘယ်လိုထမ်းလဲ၊ သီလသာသနာကို ဖြည့်ကျင့်တယ် ကြိုးစားတယ် အားထုတ်တယ်၊ သမာဓိသာသနာကို ဖြည့်ကျင့်တယ် ကြိုးစားတယ် အားထုတ်တယ်၊ ပညာသာသနာကို ကြိုးစားတယ် ဖြည့်ကျင့်တယ် အားထုတ်တယ်၊ စာပေပရိယတ္တိကို ချပို့ပေးတယ်ဆိုတဲ့ အနေမျိုးနဲ့ သာသနာ့တာဝန် ဇာသင်တယ်ဆိုတဲ့ အနေမျိုးနဲ့ သာသနာ့တာဝန်ကို ထမ်းတယ်၊ တရားဟောတယ်ဆိုတဲ့ အနေမျိုးနဲ့ ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းတယ်၊ တရားနာတယ် ဆိုတဲ့ အနေမျိုးနဲ့ ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းတယ်၊ ဝိပဿနာ အလုပ်ကို ကိုယ်တိုင်ကြိုးစားပြီးတော့ အားထုတ်တယ်ဆိုတဲ့ အနေမျိုးနဲ့ သာသနာ့ တာဝန်ကို ထမ်းတယ်။

အဲဒီ သာသနာ့ဝန်ထမ်း မှန်သမျှဟာ အကုန်လုံး "ဘိက္ခဝေ" ဆိုတဲ့ အထဲမှာပါတယ်၊ ရဟန်းတော်တွေချည်း မအောက်မေ့နဲ့။

> ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အိုရဟန်းတို့။ မယာ၊ ငါဘုရားရှင် ကိုယ်တော်မြတ်သည်။ ဒေသိတာနိ၊ ဟောကြားတော်မူအပ်ကုန်သော။ ဩရမ္ဘာဂိယာနိ၊ အောက်အဘို့ဟု ဆိုအပ်ကုန်သော ကာမဘုံ၌ ဖြစ်စေတတ်ကုန်သော။ ပဉ္စသံယောဇနာနိ၊ သံယောဇဉ် (၅)ပါးတို့ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ဓာရေထနော၊ ဓာရေထနု၊ ဆောင်ယူမှတ်သားကြပါရဲ့လား။

ချစ်သားတို့····ငါဘုရား ဟောကြားထားတော်မူတဲ့ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးကို သင်တို့မှတ်မိကြရဲ့လား–တဲ့၊ ဩရမ္ဘာဂိယလို့ဆိုတာ ဩရမ္ဘ-အောက်ပိုင်း။ သံသရာရဲ့အောက်ပိုင်းဆိုတော့ ငရဲ တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံရယ်၊ ကာမသုဂတိ ခုနစ်ဘုံရယ်-လို့ဆိုတဲ့ ကာမတဆယ့်တဘုံမှာ ကျင်လည်တတ် ဖြစ်တတ်တဲ့ ကာမတဆယ့်တဘုံမှ မထွက်နိုင်အောင် ယှဉ်စပ်ပေးတဲ့သဘောကို သံယောဇဉ်လို့ခေါ်တယ်။

အဲ့ဒီ သံယောဇဉ်တရားတွေကို သင်တို့သိကြရဲ့လား မှတ်မိကြရဲ့လားလို့ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက မေးတော်မူတော့ အားလုံးသော ရဟန်းပရိသတ်တွေက ဆိတ်ငြိမ်ပြီးတော့

http://www.dhammadownload.com

နေကြပါတယ်၊ အဲဒီလို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ချစ်သားတို့ ငါဘုရားဟောထားတော်မူတဲ့ ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါးကို မှတ်မိကြရဲ့လားလို့ မြတ်စွာဘုရားမေးတော်မူတဲ့အခါမှာ မဟာမာလုကျပုတ္တ မထေရ်က မြတ်စွာဘုရားကို လျှောက်တယ်၊ ဘယ်လို လျှောက်လဲ။

အဟံခေါ ဘန္တေ ဓာရေမိ ဘဂဝတာ ဒေသိတာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဘဂဝတာ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဒေသိတာနိ၊ ဟောကြားတော်မူအပ်ကုန်သော၊ ဩရမ္ဘာဂိယာနိ၊ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်ကုန်သော။ ပဉ္စသံယောဇနာနိ၊ သံယောဇဉ် ၅-ပါးတို့ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဓာရေမိ၊ ဆောင်ယူ မှတ်သားမိပါသည်ဘုရား၊

ရှင်မာလုကျပုတ္တမထေရ်က အရှင်ဘုရားဟောကြားထားတော်မူတဲ့ ဩရမ္ဘာဂိယ သံယောဇဉ် ၅ မျိုးကို ဘုရားတပည့်တော် မှတ်မိပါတယ် ဘုရားတဲ့၊ အဲဒီတော့ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ရှင်မာလုကျပုတ္တ မထေရ်ကို ပြန်ပြီးတော့ မေးတယ်။

ယထာကထံပန တွံ မာလုကျပုတ္တ ဓာရေသိ မယာ ဒေသိတာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ။

မာလုကျပုတ္တ၊ ချစ်သား-မာလုကျပုတ္တ။ မယာ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒေသိတာနိ၊ ဟောကြားတော်မူအပ်ကုန်သော။ ဩရမ္ဘာဂိယာနိ၊ အောက်အဘို့ဟု ဆိုအပ်ကုန်သော ကာမဘုံ၌ဖြစ်တတ်ကုန်သော၊ ပဉ္စသံယောဇနာနိ၊ ငါးပါးသော သံယောဇဉ်တို့ကို၊ တွံ၊ သင်သည်။ ယထာကထံပန၊ အဘယ်သို့သောအခြင်းအရာအားဖြင့်။ ဓာရေသိ၊ ဆောင်ယူမှတ်သားမိပါသနည်း။

ချစ်သားမာလုကျပုတ္တတဲ့၊ ငါဘုရားဟောထားတော်မူတဲ့ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးကို သင်ဘယ်နည်းဘယ်ပုံ မှတ်မိတာလဲလို့ အဲသလို

http://www.dhammadownload.com

ဘုန်းတော်သခင် သဗ္ဗညုကိုယ်တော်မြတ်ကမေးတော့ မဟာမာလုကျ ပုတ္တမထေရ်က ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို ပြန်ပြီးတော့ လျှောက်ပါတယ်၊ ဘယ်လိုလျှောက်သလဲဆိုတော့။

ဒိဋ္ဌိသံယောဇဉ်

"သက္ကာယဒိဋ္ဌိံ ခေါ အဟံ ဘန္တေ ဘဂဝတာ ဩရမ္ဘာဂိယံ သံယောဇနံ ဒေသိတံ ဓာရေမိ"။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဘဂဝတာ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဒေသိတံ၊ ဟော ကြားတော်မူအပ်သော။ ဩရမ္ဘာဂိယံ၊ အောက်အဖို့ဟု ဆိုအပ် သော ကာမဘုံ၌ ကျင်လည်တတ်ဖြစ်စေတတ်သော။ သကာယ-ဒိဋ္ဌိံ သံယောဇနံ၊ သကာယဒိဋ္ဌိ သံယောဇဉ်ကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ဓာရေမိ၊ ဆောင်ယူမှတ်သားမိပါသည်ဘုရား။

သက္ကာယဒိဋ္ဌိ

သကာယဒိဋ္ဌိဟာ ဩရမ္ဘာဂိယသံယောဇဉ်ပါဘုရားတဲ့၊ သကာယ ဒိဋ္ဌိဆိုတာ ဘာလဲ၊ သ-ထင်ရှားရှိသော။ ကာယ- တရားအပေါင်း၌။ ဒိဋ္ဌိ-မှားသောအားဖြင့် ယူစွဲခြင်း။ သကာယဒိဋ္ဌိ- ထင်ရှား ရှိသော တရားအပေါင်း၌ မှားသောအားဖြင့် ယူစွဲခြင်းဆိုတယ်၊ အမျိုးကောင်း သားတွေ၊ အမျိုးကောင်းသမီးတွေ ဘာလို့ခေါ်တယ်၊ (သကာယဒိဋ္ဌိ လို့ခေါ်ပါတယ်ဘုရား)။

သကာယဒိဋ္ဌိ-အဲဒီအပိုင်းကို ဘုန်းကြီးတို့ ပြောခဲ့ပြီးပြီ။ သ-ထင်ရှား ရှိတဲ့။ ကာယ-တရားအပေါင်းဆိုတာ ဘာတွေလဲ၊ ဝိညာဏ်၊နာမ်၊ရုပ်၊ တနည်း-စိတ်၊စေတသိက်၊ရုပ်၊ဘာနဲ့ဘာတဲ့လဲ၊စိတ်၊စေတသိက်၊ရုပ်၊အဲ တာမှ ထင်ရှားရှိတဲ့ တရားအပေါင်း၊ အဲဒီထင်ရှားရှိတဲ့ တရားအပေါင်း မှာ ငါဘဲ၊ ဒီထင်ရှားရှိတဲ့ တရားအပေါင်းကို ရုပ်ကို၊ဝိညာဏ်ကို၊နာမ်ကို၊ တနည်း၊ စိတ်ကို၊ စေတသိက်ကို၊ ရုပ်ကို ငါဘဲလို့ စွဲထားရင် သကာယ ဒိဋ္ဌိ- သကာယမှာစွဲတဲ့ဒိဋ္ဌိ။

http://www.dhammadownload.com

သကာယနဲ့ ဒိဋ္ဌိတခြားစီ

သကာယပေါ်မှာ မှားသောအားဖြင့် သုံးသပ်ခြင်းကိုသာလျှင် ဒိဋ္ဌိလို့ခေါ်တာ၊ သကာယနဲ့ ဒိဋ္ဌိတခြားစီ၊ သကာယကလဲ အနတ္တတရားဘဲ၊ ဒိဋ္ဌိကလဲဘဲ အနတ္တတရားဘဲ၊ သဗ္ဗေဓမ္မာ အနတ္တာထဲ-မှာ ဒိဋ္ဌိဟာ အနတ္တတရားထဲမှာပါတယ်၊ ဘာပြုလို့လဲ၊ ဒိဋ္ဌိကလဲ သင်္ခါရနာမ်ထဲမှာ ပါတာကိုး၊ ဒိဋ္ဌိစေတသိက်ဆိုတော့ အဘိနိဝေသ ပရာမာသသည် သာလျှင် ဒိဋ္ဌိ၊ သကာယသည် ဒိဋ္ဌိမဟုတ်ဘူး၊ဒိဋ္ဌိသည် သကာယမဟုတ်ဘူး၊ သကာယပေါ်မှာ မှားသောအားဖြင့် ယူစွဲသုံးသပ်ခြင်းဆိုတဲ့ အဘိနိဝေသပရာမာသကိုသာလျှင် ဒိဋ္ဌိ၊ သကာယဒိဋ္ဌိ။

အဲဒီသကာယဒိဋ္ဌိသည် ရုပ်ကို ငါလို့၊ ရုပ်ကိုငါ, ငါ့ဥစ္စာ၊ ဝိညာဏ်ကောင်,လိပ်ပြာကောင် အသက်အထည်ကိုယ် သတ္တဝါကောင်တခုအနေနဲ့ စွဲယူထားရင်,ဝေဒနာကို ဇင်းနည်းတူ စွဲထားရင်, နာမ်ကို ဝိညာဏ်ကို အထက်ပါအတိုင်း စွဲယူထားရင် သကာယဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒီ သကာယဒိဋ္ဌိသည် ဩရမ္ဘာဂိယသံယောဇဉ်၊ အောက်ကာမဘုံ၌ ဖြစ်စေတတ်တဲ့ ကိလေသဝဋ်လို့ခေါ်တဲ့ ဩရမ္ဘာဂိယသံယောဇဉ်ပါဘုရားလို့ ဒီလိုလျှောက်တယ်။

ဒီတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲဒီနေရာမှာ သေသေချာချာကြည့်၊ ဥပမာ-ဝိပဿနာ ရှုပွားနေတဲ့ အချိန်မှာ ဝိညာဏ်ကိုသိနေတဲ့အချိန်မှာ, နာမ်ကိုသိနေတဲ့အချိန်မှာ, ရုပ်ကိုသိနေတဲ့ အချိန်မှာ ဒီသကာယအပေါ်မှာ မှားသောအားဖြင့် သုံးသပ်ယူစွဲထားတဲ့ ဒိဋ္ဌိအဘိနိဝေသပရာမာသခေါ်တဲ့ ဒိဋ္ဌိဟာ ရှိသလား မရှိဘူးလားလို့ သေသေချာချာရှုကြည့်နေဘ်၊အဲဒါတာကြောင့် ဝိပဿနာအလုပ်ဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဟုတ်ကို လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်နေဘ်၊ အဲဒီ သကာယဒိဋ္ဌိအောက်ပိုင်း သံယောဇဉ်ကို အရှင်ဘုရား ဟောတော်မူတာကို ဘုရားတပည့်တော် မှတ်မိပါတယ် ဘုရားလို့ လျှောက်တယ်။

ဝိစိကိစ္ဆာသံယောဇဉ်

"ဝိစိကိစ္ဆံ ခေါ အဟံ ဘန္တေ ဘဂဝတာ ဩ-ရမ္ဘာဂိယံ သံယောဇနံ ဒေသိတံ ဓာရေမိ"။

http://www.dhammadownload.com

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ဘဂဝတာ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဒေသိတံ၊ဟောတော်မူအပ်သော။ဩရမ္ဘာဂိယံ အောက်အဘို့ဟုဆိုအပ်သော ကာမဘုံ၌ ဖြစ်စေတတ်သော။ဝိစိကိစ္ဆံသံယောဇနံ၊ဝိစိကိစ္ဆာသံယောဇဉ်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ဓာရေမိ၊ဆောင်ယူမှတ်သားမိပါသည်ဘုရား။

သကာယဒိဋ္ဌိကလဲ ဩရမ္ဘာဂိယသံယောဇဉ်။ ဝိစိကိစ္ဆာဆိုတာ ဘာလဲ၊ အာရုံကို တိကျအောင် မဆုံးဖြတ်နိုင်တာ၊ တရားအားထုတ်နေတဲ့ အချိန်မှာ ငါ-ဒိဝိညာဏ်ကိုဘဲ ရှုရမလား, နာမ်ဘဲရှုရမလား, ရုပ်ဘဲ ရှုရမလား, ဝိညာဏ်မှ ဟုတ်မှဟုတ်ပါ့မလား, သိတယ်ဆိုတာ ဝိညာဏ်လို့ ပြောတယ်၊ဟုတ်မှဟုတ်ပါ့မလား၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘော ဟာ ရုပ်လို့ ပြောတယ် ဟုတ်မှဟုတ်ပါ့မလား ဒီရုပ်ဟာ၊ ပိုင်းခြားပေးနေတဲ့ သဘောကို ပညာလို့ ပြောတယ်၊ အာရုံ၌ ကပ်၍ ထင်ရှားခြင်းကို သတိလို့ ပြောထားတယ်၊ ဟုတ်မှဟုတ်ပါ့မလားလို့ 'အဲဒီလို သို့လော သို့လော တွေးတောယုံမှားခြင်းဖြစ်နေတဲ့ ဝိစိကိစ္ဆာ၊ အဲဒီ ဝိစိကိစ္ဆာဟာလဲဘဲ အောက်ပိုင်းသံသရာမှာ ကျင်လည်တတ် ဖြစ်စေတတ်တဲ့ ယှဉ်စပ်တတ်တဲ့သဘောရှိပါသောကြောင့် နှောင်ဖွဲ့တတ်တဲ့သဘောရှိပါသောကြောင့် သံယောဇဉ်လို့ ခေါ်တယ်။

သီလဗ္ဗတပရာမာသသံယောဇဉ်

"သီလဗ္ဗတပရာမာသံ ခေါ အဟံ ဘန္တေ ဘဂဝတာ ဩရမ္ဘာဂိယံ သံယောဇနံ ဒေသိတံ ဓာရေမိ"။

သီလ,ကုသိုလ်တွေနဲ့ပတ်သက်လို့ မှားသောအားဖြင့် သုံးသပ် ယူစွဲခြင်း၊ ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့ မှားသောအားဖြင့် သုံးသပ် ယူစွဲခြင်းကိုလဲဘဲ ဩရမ္ဘာဂိယသံယောဇဉ်ဘဲလို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်ကို ဘုရားတပည့်တော် မှတ်သားမိပါသည် ဘုရားလို့ လျှောက်တယ်၊ ၃-ချက်ရှိသွားပြီ၊

သီလဗ္ဗတပရာမာသဆိုတာဘာလဲ၊ ကိုယ်ကျင့်တရား၌ မှားသောအားဖြင့်သုံးသပ်ယူစွဲခြင်း"ဣမိနာဟံ သီလေနဝါ ဝတေနဝါ၊ဗြဟ္မစရိယေနဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရောဝါ"စသည်ဖြင့် အဲဒီလိုအင်မတန်

http://www.dhammadownload.com

မြင့်တဲ့သဘောဘဲ၊ ခပ်ရှင်းရှင်း ပြောမယ်ဆိုရင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်းတရားနဲ့ ပတ်သက်လို့ ညကပြောခဲ့တဲ့ ကောရခတ္တိယကြီးတို့လို အဲသလိုကျင့်တဲ့ အကျင့်မျိုးကို "သီလဗ္ဗတပရာမာသ"သီလဆိုတဲ့ ကိုယ်ကျင့်ကို ပရာမာသ-မှားသောအားဖြင့် သုံးသပ်ယူစွဲနေခြင်း။ ကိုယ်ကျင့်တရားပေါ်မှာ မှားသောအားဖြင့် သုံးသပ်ယူစွဲနေတဲ့ သဘောတရားတွေကို သီလဗ္ဗတပရာမာသလို့ခေါ်တယ်၊ အဲဒီ သီလဗ္ဗတပရာမာသကလဲဘဲအောက်ပိုင်းသံသရာမှာယှဉ်စေတတ်တဲ့;မထွက်နိုင်အောင် ယှဉ်စပ်ထားတဲ့, ချည်နှောင်ထားတဲ့သဘော နှောင်ဖွဲ့တတ်တဲ့သဘော ရှိပါသောကြောင့် အနှောင်အဖွဲ့ဖြစ်တဲ့အတွက် ဩရမ္ဘာဂိယသံယောဇဉ်လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောကြားတော်မူတာကို ဘုရားတပည့်တော် မှတ်သားမိပါသည်ဘုရားလို့ လျှောက်တယ်။

ကာမရာဂသံယောဇဉ်

"ကာမစ္ဆန္ဒံ ခေါ ဘန္တေ ..အဟံ ဘဂဝတာ ဩရမ္ဘာဂိယံ သံယောဇနံ ဒေသိတံ ဓာရေမိ"။

ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ၅-ပါး ကာမဂုဏ်တရားကို မျှော်လင့်တောင့်တ လိုလားနှစ်သက်နေတဲ့ ကာမစ္ဆန္ဒ ကာမရာဂတရားကိုလဲဘဲ အောက်ပိုင်းသံသရာ၌ ဖြစ်စေတတ်သော ဩရမ္ဘာဂိယသံယောဇဉ်ဟူ၍ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရား ဟောကြားထားတော်မူတာကို ဘုရားတပည့်တော် ဆောင်ယူမှတ်သားထားပါသည်ဘုရားလို့ လျှောက်တယ်။

ပဋိဃသံယောဇဉ်

"ဗျာပါဒံ ခေါ အဟံ ဘန္တေ ဘဂဝတာ ဩရမ္ဘာဂိယံ သံယောဇနံ ဒေသိတံ ဓာရေမိ"။

စိတ်ဆိုးခြင်း,စိတ်ညစ်ခြင်း,စိတ်ဆင်းရဲခြင်းတွေ သောကရောက်ခြင်း ပရိဒေဝဖြစ်ခြင်းတွေလဲဘဲ ဩရမ္ဘာဂိယသံယောဇဉ်၊အောက်ပိုင်းသံသရာက အပါယ်လေးဘုံ လူ့ဘုံ,နတ်ဘုံတို့က မလွတ်နိုင်အောင် နှောင်ဖွဲ့ထားတဲ့ အနှောင်အဖွဲ့ သံယောဇဉ်ဟူ၍ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတာကို ဘုရားတပည့်တော် ဆောင်ယူမှတ်သားထားပါသည်ဘုရားလို့ ရှင်မာလုကျပုတ္တမထေရ်က လျှောက်တယ်။

http://www.dhammadownload.com

"ဧဝံ ခေါ ဘန္တေ မာရေမိ ဘဂဝတာ ဒေသိ·
တာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ"။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဘဂဝတာ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဒေသိတာနိ၊ ဟောကြားတော်မူအပ်ကုန်သော။ ဩရမ္ဘာဂိယာနိ၊ အောက်အဘို့ဟု ဆိုအပ်ကုန်သော ကာမဘုံ၌ဖြစ်စေတတ်ကုန်သော။ ပဉ္စသံယောဇနာနိ၊ သံယောဇဉ် ငါးပါးတို့ကို။ ဧဝံ ခေါ၊ ဤအတိုင်းပင်လျှင်။ အဟံ၊ ဘုရားတပည့်တော်သည်။ မာရေမိ၊ ဆောင်ယူမှတ်သား မိပါသည်ဘုရား။

အရှင်ဘုရား၊ အရှင်ဘုရားဟောခဲ့တဲ့ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို ဘုရားတပည့်တော် မှတ်မိပါသည်ဘုရား တဲ့။

ဩပနေယျိကဂုဏ်

ကိုင်း အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဒီတရားကို ဒီနေရာမှာ ဩပနေယျိကဂုဏ်သို့ရောက်လာအောင် မိမိရဲ့ဉာဏ်မှာ ကပ်ပြီးတော့ ရှုစမ်းပါ၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို သိတဲ့ ဝိညာဏ်,နှာခေါင်းဖေါက်နဲ့ ထွက်လေ ဝင်လေ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ တခြားစီလို့ ပိုင်းခြားပေးတဲ့ပညာ, တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်-ပေါင်းလိုက်တော့ ဝိညာဏ်, နာမ်,ရုပ်လို့ခေါ်တဲ့ သဘောတရားကို ငါလို့ မှားသောအားဖြင့် သုံးသပ်စွဲလမ်းရင် ဘာတဲ့လဲ၊ (သက္ကာယဒိဋ္ဌိပါဘုရား)။

အဲဒီ သက္ကာယဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်သည် အပါယ်လေးပါးမှ လွတ်မလား မလွတ်ဘူးလား၊ (မလွတ်ပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကာမဂုဏ်တွေပြည့်ပြည့်ဝဝ ခံစားချင်ရင် အဲဒီ သက္ကာယမှာ ဒိဋ္ဌိကိုကွာအောင်လုပ်ပြီးတော့မှ ကာမဂုဏ်ကို ပြည့်ပြည့်ဝဝခံစား၊ အပါယ်လေးပါး မသွားတော့ဘူး၊ အဲဒီ သက္ကာယဒိဋ္ဌိသည် အပါယ်လေးပါးကို ရောက်စေတတ်တဲ့ ကိလေသဝဋ်လို့ဆိုတာ အဲဒီသက္ကာယဒိဋ္ဌိကိုခေါ်တယ်၊ ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်တွေကို ပြုလုပ်တဲ့အခါမှာ အဲဒီ သက္ကာယမှာ ဒိဋ္ဌိကိုကွာအောင် လုပ်ပြီးတော့ ဒါနကုသိုလ်ကိုလုပ်ပါ။

http://www.dhammadownload.com

ဒါန၏အကျိုး

ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်က ရှင်သာရိပုတ္တရာကို ဒါနကုသိုလ်ခ၏နဲ့ ပတ်သက်လို့ ဘာဟောလဲဆိုတော့–

ချစ်သား သာရိပုတ္တရာတဲ့ ငါဘုရားရှင် ကိုယ်တော်မြတ်ကဲ့သို့သော ပုဂ္ဂိုလ်တို့လိုသာ ဒါနကုသိုလ်ရဲ့ အကျိုးအာနိသံသ ကြီးကျယ်များမြတ်ပုံကို သိမယ်ဆိုရင် မည်သူမဆိုမပေးဘဲ မလှူဘဲနဲ့ စားမှာမဟုတ်ဘူးတဲ့၊ မပေးဘဲ မလှူဘဲနဲ့ ရေကလေးတခွက်တောင် သောက်တော့မှာမဟုတ်ဘူး။

မပေးဘဲ မလှူဘဲနဲ့ အိပ်မှာ မဟုတ်တော့ဘူး၊ မပေးဘဲ မလှူဘဲနဲ့ နေရာထိုင်ခင်းမှာ နေထိုင်မှာ မဟုတ်တော့ဘူး၊ မပေးဘဲနဲ့ ဘယ်တော့မှ မသွားဘူး၊ မပေးဘဲနဲ့ မထိုင်ဘူး၊ မပေးဘဲနဲ့ မအိပ်တော့ဘူး၊ မပေးဘဲနဲ့ မလျှောင်းတော့ဘူး၊ မပေးဘဲနဲ့ မတ်တတ် မရပ်တော့ဘူး၊ ဣရိယာပုထ်လေးပါးမှ အချိန်တိုင်း အချိန်တိုင်းမှာ ပေးလို့ ချည်း လှူလို့ချည်းနေမှာဘဲတဲ့၊

အဲဒီတော့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ထပ်ခါထပ်ခါ လှူရလေလေ လှူလို့အားမရနိုင်လေလေဘဲ၊ ဒါန၏အကျိုးအာနိသံသ ကြီးကျယ်များမြတ်ပုံကို သိနေတဲ့ပုဂ္ဂိုလ်များဟာ ဘယ်လောက်လှူရလှူရ လှူရလို့ဖြင့် အားမရနိုင်ဘူး၊ တင်းမတိမ်နိုင်ဘူး၊အလှူအတန်းနဲ့ပတ်သက်လို့ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားက ဘာကိုရည်ရွယ်ပြီးဟောတော်မူသလဲ၊အဲဒီလိုလှူလို့ တင်းမတိမ်နိုင်ဘူး၊အားမရနိုင်ဘူးဆိုတာ ဘာဖြစ်လို့လဲ၊ သက္ကာယပေါ်မှာ ဒိဋ္ဌိကို ကွာအောင် ခွါပြီးတော့ လှူဒါန်းနေရတဲ့အတွက် အဲဒီအလှူရဲ့အရသာဟာ အင်မတန်ကောင်းမွန်မြင့်မြတ်တဲ့အရသာ ထွက်နေသည် ဖြစ်လေသောကြောင့် လှူလို့အားမရနိုင်ဘူးလို့ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားက မိန့်တော်မူတာပါ၊ ဒါက သုတ္တန်တခုပါ၊ ရှိပါစေတော့ အဲဒီသုတ္တန်နဲ့ ပတ်သက်လို့။

အဲဒီ သက္ကာယဒိဋ္ဌိ သဘောတရားဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခု ဝိညာဏ်,နာမ်,ရုပ်၊စိတ်,စေတသိက်,ရုပ်၊ အဲဒီတရားငါးပါးပေါ်မှာ မှားသော သုံးသပ်ယူစွဲခြင်းမျိုးမှ ရှိနေသလားလို့

http://www.dhammadownload.com

ရှုကြည့်၊ အဲဒီ [illegible]နေတဲ့ သိပ္ပကလေးကို ငါလို့ ဘယ်နည်းနဲ့မှ မသုံးသပ် နိုင်တော့ဘူး, သိတဲ့သဘောကလေးက အခုသိပြီး အခု ပျောက်သွားတယ်၊ သုံးသပ်လို့မရဘူး၊ တိုးတဲ့သဘော, ကွန်းကန်တဲ့ သဘောပေါ်မှာလဲ ငါငါပါဘဲ, အမျိုးသားဘဲ, အမျိုးသမီးဘဲ, မိမိဘဲ သူတပါးဘဲလို့ မှားသောအနေအားဖြင့် သုံးသပ် ယူစွဲလို့ မရဘူး၊ ဘာကယ်လို့ ဉာတပရိညာအခန်းကို ဘာကယ်သာပိုင်ပါစေ၊ ပိုင်းခြားပေး နေတဲ့ ပညာပေါ်တဲ့နာမ်၊ အာရုံ ကပ်၍ ထင်ရှားအောင် လုပ်ပေးတဲ့ သတိ၊ အဲဒီသတိရဲ့ အနေအားဖြင့် အာရုံကိုမပြန့်လွင့်အောင် ထိန်းထား တယ် ထောက်ထားတယ်ဆိုတဲ့ ဝီရိယနဲ့ ပဂ္ဂဟကိစ္စ၊ အဲဒီပဂ္ဂဟကိစ္စနဲ့ ပတ်သက်လို့ ဝီရိယတရားလေးများ ကြိုးစားပွားများ အားထုတ်ဘို့ရန် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ပုံကို ဘုန်းကြီးတို့ ဟောထားလို့ ကြိုးခွေမှာအသံ သွင်းထားတာရှိပါတယ်၊

ဝီရိယဖြစ်ကြောင်း၁၁-မျိုး

ဝီရိယစိုက်ဘို့ကလေးဟာလဲဘဲ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်တယ် ဆိုတာ ဟာ အဋ္ဌကထာက ဒီနေရာမှာ ၁၁ မျိုးပြတယ်။

"အပိစ ဧကာဒသ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါ-ဒါယ သံဝတ္တန္တိ"။

ပါဠိတော်နည်းကနေပြီးတော့ အဋ္ဌကထာနည်း ပြောမယ်ဆိုရင်ဖြင့် ဝီရိယဆိုတဲ့တရားတလုံးဖြစ်ဘို့ရန်အတွက် ဝီရိယကို ဖြစ်စေနိုင်တဲ့တရား (၁၁) မျိုးရှိတယ်။

(၁) အပါယ ဘယ ပစ္စဝေက္ခဏတာ၊
(၂) အာနိသံသ ဒဿာဝီတာ၊
(၃) ဂမနဝီထိ ပစ္စဝေက္ခဏတာ၊
(၄) ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏတာ၊
(၅) သတ္ထုမဟတ္တ ပစ္စဝေက္ခဏတာ၊
(၆) ဇာတိမဟတ္တ ပစ္စဝေက္ခဏတာ၊
(၇) သဗြဟ္မစာရီမဟတ္တ ပစ္စဝေက္ခဏတာ၊

http://www.dhammadownload.com

(၈) ကုသိတ ပုဂ္ဂလ ပရိဝဇ္ဇနတာ၊
(၉) အာရဒ္ဓဝီရိယ ပုဂ္ဂလ သေဝနတာ၊
(၁၀) တဒဓိမုတ္တတာ၊
(၁၁) ဂမနဝီထိ ပစ္စဝေက္ခဏတာ။

ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏတာ

အဲဒီလို ဝီရိယဖြစ်ခြင်းရဲ့အကြောင်းတွေထဲမှာ ဘုန်းကြီးတို့ ဒါယဇ္ဇ မဟတ္တပစ္စဝေက္ခဏတာနဲ့ ပတ်သက်လို့ ပိဏ္ဍပါတ ပစာယနတာနဲ့ ပတ်သက်လို့ တရားအားထုတ်မဲ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ပြည်သူတို့ လှူဒါန်းတဲ့ ဆွမ်းကို အချည်းနှီးအလကား သုံး ဆောင်နေရတာ မဟုတ်ဘူးတဲ့၊ ဘယ်လို ဆင်ခြင်ရမလဲဆိုတော့—

ယေ၊ အကြင်သူတို့သည်။ တေ၊ သင့်အား။ ပိဏ္ဍပါတာဒီဟိ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသည်တို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ လုပ် ကျွေးကြကုန်၏။ (တိုင်းသူပြည်သား လူအများတွေ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်း လေးပါးကို ချီးမြှောက် ထောက် ပံ့ပြီး သကာလ နေကြတယ်)။ "ဣမေ တေ မနုဿာ နေဝဉာ- တကာ န ဒါသကမ္မကာရာ"။ ။ဣမေမနုဿာ၊ ဤပစ္စည်းလေး ပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ လှူဒါန်းကြကုန်သော လူအ ပေါင်းတို့သည်။ တေ၊ သင်၏။ နေဝဉာတကာ၊ ဆွေမျိုးမိဘတွေ လဲ မဟုတ်ဘူး။နဒါသကမ္မကာရာ၊အမှုလုပ်တဲ့ ကျွန်ယောကျ်ား, ကျွန်မိန်းမတွေလဲ မဟုတ်ဘူး။

ဟောဒီ တိုင်းသူပြည်သား လူအများတွေဟာ သင်ရဲ့ အမိအဖ ဆွေ မျိုးတွေလဲ မဟုတ်ဘူး၊ သင်ရဲ့ ကျေးကျွန်တွေလဲ မဟုတ်ဘူး။

"န မယံ တံ နိဿာယ ဇီဝိဿာမာတိ တေ ပဏီ- တာနိ စီဝရာနိ ဒေန္တိ"။

မယံ၊ ငါတို့သည်။ တံ၊ ဘိက္ခု၊ ထိုရဟန်းကို။ နိဿာယ၊ မှီ၍။ ဇီဝိဿာမ၊ အသက်မွေးကြကုန်အံ့၊ ဣတိ၊ ဤသို့ နှလုံးသွင်းပြီး တော့။ တေ၊ သင့်အား။ ပဏီတာနိ၊ မွန်မြတ်လှစွာ ကုန်သော။

http://www.dhammadownload.com

စိဝရာဒိနိ၊ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေးတို့ကို။ နဒေန္တိ၊ ပေးလှူကြသည်မဟုတ်ကုန်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအား အခု ဆရာတော်,သံဃာတော်များကို ဆွမ်း,သင်္ကန်း,ကျောင်း,ဆေးပစ္စည်းလေးပါး ဟိုဖြင့် ချီးမြှောက်ယောက်ပံ့လှူဒါန်းနေကြတာဟာ ဒီဆရာတော် သံဃာတော်များကို မှီပြီးတော့ နို့အသက်မွေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သင်္ကန်းတွေလှူနေကြတာ မဟုတ်ဘူးတဲ့၊ တာဖြင့် ဘာပြုလို့လှူသလဲ။

"အထ ခေါ အတ္တနော ကာရာနံ မဟပ္ဖလတံ ပစ္စာသိသမာနာ ဒေန္တိ"။

အထခေါ၊ အဟုတ်သော်ကား၊ အတ္တနော၊ မိမိ၏။ ကာရာနံ၊ ပြုလုပ်အားထုတ်အပ်ကုန်သော ဒါနကုသိုလ်တို့၏။ မဟပ္ဖလတံ၊ အကျိုးပေးတဲ့နေရာမှာ ကြီးကျယ် များမြတ်လို့ သကာယမှာ ဒိဋ္ဌကွာအောင် လုပ်ပြီးတော့မှ အကျိုးပေးမှုသည် စင်ကြယ် သန့်ရှင်းတယ်ဆိုတဲ့ အဖြစ်ကို။ ပစ္စာသိသမာနာ၊ မြော်မြင်ကြကုန်သည်ဖြစ်၍။ စိဝရာဒိနိ၊ သင်္ကန်းအစရှိသည်တို့ကို။ ဒေန္တိ၊ ပေးလှူကြကုန်တယ်။

ထိုသို့ ပေးလှူနေတယ်ဆိုတာ အလကားပေးလှူနေတာ မဟုတ်ဘူး၊ သူတို့ ကုသိုလ်ကောင်းမှုတွေဟာ သူတို့ကို အကျိုးပေးလိမ့်မယ်ဆိုတာ သူတို့ မြော်ပြင်ပြီးတော့ ပေးလှူနေကြဟာ။

"သတ္ထာရာပိ အယံ ဣမေ ပစ္စယေ ပရိဘုဉ္ဇိတွာ ကာယဒဠှိဗဟုလော သုခံ ဝိဟရိဿတီတိ နဒဝံ သမ္မသတာ တုယှံ ပစ္စယာ အနုညာတာ"၊(အဋ္ဌကထာ)။

သတ္ထာရာပိ၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားကလဲ၊ အယံဘိက္ခု၊ဤရဟန်းသည်။ ဣမေပစ္စယေ၊ဤပစ္စည်းလေးပါးတို့ကို။ပရိဘုဉ္ဇိတွာ၊သုံးဆောင်ပြီး၍။သုခံ၊ချမ်းချမ်းသာသာ။ ကာယဒဠှိဗဟုလော၊ ခန္ဓာကိုယ် တိုးပွားစည်ပင် မြဲမြန် ခိုင်ခန့် တည်တန့်ပြီးလျှင်။ ဝိဟရိဿတီတိ၊ နေရလတ္တံ့ဟု။ ဧဝံ၊ ဤသို့။

http://www.dhammadownload.com

သမ္ဘသတော၊ မြော်ကိုး၍။ တုယ့်၊ သင့်အား။ ပစ္စယာ၊ ပစ္စည်း လေးပါးတို့ကို။ နအနုညာတာ၊ ခွင့်ပြုတော်မူခဲ့သည်မဟုတ်။

ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကလဲ ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို ချီးမြှောက်ဘို့ရန်အတွက် စားဘို့သုံးဘို့ရန် အတွက် ခွင့်ပြုခဲ့တယ်ဆိုတာဟာလဲဘဲ အလကားသက်သက်စားသောက် နေဘို့ရန် ခွင့်ပြုခဲ့တာမဟုတ်ဘူး။

အယံဘိက္ခု၊ ဤရဟန်းသည်။ ဣမေ၊ ဤပစ္စည်းလေးပါးတို့ကို။ ပရိဘုဉ္ဇိတွာ၊သုံးဆောင် ခံစားပြီးတော့။ သမဏဓမ္မံ၊ ရဟန်းတို့ ကြိုးစားအားထုတ်သင့်တဲ့ တရားကို။ ကတွာ၊ပြုလုပ်၍။ ဝဋ္ဋဒုက္ခ တော၊ဝဋ်ဆင်းရဲမှ။ မုဉ္စိဿတိ၊လွတ်မြောက်လတ္တံ့ ဟူ၍။ဇဝံ၊ဤသို့။ ပစ္စာသိသမာနော၊ မြော်လင့်တောင့်တအပ်သည်ဖြစ်၍။ ပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို။ အနုညာတာ၊ခွင့်ပြုတော်မူခဲ့၏။ တွံ၊သင် သည်။ ကုသီတော၊ပျင်းရိသဖြင့်။ ဝိဟရိတုံ၊နေခြင်းငှာ။ နယုတ္တံ၊ မသင့်ဘူး။

ပျင်းနေလို့ မဖြစ်ဘူး စာပေကြိုးစားကြည့်မှဖြစ်မယ်၊ တရားကြိုး စားဟောမှဖြစ်မယ်၊ တရားကြိုးစားအားထုတ်မှဖြစ်မယ်၊အမျိုးကောင်း သားတွေ,အမျိုးကောင်းသမီးတွေ ပျင်းနေလို့ မဖြစ်ဘူး၊ တရားရချင်ရင် တရားကြိုးစားအားထုတ်မှဖြစ်မယ်။

ဂမန်ဝိထိပစ္စဝေက္ခဏတာ

ဂမနဝီထိပစ္စဝေက္ခဏတာ ဆိုတာက ဘယ်လိုဟာတွေလဲ။

"သဗ္ဗဗုဒ္ဓပစ္စေကဗုဒ္ဓမဟာသာဝကေဟိ တေ ဂတမဂ္ဂေါ ဂန္တဗ္ဗော"၊

သဗ္ဗဗုဒ္ဓပစ္စေကဗုဒ္ဓမဟာသာဝကေဟိ၊အလုံးစုံသော ဘုရား, အလုံးစုံသော ပစ္စေကဗုဒ္ဓါ, အလုံးစုံသော မဟာသာဝကကြီးတို့ သည်။ ဂတမဂ္ဂေါ၊ သွားရမဲ့လမ်းကို။ တေ-တယာ၊ သင်သည်။ ဂန္တဗ္ဗော၊သွားရမယ်။

သာသနာတော်ကို ရောက်လာရင် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝ ကတို့ သွားတဲ့လမ်းကြောင်း ထုံးဟောင်းကို သင်လိုက်ရမယ်။

http://www.dhammadownload.com

ပျင်းရိသူ ဤလမ်းကြောင်းမသွားနိုင်

"ကုသိတေန ဂန္တုံ နသက္ကာ"။ ကုသိတေန၊ ပျင်းရိနေသဖြင့်။ ဂန္တုံ၊ သွားခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ဘူး။

သကာယဒိဋ္ဌိက လွတ်ဘို့ရန်အတွက် "အာရဒ္ဓဝီရိယေနေဝ သက္ကာ"။ အာရဒ္ဓဝီရိယေနေဝ၊ အားထုတ်အပ်သော ဝီရိယဖြင့်သာလျှင်။ ဂန္တုံ၊ သွားခြင်းငှာ။ သက္ကာ၊ တတ်ကောင်းတယ်။

ဘုရားရဟန္တာများ လျှောက်သွားကြတဲ့ မဂ္ဂင်ရှစ်ပါး တည်းဟူသော လမ်းပေါ်မှာ ပျင်းနေတဲ့လူ သွားလို့မရဘူး၊ မပျင်းတဲ့ ပုဂ္ဂိုလ်မှ သွားလို့ရမယ်၊ ဂမနဝီထိပစ္စဝေက္ခဏတာလို့ဆိုတာ ဒီလိုဆင်ခြင်ပေးရမယ်၊ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်မဲ့အကြောင်းဘဲ။

အဲဒီလို သကာယမှာ ဒိဋ္ဌိကွာအောင်လုပ်ပြီးမှ ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်တွေကြိုးစားပြီး အားထုတ်မယ်ဆိုရင် အပါယ်လေးပါးက လွတ်နေပြီ။

ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ အဲဒီ ၅-မျိုးကို ရှင်မာလုကျပုတ္တမထေရ်က–

> "ဧဝံ ခေါ အဟံ ဘန္တေ ဓာရေမိ ဘဂဝတာ ဒေသိတာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ"။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဘဂဝတာ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဒေသိတာနိ၊ ဟောကြားတော်မူအပ်ကုန်သော။ ဩရမ္ဘာဂိယာနိ၊ အောက်အဘို့ဟုဆိုအပ်ကုန်သော ကာမဘုံ၌ ဖြစ်စေတတ်ကုန်သော။ ပဉ္စသံယောဇနာနိ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒခေါ်တဲ့ ဤတရားငါးမျိုး သံယောဇဉ်တို့ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ဧဝံ ခေါ၊ ဤအတိုင်းသာလျှင်။ ဓာရေမိ၊ ဆောင်ယူမှတ်သားမိပါသည်ဘုရား။

မြတ်စွာဘုရားက ရဟန်းတော်တွေကိုမေးတယ်၊ ချစ်သားတို့....ငါ ဟောထားတဲ့ ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးကို သင်တို့ မှတ်မိရဲ့လား

http://www.dhammadownload.com

လို့မေးတော့ ဘယ်သူမှမလျှောက်ဘူး၊ အဲဒီအခါ အရှင်မာလုကျပုတ္တ မထေရ်ကဘုရားကပညတ်တော်မူတော်မူတယ်ဘုရားတဲ့၊ သင်ဘယ်လိုမှတ်မိ တာလဲလို့ မေးတော့ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒခေါ်တဲ့ အဲဒီတရားငါးမျိုးဟာ ဩရမ္ဘာဂိယသံယော ဇဉ် ငါးမျိုးလို့ မြတ်စွာဘုရားဟောတာကို ဘုရားတပည့်တော် မှတ်မိပါ တယ် ဘုရားလို့ ပြန်လျှောက်တယ်။

အဲဒီပွါယ်တွေက ပြောစရာအင်မတန်မှ ကျယ်ပါတယ်၊ ဒီမှာ သက္ကာ ယဒိဋ္ဌိ သဘော, ဝိစိကိစ္ဆာသဘော, ကာမစ္ဆန္ဒသဘော, ဗျာပါဒသဘော, သီလဗ္ဗတပရာမာသ သဘော တရားငါးခုဘဲ။ရှိပါစေတော့ နောက်မှာဘဲ ဘုန်းကြီးတို့ပြောပေးပါ့မယ်။

ဘယ်သူဟောတဲ့သံယောဇဉ်လဲ

အဲဒီလို ရှင်မာလုကျပုတ္တမထေရ်က လျှောက်ထားတော့ ဘုန်းတော် သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက ဘာမိန့်တော်မူသလဲ။

ကဿ ခေါ နာမ တွံ မာလုကျပုတ္တ ဣမာနိ ဧဝံ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ ဒေသိတာနိ ဓာရေသိ။

အဲဒီလို မြတ်စွာဘုရားက အရှင်မာလုကျပုတ္တမထေရ်ကို အပြစ်တင် မေးလိုက်တယ်။

မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ ပဉ္စ၊ ငါးမျိုးကုန်သော။ ဩရမ္ဘာဂိယာနိ၊ အောက်အဘို့ဟု ဆိုအပ်ကုန်သော ကာမဘုံ၌ ဖြစ်စေတတ်ကုန်သော။ ဣမာနိ ပဉ္စသံယောဇနာနိ၊ ဤငါးမျိုး သော သံယောဇဉ်တို့ကို။ ကဿခေါနာမ၊ အဘယ်မည်သော သူအား။ ဧဝံ ဒေသိတာနိ၊ ဤသို့ ငါဘုရားဟောကြားတော်မူသည် တို့ကို။ တွံ၊ သင်သည်။ ဓာရေသိ၊ ဆောင်ယူမှတ်သားဘိသနည်း။

အို မာလုကျပုတ္တ ဘယ်သူ့အား ငါဒီလိုဟောလို့လဲတဲ့ ဘုရားက၊ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ,ဗျာပါဒခေါ်တဲ့ ဒီတရားငါးမျိုးသည် ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးပါလို့ ငါဘယ်သူ့ ကို ဟောတာကိုသင်ကြားဘူးသလဲလို့ မေးမြန်းတော်မူတော့ ရှင်မာလုကျ ပုတ္တဘာမှမပြောနိုင်တော့ဘူး၊ ဒီနေရာမှာ အဋ္ဌကထာဆရာကဘာပြလဲ၊

http://www.dhammadownload.com

ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ် မေးတော်မူတာ ကလဲ့ဘဲ။

"ဗြွေစ ဘဂဝတာ သံယောဇနံ ပုစ္ဆိတံ" (အဋ္ဌကထာမှာ) အဲဒီနေရာမှာ ဘုရားရှင် ကိုယ်တော်မြတ် မေးတော်မူတာက သံယောဇဉ်ကိုဘဲမေးတာ၊

"ထေရေနာပိ သံယောဇနမေဝ ဗျာကရဏံ" (အဋ္ဌကထာမှာ) ထေရေနာပိ၊ မဟာမာလုကျ ပုတ္တမထေရ်ကလဲ၊ သံယောဇနမေဝ၊ သံယောဇဉ်တရားကိုသာလျှင်၊ ဗျာကရဏံ၊ ဖြေကြားတယ်။အထ၊ ဒီလိုဖြေပါလျက်သားနဲ့၊ ဘဂဝတာ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်၊ တဿ၊ ထိုမာလုကျပုတ္တမထေရ်အား၊ဒေါသော၊ အပြစ်ကို၊ ကသ္မာ၊ အဘယ့်ကြောင့်၊ အာရောပိတော၊ တင်ဆိုအပ်သလဲ၊ ဣတိစေ၊ ဤသို့မေးတယ်ဆိုပါတော့—

အဲဒီလိုမေးဒါဟာ အနုသယသဘော ပြောချင်လို့ ရှင်းရှင်းကဘော့ ဘာပြောချင်လို့လဲ၊ (အနုသယသဘောပါဘုရား)။

ကိုင်း အနုသယသဘော ဒီမှာလာတော့မယ်၊ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက အဲဒီလို အရှင်မာလုကျပုတ္တမထေရ်ကို မေးတော့ မာလုကျပုတ္တမထေရ် ဘာမှပြန်မပြောတော့ဘူး၊ ဒီနေရာမှာ ရှင်မာလုကျပုတ္တမထေရ်ရဲ့အယူက ဘယ်လိုဖြစ်နေသလဲ "တဿ ဧဝံ လဒ္ဓိ" သူ့အယူက ဒီလိုဖြစ်နေတယ်၊ ဘယ်လိုလဲ—

မာလုကျပုတ္တမထေရ်ရဲ့အယူ

> သမုဒါစာရက္ခဏော ယေဝ ကိလေသေဟိ သံ-
> ယုတ္တော်နာမ ဟောတိ။

ကိလေသာဆိုတာ ပြုကျင့်သော ခဏ၌သာလျှင် ဖြစ်တယ်၊ မပြုမကျင့်ရင် ကိလေသာမဖြစ်ဘူး။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲဒါ တရားကွက်ကလေးတခုဘဲ၊ အဲဒီတရားကွက်ကလေးတခုက မင်းဒီမှာဒီအတိုင်းနေရင် ဒီအတိုင်းဘဲ၊ မင်းဘာမှမလုပ်ရင် ဘာမှမဖြစ်တော့ဘူး၊ ဘာမှမလုပ်ရင် ဘာဖြစ်ဦးမလဲ၊ (ဘာမှမဖြစ်ပါဘုရား)။

http://www.dhammadownload.com

အဲဒါ အရှင်မာလုကျပုတ္တမထေရ်ရဲ့အယူ၊ မြတ်စွာဘုရားက ဒါကို မနှစ်သက်ဘူး။

> .သမုဒါစရက္ခဏေယေဝ၊ လွန်ကျူးသော ခဏ၌သာလျှင်, လွန်ကျူးပြုလုပ်သော ခဏ၌သာလျှင်။ ကိလေသေဟိ၊ ကိလေသာတရားတို့နှင့်။ သံယုတ္တံနာမ၊ ယှဉ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဇူတရေသု၊ မကျူးလွန်မပြစ်မှားတဲ့ မပြုလုပ်တဲ့ အချိန်ကာလတို့၌။ ကိလေသေဟိ၊ ကိလေသာတို့နှင့်။ သံယုတ္တော၊ ယှဉ်ခြင်းသည်။ နဟောတိ၊ မဖြစ်ဘူး-လို့ အရှင်မာလုကျ ပုတ္တမထေရ်က ဒီလိုယူထားတယ်။

ဒီသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒတို့တွင် သက္ကာယဒိဋ္ဌိဆိုတာဟာလဲဘဲ ခုနက ခန္ဓာငါးပါးတို့ရဲ့အပေါ်မှာ မှားသောအားဖြင့် သုံးသပ်ယူစွဲတတ်တဲ့ အချိန်ကျမှသာ သက္ကာယဒိဋ္ဌိဖြစ်တယ်လို့ပြောတယ်၊ အဲဒီခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ကို မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းအမှုကို မပြုလုပ်လို့ရှိရင် သက္ကာယဒိဋ္ဌိမဖြစ်တော့ဘူးလို့ ဒီလိုယူရာ ရောက်သွားတယ်၊ ဒါဟာ အရှင်မာလုကျပုတ္တမထေရ်ရဲ့ဝါဒဘဲ။

> (ဒီတရားကို ဘုန်းကြီးမန္တလေးမှာ ဟောခဲ့စဉ်အခါတုံးက မနက်ကျတော့ မစိုးရိမ်ဆရာတော်ကြီးက ဘုန်းကြီးကိုခေါ်တယ်၊ လာခဲ့အုံးဆိုတော့ သွားရပြန်ရော၊ မစိုးရိမ်ဆရာတော်ကြီးက မင်း မာလုကျပုတ္တ သုတ္တန်ကိုဟောတာတော့ ဟောပါတော့၊ ဒါပေမဲ့ မာလုကျပုတ္တသုတ္တန်က အင်မတန်ရင့်တယ်၊ တကာတွေကို ဒါလောက်ရင့်တဲ့တရားဟောလို့ မဖြစ်ဘူး၊အဲဒါကြောင့် ခပ်ဖြေးဖြေး ခပ်ပေါ်ပေါ် လွင်လွင်ဟောပါလို့ဆိုပြီး ဆရာတော်ကြီးက သတိပေးလိုက်တယ်၊ ဒါကြောင့် ခပ်ဖြေးဖြေး ခပ်ပေါ်ပေါ် လွင်လွင်ဘဲ ဟောပါ့မယ်။)

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စဉ်းစားကြည့်၊ မာလုကျပုတ္တမထေရ်ယူပုံက "သမုဒါစာရက္ခဏေယေဝ ကိလေသေဟိ သံယုတ္တံနာမ ဟောတိ"။ ပြုလုပ်တဲ့အခါမှာသာလျှင် ကိလေသာတို့နဲ့ ယှဉ်စပ်တယ်၊ မပြုလုပ်ရင် ကိလေသာမဖြစ်ဘူးလို့ သူကဒီလိုယူတယ်။

http://www.dhammadownload.com

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ တို့တွင် သက္ကာယဒိဋ္ဌိဆိုတာ ခန္ဓာငါးပါး အပေါ်မှာ မှားသော အားဖြင့် သုံးသပ်ယူစွဲနိုင်တဲ့ အချိန်မှသာလျှင် သက္ကာယဒိဋ္ဌိ ဖြစ်တယ်၊ သို့မဟုတ်ရင် သက္ကာယဒိဋ္ဌိ မဖြစ်ဘူးလို့ ယူရာရောက်တယ်။

ဝိစိကိစ္ဆာဆိုတာဟာလဲဘဲ တရားတော်၌ သို့လော သို့လော တွေး တောယုံမှားခြင်းရှိတဲ့ အချိန်မှသာလျှင် ကိလေသာဖြစ်တယ်၊ ဒီလိုတရား တော်၌ သို့လော သို့လော တွေးတော ယုံမှားခြင်းမရှိရင်၊ ဝိစိကိစ္ဆာမဖြစ် ဘူးလို့ မာလုကျပုတ္တမထေရ်ကယူတယ်။

ပြီးတော့ ကာမရာဂတို့ ဗျာပါဒတို့ကလဲ ဒီလိုဘဲ၊ ကာမဂုဏ်ကို လွန် ကြူးမှသာလျှင် ကာမရာဂဖြစ်တယ်၊ ဗျာပါဒဆိုတာကလဲ ဒေါသဖြစ်မှ သာလျှင် ဗျာပါဒဖြစ်တယ်၊ လွန်ကျူးသော်ခဏ၌သာလျှင် ကိလေသာ တို့နဲ့ ယှဉ်တယ်လို့ ဒီလိုယူထားသည် ဖြစ်သောကြောင့် သင်ပြောသလို သာဆိုရင်တဲ့၊ အညတိတ္ထိယ ပရိဗ္ဗာဇက ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက ငါဘုရား သာသနာကို မစွပ်စွဲပေဘူးလားတဲ့၊ ဘယ်လို စွပ်စွဲနိုင်သလဲလို့ ဆို တော့—

အခြားသူများ စွပ်စွဲနိုင်ပုံ

သူငယ်ကလေးကို ဥပမာပြုပြီးတော့ စွပ်စွဲနိုင်တယ်လို့ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်က မာလုကျပုတ္တမထေရ်ကို—

> ''နနု မာလုကျပုတ္တ အညတိတ္ထိယာ ပရိဗ္ဗာ- ဇကာ ဣမိနာ တရုဏူပမေန ဥပါရမ္ဘေန ဥပါ- ရန္တိ သညန္တိ''။ (ပါဠိတော်မှာ)

> မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ အညတိတ္ထိယာ၊ သာ သနာတော်မှအပ ဖြစ်ကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ ဣမိနာ တရုဏူပမေန၊ ဤသူငယ်လျှင် ဥပမာရှိသော။ ဥပါရမ္ဘေ- န၊ စွပ်စွဲခြင်းဖြင့်။ ဥပါရန္တိ သညန္တိ နနု၊ စွပ်စွဲနိုင်ကြကုန်သည် မဟုတ်တုံလော။

ချစ်သား မာလုကျပုတ္တ-သင်ပြောသလိုသာ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒတွေသည် လွန်ကျူးဆဲ ခဏ၌

http://www.dhammadownload.com

သာလျှင် သံယောဇဉ်ဖြစ်တယ်ဆိုရင် သာသနာတော်မှ အပဖြစ်တဲ့ အညတိတ္ထိယပရိဗ္ဗာဇကတွေက ဘယ်လိုစွပ်စွဲနိုင်သလဲလို့ ဆိုရင်တော့—

အနုသယဆိုတာ ဘယ်အချိန်မှုးစသလဲ

> ''ဒဟရဿ ဟိ မာလုကျပုတ္တ ကုမာရဿ မန္ဒဿ ဥတ္တာနသေယျကဿ သက္ကာယောတိပိ နဟောတိ၊ ကုတော ပနဿ ဥပ္ပဇ္ဇိဿတိ သက္ကာယဒိဋ္ဌိ၊ အနု- သေတွေဝဿ သက္ကာယဒိဋ္ဌာနုသယော''။ (ပါဠိ တော်မှာ)

အနုသယဆိုတာ ''အပ္ပဟီနဋ္ဌေန အနု အနု သန္တာနေ သေန္တီတိ အနုသယာ''တဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်က မဂ်ဖြင့်မပယ်ရသေးသောကြောင့် ခန္ဓာအစဉ်မှာ အကြိမ်ကြိမ် ဖြစ်ပေါ်ထိုက်တဲ့အတွက် အနုသယလို့ ခေါ်တယ်၊ပိုပြီးရှင်းအောင် ပြောရရင်''အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော''မဂ်ဖြင့် မပယ်ရသေးတဲ့အတွက်ဖြစ်ခွင့်သင့်သောအကြောင်းကို ရခဲ့ရင် ခန္ဓာအစဉ်၌ အကြိမ်ကြိမ်ဖြစ်ပေါ်ထိုက်တဲ့ သဘောကို အနုသယလို့ ခေါ်တာဘဲ၊ ခန္ဓာအစဉ်ဆိုတဲ့ နေရာမှာ အစဉ်နဲ့ အမြဲနဲ့ တခြားစီ။

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေ အနုသယဆိုတာ အမြဲလို့ အောက်မေ့နေတယ် မဟုတ်ဘူး၊ အစဉ်မှာ ကိန်းတာ ဖြစ်တာ၊ အမြဲမှာ ကိန်းတာ ဖြစ်တာ မဟုတ်ဘူး၊ အစဉ်နဲ့ အမြဲဟာ တခြားစီ။

အနုက အကြိမ်ကြိမ်၊ သန္တာနေဆိုတာက အစဉ်၊ ဘယ်လိုလဲ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ခုနေခါ မြို့ထဲလျှောက်သွားမယ်ဆိုရင် ဓာတ်မီးတိုင်တွေ တွေ့သလား မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား)။

အဲဒီ ဓာတ်မီးတန်းကြီးဟာ အစဉ်ဘဲ၊ သေသေချာချာ သွားကြည့်တော့ ဓာတ်မီးဟာ အစဉ်ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား)။ ဓာတ်မီးတိုင် တခုစီ တခုစီဘဲ။

အဲဒီ ဓာတ်မီးတိုင် တခုစီတခုစီ ခြားခြားပြီးတော့ တတိုင်နဲ့တတိုင် တန်းပြီးတော့ ရိုက်ထားတာကို အဲတာ ဘာလို့ခေါ်တယ်၊ (အစဉ် အတန်းလို့ ခေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com

အဲဒီအစဉ်ဟာ အမြဲမဟုတ်ဘူး၊အဲဒီအစဉ်ဟာ အမြဲလား၊ (မဟုတ်ပါဘုရား)။

အဲသလို တိုင်တိုင်း တိုင်တိုင်းမှာ ခတ်မီးလုံးကလေးတွေ ခတ်မီးလုံးကလေးတွေ ကိန်းကိန်း မနေဘူးလား ရှိရှိမနေဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲတာကို သေသေချာချာကြည့်လိုက်တော့ အစဉ်အတန်းကြီး ဖြစ်မနေ ဘူးလား၊ (ဖြစ်နေပါတယ်ဘုရား)။

အဲဒီသဘောမျိုးလို အနုသယဆိုတဲ့ အစဉ်ဆိုတဲ့ ခန္ဓာအစဉ်မှာ၊အာသယဆိုတာ မှီရာ၊ အစဉ်မှာမှီပြီးတော့ ကိန်းနေတဲ့ ကိလေသာသဘောတရားကို အနုသယလို့ခေါ်တယ်။

ဒိဋ္ဌာနုသယကိန်းပုံ

အဲဒီအနုသယသဘောဟာ ဘယ်မှာကိန်းနေလဲဆိုတော့။

> ''ဒဟရဿ ဟိ မာလုကျပုတ္တ ကုမာရဿ မန္ဒဿ ဥတ္တာနသေယျကဿ သက္ကာယောတိပိ နဟောတိ၊ ကုတောပနဿ ဥပ္ပဇ္ဇိဿတိ သက္ကာယဒိဋ္ဌိ၊ အနုသေတွေဝဿ သက္ကာယ ဒိဋ္ဌာနုသယော''။ (ပါဠိတော်မှာ)
>
> မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ ဟိ၊ ဥပမာချပြရမယ်ဆိုရင်ဖြင့်။ မန္ဒဿ၊ နုံ့သော။ဒဟရဿ၊ ငယ်သော။ ဥတ္တာနသေယျကဿ၊ ပက်လက်သာ အိပ်တတ်သေးသော။ ကုမာရဿ၊ သူငယ်အား။ သက္ကာယောတိပိ၊သကာယဟူ၍လည်း။နဟောတိ၊ ထင်ရှားမဖြစ်သေး။ အဿ၊ ထိုသူငယ်အား။ သက္ကာယဒိဋ္ဌိ၊ သကာယဒိဋ္ဌိသည်။ ကုတောပနဥပ္ပဇ္ဇိဿတိ၊ဘယ်မှာ ဖြစ်နိုင်လတ္တံ့နည်း။

ငယ်ငယ်ကလေးရှိသေးတဲ့ သူငယ်, ပက်လက်ကလေးသာ အိပ်နေတတ်တဲ့သူငယ်မှာ ''သက္ကာယဒိဋ္ဌိ''ကို သကာယကို ငါဟဲ့ယူပြီးနေတာ ရှိသလား၊ (မရှိပါဘုရား)၊ မရှိသေးဘူး။

http://www.dhammadownload.com

ကျူးလွန်ဆဲအနေနဲ့ ပြောမယ်ဆိုရင် ဒီကလေးမှာ သက္ကာယဒိဋ္ဌိမရှိဘူးလို့ ပြောစရာမဖြစ်ဘူးလား၊ (တင်ပါဘုရား)။

ဒါပေမဲ့ "အနုသေတွေ၀သ သက္ကာယဒိဋ္ဌာနုသယော" တဲ့။ အဿ၊ ထိုသူငယ်၏။ သန္တာနေ၊ အစဉ်မှာ။ သက္ကာယဒိဋ္ဌာနုသယော၊ သက္ကာယဒိဋ္ဌိအနုသယသည်။ အနုသေတွေ၀၊ မပယ်အပ်သေးရကား အကြောင်းသင့်က ဖြစ်ပေါ်ရန် ကိန်းဝပ်၍ နေသည်သာလျှင်တည်း။

သဘော်ပင်ဥပမာ

ရှင်တော်မြတ်ဘုရားက အနုသယသဘော ကိန်းနေတယ်လို့ ဟောတော်မူတယ်၊ ဒီအထဲမှာ ဥပမာပြကြစို့၊ ဘုန်းကြီး ဒီနေရာလေးမှာ ဥပမာထပ်ပြမယ် ဘယ်လိုလဲ၊ သဘော်ပင်လေးတပင်ကိုကြည့်၊ အဲဒီ သဘော်ပင်ကလေး အသီးမသီးခင် သဘော်ပင်ကလေးမှာ သဘော်သီးတွေကို ခွဲရှာလို့ရှိရင် တွေ့မလား သဘော်သီးတွေကို၊ (မတွေ့ပါဘုရား)။

ဟော-အချိန်ရောက်လာတဲ့အခါကျတော့ သဘော်သီးကလေး သီးလာတယ်၊ ဒီကထဲက ဒါဖြင့် ဒီသဘော်ပင်ထဲမှာ သဘော်သီး ခွဲရှာမယ်ဆိုရင် အစီးကိုသာတွေ့နေမှာ သဘော်သီးတွေ့မှာမဟုတ်ဘူး၊ (မှန်ပါဘုရား)။

အနုသယဆိုတာ ခန္ဓာကိုယ်ထဲ ခုနပြောသလို ခန္ဓာအစဉ်ထဲ ခွဲရှာမယ်ဆိုရင် ဘယ်တော့မှ မတွေ့ဘူး၊ အဲတာ မရှိဘူးပြောမလား။

အဲဒီဥပမာမျိုးလိုဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဘုန်းတော်သခင်သဗ္ဗညုမြတ်စွာဘုရားက သက္ကာယဒိဋ္ဌိအနုသယ ကိန်းနေတာကို ဟောတော်မူပါတယ်။

အနုသယကိန်းကြောင်းသိပုံ

ဒီသက္ကာယဒိဋ္ဌိအနုသယကိန်းပုံ ဘယ်တော့ ဘယ်လိုသိသလဲ၊ အနုသယ ကိန်းပုံကလေးကို ဒီနေရာမှာ ဘုန်းကြီးတို့ ပါဠိတချပြမယ်၊ ဘယ်လိုလဲ၊ ဘုန်းကြီးတို့ ဥပရိပဏ္ဏာသပါဠိတော်မှာ ဆဆက္ကသုတ္တန်ဆိုတာ ရှိတယ်၊ ရှာကြည့်ပါ၊ အဲဒီ ဆဆက္ကသုတ္တန်ပါဠိတော်မှာ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘယ်လိုမိန့်တော်မူထားသလဲလို့ ဆိုတော့—

http://www.dhammadownload.com

''စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သော သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ။

စက္ခုံစ၊ စက္ခုပသာဒရုပ်ကိုင်း၊ ဟောဒီအထဲမှာ အနုသယရှိပလား၊ (မရှိသေးပါဘုရား) မရှိသေးဘူး။

ရူပေစ-ရူပါရုံကိုင်း၊ ရှိပလား- ရူပါရုံထဲမှာ အနုသယ (မရှိပါဘုရား)။

ပဋိစ္စ၊စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စက္ခုဝိညာဏ်ထဲ အနုသယပါပြီလား၊ (မပါသေးပါဘုရား) မပါသေးဘူး။

စက္ခုံစမှာလဲ အနုသယမပါသေးဘူး၊ ရူပေစမှာလဲ အနုသယမပါသေးဘူး၊ စက္ခုဝိညာဏ်မှာလဲ အနုသယမပါသေးဘူး၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ အဲဒီဖဿထဲမှာလဲ အနုသယပါလာပလား၊ (မပါလာသေးပါဘုရား) မပါလာသေးဘူး-အနုသယ။

''ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ''။ဖဿပစ္စယာ၊ဖဿဟူသောအကြောင်းကြောင့်။ဝေဒယိတံ၊ ခံစားအပ်သော။ သုခံဝါ၊သုခဝေဒနာသည်၎င်း။ဒုက္ခံဝါ၊ဒုက္ခဝေဒနာသည်၎င်း။ အဒုက္ခမသုခံဝါ၊ အဒုက္ခမသုခဝေဒနာသည်၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ သုံးမျိုးအနက် တမျိုးမျိုးတော့ဖြစ်မယ်။

''သုခါယ ဝေဒနာယ ဖုဋ္ဌော သမာနော''။ ။သော၊ထိုအမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည်။ သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏၊ နှစ်သက်ပြီ။

http://www.dhammadownload.com

အဘိဝဒတိ၊ ကောင်းလေစွ ကောင်းလေစွဟုစွဲလမ်းပြောဆို၏။ အဇ္ဈောသာယ၊မျိုမတတ် စွဲလမ်းသည်ဖြစ်၍။ တိဋ္ဌတိ၊တည်၏။ ။ တဿ၊ထိုပုဂ္ဂိုလ်၏။သန္တာနေ၊ သန္တာန်၌။ ကာမရာဂါနုသယော၊ ကာမရာဂါနုသယသည်။အနုသေတိ၊အကြောင်းသင့်က ဖြစ်ပေါ် ရန်ကိန်းအောင်းနေလေပြီ။

ဒီကျမှ အနုသယကိန်းနေမှန်း ပေါ်လွင်ထင်ရှားလာတယ်၊ ကိုင်း အမျိုးကောင်းသားတွေ့,အမျိုးကောင်းသမီးတွေ သဘောပေါက်ပြီလား၊ (ပေါက်ပါပြီဘုရား)။

သဘော်ပင်၌ အသီး သီးနိုင်သောသတ္တိ ရှိသလို

ဒီပါဠိတော်နဲ့တော့ အင်မတန်ကိုရှင်းနေတာဘဲ၊ ဒီနေရာမှာ အနု-သယသဘောသည် ခန္ဓာအစဉ်၌ သတ္တိအနေမျိုးဖြင့်ရှိနေသည်၊ သဘော်ပင်အတွင်း၌ သဘော်သီးကို ရှာမတွေ့သော်လဲ အသီး သီးစေတတ်သော သတ္တိသည် ရှိနေသည်ဟု သိနိုင်သလို ခန္ဓာအစဉ်၌ အနုသယ သဘောကို ရှာမတွေ့သော်လဲ အကြောင်းညီညွတ်တဲ့အချိန်မှာ ဒိဋ္ဌိ,ရာဂစသည် ထင်ရှားဖြစ်ပေါ်လာမှုကို ထောက်ဆ၍ အနုသယတ္တိသဘောကို သိနိုင်လေသည်၊ သဘော်ပင် ဥပမာသည် သဘော်ပင်၏ အမြစ်,ပင်စည်,ခက်မစသည်တို့၌ သဘော်သီး မရှိသော်လည်း ၎င်းတို့၌ သဘော်သီးသီးနိုင်သော သတ္တိပါလာသလို တနည်းအားဖြင့် အမြစ်,ပင်စည်,ခက်မစသည်တို့သည် အသီးမဟုတ်သော်လည်း ၎င်းတို့၌ အသီးသီးနိုင်သော သတ္တိပါလာသလို ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ဝိညာဏ်,နာမ်,ရုပ် တို့သည် ရာဂစသည်မဟုတ်သော်လည်း ၎င်းတို့၌ ဒိဋ္ဌိ,ရာဂ စသည်ကိုဖြစ်စေတတ်သော သတ္တိပါလာလေသည်။

ထို့ကြောင့် စက္ခုပသာဒရုပ်ထဲမှာ ရှာကြည့်ရင် အနုသယတွေ့မလား၊ (မတွေ့ပါဘုရား)။

ရူပါရုံထဲရှာကြည့်ရင်၊ (မတွေ့ပါဘုရား)။

စက္ခုဝိညာဏ် စိတ်ထဲ ရှာကြည့်ရင်၊ (မတွေ့ပါဘုရား)။

သူတို့မှာ ရှာကြည့်ရင် ဘာတွေ့မလဲ၊ ဥပ္ပါဒသဘောနဲ့ ဝယသဘောဘဲတွေ့မယ်မဟုတ်လား။

အဲဒီ အနုသယကိန်းမှန်း ဘယ်တော့သိလဲလို့ဆိုတော့ စက္ခုရယ်, ရူပါရုံရယ်,စက္ခုဝိညာဏ်ရယ် ဒီသုံးခု ပေါင်းဆုံမိတဲ့အခါမှာ ဖဿဖြစ်

http://www.dhammadownload.com

တယ်၊ အနုသယ မလာသေးဘူး၊ အဲဒီဖဿကို အကြောင်းပြုပြီးတော့မှ သုခဝေဒနာဖြစ်ပြီး တပ်နှစ်သက်တယ်၊ ဒီအခါကျမှ ရာဂါနုသယကိန်း နေကြောင်းသိရတယ်။

အဲဒီ "ရာဂါနုသယော အနုသေတိ"လို့ ဆိုတဲ့အတိုင်း ရာဂါနုသယ ကိန်းအောင်းနေပါရော၊ သူကဘာလုပ်လဲ၊ ကောင်းကောင်းကလေးရ အောင်လို့ဆိုပြီး လျှောက်ပြီးတော့ ပရိယုဋ္ဌာနတွေ လုပ်တော့တယ်၊ ဝီတိက္ကမတွေ လုပ်တော့တယ်၊ ဒီကျတော့မှ ပရိယုဋ္ဌာနဘုံ, ဝီတိက္ကမဘုံ အဲဒီမှာ ဖြစ်လာတယ်။

အဲဒီ အနုသယသဘောဟာ အဲဒီမှာ အတော်ရှင်းသွားပြီနော်၊ (မှန်ပါဘုရား)။ ခန္ဓာအစဉ်မှာ အနုသယသဘောကို ရှာလို့ကတော့ မတွေ့ဘူး။

> တဿ၊ ထိုသူငယ်၏။ သန္တာနေ၊ သန္တာန်၌။ သက္ကာယဒိဋ္ဌာနုသယော၊ သက္ကာယဒိဋ္ဌိဆိုတဲ့ အနုသယသဘောသည်။ အနုသေတိဧဝ၊ အကြောင်းသင့်က ဖြစ်ရန် ကိန်းနေသည် သာလျှင်တည်း။

ဒီအကြောင်းတွေ မပယ်အပ်သေးသည်ဖြစ်သောကြောင့် အကြောင်းအားလျော်စွာဖြစ်တဲ့ အနုသယတွေ ဘဝသံသရာခန္ဓာစဉ်တိုင်းမှာ ကိန်းလျက်သားပါရှိနေတယ်တဲ့။

ဝိစိကိစ္ဆာ နုသယကိန်းပုံ

> "ဒဟရဿဟိ မာလုကျပုတ္တ ကုမာရဿ မန္ဒဿ ဥတ္တာနသေယျကဿ ဓမ္မာတိပိ နဟောတိ၊ ကုတော ပန ဥပ္ပဇ္ဇိဿတိ ဓမ္မေသု ဝိစိကိစ္ဆာ"။

ချစ်သား…မာလုကျပုတ္တ–ပက်လက်သာ အိပ်တတ်တဲ့ သူငယ်ကလေးမှာ တရားဆိုတာ ရှိနေပလား၊ တရားမှမရှိသေးဘဲနဲ့ ဒီတရားမှာ ဘယ်နည်းနဲ့လုပ်ပြီး ယုံမှားခြင်း ဝိစိကိစ္ဆာတွေရှိမလဲ၊ တရားမှ ဟုတ်လေသလား, မဟုတ်လေဘူးလားလို့ ဘယ့်နှယ်လုပ် ယုံမှားမလဲ၊ ဒီသူငယ်လေးမှာ တရား၌ ယုံမှားခြင်း ဝိစိကိစ္ဆာမဖြစ်ပေမဲ့ "အနုသေတွေဝဿ ဝိစိကိစ္ဆာနုသယော" ဝိစိကိစ္ဆာနုသယကတော့ ကိန်းလျက်သားရှိနေပြီနော်။

http://www.dhammadownload.com

သီလဗ္ဗတပရာမာသကိန်းပုံ

"ဒဟရဿ ဟိ မာလုကျပုတ္တ ကုမာရဿ မန္ဒဿ ဥတ္တာနသေယျကဿ သီလာတိပိ န ဟောတိ၊ ကုတောပနဿ ဥပ္ပဇ္ဇိဿတိ သီလေသု သီလဗ္ဗတပရာမာသော"။

ချစ်သား မာလုကျပုတ္တ-ဒိပက်လက်သာအိပ်နေတဲ့ သူငယ်ကလေးမှာ အကျင့်- ကိုယ်ကျင့်ဆိုတာရှိနေသလား၊ ကိုယ်ကျင့်မှ မရှိသေးဘဲနဲ့ ဘယ်နဲ့လုပ်ပြီးတော့ ကိုယ်ကျင့်တရားမှာ မှားသောအားဖြင့် သုံးသပ်ယူစွဲခြင်းဖြစ်နိုင်မလဲတဲ့၊ ဒါပေမဲ့"အနုသေတွေဝဿ သီလဗ္ဗတပရာမာသော"အနုသယမပယ်ရသေးသည်ဖြစ်သောကြောင့် သီလဗ္ဗတပရာမာသအနုသယတော့ သူ့မှာရှိနေပြီ-တဲ့· မြတ်စွာဘုရားက။

ရှိမှန်းသိပုံက ဘယ်လိုလဲလို့ဆိုတော့ ခုနပြောခဲ့တဲ့ စက္ခုပသာဒရုပ်၊ ရူပါရုံ၊ စက္ခုဝိညာဏ်-ဒီသုံးပါး ပေါင်းဆုံတဲ့အခါမှာ အနုသယမလာသေးဘူး၊ ပေါင်းမိလို့ လာတွေ့တဲ့အချိန်မှာ ဝေဒနာ ၃-ပါးဖြစ်ပြီး တပ်နှစ်သက်တဲ့အခါကျတော့မှ ရာဂါနုသယဖြစ်တယ်၊ ပဋိဃာနုသယလဲဒီလိုဘဲ၊ အဝိဇ္ဇာနုသယလဲ ဒီလိုဘဲ။

"တဿပဋိဃာနုသယော အနုသေတိ"(ဒုက္ခဝေဒနာမှာ)(ဥပေက္ခာဝေဒနာကျတော့)"တဿဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာတိ၊ တဿ အဝိဇ္ဇာနုသယော အနုသေတိ"အဲတာ အဝိဇ္ဇာနုသယကိန်းပုံ ဖြစ်တယ်။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်လိုချင်တဲ့ပုဂ္ဂိုလ်က အဲဒီသုခဝေဒနာမှာ ကာမရာဂါနုသယကို မပွါးရင်, ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကိုမပယ်ရင်, ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကိုမနုတ်ရင် "ဒုက္ခသန္တံ ကရောတိ နေတံဌာနံ ဝိဇ္ဇတိ" ဆိုတဲ့အတိုင်း မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဆဆက္ကသုတ္တန်မှာလဲ ဒီလိုဟောထားတာရှိသေးတယ်။

ဘုန်းကြီးတို့အကြောင်းသင့်ရင် ဒီဆဆက္ကသုတ္တန်လဲဘဲ ဟောပေးပါဦးမယ်၊ ရှေးကဟောထားတာကို ကြိုးခွေသွင်းထားတာတော့ဖြင့် အဲဒီကြိုးခွေတော့ရှိနေပြီ၊ အဲဒီ ဆဆက္ကသုတ္တန်ကို နာချင်လို့ရှိရင် အဲဒီကြိုးခွေမှာ နာကြပေတော့။

http://www.dhammadownload.com

ကာမစ္ဆန္ဒနီဝရဏကိန်းပုံ

ဒဟရဿဟိ ဘိက္ခဝေ ကုမာရဿ မန္ဒဿ ဥတ္တာနသေယျကဿ ကာမာတိပိ န ဟောတိ ကုတော ပနဿ ဥပ္ပဇ္ဇိဿတိ ကာမေသု ကာမစ္ဆန္ဒော။

ဒီခလေးလေးမှာ ကာမအလိုဆန္ဒဆိုတာမရှိသေးဘူး၊ တွေဝေနေတဲ့ အချိန်ကလေး ပက်လက်ကလေးလန်ပြီးတော့ မလှုပ်နိုင်သေးတဲ့ ကာမမကြီးတတ်မစည်တတ်ဖြစ်နေတဲ့ခလေးကလေးမှာ ကာမရာဂါနုသယတွေ ရှိပလားလို့ဆိုရင်''အနုသေတွေဝဿကာမရာဂါနုသယော'' လို့ဆိုတဲ့ အတိုင်း ကာမရာဂါနုသယကတော့ သန္တာန်အစဉ်မှာ ကိန်းလျက်သား ရှိနေပါတယ်တဲ့၊ပြီးနောက်—

ပဋိဃာနုသယကိန်းပုံ

ဒဟရဿဟိ ဘိက္ခဝေ ကုမာရဿ မန္ဒဿ ဥတ္တာန သေယျကဿ သတ္တာတိပိ န ဟောတိ၊ ကုတော ပနဿ ဥပ္ပဇ္ဇိဿတိ သတ္တေသု ဗျာပါဒေါ။

လို့ ဒီခလေးဟာ ဘယ်သူလဲ ဘယ်ဝါလဲ ဆိုတာသိလား၊ (မသိသေးပါဘုရား) မသိသေးဘူး။

သတ္တဝါမှန်းတောင် မသိသေးတဲ့ခလေးလေးဟာ ဘယ်သတ္တဝါကို သူက ဒေါသဖြစ်မှာတုံး အဲဒါပေမဲ့—

''အနုသေတွေဝဿဗျာပါဒါနုသယော''။ ။အဿ၊ ထိုခလေး၏။ သန္တာနေ၊ သန္တာန်၌။ ဗျာပါဒါနုသယော၊ ဒေါသဆိုတဲ့ အနုသယသည်။ အနုသေတိဧဝ၊ မပယ် အပ်သေး ရကား အကြောင်း သင့်က ဖြစ်ရန် ကိန်းဝပ် နေသည်သာလျှင် တည်း။

မပယ်ရသေးဘူး၊ အနုသယကို မပယ်ရသေးလို့ သူ့မှာအနုသယ တွေ ရှိနေတယ်၊ ရှိနေတယ်ဆိုတာ ဘယ်လိုလဲ၊ ခုနက ပြောတဲ့အစဉ်မှာ

http://www.dhammadownload.com

သူကကိန်းဝပ်နေတာ၊သူကသဿတသဘောမဟုတ်ဘူး၊ ဥစ္ဆေဒသဘော လဲ မဟုတ်ဘူး။

အဲသလိုဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား မိန့်တော်မူပြီးတော့—

နနုမာလုင်္ကျပုတ္တ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဣမိနာ တရုဏူပမေန ဥပါရမ္ဘေန ဥပါရမ္ဘိဿန္တိ။

ချစ်သားမာလုင်္ကျပုတ္တတဲ့ ခုပြခဲ့တဲ့သူငယ်လျှင် ဥပမာရှိသော စွပ်စွဲခြင်းဖြင့် အညတိတ္ထိယပရိဗ္ဗာဇကဟူ့ဟာ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ,ကာမရာဂဗျာပါဒနဲ့ ပတ်သက်လို့ စွပ်စွဲနိုင်တယ် မဟုတ်ပါလားလို့ မြတ်စွာဘုရားက မေးတော်မူတော့ မာလုင်္ကျပုတ္တ မထေရ်လဲ ဆက်ပြီးတော့ မလျှောက်တော့ဘူး။

ရှင်အာနန္ဒာစဉ်းစားခန်း

အဲဒီတော့ ရှင်အာနန္ဒာက အနားကနေပြီး ဘယ်လိုစဉ်းစား သလဲ လို့ဆိုတော့ အဋ္ဌကထာမှာပြတယ်၊ ဘယ်လိုပြသလဲ။

ဘဂဝတာ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်။ ဘိက္ခု သံဃဿ၊ ရဟန်းသံဃာတော်အား။ ဓမ္မံ၊ တရားကို။ ဒေသေတုကာမော၊ ဟောလိုသည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊သဘောအားဖြင့်။အယံ ဓမ္မဒေသနာ၊ ဤတရား ဒေသနာ ကို။ အာရဒ္ဓါ၊ အားထုတ်တော်မူအပ်ပြီ။

''အယံ့ ဣမိနာ အပဏ္ဍိတေန ဘိက္ခုနာ ဝိသံဝါဒိတာ''။

ဣမိနာ အပဏ္ဍိတေန ဘိက္ခုနာ၊ ဤအတတ်ပညာ အသိ ပညာမရှိသော ရဟန်းတော်သည်။ အယံ၊ မြတ်စွာဘုရား ဤ တရားဟောတော်မူခြင်းကို။ဝိသံဝါဒိတာ၊ ဖျက်ဆီးအပ်ပြီ။အဟံ၊ ငါသည်။ ဘဂဝန္တံ၊ ဘုန်းတော်သခင် သဗ္ဗညုဘုရားကို။ ယာစိတွာ၊ တောင်းပန်၍။ ဘိက္ခုနံ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်း တို့အား။ ဓမ္မံ၊ တရားကို။ ဒေသေယုံ၊ ဟောစေရပါမူကား။ ယံနူန၊ ကောင်းလေစွ။

http://www.dhammadownload.com

ရှင်အာနန္ဒာက အော်-မြတ်စွာဘုရားက တရားဟောချင်လို့မေးတာကို မာလုက္ယပုတ္တမထေရ် သူမသိနားမလည်ဘဲနဲ့ သူကသိပါတယ်လို့ လျှောက်ပြောနေတော့ မြတ်စွာဘုရား တရားဟောဖို့ အတွက်ဟာပြဲ့ အမျိုးမျိုး အနှောက်အယှက် ဖြစ်နေပြီ၊ ဒါဟော့ မြတ်စွာဘုရား တရားဟောဟောပ်ပူပါလို့ ငါလျှောက်မယ်ဆိုပြီးတော့ ရှင်အာနန္ဒာက ဘယ်လိုလျှောက်သလဲဆိုတော့။

ရှင်အာနန္ဒာ လျှောက်ကြားပုံ

"ဧတဿ ဘဂဝါ ကာလော၊ ဧတဿ သုဂတ-ကာလော၊ ယံ ဘဂဝါ ပဥ္စောရမ္ဘာဂိယာနိ သံယော-ဇနာနိ ဒေသေယျ"။ (ပါဠိတော်မှာ)

ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဩရမ္ဘာဂိယာနိ၊ အောက်ပိုင်းအဘို့ဟုဆိုအပ်သော ကာမဘုံ၌ ဖြစ်စေတတ်ကုန်သော။ ပဥ္စသံယောဇာနာနိ၊ သံယောဇဉ် ငါးပါးတို့ကို။ ယံဒေသေယျ၊ အကြင်ဟောတော်မူရာ၏။ ဧတဿ၊ ထိုဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို ဟောတော်မူခြင်း၏၊ ကာလော၊ အချိန်တန်ပါပြီဘုရား။ သုဂတ၊ ကောင်းသောစကားကို ဆိုတော်ပူတတ်သော မြတ်စွာဘုရား၊ ဧတဿ၊ ထိုဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးကို ဟောတော်မူခြင်း၏။ ကာလော၊ အချိန်တန်ပါပြီဘုရား၊

"ဘဂဝတော သုတွာ ဘိက္ခူ ဓာရေဿန္တိ"။

ဘဂဝတော၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ တရားကို။ သုတွာ၊ ကြားနာရ၍။ ဘိက္ခူ၊ ဘုရားသားတော်ရဟန်းတော်တို့သည်။ ဓာရေဿန္တိ၊ ဆောင်ထား ကြပါကုန်လိမ့်မည်ဘုရား၊

ဒီသုတ္တန်ကို သံဃာတော်များအရကျက်ပြီးတော့၊ ဆောင်ထားကြပါလိမ့်မည်ဘုရားလို့ ရှင်အာနန္ဒာလျှောက်ခဲ့တာ မမှန်ဘူးလား။

http://www.dhammadownload.com

ယခု တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော် "အရှင်ဝိစိတ္တသာရာဘိဝံသ"တို့ကလဲ ဤသုတ္တန်ကို အရဆောင်ထားပြီ မဟုတ်လား၊ နောက်ပြီးပြည်မြို့က "အရှင်ကောသလ္လ"ဟို၊ နောက်ပြီးတော့ပခုက္ကူမြို့က "အရှင်နေမိန္ဒ"ဟို့ ဘိပိဋကဓရ ၃-ပုံဆောင်တဲ့ ပုဂ္ဂိုလ်တွေ,ပိဋက ၂-ပုံဆောင်တဲ့ပုဂ္ဂိုလ်တွေ ဆောင်ထားကြပြီမဟုတ်လား၊ ဆိုင်ရာ ဆိုင်ရာ သုတ္တန်တခုစီဟာခုစီလဲ ဆောင်ထားကြပြီ မဟုတ်လား။

စာတွေကျက်နေကြတဲ့ ဆရာတော်သံဃာတော်တွေခုလဲ တိပိဋကဝရ ရွေးချယ်ပွဲကြီးဆိုပြီးတော့အကြီးအကျယ်လုပ်နေပြန်ပြီ ပိဋကသုံးပုံ, ၂-ပုံ, ၁ ပုံ စသည်ဖြင့် ဒီလိုဆောင်ကြတဲ့ပုဂ္ဂိုလ်တွေ အင်မတန်မှ သာသနာတော်ကြီး အားရစရာကောင်းနေပါတယ်။

ဘိက္ခု၊ ဘုရားသားကျော် ရဟန်းတော်တို့သည်။ ဘဂဝတော၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ တရားကို။ ဓာရေဿန္တိ၊ နှုတ်ရဆောင်ထားကြပါလိမ့်မည် ဘုရား။

မရလျှင်ဟောလို့ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

မရလျှင် ဟောလို့မဖြစ်ဘူး ဆောင်ကိုဆောင်ထားမှ၊မကျက်လို့မဖြစ်ဘူး၊ စာကဆောင်ကိုဆောင်ရမှာ ဟုတ်လား၊ (မှန်ပါဘုရား)။

အဲသလို ရှင်အာနန္ဒာက ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကို လျှောက်တဲ့အခါမှာ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘာမိန့်တော်မူသလဲလို့ဆိုတော့၊

တေနဟာနန္ဒ သုဏာဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမိ။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာအာနန္ဒာ။ တေနဟိ၊ လိုသို့ဖြစ်လျှင်။ သာဓုကံ၊ ကောင်းစွာ။ သုဏာဟိ၊ နာခံမှတ်သားပေတော့။ မနသိကရောဟိ၊ နှလုံးသွင်းလော့။ ဘာသိဿာမိ၊ ဟောကြားပေအံ့။

"ဧဝံ ဘန္တေတိ ခေါ အာယသ္မာ အာနန္ဒော ဘဂဝတော ပစ္စဿောသိ"။ ကောင်းလှပါပြီဘုရားလို့ ရှင်အာနန္ဒာက မြတ်စွာဘုရားမိန့်တော်မူတာကို ပြန်လျှောက်တဲ့အခါမှာ—

http://www.dhammadownload.com

"ဘဂဝါ ·တဒဝေါစ"။ ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ တော်ဝစနံ၊ ဤဟောခတော်မူလတ္တံ့ဖြစ်တဲ့တရားဒေသနာကို။ အဝေါစ၊ မိန့်တော်မူ၏။ ။ရှင်အာနန္ဒာမထေရ် တောင်းပန်တဲ့အတိုင်း တရားတော်ကို အောက်ပါအတိုင်း ဟောတော်မူမဲ့အကြောင်း ဘုရားသခင်မိန့်တော်မူတယ်တဲ့။

နက်ဖြန်ကာ ကျတော့မှ ဒီသုတ္တန် တရားအကြောင်း ကုန်အောင် ဟောကြစို့ရဲ့ ၉-နာရီလဲ ခွဲသွားပြီ။

ဆုတောင်း

အဲဒါကြောင့် ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရား ဟောတော်မူအပ်သော မဟာမာလုကျပုတ္တ သုတ္တန်တစ်ပဲတဒေသကို ရှုသေစွာ နာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့ကြောင့် ၎င်း၊(ပ)သမ္မပဓာန်တရားလေးပါးပြည့်စုံကြကုန်ပြီးလျှင် သစ္စာလေးပါးမြတ်တရားကို ထိုးထွင်း၍ သိကြကုန်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင် လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု–သာဓု–သာဓု)

မဟာမာလုကျပုတ္တသုတ္တန်တရားတော်
ပဥ္စမပိုင်း ပြီး၏။

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတ္တသ၏

သစ္စာမည အလုပ်ပေးတရား

နှင့်

မဟာမာလုကျပုတ္တ သုတ္တန်တရားတော်

ဒုတိယပိုင်း

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၇)

http://www.dhammadownload.com

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင် ဝဏ္ဏိဿရ မထေရ် မြတ်သည် ၁၃၂၈-ခု၊ နတ်တော်လဆုတ် ၂ ရက် (၂၉-၁၂-၆၆)ကြာသပတေးနေ့ညအချိန်ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံတွင် သတ္တမည အလုပ်ပေးတရားနှင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဘိက္ခုဝဂ်၌လာရှိသော "မဟာမာလုကျပုတ္တသုတ္တန်တရားတော်" ဒုတိယပိုင်းကို ဟောကြားတော်မူသည်။

http://www.dhammadownload.com

သတ္တမညအလုပ်ပေး တရားတော်

ဝိပဿနာရှုတော့မယ်ဆိုရင် ဘာမှမကြံစည်နဲ့

အားလုံး အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများပါ ခန္ဓာကိုယ် ပြုပြင်ထိန်းသိမ်းပုံကလေးကို ထိန်းသိမ်းပြီးတော့ တည်တည် ငြိမ်ငြိမ် ခန္ဓာကိုယ်ကို ထားပြီးတော့ ထိုင်ပါ၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာ ကိုယ်ကိုပြုပြင်ပုံ,အထက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို ပြုပြင်ထိန်းသိမ်းထားပုံ, မိမိတို့၏ လက်နှစ်ဘက်ကို ပြုပြင်ပြီး ထိန်းသိမ်းထားပုံ, မျက်လုံးကို ပြုပြင်ထိန်းသိမ်းထားပုံကို ဘုန်းကြီးများ ညစဉ်ညတိုင်း ဥပဒေသ နည်းလမ်းပေးခဲ့တဲ့အတိုင်း ခန္ဓာကိုယ်ကို ပြုပြင်ပြီးတော့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ထိုင်ပါ၊ ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် ရှိနေပါစေ။

သိပ်ပြီးတော့ ခန္ဓာကိုယ်ကို ချုပ်ထားသလို ဖြစ်မနေပါစေနဲ့၊အလိုက် သင့်ကလေး ချောင်ချောင်ချိချိ သက်သက်သာသာကလေး ခန္ဓာကိုယ်ကို ထားပါ၊ တည်တည်ငြိမ်ငြိမ်ကလေး စိတ်ကို မြဲမြဲထားပါ၊ ကြောင့်ကြ စရာ, တောင့်တစရာ, ပူပင်စရာ, စိုးရိမ်စရာ, စိတ်ဆင်းရဲစရာ, စိတ်ညစ် စရာ, လုပ်စရာ, ကိုင်စရာတွေကို အကုန်လုံးဘေးကိုဖယ်ထားပြီးတော့ အနားယူထားလိုက်ပါ၊ အနားယူတဲ့အနေမျိုးနဲ့ လုပ်စရာ ကိုင်စရာတွေ ကိုလဲ မတွေးတောနဲ့, မကြံစည်နဲ့, မစဉ်းစားနဲ့။

ဝိပဿနာရှုစရာ တရား ၃-ပါး

ဒီကနေ့ ဘုန်းကြီးတို့ ဆက်ပြီးတော့ ပြရမဲ့ ညွှန်ပြချက်က ဝိပဿနာ ရှုလာတဲ့အခါမှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ရှုစရာအာရုံကလေးရဲ့ သန့်သန့်ရှင်းရှင်းဖြစ်တဲ့ ဝိညာဏ်,နာမ်,ရုပ်၊ ဒီ တရားကို တထစ်ချမှတ်ထားရမှာက ဝိပဿနာ ရှုတယ်ဆိုရင်ဖြင့် ဝိ ညာဏ်ရယ်, နာမ်ရယ်, ရုပ်ရယ် ဒီတရားသုံးလုံးမှတပါး ဝိပဿနာ ရှုဘို့ရာ တရားရယ်လို့မရှိဘူး၊ ရှုစရာ ဝိညာဏ်ကသိတဲ့ သဘောရှိတယ်၊ ရုပ်က တိုးတဲ့သဘော,တွန်းကန်တဲ့သဘော,ပူတဲ့သဘော, အေးတဲ့သဘော

http://www.dhammadownload.com

ပေါင်းစပ်ဖွဲ့စည်းတဲ့သဘော, တောင့်တဲ့ တင်းတဲ့သဘော အဲဒီသဘော တွေ အသီးသီး ရုပ်တရားမှာရှိနေတဲ့ သဘောတွေရှိတယ်၊ ဉာတပရိညာ စခန်းကို ဘုန်းကြီးများ နောက်ည နောက်ညတွေက သဘာဝလက္ခဏာနဲ့ ပိုင်ပိုင်နိုင်နိုင် ရှင်းပြီးပေးခဲ့တယ်၊ သဘာဝလက္ခဏာဆိုတာ တရား တလုံး တလုံးရဲ့ သို့မဟုတ် ဒီတရားတလုံးက ဒီသဘောတခုကိုသာ ပိုင်ဆိုင်တယ်ဆိုတဲ့ တရားတလုံးတလုံးရဲ့ သတ္တိစွမ်းရည်,တရားတလုံး တလုံးရဲ့ပင်ကိုယ်သဘာဝကို သဘာဝလက္ခဏာလို့ ခေါ်တယ်။

ဝိညာဏ်စသည်တို့၏သဘာဝလက္ခဏာ

ဝိညာဏ်မှာဆိုရင် ဝိဇာနနလက္ခဏာရှိတယ်၊ ရုပ်တရားမှာဆိုရင် တိုးတဲ့သဘော,တွန်းကန်တဲ့သဘောလက္ခဏာရှိတယ်၊ဝါယောလေဓာတ် ရုပ်ပရမတ်တရားမှာဆိုရင် ဝိတ္ထမ္ဘနတခေါ်တဲ့ တွန်းကန်မှု လက္ခဏာရှိ တယ်၊အဲဒီ ဝိတ္ထမ္ဘနတလက္ခဏာဟာ ဝါယောလေဓာတ် ရုပ်ပရမတ်တရား မှာသာလျှင် ရှိတယ်၊ ဒီပြင်တခြားတရားမှာ မရှိဘူး၊ ဝိဇာနနလက္ခဏာ ဆိုတာဟာလဲဘဲ ဝိညာဏ်မှာသာရှိတယ်၊ ဒီပြင်တရားမှာ မရှိဘူး။

ပညာတို့,သတိတို့,သမာဓိတို့, ဝီရိယတို့ဆိုတဲ့ တရားလုံးတွေမှာလဲဘဲ သူတို့ သူတို့ အသီးသီးပိုင်ကြတဲ့ ဒဿနကိစ္စ-အာရုံကို မြင်စွမ်းနိုင်ခြင်း, ကွဲကွဲပြားပြားသိနိုင်ခြင်းဆိုတဲ့ ဒီလိုလက္ခဏာတွေရှိတယ်၊အဘိသင်္ခရဏ လက္ခဏာ-နာမ်တရားတွေက အာရုံကို ထင်ရှားအောင် ပြုပြင်ပေးခြင်း, အာရုံကို ကွဲပြားအောင် ပြုပြင်ပေးခြင်း ပညာ၊ အာရုံကို မပြန့်မလွင့် အောင် ထောက်ပံ့ရှုပေးခြင်း, ထောက်ပံ့ ပြုပြင်ရှုပေးခြင်းဝီရိယ၊အာရုံ၌ မပြန့်မလွင့်အောင် ပြုပြင်ပေးခြင်း သမာဓိ၊ အဲဒီ တရားစုတွေဟာ အဘိသင်္ခရဏလက္ခဏာလို့ ခေါ်ပါတယ်။

အဲဒီ အဘိသင်္ခရဏလက္ခဏာရှိတဲ့ နာမ်တရား၊ သိမှု သဘောရှိတဲ့ ဝိညာဏ်၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောရှိတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်တရားဘည်းဟူသော ရုပ်တရား၊ အဲဒီလို အသီးအသီး လက္ခဏာမျိုးဟာ သဘာဝလက္ခဏာ၊ အဘိသင်္ခရဏလက္ခဏာဆိုတာ နာမ် တရားမှာသာရှိတယ်၊ တခြားတရားမှာ မရှိဘူး၊ ဝိဇာနနလက္ခဏာဆို

http://www.dhammadownload.com

တာဟာလဲ ဝိညာဏ်မှာသာရှိတယ် တခြားတရားမှာ မရှိဘူး၊ ဝိုးတဲ့ သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ဝိတ္ထမ္ဘနလက္ခဏာဆိုတာ ဟာလဲဘဲ ဝါယောလေဓာတ် ရုပ်ပရမတ်တရားမှာသာရှိတယ် တခြား တရားတွေမှာ မရှိဘူး၊ အဲသလို မိမိ မိမိတို့ရဲ့ အသီးအသီးပိုင်ဆိုင်တဲ့ လက္ခဏာတွေဟာ သဘာဝလက္ခဏာ၊ အဲဒီ လက္ခဏာကို အမျိုး ကောင်းသားများ,အမျိုးကောင်းသမီးများ သဘာဝလက္ခဏာကို အသိ ဉာဏ်ပေါ်မှာ ထင်ရှားနေရင် ဉာတပရိညာစခန်းဟာ ပိုင်နိုင်ပြီလို့ မှတ် ရမယ်။

သဘာဝလက္ခဏာနှင့် သာမညလက္ခဏာ

အဲဒီ ဉာတပရိညာစခန်းအပြီးတိုင်ရောက်တာနဲ့ တပြိုင်နက်ယဲ အတ္တ, အနတ္တဟာ ကွဲပြားပြီးသား၊ အတ္တသဘော လက္ခဏာရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါ,အတ္တသညာ အကုန်လုံးပျောက်ပြီးတော့ အနတ္တသဘောတရား ဟာ ပေါ်ပြီးသားဖြစ်တယ်၊ ဉာတပရိညာစခန်းမှာ အဲဒီ ဉာတပရိညာ စခန်းကနေပြီးတော့ ဘုန်းကြီးများ တဆင့်တဆင့် အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများကို ညွှန်ပြပေးခဲ့တဲ့အတိုင်းဘဲ တီရဏပရိ ညာစခန်းကျတော့ ဝိညာဏ်ခေါ်တဲ့ သိတဲ့သဘောကလဲ အနိစ္စသဘော, ဒုက္ခသဘော,ဝိပရိဏာမသဘောဆိုတဲ့ လက္ခဏာရှိတယ်၊သာမည လက္ ဏာလို့ခေါ်တဲ့ တီရဏပရိညာကျတော့ နာမ်ဆိုတဲ့ တရားတွေမှာလဲဘဲ အနိစ္စသဘော, ဒုက္ခသဘော, ဝိပရိဏာမသဘော၊ အနတ္တသဘောလို့ ခေါ်တဲ့ သာမညလက္ခဏာရှိတယ်။

ရုပ်တရားမှာလဲဘဲ အနိစ္စသဘော,ဒုက္ခသဘော, ဝိပရိဏာမသဘော အနတ္တသဘောလို့ခေါ်တဲ့ သာမညလက္ခဏာရှိတယ်၊ဆိုလိုတဲ့အဓိပ္ပါယ် ကတော့ တရားတလုံးတလုံးရဲ့ ပကတိပင်ကိုယ် သဘောလက္ခဏာက သဘာဝလက္ခဏာ၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ အခြင်းအရာအားဖြင့် မှတ် သားတဲ့လက္ခဏာက သာမညလက္ခဏာ၊ အဲဒီလို ဝိပဿနာမှာ သဘာဝ လက္ခဏာနဲ့ သာမညလက္ခဏာကို အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများရဲ့ဉာဏ်မှာ ထင်ထင်ရှားရှား တွေ့တော့ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း–စိတ်, စေတသိက်, ရုပ် အဲဒီ တရားစုတွေ ဘာ တရားတွေလဲလို့ ဆိုတော့ သင်္ခါရတရား။

http://www.dhammadownload.com

ဒီသင်္ခါရတရားတွေဟာ မဖြစ်ခင်ကလဲ မရှိဘူး၊ ဖြစ်ပြီးတော့လဲ ဒီသင်္ခါရတရားတွေဟာမရှိဘူး၊ ဒါဖြင့် အဲဒီသင်္ခါရတရားတွေကို ဘယ်လိုရှုရမလဲ။

"အနုပ္ပန္နာဝပုပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ"။

ရှေးက တခါမှ မဖြစ်ဘူးဘဲနဲ့၊ မဖြစ်ဘူးကြကုန်မှုရှိသာလျှင် ယခုမှ အသစ်လာ၍ ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ သဘောတရားတွေဟာ ဖြစ်ကြသည်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ ထင်ရှားနေဆဲ ဖြစ်တဲ့ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း–စိတ်,စေတသိက်,ရုပ် ဆိုတဲ့ သဘောတရားတွေဟာ ရှေးက တခါမှဖြစ်ခဲ့ဘူးတဲ့ ဝိညာဏ်,နာမ်, ရုပ် မဟုတ်ဘူး၊ ဖြစ်ပြန်တော့လဲဘဲ အကြောင်းအားလျော်စွာ–

(၁) ဖြစ်ပေါ်လာပြီးတဲ့နောက် "ဟုတွာ အဘာဝတော"အရဖြစ်ပြီးတာနဲ့ တပြိုင်နက်ထဲ ဝိညာဏ်,နာမ်, ရုပ် ဆိုတဲ့ သဘောတရားတွေဟာ ကုန်တယ်, ပျောက်တယ်, မရှိတော့ဘူးလို့ ဆိုတဲ့ အနိစ္စလက္ခဏာ။

(၂) အသစ်အသစ်ပြန်ဖြစ်ပြီးတော့ ဖြစ်ခြင်း,ပျက်ခြင်းတို့ဖြင့် နှိပ်စက်နေတဲ့အတွက် ဒုက္ခလက္ခဏာ။

(၃) ကုန်တဲ့,ပျောက်တဲ့ဘက်ကို ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပြောင်းရွှေ့နေတယ်ခေါ်တဲ့ ဝိပရိဏာမလက္ခဏာ။

အနတ္တသဘာဝလို့ခေါ်တဲ့အစိုးရခွင့်,ပိုင်ဆိုင်ခွင့်,သိမ်းပိုက်နိုင်ခွင့်,မှီရာတည်ရာပြုလုပ်ထားခွင့်,အားကိုးထားခွင့်လုံးလုံးဆိတ်သုဉ်းနေတဲ့ အတ္တလို့ဆိုတဲ့ အသက်ကောင်,ဝိညာဏ်ကောင်,လိပ်ပြာကောင် ဘယ်တော့မှ မသေမပျောက်, မပျက်မစီး, မဘောက်မပြန်ဘဲ ခန္ဓာအိမ်သာ ပြောင်းတယ်၊ သူကမပြောင်းလဲ မပျက်စီးဘဲ အားလုံးသောကိစ္စတွေကို သူကသာ နိုင်စေနေတယ်ဆိုတဲ့ သဘောတရားတွေ အတ္တနိယသဘောလို့ဆိုတဲ့ ငါ၏ပစ္စည်းဥစ္စာ, ငါ၏ လက်,ခြေ,ဦးခေါင်း, ငါ၏ကိုယ် စသည်ဖြင့် ယူစွဲတဲ့တရားတွေ, ဆိတ်သုဉ်းနေတဲ့ အနတ္တ သဘောတရားလို့ ခေါ်တဲ့ သင်္ခါရ၊ ဒီတရားစုများကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘယ်ပေါ်တင် ရှုရမလဲ၊ ဉာဏ်ပေါ်တင်ရှုရမယ်။

http://www.dhammadownload.com

ဘယ်ဉာဏ်လဲ ဉာဏ်ဆိုတာ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများကို ဘုန်းကြီးများ ပြုပြင်ပြီးတော့ ပါဠိတော်မှု ပါဠိတော်နည်း နဲ့ သင်တန်းပေးခဲ့တဲ့အတိုင်းဘဲ အနိစ္စ, ဒုက္ခ, အနတ္တလို့ခေါ်တဲ့လက္ခ ဏာလျှင် အာရုံရှိသော လက္ခဏာ ရမ္မဏိက ဝိပဿနာ ဉာဏ်ပေါ်ကို တင်ပေးလိုက်တော့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေ ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဉာဏ်မှာ ထင်ရှားနေပြီ။

လက္ခဏာကို မိအောင်ဖမ်းပြီးရှု

အဲဒီလို ဉာဏ်မှာထင်ရှားလာလို့ ဒီဉာဏ်နဲ့ ဒီဝိညာဏ်, နာမ်, ရုပ် ကို လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာဉာဏ်နဲ့ရှုနေတဲ့အခါ ရှုတယ် ဆိုတာ ကြည့်နေတာ၊ သတိကထင်ရှားအောင်- လုပ်ပေး ထားပြီး ဒီဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ အာရုံကို ပညာက ဝိညာဏ်နဲ့ ပညာနဲ့နာမ် နဲ့ ရုပ်နဲ့ ကွဲကွဲပြားပြားဖြစ်အောင် ခွဲခြားပြီးတော့ ပေးထားပြီး သဘာဝ လက္ခဏာ သာမညလက္ခဏာတွေ နာမ်တရားတွေက အဲဒီလိုဝိညာဏ်, နာမ်,ရုပ်ကို၊ စိတ်,စေတသိက်,ရုပ် တရားတွေကို လက္ခဏာလျှင် အာရုံရှိ သော ဝိပဿနာဉာဏ်နဲ့ ရှုတော့ ဘာတွေ့လဲ။

ဝိညာဏ်,နာမ်,ရုပ်ရဲ့ ဖြစ်လာတဲ့ သဘောကလေးတွေကို တွေ့တယ်၊ တရိပ်ရိပ်နဲ့ ကုန်တဲ့ပျောက်တဲ့သဘောဘက်ကို ပြောင်းရွှေ့နေတဲ့သဘော ကို ဉာဏ်ထဲမှာ ထင်ထင်ရှားရှားတွေ့တယ်၊

အနိစ္စ, ဒုက္ခ, ဝိပရိဏာမအချက် သုံးချက်ကိုတွေ့တယ်၊ အဲသလို အနိစ္စ,ဒုက္ခ,ဝိပရိဏာမဆိုတဲ့ အချက်သုံးချက်ကို တွေ့တဲ့အခါမှာ ဘုန်း ကြီး ညကညွှန်ပြခဲ့တဲ့အတိုင်းဘဲရှုတော့ ကြေးမုံပြင်လို့ခေါ်တဲ့ မှန်ပြင်ကို ကြည့်တာဘဲ၊ မြင်တော့ ဘာမြင်သလဲလို့ဆိုတော့ လကိုမြင်နေတယ်၊ မိမိရဲ့ရုပ်ပုံကို ရေခွက်ကိုတော့ ငုံ့ကြည့်နေတာဘဲ၊ မြင်တော့ အဲဒီရေခွက် ထဲမှာ လရိပ်ကိုမြင်နေရသလို ဝိညာဏ်,နာမ်,ရုပ်ကို ကြည့်ရာကနေ ပြီး တော့ ဉာဏ်ပေါ်တင်ပြီးတော့ ရှုရာကနေပြီးတော့ ဘာမြင်လာလဲ၊ ကုန် ပျောက်သွားတယ်ဆိုတဲ့ အနိစ္စအခြင်းအရာ လက္ခဏာကို မြင်လာတယ်။

နောက်တခါ အသစ်အသစ်ဖြစ်ခြင်းကြောင့် ဆင်းရဲတယ်ဆိုတဲ့ ဒုက္ခ လက္ခဏာ အခြင်းအရာကိုမြင်လာတယ်၊ တရိပ်ရိပ်နဲ့ ကုန်ပျောက်တဲ့

http://www.dhammadownload.com

ဘက်ကို ပြောင်းရွှေ့နေတယ်ဆိုတဲ့ ဝိပရိဏာမ အခြင်းအရာ အနတ္တလက္ခဏာကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမြင်လာပြီး လက္ခဏာကို မိအောင်ဖမ်းမထားရင် ထိုတရားတို့သည် ဉာဏ်ကနေပြီးတော့ ပျောက်ကွယ်ပြီး မသွားနိုင်ဘူး၊ အဲဒါကြောင့် ဒီလက္ခဏာကို မိအောင်ဖမ်းပြီးတော့ ရှုနေရမယ်။

တရား ၆-မျိုးပေါ်သလား

ဒီကနေ့ရှုကွက်ကလေးမှာ ဘုန်းကြီးတရား (၆) မျိုး ပေါ်လာပုံကို ဒီကနေ့ ပြောပြပါမယ်၊ တရား ၆-မျိုး၊ အဲဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပေါ်ရမယ်လို့ ဘုန်းကြီးက ဒီလိုပြောနေတာ မဟုတ်ဘူး၊ ပေါ်သလား မပေါ်ဘူးလားဆိုတာ မိမိတို့ရဲ့ ဉာဏ်နဲ့ မိမိတို့နှိုင်းချိန်ပြီးတော့ကြည့်။

ပထမ နံပါတ်-၁၊ ရှုတဲ့အခါမှာ ဒီဝိညာဏ်, နာမ်,ရုပ်ကို မြင်ရမှာ၊ မြင်ပုံမြင်နည်း ဘယ်လိုမြင်ရမလဲ၊ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများမှာ ရှုစရာ အာရုံကလေးလဲရပြီ၊ ရှုတဲ့မျက်လုံးကလေးလဲရပြီ၊ ကြည့်ပုံရှုပုံကိုလဲ ဘုန်းကြီးတို့ကပြောပေးပြီးပြီ၊ပါဠိတော်နည်းနဲ့ မြင်ပုံမြင်နည်းလဲ ပြောပေးပြီးပြီ၊ တစိတ်တဒေသ ဒီကနေ့တိုးပြီးတော့ ဘယ်လိုမြင်လာအုံးမလဲ။

တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ဝါယော လေဓာတ် ရုပ်ပရမတ်တရားကိုသိနေတဲ့ ဝိညာဏ်ရယ်၊တိုးတဲ့သဘော, တွန်းကန်တဲ့သဘောနဲ့ နှာခေါင်းပေါက် ထွက်လေ,ဝင်လေနဲ့ ပိုင်းခြား ပေးထားတဲ့ တွန်းကန်တဲ့သဘောနဲ့ ပိုင်းခြားပေးထားတယ် ဆိုတဲ့ ပညာခေါ်တဲ့နာမ်တရားရယ်၊ အာရုံမှာကပ်၍ ထင်ရှားအောင် ပြုလုပ်ပေးတဲ့ သတိခေါ်တဲ့ နာမ်တရားရယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်တရားဆိုတဲ့ အဲဒီဝိညာဏ်,နာမ်,ရုပ်တို့ရဲ့ ဖြစ်ပုံပျက်ပုံတွေဟာ ဘယ်လိုနေသလဲလို့သူ့ကိုကြည့်နေရင် ရှုနေရင် ဘယ်လိုဖြစ်လာမလဲ။

အော်-ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သဘောတရားတွေဟာ ဖြစ်မှု,ပျက်မှုတွေ နှိပ်စက်နေသည်ဖြစ်သောကြောင့် ကြောက်စရာတွေ ဖြစ်နေတာဘဲ

http://www.dhammadownload.com

လို့ ရှေးဦးစွာတော့ ဉာဏ်ထဲမှာ အဲဒီလို ထင်လာတယ်၊ ဘာမှမှီရာလဲ မရှိပါလား၊ ဘာမှတည်ရာလဲမရှိပါလား၊ ဘာမှ အားကိုးရာလဲမရှိပါ လားနဲ့ အဲဒီလို ရှေးဦးစွာ ဉာဏ်ထဲ ဖြစ်လာတတ်ပါတယ်၊ ဒါက ရှုကွက်မှာပေါ်တဲ့သဘောကို ပြောတာပါ။

အဲသလို ရှုကွက်မှာ ဒီလိုကြောက်စရာတွေဘဲလို့ ထင်ရာကနေပြီး တော့ တဖြေးဖြေး ရှုဖန်များလာတဲ့အခါ တခါတရံမှာ ဒိဋ္ဌိဉာဏ်, နာမ်,ရုပ်တို့ရဲ့ ကြည်လင်ပြတ်သားမှုကို အကြောင်းပြုပြီးတော့ ဘယ်လို ဖြစ်လာတတ်လဲ၊ တရားကသိပ်ပြီးတော့ ကြည်လင်နေတယ်, သိပ်ပြီး တော့ ပြတ်သားနေတယ်။

ဝိညာဏ်ဆိုတဲ့ သဘောကလေးကလဲ ကြည်ကြည်လင်လင်ပြတ်ပြတ် သားသား ရှုကွက်မှာပေါ်နေတယ်၊ နာမ်ဆိုတဲ့ သဘောတရားကလဲ ကြည်ကြည်လင်လင် ရှုကွက်ထဲမှာ ထင်ရှားနေတယ်၊ ရုပ်ဆိုတဲ့ သဘော ကလဲ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားနဲ့ ရှုကွက်မှာ ထင်ရှား နေတော့ အဲဒီဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သဘောတရား ကလေးတွေနဲ့ တရားရှုနေရတဲ့ရှုမှုကလေးပေါ်မှာ စိတ်ကနှစ်သက်နေတယ်၊ တခါတရံ မှာတော့ ရှုနေရင်းဘဲ စိတ်ကမကြည်လင်ဘူး။

ဒိဝိညာဏ်,နာမ်,ရုပ်တွေကို မှီရာတည်ရာမရှိတဲ့အတွက် ကြောက်စရာ ကြီးတွေဘဲလို့ စိတ်ထဲက အဲဒီလိုဖြစ်ချင် ဖြစ်နေမယ်၊ တဖြေးဖြေး ရှုဖန် များလာတဲ့အခါကျတော့ ဘယ်လိုဖြစ်လာလဲ၊ အဲဒီကြောက်ခြင်းနဲ့ နှစ် သက်ခြင်းဟာ ဝိညာဏ်,နာမ်,ရုပ်ပေါ်မှာ ကြောက်ခြင်း, နှစ်သက်ခြင်း ဟာ စိတ်ထဲက တခါထဲ ကင်းသွားတယ်၊ အဲဒီနေရာမှာ ကြောက်တယ် နှစ်သက်တယ်ဆိုတဲ့ သဘောတရားကို အဋ္ဌကထာက ဘယ်လိုဆိုသလဲ။

ကြောက်ခြင်းနှစ်သက်ခြင်းကိုပယ်

"ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ"ဘယဉ္စ၊ရုပ်,နာမ် ဓမ္မသင်္ခါရ တရားတို့၏ အပေါ်မှာ ကြောက်ခြင်းကိုငှင်း။နန္ဒိဉ္စ၊နှစ်သက်ခြင်းကိုငှင်း၊ဝိပ္ပဟာယ၊ ပယ်၍၊ လို့ ဆိုတယ်၊ အဲဒီအချက်ကလေး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ရှုကွက်ထဲမှာ ဝင်သလား မဝင်ဘူးလား ဆိုတာကို မိမိတို့ရဲ့ အသိဉာဏ်နဲ့ သာလျှင် မိမိတို့ဆုံးဖြတ် နိုင်ပါတယ်၊ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောကလေးတွေကို ရှုဖန်များလာရင်

http://www.dhammadownload.com

ရှေးကဘယ်လိုဘယ်လိုဖြစ်လဲ၊ ဟာ-ဒီဝိညာဏ်,နာမ်,ရုပ်တွေဟာ ကုန်တဲ့, ပျောက်တဲ့ သဘော ဖြစ်သောကြောင့် ကြောက်စရာကောင်းတဲ့ သဘောတွေဘဲ၊ အဲဒီနေရာမှာ ဘယဉာဏ်သဘောမျိုး ဆိုကြပါစို့ရဲ့။

ကြောက်ခြင်း ၂-မျိုး

ကြောက်တယ်ဆိုတာ ဘယ်လိုလဲ၊ ဘုန်းကြီးတို့ လောက အနေအားဖြင့် ကြောက်တဲ့ အကြောက်က တမျိုး၊ တရားအနေ အားဖြင့် ကြောက်တဲ့အကြောက်ကတမျိုးလို့ အဲဒီလို ၂-မျိုးရှိပါတယ်၊ လောက အနေအားဖြင့် ကြောက်တာက ဘယ်လိုလဲ၊ တစုံတခုသော အပြစ်ကို ကျူးလွန်ထားသည် ဖြစ်သောကြောင့် ထိုအပြစ် ကျရောက်လာမှာကို ကြောက်သည့် ကြောက်နည်းမျိုး၊ ပြီးတော့ စီးပွားဥစ္စာ ရတနာ ရွှေ, ငွေနဲ့ ပတ်သက်လို့ မပြည့်စုံတာတွေကို စိုးရိမ်ပြီးတော့ ကြောက်တဲ့ အကြောက်မျိုး၊ တစုံတခုသော ကိစ္စကိုပြုလုပ်ရမှာကို ကြောက်တဲ့ အကြောက်မျိုး၊ အောက်လူကအထက်လူကို ကြောက်တဲ့အကြောက်မျိုး၊ တပည့်တပန်းများက ဆရာကိုကြောက်နေတဲ့အကြောက်မျိုး၊ လူငယ်က လူကြီးကို ကြောက်တဲ့အကြောက်မျိုး-အဲဒီလို ကြောက်တဲ့ အကြောက်မျိုးဆိုတာ လောကအနေအားဖြင့် ကြောက်ခြင်းမျိုးတွေဘဲ။

တရားတော်အနေဖြင့် ကြောက်ခြင်းမျိုးဆိုတာလဲဘဲ ဓမ္မအနေအားဖြင့် ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ သဘောတရားတွေကို ရှုကွက်ထဲမှာ ရှုတိုင်း ရှုတိုင်း သူတို့က ဘယ်လို လာဖြစ်နေလဲ၊ ကုန်သာနေတယ်၊ ပျောက်သာနေတယ်၊ မှီရာလဲမရှိပါကလား၊ တည်ရာလဲ မရှိပါကလား၊ အားထားစရာလဲမရှိပါကလားလို့ ဒီဝိညာဏ်,နာမ်,ရုပ်ပေါ်မှာဘဲအဖြစ်အပျက်တွေ နှိပ်စက်အားကြီးလွန်းလို့ ကြောက်စရာကောင်းတဲ့ တရားတွေပါဘဲလို့ စိတ်ထဲမှာ အဲဒီလို ထင်နေတာမျိုးဟာ တရားတော်အနေဖြင့်ကြောက်ခြင်းဘဲ၊ လောကအနေအားဖြင့် ကြောက်ခြင်းဆိုတဲ့ သဘောတရားတွေဟာ အဲဒီ ရှုကွက်ကို ရှုပြီးတော့ နေတဲ့အချိန်မှာ မဖြစ်ဘူး၊ ဝိညာဏ်,နာမ်,ရုပ်ကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ရှိနေတဲ့အခါ အသိဉာဏ်မှာ ကင်းကင်းရှင်းရှင်း ဖြစ်နေရမယ်၊ ရှုကွက်ပေါ်တဲ့ ဉာဏ်နှော်၊ ရှုကွက်မှာ ပေါ်လာတဲ့ဉာဏ် ရှုနေတဲ့ တရားအပေါ်မှာဘဲ ကြောက်တဲ့သဘောတွေလဲ မရှိရဘူး။

http://www.dhammadownload.com

နှစ်သက်ခြင်း ၂-မျိုး

အဲဒီလို ကြောက်တဲ့သဘောမရှိရင် ဒီရှုကွက်ထဲ ဝိညာဏ်,နာမ်,ရုပ် တရားပေါ်မှာ နှစ်သက်တဲ့သဘောတွေကော ရှိနေရမလား၊ နှစ်သက်တယ်ဆိုတဲ့ သဘောတွေလဲမရှိရဘူး၊ လောကအနေအားဖြင့် နှစ်သက်ခြင်းတွေဟာလဲဘဲ တစုံတခုကို နှစ်သက်ဝမ်းမြောက်ပြီးတော့ စီးပွားဥစ္စာရလာတာတွေကို အကြောင်းပြုပြီးတော့ နှစ်သက် ဝမ်းမြောက်မှုတွေကို တွေ့ချင်နေတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့မြင်ရလို့,နှစ်သက်ဝမ်းမြောက်မှုတွေ ကိုယ်အလိုရှိတာကို ပြည့်စုံအောင်ရလာလို့ နှစ်သက်ဝမ်းမြောက်မှုတွေ ဒါလောကအနေအားဖြင့် နှစ်သက်ဝမ်းမြောက်မှုတွေ။

ဓမ္မ တရားတော်အနေဖြင့် နှစ်သက်မှု, ဝမ်းမြောက် မှုတွေလဲဘဲ မသိသေးတဲ့တရားတွေကို သိလာတော့ ဝမ်းမြောက် ဝမ်းသာ ဖြစ်မယ်၊ လူ့ကိုယ်ဘကြွကြွနဲ့ဖြစ်ပြီးတော့ ပြောချင်ဟောချင်,သူများတွေကို တိုက်တွန်းချင် "အားထုတ်ပါ ဒီတရားဟာ သိပ်ကောင်းတာဘဲ" အဲသလို တိုက်တွန်းချင်လို့ တရားကိုအာရုံရပြီးတော့ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းတွေ ဖြစ်နေတတ်တယ်၊ ဒီတရားကို တွေ့ကာစက အခုဘုန်းကြီး ပြောတဲ့အပိုင်းကို ရောက်လာပြီဆိုရင် အဲ့ဒီလို တရားတော်နဲ့ ပတ်သက်ပြီးတော့ ဝိညာဏ်,နာမ်,ရုပ်ကို ရှုနေတဲ့ကိစ္စမှာလဲဘဲ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတွေဟာ မရှိတော့ဘူး၊ အဲဒီလို တရားရှုကွက်ထဲမှာ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတွေမရှိဘဲနဲ့ ဒီဝိညာဏ်,နာမ်,ရုပ်ကို ရှုပြီးတော့ နေရတဲ့သဘောကို—

"ဘယဥ္စ နန္ဒိဥ္စ ဝိပ္ပဟာယ"။ ။ဘယဥ္စ၊ ကြောက်ခြင်းကိုငှ်း။ နန္ဒိဥ္စ၊ နှစ်သက်ခြင်းကိုငှ်း။ ဝိပ္ပဟာယ၊ ပယ်စွန့်၍။

အဲ့ဒါ အင်္ဂါနှစ်ချက်ဘဲ၊ ကြောက်ခြင်း နှစ်သက်ခြင်း ကင်းပြီးတော့ ကြည်ကြည်လင်လင်ကလေး ဒီအာရုံကိုရှုနေရမယ်။

အညီအမျှရှုခြင်း

နောက်တချက် တခါတရံမှာ ဝိညာဏ်, နာမ်, ရုပ်တို့ရဲ့ ရှုကွက်ကို မသက်မသာတွေနေရသည် ဖြစ်သောကြောင့် စိတ်ထဲမှာ မခံသာတဲ့ သဘောတွေ၊ တခါတရံမှာ ဝိညာဏ်,နာမ်,ရုပ်တို့ရဲ့ ရှုကွက်မှာ နူးညံ့ သိမ်မွေ့မှုကြောင့် စိတ်ထဲမှာ သက်သာရာရပြီးတော့ ခံသာတဲ့သဘောတွေ

http://www.dhammadownload.com

ချမ်းသာမှုတွေ, ဆင်းရဲမှုတွေ, စိတ်ဆင်းရဲမှု စိတ်ချမ်းသာမှု, ရုပ်တရားဆင်းရဲမှု ရုပ်တရား ချမ်းသာမှု တွေ့နေတတ်တယ်၊ဒီအခါမှာ တွေ့နေတဲ့ ချမ်းသာမှု ဆင်းရဲမှုများရဲ့ အပေါ်မှာ ဝမ်းမြောက်မှု နှလုံးမသာယာမှုများ ကင်းနေရမယ်၊ချမ်းသာမှုဟာလဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမသဘောရှိတာဘဲ၊ ဆင်းရဲမှုဟာလဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ သဘောရှိတာဘဲလို့ ချမ်းသာဆင်းရဲတို့ရဲ့အပေါ်မှာ အညီအမျှရှုနေရမယ်၊မျှော်မှန်းပြီးတော့ ကြည့်၊လောကအနေဖြင့် ချမ်းသာမှုဆိုတာလဲဘဲ ရူပါရုံကလေးမြင်လိုက်တဲ့အခါကာလမှာ ကိုယ်ကြိုက်တဲ့ ရူပါရုံကလေးကို မြင်လိုက်ရတယ်ဆိုရင်ဘဲ နှစ်သက်လာတယ်, စိတ်ကချမ်းသာလာတယ်၊ ကိုယ်မကြိုက်တဲ့ ရူပါရုံကို မြင်လိုက်တယ်ဆိုရင် စိတ်ကမချမ်းသာဘူး ဆင်းရဲတယ်၊ အဲဒီလိုမဟုတ်ဘဲ အာရုံကို မြင်တိုင်း မြင်တိုင်း,အာရုံကို တွေ့တိုင်းတွေ့တိုင်း ချမ်းသာဆင်းရဲကို အညီအမျှ ရှုပြီးတော့နေရင်—

> "စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမ္မနော"။
>
> စက္ခုနာ၊မျက်စိဖြင့်။ ရူပံ၊ရူပါရုံကို။ ဒိသွာ၊မြင်သည်ရှိသော်၊ နေဝသုမနော ဟောတိ၊ ဝမ်းလဲမမြောက်တော့ဘူး။ န ဒုမ္မနော ဟောတိ၊ ဝမ်းလဲမနဲတော့ဘူး။

ဝမ်းလဲမသာတော့ဘူး ဝမ်းလဲမနဲတော့ဘူး၊ အဲဒီ ဝမ်းမသာဝမ်းမနဲတော့ဘူးဆိုတာ ဝမ်းနဲ့ဆာအာရုံကလေးတွေ စိုးရိမ်ကြောင့်ကြစရာ ပူပန်စရာ အာရုံတွေထဲကို မိမိရဲ့စိတ်ကိုပစ်ပြီးတော့ ထည့်ကြည့်လိုက်၊ ရှေးက ဒီအာရုံကို အကြောင်းပြုပြီးတော့ ကိုယ်က ဝမ်းနဲတယ်, စိတ်နှလုံးမသာမယာဖြစ်တယ်ဆိုတဲ့ အဲဒီအာရုံမျိုးထဲကို မိမိရဲ့စိတ်ကိုပစ်ပြီးတော့ ထည့်ကြည့်၊ အဟုတ်ကို အဲဒီအာရုံတွေတွေ့ရသမျှ စိတ်က ဝမ်းမနဲတော့ဘူး။

တခါတရံမှာ ဝိပဿနာရှုကွက်အာရုံ နေရာမကျသည် ဖြစ်သောကြောင့် ထိုအာရုံပေါ်မှာတည်နေတဲ့ စိတ်ကသည်ပင်လျှင် ဆုတ်နစ်တဲ့ သဘောတရားတွေ ဖြစ်နေတယ်၊သည်အချိန်မှာ ဒီရှုကွက်က အင်မတန်ကောင်းလာလို့ အဲဒီ ဝမ်းနဲစရာဖြစ်တဲ့ အာရုံတွေဘက်ကို စိတ်ကို ပြန်ထည့်ရင် ဝမ်းကို မနဲတော့ဘူး၊ တခါတရံမှာ ဝမ်းမြောက်စရာ

http://www.dhammadownload.com

ဖြစ်တဲ့အာရုံတွေကို ရှေးက အင်မတန် ကြားဘူးမြင်ဘူးတဲ့ ရူပါရုံတွေ, သဒ္ဒါရုံတွေ, ဂန္ဓာရုံတွေ, ရသာရုံတွေ, ဖောဋ္ဌဗ္ဗာရုံတွေ အဲဒီလို အာရုံတွေထဲက ဒီအာရုံနဲ့တွေ့လျှင် ကိုယ်ဟာ သိပ်ပြီး ဝမ်းမြောက်ပါတယ်၊ သိပ်ပြီးတော့ ဝမ်းသာပါတယ်ဆိုတဲ့ အဲဒီလိုဝမ်းသာစရာ အာရုံတွေထဲကို ပျော်စရာအာရုံထဲကို မိမိစိတ်ကိုပစ်ပြီးတော့ ချကြည့်၊ ဒီအာရုံကို ပစ်ချကြည့်ဆိုတာ စိတ်ကူးကြည့်လို့ ပြောတာ။

ဝမ်းမသာ ဝမ်းမနဲ

စိတ်ကူးကြည့်ပေတဲ့လဲ ဒီအာရုံတွေနဲ့ သွားတွေ့တော့လဲ ဟိုရှေးက အင်မတန်မှ ပျော်ပါတယ်ဆိုတဲ့ အာရုံဟာ မပျော်တော့ဘူး၊ ဝမ်းမသာတော့ဘူး၊ ဒီအာရုံဟာ ကိုယ်အင်မတန်ဆုတ်နစ်ပါတယ်၊ ဝမ်းနဲပါတယ်ဆိုတဲ့ အာရုံထဲကို စိတ်ကိုပစ်ချကြည့်၊ အဲဒီအာရုံနဲ့ တွေ့လို့ဘဲ ဝမ်းမနဲတော့ဘူး။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဝမ်းနဲစရာ အာရုံတွေနဲ့လဲ ရှေးကတွေ့ဘူးတယ်၊ ဝမ်းသာစရာ အာရုံတွေနဲ့လဲဘဲ ရှေးကတွေ့ဘူးတယ်၊ ဝိပဿနာတရားကို ကြိုးစားပြီးတော့ အားထုတ်လို့ အခုဘုန်းကြီးဟောခဲ့တဲ့အသိဉာဏ်လောက်ကို အဆင့်အတန်းရောက်အောင် မိမိရဲ့ အသိဉာဏ်ရောက်မရောက်ကို စမ်းကြည့်၊ နှစ်သက်စရာ အာရုံတွေဘက်ကို စိတ်ကိုထားကြည့် မနှစ်သက်တော့ဘူး၊ ဝမ်းနဲစရာအာရုံတွေထဲကို စိတ်ကူးကြည့်၊ ဝမ်းနဲစရာ အာရုံကို စိုးရိမ်စရာ, ပူပင်စရာ, သောကဖြစ်စရာ,ငိုချင်စရာအာရုံတွေထဲကို စိတ်ကိုပစ်ချထားကြည့် မငိုချင်တော့ဘူး၊ အဟုတ်ကို သက်သာနေတာ၊ ဘာဖြစ်လို့လဲ အဲဒီလို နှစ်သက်စရာ ဝမ်းမြောက်စရာ အာရုံတွေထဲသို့ မိမိစိတ်ကို ပို့ကြည့်ပါလျက်သားနဲ့ နှစ်သက်မှု ဝမ်းမြောက်မှု မရှိတာဟာ ဘာဖြစ်လို့လဲ၊ "ဉပေက္ခကောစ ဝိဟရတိ"။အာရုံကို အညီအမျှရှုပြီးတော့ နေနိုင်လို့ ချမ်းသာနှင့်ဆင်းရဲကို အညီအမျှ ရှုနေနိုင်လို့။

ဘာပြုလို့ ချမ်းသာနှင့် ဆင်းရဲကို အညီအမျှ ရှုနိုင်သလဲ၊ သတော၊ အာရုံ၌ ကပ်၍ထင်ရှားတဲ့ သတိနဲ့၊သမ္ပဇာနော၊ ကွဲကွဲပြားပြား အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမ အချက်ကို တွေ့နေလို့- ဘယ်လိုလဲ

http://www.dhammadownload.com

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ သေသေချာချာ စဉ်းစားကြည့်၊ အညီအမျှ ရှုကြည့်နိုင်တယ်ဆိုတာ သတိသမ္ဗောဇ္ဈင်ရှိနေတဲ့ အတွက်ဘဲ။

သမ္ဗောဇ္ဈင်က ဘယ်လိုလာသလဲလို့ဆိုတော့ နှစ်သက်စရာ အာရုံတွေ ရှုလိုက်ပြန်တော့လဲဘဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ ဒါဘဲ တွေ့တယ်၊ မနှစ်သက်စရာဖြစ်တဲ့ ဝမ်းနဲစရာ အာရုံတွေ စိတ်ဆင်းရဲစရာအာရုံတွေကို ရှုလိုက်ပြန်တော့လဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမရှုကွက်ကိုက ညီနေတယ်၊အဲဒီလို ရှုကွက်ညီနေသည်ဖြစ်သောကြောင့် "သင်္ခါရေသု ဥဒါသိနော" အညီအမျှရှုထားပြီး ဒီတရား အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာအားထုတ်ဘူးတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာဆိုရင် ဒီ အကွက်ဟာ တွေ့တတ်ပါတယ်။

ကြောက်ခြင်း နှစ်သက်ခြင်းမရှိ

အခုဥစ္စာက ဘုန်းကြီး ခပ်ဖြေးဖြေးပြောနေရမဲ့ ဝိညာဏ်,နာမ်,ရုပ်တို့ရဲ့ ရှုနေတဲ့ ရှုကွက်ထဲမှာ တွေ့ပုံဘယ်လိုတွေ့ရမလဲ, ဘယ်လိုတွေ့နေတတ်သလဲဆိုတော့ ဝမ်းမြောက်စရာအာရုံကို တွေ့နေရတဲ့အတွက် ဝမ်းလဲမမြောက်ဘူး, ဝမ်းလဲမနဲဘူး၊ ကြောက်ခြင်း နှစ်သက်ခြင်းလဲမရှိဘူး၊ အဲဒီ ဝိညာဏ်,နာမ်,ရုပ်ကို တွေ့နေရတဲ့အတွက် ကြောက်တဲ့သဘောတွေ, နှစ်သက်တဲ့သဘောတွေဖြစ်သလား မဖြစ်ဘူးလားဆိုတာကို မိမိရဲ့ အသိဉာဏ်ကို မိမိစစ်ဆေးကြည့်၊ အကယ်၍ ကြောက်ခြင်း နှစ်သက်ခြင်းရှိနေသေးတယ်ဆိုရင် ဒီအဆင့်ကို ငါမရောက်သေးဘူး။

"အတ္တာနံဝါ အတ္တာနံ ဗျာကရေယျ"၊ မိမိကိုယ်ကိုသာလျှင် မိမိ ဆုံးဖြတ်ချက်ပေးဘို့ ဆိုလိုတယ်၊ ပထမအင်္ဂါမှာ ဝိပဿနာဉာဏ် ထက်မျက်ဘို့ရန်အတွက် ရှေ့ကို ခြေတလှမ်းတိုးဘို့ ဘယ်လိုဖြစ်နေရမလဲ၊ ရှုကွက်ထဲမှာ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ရှုကွက်ထဲမှာ ဝိညာဏ်,နာမ်,ရုပ်ကို ရှုနေရတာကိုက ကြောက်ခြင်းလဲမရှိတော့ဘူး၊ နှစ်သက်ခြင်းလဲမရှိတော့ဘူး။

ဒါဖြင့် ဘယ်လိုဖြစ်နေသလဲ၊ "သဗ္ဗသင်္ခါရေသု ဥဒါသိနော ဟောတိ" တဲ့ အလုံးစုံသော ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ သင်္ခါရတရားတို့၌မမုန်း မနှစ်သက်ဘဲ အညီအမျှရှုနေတယ်တဲ့၊ အဲဒီအင်္ဂါတချက်။

http://www.dhammadownload.com

အာရုံကိုမြင်တိုင်းကြားတိုင်း ဝိညာဏ်,နာမ်,ရုပ် တည်းဟူသော အာရုံကို လက္ခဏာရေးမှုကြောင့် ပိပဿနာဉာဏ်နဲ့ ရှုတိုင်းရှုတိုင်းမှာ–

"နေဝ သုမနော ဟောတိ န ဒုမ္မနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော" တဲ့။

ဝမ်းမြောက်ခြင်းလဲမရှိဘူး၊ ဝမ်းနည်းခြင်းလဲမရှိဘူး၊ ဒါဖြင့် ဘယ်လိုနေသလဲဆိုတော့"ဥပေက္ခကော ဝိဟရတိ"အညီအမျှရှုရုံဘဲရှုနေတယ် တဲ့၊ အဲဒီတရားရှုကွက်က အပြင်မှာ ဘယ်လိုလုပ်ပြီး စစ်တမ်းထုတ်ကြည့် ရမလဲဆိုရင် ကိုယ်အင်မတန်ဝမ်းမြောက်စရာဖြစ်တဲ့ အာရုံ၊ရှေးက အင်မတန် ဒီအာရုံကို မြင်ရင် ဝမ်းမြောက်ပါတယ်လို့ဆိုတဲ့ အာရုံတခုကို ကြည့်စမ်း၊ အဲဒီအာရုံကြည့်လဲ ဝမ်းမမြောက်တော့ဘူး၊ အင်မတန် ဒီအာရုံကို တွေးမိလို့ရှိရင် ဝမ်းနဲပါတယ်ဆိုတဲ့ အာရုံတခုကို တွေးပြီး အဲဒီအာရုံကို တွေးပေမဲ့ နှလုံးမသာယာမဖြစ်ဘူး ဝမ်းမနဲတော့ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အာရုံမှာကပ်၍ ထင်ရှားတဲ့သတိနှင့် ခွဲခြားပိုင်းခြားပြီး အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲတာ မဂ်ဉာဏ်မဟုတ်သေးဘူး၊ တရားအရသာဟာ ပိပဿနာဉာဏ်မှာဘဲ ဘယ်လောက်အရသာထွက်နေလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စဉ်းစားကြည့်။

ဘယ်လိုအာရုံကိုဘဲ တွေ့လိုက်တွေ့လိုက် စိတ်ညစ်စရာအာရုံနဲ့တွေ့လဲ စိတ်မညစ်တော့ဘူး၊ ဝမ်းသာစရာအာရုံနဲ့တွေ့လဲ ဝမ်းမသာတော့ဘူး၊ ဝမ်းမမြောက်တော့ဘူး၊ ဘာဖြစ်လို့လဲ ဝမ်းသာစရာ အာရုံ ကြည့်လိုက်ပြန်တော့လဲ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်၊ဝမ်းနဲစရာအာရုံကို ကြည့်လိုက်ပြန်တော့လဲ အနိစ္စအချက်,ဒုက္ခအချက်,ဝိပရိဏာမအချက်သာ ထင်ရှားနေတယ်၊ ဝမ်းမြောက်စရာ ဝမ်းနဲစရာဟာ မထင်ရှားဘူး။

အာရုံတွေ့သမျှ ရှုကွက်ညီမျှ

အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေရဲ့ ဉာဏ်မှာ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက် ဘယ်လောက် ထင်ရှားနေသလဲဆိုတာ အဲတာကြည့်၊ အဲဒီလို အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေ ထင်ရှားနေတဲ့အချိန်မှာ ချမ်းသာ, ဆင်းရဲကို အညီ

http://www.dhammadownload.com

အမျှရှုနိုင်တယ်၊ ချမ်းသာတာမတွေ့တော့ဘူး၊ အနိစ္စ အချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်သာ တွေ့နေတော့တယ်၊ ဆင်းရဲတာ မတွေ့တော့ဘူး၊ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမ အချက်သာတွေ့နေတော့တယ်၊ ဒီတော့ ချမ်းသာနှင့်ဆင်းရဲကို ရှေးတုံးက ချမ်းသာတယ်လို့ထင်တဲ့ အာရုံကိုကြည့်လိုက်ပြန်တော့လဲ ဒီအတိုင်းဘဲ၊ ရှေးတုံးက ဆင်းရဲတယ်လို့ထင်တဲ့အာရုံကို ကြည့်လိုက်ပြန်တော့လဲ ဒီအတိုင်းဘဲ၊ အနိစ္စအချက်,ဒုက္ခအချက်,ဝိပရိဏာမအချက်ဆိုတဲ့ ချမ်းသာတဲ့ အာရုံ, ဆင်းရဲတဲ့အာရုံမှာ ရှုကွက်က အညီအမျှဖြစ်တယ်။

မျက်လုံးနဲ့ ရူပါရုံကိုဘဲမြင်မြင်,နားဆိုတဲ့ အရာနဲ့ အသံဆိုတဲ့သဒ္ဒကို ဘဲကြားကြား, နှာခေါင်းနဲ့ အနံ့ကိုဘဲနံနံ, လျှာနဲ့ အရသာကိုဘဲ စားစား, ခန္ဓာကိုယ်နဲ့ အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံကိုဘဲ ထိတွေ့ထိတွေ့၊ ဝမ်းလဲ မမြောက်တော့ဘူး၊ ဝမ်းလဲမနဲတော့ဘူး။

ဥပမာဆိုရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အပြင်မှာ အားမထုတ်ခင်က ဒီအာရုံကိုနှလုံးသွင်းလိုက်ရင် ဝမ်းမြောက်တယ်၊ ပီတိကိုဖြစ်လို့ ပြုံးပြုံးပြုံးပြုံးနဲ့၊ အဲဒီအာရုံတခုခုကို သွားတွေ့လိုက်မယ်ဆိုရင် ပူစရာ, ဆွေးစရာ, စိတ်ညစ်စရာ, သောကရောက်ချင်စရာ, ငိုချင်စရာတွေကို တွေးနေရင် တခါထဲဟစ်ပြီးတော့ ငိုပစ်လိုက်တယ်၊မျက်ရည်တွေ တွေတွေကျပြီးတော့အဲသလောက်ဝမ်းနဲစရာကောင်းတဲ့အာရုံမျိုး၊ ဒီဝိပဿနာဉာဏ်ကိုများ ရလို့ရှိရင် ခု ဘုန်းကြီးပြနေတဲ့ ဝိပဿနာအဆင့်အတန်းကိုများ ရောက်လို့ရှိရင် အဲသလောက်ပစ်ပြီးတော့ ငိုလိုက်ချင်တဲ့အာရုံမျိုးထဲ ကိုယ့်စိတ်ကိုထည့်ကြည့် မငိုချင်တော့ဘူး၊ သောကကိုမရောက်တော့ဘူး၊ သိပ်ပြီးတော့ ဝမ်းသာစရာ အာရုံထဲကို ပစ်ထည့်ကြည့်လိုက် ဝမ်းကိုမမြောက်တော့ဘူး။

ဘာဖြစ်လို့ ဝမ်းမမြောက်လဲ ဝမ်းမနဲသလဲ၊ ရှေးတုံးက တရားအားမထုတ်ခင်တုန်းက၊ ဒီအာရုံကိုတွေ့ရင် ဝမ်းမြောက်တယ်၊ ဒီအာရုံကိုတွေးလိုက်တယ် ဆိုရင် ဝမ်းနဲလာတယ်၊ ဆို့ဆို့လာတယ်၊ အခု ဘာဖြစ်လို့ မဆို့တော့သလဲ ဝမ်းမနဲတော့သလဲ၊ဘာပြုလို့ဝမ်းမမြောက်တော့သလဲ၊ ဝမ်းနဲစရာ ဆို့စရာတွေ တွေးလိုက်ပြန်တော့လဲ ဝမ်းနဲစရာ ဆို့စရာမတွေ့ဘူး၊အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်၊အနိစ္စ,ဒုက္ခ, အနတ္တ

http://www.dhammadownload.com

သာ ဉာဏ်ထဲမှာထင်ရှားတယ်၊ ဝမ်းသာစရာအာရုံကြည့်လိုက်ပြန်တော့လဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အနတ္တ အချက်သာလျှင် စိတ်ထဲမှာထင်ရှားနေလေတော့ ဝမ်းနဲစရာ ဝမ်းသာစရာ အာရုံများနဲ့တွေ့ရင် "သဝ်ါရေသု ဥဒါသိနော" တခါထဲ အညီအမျှ ရှုနေပြီ။ ၃-ချက်ရပြီ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေသေချာချာ မှတ်နော်၊ ၃-ချက်ရပြီ။

ကြောင့်ကြစိုက်မပေးရ

နောက်တချက် လက်ဦးအစ တရားအားထုတ်ခါစတုန်းက ဆိုရင် အဲဒီ ဝိညာဏ်,နာမ်,ရုပ်လို့ဆိုတဲ့ အာရုံတွေ မိမိရဲ့ဉာဏ်မှာ ထင်ရှားလာဘို့ရန်အတွက် အတော့ကိုဘဲ ကြောင့်ကြစိုက်ပေးနေရတယ်၊ အခု ဝိပဿနာဉာဏ် တဖြေးဖြေးရင့်ကျက်လို့ ရှုကွက်က သန့်လာတဲ့အခါကျတော့ ကြောင့်ကြစိုက်မပေးရတော့ဘူး၊အဲဒီ ကြောင့်ကြစိုက်မပေးရမှုဆိုတာ ဒီအသိဉာဏ်လေးရဲ့ ထူးခြားချက်တခုဘဲ။

ပြီးတော့ ဒီအသိဉာဏ်မှာ ထူးခြားချက်ဘယ်နှစ်ခုရှိသလဲဆိုတော့ ၃-ခု

(၁) ချမ်းသာ ဆင်းရဲကို အညီအမျှရှုနိုင်တယ်၊
(၂) ကြောက်ခြင်းနှစ်သက်ခြင်းကင်းတယ်၊
(၃) ဝိပဿနာရှုဘို့ရန်အတွက် အာရုံပေါ်လာအောင်ဟာ ကြောင့်ကြစိုက်မပေးရတော့ဘူး။

အညီအမျှရှုရှုနေတယ်

အဋ္ဌကထာမှာလဲဘဲ အဲဒီ ၃-ချက်ကို သမာဓိရဲ့နေရာမှာ "သမယေ စိတ္တဿ အဇ္ဈုပေက္ခနတာ" ဆိုတာ ဒီလိုရှိပါတယ်၊ ဒီ"သမယေ စိတ္တဿ အဇ္ဈုပေက္ခနတာ"နဲ့ ပတ်သက်လို့ ဘုန်းကြီးတို့နောက်က ဟောထားတာ ကြိုးခွေသွင်းထားတာလဲရှိပါတယ်၊ ဒီနေရာမှာ နဲနဲထည့်ပြောပါဦးမယ်၊ သမာဓိသမ္ဗောဇ္ဈင်နဲ့ ပတ်သက်ပြီးတော့ ဘယ်လောက်ကောင်းနေသလဲလို့ဆိုရင် "သမယေ စိတ္တဿ အဇ္ဈုပေက္ခနတာ" ဖြစ်နေတယ်၊ဘယ်လိုဖြစ်နေသလဲ"သမယေ စိတ္တဿ အဇ္ဈုပေက္ခနတာ"ဆိုတာ ဝိပဿနာစိတ်ကို လျစ်လျူရှုသင့်တဲ့အချိန်လို့ ဆိုတယ်၊ ဘယ်လိုအချိန်မျိုးလဲ တရားအာရုံ သွားနေပုံက ဘယ်လိုသွားနေတာလဲ ဆိုဒါကို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ—

http://www.dhammadownload.com

''သမ္မာပဋိပတ္တိံ အာဂမ္မ အလီနံ အနုဒ္ဓတံ အနိရာသာဒံ အာရမ္မဏေသု သမပဝတ္တံ စိတ္တံ ဟောတိ၊ သမထဝီထိ ပဋိပန္နံ စိတ္တံ ဟောတိ၊ တဒဿ ပဂ္ဂဟနိဂ္ဂဟသမ္ပဟံသနေသု နဗျာပါရံ အာပဇ္ဇတိ၊ သာရထိဝ သမ္မာပဝတ္တေသု အဿေသု''။

လို့ အဋ္ဌကထာမှာ ဒီလိုရှိပါတယ်။

သမ္မာပဋိပတ္တိံ၊ လမ်းမှန်တဲ့ အကျင့်ကို၊မဖောက်မပြန် ဟုတ်မှန်တယ်ဆိုတဲ့ အကျင့်ကို။ အာဂမ္မ၊ စွဲ၍။ စိတ္တံ၊ စိတ်သည်၊ ဝိပဿနာရှုနေတဲ့စိတ်သည်၊ (ဝိပဿနာရှုနေတဲ့စိတ်က) အနုဒ္ဓတံ၊ မပြန့်လွင့်သည်။ အလီနံ၊ဝိပဿနာအာရုံမှ မတွန့်ဆုတ်သည်။ (ပြန့်လဲမပြန့်လွင့်တော့ဘူး၊ ဝိပဿနာအာရုံကလဲ စိတ်က တွန့်ဆုတ်ပြီးတော့ မသွားတော့ဘူး)။ အနိရာသာဒံ၊ သာယာခြင်း မရှိသည် (သာယာခြင်းမရှိ၍နေသည်) အာရမ္မဏေသု၊ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ အာရုံတို့၌။ သမပဝတ္တံ၊ အညီအမျှရှု၍နေသည်။

အညီအမျှရှုနေတယ်ဆိုတာ ဘယ်လိုလဲ၊ ဝိညာဏ်, နာမ်,ရုပ်နဲ့ ပတ်သက်တဲ့ အာရုံကိုကြည့်လိုက်ရင် ဝမ်းသာစရာ ဝမ်းနဲစရာမတွေ့ဘဲ ချမ်းသာစရာ ကြောက်စရာလဲမတွေ့ဘူး၊ နှစ်သက်စရာလဲမတွေ့ဘူး၊ ဘာတွေ့လဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အနတ္တ ဒါဘဲတွေ့တယ်၊ ကြောက်စရာ အာရုံကို ကြည့်လိုက်ပြန်ရင်လဲ၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ၊ နှစ်သက်စရာ အာရုံကို ကြည့်လိုက်ပြန်တော့လဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ အနတ္တ၊ဝမ်းနဲစရာအာရုံကို ကြည့်လိုက်ပြန်ရင်လဲ အနိစ္စ,ဒုက္ခ, ဝိပရိဏာမ အနတ္တ ဝမ်းသာစရာအာရုံကို ကြည့်လိုက်ပြန်ရင်လဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ အနတ္တတွေဘဲ တွေ့တယ်။

အာရမ္မဏေသု။ ဝိညာဏ်,နာမ်,ရုပ်လို့ ခေါ်တဲ့ အာရုံတို့၌။ သမပဝတ္တံ၊အညီအမျှရှုနေသည်။ ဟောတိ၊ဖြစ်၏။ သမထဝီထိပဋိပန္နံ၊ နိဝရဏတွေ, ပူပင်စရာ ကြောင့်ကြစရာတွေ, တောင့်တစရာတွေ ငြိမ်းနေတဲ့ လမ်းရိုး လမ်းစဉ်သို့ သွား၍နေသည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

အင်မတန်ကောင်းနေပြီ ဒီအချိန်မှာ ဒီဝိပဿနာရှုကွက်ဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ရှုကွက်မှာပေါ်နေတဲ့ ဉာဏ်ကို ပြနေတာနော်၊ဒါ တော်တော်အရေးကြီးပါတယ် ဒီအပိုင်းဟာ အဲဒီအချိန်မျိုးမှာ—

စိတ္တံ၊ ဝိပဿနာစိတ်သည်။ သမထဝီထိပဋိပန္နံ၊ စိုးရိမ်ခြင်း, ပူပန်ခြင်းခေါ်တဲ့ နီဝရဏတရားတွေ ပူပင်ကြောင့်ကြခြင်း, စိတ်ဆင်းရဲခြင်း, ကိုယ်ဆင်းရဲခြင်းဆိုတဲ့ တရားသည် ငြိမ်းပြီးတော့နေတဲ့ လမ်းရိုးလမ်းမှန်သို့ သွားပြီးတော့ နေသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီအချိန်မျိုးမှာတဲ့ စိတ်ကိုနှိုးဆော်ပေးဘို့လဲမလိုဘူး၊ ကြောင့်ကြစိုက်ပေးဘို့လဲမလိုတော့ဘူးတဲ့ ဒီအချိန်မှာ ဘယ်လိုလဲ။

ရထားထိန်းဥပမာ

"ပဂ္ဂဟနိဂ္ဂဟသမ္ပဟံသနေသု နဗျာပါရံ အာပဇ္ဇတိ။ သာရထိဝ သမ္မာပဝတ္တေသု အဿေသု"။

သာရထိ၊ရထားထိန်းသည် (ဝါ) လှည်းမောင်းတဲ့လူသည်။ သမ္မာပဝတ္တေသု အဿေသု၊ အညီအမျှသွားနေတဲ့ မြင်း နှစ်ကောင်တို့၌။ ဗျာပါရံ၊ ကြောင့်ကြစိုက်ကာ အားထုတ်၍ ပြုလုပ်ပေးခြင်းကို။ နဇနေတိဝိယ၊ မဖြစ်စေသကဲ့သို့။ ဧဝမေဝ၊ အဲဒီအတူသာလျှင်။ ပဂ္ဂဟနိဂ္ဂဟသမ္ပဟံသနေသု၊ နှိုးဆော်ခြင်း, နှိပ်နင်းခြင်း,ရွှင်ပျခြင်းတို့၌။ ဗျာပါရံ၊ ကြောင့်ကြစိုက်ခြင်းဆိုတဲ့ ဗျာပါရသို့။ နအာပဇ္ဇတိ၊ မရောက်။

ဒီတရားကွက်ဟာ အင်မတန်ကောင်းနေပြီတဲ့။ အဲ့ဒီအချိန်မှာ အဲသလိုတရားကွက် အင်မတန်ကောင်းနေတာ ဘယ်လိုလဲ၊ မြင်းလှည်းမောင်းသွားတဲ့လူဟာ လမ်းကလဲ အင်မတန် ဖြောင့်ဖြောင့်ဖြူးဖြူး ဖြစ်နေသောကြောင့် မြင်းနှစ်ကောင်ကလဲ ဘယ်မြင်းကိုမှ ကြိမ်နဲ့ တို့မပေးရဘူး၊ ကြိုးလဲ ဆွဲပေးရဘူး၊ လှည့်လဲမပေးရဘူးဆိုတဲ့ အချိန်မှာ မြင်းနှစ်ကောင်က ဖျတ်ဖျတ်လတ်လတ်နဲ့ တခါထဲကို ညီညီမျှမျှသွားနေတဲ့

http://www.dhammadownload.com

အချိန်မှာ အသာကလေး မြင်းဇက်ကြိုးကလေးကို ကိုင်ပြီးတော့ ဇေ ကလေး လိုက်သွားရသလိုဘဲ။

တနည်းဥပမာ

တနည်း-ဥပမာပြောရမယ်ဆိုရင်ဖြင့် အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မော်တော်ကား မောင်းသွားနေတဲ့ အချိန်မှာ ဘုန်းကြီးတို့ ညတိုင်း မော်တော်ကားကြီး စီးသွားတော့ ဒီမော်တော် ကားမောင်းသွားတဲ့အချိန်မှာ ရှောင်စရာ တိုက်စရာမရှိဘူး၊ ကွေ့စရာလဲ မရှိဘူး၊ လမ်းကလဲဘဲ အင်မတန်ညက်ပြီးတော့ ဖြူးဖြူးဖြောင့်ဖြောင့် ဖြစ် နေတဲ့လမ်းဆိုရင် မော်တော်ကားမောင်းတဲ့ စတီယာရင်းကို အသာက လေးကိုင်ပြီးတော့ မော်တော်ကားမောင်းသမားဟာ အေးအေးလေး ကြောင့်ကြမစိုက်ရဘဲနဲ့ မောင်းသွားရသလို တိုးတဲ့သဘော, တွန်းကန် တဲ့သဘောကလေးတွေကို အဆင်သင့် အဆင်သင့်ကလေး ရှုကွက်လဲ မှာ ပေါ်ပေါ်လာတာလေးကို ကြောင့်ကြမစိုက်ရဘဲ အညီအမျှ ဖြစ် နေတဲ့ ဝိညာဏ်,နာမ်ရုပ်ခေါ်တဲ့ အာရုံကို ဖြေးဖြေး အသာလေး ရှု လိုက်သွား၊ ရှုရှုလိုက်သွားတော့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ကလေးဟာ ဖြစ်လာတယ် ပျောက်သွားတယ်။

တိုးတဲ့သဘောကလေးဟာ ဖြစ်လာတယ်, ကုန်သွားတယ်, ပျောက် သွားတယ်၊ပိုင်းခြားပေးတဲ့ပညာရဲ့ နာမ်သဘောတွေဟာ ဖြစ်လာတယ်, ကုန်သွားတယ်,ပျောက်သွားတယ်၊ ဝိညာဏ်ကလဲ ထပ်ထပ် ထပ်ထပ်နဲ့ သဘောလေး အသာလေးရှုပြီး လိုက်သွားတယ်၊ ကြောင့်ကြကို မစိုက် ရတော့ဘူး၊ ဒီဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ အာရုံတွေ ပေါ်လာအောင် အဲသလို ကြောင့်ကြမပြုဘဲနဲ့ ဝိပဿနာရှုလို့ အင်မတန် လွယ်ကူနေတဲ့ အချိန်ဆိုရင် အဲဒါထူးခြားချက်တခု။

၄-ခုရသွားပြီး၊ အဲဒီ ၄-ခုမှာ ဘာလဲ ဝိညာဏ်,နာမ်,ရုပ်တို့ရဲ့ အာရုံ ကို ရှုနေတဲ့အချိန်မှာ ချမ်းသာဆင်းရဲတွေအညီအမျှရှုနိုင်တယ်၊"နေဝသု မ္ခနော ဟောတိ နဒုမ္မနော" ဝမ်းသာခြင်း, ဝမ်းနဲခြင်းဟာလဲ အညီအမျှ ရှုနေနိုင်တယ်၊ဝမ်းသာစရာဝမ်းနဲစရာအာရုံတွေရှုလိုက်တာဘဲတွေ့တယ်၊ ကြောင့်ကြလဲ မပြုရတော့ဘူး၊ ရှုလို့အင်မတန် လွယ်နေပြီလို့ အဲဒီ လေးပါးရတယ်၊ အဲဒီလေးပါးကို ရပြီးတဲ့နောက် လေးပါးက ဘာတက် လာသလဲဆိုတော့။

http://www.dhammadownload.com

နူးညံ့သိမ်မွေ့လာပုံ

ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ အာရုံပေါ်မှာ ရှုနေရတာ တော်တော်ကို ကြာကြာတည်ပြီးတော့နေတယ်၊ ဒီရှုကွက်ဟာ ဝိပဿနာ မလုပ်ဘူးဘဲနဲ့တော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ သိမှာမဟုတ်ပါဘူး၊ ဝိပဿနာလုပ်ဘူးတဲ့ပုဂ္ဂိုလ်တိုင်း, ပုဂ္ဂိုလ်တိုင်းတော့ဖြင့် အာရုံပေါ်မှာ ရှုကွက်ပေါ်မှာ တည်နေတယ်၊ ရှေးကလို အပြင်အာရုံ သွားလိုက်, အတွင်းအာရုံသွားလိုက်, နိမိတ်ဆီသွားလိုက်နဲ့ ဒီလိုမလာဘူး၊ အဲဒီဝိညာဏ်,နာမ်,ရုပ်လို့ခေါ်တဲ့ ရှုကွက်မှာ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ၊ အနိစ္စအချက်,ဒုက္ခအချက်, ဝိပရိဏာမအချက်၊ အဲဒီ အချက်ပေါ်မှာ ချည်းဘဲ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပြောင်းနေတဲ့အပေါ်ကလေးမှာကိုဘဲ ရှုကွက်က ရှုစိတ်ဟာ အတော်ကြာကြာကို တည်နေတယ်။

အတော်ကြာကြာဆိုတာ ဘယ်လောက်ကြာလဲ၊ တနာရီလောက်ထိုင်ပြီးတော့ အားထုတ်မယ်ဆိုရင် ၄၅-မိနစ် မိနစ် ၅၀-လောက် ထိအောင် အဲဒီအပေါ်မှာ တည်နေတယ်၊ အဲဒါ ကြာကြာတည်နေတာဘဲ၊ အဲဒီလို ကြာကြာတည်နေတဲ့ အခါမှာ ဒီရှုကွက်အာရုံက ဘယ်လို ဖြစ်လာလဲ၊ ဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ ရှုစရာအာရုံလေးတွေက ဖြစ်မှုသဘောလေးလဲ နူးညံ့လာတယ်၊ သိမ်မွေ့လာတယ်၊ ကုန်တဲ့ပျောက်တဲ့ သဘောကလေးတွေကလဲ နူးညံ့လာတယ်၊ သိမ်မွေ့လာတယ်၊ ကြာလေနူးညံ့လာလေ, ကြာလေ သိမ်မွေ့လာလေ, ကြာလေနူးညံ့သိမ်မွေ့လာလေဘဲ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ဘာပြသလဲ။

"သုပ္ပဂ္ဂေ ပိဋ္ဌိ ဝဋ္ဋယမာနံဝိယ" လို့ပြတယ်၊ ဆိုလိုတာက ဇန်းထဲမှာ မုန့်မှုန့်ကလေးတွေကို ဆင့်ဆင့်ပေးနေတဲ့အခါမှာ အကြမ်းတွေ ထွက်သွားလို့ဆင့်ဖန်များလေ အနုလေးတွေကျန်လေ,ဆင့်ဖန်များလေ အနုလေးတွေကျန်လေ,ဒီလိုကျန်လာတယ်၊အဲသလိုရှုဖန်များလေ ကြာလေ, နူးညံ့လာလေ သိမ်မွေ့လာလေ၊ အဲဒီလို နူးညံ့နူးညံ့လာလို့, ဖြစ်ပျက်သဘောကလေးတွေက နူးညံ့သိမ်မွေ့လာလို့ ဉာဏ်ထဲမှာ မထင်ရှားဘူးလားလို့ဆိုတော့ နူးညံ့လာလေ ထင်ရှားသိမ်မွေ့လာလေ, သိမ်မွေ့နူးညံ့လာလေလေ ဉာဏ်ထဲမှာ ထင်ရှားလာလေလေဘဲ။

http://www.dhammadownload.com

အဲဒီလိုအာရုံတွေက တဖြေးဖြေး နူးညံ့ နူးညံ့လာလို့ သိမ်မွေ့လာလို့ ထင်ရှားလာရင်ဟုတ်ပြီ၊ ဒီဟာကိုနိုင်အောင် မရှုနိုင်ရင် နူးညံ့ သိမ်မွေ့လာလေ နူးညံ့သိမ်မွေ့လာလေ၊ နူးညံ့မှုတွေ တဖြေးဖြေးမှိန်ပြီး တော်တော်ကြာတော့ ပျောက်သွားပါရော၊ နူးညံ့လွန်းအားကြီးတော့ ပျောက်သွားတယ်၊ ဘာပြုလို့ပျောက်သွားရလဲ ဝီရိယနှင့်သတိ လျော့သွားလို့၊ အဲသလို ဖြစ်ပျက်တွေပျောက်သွားပြီဆိုရင် ဝီရိယသတိ-ငါ့မှာလျော့သွားပြီ၊ ဒါဖြင့် ဝီရိယနှင့် သတိကိုပြန်ပြီးတော့ အာရုံပြုမယ်ဆိုရင် နူးညံ့တဲ့ သဘောကလေးတွေကစပြီး ပေါ်လာပြီးတော့ ရိပ်ရိပ်ရိပ်ရိပ်နဲ့ တဖြေးဖြေး ပြန်ပြီးတော့ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပြန်ပေါ်လာပြန်တယ်။

အာရုံဟာ အဲအခုပြောနေတာကကြာလေကြာလေသိမ်မွေ့လေ,ကြာလေ ကြာလေ နူးညံ့လေဘဲ၊ အဲဒီကြာလေကြာလေ သိမ်မွေ့လေ နူးညံ့လေရယ်, ရှုတဲ့အာရုံပေါ်မှာ ကြာကြာတည်နေတာရယ်၊ အဲသလို ကြာကြာတည်လို့ ဒီအင်္ဂါ ၂-ပါးကို ရသွားရင် ပထမ အင်္ဂါ ၃-ပါးကို ခုအင်္ဂါ ၂-ပါးနဲ့ဆိုတော့ ၅-ပါး၊ နောက် အင်္ဂါတပါးက ဘယ်လိုလဲ။

အာရုံ၌ဝိပဿနာစိတ်မပြန့်ပုံ

> "အာရမ္မဏေသု နသမ္ပသာရိယတိ"။ ။အာရမ္မဏေသု၊ အထူးထူး အပြားပြားဖြစ်တဲ့ အာရုံတို့၌။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ နသမ္ပသာရိယတိ၊ မပြန့်တော့ဘူး။

ဘယ်လောက်ဘဲ အင်မတန် ဟိုရှေးတုံးက နှစ်သက်ပါတယ်ဆိုတဲ့ အာရုံတွေမှာ စိတ်ကိုလွှတ်ကြည့် တော်တော်ကြာ ရှုကွက်ပေါ်ပြန်ရောက်တာဘဲ ပြန့်ကို မပြန့်တော့ဘူး၊ကြက်တောင်ကလေးများကို မီးတို့လိုက်တဲ့အခါမှာ တွန့်လာသလို စိဟ်ကဝိညာဏ်,နာမ်,ရုပ်လို့ ရှုနေရတာကိုက "ပဋိလီယတိ ပဋိကုဒတိ"စိတ်ကတွန့်ကိုနေတော့တယ်၊ နောက်ကိုဆုတ်နေတယ်၊ ဒီအာရုံကို ပြန့်ကိုမပြန့်တော့ဘူး၊ မပြန့်သမျှ အပြင်အာရုံကို မပြန့်ရုံတင်မဟုတ်ဘူး၊ အတွင်းအာရုံနိမိတ်ကို မပြန့်ရုံမဟုတ်ဘူး၊ ရှုကွက်အာရုံပေါ်မှာတောင်မှ တခါတရံမှာ မပြန့်တော့ဘဲနဲ့ စိတ်ကနောက်ကို တွန့်ပြီးတော့ ဒီအာရုံကိုရှုရမှာကိုဘဲ အင်မတန် တာဝန်လေးနေတော့တယ်။

http://www.dhammadownload.com

အာရမ္မဏောသု နသမ္ပသာရိယတိ၊ ကိုယ်အင်မတန် ဝါသနာပါတယ် ဆိုတဲ့ နေရာကို ပို့ထားလိုက်စမ်း၊ကိုယ့်စိတ်ကို ကိုယ်အင်မတန်နှစ်သက်တယ်ဆိုတဲ့နေရာကို ပို့လိုက်စမ်း၊ကိုယ်အင်မတန်ပျော်တယ်ဆိုတဲ့ နေရာကို ပို့လိုက်စမ်း၊ ဘယ်တော့မှ ပို့လို့မရဘူး၊ ဒီအပေါ်ကကို မသွားတော့ဘူး၊ အဲသလောက်ကိုဘဲ အာရုံဟာ မပြန့်တော့ဘူးလို့ ဒီအင်္ဂါ ၆-ချက်နဲ့ညှိရမယ်လို့မှတ်ကြ၊ အဲဒီအင်္ဂါ ၆-ချက်ကို အကျယ်တော့ဖြင့် ဘုန်းကြီးများ နောင် အကြောင်း သင့်တော့မှဘဲ ဒီအင်္ဂါ ၆-ချက်ကို အကျယ်တချက်စီတချက်စီ ပြောပေးပါမယ်၊ ခုတော့ ပြည့်စုံလောက်အောင်ဘဲ မနဲပြည့်စုံအောင် ပြောသွားရပါတယ်။

အင်္ဂါ ၆-ချက်ကို အကျဉ်းမှတ်ရန်

အဲဒါကြောင့်မို့လို့ အဲဒီအင်္ဂါ ၆-ချက်ကို ပြန်ပြီးတော့ နိဂုံးချုပ်လိုက်မယ်ဆိုရင်—

နံပါတ်(၁)က အဲဒီရှုကွက်အာရုံပေါ်မှာ ကြောက်ခြင်း, နှစ်သက်ခြင်းကင်းတယ်။

နံပါတ်(၂)က အဲဒီအာရုံပေါ်မှာ ချမ်းသာနှင့် ဆင်းရဲကို အညီအမျှရှုနိုင်တယ်။

နံပါတ်(၃)က ကြောင့်ကြ မပြုရဘဲနဲ့ ရှုလို့ အင်မတန် လွယ်ကူနေတယ်။

နံပါတ်(၄)က အဲဒီ ရှုကွက် အာရုံပေါ်မှာ ဝိပဿနာစိတ်ဟာ ကြာကြာတည်နေနိုင်တယ်။

နံပါတ်(၅)က အာရုံဟာ နူးညံ့လာတယ် သိမ်မွေ့လာတယ်။

နံပါတ်(၆)က ဝိပဿနာစိတ်ဟာ တခြားအာရုံကို မပြန့်တော့ဘူး။

ဘယ်ပေါ်မှာနေသလဲ၊ ဝိညာဏ်,နာမ်,ရုပ်၊ အဲဒီအပေါ်မှာ ဘယ်လိုမှတ်ကြောင်းနဲ့နေသလဲ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အနတ္တ- ဒီအချက်နဲ့ဘဲ နေတော့တယ်၊ အဲဒီ ရှုကွက်မှန်ရင် အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများရဲ့ ဝိပဿနာ ဉာဏ်သည် ဟိုဘက် မဂ္ဂါမဂ္ဂဒိဋ္ဌိဉာဏ်ရဲ့ အဆုံးကို ရောက်ပြီးတော့ ဒီဉာဏ်ရဲ့ နောက်နားမှာရှိတဲ့

http://www.dhammadownload.com

"ပဉ္စာ နိဗ္ဗာနေ ဉာဏံ" နိဗ္ဗာန်မြင်တဲ့ ဉာဏ်ပေါ်တော့မယ်လို့ အဲသလောက် မှတ်ပြီးတော့ ယနေ့ ဝိပဿနာ အလုပ်ပေးတရားကို ဤမျှလောက် နိဂုံးချုပ်ပြီး မဟာမာလုကျပုတ္တသုတ္တန်တရားတော် ဆက်ဟောကြရိုးပဲ။

(သာဓု- သာဓု- သာဓု)

သတ္တမည ဝိပဿနာအလုပ်ပေး
တရားတော် ပြီး၏။

http://www.dhammadownload.com

မဟာမာလုကျပုတ္တသုတ္တန် တရားတော်ဒုတိယပိုင်း

မာလုကျပုတ္တသုတ္တန်အမျိုးမျိုး

စူဠမာလုကျပုတ္တသုတ္တန်ဆိုတာလဲ ဒီသုတ်ရဲ့နောက်နားမှာရှိပါသေးတယ်၊ ခုဟာက မဟာမာလုကျပုတ္တသုတ္တန်၊ သံယုတ္တနိကာယ်မှာလဲဘဲ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ မာလုကျပုတ္တသုတ္တန်လို့ ရှိပါသေးတယ်၊ မာလုကျပုတ္တသုတ္တန်ဆိုတာ တော်တော်ခပ်များများရှိနေတယ်၊ ခုဒ္ဒကနိကာယ်မှာလဲဘဲ မာလုကျပုတ္တသုတ္တန်ဆိုတာ ပါပါသေးတယ်၊အခု မာလုကျပုတ္တသုတ္တန်ကတော့ မဟာမာလုကျပုတ္တသုတ္တန်တဲ့၊စူဠမာလုကျပုတ္တသုတ္တန်ကို ထောက်ထားပြီးတော့ မဟာမာလုကျပုတ္တသုတ္တန်လို့ အမည်ပေးထားတာဖြစ်ပါလိမ့်မယ်။

ပဌမပိုင်းကို ဘုန်းကြီး ညကပြခဲ့ပြီ၊ အနုသယနဲ့ပတ်သက်လို့ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်ကြီးက သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံတော်မူနေတဲ့အခါမှာ ရဟန်းတော်များကို မိန့်တော်မူတယ် "ချစ်သားတို့ ငါဘုရားဟောကြားထားတဲ့ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို သင်ချစ်သားတို့ မှတ်မိကြရဲ့လား"တဲ့။

အဲဒီလို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက မေးတော်မူတဲ့ အခါမှာ ၎ ရှင်မဟာမာလုကျပုတ္တမထေရ်မြတ်က အရှင်ဘုရား ဟောကြားတော်မူထားတဲ့ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို ဘုရားတပည့်တော် ဆောင်ယူမှတ်သားမိပါသည်ဘုရားလို့ ပြန်လျှောက်တယ်။

ဒီအခါမှာ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက သင်သည် ငါဘုရားဟောကြားတော်မူတဲ့ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို အဘယ်ကဲ့သို့ မှတ်သားထားပါသလဲလို့ ပြန်မေးတဲ့အခါမှာ မဟာမာလုကျပုတ္တမထေရ်မြတ်က ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားကို "အရှင်သဗ္ဗညုမြတ်ဘုရား-အရှင် ကိုယ်တော်မြတ်ဘုရားသည် ဟောကြားတော်မူသော အောက်အဘို့ဟု ဆိုအပ်ကုန်သော ကာမဘုံ၌ ကျင်လည်တတ်သော

http://www.dhammadownload.com

သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ,ကာမရာဂ,ဗျာပါဒခေါ်တဲ့ တရား ၅-မျိုးသည် ဩရမ္ဘာဂိယသံယောဇဉ်ဖြစ်ပါသည်ဘုရား၊ အဲသလို ဘုရားတပည့်တော် မှတ်သားထားပါသည်ဘုရားတဲ့။

အဲဒီအခါမှာ ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ငါဘယ်သူ့ကိုဟောတာကိုသင်ကြားဘူးလဲ၊သင်ပြောတဲ့အတိုင်းသာဆိုရင် ဖြင့် အညတိတ္ထိယပရိဗ္ဗာဇကရဟန်းများက ငါဘုရားသာသနာတော်ကို ဤပြောဆိုလတ္တံ့ဖြစ်တဲ့သူငယ်လျှင် ဥပမာရှိသော စွပ်စွဲခြင်းမျိုးနဲ့ စွပ်စွဲ နိုင်တယ်မဟုတ်ပါလားတဲ့။

မွေးကာစဖြစ်တဲ့ ပက်လက်သာ အိပ်တတ်သေးတဲ့ သူငယ်ကလေး မှာ ကာယဆိုတာ မထင်ရှားသေးဘူး၊ ဓမ္မဆိုတဲ့ သဘောတွေ မထင် ရှားသေးဘူး၊ အဲဒီလို မထင်ရှားသေးတဲ့ သူငယ်ကလေးမှာ ဘယ်လို သက္ကာယဒိဋ္ဌိဖြစ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ ဒီသူငယ်ရဲ့ သန္တာန်မှာ ခန္ဓာ အစဉ်မှာ သက္ကာယဒိဋ္ဌိဖြစ်ဘို့ရန်အတွက် သက္ကာယဒိဋ္ဌိ အနုသယဆိုတာ တော့ ရှိနေပြီလို့ မြတ်စွာဘုရားက ဒီလို မိန့်ပါတယ်။

ဝိစိကိစ္ဆာနဲ့ပတ်သက်လို့လဲဘဲ တရားဆိုတာ မထင်ရှားသေးဘူး၊ ထိုသူငယ်မှာ ဝိစိကိစ္ဆာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ၊ ဝိစိကိစ္ဆာ နုသယတော့ ကိန်းနေပြီ၊ "သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ"လဲ ထို့အတူ ဘဲ။

အဲဒီလို ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားက အပြစ်တင် တော်မူတဲ့အခါမှာ ရှင်အာနန္ဒာမထေရ်မြတ်က ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို ဟောကြားတော်မူပါဘုရားလို့ လျှောက်တယ်၊ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးဖြစ်ပုံကို ဘယ်လိုဟောလိုက်သလဲလို့ ဆိုတော့။

ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးဖြစ်ပုံ

"တေနဟာနန္ဒ သာဓုကံ သုဏောဟိ မနသိ-
ကရောဟိ ဘာသိဿာမိ"။

ကောင်းစွာတရားနာလော့တဲ့၊ ဟောကြားတော့မယ်၊"ဧဝံ ဘန္တေ၊ ကောင်းလှပါပြီဘုရား"လို့ ရှင်အာနန္ဒာ ပြန်လျှောက်တော့ ဘုန်းတော် သခင် သဗ္ဗညုဘုရားရှင်က ဤသို့ဟောကြားတော်မူပါသည်။

http://www.dhammadownload.com

ဣဓ အာနန္ဒ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော, သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော, သက္ကာယဒိဋ္ဌိပရိယုဋ္ဌိတေန စေတသာဝိဟရတိ သက္ကာယဒိဋ္ဌိပရေတေန၊ ဥပ္ပန္နာယစ သက္ကာယဒိဋ္ဌိယာ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ။

ပုထုဇဉ်နှင့် အရိယာ

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက၊ ဒီသုတ္တန်မှာ ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့ခြားနားချက်ကိုလဲဟောပြတယ်၊ အခုပုထုဇဉ်ပုဂ္ဂိုလ်များဆိုတာ ဘယ်လိုလဲ။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ အဿုတဝါ၊ အကြားအမြင်မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်။ အရိယာနံ၊ အရိယာ သူတော်ကောင်းတို့ကို။ အဒဿာဝီ၊ ဖူးမြင်လေ့မရှိသည်ဖြစ်၍။ အရိယဓမ္မဿ၊ အရိယာတို့တရား၌။ အကောဝိဒေါ၊ မလိမ္မာသည်ဖြစ်၍။ အရိယဓမ္မေ၊ အရိယာတို့ရဲ့တရား၌။ အဝိနီတော၊ ဆုံးမညွှန်ကြားပြီးသားဖြစ်သည်မဟုတ်မူ၍။ သပ္ပုရိသာနံ၊ သူတော်ကောင်းတို့ကို။ အဒဿာဝီ၊ ဖူးမြင်လေ့မရှိသည်ဖြစ်၍။ သပ္ပုရိသဓမ္မဿ၊ သူတော်ကောင်းတို့ရဲ့တရား၌။ အကောဝိဒေါ၊ မလိမ္မာမယဉ်ကျေးသည်ဖြစ်၍။ သပ္ပုရိသဓမ္မေ၊ သူတော်ကောင်းတို့ရဲ့တရား၌။ အဝိနီတော၊ ယဉ်ကျေးအောင်ဆုံးမ၍ မထားသည်ဖြစ်၍။ (အဲဒါတနည်းပေါ့ နောက်တနည်း ပြန်ပြောမယ်ဆိုရင်။)အရိယာနံ သပ္ပုရိသာနံ၊ အရိယာ သူတော်ကောင်းတို့ကို၊ အဒဿာဝီ၊ ဖူးမြင်လေ့မရှိသော။ အရိယဓမ္မဿ သပ္ပုရိသဓမ္မဿ၊ သူတော်ကောင်းတရား၌။ အကောဝိဒေါ၊ မလိမ္မာသော။ အရိယဓမ္မေ သပ္ပုရိသဓမ္မေ၊ သူတော်

http://www.dhammadownload.com

ကောင်းတရား၌။ အဒိနီဝေ၊ မယဉ်ကျေးအော ... အကျ သော။ အသုတဝါ၊ အကြားအမြင်မရှိသော (ဝါ) တရားနာ လေ့မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။

ပုထုဇဉ်ပုဂ္ဂိုလ်များဟာ အရိယာပုဂ္ဂိုလ်ဖြစ်တဲ့ သူတော်ကောင်း ပုဂ္ဂိုလ်များကို ဖူးမြင်လေ့မရှိ၊ ဆည်းကပ်လေ့မရှိ၊ အရိယာ သူတော် ကောင်းဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ တရားကို နှုံသေစွာ နာခံမှတ်သားလေ့မရှိ တရားနာလေ့မရှိသော အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်က ဘယ်လိုနေသလဲလို့ ဆိုတော့ -

"သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ။ သက္ကာယဒိဋ္ဌိပရေတေန။"

သက္ကာယဒိဋ္ဌိပရိယုဋ္ဌိတေန၊ သက္ကာယဒိဋ္ဌိသည် လွှမ်းမိုး၍ ယူအပ်သော၊ (ဘာဖြစ်လို့ ဒီအနက်ပေးရသလဲလို့ ဆိုတော့။ "သက္ကာယဒိဋ္ဌိယာ ဂဟိတေနအဘိဘူတေန" လို့ အဋ္ဌကထာက ဖွင့်ပြထားတယ်၊ အဲဒါကြောင့်) သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌိတေန၊ သက္ကာယဒိဋ္ဌိသည် လွှမ်းမိုး၍ ယူအပ်သော။ စေတသာ၊ စိတ် ဖြင့်။ ဝိဟရတိ၊ နေ၏။ သက္ကာယဒိဋ္ဌိပရေတေန၊ သက္ကာယဒိဋ္ဌိ သည် အစဉ်လိုက်အပ်သော၊ (ဘာဖြစ်လို့ ဒီလိုပေးလဲ၊အဋ္ဌက ထာက "သက္ကာယသဒိဋ္ဌိယာ အနုဂတေန"လို့ ဖွင့်တယ်၊ အဲဒါ ကြောင့်မို့) သက္ကာယဒိဋ္ဌိပရေတေန၊ သက္ကာယဒိဋ္ဌိသည်အစဉ် လိုက်သော၊ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။

သက္ကာယဒိဋ္ဌိစွဲပုံ

ပုထုဇဉ် ပုဂ္ဂိုလ်များနေပုံ ဘယ်လိုနေသလဲ၊ သက္ကာယ ဒိဋ္ဌိသည် လွှမ်းမိုး၍ ယူနေအပ်သောစိတ်နဲ့နေတယ်၊ ဘယ်လိုလဲ တွေးတော့လဲ ငါတွေးတာဘဲ၊ ဘယ်လောက်များ သက္ကာယမှာ သ-ဆိုတဲ့ ထင်ရှားရှိတဲ့ ကာယ-တရားအပေါင်း၌ ဒိဋ္ဌိ-ငါလို့ မှားသောအားဖြင့် စွဲထားတဲ့ ငါ ကြီးက ဘယ်လောက် မိမိရဲ့ရုပ်၊နာမ်၊ခန္ဓာပေါ်မှာ လွှမ်းမိုးနှိပ်စက်ထား သလဲ ယူထားသလဲဆိုရင် ထိုင်တာလဲငါထိုင်ချင်လို့ထိုင်တယ်၊ စားတာ ငါစားချင်လို့စားတယ်၊ ကွေးတာငါကွေးချင်လို့ကွေးတယ်၊ ဆန့်တာ

http://www.dhammadownload.com

ငါဆန့်ချင်လို့ဆန့်တယ်၊ သွားတာငါသွားချင်လို့သွားတယ်၊ တရားနာတာ ငါနာချင်လို့နာတယ်၊ တရားဟောတာငါဟောချင်လို့ ဟောတာ၊ ငါက တရားမနာချင်လို့တရားမနာဘူး၊ဟောကြည့်-အကုန်လုံးလုပ်သမျှ ကိုင်သမျှ ဒါဘယ်သူ့ဆံပင်လဲ ငါ့ဆံပင်၊ ဒါဘယ်သူ့နားရွက်လဲငါ့နားရွက်၊ဒါဘယ်သူ့ခန္ဓာကိုယ်လဲ ငါ့ခန္ဓာကိုယ်၊ ဒါဘယ်သူ့ရုပ်လဲ ငါ့ရုပ်၊ဒါဘယ်သူ့ပစ္စည်းလဲငါ့ပစ္စည်း၊ ဒါဘယ်သူ့အိမ်လဲ ငါ့အိမ်၊ ဒါဘယ်သူ့တိုက်လဲငါ့တိုက်၊ ဒါဘယ်သူ့ကျောင်းလဲ ငါ့ကျောင်း၊ ဒါဘယ်သူ့သင်္ကန်းလဲငါ့သင်္ကန်း၊ ဒါဘယ်သူ့ ဒကာဒကာမတွေလဲ၊ ငါ့ဒကာဒကာမတွေ၊ ဒါဘယ်သူ့ဆရာလဲ ငါ့ဆရာ၊အားလုံး သက္ကာယဒိဋ္ဌိဟာ လွှမ်းမိုးထားတယ်။

သကာယဖြစ်တဲ့ ထင်ရှားရှိတဲ့ တရားအပေါင်း၊ ဒီထင်ရှားရှိတဲ့ သကာယဆိုတဲ့ တရားအပေါင်းမှာ ငါဆိုတဲ့အယူမှားကြီးဟာ အမှားကြီး လွှမ်းမိုးနေပုံကိုကြည့်စမ်း၊ အမျိုးကောင်းသားတွေ၊အမျိုးကောင်းသမီးတွေ ပုထုဇဉ်သတ္တဝါတွေက တသံသရာလုံး အဲဒီ ငါငါနဲ့ နေတယ်၊ ငါ-ဒီအလုပ် လုပ်အုံးမှဖြစ်မယ်၊ ငါ-ဒီအပြော ပြောအုံးမှဖြစ်မယ်၊ ငါ-ဒီ အစားလေး စားအုံးမှဖြစ်မယ်၊ ငါတော့ ဒီအနေမျိုးနေအုံးမှဖြစ်မယ်နဲ့ သက္ကာယဒိဋ္ဌိအစဉ်လျှောက်ပြီးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်အစဉ်က သကာယမှာစွဲနေတဲ့ ဒိဋ္ဌိဆိုတဲ့ ငါ၏ နောက်ကို အစဉ်တစိုက်လိုက်တယ်။

အဲဒီငါ၏နောက်ကို အစဉ်တစိုက်လိုက်တယ်ဆိုတာ ဘယ်လို လိုက်လဲ(ကာရကော ဝေဒကော သယံဝသီ နိဝါသီ)ကာရကော-အော် ပြုပေးတာလေးက သူကပြုပေးတာဘဲစိတ်ကလေးကပြုပေးချင်လို့၊ဝေဒကော-ခံစားတာကဘယ်သူလဲ စိတ်ကခံစားတယ်၊ သယံဝသီ နိဝါသီ- အဲဒီ စိတ်ကလေးက ခန္ဓာအိမ်နဲ့ အတူတူနေတယ်၊ ခန္ဓာအိမ်ထဲမှာ အတ္တကလေး ရှိနေတယ်လို့ (သယံဝသီ နိဝါသီ) သယံဝသီ-အဲဒီအတ္တရဲ့ အလိုကို လိုက်နေရတယ်၊ စိတ်အလိုလိုက်နေရတယ်ပေါ့၊ စိတ်ကလေးက သွားချင်လို့ သွားနေရတယ်၊ စားချင်လို့ စားနေရတယ်၊ အဲဒီ သယံဝသီ-သူ့အလိုကိုလိုက်နေရတယ်၊ နိဝါသီ-ခန္ဓာအိမ်နဲ့ အမြဲနေတယ်လို့ အဲဒီသက္ကာယမှာစွဲနေတဲ့ ငါဆိုတဲ့ ဒိဋ္ဌိ အတ္တနောက်ကို စိတ်က

http://www.dhammadownload.com

အစဉ်လျှောက်ပြီးလိုက်တဲ့ သဘောမျိုးနဲ့သာလျှင် ပုထုဇဉ်သတ္တဝါများ နေလေ့ရှိတယ်၊ ပုထုဇဉ်တို့ရဲ့သဘော။

ဥပ္ပန္နာယ၊ ဖြစ်ပေါ်၍နေသော။ သက္ကာယဒိဋ္ဌိယာ၊ သကာယ မှာစွဲနေတဲ့ ဒိဋ္ဌိ၏ ငါဟုတ်တဲ့မှားသောသုံးသပ်ခြင်း၏။ နိဿရဏံ၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်တဲ့ သောတာပတ္တိမဂ် ဉာဏ်,နိဗ္ဗာန်တို့ကို နပ္ပဇာနာတိ၊ ခွဲခြား၍ ကွဲကွဲပြားပြားနဲ့ မသိ။ ပညာနဲ့မသိဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်လေ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ဒီလိုခွဲခြားပြီးတော့မသိဘူး။

အရိယာပုဂ္ဂိုလ်ဆိုတာ

အရိယာသာဝကကျတော့ သူက ခွဲခွဲခြားခြား သိတယ်၊ ဟောဒါက ဝိညာဏ်၊ ဟောဒါက နာမ်၊ ဟောဒါကရုပ်၊ သိတဲ့သဘောက ဝိညာဏ်ရဲ့ သဘာဝလက္ခဏာ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောက ရုပ်တရားရဲ့ သဘာဝလက္ခဏာ၊ ပိုင်းခြားပေးတယ်,ပြုပြင်ပေးတယ်,ပိုင်းခြားမှုကိုပြုပြင် ပေးတယ်, အာရုံ၌ထင်ရှားအောင် ပြုလုပ်ပေးတယ်ဆိုတဲ့ နာမ်တရားရဲ့ အဘိသင်္ခရဏလက္ခဏာလို့ဆိုတော့ သူ့လက္ခဏာနဲ့သူ ခွဲခြားပြီးတော့ ကွဲကွဲပြားပြားသိတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်ဆိုတာ

ပုထုဇဉ်ပုဂ္ဂိုလ်က အဲဒီလို ကွဲကွဲ ပြားပြား မသိဘူး၊ ဘယ်လိုဟာ သူကသိလိုက်သလဲဆိုတော့ မြင်သမျှကိစ္စငါ့ကိစ္စ၊ ပြုလုပ်သမျှကိစ္စ ငါ့ကိစ္စ ငါ့တာဝန်၊ဒါကဘယ်သူ့တာဝန်လဲ ငါ့တာဝန်၊ ဟိုဒင်းဟာကော ဘယ်သူ့တာဝန်လဲ ငါ့တာဝန်၊ ဟိုသားအတွက်ကကော ငါ့တာဝန်၊ ဟိုသမီးအတွက်ကကော ငါ့တာဝန်၊ ဟိုမြေးကလေးကကော ငါ့တာဝန်၊ သူ့တာဝန်ချည်းဘဲ၊ အဲဒီသို့သူ့တာဝန်ချည်းဘဲဆိုတော့ ပြေးလိုက်ရတာ မောလို့ တခါလဲ ဟိုကိစ္စဘယ်သူ့ကိစ္စလဲ ငါ့ကိစ္စ၊ ဒီအလုပ်လဲ ငါမပါမပြီးသေးပါဘူး၊ ငါမရှိမဖြစ်သေးပါဘူးဆိုတာ အဲဒါ သက္ကာယဒိဋ္ဌိသို့ အစဉ်လျှောက်ပြီးတော့ ကွဲကွဲပြားပြား ခြားခြား နားနား မသိသည် ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိရဲ့ လွတ်မြောက်ရာကို မသိတဲ့ စိတ်ဘဲ။

http://www.dhammadownload.com

''ဥပ္ပန္နာယစ သက္ကာယဒိဋ္ဌိယာ နိဿရဏံ ယထာ ဘူတံ နပ္ပဇာနာတိ''။

ဥပ္ပန္နာယ၊ ဖြစ်ပေါ်၍ နေသော၊ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယ ဒိဋ္ဌိ၏။ နိဿရဏံ၊ လွတ်မြောက်ရာကို။ ယထာဘူတံ၊ ဟုတ် တိုင်းမှန်စွာ ဝိညာဏ်ရဲ့သဘော, အနိစ္စရဲ့သဘော, ဒုက္ခရဲ့ သဘော,အနတ္တရဲ့သဘောတွေပါကလားလို့ သာမညလက္ခဏာ အားဖြင့် ဟုတ်တိုင်းမှန်စွာ။ နပ္ပဇာနာတိ၊ ကွဲကွဲပြားပြားနဲ့မသိ။ သက္ကာယရဲ့ လွတ်မြောက်ကြောင်းကလေးကိုမသိဘူး၊ သက္ကာယက လွတ်ရင် သောတာပတ္တိမဂ်၊ တနည်း–နိဗ္ဗာန် အဲဒီနိဗ္ဗာန်ကိုမသိဘူး၊ အဲသလို မသိတဲ့အတွက် ဒီသက္ကာယဒိဋ္ဌိစွဲနေတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လို ဖြစ်နေလဲ။

''တဿ သာသက္ကာယဒိဋ္ဌိ ထာမဂတာ အပ္ပဋိဝိနီ- တာ ဩရမ္ဘာဂိယံ သံယောဇနံ''။

တဿ၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏။ ထာမဂတာ၊အားစွမ်းသို့ရောက် ၍နေသော။ အပ္ပဋိဝိနီတာ၊ မပယ်မဖျောက်ရသေးသော(အပ္ပဋိ- ဝိနောဒေတ္တာလို့ အဋ္ဌကထာကဖွင့်တယ်)။သာသက္ကာယဒိဋ္ဌိ၊ထို သက္ကာယဒိဋ္ဌိသည်။ ဩရမ္ဘာဂိယံသံယောဇနံ၊ ဩရမ္ဘာဂိယသံ ယောဇဉ် မည်၏။

ဩရမ္ဘာဂိယ သံယောဇဉ်မည်ပုံကို ဘုရားကဒီလိုပြတယ်၊ အပ်ပ္ပါယ် အကျယ်တော့ဖြင့် နောက်အခွင့်သင့်တော့မှ နာကြပေတော့၊ ဒီသုတ္တန် ခုညဆုံးတော့မှာ မဟုတ်ဘူး၊

ဝိစိကိစ္ဆာဖြစ်ပုံ

''ဝိစိကိစ္ဆာပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဝိစိကိစ္ဆာပရေတေန''။

ဝိစိကိစ္ဆာပရိယုဋ္ဌိတေန၊ ဝိစိကိစ္ဆာသည် လွှမ်းမိုး၍ ယှုအပ် သော။ ဝိစိကိစ္ဆာပရေတေန၊ ဝိစိကိစ္ဆာသို့ အစဉ်လိုက်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။

http://www.dhammadownload.com

အဲဒီလို ပုထုဇဉ်ပုဂ္ဂိုလ်ဆိုတာ ဝိစိကိစ္ဆာတွေ လွှမ်းမိုးပြီး နှိပ်စက်နေတဲ့ လွှမ်းမိုးပြီးတော့ ယှဉ်အပ်တဲ့စိတ်နဲ့ နေတယ်၊ ဝိစိကိစ္ဆာသို့အစဉ်လျှောက်ပြီးတော့ လိုက်တဲ့စိတ်နဲ့ နေတယ်။

ဘယ်လိုလဲ ငါနောက်ဘဝကဖြစ်ခဲ့တာ ဟုတ်မှဟုတ်ပါ့မလား၊ ငါရှေ့ဘဝဖြစ်မှာဟုတ်မှဟုတ်ပါ့မလား၊ ငါအခုဘဝဖြစ်နေတာ ဘယ်လို ဖြစ်လာတာပါလိမ့်၊ အဲဒီလိုရှေ့ဘဝ၌ ယုံမှားခြင်း၊ နောက်ဘဝ၌ယုံမှားခြင်း၊ ပစ္စုပ္ပန်၌ယုံမှားခြင်းဆိုတဲ့ အဲဒီလို ဝိစိကိစ္ဆာနဲ့ နောက်ပြီးတရားသဘောနဲ့ ကျွဲသော့လဲ ဝိညာဏ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ နာမ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ ရုပ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ သူဖြစ်ချင်လို့ ဖြစ်နေတာလားနဲ့ အဲဒီလိုတရားတော်၌ ယုံမှားခြင်းခေါ်တဲ့ ဝိစိကိစ္ဆာ နောက်သို့ စိတ်သည် အစဉ်လျှောက်၍နေတယ်။

"ဥပ္ပန္နာယစ ဝိစိကိစ္ဆာယ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ"။

ဖြစ်ပေါ်နေတဲ့ ဝိစိကိစ္ဆာနဲ့ လွတ်မြောက်ကြောင်းကိုလဲဘဲ ယထာဘူတဉာဏ်နဲ့ ဟုတ်တိုင်းမှန်စွာ မသိနိုင်ဘူး။

"တဿ သာ ဝိစိကိစ္ဆာ ထာမဂတာ အပ္ပဋိဝိနီတာ ဩရမ္ဘာဂိယံ သံယောဇနံ"။

တဿ၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏။ ထာမဂတာ၊ အားအစွမ်းသို့ ရောက်၍နေသော။ အပ္ပဋိဝိနီတာ၊ မပယ်မဖျောက်အပ်သေးသော။ သာဝိစိကိစ္ဆာ၊ ထိုဝိစိကိစ္ဆာသည်။ ဩရမ္ဘာဂိယံသံယောဇနံ၊ ဩရမ္ဘာဂိယ သံယောဇဉ် မည်၏-လို့ မြတ်စွာဘုရားက ဒီလို ပြတယ်။

သီလဗ္ဗတပရာမာသ ဖြစ်ပုံ

"သီလဗ္ဗတပရာမာသ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ သီလဗ္ဗတပရာမာသပရေတေန၊ ဥပ္ပန္နဿစ သီလဗ္ဗတပရာမာသဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ"။

http://www.dhammadownload.com

သီလဆိုတဲ့ အလေ့အကျင့်တို့ မှားသောတရားဖြင့် ခုံးသပ်ယူစွဲခြင်းသည် လွှမ်းမိုးယူအပ်သောစိတ်ဖြင့် နေတယ်၊ ဖြစ်ပေါ်နေတဲ့ သီလဗ္ဗတပရာမာသရဲ့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုလဲ ဟုတ်တိုင်းမှန်စွာမသိဘူး။

"တဿ သော သီလဗ္ဗတပရာမာသော ထာမဂတော အပ္ပဋိဝိနီတော ဩရမ္ဘာဂိယံ သံယောဇနံ"။

တဿ၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏။ ထာမဂတော၊ အားအစွမ်းသို့ရောက်သော။ အပ္ပဋိဝိနီတော၊ မပယ်ပသတ် အပ်သေးသော။ သောသီလဗ္ဗတပရာမာသော၊ ထိုသီလဗ္ဗတပရာမာသ သဘောသည်။ ဩရမ္ဘာဂိယံသံယောဇနံ၊ ဩရမ္ဘာဂိယ သံယောဇဉ်မည်တယ်။

အပါယ်လေးပါးက မလွတ်မြောက်နိုင်အောင် လုပ်တဲ့သံယောဇဉ်ဟာ ဒီတရားဘဲတဲ့။

ကာမရာဂဖြစ်ပုံ

"ကာမရာဂပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ကာမရာဂပရေတေန"။

လို့ ကာမရာဂဖြစ်ပုံကို ပြတယ်၊ ကာမရာဂပရိယုဋ္ဌိတေန၊ ကာမရာဂသည် လွှမ်းမိုး၍ယူအပ်သော။ ကာမရာဂပရေတေန၊ ကာမရာဂသို့ အစဉ်လိုက်၍နေသော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ကျွဲပြည် နွားပြည်က မထွက်နိုင်အောင် ယှဉ်စပ်ထားတဲ့ နှောင်ကြိုးကဲ့ အနှောင်အဖွဲ့ဟာ ဒီတရားဘဲ။

ဥပ္ပန္နဿစ ကာမရာဂဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ။

လိုချင်မှု သောင့်တမှု စွဲလမ်းမှု နှစ်သက်မှုတွေနဲ့ စိတ်ကအစဉ် လျှောက်ပြီးတော့ လိုက်နေတယ်၊ အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများရဲ့ စိတ်က ဘာနဲ့တူသလဲ လိုချင်မှုနဲ့ချည်းဘဲ ဘာဘဲဖြစ်ဖြစ် မလိုချင်မှုတွေဆိုတာ ရှိသေးလား၊ (မရှိပါဘုရား။)

http://www.dhammadownload.com

အချိန်တန်ရင် လိုချင်တာဘဲ အိမ်ကောင်းကောင်းလဲ လိုချင်တယ်၊ စက်ကောင်းကောင်းလဲ လိုချင်တယ်၊ အဝတ်အစားကောင်းကောင်းလဲ လိုချင်တယ်၊ ဟာဝိုင်းပြည်တခုလဲလိုချင်တယ်၊ ဒီတိုင်းပြည်တခုပြီး ဟိုတိုင်းပြည်တခုလဲ လိုချင်တယ်-စသည်ဖြင့်ပေါ့လေ ဒဲဒီလို လိုချင်မှုတွေ အစဉ်လျှောက်ပြီးသကာလ ကာမရာဂနဲ့ အစဉ်လျှောက်ပြီးနေတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ကြည့်ချင်တာချည်းဘဲ။

ကာမရာဂနဲ့ အစဉ်လျှောက်ပြီးတော့ နေတဲ့စိတ် ကာမရာဂသည် လွှမ်းမိုးၡနေသောစိတ်ဖြင့် နေတယ်၊ အဲဒီဖြစ်ပေါ်နေတဲ့ ကာမရာဂရဲ့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်တဲ့ အနာဂါမိ မဂ်ကိုလဲဘဲ ဟုတ်တိုင်းမှန်စွာ ပညာနဲ့ မသိဘူး။

> "တဿ သော ကာမရာဂေါ ထာမဂတော အပ္ပဋိဝိနီတော ဩရမ္ဘာဂိယံ သံယောဇနံ။"
>
> တဿ၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်၏။ ထာမဂတော၊ အားအစွမ်းသို့ ရောက်သော။ အပ္ပဋိဝိနီတော၊ မပယ်မဖျောက် အပ်သေးသော။ သောကာမရာဂေါ၊ ထိုကာမရာဂသည်။ ဩရမ္ဘာဂိယံ သံယောဇနံ၊ ဩရမ္ဘာဂိယ သံယောဇဉ် ခေါ်တယ်။

လိုချင်မှုတွေ မသိမ်းသမျှ ကာလပတ်လုံး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သံသရာဝဋ်ဆင်းရဲက မလွတ်ဘူး၊ ကြည့်ချင်မှုတွေ,မြင်ချင်မှုတွေ,နားထောင်ချင်မှုတွေ ခုနက ပြောခဲ့တဲ့ ဉာဏ်လောက်ကလေး ရောက်လာပြီဆိုရင် ဘယ်ဟာ လိုချင်အုံးမှာလဲ မလိုချင်တော့ဘူး။

ဗျာပါဒဖြစ်ပုံ

> "ဗျာပါဒပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဗျာပါဒပရေတေန၊ ဥပ္ပန္နဿစ ဗျာပါဒဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ"။

နွဲ့ကလေးသွားမထိလိုက်နဲ့ မခံဘူးဆိုတဲ့ ဗျာပါဒဒေါသ၊ **စိတ်ညစ်တယ်, စိတ်ဆိုးတယ်, စိတ်မကောင်းဘူး ဟူတ်လား၊ မှိုင်နေတယ်ဆိုတဲ့**

http://www.dhammadownload.com

အဲဒီစိတ်ညစ်မှု,စိတ်ဆိုးမှု,သောက ရောက်မှု,ပရိဒေဝဖြစ်မှုဆိုတဲ့ အဲဒီလို ဗျာပါဒသို့ အစဉ်လိုက်သော စိတ်နှင့် ဗျာပါဒတွေ လွှမ်းမိုး၍ နေသော စိတ်ဖြင့်သာလျှင်နေတယ်၊ ဖြစ်ပေါ်နေတဲ့ ဗျာပါဒရဲ့ လွတ်မြောက်ရာ ဂိုလ်ဘဲ ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ်နဲ့ မသိဘူးတဲ့ ကွဲကွဲပြားပြား ဝိပဿနာ အားမထုတ်ဘူးတဲ့။

"တဿ သော ဗျာပါဒေါ ထာမဂတော အပ္ပဋိ-
ဝိနီတော ဩရမ္ဘာဂိယံ သံယောဇနံ"။

အဲဒီ ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ အားအစွမ်းသို့ ရောက်ရှိနေသော မပယ် မသတ်အပ်သော အဲဒီဗျာပါဒ သဘောတရားသည် ဩရမ္ဘာဂိယ သံယောဇဉ်မည်တယ်။

အရိယာပုဂ္ဂိုလ်များနေပုံနဲ့သက္ကာယမှာ ဒိဋ္ဌိကွာပုံ

"သုတဝါစ ခေါ အာနန္ဒ အရိယသာဝကော အရိယာနံ ဒဿာဝီ အရိယဓမ္မဿ ကောဝိဒေါ အရိယဓမ္မေ သုဝိနီတော သပ္ပုရိသာနံ ဒဿာဝီ သပ္ပုရိသဓမ္မဿ ကောဝိဒေါ သပ္ပုရိသဓမ္မေ သုဝိနီ-တော န သက္ကာယဒိဋ္ဌိ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ န သက္ကာယဒိဋ္ဌိ ပရေတေန"။

ဇောတိရေက ပြန်လိုက် ကဏ္ဍပက္ခပြီးတော့ သက္ကပက္ခ။

အာနန္ဒ၊ ငါ့ဘုရား၌ ခစားလိမ္မာအာနန္ဒာ။ ဣဓ၊ ဤသာသနာ တော်၌။ သုတဝါ၊ အကြားအမြင်ရှိသော၊ အရိယသာဝကော၊ အရိယာ၏ တပည့်သားဖြစ်တဲ့ ပုဂ္ဂိုလ်သည်။ အရိယာနံ သပ္ပု-ရိသာနံ၊ အရိယာ သူတော်ကောင်းတို့ကို။ ဒဿာဝီ၊ ဖူးမြော် လေ့ရှိသည်။ အရိယဓမ္မဿ၊ အရိယာ သူတော်ကောင်းတို့၏ တရား၌။ ကောဝိဒေါ၊ တရားနာသည်ဖြစ်သောကြောင့် လိမ္မာ ယဉ်ကျေးပြီးသား ဖြစ်သော။ အရိယဓမ္မေ၊ အရိယာသူတော် ကောင်းတို့၏တရား၌။ သုဝိနီတော၊ ကောင်းစွာ ယဉ်ကျေး သိမ်မွေ့ပြီးသော,ကောင်းစွာ ယဉ်ကျေးသိမ်မွေ့ ပြီးသည်ဖြစ်၍။ သက္ကာယဒိဋ္ဌိပရိယုဋ္ဌိတေန၊သက္ကာယဒိဋ္ဌိသည် လွှမ်းမိုးရှုယှက်

http://www.dhammadownload.com

သော။ သက္ကာယဒိဋ္ဌိပရေတေန၊ သက္ကာယဒိဋ္ဌိသို့ အစဉ်လိုက်သော။ စေတသာ၊ စိတ်ဖြင့်။ နဝိဟရတိ၊ မနေ။

သကာယမှာ ငါခိုတဲ့မှားသော သုံးသပ်ခြင်းဆိုတဲ့ ဒိဋ္ဌိရဲ့လွှမ်းမိုးခြင်းကို သူကမခံဘူး၊ ဘာကိုသူကသိနေလဲ ငါလို့မသိဘူး ဝိညာဏ်လို့သိတယ်၊ နာမ်လို့သိတယ်၊ ရုပ်လို့သိတယ်၊ ဝိသေသလက္ခဏာ၊ သဘာဝလက္ခဏာနဲ့သိတယ်၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမလို့ သာမညလက္ခဏာနဲ့သိတယ်၊ ငါလို့ကိုမသိတော့ဘူး၊ဆင်းရဲစရာ,ချမ်းသာစရာရှယ်လို့ကိုမသိတော့ဘူး၊ သင်္ခါရေသု ဥဒါသိနော၊ သင်္ခါရတရားတွေကို အညီအမျှရှုတော့ အနိစ္စ,ဒုက္ခ,ဝိပရိဏာမကိုဘဲ သိတယ်၊ အဲဒီအချိန်မှာ သက္ကာယဒိဋ္ဌိပရေတေန၊ သက္ကာယဒိဋ္ဌိကို အစဉ်လျှောက်တဲ့ စိတ်နဲ့၊ နဝိဟရတိ၊ မနေတော့ဘူး အနိစ္စ,ဒုက္ခ, ဝိပရိဏာမ-ဒါဘဲစိတ်က အစဉ်လျှောက်ပြီးတော့ သိနေတယ်။

''ဥပ္ပန္နဿစ သက္ကာယဒိဋ္ဌိယာ နိဿရဏံ ယထာဘူတံ ပဇာနာတိ''။

ဥပ္ပန္နဿ၊ ဖြစ်ပေါ်၍နေသော။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ၏။ နိဿရဏံ၊ လွတ်မြောက်ရာဖြစ်တဲ့ သောတာပတ္တိမဂ်ဉာဏ်ကို (ဝါ) နိဗ္ဗာန်ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ ဝိပဿနာပညာ,မဂ်ပညာဖြင့် ကွဲကွဲ ပြားပြားနဲ့ သိ၏။

ကျန် သံယောဇဉ် ၄-ပါးကင်းပုံ

အဲဒီအတိုင်းဘဲသွားရင် ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ်တွေ လွှမ်းမိုးတဲ့စိတ်နဲ့ မနေဘူး။

အဲဒီ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒလို့ခေါ်တဲ့ တရားတွေ လွှမ်းမိုးပြီးတော့ မနေဘူး၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ, ကာမရာဂ,ဗျာပါဒတရားတွေရဲ့နောက်ကို စိတ်ကအစဉ်လိုက်ပြီး အစဉ်လျှောက်ပြီး မနေဘူး မလိုက်ဘူး။

သုတဝါ၊ အရိယာပုဂ္ဂိုလ်ဆိုတာ အဲဒါကို ဘေးကလူ ဘယ့်နှယ်လုပ်သိနိုင်မလဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်က သက္ကာယဒိဋ္ဌိနဲ့နေတယ်၊အရိယာပုဂ္ဂိုလ်

http://www.dhammadownload.com

က သက္ကာယဒိဋ္ဌိနဲ့ မနေဘူး၊ သကာယနဲ့ဘဲ နေတယ်၊ ဒိဋ္ဌိနဲ့မနေဘူး၊ ပုထုဇဉ်ပုဂ္ဂိုလ်က ငါနဲ့နေတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်က ဘာနဲ့နေသလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ (ငါနဲ့နေပါတယ် ဘုရား)။

ယောကျ်ားနဲ့နေတယ်,မိန်းမနဲ့နေတယ်, သားနဲ့နေတယ်, သမီးနဲ့ နေတယ်၊ အရိယာပုဂ္ဂိုလ်ကျတော့ ဘာနဲ့နေသလဲလို့ဆိုတော့ ဝိညာဏ် နဲ့နေတယ်, နာမ်နဲ့နေတယ်, ရုပ်နဲ့နေတယ်၊ အိမ်မှာတော့နေသားဘဲ ယူအိမ်မှာနေပေမဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေကဟောဒါဘယ်သူလဲ ဒါကဇနီး, ဟောဒါကခင်ပွန်း ယောကျ်ား,ဟောဒါကသား,ဒါကသမီး,ဒါကမြေး, အဲဒါနဲ့နေတယ် ပုထုဇဉ်ပုဂ္ဂိုလ်က။

အရိယာပုဂ္ဂိုလ်ကျတော့ အဲဒါလိုမနေတော့ဘူး အဲသလိုသားတွေ သမီးတွေနဲ့ ဝိသာခါကြီးတို့နေတယ်ဆိုပေမဲ့ ဟောဒါက ဝိညာဏ်, ဟောဒါကနာမ်, ဟောဒါကရုပ် အဲဒါနဲ့ နေတော့တယ်၊ ဒီတော့ တို့အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဘာနဲ့နေမလဲ၊ ဝိညာဏ်,နာမ်,ရုပ်နဲ့နေရမယ်၊ အရိယာတို့နေခြင်းက ဝိညာဏ်, နာမ်, ရုပ်နဲ့နေတယ်၊ ဟောဒါက အနိစ္စအချက်, ဟောဒါကဒုက္ခအချက်, ဟောဒါက ဝိပရိဏာမအချက်ဆိုတဲ့ သာမညလက္ခဏာဆိုတဲ့ အဲဒီ တရားနဲ့နေတယ်၊ သက္ကာယဒိဋ္ဌိနဲ့မနေဘူး၊ ကာမရာဂ,ဗျာပါဒ,ထိနမိဒ္ဓ ဥဒ္ဓစ္စ,ကုက္ကုစ္စ စသည်ဖြင့် မနေဘူးတဲ့။

ဥပ္ပန္နာယ၊ ဖြစ်ပေါ်ပြီးသော။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယ ဒိဋ္ဌိ၏။ နိဿရဏံ၊ လွတ်မြောက်ရာဖြစ်တဲ့ သောတာပတ္တိ မဂ် ဉာဏ် နိဗ္ဗာန်ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။

ဝိစိကိစ္ဆာကိုလဲ သိတယ်၊ ဝိစိကိစ္ဆာရဲ့ လွတ်မြောက်ရာ ကိုလဲ သိတယ်၊ သီလဗ္ဗတပရာမာသရဲ့ လွတ်မြောက်ရာကိုလဲ သိတယ်၊ကာမ ရာဂလို့ခေါ်တဲ့ လိုချင်နှစ်သက်မှုတို့ရဲ့ လွတ်မြောက်ရာလဲ သိတယ်၊ ဗျာပါဒခေါ်တဲ့ စိတ်ဆိုးခြင်း, စိတ်ညစ်ခြင်း, ဝမ်းနဲခြင်း, ပူဆွေးခြင်း, သောကပရိဒေဝတွေရောက်ခြင်းတို့ရဲ့ လွတ်မြောက်ရာကိုလဲ ဟုတ်တိုင်း မှန်စွာ သိတယ်။

http://www.dhammadownload.com

ဘယ်လိုသိလဲ စိတ်ဆိုးစရာ,စိတ်ညစ်စရာ,စိုးရိမ်စရာ, ပူပန်စရာ,ဝမ်းနည်းစရာတွေလိုက်ပြန်တော့လဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့သိတယ်၊ ဝမ်းသာစရာ,ဝမ်းမြောက်စရာတွေပြန်တော့လဲ အနိစ္စ,ဒုက္ခ,ဝိပရိဏာမ၊ ဒီလိုသိတယ်၊ "သင်္ခါရေသု ဉာဏ်ံသိနော"။ ။နောက်က ပြောခဲ့တဲ့အတိုင်းပဲ၊ အရိယာသာဝက ...ဟာ အဲသလို ဖျာပါဒတွေက လွတ်ကင်းပြီးနေတယ်တဲ့။

လမ်းစဉ်ကိုမကျင့်က သံယောဇဉ်ကိုမသိ

"ယော အာနန္ဒ မဂ္ဂေါ ယာ ပဋိပဒါ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာယ၊ တံ မဂ္ဂံ တံ ပဋိပဒံ အနာဂမ္မ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ ဉဿတိ ဝါ ဒက္ခတိ ဝါ ပဇဟိဿတိ ဝါတိ နေတံ ဌာနံ ဝိဇ္ဇတိ"။ (ပါဠိတော်မှာ)။

အာနန္ဒ၊ ငါ့ဘုရား၌ ခစားလိမ္မာ အာနန္ဒာ။ ဩရမ္ဘာဂိယာနံ၊ အောက်အဖို့ဟု ဆိုအပ်ကုန်သော ကာမဘုံ၌ ဖြစ်စေတတ်ကုန်သော။ ပဉ္စန္နံ သံယောဇနာနံ၊ သက္ကာယဒိဋ္ဌိ,သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ကာမရာဂ,ဗျာပါဒ သံယောဇဉ် ၅-မျိုးတို့ကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ ပယ်ဘို့အတွက်။ ယောမဂ္ဂေါ၊ အကြင်လမ်းစဉ်သည်။ ယာပဋိပဒါ၊ အကြင်ကျင့်စဉ်သည်။ အတ္ထိ၊ ရှိ၏။ တံ မဂ္ဂံ တံ ပဋိပဒံ၊ ထိုလမ်းစဉ် ထိုကျင့်စဉ်ကို။ အနာဂမ္မ၊ မကျင့်ပူ၍။ ဝါ၊ မသက်ရောက်မူ၍။ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ၊ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးတို့ကို။ ဉဿတိဝါ၊ သိသည်ဟူ၍ငှင်း။ ဒက္ခတိဝါ၊ မြင်သည်ဟူ၍ငှင်း။ ပဇဟိဿတိဝါ၊ ပယ်စွန့်နိုင်သည်ဟူ၍ငှင်း။ ဧတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်။

သဗ္ဗညုရှင်တော်မြတ်ဘုရားက ဘယ်လို မိန့်တော်မူလိုက်သလဲ၊ ချစ်သား အာနန္ဒာတဲ့....ဩရမ္ဘာဂိယသံယောဇဉ် ၅ မျိုးကို ပယ်နိုင်ဘို့ရန်အတွက် ကျင့်စဉ်လမ်းစဉ်ဆိုတာ ရှိတယ်၊ အဲဒီ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို ပယ်နိုင်ဘို့ရန် ဖြစ်တဲ့ကျင့်စဉ်ကို မကျင့်မူ၍ အဲဒီ လမ်းစဉ်ကို မရောက်မူ၍ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးလို့ခေါ်တဲ့ သက္ကာယဒိဋ္ဌိ,

http://www.dhammadownload.com

ဝိတက္ကဲ,သီလဗ္ဗတပရာမာသ,ကာမရာဂ,ဗျာပါဒ ဆိုတဲ့ တရား ၅-မျိုး ကို သိတယ်,မြင်တယ်,ပယ်နိုင်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ ဆိုလိုတာ က တရားအားမထုတ်ဘဲနဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရနိုင်တယ်ဆိုတာ ဖြစ် နိုင်ပါမလား- မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရတယ်ဆိုတာ ဖြစ်နိုင်သတဲ့လား၊ (မဖြစ်နိုင်ပါဘုရား)။ မဖြစ်နိုင်ဘူးတဲ့၊ ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားက—

သစ်ပင်ဖြတ်ရာ၌ ဥပမာ

''သေယျထာပိ အာနန္ဒ မဟတော ရုက္ခဿ တိဋ္ဌတော သာရဝတော တစံ အစ္ဆေတွာ ဖေဂ္ဂုံ အစ္ဆေတွာ သာရစ္ဆေဒေါ ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ''၊ ဝေမေဝခေါ(ပ)နေတံဌာနံ ဝိဇ္ဇတိ။

အာနန္ဒ၊ ငါဘုရား၏ ချစ်သားလိမ္မာ အာနန္ဒာ။ သေယျထာပိ၊ လောကတန္တုံ ပုံစံပြု၍ နှိုင်းရှုဘိုရာ ဥပမာပြုရပါမူကား။ မဟ- တော၊ ကြီးစွာသော။ တိဋ္ဌတော၊ တည်သော။ သာရဝတော၊ အနှစ်နဲ့ ပြည့်စုံသော။ ရုက္ခဿ၊ သစ်ပင်၏။ တစံ၊ အခွံကို။ အစ္ဆေတွာ၊ မဖြတ်မူ၍။ ဖေဂ္ဂုံ၊အကာကို။ အစ္ဆေတွာ၊မဖြတ်မူ၍။ သာရစ္ဆေဒေါ၊ အနှစ်ကို ဖြတ်ခြင်းသည်။ဘဝိဿတီတိ၊ဖြစ်လတ္တံ့ ဟူ။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိယထာ၊ မရှိနိုင် သကဲ့သို့။

အင်မတန်ကြီးလှတဲ့သစ်ပင်ကြီးကို အနှစ်နဲ့ ပြည့်စုံတဲ့ သစ်ပင်ကြီးကို အခွံကိုမဖြတ်ဘဲနဲ့ အကာကို မဖြတ်ဘဲနဲ့ အနှစ်ကို ဖြတ်တယ်ဆိုတာ ဖြစ်နိုင်ပါမလား၊ အဲတာ မဖြစ်နိုင်သလိုဘဲ—

ဝေမေဝ၊ပုံစံနှိုင်းယှ ဤအတူသာလျှင်။ ပဉ္စန္နံ၊ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံသံယောဇနာနံ၊ ဩရမ္ဘာဂိယသံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ။ ယောမဂ္ဂေါ၊ အကြင်လမ်းစဉ်သည်။ ယာပဋိပဒါ၊ အကြင်ကျင့်စဉ်သည်။ အတ္ထိ၊ ရှိ၏။ တံမဂ္ဂံတံပဋိပဒံ၊ ထိုလမ်းစဉ် ထိုကျင့်စဉ်ကို။ အနာဂမ္မ၊ မသက်ရောက်မူ၍။ပဉ္စန္နံ၊ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုး တို့ကို။ ဉဿတိဝါ၊သိသည်ဟူ၍ရင်း။ ဒက္ခတိဝါ၊ မြင်သည်ဟူ၍

http://www.dhammadownload.com

ဥင်း။ ပဇဟိဿတိဝါ၊ ပယ်စွန့်နိုင်သည် ဟူ၍ဥင်း။ ဇတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်။

ချစ်သား အာနန္ဒာတဲ့၊ သြရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ကို ပယ်နိုင်ဘို့ရန် အတွက် ကျင့်စဉ်လမ်းစဉ်ဆိုတာ ရှိတယ်၊ ထိုကျင့်စဉ် လမ်းစဉ်ကို မကျင့်မူ၍ သြရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို သိတယ်, မြင်တယ်, ပယ်နိုင်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဥပမာအားဖြင့် ကြီးစွာသော သစ်ပင်ကြီးကို အနှစ်နဲ့ပြည့်စုံတဲ့ သစ်ပင်ကြီးကို အကာကို မဖြတ်ဘဲနဲ့ အခုံကို မဖြတ်ဘဲနဲ့ အနှစ်ကို ဖြတ်တယ်ဆိုတာ မဖြစ်နိုင်သလိုဘဲတဲ့။

လမ်းစဉ်ကိုကျင့် သံယောဇဉ်ကိုသိ

"ယော စခေါ အာနန္ဒ မဂ္ဂေါ ယာပဋိပဒါ ပဉ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာယ၊ တံမဂ္ဂံ တံပဋိပဒံ အာဂမ္မ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ ဉဿတိဝါ ဒက္ခတိဝါ ပဇဟိဿတိဝါတိ ဌာနမေတံ ဝိဇ္ဇတိ။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ ပဉ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ၊ သြရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ။ ယောမဂ္ဂေါ၊ အကြင်လမ်းစဉ်သည်။ ယာပဋိပဒါ၊ အကြင်ကျင့်စဉ်သည်။အတ္ထိ၊ရှိ၏။ တံမဂ္ဂံ တံပဋိပဒံ၊ ထိုလမ်းစဉ် ထိုကျင့်စဉ်ကို။ အာဂမ္မ၊ ကျင့်၍။ ဝါ၊ သက်ရောက်၍။ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ၊ သြရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးတို့ကို။ ဉဿတိဝါ၊ သိမှုလည်းသိအံ့ဟူ၍ဥင်း။ ဒက္ခတိဝါ၊ မြင်မှုလည်း မြင်အံ့ဟူ၍ဥင်း။ ပဇဟိဿတိဝါ၊ ပယ်စွန့်နိုင်အံ့မှုလည်း ပယ်စွန့်နိုင်အံ့ဟူ၍ဥင်း။ ဇတံဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ဖြစ်နိုင်တယ်။

သြရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ကို ပယ်နိုင်ဘို့ရန်အတွက် လမ်းစဉ် ကျင့်စဉ်ဆိုတာ ရှိတယ်တဲ့၊ အဲဒီ လမ်းစဉ်ကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသည် သြရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို သိတယ်, မြင်တယ်, ပယ်နိုင်တယ်ဆိုတာဟာ ဖြစ်နိုင်တယ်တဲ့။

http://www.dhammadownload.com

ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ,ကာမရာဂ,ဗျာပါဒ ဆိုတဲ့ တရား ၅-မျိုး ကို သိတယ်,မြင်တယ်,ပယ်နိုင်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ ဆိုလိုတာ က တရားအားမထုတ်ဘဲနဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား- မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရတယ်ဆိုတာ ဖြစ်နိုင်သတဲ့လား၊ (မဖြစ်နိုင်ပါဘုရား)။ မဖြစ်နိုင်ဘူးတဲ့၊ ဘုန်းတော်သခင် ရှင်တော် မြတ်ဘုရားက—

သစ်ပင်ဖြတ်ရာ၌ ဥပမာ

"သေယျထာပိ အာနန္ဒ မဟတော ရုက္ခဿ တိဋ္ဌတော သာရဝတော တစံ အစ္ဆေတွာ ဖေဂ္ဂုံ အစ္ဆေတွာ သာရစ္ဆေဒေါ ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"၊ ဧဝမေဝခေါ(ပ)နေတံဌာနံ ဝိဇ္ဇတိ။

အာနန္ဒ၊ ငါ့ဘုရား၌ ခစားလိမ္မာ အာနန္ဒာ။ သေယျထာပိ၊ လောကတန္တုံ ပုံစံပြု၍ နှိုင်းရှုဘို့ရာ ဥပမာပြရပါမူကား။ မဟတော၊ ကြီးစွာသော။ တိဋ္ဌတော၊ တည်သော။ သာရဝတော၊ အနှစ်နဲ့ ပြည့်စုံသော။ ရုက္ခဿ၊ သစ်ပင်၏။ တစံ၊ အခွံကို။ အစ္ဆေတွာ၊ မဖြတ်မူ၍။ ဖေဂ္ဂုံ၊အကာကို။ အစ္ဆေတွာ၊မဖြတ်မူ၍။ သာရစ္ဆေဒေါ၊ အနှစ်ကို ဖြတ်ခြင်းသည်။ဘဝိဿတီတိ၊ဖြစ်လတ္တံ့ ဟူ။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိယထာ၊ မရှိနိုင် သကဲ့သို့။

အင်မတန်ကြီးလှတဲ့သစ်ပင်ကြီးကို အနှစ်နဲ့ ပြည့်စုံတဲ့ သစ်ပင်ကြီးကို အခွံကိုမဖြတ်ဘဲနဲ့ အကာကို မဖြတ်ဘဲနဲ့ အနှစ်ကို ဖြတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ အဲတာ မဖြစ်နိုင်သလိုဘဲ—

ဧဝမေဝ၊ပုံစံနှိုင်းယှဉ် ဤအတူသာလျှင်။ ပဉ္စန္နံ၊ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံသံယောဇနာနံ၊ ဩရမ္ဘာဂိယသံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ။ ယောမဂ္ဂေါ၊ အကြင်လမ်းစဉ်သည်။ ယာပဋိပဒါ၊ အကြင်ကျင့်စဉ်သည်။ အတ္ထိ၊ ရှိ၏။ တံမဂ္ဂံတံပဋိပဒံ၊ ထိုလမ်းစဉ် ထိုကျင့်စဉ်ကို။ အနာဂမ္မ၊ မသက်ရောက်မူ၍။ပဉ္စန္နံ၊ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုး တို့ကို။ ဉဿတိဝါ၊သိသည်ဟူ၍ငှင်း။ ဒက္ခတိဝါ၊ မြင်သည်ဟူ၍

http://www.dhammadownload.com

ရင်း။ ပဇဟိဿတိဝါ၊ ပယ်စွန့်နိုင်သည် ဟူ၍ရင်း။ ဇေတံဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်။

ချစ်သား အာနန္ဒာတဲ့၊ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ကို ပယ်နိုင်ဘို့ရန် အတွက် ကျင့်စဉ်လမ်းစဉ်ဆိုတာ ရှိတယ်၊ ထိုကျင့်စဉ် လမ်းစဉ်ကို မကျင့်မူ၍ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို သိတယ်, မြင်တယ်, ပယ်နိုင်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဥပမာအားဖြင့် ကြီးစွာသော သစ်ပင်ကြီးကို အနှစ်နဲ့ပြည့်စုံတဲ့ သစ်ပင်ကြီးကို အကာကို မဖြတ်ဘဲနဲ့ အခုံကို မဖြတ်ဘဲနဲ့ အနှစ်ကို ဖြတ်တယ်ဆိုတာ မဖြစ်နိုင်သလိုဘဲတဲ့။

လမ်းစဉ်ကိုကျင့် သံယောဇဉ်ကိုသိ

"ယောစခေါ အာနန္ဒ မဂ္ဂေါ ယာပဋိပဒါ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာယ၊တံမဂ္ဂံ တံပဋိပဒံ အာဂမ္မ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ ဉဿတိဝါ ဒက္ခတိဝါ ပဇဟိဿတိဝါတိ ဌာနမေတံ ဝိဇ္ဇတိ။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ကို။ ပဟာနာယ၊ ပယ်နိုင်ခြင်းငှါ။ ယောမဂ္ဂေါ၊ အကြင်လမ်းစဉ်သည်။ ယာပဋိပဒါ၊ အကြင်ကျင့်စဉ်သည်။အတ္ထိ၊ရှိ၏။ တံမဂ္ဂံ တံပဋိပဒံ၊ ထိုလမ်းစဉ် ထိုကျင့်စဉ်ကို။ အာဂမ္မ၊ ကျင့်၍။ ဝါ၊ သက်ရောက်၍။ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ၊ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးတို့ကို။ ဉဿတိဝါ၊ သိမှုလည်းသိအံ့ဟူ၍ရင်း။ ဒက္ခတိဝါ၊ မြင်မှုလည်း မြင်အံ့ဟူ၍ရင်း။ ပဇဟိဿတိဝါ၊ ပယ်စွန့်နိုင်အံ့မှုလည်း ပယ်စွန့်နိုင်အံ့ဟူ၍ရင်း။ ဇေတံဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ဖြစ်နိုင်တယ်။

ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ကို ပယ်နိုင်ဘို့ရန်အတွက် လမ်းစဉ် ကျင့်စဉ်ဆိုတာ ရှိတယ်တဲ့၊ အဲဒီ လမ်းစဉ်ကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသည် ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးကို သိတယ်, မြင်တယ်, ပယ်နိုင်တယ် ဆိုတာဟာ ဖြစ်နိုင်တယ်တဲ့။

http://www.dhammadownload.com

အခွန်အကာကိုဖြတ် အနှစ်ပါပြတ်ပုံ ဥပမာ

"သေယျထာပိ အာနန္ဒ မဟတော ရုက္ခဿ တိဋ္ဌတော သာရဝတော တစံ ဆေတွာ ဖေဂ္ဂုံ ဆေတွာ သာရစ္ဆေဒေါ ဘဝိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ"။

ချစ်သားအာနန္ဒာတဲ့—ဥပမာအားဖြင့် အနှစ်နဲ့ပြည့်စုံတဲ့ အင်မတန်ကြီးကျယ်တဲ့သစ်ပင်ကြီးကို အခွံတွေ အကာတွေကို ဖြတ်ပြီးတော့မှ အနှစ်ကို ဖြတ်တယ်ဆိုတာ ဖြစ်နိုင်သလို အဲဒီ ဥပမာမျိုးလိုဘဲ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးလို့ခေါ်တဲ့ "သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ,ကာမရာဂ,ဗျာပါဒ" ခေါ်တဲ့ တရား ၅-မျိုးတို့ကို ပယ်နိုင်ဘို့ရန်အတွက် ကျင့်စဉ် လမ်းစဉ်ဆိုတာရှိတယ်၊ အဲဒီကျင့်စဉ်လမ်းစဉ်ကို သက်ရောက်သောအားဖြင့် "သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ ကာမရာဂ,ဗျာပါဒ" တွေကို သိနိုင်တယ် မြင်နိုင်တယ် ပယ်နိုင်တယ် ဆိုတာတွေ ဖြစ်နိုင်တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောတယ်။

ဥပမာ တနည်း

"သေယျထာပိ အာနန္ဒ ဂင်္ဂါနဒီ ပူရာ ဥဒကဿ သမတိတ္တိကာ ကာကပေယျာ၊ အထ ဒုဗ္ဗလကော ပုရိသော အာဂစ္ဆေယျ"။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဂင်္ဂါနဒီ၊ ဂင်္ဂါမြစ်သည်။ ဥဒကဿ၊ ရေဖြင့်။ ပူရာ၊ ပြည့်နေတယ်။ သမတိတ္တိကာ၊ ကမ်းနဲ့အညီအမျှ ရေတွေပြည့်နေတယ်။ ကာကပေယျာ၊ ကမ်းပေါ်မှနေပြီး ကျီးကန်းငုံ့သောက်နိုင်တယ်။အထ၊အဲဒီလိုဂင်္ဂါမြစ်ရေပြည့်နေတဲ့ထိုအခါ၌။ ဒုဗ္ဗလကော၊ အားနည်းသော။ ပုရိသော၊ ယောကျ်ားသည်။ (အင်မတန်အားခွန်ဗလသေးငယ်တဲ့ယောကျ်ားတယောက်က) "အဟံ ဣမိဿာ ဂင်္ဂါယ နဒိယာ တိရိယံ ဗာဟာယ သောတံ ဆေတွာ သောတ္ထိနာ ပါရံ ဂစ္ဆိဿာမိ"။အဟံ၊ ငါသည်။ ဣမိဿာဂင်္ဂါယနဒိယာ၊ ဤရေပြည့်နေတဲ့ ဂင်္ဂါမြစ်၌။တိရိယံ၊ဖီလာ

http://www.dhammadownload.com

ကန့်လန့်။ ဗာဟာယ၊ လက်ရုံးဖြင့်။ သောတံ၊ ရေအလျဉ်ကို။ ဆေတွာ၊ ဖြတ်၍။ သောတ္ထိနာ၊ ချမ်းသာစွာ။ ပါရံ၊ တဘက်ကမ်းသို့။ ဂစ္ဆိဿာမိတိ၊ သွားအံ့ဟူ၍။ အာဂစ္ဆေယျ၊ ရောက်လာတယ် သိုပါတော့။

ဒီလူကူးနိုင်ပါ့မလား။ (မကူးနိုင်ပါဘုရား)။ ဘာဖြစ်လို့လဲ အားနဲလို့၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နားလည်တယ် နော်။

"သော နသက္ကုဏေယျ ဂင်္ဂါယ နဒိယာ တိရိယံ ဗာဟာယ သောတံ ဆေတွာ သောတ္ထိနာ ပါရံ ဂန္တုံ"။

သော၊ ထိုအားနဲတဲ့ အမျိုးကောင်းသားသည်။ဣမိဿာဂင်္ဂါ ယနဒိယာ၊ဤရေတွေပြည့်နေတဲ့ ဂင်္ဂါမြစ်၌။ တိရိယံ၊ ဖီလာကန့် လန့်။ဗာဟာယ၊လက်ရုံးဖြင့်။ သောတံ၊ ရေအလျဉ်ကို။ ဆေတွာ၊ ဖြတ်၍။ပါရံ၊တဘက်ကမ်းသို့။ သောတ္ထိနာ၊ချမ်းသာသဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ နသက္ကုဏေယျ၊ မစွမ်းနိုင်ဘူး။

"ဧဝမေဝ ခေါ အာနန္ဒ ယေသံ ကေသံစိ သက္ကာ-ယ နိရောဓာယ ဓမ္မေ ဒေသိယမာနေ စိတ္တံ နပက္ခ-န္ဒတိ နပ္ပသီဒတိ နသန္တိဋ္ဌတိ နဝိမုစ္စတိ၊ သေယျထာပိ သော ဒုဗ္ဗလကော ပုရိသော ဧဝမေတေ ဒဋ္ဌဗ္ဗာ"။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ ဧဝမေဝ၊ ဤအတူ သာလျှင်။ ခေါ၊ ဤလောက၌။ ယေသံ ကေသံစိ၊ အချို့ကုန်သော ပုဂ္ဂိုလ်တို့အား။ သက္ကာယနိရောဓာယ၊ သက္ကာယချုပ်ငြိမ်း ခြင်းငှါ။ ဓမ္မေ၊ တရားတော်ကို။ ဒေသိယမာနေ၊ ဟောတော် မူအပ်သည်ရှိသော်။ (သက္ကာယ၊ ချုပ်ငြိမ်းကြောင်း ဖြစ်တဲ့ တရားကိုဟောရင်။) ယေသံ ကေသံစိ၊ အကြင် အချို့ကုန်သော ပုဂ္ဂိုလ်တို့၏။ စိတ္တံ၊ စိတ်သည်။ နပက္ခန္ဒတိ၊ အဲဒီ တရားထဲ့ မတည်ဘူး မသက်ဝင်ဘူး။ နပ္ပသီဒတိ၊ ဒီတရားမျိုးကို မကြည်ညိုဘူး။ နသန္တိဋ္ဌတိ၊အဲဒီတရားမျိုး၌ စိတ်ကမတည်ဘူး။ နဝိမုစ္စတိ၊ ဒီတရားမျိုးကျတော့ နှလုံးမသွင်း မမှတ်မိဘူး။

http://www.dhammadownload.com

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အားမထုတ်တဲ့ ဒီလို ပုဂ္ဂိုလ်မျိုးကို ဘုန်းတော်သခင် ရှင်တော်ဘုရားက ခုန ဂင်္ဂါမြစ်ကို ဖြတ်ကူးမယ်ဆိုတဲ့ အားသေးတဲ့လူနဲ့ တူတယ်တဲ့။

''သေယျထာပိ သော ဒုဗ္ဗလကော ပုရိသော
ဧဝမေတေ ဒဋ္ဌဗ္ဗာ''။

သေယျထာပိ သော ဒုဗ္ဗလကော ပုရိသော၊ ထိုအားနဲ့သော ယောကျ်ားကဲ့သို့။ ဧဝံ၊ ဤအတူ။ ဧတေ၊ ထိုသူ၊ ဤ ဝါတရား အားနဲ့သော ပုဂ္ဂိုလ်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ အားနဲ့တော့ သူက မကူး နိုင်ဘူး။

''သေယျထာပိ အာနန္ဒ ဂင်္ဂါနဒီ ပူရာဥဒကာ
သမတိတ္တိကာ ကာကပေယျာ၊ အထ ဗလဝါ ပုရိ-
သော အာဂစ္ဆေယျ အဟံ ဣမိဿာ ဂင်္ဂါယ နဒိယာ
တိရိယံ ဗာဟာယ သော တံ ဆေတွာ သောတ္ထိနာ
ပါရံ ဂစ္ဆိဿာမီတိ''။

ဂင်္ဂါမြစ်ကရေတွေ ပြည့်နေတယ်၊ ကမ်းနဲ့အညီအမျှ ဖြစ်နေတယ်၊ ကျီးကန်းအပေါ်ကငုံ့ပြီး သောက်နိုင်တယ်၊ အဲသလောက်ရေတွေပြည့် နေတဲ့ ဂင်္ဂါမြစ်ကြီးကို အင်မတန်အားခွန်ဗလနဲ့ ပြည့်စုံတဲ့ အမျိုး ကောင်းသား တယောက်က လာပြီးတော့ ''ငါသည် ဒီရေတွေပြည့်နေတဲ့ ဂင်္ဂါမြစ်ရဲ့ ဟိုဘက်ကမ်းကို လက်ပစ်ဖြတ်ကူးမယ်''ဆိုရင် ဒီလူမကူး နိုင်ဘူးလား၊ (ကူးနိုင်ပါတယ်ဘုရား)။ ဘာဖြစ်လို့လဲ အားရှိလို့။

''သော **သက္ကုဏေယျ** ဂင်္ဂါယ နဒိယာ တိရိယံ
ဗာဟာယ သောတံ ဆေတွာ သောတ္ထိနာ ပါရံ
ဂန္တုံ''။

သော၊ ထိုအားရှိတဲ့ **အမျိုးကောင်းသားသည်။** ဣမိဿာ ဂင်္ဂါယနဒိယာ၊ ဤ**ဂင်္ဂါမြစ်၏။** တိရိယံ၊ **ဖီလာ။ ဗာဟာယ၊ လက်ရုံး ဖြင့်။ သောတံ၊ ရေအယဉ်ကို။ ဆေတွာ၊ ဖြတ်၍။ သောတ္ထိနာ၊ ချမ်း**

http://www.dhammadownload.com

သာသဖြင့်။ ပါ၊ ဟာကာက ၊ ဂန္တွာ၊ ကူးမြောက်ခြင်းငှါ။ သက္ကုဏောယျ၊ စွမ်းနိုင်ရာ၏။

ဧဝမေဝ ခေါ အာနန္ဒ ယေသံ ကေသံစိ သက္ကာယ နိရောဓာယ ဓမ္မေ ဒေသိယမာနေ စိတ္တံ ပက္ခန္ဒတိ ပသီဒတိ သန္တိဋ္ဌတိ ဝိမုစ္စတိ၊ သေယျထာပိ သော ဗလဝါ ပုရိသော ဧဝမေတေ ဒဋ္ဌဗ္ဗာ''။

ချစ်သားအာနန္ဒာ....အချို့အချို့သော ပုဂ္ဂိုလ်များက သက္ကာယကို ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်တဲ့ ဝိပဿနာ တရားမြတ်တွေကို ဟောမယ်ဆိုရင် ထိုတရားမြတ်၌ အင်မတန်ကြည်သိုတယ်၊ အဲဒီတရား၌ စိတ်က တည်ငြိမ်တယ်၊ ဒီတရားကို မှတ်လဲ မှတ်မိတယ်တဲ့၊ အဲဒီလို အားကောင်းတဲ့ ပုဂ္ဂိုလ်တို့သည်သာလျှင် သက္ကာယ ချုပ်ငြိမ်းရာဖြစ်တဲ့ ကျင့်ဝတ် ပဋိပတ်အကျင့်မြတ်ကို ကျင့်သုံးနိုင်ကြတယ်။

လမ်းစဉ်နှင့် ကျင့်စဉ်ဆိုတာ

သက္ကာယတွေ ချုပ်ငြိမ်းဘို့ရန်အတွက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒခေါ်တဲ့ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးတို့ရဲ့ ချုပ်ငြိမ်းကြောင်း လမ်းစဉ်ကျင့်စဉ်ဆိုတာ ဘာလဲ၊ ဘုန်းတော်သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ကိုယ်တော်တိုင် ပုစ္ဆာထုတ်တယ်။

''ကတမော စာနန္ဒ မဂ္ဂေါ ကတမာ ပဋိပဒါ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာယ''။

အာနန္ဒ၊ ငါဘုရား၏ ချစ်သားလိမ္မာ အာနန္ဒာ။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ မဂ္ဂေါ၊ လမ်းစဉ်သည်။ ကတမော၊ အဘယ်နည်း။ ပဋိပဒါ၊ ကျင့်စဉ်သည်။ ကတမာ၊ အဘယ်နည်း။

အဲဒီ ဩရမ္ဘာဂိယ သံယောဇဉ် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒခေါ်တဲ့ တရား ၅-မျိုးတို့ရဲ့ ချုပ်ငြိမ်းရာ

http://www.dhammadownload.com

ချုပ်ငြိမ်းကြောင်းဖြစ်တဲ့ လမ်းစဉ်ကျင့်စဉ်ဆိုတာ ဘာလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိဘို့မလိုဘူးလား၊ (လိုပါတယ်ဘုရား)။လိုတယ်နော်၊ ဘုန်းတော်သခင် သဗ္ဗညု ရှင်တော်မြတ်ဘုရားက ကိုယ်တော်တိုင် ပြန်ပြီးတော့ ဖြေဆိုတော်မူတယ်။

ပဌမစျာန်ဖြစ်ပေါ်ပုံ

"ဣဓာနန္ဒ ဘိက္ခု ဥပဓိဝိဝေကာ အကုသလာနံ ဓမ္မာနံ ပဟာနာ သဗ္ဗသော ကာယဒုဋ္ဌုလ္လာနံ ပဋိပဿဒ္ဓိယာ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။

အာနန္ဒ၊ ငါဘုရား၌ ခစားလိမ္မာ အာနန္ဒာ။ ဣဓ၊ ဤဘုရားသာသနာတော်၌။ ဘိက္ခု၊ သံသရာဝဋ်ဆင်းရဲဘေး တွေးပြီးတော့ ရှုလေ့ရှိတဲ့ ယောကျ်ား,မိန်းမ,ရဟန်း,ရှင်,လူ မည်သူမဆို-သံသရာဝဋ်ဆင်းရဲရဲ့ဘေးကို ရှုလေ့ရှိသော ပုဂ္ဂိုလ်သည်။ "သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု"။ သံသာရေ၊ သံသရာ၌။ ဘယံ၊ ဘေးကို။ ဣက္ခတိ၊ တွေးတော၍ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘိက္ခု၊မည်၏။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ သံသရာရဲ့ဘေးတွေကို တွေးပြီးတော့ရှုတဲ့ ဘိက္ခုထဲပါတယ်နော်၊(မှန်ပါ့ဘုရား)၊ အဲ့ဒီ သံသရာဘေးကို တွေးလေ့ရှိသော ပုဂ္ဂိုလ်သည် ဥပဓိဝိဝေကာ-ဥပဓိတရား ဆိတ်သုဉ်းသည်ဖြစ်၍—

ဥပဓိ ၄-မျိုး

ဥပဓိ ၄-မျိုးရှိတယ်။

(၁) ကာမုပဓိ၊
(၂) ခန္ဓုပဓိ၊
(၃) ကိလေသုပဓိ၊
(၄) သင်္ခါရုပဓိတဲ့။

http://www.dhammadownload.com

အဲဒီ ဥပမိ ၄-မျိုးလဲက ဥပပ်ပ်ပေးတဲ့သိုတာ ကာဂုပပ်ပွေ ကင်းငြိမ်း နေသည်ဖြစ်၍ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ့သိုတဲ့ အာရုံ ၅-ပါး ကာမဂုဏ်အားတွေကို လိုလားတောင့်တတဲ့ စိတ်တွေ ကင်း ငြိမ်းပြီးပေ့ါနေပဲတာကို ဥပမိပဝေကလို့ ခေါ်တယ်။

အကုသ ဓမ္မာနံ၊ အကုသိုလ် တရားတို့ကို။ ပဟာနာ၊ပယ် နိုင်သည်ဖြစ်၍၊ သမ္ဘာသော၊ အချင်းခပ်သိမ်း။ ကာယဒုဋ္ဌုလ္လာ နံ၊ဆန္ဒာကိုယ်၏ ပူရှင်းခြင်းတို့၏။ ပဋိပဿဒ္ဓိယာ၊ ငြိမ်းခြင်း ကြောင့်။ကာမေဟိ၊ကာမဂုဏ်တို့မှ၊ ဝိဝိစ္စေဝ၊ ဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စ၊ ဆိတ်၍ သာလျှင်။ သဝိတက္ကံ၊ ကြံစည်ခြင်းနှင့်တကွဖြစ်သော။ သဝိစာရံ၊ သုံးသပ်ဆင်ခြင်ခြင်းနှင့်တကွဖြစ်သော။ ဝိဝေကဇံ၊ ကာမဂုဏ် တွေ ဆိတ်ငြိမ်ခြင်းကြောင့် ဖြစ်သော၊ ပီတိသုခံ၊ နှစ်သက်ခြင်း, ချမ်းသာခြင်းရှိသော။ပဌမံ ဈာနံ၊ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ကပ်၍။ ဝိဟရတိ၊နေ၏။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ပဌမဈာန်ခန်းလို့ ဆိုတာ သမထဘက်မှာ သမာပိရနေတဲ့ အချိန်လေးမှာ အမျိုးကောင်း သားများ,အမျိုးကောင်းသမီးများရဲ့ အာရုံလေးပေါ်ကို စိတ်ကလေးက တည်ငြိမ်အောင် ထပ်ပြီးတော့ တင်ထားတာကို ဝိတက်လို့ ခေါ်တယ်၊ ဝိညာဏ်,နာမ်,ရုပ် အဲဒါ့ပေါ်ကို အာရုံရောက်နေရင် ဒီဝိညာဏ်,နာမ်, ရုပ်ဆိုတဲ့ အာရုံကို အဖန်ဖန်လဲလဲ သုံးသပ်ဆင်ခြင်နေတာကို ဝိစာရ၊ အဲဒီ ဝိညာဏ်,နာမ်,ရုပ် အာရုံကလေးကို နှစ်သက်နေတာက ပီတိ၊ သုခ၊ အပေါ်မှာ ငြိမ်းပြီးတော့ ခုန မိုဝရဏတို့ ဆိတ်နေတာက သုခလို့ ခေါ်တဲ့ အဲဒီပဌမဈာန်ကိုရောက်နေတဲ့ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများဟာ—

ပဌမဈာန်မှာ ခန္ဓာ ၅-ပါးပါပုံ

''သော ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေ- ဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ''။

http://www.dhammadownload.com

သော၊ ယိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ တက္ကု၊ ထိုပဌမဈာန်သမာပတ် အတွင်း၌။ ယဒေဝရူပဂတံ၊ အကြင်ရုပ်သဘောသည်။ ယဒေဝဝေဒနာဂတံ၊ အကြင်ဝေဒနာသဘောသည်။ ယဒေဝသညာဂတံ၊ အကြင်သညာသဘောသည်။ ယဒေဝ သင်္ခါရဂတံ၊အကြင်သင်္ခါရသဘောသည်။ ယဒေဝဝိညာဏဂတံ၊အကြင်ဝိညာဏ်သဘောသည်။ ဟောတိ၊ ဖြစ်လေ၏။

ဘာဖြစ်နေလဲ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် အဲဒါကို ဝိညာဏ်,နာမ်,ရုပ်ထဲသွင်းလိုက်တော့ ဝိညာဏ်က ဝိညာဏ်၊ ဝေဒနာ, သညာ, သင်္ခါရ ဒီတရားသုံးလုံးကနာမ်၊ ရုပ်ကရုပ် ခန္ဓာငါးပါးကိုပေါင်းလိုက်တော့ ဘာတဲ့လဲ၊ ဝိညာဏ်,နာမ်,ရုပ်၊ တနည်း–စိတ်,စေတသိက်, ရုပ်၊ အဲတာဘဲရှိတယ်။

တော ၁၁-ပါးနဲ့ရှုပုံ

"တေဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတိ"။

အဲဒီ ပဌမဈာန် သမာပတ်အတွင်းမှာရှိနေတဲ့ ရုပ်,ဝေဒနာ,သညာ သင်္ခါရ,ဝိညာဏ်ကို ပေါင်းလိုက်တော့ ဝိညာဏ်, နာမ်,ရုပ်၊ တနည်း– စိတ်,စေတသိက်, ရုပ်၊ ပဌမဈာန် သမာပတ်နဲ့ ပတ်သက်လို့ဟော့ အကျယ်ချဲ့ပြီးတော့ ဟောစရာကလေးတွေ ရှိနေတာဘဲ၊ဒါပေမဲ့ အချိန် ကနဲနေလို့ ရှိပါစေတော့၊ အဲဒီ ဝိညာဏ်, နာမ်,ရုပ် ခေါ်တဲ့ သဘော တရားတွေကို ဘယ်လိုရှုမလဲ၊ ဝိညာဏ်, နာမ်, ရုပ်ကို ဘယ်လိုရှုမလဲ။

အနိစ္စတော၊ အနိစ္စအနေအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲတဲ့ အနေအားဖြင့်။ ရောဂတော၊ရောဂါအနေအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာကြီး အနေအားဖြင့်။ သလ္လတော၊ အမြဲစူးဝင်နေတဲ့ ငြောင့်ကြီးအနေအားဖြင့်။ အဃတော၊ ပင်ပန်းဆင်းရဲတဲ့ အနေ အားဖြင့်။ အာဗာဓတော၊ ကျင်တတ်, နာတတ်သော အနေအား ဖြင့်။ ပလောကတော၊ ပြိုကွန်တတ်ပျောက်တတ်သော အနေ အားဖြင့်။ ပရတော၊ မိမိနဲ့မဆိုင် အခြားတပါးသော အနေ

http://www.dhammadownload.com

အားဖြင့်။ သုညတော၊ ငါ,ငါ့ဥစ္စာဆိုတဲ့ သဘောဟွေ မရှိသော အနေအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ သမနုပဿတိ၊ ရှုရှုနေ၏။

တော ၁၁-တောနဲ့ လက္ခဏာရေး သုံးပါး

ခုနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ ရှုနေတဲ့ ဝိပဿနာဉာဏ် ရောက်လာပြီ ဘယ်လိုရှုလဲ၊ ခုပြောလိုက်တဲ့ တော ပေါင်း (၁၁) တောမှာ အနိစ္စတောရယ် ပလောကတောရယ်ဆိုတာက အနိစ္စလက္ခဏာကို ပြတယ်။

ဒုက္ခတော, ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတော ဆိုတဲ့ တော (၆) တောက ဒုက္ခလက္ခဏာကို ပြတယ်။

ပရတောရယ်, သုညတောရယ်, အနတ္တတောရယ် အဲဒီ သုံးတောကတော့ အနတ္တလက္ခဏာကို ပြတယ်။

ခုပြောလိုက်တဲ့ တော (၁၁) တောကို ပေါင်းလိုက်ရင် အနိစ္စ,ဒုက္ခ, အနတ္တ အဲဒီ တရားတွေကို ရှုနေတယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ သက်သာတာ ကြိုက်သလား မသက်သာတာ ကြိုက်သလား၊ (သက်သာတာ ကြိုက်ပါတယ်ဘုရား)။

အခု ဝိညာဏ်,နာမ်,ရုပ်ကို ရှုနေရတော့ သက်သာတာ တွေ့သလား မသက်သာတာ တွေ့သလား၊ (မသက်သာတာ တွေ့ပါတယ်ဘုရား)။

အနိစ္စတရား အနေအားဖြင့် တွေ့နေတဲ့အခါမှာလဲ မသက်သာဘူး၊ ဒုက္ခတရားအနေအားဖြင့် တွေ့နေတဲ့အခါမှာလဲ မသက်သာဘူး၊ အနတ္တ အနေအားဖြင့် တွေ့နေတဲ့အခါမှာလဲ မသက်သာဘူး၊ မသက်သာတော့ ဒီစိတ်က ဘယ်လိုဖြစ်လာလဲ ဖြစ်တယ်, ပျက်တယ် ဆိုတဲ့ ဘက်က လွတ်ငြိမ်းတော့ ဘာဖြစ်လာလဲလို့ ဆိုတော့—

အမြင်မှန်ကိုရတော့ ဖြစ်ပျက်ကိုခွါ

"သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ"။

သော၊ ထိုဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား, အမျိုး**ကောင်းသမီးသည်**။ တေဟိဓမ္မေဟိ၊ ထိုဝိညာဏ်, နာမ်, ရုပ်

http://www.dhammadownload.com

လို့ ခေါ်တဲ့ ဖြစ်ပျက်သဘောတရားမှ။ စိတ္တံ၊စိတ်ကို။ ပဋိဝါပေ-တိ၊ ဖဲခွာ၍လာခဲ့၏။

အဲဒီဝိညာဏ်, နာမ်,ရုပ်က စိတ်ကခွါလာခဲ့ပြီး (ဒီအကွက်ကတော့ ဖြင့် တညကိုသတ်သတ်ပြောဘို့ ကောင်းတဲ့အကွက်ပါ၊ဒါပေမဲ့ ရှိပါစေတော့ နောင်အကြောင်းသင့်ကာမှပေါ့။)

"သော ဣမေဟိ ဓမ္မေဟိ ပဋိဝါပေတွာ အမတာယ ဓါတုယာ စိတ္တံ ဥပသံဟရတိ"။

ဖဲခွါပြီးတော့ ဘယ်သွားသလဲသူက၊ သော၊ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ဣမေဟိဓမ္မေဟိ၊ ထိုအနိစ္စ,ဒုက္ခ,ဝိပရိဏာမ ဖြစ်နေတဲ့ တရားတို့မှ။ စိတ္တံ၊ စိတ်ကို။ပဋိဝါပေတွာ၊ဖဲခွါပြီးတော့။အမတာယ ဓါတုယာ၊ အမတဓါတ်၌။ ဝါ၊ မဖြစ်တဲ့ မပျက်တဲ့သဘော၌။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပသံဟရတိ၊ ပူးကပ်၍ပေးလိုက်၏။

အဲဒီစိတ်ကိုခွါလာခဲ့ပြီး ခုနဝိညာဏ်,နာမ်,ရုပ်ဆိုတဲ့ စိတ်,စေတသိက်, ရုပ်ကနေပြီးတော့ ကွာလာတဲ့ဖြစ်တဲ့သဘော, ပျက်တဲ့သဘောကို ကြည့်ပြီးတော့ နောက်ဆုတ်, နောက်ဆုတ်ခွါလာခဲ့ပြီးတော့ မဖြစ်တဲ့သဘော, မပျက်တဲ့သဘောကို စိတ်ကတခါထဲ ဝိပဿနာစိတ်က ပြေးပြီးတော့ ပူးလိုက်တယ် ဘယ်လိုပူးလိုက်သလဲ လို့ဆိုတော့။

ဖြစ်ပျက်ကွာတော့ နိဗ္ဗာန်သို့ကပ်နိုင်

"ဧတံ သန္တံ ဧတံ ပဏီတံ"။

ဧတံ၊ ဤမဖြစ်တဲ့သဘော, မပျက်တဲ့သဘောသည်၊ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤမဖြစ်တဲ့သဘော, မပျက်တဲ့သဘောသည်။ ပဏီတံ၊ မွန်မြတ်၏။

"ယဒိဒံ သဗ္ဗသင်္ခါရသမထော **သဗ္ဗူ**ပဓိပဋိနိဿ-ဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ **နိရောဓော** နိဗ္ဗာန်"။

ယဒိဒံ၊ ငြိမ်သက်ခြင်းရဲ့ အကြောင်းကား။ သဗ္ဗသင်္ခါရသ-မထော၊ အလုံးစုံသော ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ သင်္ခါရတရားတွေ အကုန်လုံးငြိမ်း၏။(အလုံးစုံသောပြုပြင်မှုတွေ အကုန်လုံးငြိမ်းတယ်။)သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ ကာမုပဓိ ခန္ဓူပဓိ စသော

http://www.dhammadownload.com

အားလုံးသော ဥပမ်တရားတို့ကို အကုန်လုံးစွန့်လွှတ် ရသည်ဖြစ်၍။ တဏှာက္ခယော၊ တဏှာကုန်ရာဖြစ်၍။ ဝိရာဂေါ၊ တဏှာကင်းရာဖြစ်၍။ နိရောဓော၊ တဏှာချုပ်ရာဖြစ်၍။ နိဗ္ဗာနံ၊ တဏှာငြိမ်းရာဖြစ်၍။ ဣတိ၊ ဤသို့။ ဥပသံဟရတိ၊ ပြေးပြီးတော့ စိတ်ကပူးလိုက်၏။

လွှတ်သွားပုံလေးကြည့် မဂ်ဉာဏ်ရောက်တယ်ဆိုတာ အဲဒီလိုရောက်ကာဂျိုးသဲ။

"သော တတ္ထ ဋ္ဌိတော အာသဝါနံ ခယံ ပါပုဏာတိ"။

သော၊ ထိုအမျိုးကောင်းသားသည်။ တတ္ထ၊ ထိုဝိပဿနာစိတ်၌။ ဋ္ဌိတော၊ တည်လျက်။ (အဲ့တာ ဘာဖြစ်လို့ ဒီလိုပေးသလဲ အဋ္ဌကထာက သော တတ္ထ ဋ္ဌိတောကို ဘယ်နဲ့ဖွင့်ထားသလဲ။ "သော တတ္ထ ဋ္ဌိတောတိ တာယ လက္ခဏာရမ္မဏိကဝိပဿနာယ ဋ္ဌိတော"လို့ ဖွင့်ထားတယ်။ တတ္ထ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာဉာဏ်၌။ ဋ္ဌိတော၊ တည်လျက်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ အာသဝေါတွေ ကုန်တယ်တဲ့။

အာသဝေါမကုန်က သုဒ္ဓါဝါသဘုံရောက်

နောစေ အာသဝါနံ ခယံ ပါပုဏာတိ။

အကယ်၍ အာသဝေါတရားတွေ မကုန်ဘူးဆိုရင်—

"တေနေဝ ဓမ္မရာဂေန တာယ ဓမ္မနန္ဒိယာ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိကော ဟောတိ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ"။

တာယ ဓမ္မနန္ဒိယာ တေနေဝ ဓမ္မရာဂေန၊ ထိုတရား၌ နှစ်သက်ခြင်းတည်းဟူသော **ဓမ္မရာဂ ဓမ္မနန္ဒီဖြင့်**။ ပဉ္စန္နံ၊ ငါးပါးကုန်**သော**။ **ဩရမ္ဘာဂိယာနံ သံယောဇနာနံ**၊ ဩရမ္ဘာဂိယ သံယောဇဉ်

http://www.dhammadownload.com

တို့၏၊ ပရိက္ခယာ၊ ကုန်ခန်းခြင်းကြောင့်။ ဩပပါတိကော၊ သုဒ္ဓါဝါသဘုံ၌ ဥပပါတ် ပဋိသန္ဓေနေရသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသုဒ္ဓါဝါသဘုံ၌။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်ပြုရ၏။ တသ္မာလောကာ အနာဝတ္တိဓမ္မော၊ ထိုသုဒ္ဓါဝါသဘုံမှ ကာမဘုံသို့ ပြန်လည်ခြင်းသဘော မရှိသည်ဖြစ်၍။

သုတ္တန် နိဂုံး

"အယမ္ပိ ခေါ အာနန္ဒ မဂ္ဂေါ အယံ ပဋိပဒါ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာယ"။

အာနန္ဒ၊ ငါဘုရား၏ ချစ်သားလိမ္မာ အာနန္ဒာ။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ အယမ္ပိ၊ ဤသည်ပင်လျှင်။ မဂ္ဂေါ၊ လမ်းစဉ်ပေတည်း။ အယမ္ပိ၊ ဤသည်ပင်လျှင်။ ပဋိပဒါ၊ ကျင့်စဉ်ပေတည်း။

ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်မှာ ဒီအတိုင်းဘဲဟောပြီးတော့ အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန် ထိအောင် အဲသလိုဘဲ ဘုန်းတော်ဘာဂ် သဗ္ဗညုဘုရားရှင်က ဟောတော်မူပြီးတော့ ပဋိပဒါ ၄-ပါးကို ပြတော်မူပါသည်။

ဝိမုတ္တိ ၂-မျိုး

အဿ ဣဒ္ဓရဟိ ဗုဒ္ဓေကာဒေ့ ဘိက္ခု စေတော ဝိမုတ္တိ နော စကာစွေ ဘိက္ခု ပညာဝိမုတ္တိနော၊

ရှင်အာနန္ဒာက ဘုရားကို ပုစ္ဆာမေးတယ်၊ အရှင်ဘုရား အဲဒီလို သမထကနေပြီး ဝိပဿနာဘက်ကို ကူးပြောင်းပြီးတော့ ရှုတဲ့ အနေမျိုးနဲ့သာ ဒီလိုရှုသွားမယ်ဆိုရင်, ဒါဟာ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးတို့၏ ကုန်ခန်းရာ လမ်းစဉ်ဆိုရင် ဒီသာသနာတော်၌ အချို့ကုန်သော ပုဂ္ဂိုလ်တို့က စေတောဝိမုတ္တိ-စိတ်ကိုင်ကြယ်အောင် ပြုလုပ်ပြီး

http://www.dhammadownload.com

တော့မှ ကိလေသာတို့မှ လွတ်တော်မူကြတယ်၊ အချို့ပုဂ္ဂိုလ်တွေမှာ ပညာဝိမုတ္တိ- ပညာသက်သက်ဖြင့် ကိလေသာမှ လွတ်မြောက်တော်မူကြတယ်၊ ပညာဝိမုတ္တိပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်၊ ဒါဘယ်အကြောင်းကြောင့် ဘာလဲဘုရားလို့ လျှောက်တယ်။

ဒီနေရာမှာ အဋ္ဌကထာပြပါတယ်၊ သမထကို အကြီးအမှူး အဦးပြုပြီးတော့ ကိလေသာလွတ်မြောက်တဲ့ ပုဂ္ဂိုလ်က စေတောဝိမုတ္တိပါတဲ့၊ ဝိပဿနာကို အကြီးအမှူးအဦးပြုပြီးတော့ ကိလေသာ လွတ်မြောက်တဲ့ ပုဂ္ဂိုလ်က ပညာဝိမုတ္တိ ပုဂ္ဂိုလ်ပါတဲ့၊ ဒါတော့ဖြင့် ရှင်းနေသားဘဲ နောက်ပြီးရှင်အာနန္ဒက သမထ ဝိပဿနာစုံတွဲပြီးတော့ သွားတဲ့ ယုဂနဒ္ဓ နည်းနဲ့ရှုတဲ့ ပုဂ္ဂိုလ်တွေသည်ပင်လျှင် အချို့ကစေတောဝိမုတ္တိ,အချို့က ပညာဝိမုတ္တိ ဖြစ်တာ ဘာကြောင့်ပါလဲဘုရားလို့ လျှောက်တယ်၊ အဲဒီတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘာဖြေတော်မူလဲလို့ ဆိုတော့—

> "ဧတ္ထ ခေါ ပနေသာဟံ အာနန္ဒ ဣန္ဒြိယ ဝေမတ္တတံ ဝဒါမိ"။

> အာနန္ဒ၊ ငါဘုရား၏ ခစားလိမ္မာ အာနန္ဒာ။ ဧတ္ထ၊ ဤကဲ့သို့ ပုဂ္ဂိုလ် ၂-ပါး ကွဲပြားရာ၌။ သောဟံ၊ ထိုငါဘုရားသည်။ ဣန္ဒြိယ ဝေမတ္တတံ၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေဆိုတဲ့ ဣန္ဒြေ တွေရဲ့ ထူးခြားချက်ရှိသည်၏ အဖြစ်ကို။ ဝဒါမိ၊ ဟောတော်မူ၏။

ဒီနေရာမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ကို ကြည့်ပါတဲ့၊ အဲဒီသမထ ဝိပဿနာစုံတွဲပြီးသကာလ တက်သွားပြီး ဖြစ်ပါလျက်သားနဲ့ ရှင်သာရိပုတ္တရာကြီးက ပညာဝိမုတ္တိဖြစ်တယ် ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကတော့ စေတောဝိမုတ္တိဖြစ်ပါတယ်၊ အဲဒီလို သုတ္တန်ကို နိဂုံးချုပ်ပြီးတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောထားတော်မူတာကို။

> "ဣဒမဝေါစ ဘဂဝါ အတ္တမနော အာယသ္မာ အာနန္ဒော ဘဂဝတော ဘာသိတံ အဘိနန္ဒီတိ"။

http://www.dhammadownload.com

တို့၏။ ပရိက္ခယာ၊ ကုန်ခန်းခြင်းကြောင့်။ ဩပပါတိကော၊ သုဒ္ဓါဝါသဘုံ၌ ဥပပါတ် ပဋိသန္ဓေနေရသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသုဒ္ဓါဝါသဘုံ၌။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်ပြုရ၏။ အနာဝတ္တိဓမ္မော၊ ထိုသုဒ္ဓါဝါသဘုံမှ ကာမဘုံသို့ ပြန်လည်ခြင်းသဘော မရှိသည်ဖြစ်၍။

သုတ္တန် နိဂုံး

''အယမ္ပိ ခေါ အာနန္ဒ မဂ္ဂေါ အယံ ပဋိပဒါ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာယ''။

အာနန္ဒ၊ ငါဘုရား၌ ချစ်းလိမ္မာ အာနန္ဒာ။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ သံယောဇနာနံ၊ ဩရမ္ဘာဂိယ သံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ အယမ္ပိ၊ ဤသည်ပင်လျှင်။ မဂ္ဂေါ၊ လမ်းစဉ်ပေတည်း။ အယမ္ပိ၊ ဤသည်ပင်လျှင်။ ပဋိပဒါ၊ ကျင့်စဉ်ပေတည်း။

ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်မှာ ဒီအတိုင်း ဘဲဟောပြီးတော့ အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန် ထိအောင် အဲသလိုဘဲ ဘုန်းတော်ဘုရား သဗ္ဗညုဘုရားရှင်က ဟောတော်မူပြီးတော့ ပဋိပဒါ ၄-ပါးကို ပြတော်မူပါသည်။

ဝိမုတ္တိ ၂-မျိုး

အထ ကိဉ္စရဟိ ဣဓေကစ္စေ ဘိက္ခူ စေတော ဝိမုတ္တိနော ဧကစ္စေ ဘိက္ခူ ပညာဝိမုတ္တိနော၊

ရှင်အာနန္ဒာက ဘုရားကို ပုစ္ဆာမေးတယ်၊ အရှင်ဘုရား အဲဒီလို သမထကနေပြီး ဝိပဿနာဘက်ကို ကူးပြောင်းပြီးတော့ ရှုတဲ့ အနေမျိုးနဲ့သာ ဒီလိုရှုသွားမယ်ဆိုရင်, ဒါဟာ ဩရမ္ဘာဂိယ သံယောဇဉ် ၅-မျိုးတို့၏ ကုန်ခန်းရာ လမ်းစဉ်ဆိုရင် ဒီသာသနာတော်၌ အချို့ကုန် သော ပုဂ္ဂိုလ်တို့က စေတောဝိမုတ္တိ-စိတ်ကိုင်းကြိုယ်အောင် ပြုလုပ်ပြီး

http://www.dhammadownload.com

တော့မှ ကိလေသာတို့မှ လွတ်တော်မူကြတယ်၊ အချို့ပုဂ္ဂိုလ်တွေမှာ ပညာဝိမုတ္တိ- ပညာသက်သက်ဖြင့် ကိလေသာမှ လွတ်မြောက်တော်မူကြတယ်၊ ပညာဝိမုတ္တိပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်၊ ဒါဘယ်အကြောင်းကြောင့် ဘာလဲဘုရားလို့ လျှောက်တယ်။

ဒီနေရာမှာ အဋ္ဌကထာပြပါတယ်၊ သမထကို အကြီးအမှူး အဦး ပြုပြီးတော့ ကိလေသာလွတ်မြောက်တဲ့ ပုဂ္ဂိုလ်က စေတောဝိမုတ္တိပါတဲ့၊ ဝိပဿနာကို အကြီးအမှူးအဦးပြုပြီးတော့ ကိလေသာ လွတ်မြောက်တဲ့ ပုဂ္ဂိုလ်က ပညာဝိမုတ္တိ ပုဂ္ဂိုလ်ပါတဲ့၊ ဒါတော့ဖြင့် ရှင်းနေသားဘဲ နောက်ပြီးရှင်အာနန္ဒက သမထ ဝိပဿနာစုံတွဲပြီးတော့ သွားတဲ့ ယုဂနဒ္ဓ နည်းနဲ့ရှုတဲ့ ပုဂ္ဂိုလ်တွေသည်ပင်လျှင် အချို့ကစေတောဝိမုတ္တိ,အချို့က ပညာဝိမုတ္တိ ဖြစ်တာ ဘာကြောင့်ပါလဲဘုရားလို့ လျှောက်တယ်၊ အဲဒီ တော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက ဘာဖြေတော်မူလဲလို့ ဆိုတော့–

"ဧတ္ထ ခေါ ပနေသာဟံ အာနန္ဒ ဣန္ဒြိယ ဝေ- မတ္တတံ ဝဒါမိ"။

အာနန္ဒ၊ ငါဘုရား၏ ချစ်းလိမ္မာ အာနန္ဒာ။ ဧတ္ထ၊ ဤကဲ့သို့ ပုဂ္ဂိုလ် ၂-ပါး ခွဲခြားရာ၌။ ဧသာဟံ၊ ထိုငါဘုရားသည်။ ဣန္ဒြိယ ဝေမတ္တတံ၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေဆိုတဲ့ ဣန္ဒြေ တွေရဲ့ ထူးခြားချက်ရှိသည်၏ အဖြစ်ကို။ ဝဒါမိ၊ ဟောတော် မူ၏။

ဒီနေရာမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ကို ကြည့်ပါတဲ့၊ အဲဒီသမထ ဝိပဿနာစုံတွဲပြီးသကာလ တက်သွားပြီး ဖြစ်ပါလျက်သားနဲ့ ရှင်သာရိပုတ္တရာကြီးက ပညာဝိမုတ္တိဖြစ်တယ် ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကတော့ စေတောဝိမုတ္တိဖြစ်ပါတယ်၊ အဲဒီလို သုတ္တန်ကို နိဂုံးချုပ်ပြီးတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောထား တော်မူတာကို။

"ဣဒမဝေါစ ဘဂဝါ အတ္တမနော အာယသ္မာ အာနန္ဒော ဘဂဝတော ဘာသိတံ အဘိနန္ဒီတိ"။

http://www.dhammadownload.com

ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဣဒံ-ဝစနံ၊ ဤမဟာမာလုကျပုတ္တသုတ္တန် တရားဒေသနာကို။ အဝေါစ၊ ဟောတော်မူ၏။ အာယသ္မာအာနန္ဒော၊ အရှင်အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သည်ကို။ အတ္တမနော၊ အလွန်နှစ်သက်စွာ ဆောင်ယူ၍ ထားပါသည်။ ။ဤသုတ္တန် ဒီမှာ နိဂုံးချုပ်ခဲ့ပါသည်၊

နိဂုံးဆုတောင်း

ဤသို့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော မဟာမာလုကျပုတ္တသုတ္တန်တရား ဒေသနာတော်ကို ကြည်ညိုစွာ နာခံမှတ်သားရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာ သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော သီလတော်မြတ်ကို ကောင်းမွန်ရိုသေစွာ ခံယူဆောက်တည်ရခြင်း တည်းဟူသော သီလကုသိုလ်ကံစေတနာ၊ဤသို့ပေါင်းအပ် များမြတ်သော ကောင်းမှုကံ စေတနာတို့ကြောင့် ဤပစ္စုပ္ပန်လောက၌ အသက်ရှည်ခြင်း အစရှိသော အလုံးစုံသော ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အဖြာဖြာကို တနေ့တခြား တိုးပွားစည်ပင် ကြကုန်လျက် အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများတို့၏ သန္တာန်ဝယ် သမ္ပဓာန်တရား လေးပါး ပြည့်စုံပြီးတော့ သစ္စာ ၄ ပါးတရားကို ထိုးထွင်း၍သိကုန်လျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင် လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

မဟာမာလုကျ ပုတ္တသုတ္တန် တရားတော် ပြီး၏။

ပါဠိတော်မဟာစဉ် ထူးကြီးဝိပဿနာ
ဒုတိယအုပ် ပြီးပြီ။

http://www.dhammadownload.com

မှုပိုင်
ထူးကြီးဝိပဿနာပြန့်ပွားရေးအဖွဲ့
"ညွန့်သီရိဓမ္မဆာယာ"
၆၉-၉၂-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။